## ဒို့တာဝန်အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စုမ ပြိုကွဲရေး | – | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမ ပြိုကွဲရေး | – | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | – | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ ပိုမိုဖွံ့ ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ် စီးပွားရေးဖွံ့ ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နံနက်ယံဝတ်ပြုခြင်း

# ထာဝရဘုရားသခင်၏
# သားသမီးများ

အယ်လင်၊ ဂျီ၊ ဝှိုက် ရေးသားထားချက်များမှကောက်နုတ်ထားသည်။

အယ်လင်၊ဂျီ၊ဝှိုက် ရေးသားပြုစုသည့် “Sons and Daughters of God”
စာအုပ်ကို
မန်းအိုဘားက “ထာဝရဘုရားသခင်၏ သားသမီးများ”
အမည်ဖြင့်မြန်မာပြန်ဆိုသည်



**ထာဝရဘုရားသခင်၏ သားသမီးများ**

ပုံနှိပ်သူ
ဦးဖုန်းနိုင် (၀၀၃၅၄)
မန်နေဂျာ
ကင်းစောင့်ပုံနှိပ်တိုက်
(၂၀၆) ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်

ထုတ်ဝေသူ
ဦးစောထိမသေ (၀၀၅၉၄)
ဥက္ကဋ္ဌ
မြန်မာပြည်သတ္တမနေ့ဥပုသ်အသင်းတော်
(၆၈) ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

အုပ်ရေ – ၃၅၀၀

တန်ဖိုး – ၂၆၀၀.၀၀ ကျပ်

ပထမအကြိမ်

## ကျမ်းဦးစကား

အတွေ့အကြုံပေါကြွယ်သောဘဝအသက်တာနှင့် ကောင်းကင်တန်ခိုးရှင်၏ဗျာဒိတ်ရူပါရုံများအားဖြင့်၊ ဉာဏ်ပညာအလင်းတရားများဖြင့်၊ ပြည့်ဝသော နှလုံးသားတို့ဖြင့် ဘဝအသက်တာခရီးလမ်းကို လျှောက်လှမ်းခဲ့ရင်း "အယ်လင်ဂျီဝှိုက်" သည် သူမ၏ကူညီတတ်သောလက်များဖြင့် အားဖြည့်ပေးရန်၊ (သို့မဟုတ်) ခွန်အားမြှင့်တင်ပေးသောစကားများဖြင့် အားပေးရန် အမြဲတမ်းအဆင်သင့်ရှိခဲ့ပါသည်။ ယောက်တိုင်းယောက်တိုင်းသော ဘုရားသခင်၏သား (သို့မဟုတ်) သမီးတစ်ဦးချင်းတို့အနေဖြင့် ခရစ်ယာန်များဖြစ်သည်အလျောက် သူမထံသို့သွားရောက်တွေ့ဆုံပါက၊ ထိုသူအနေဖြင့် အကန့်အသတ်မဲ့သောအခွင့်အရေးပေါင်းများစွာတို့ကို ဆက်တိုက်ရရှိမည်ဖြစ်ပြီး သူ၏အနားတွင် ဘုရားသခင်၏ကောင်းကင်တမန်များတို့သည် သူ့ကိုကာကွယ်ရန်နှင့်လမ်းညွှန်ရန် ရှိနေကြမည်ဖြစ်သည်။ သူမ၏ထက်မြက်သောစိတ်ကူးစိတ်သန်းများဖြင့် မမောနိုင်မပန်းနိုင်သော စာပေရေးသားမှုများသည် စိတ်ဓာတ်တက်ကြွစေသော သတင်းစကားများ၊ အကြံဉာဏ်၊ ညွှန်ကြားချက်နှင့် အသိအမြင်ကြွယ်ဝလာစေမှုတို့ကို ပုံမှန်စီးဆင်းစေပါသည်။ "လူငယ်၏နည်းပေးလမ်းပြ (Youth Instructor)" ဆိုသောစာစောင်မှတစ်ဆင့် သီတင်းပတ်တစ်ပတ်ပြီးတစ်ပတ် အသင်းတော်ရှိလူငယ်များအတွက် ရေးသားဟောပြောပြီး၊ "ပြန်လည်သုံးသပ်ခြင်းနှင့်ထုတ်ပြန်ကြေညာခြင်း (Review and Herald)" ဆိုသောစာစောင်တွင်လည်း အသင်းဝင်သူများအား အကျယ်တဝင့်ဟောပြောမိန့်ခွန်းချွေခဲ့ပါသည်။ သူမ၏စာအုပ်များသည် ထိုစာအုပ်ကိုဖတ်ရှုသူများအားလုံးတို့အတွက် အမြဲတစေတည်မြဲနေမည့်ပုံစံဖြင့် ညွှန်ကြားချက်နှင့်သတိပေးချက်များအကြောင်းကို သိုမှီးထားမည်ဖြစ်သည်။ ဤဆက်သွယ်ရေးလမ်းကြောင်းဖြင့် အသိပေးဟောပြောခြင်းကြောင့် စာဖတ်သူတို့အနေဖြင့် တစ်ဦးချင်းအကျိုးကျေးဇူးခံစားရမည်ဖြစ်သည်။

ဤစာအုပ်တွဲတွင် "အယ်လင်ဂျီဝှိုက်စာပေပုံနှိပ်တိုက်ထုတ်ဝေရေးတိုက်" တွင် စုဆောင်းသိုမှီးထားသော "အယ်လင်ဂျီဝှိုက်" ရေးသားခဲ့သည့်စာအုပ်များမှ နေ့စဉ်ဆက်ကပ်အပ်နှံခြင်းဆိုင်ရာဖတ်ကြားမှုများအတွက် သင့်လျော်မည့် အကြံပေးချက်နှင့်ညွှန်ကြားချက်နှင့်ပတ်သက်သော အချက်အလက်များကို ကောက်နုတ်၊ ပေါင်းစပ်၊ စုစည်းကာ ထုတ်ဝေခြင်းဖြစ်ပါသည်။ ဤစာအုပ်တွင်ပါရှိသော အချို့နေ့ရက်အတွက် ရေးသားထားသောအကြောင်းအရာများသည် "အယ်လင်ဂျီဝှိုက်" အနေဖြင့်၊ မျိုးစုံသောအခြေအနေများအပေါ် အခြေခံသည့် သူမ၏အတွေ့အကြုံများအရ၊ သူ့ခေတ်သူ့အခါတွင်ဖြစ်ပေါ်လာသည့် ဆန်းသစ်သောအခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့်ချဉ်းကပ်မှုအတွက် ပြောဆိုရသည့်ချီးမွမ်း၊ နှစ်သိမ့်မှုနှင့်အားပေးလှုံ့ဆော်မှုများတို့မှ ရောင်ပြန်ဟပ်လာမှုများကို အကြိမ်အတော်များများ တွေ့ရှိရမည်ဖြစ်သည်။ အကြောင်းအရာတစ်ခုချင်းစီအတွက် လိုအပ်လျှင်ကိုးကားထားရသည့် အပတ်စဉ်ထုတ်ဂျာနယ်မဂ္ဂဇင်းတို့မှဆောင်းပါးများ (သို့မဟုတ်) စာမူများကို ဖော်ပြပေးထားပါသည်။ ဤစာအုပ်တွဲကို "မမဝှိုက်" က၊ သူမရေးသားခဲ့သောစာပေများကို ထိန်းသိမ်းစောင့်ရှောက်ရန် ယုံမှတ်အပ်နှံထားသည့် အဖွဲ့၏လမ်းညွှန်မှုနှင့် ယခုစာအုပ်တွဲကိုထုတ်ဝေရန် ဖွဲ့စည်းထားသောဘုတ်အဖွဲ့အား သူမညွှန်ကြားခဲ့သောအချက်အလက်များနှင့် သဟဇာတဖြစ်အောင် ပြုစုထားပါသည်။

တစ်နေ့စာအတွက် ပုံနှိပ်ထားသောစာမျက်နှာတစ်မျက်နှာကို ကြိုးပမ်းဖတ်ရှုရာတွင် အခက်အခဲမရှိလှသလိုဖြစ်သော်လည်း တစ်ချိန်တည်းတွင်ရွေးချယ်ထားသောအချက်အလက်များကို တစ်ခါတစ်ရံအကျဉ်းချုံးရန် လိုအပ်သည်ကို လက်ဆင့်ကမ်းအသိပေးထားပါသည်။ ဤကဲ့သို့အကျဉ်းချုံးခြင်း၊ စကားလုံးအချို့ချန်ထားရခြင်းများသည် "အဓိပ္ပါယ်မပျက်စေဘဲ ဝါကျတွင်စကားလုံးမြုပ်ချန်ထားခြင်း" ဟုခေါ်ဆိုသော စာပေအရေးအသားဆိုင်ရာ "မှု" ကြောင့်ဖြစ်ပါသည်။

ဤစာအုပ်တွဲသည် စာဖတ်သူတစ်ဦးချင်းအနေဖြင့် ဘုရားသခင်၏သားသမီးဆိုသည့်အဓိပ္ပါယ်ကို လေးလေးနက်နက်သဘောပေါက်စေရန် ပုံနှိပ်ထုတ်ဝေသူများနှင့် "အယ်လင်ဂျီဝှိုက်၊ ပုံနှိပ်ထုတ်ဝေခြင်းဌာနတို့၏ ယုံမှတ်အပ်နှံခြင်းအဖွဲ့" တို့မှ ရိုးသားသောစိတ်ဆန္ဒဖြင့် ပုံနှိပ်ဖြန့်ချိခြင်းဖြစ်ပါသည်။

–o–

## "လစဉ်ခေါင်းစဉ်များ"

| | |
|---|---|
| ဇန်နဝါရီ – | ကျွန်ုပ်တို့သည်ဘုရားသခင်၏သားသမီးများဖြစ်ကြသည်။ |
| ဖေဖော်ဝါရီ – | ခမည်းတော်ဘုရား၏ချစ်ခြင်းမေတ္တာဆိုင်ရာ ပညတ်တရားတော်ကို ကျွန်ုပ်တို့နာခံပါသည်။ |
| မတ် – | ခရစ်တော်၏ကျောင်းတော်တွင် ကျွန်ုပ်တို့စာရင်းဝင်ပါသည်။ |
| ဧပြီ – | ဘုရားသခင်၏ကရုဏာတော်ကြောင့် ကျွန်ုပ်တို့အနေဖြင့် ပြုပြင်ပြောင်းလဲခြင်းသို့ ရောက်ရှိလာပါသည်။ |
| မေ – | ကုံလုံပြည့်စုံကောင်းမွန်သောပုံစံကို ကျွန်ုပ်တို့လိုက်လျှောက်ပါသည်။ |
| ဇွန် – | အကောင်းဆုံးကိုကျွန်ုပ်တို့ရွေးချယ်ပါသည်။ |
| ဇူလိုင် – | အနာဂတ်ကိုကျွန်ုပ်တို့ကသတ္တိရှိရှိရင်ဆိုင်မည်။ |
| ဩဂုတ် – | ခရစ်တော်၏ကပ်တိုင်တော်အားဖြင့် ကျွန်ုပ်တို့ဂုဏ်ယူပါသည်။ |
| စက်တင်ဘာ – | ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူလုပ်ဆောင်သောလုပ်သားများဖြစ်သည်။ |
| အောက်တိုဘာ – | ခရစ်တော်၌ကျွန်ုပ်တို့တည်မှီပါသည်။ |
| နိုဝင်ဘာ – | တည်မြဲသောတိုးတက်မှုကို ကျွန်ုပ်တို့လုပ်ဆောင်ပါသည်။ |
| ဒီဇင်ဘာ – | ကျွန်ုပ်တို့၏အမွေဆက်ခံရမှုကိုရယူလက်ခံပါသည်။ |

–၀–



ဇူလိုင် (၁)

### ကျွန်ုပ်တို့သည်အနာဂတ်ကိုသတ္တိရှိရှိဖြင့်ရင်ဆိုင်ကြပါသည်

### ထာဝရဘုရားသည်ကျွန်ုပ်တို့အားသတ္တိကိုပေးတော်မူပါသည်

## "ခရစ်တော်ကိုဝန်ချတောင်းပန်ရန်"

**"ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို ဝန်ခံသောသူမည်သည်ကား၊ ဘုရားသခင်၌တည်၏။ ဘုရားသခင်သည်လည်း ထိုသူ၌တည်တော်မူ၏" (၁ယော ၄း၁၅)။**

အထက်ဖော်ပြပါကျမ်းပိုဒ်တွင် ရှင်ယောဟန်ပြောပြသော ဝန်ချတောင်းပန်ခြင်း (ဝန်ခံခြင်း) သည်၊ အမည်ခံယုံကြည်ခြင်း၏ရလဒ်မဟုတ်မူဘဲ အသက်ရှင်တော်မူသောကယ်တင်ရှင်ပေါ် တည်ကြည်မြဲမြံစွာ ယုံကြည်ခြင်း၏ရလဒ်၊ ခရစ်တော်၏ဒုက္ခဆင်းရဲခံစားရမှုများနှင့် အသေခံတော်မူခြင်းအားဖြင့် ကယ်တင်ခြင်း၏ကောင်းချီးမင်္ဂလာများဆီသို့ ကျွန်ုပ်တို့လက်လှမ်းမီသည်အထိ ပို့ဆောင်တော်မူမည်ဆိုသည့် ယုံကြည်ခြင်း၏ရလဒ်၊ ထိုခရစ်တော်သည် သေခြင်းမှပြန်လည်ရှင်ပြန်ထမြောက်စေခြင်းခံရပြီး၊ ကျွန်ုပ်တို့အတွက် အသနားခံပေးရန် အစဉ်ထာဝရအသက်ရှင်တော်မူသောသူဖြစ်ကြောင်းကို ယုံကြည်ခြင်းတို့၏ရလဒ်များပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် သခင်ယေရှုသည် ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖြစ်တော်မူကြောင်းကို အမှန်တကယ်ခံယူရမည်ဖြစ်ပြီး၊ အကယ်၍သာသူသည် ကျွန်ုပ်တို့အားချစ်တော်မမူသည့်အပြင် သူ၏ကိုယ်ကိုကျွန်ုပ်တို့အတွက်ပေးအပ်တော်မမူပါက၊ ကျွန်ုပ်တို့၏အသက်တာသည် ပျော်ရွှင်စရာကောင်းမည်မဟုတ်ပါ။ (သို့မဟုတ်) ကျွန်ုပ်တို့အား ငြိမ်သက်ခြင်း (သို့မဟုတ်) မျှော်လင့်ခြင်းကို ရရှိစေမည်မဟုတ်ပါ။

အကယ်၍သာ ကျွန်ုပ်တို့သည် ကတိပေးထားတော်မူသောအခြေအနေမျိုးကို လက်ခံကျင့်သုံးပါက၊ ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားတော်ကို ကျွန်ုပ်တို့သည် အပြစ်အနာအဆာကင်းကင်းဖြင့် တောင်းခံနိုင်ကြမည်ဖြစ်သည်။ ခရစ်တော်အား ကျွန်ုပ်တို့အနေဖြင့် ပုဂ္ဂိုလ်ရေးဆိုင်ရာကယ်တင်ရှင်အဖြစ်

လက်ခံကြပါက၊ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက်ပါ အပါအဝင်ဖြစ်သော ကြွယ်ဝသည့်ကောင်းကင်ဘုံတစ်ခုလုံးဆိုင်ရာလက်ဆောင်မွန်ကို ကျွန်ုပ်တို့အား အပ်နှင်းထားတော်မူပြီးဖြစ်ပါသည်။ သခင်ယေရှု၏အကြောင်းကိုပြောဆိုလျက် သူ၏ကရုဏာတော်၊ သူ၏ဘုန်းတော်အကြောင်းတို့ကိုပြောဆိုကြရန် သင်၏လျှာကိုပညာပေးပြီး၊ သင့်အားအမှောင်ထုတွင်းမှ သူ၏အံ့ဩဖွယ်ရာအလင်းတရားဆီသို့ ခေါ်ထုတ်လာသောသခင်ယေရှုအား ချီးမွမ်းမှုများတို့ကို ပြသရမည်ဖြစ်သည်။

ခရစ်ယာန်လူငယ်လူရွယ်များတို့၊ သင်တို့သည် ကမ္ဘာကြီးရှေ့၊ ကောင်းကင်တမန်တို့ရှေ့၊ လူတို့ရှေ့တွင် သြချရလောက်သောသူများဖြစ်ကြပါသည်။ ဘုရားသခင်အားဖြင့် ရဲရင့်ခြင်းရှိကြပါ။ ဘုရားသခင်၏လက်နက်တန်ဆာတို့ကိုဝတ်ဆင်ပြီး သင်တို့သည် ဘုရားသခင်၏ပညတ်တော်အားလုံးတို့အပေါ် သစ္စာရှိရှိနှင့်မှန်မှန်ကန်ကန်ဖြင့်ရပ်တည်မှုကြောင့် သင်တို့၏အသက်တာတို့သည် မပျက်မစီးဖြင့်တည်ရှိနေသည်ကို မယုံကြည်သူတို့အား မြင်တွေ့ကြပါစေ။ သင်တို့အနေဖြင့် ဘုရားသခင်ကတောင်းဆိုပြီး၊ သင်တို့အနေဖြင့်ကလည်း ဖြစ်နိုင်သည့်ထင်ရှားသော ဘုရားသခင်၏သက်သေခံများအဖြစ်ရှိနေကြပါ။

သခင်ခရစ်တော်သည် သူ၏ကမ္ဘာမြေကြီးဆိုင်ရာအမှုတော်ကြီးပြီးဆုံးလုနီးအချိန်နှင့်ပတ်သက်သည့် သူ၏တပည့်တော်တို့အားမိန့်တော်မူခဲ့သော သတ္တိရှိစေသည့်စကားလုံးများအပေါ်တွင် ကျွန်ုပ်တို့အနေဖြင့်တည်နေကြရမည်ဖြစ်သည်။ ---ခရစ်တော်အနေဖြင့် ရက်စက်လွန်းလှသည့်သေခြင်းတရားသည် သူ၌ကျရောက်လုဆဲဆဲအချိန်တွင်ပင်၊ သူ၏နောက်တော်သို့လိုက်လျှောက်ကြသောသူတို့အတွက် ပြောဆိုသောစကားတို့သည် မျှော်လင့်ချက်တို့ဖြင့်ပြည့်ဝလှပါသည်။ သူသည် သူ၏နောက်တော်သို့လိုက်လျှောက်ကြသောသူတို့၏နှလုံးသားများထဲတွင် နှစ်သိမ့်မှုအားလုံးကိုယူဆောင်ပေးလိုသော ဆန္ဒရှိတော်မူပါသည်။ ကျွန်ုပ်တို့အနေဖြင့် သူ၏ထံတော်၌ ခိုင်မာစွာရှိနေကြပါစို့။

–ဝ–



ရှုလိုင် (၂)

## ထာဝရဘုရားသည်ကျွန်ုပ်တို့အားသတ္တိကိုပေးတော်မူပါသည်
## "သမ္မာတရားတို့ကိုလေ့လာမှတ်သားကြရန်"

**"ငါတို့သည် ကျမ်းစာ၌ပါသော သည်းခံခြင်း၊ သက်သာခြင်းအကြောင်းများကိုအမှီပြု၍ မျှော်လင့်ရသောအခွင့်ရှိစေခြင်းငှာ ကျမ်းစာ၌ အထက်ကရေးထားသမျှသည် ငါတို့ကိုဆုံးမသြဝါဒပေး၍ ရေးထားသတည်း" (ရောမ ၁၅း၄)။**

ဤသန့်ရှင်းသောကျမ်းစာတော်မြတ်သည် ဘုန်းတော်ရှင်၏အကျင့်စရိုက်တော်နှင့်ပတ်သက်သည့်အရာတိုင်းတို့ကို တိမ်တိုက်များနှင့်အမှောင်ထုထဲတွင် ပိတ်ဖုံးကွယ်ပျောက်သွားစေရေးအတွက် ဆိုးသွမ်းသောလူများတို့ကိုစုရုံးပြီး ပူးပေါင်းလုပ်ဆောင်သည့် စာတန်မာရ်နတ်၏ကြိုးပမ်းမှုတို့ကို ကြံ့ကြံ့ခံနိုင်ခဲ့ပါသည်။ သို့သော်လည်း လူသားမိသားစုတို့အနေဖြင့် ကောင်းကင်နိုင်ငံတော်သို့သွားရောက်နိုင်သောလမ်းကို ပြသပေးသည့်ပုံစံကားချပ် (သို့မဟုတ်) လမ်းပြစာအုပ်တစ်အုပ်အဖြစ် လက်ရှိအနေအထားပုံသဏ္ဍာန်အတိုင်း တည်ရှိနေစေရန် ဘုရားသခင်သည် သူ၏အံ့ဩလောက်သောတန်ခိုးတော်ဖြင့် ဤသန့်ရှင်းသောစာအုပ်ကို ထိန်းသိမ်းစောင့်ရှောက်တော်မူပါသည်။ ---ဤနှုတ်တော်ထွက်စကားလုံး----သည် ကျဆုံးသွားသောကမ္ဘာကြီးတစ်ခုတွင် မှီတင်းနေထိုင်ကြသူတို့အတွက် လမ်းညွှန်စာအုပ်ဖြစ်ပြီး၊ သူတို့အားသေတမ်းစာဖြင့်ပေးခဲ့သည့်အလျောက်၊ သူတို့အနေဖြင့် အသက်ဝိညာဉ်တစ်ခုတလေမျှ လမ်းခရီးမဆုံးရှုံးရလေအောင် ထိုစာအုပ်ပါညွှန်ကြားချက်များကို လေ့လာမှတ်သားပြီး နာခံလိုက်လျှောက်ရကြမည်ဖြစ်သည်။

သခင်ခရစ်တော်၏နောက်တော်သို့ လိုက်လျှောက်ကြသောသူတို့အနေဖြင့် ကျမ်းစာတော်မြတ်ကိုလေ့လာမှတ်သားကြရန် ယခုအချိန်လောက်အရေးကြီးသည့်အချိန်အခါမျိုး မည်သည့်အခါမျှမရှိခဲ့ပါ။ ဘက်ပေါင်းစုံတို့တွင်

လှည့်ဖြားတတ်သော ဩဇာသက်ရောက်မှုများရှိနေပြီး သင်၏အကောင်းဆုံးသောမိတ်ဆွေဖြစ်သည့် သခင်ယေရှု၏အကြံပေးမှုကို အမှန်တကယ်လိုအပ်နေသည့်ကာလဖြစ်ပါသည်။ ဒါဝိဒ်မင်းကြီးက (ဆာလံ ၁၁၉း၁၁) တွင် "ကိုယ်တော်ကိုမပြစ်မှားဘဲနေနိုင်မည်အကြောင်း၊ ဗျာဒိတ်တော်ကို နှလုံးထဲတွင်သိုထားပါပြီ" ဟူ၍ ကြေညာခဲ့ပါသည်။ မည်မျှလောက်သောအရေးအတွက်ဖြင့် လူတို့သည် ဘုရားသခင်အားသစ္စာဖောက်ပြီး အပြစ်တွင်းသို့ကျရောက်ကြသနည်း။ သူတို့သည် ဆုတောင်းခြင်းအပြည့်ဖြင့် ဘုရားသခင်၏နှုတ်တော်ထွက်စကားကို သင်ကြားရယူခြင်းဖြင့် အကုသိုလ်များသော မကောင်းမှုဒုစရိုက်တို့ကို သတိမထားကြသည့်အပြင်၊ ထိုမကောင်းမှုဒုစရိုက်တို့ကို ခိုင်မာသောစိတ်ဖြင့် ခုခံတွန်းလှန်ကြရန် နည်းလမ်းမရှာခဲ့ကြပါ။ သူတို့အပေါ်သို့ စုံစမ်းနှောင့်ယှက်ခြင်းကျရောက်လာသောအခါ၊ သူတို့သည် အကာအကွယ်မဲ့သကဲ့သို့တွေ့မြင်ကြရပြီး ရန်သူ၏ပရိယာယ်လှည့်ကွက်တို့နှင့်ပတ်သက်၍ အသိဉာဏ်ဗဟုသုတနည်းပါးကြပါသည်။ ကျွန်ုပ်တို့သည် အန္တရာယ်ကြီးမားများပြားသောအချိန်များအတွင်း နေထိုင်နေရကြပြီး၊ မြေကမ္ဘာသမိုင်း၏အဆုံးပိုင်းကာလဆီသို့ နီးသထက်နီးကပ်နေကြသည်အလျောက် ဘုရားသခင်၏နှုတ်တော်ထွက်စကားတော်နှင့် အကျွမ်းတဝင်ရှိမလာသောသူတို့အနေဖြင့် လုံခြုံမှုကိုရရှိကြမည်မဟုတ်ပါ။ အရာရာတိုင်းသည် ယုံကြည်မှုလျော့ပါးစေနိုင်ပြီး၊ ယုံကြည်မှုလျော့ပါးသွားမည်လည်း ဖြစ်လာပါမည်။ ဘုရားသခင်၏သားသမီးတို့အနေဖြင့် သူတို့အတွက် ရန်သူ၏ပိုက်ကွန်နှင့်မထင်မှတ်ထားသောအန္တရာယ်ပြုမှုတို့သည် အဖက်ဖက်တိုင်းတွင်ရှိနေသောကြောင့် သူတို့သည် သူတို့၏ဝတ်ပြုကိုးကွယ်မှု၏အကျပ်တည်းဆုံးသောအစိတ်အပိုင်းတွင် ရောက်ရှိနေပါသည်။ ထာဝရဘုရား၏နှုတ်တော်ထွက်စကားလုံးတွင် ထင်ရှားစွာထုတ်ဖော်ပြသထားသည့်လမ်းညွှန်မှုအားဖြင့်သာ ကျွန်ုပ်တို့သည် ခလုတ်မထိ၊ ဆူးမငြိဘဲ လုံခြုံစွာဖြင့်လျှောက်လှမ်းနိုင်ကြမည်ဖြစ်သည်။ ကောင်းကင်နိုင်ငံတော်မှအသံတစ်ခုသည် ၎င်း၏စာမျက်နှာထက်တွင် ကျွန်ုပ်တို့အတွက် လိပ်မူတပ်နေပါသည်။



ဘုရားသခင်၏နှုတ်တော်ထွက်စကားတော်တို့ကို နာခံလိုက်လျှောက်ကြခြင်းသည် ကမ္ဘာကြီးအား ပျက်စီးခြင်းဆီသို့ လှည်းကျင်းပစ်လိုက်ကြသည့် မကောင်းဆိုးဝါးတို့၏အန္တရာယ်မှကာကွယ်ပေးသည့် တစ်ခုတည်းသောအကာအကွယ်ဖြစ်ပါသည်။

–ဝ–

**ရှုလိုင် (၃)**

## ထာဝရဘုရားသည်ကျွန်ုပ်တို့အားသတ္တိကိုပေးတော်မူပါသည်
## “ထာဝရဘုရားအားယုံကြည်ကိုးစားရန်”

**“လူကိုကြောက်ရွံ့ခြင်းသဘောသည် ကျော့ကွင်းကိုထောင်တတ်၏။ ထာဝရဘုရားကိုခိုလှုံသောသူမူကား၊ လုံခြုံလိမ့်မည်” (သုတ္တံ ၂၉း၂၅)။**

ထာဝရဘုရားသည် သင့်အားကောင်းမွန်သောသတ္တိမျိုးရှိရန် အလိုတော်ရှိပါသည်။ ခိုင်မြဲအောင်တောင့်ခံထားပါ။ ယုံကြည်မှုကိုဖျက်ဆီးရန်နှင့်လူတို့အားပျော်ရွှင်မှုမရှိစေရန် စာတန်မာရ်နတ်သည် အဆင်သင့်အနေအထားဖြင့် လုပ်ဆောင်နေပါသည်။

စာတန်မာရ်နတ်၏ပရိယာယ်လှည့်ကွက်များတို့ကို ပိုင်းခြား၍နားလည်နိုင်သောအတွေ့အကြုံမရှိခဲ့ပါက သင်၏တစ်ခုတည်းသောလုံခြုံမှုမှာ ဆုတောင်းခြင်းပင်ဖြစ်ပါသည်။ အနှိုင်းမဲ့မျက်လုံး၏ရှာဖွေမှုဆီသို့ သင်၏နှလုံးသားလျှို့ဝှက်ချက်တို့ကို လှစ်ဟဖွင့်ပေးထားပြီး၊ သင့်အနေဖြင့် စင်ကြယ်ပြီးခိုင်မာစေရေးအတွက် ဘုရားသခင်အားတောင်းလျှောက်ကာ၊ ကြီးမားသောအသက်တာ၏ပဋိပက္ခများတို့ကို ရင်ဆိုင်နိုင်ရန်အတွက် သင့်အားလုံးလုံးလျားလျားပွေ့ဖက်စေရန်အတွက်ပါ တောင်းလျှောက်ရမည်ဖြစ်သည်။ ယုံကြည်ခြင်းသည်သံသယစိတ်များတို့နှင့် အငြင်းပွားမှုဖြစ်ခြင်းအားဖြင့် ကြီးပွားရှင်သန်လာပြီး၊ စုံစမ်းနှောင့်ယှက်ခြင်းကို ခုခံတွန်းလှန်ခြင်းအားဖြင့် သီလပါရမီသည် ခွန်အားကိုစုစည်းစေပါသည်။

ယေရှုခရစ်တော်နှင့်အလွန်အရေးပါသောဆက်သွယ်မှုရှိသောသူတို့အပေါ်သို့ ကောင်းချီးမင်္ဂလာအားလုံးကို အပ်နှင်းခြင်းခံရကြမည်ဖြစ်သည်။ သခင်ယေရှုသည် ထိုသူတို့ကို သူ့ထံတော်သို့ခေါ်ယူရာတွင် ကျွန်ုပ်တို့အား သူ၏ကျေးဇူးတော်နှင့် အချိန်အနည်းငယ်ကျွန်ုပ်တို့နှင့်ရှိနေတော်မူခြင်းကြောင့် အမှန်တကယ်ကျွန်ုပ်တို့အား ပြန်လည်လန်းဆန်းစေခြင်းမဟုတ်ဘဲ၊ သူ၏အလင်းတရားတော်မှ အခြားသို့ပို့ဆောင်တော်မူပြီး ဝမ်းနည်းကြေကွဲခြင်းနှင့်စိတ်အားငယ်ခြင်းတို့ဖြင့် သူနှင့်ကွဲကွာသွားစေရန် လျှောက်လှမ်းစေပါသည်။ မဟုတ်ပါ၊ ဟုတ်ကိုမဟုတ်ပါ။ ကျွန်ုပ်တို့သည် သူ၌တည်ရမည်ဖြစ်ပြီး သူ၌ကျွန်ုပ်တို့တည်နေပါက သူသည်လည်း ကျွန်ုပ်တို့၌တည်နေတော်မူပါမည်ဆိုသည်ကို သူ၏တပည့်တော်တို့အား (ယောဟန် ၁၅း၄) တွင်မိန့်တော်မူပြီးခဲ့ပါသည်။ သူ၏အမှုတော်သည် မည်သည့်နေရာ၌မဆို၊ ပြီးမြောက်ရန်အတွက် သူ့အနေဖြင့် ထိုနေရာတွင်ရှိတော်မူရမည့်အပြင် နူးညံ့သိမ်မွေ့ပြီး ချစ်ခြင်းမေတ္တာနှင့်ကရုဏာထားတတ်သောစိတ်ထားမျိုး ရှိရကြမည်ဖြစ်သည်။ သူသည် သင့်အတွက်နှင့်ကျွန်ုပ်အတွက် သူ့ထံတော်ပါး၌တည်မှီကိန်းဝပ်နိုင်သောနေရာကို ပြင်ဆင်ထားတော်မူပါသည်။ သူသည်ကျွန်ုပ်တို့၏ခိုလှုံရာဖြစ်ပါသည်။ ကျွန်ုပ်တို့၏အတွေ့အကြုံသည် ကျယ်ပြောပြီးလေးနက်၊ နက်နဲမှုရှိရမည်ဖြစ်သည်။ သခင်ယေရှုသည် သူ၏ဖော်ပြပြောဆိုနိုင်စွမ်းမရှိနိုင်သော ပြည့်ဝသောဘုန်းတော်ရှင်ချစ်ခြင်းမေတ္တာတော်အားလုံးတို့ကို ဖွင့်လှစ်ပြသတော်မူပြီးဖြစ်ပါသည်။ သတ္တိ၊ ယုံကြည်ခြင်းနှင့်မျှော်လင့်ခြင်းတို့၏အကြောင်းတို့ကို ပြောပြကြပါ။ ဘုရားသခင်၌တည်နေသော ကျွန်ုပ်၏ညီအစ်ကိုမောင်နှမအနေဖြင့် ကောင်းမြတ်သောသတ္တိရှိရကြမည်ဖြစ်သည်။ အိုး၊ ကျွန်ုပ်တို့၏မျက်မှောက်၌ မည်သည့်အရာရှိသည်ကိုကျွန်ုပ်တို့အနေဖြင့် အနည်းငယ်သာသိရှိကြသည်ပါတကား။ ကျွန်ုပ်တို့သည်ကျွန်ုပ်တို့ကိုယ်ကို သခင်ယေရှုထံတော်သို့ လုံးလုံးလျားလျားပေးအပ်ရကြမည်ဖြစ်ပြီး သူ့အတွက်အပြည့်အဝဖြစ်ရမည်ဖြစ်ကာ၊ ထိုနောက် (မဿဲ ၂၆း၄၂။ လုကာ ၂၂း၄၂) တို့တွင် ခရစ်တော်ဆုတောင်းတော်မူသကဲ့သို့ “အကျွန်ုပ်အလိုရှိသည်အတိုင်းမဖြစ်ပါစေနှင့်၊ ကိုယ်တော်အလိုရှိသည်အတိုင်းဖြစ်ပါစေသော” ဟူ၍ပြောဆိုပါ။ ---- သင့်ထံတွင် သင်၏ကယ်တင်ရှင်၏သိမ်မွေ့နူးညံ့သောချစ်ခြင်းမေတ္တာနှင့် အကြင်နာတရားရှိပါသည်။ သူ့ထံသို့အမြဲတမ်းရှုမျှော်ပါ။ စဉ်ဆက်မပြတ် သူ့အပေါ်ကိုးစားပြီး သူ၏ချစ်ခြင်းမေတ္တာ

တော်အပေါ် သံသယမရှိပါနှင့်။ ကျွန်ုပ်တို့၏လိုအပ်မှုဖြစ်သော အားနည်းချက်အားလုံးတို့ကို သူသိရှိထားပါသည်။ ကျွန်ုပ်တို့၏နေ့ရက်များအတွက် ပြည့်စုံလုံလောက်သောကရုဏာတော်ကို ပေးသနားတော်မူမည်ဖြစ်သည်။ သခင်ယေရှုထံတော်သို့သာ စဉ်ဆက်မပြတ်လှမ်းမျှော်ကြည့်ရှုပြီး ကောင်းမြတ်သောသတ္တိရှိပါလေစေ။

စစ်မှန်သောယုံကြည်ခြင်းဖြင့် မနှစ်မြို့နိုင်သော ဂုဏ်၊ ခိုင်မာတည်မြဲသောအခြေခံစည်းမျဉ်းမျိုးကိုရရှိနိုင်ပြီး၊ ၎င်းတို့ကို အချိန် (သို့မဟုတ်) တပင်တပန်းလုပ်ဆောင်ရမှုက အားနည်းမသွားစေနိုင်ပါ။

–ဝ–



**ရှုလိုင် (၄)**

## ထာဝရဘုရားသည်ကျွန်ုပ်တို့အားသတ္တိကိုပေးတော်မူပါသည်
## "ဘုရားသခင်၏လမ်းစရိုးတော်အတိုင်းလျှောက်လှမ်းရန်"

**"ထာဝရဘုရား၏တရားလမ်းသည် ဖြောင့်မတ်သောသူခိုင်ခံ့ခြင်းအကြောင်းဖြစ်၏။ မတရားသဖြင့်ကျင့်သောသူတို့မူကား၊ ပျက်စီးခြင်းသို့ရောက်ရကြလိမ့်မည်" (သုတ္တံ ၁၀း၂၉)။**

ထာဝရဘုရားအကြံပေးတော်မူချက်အတိုင်း အစကတည်းက ကျွန်ုပ်တို့လျှောက်လှမ်းကြပါက၊ ထောင်သောင်းမကသောလူတို့သည် လက်ရှိသမ္မာတရားဆီသို့ ပြောင်းလဲလာကြပြီးဖြစ်မည်။ သို့သော်လည်း အများသောသူတို့သည် သူတို့၏ခြေထောက်များအတွက် မရိုးဖြောင့်သောလမ်းတို့ကို ဖန်တီးနေကြပါသည်။ ကျွန်ုပ်၏ညီအစ်ကိုတော်တို့ခင်ဗျာ၊ ဖြောင့်တန်းသောလမ်းတို့ကိုပြုလုပ်ပြီး သင်၏ဆာနေသောခြေထောက်ကို ခရီးမှန်မှချိုးကွေ့သွားမည်ကိုစိုးရွံ့ပါ။ တစ်စုံတစ်ယောက်ကဖန်တီးထားသော မရိုးဖြောင့်သောလမ်းအတိုင်း မည်သူမျှလိုက်ပါမသွားစေခြင်းဖြင့်၊ သင့်ကိုယ်ကိုသွေဖည်သွားစေသောလမ်းသို့ မသွားမိစေသော်လည်း၊ ဆက်လက်၍ မရိုးဖြောင့်သောလမ်းကို မည်သူမျှမလိုက်လျှောက်မိစေရန် ပြတ်သားစွာလုပ်ဆောင်ရမည်ဖြစ်သည်။ သင့်အနေဖြင့် နာခံလိုက်လျှောက်ခြင်းလမ်းအတိုင်းသာ လျှောက်လှမ်းမည်ဆိုသည့် သင်ကိုယ်တိုင်ဆုံးဖြတ်သကဲ့သို့ အခြားသူများအတွက် ထိုနည်းတူသဘောထားပါ။ သင့်အနေဖြင့် အနန္တတန်ခိုးရှင်၏ကျယ်ပြန့်သောဒိုင်းကြီးအောက်တွင် ရပ်တည်နေသည်ကို ဧကန်အမှန်သိရှိထားပါ။ သင်၏အသက်တာတွင် ယေဟောဝါထာဝရဘုရား၏ထူးခြားသောစရိုက်လက္ခဏာကို ထင်ရှားစေရန် သဘောပေါက်ရမည်ဖြစ်ပြီး၊ ဘုန်းတော်ရှင်၏အကျင့်စရိုက်တော်ကဲ့သို့ သင်၏အကျင့်စရိုက်ကို ပုံသွင်းခြင်းအမှုပြီးမြောက်စေရန် လုပ်ဆောင်ရမည်

မှာ သင်၏အလုပ်ပင်ဖြစ်ပါသည်။ အားလုံးတို့အပေါ်တွင် ဦးခေါင်းဖြစ်တော်မူသော သူ၏ဦးဆောင်လမ်းညွှန်မှုအောက်တွင် ဝင်ရောက်သစ္စာခံပါ။

တရားစီရင်ခြင်းအတွက် ကျွန်ုပ်တို့လုပ်ကိုင်ရမည့်အလုပ်ကို ကျွန်ုပ်တို့လုပ်ဆောင်ကြပါသည်။ ကျွန်ုပ်တို့အနေဖြင့် သခင်ယေရှု၏သင်တန်းသားများအဖြစ် မိမိကိုယ်ကိုထားရှိကြပါစို့။ အချိန်ကာလတိုင်းတွင် ကျွန်ုပ်တို့သည် သူ၏ဦးဆောင်လမ်းညွှန်မှုကို လိုအပ်ကြပါသည်။ ခြေလှမ်းတိုင်းအတွက် ကျွန်ုပ်တို့အနေဖြင့် မေးမြန်းသင့်သည်မှာ "ဤလမ်းသည် ထာဝရဘုရား၏လမ်းခရီးတော်ဖြစ်ပါသလား။" ဤကဲ့သို့မေးရန်မဟုတ်မူဘဲ၊ "ဤလမ်းသည် ကျွန်ုပ်၏အထက်၌ရှိသော သူ၏လမ်းခရီးဖြစ်ပါသလား" ဟူ၍သာ မေးရမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့အမှန်တကယ်တွေးပူရမည်မှာ ထာဝရဘုရား၏လမ်းခရီးတော်ကို ကျွန်ုပ်တို့လျှောက်လှမ်းကြပါသလားဆိုခြင်းပင်ဖြစ်ပါသည်။

စစ်မှန်သောစိတ်နေသဘောထားရှိပြီး၊ လေးနက်မှုရှိသောအသက်ဝိညာဉ်တို့အနေဖြင့် ခရစ်တော်၏ကျေးဇူးတော်နှင့် ပြည့်စုံလုံလောက်သောအနေအထားမျိုးရှိပြီး ထာဝရဘုရား၏မျက်မှောက်တော်ရှေ့တွင် လျှောက်လှမ်းရန်ကြိုးပမ်းကြပါက၊ ထာဝရဘုရားကဂုဏ်ပြုပြီး ထောက်ခံအားပေးတော်မူမည်ဖြစ်သည်။ ထာဝရဘုရားအနေဖြင့် ကျိုးကျိုးနွံနွံနှင့်တုန်လှုပ်ချောက်ချားနေသော အသက်ဝိညာဉ်တစ်စုံတစ်ခုကိုမျှ ထားရစ်ခဲ့ခြင်း (သို့မဟုတ်) ကျောခိုင်းစွန့်ပစ်ခြင်း မည်သည့်အခါမျှပြုလုပ်မည်မဟုတ်ပါ။ ကျွန်ုပ်တို့၏စိတ်နှလုံးများထဲတွင် သူအလုပ်လုပ်တော်မူမည်ဆိုခြင်းကို ကျွန်ုပ်တို့ယုံကြည်ရပါမည်လား။ ထိုကဲ့သို့ပြုလုပ်ရန် ကျွန်ုပ်တို့အနေဖြင့်ခွင့်ပြုပါက၊ သူသည် ကျွန်ုပ်တို့အား စင်ကြယ်ပြီးသန့်ရှင်းသောသူများဖြစ်အောင် လုပ်ဆောင်တော်မူမည်ဖြစ်ကာ သူ၏ကြွယ်ဝလှစွာသောကျေးဇူးတော်အားဖြင့် သူနှင့်အတူတကွလုပ်ဆောင်သောအလုပ်သမားများအဖြစ်သို့ အရည်အချင်းပြည့်မီစေတော်မူမည်လား။ ကျွန်ုပ်တို့အနေဖြင့်၊ ပြင်းပြသောစိတ်ဓာတ်ဖြင့်၊ ထို့ပြင် သူ၏ကတိတော်တို့၏ခွန်အားကို အထွတ်အမြတ်ဖြစ်သော ထိုးထွင်းဉာဏ်ဖြင့်





ဂုဏ်ယူအသိအမှတ်ပြုပြီး ထိုအရည်အချင်းတို့ကိုအပိုင်စီးကာ၊ ကျွန်ုပ်တို့နှင့်မထိုက်တန်သော်လည်း ရှင်သန်နေသောယုံကြည်ခြင်းအားဖြင့် ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားတော်ကို ကျွန်ုပ်တို့တောင်းခံရယူနိုင်ပါသလား။

ဘုရားသခင်၏သားသမီးများဖြစ်ကြသောသူတို့အတွက် သူ၏ချစ်ခြင်းမေတ္တာတော်ထက် မည်သည့်အရာကမျှ ကြီးမားပြီးတန်ခိုးနှင့်ပြည့်ဝခြင်းမရှိပါ။

–၀–

ဇူလိုင် (၅)

## ထာဝရဘုရားသည်ကျွန်ုပ်တို့အားသတ္တိကိုပေးတော်မူပါသည်

## "ကုံလုံပြည့်စုံသောချစ်ခြင်းမေတ္တာတော်ကိုနှစ်သက်ရန်"

**"ချစ်ခြင်းမေတ္တာသည် ကြောက်ခြင်းသံဝေဂနှင့်မပေါင်းနိုင်ရာ။ သံဝေဂသည် ပူပန်ခြင်းဝေဒနာကိုဖြစ်စေသောကြောင့်၊ စုံလင်သော မေတ္တာသည် သံဝေဂကိုပယ်ရှားတတ်၏။ သံဝေဂရှိသောသူသည် မေတ္တာနှင့်မပြည့်စုံသေး" (၁ယော ၄း၁၈)။**

အရေးကြီးသောကြေညာချက်တစ်ခုကို ဤသို့ထုတ်ပြန်ရာတွင် ထာဝရဘုရားကိုချစ်ပြီး သူ့အားအစေခံလိုကြသောသူအများရှိကြပါသော်လည်း၊ ဆင်းရဲခြင်းဒုက္ခသည် သူတို့အပေါ်သို့ကျရောက်လာသောအခါ ထိုဆင်းရဲခြင်းဒုက္ခမှ ထာဝရဘုရား၏ချစ်ခြင်းမေတ္တာတော်ကို ပိုင်းခြား၍နားလည်နိုင်ခြင်းမရှိကြတော့ဘဲ၊ ရန်သူ၏အထောက်အပံ့ကိုသာ သတိပြုမိလာကြပါသည်။ သူတို့သည် ကြေကွဲဝမ်းနည်းပြီး ပူဆွေးညည်းတွားကြသော်လည်း ထိုအပြုအမူမျိုးသည် အသက်ဝိညာဉ်အတွင်း၌ ထာဝရဘုရားကိုချစ်သောအသီးကို သီးကြခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့အနေဖြင့် ပြည့်စုံသောချစ်ခြင်းမေတ္တာမျိုးရှိကြပါက၊ ထာဝရဘုရားသည် ကျွန်ုပ်တို့အား ဒဏ်ရာအနာတရဖြစ်စေရန် ကြိုးပမ်းရာကြံမည်မဟုတ်ကြောင်းကို သိကြလိမ့်မည်ဖြစ်သော်လည်း တရားစစ်ဆေးခြင်းများ၊ ပူဆွေးသောကများခံစားရချိန်နှင့် နာကြည်းမှုများအတွင်းတွင်မူ သူသည်ကျွန်ုပ်တို့အား ပြည့်စုံကုံလုံမှုရှိစေရန် ကြိုးပမ်းလုပ်ဆောင်မည်ဖြစ်ပြီး ကျွန်ုပ်တို့၏ယုံကြည်ခြင်းအရည်အချင်းကိုလည်း စမ်းသပ်တော်မူမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အနာဂတ်အတွက် ပူပန်သောကဖြစ်မှုကို ရပ်စဲထားပါက၊ ထို့ပြင် ထာဝရဘုရားသည် ကျွန်ုပ်တို့အားချစ်တော်မူကြောင်းကိုလည်းကောင်း၊ ကျွန်ုပ်တို့အား ကောင်းမြတ်သောအရာကိုလုပ်ဆောင်စေလိုသောအလိုတော်ရှိကြောင်းကို ကျွန်ုပ်တို့အနေဖြင့် စတင်ယုံကြည်လာပါက၊



ချစ်လှစွာသောမိဘအပေါ်ယုံကြည်ကိုးစားသော ကလေးငယ်တစ်ယောက်ကဲ့သို့ ကျွန်ုပ်တို့သည် ထာဝရဘုရားအပေါ်ယုံကြည်ကိုးစားလာကြမည်ဖြစ်သည်။ ထိုနောက်တွင် ကျွန်ုပ်တို့၏ဒုက္ခအန္တရာယ်များနှင့် ညှဉ်းပန်းနှိပ်စက်ခံရမှုတို့သည် ပျောက်ပျက်သွားမည်ဖြစ်ကာ ကျွန်ုပ်တို့၏စိတ်အလိုဆန္ဒတို့သည် ထာဝရဘုရားအလိုတော်၏ဝါးမျိုခြင်းကိုခံရကြမည်ဖြစ်သည်။

ခရစ်တော်၌တည်မှီခြင်းတစ်ခုအားဖြင့် သင်သည် အကျင့်စရိုက်ပိုင်းတွင် ခရစ်တော်နှင့်ထပ်တူထပ်မျှသဏ္ဍာန်တူမည်ဖြစ်သည်။ ထာဝရဘုရား၏ ကြင်နာတတ်သော၊ သည်းခံခြင်းရှိသော၊ နှိမ့်ချသောသားတော်အဖြစ် သူ၏ဘေးနားတွင်ရပ်တည်နိုင်ရန် သခင်ဘုရားသည် အလိုတော်ရှိတော်မူပါသည်။ ဘုရားသခင်သည် သူ၏အမှုတော်တွင်လုပ်ဆောင်နေကြသော လုပ်သားများတို့အား သူ၏ချစ်ခြင်းမေတ္တာတော်ကို ကိုယ်စားပြုလာကြရန်အတွက် ပုံစံဖော်ထုတ်တော်မူပါသည်။

တစ်ဦးကိုတစ်ဦး ကျွန်ုပ်တို့၏ဆက်ဆံရေးသည် နှစ်လိုဖွယ်ရာရှိသင့်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် အမှန်ကိုလုပ်ဆောင်ပါက၊ ကျွန်ုပ်တို့၏ စိတ်ဓာတ်သက်သေခံချက်နှင့် ထာဝရဘုရား၏ဝိညာဉ်တော်သက်သေခံချက်တို့အနေဖြင့် လူသားတို့၏စိတ်အတွေးတို့သည် ဘုန်းတော်ရှင်၏သဘောထားထိန်းကွပ်မှုအောက်တွင်ရှိနေကြောင်းကို သက်သေခံကြမည်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် သူ၏သားသမီးများအဖြစ်သို့ အမှန်တကယ်ရောက်ရှိကြောင်းကို အပြီးသတ်လုပ်ဆောင်နိုင်သော အနေအထားအပေါ်မူတည်ပြီး၊ သူ၏နှုတ်တော်ထွက်စကားလုံးသည် သက်သေအထောက်အထားအဖြစ် ပံ့ပိုးပေးမည်ဖြစ်ပါသည်။ ---ထာဝရဘုရားအတွက် စစ်မှန်သောချစ်ခြင်းမေတ္တာသည် ၎င်း၏အမှန်တရားနှင့် ရိုသေကိုင်းရှိုင်းထိုက်သောကိုးစားမှုတို့ကို သယ်ဆောင်လာပေးပါသည်။ ထို့ပြင် ဘုရားသခင်ကိုချစ်ခင်မြတ်နိုးသောသူအနေဖြင့် သူ၏ညီအစ်ကိုတော်ကိုချစ်ရပါမည်။

ယခုတွင် နာခံမှုရှိသောယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့် လှူဒါန်းပေးကမ်းစွန့်ကြဲခြင်း၊ ဤသုံးမျိုးတို့တွင် ယုံကြည်ခြင်းသည် တန်ခိုးတော်

အနန္တကိုကိုင်ဆွဲထားပြီး၊ ဦးနှောက်ခြောက်စေသည့်အကြောင်းအရာကိုငြင်းပယ်ကာ၊ မျှော်လင့်ခြင်းမှုကား၊ ကောင်းမြတ်ခြင်းနှင့်အမှန်တရားတို့၏ အနာဂတ်အောင်ပွဲတို့ကို လက်ရှိအားပေးတိုက်တွန်းမှုနှင့် ရွှင်လန်းဝမ်းမြောက်မှုဆီသို့ ဦးလှည့်စေလျက် ချစ်ခြင်းမေတ္တာမှာမူ ထာဝရဘုရားအတွက်၊ ထာဝရဘုရားထံတော်သို့ အားလုံးသောသူတို့ကို အရာမြှောက်ပေးပါသည်။

–o–



**ရှုလိုင် (၆)**

## ထာဝရဘုရားသည်ကျွန်ုပ်တို့အားသတ္တိကိုပေးတော်မူပါသည်

## “ထာဝရဘုရား၏ပညတ်တရားတော်နှင့် သဟာဇာတဖြစ်အောင်နေထိုင်ရန်”

**“သို့ဖြစ်၍ ငါ၏ကျွန်မောရှေမှာထားသောတရားအတိုင်းကျင့်မည်ဟု စောင့်ရှောက်ခြင်းငှာ၊ အားယူ၍အလွန်ရဲရင့်ခြင်းရှိလော့။ ကြံစည်လေသမျှတို့၌အောင်မည်အကြောင်း ထိုတရားလမ်းသို့လိုက်လော့။ လက်ယာဘက်၊ လက်ဝဲဘက်သို့မလွှဲနှင့်” (ယောရှု ၁း၇)။**

ထာဝရဘုရားသည် သူ၏အမြင်တွင် ဖြောင့်မတ်မှန်ကန်မည့်လူများတို့ကို ခေါ်တော်မူပါသည်။ အသင်းတော်များတွင် ပြန်လည်ပြုပြင်မှုများဖြစ်ထွန်းရပါမည်။ အချိန်ကြာညောင်းလှပြီဖြစ်သော ပညတ်တော်ဆယ်ပါးတို့ကို ကြည်ညိုလေးစားခြင်းတွင် မူလနေရာပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိစေရေးသည် ယခုကာလတွင် သက်ရှင်နေထိုင်ကြသော အမျိုးသား၊ အမျိုးသမီးများတို့၏စိတ်နှလုံးထဲတွင် ကြီးကြီးမားမားလိုအပ်နေပါသည်။ ပညတ်တော်ဆယ်ပါးတို့ကို နာခံလိုက်လျှောက်ခြင်းအားဖြင့်၊ လူသားမျိုးနွယ်စုသည် အထွတ်အမြတ်အဆင့်တွင်ရှိရမည်ဖြစ်ပြီး၊ ယုံကြည်မှုကင်းမဲ့ခြင်း၏ရလဒ်သည် တိုးပွားမှုမရှိစေရဘဲ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ရှင်းလင်းစွာထင်ရှားစေကာ၊ ဘုရားသခင်၏သန့်ရှင်းသောပညတ်တရားတော်ဆိုင်ရာနည်းဥပဒေသတို့သည် အာဏာတည်စေရမည်ဖြစ်သည်။ တစ်ဦးချင်းဆိုင်ရာတာဝန်ယူမှုကို သတိထားအမှတ်ရရေးကို နိုးကြားစေရပါမည်။ ထာဝရဘုရားကလူတို့ကိုလူကဲ့သို့သဘောထားနိုင်ရန်အတွက် လူတို့သည် မိမိတို့၏ပြုမူနေထိုင်မှုလမ်းကြောင်းသည် တရားမျှတမှုရှိပြီး၊ စင်ကြယ်ကာ မှန်ကန်မှုရှိရကြမည်ကို သတိရကြရမည်ဖြစ်သည်။

ခရစ်တော်အတွက်ဆောင်ရွက်ကြရန် အမျိုးသားများနှင့်အမျိုးသမီးများတို့သည် ဆင့်ခေါ်ခြင်းခံရပါက၊ ၎င်းခေါ်ဆိုမှုကိုခေါ်ဆိုရကောင်းလား

ဆိုပြီး အပြစ်တင်ပြောဆိုခြင်းကို ရှောင်ဖယ်ရကြမည်ဖြစ်ပြီး၊ သူတို့သည် ကျိုးလွန်သူတို့၏သားသမီးတို့၏အလုပ်တို့ကို မဖြစ်မနေလုပ်ဆောင်မိပါက၊ မကောင်းမှုကိုလုပ်သောသူတို့ခံစားရမည့်ဆုလာဘ်ကို လက်ခံရရှိကြမည်ဖြစ်သည်။ သူတို့အနေဖြင့် ထူးခြားသောအရည်အသွေးရှိသောနေရာများဆီသို့ တက်လှမ်းနိုင်ကြမည်ဖြစ်ပြီး၊ စာပေလောကတွင် မြင့်မြင့်မားမားရပ်တည်နိုင်ကြမည်ဖြစ်ကာ၊ မော်ကြွားနိုင်သော သာလွန်ကောင်းမွန်မှုဖြင့် ကောင်းကင်ဘုံဆိုင်ရာ မူလအစ၏အမှန်တရားတော်ကို ခုခံပယ်ရှားနိုင်မည်ဖြစ်သော်လည်း အဆုံးသောကာလ၌ အရာအားလုံးတို့ကို လက်လွှတ်ဆုံးရှုံးရကြမည်ဖြစ်သည်။

ကျွန်ုပ်တို့အတွက် ပျော်ရွှင်မှုနှင့်ကယ်တင်ခြင်းသည် အသက်မုန့်ကို စားသောအမှုအပေါ်တွင်မူတည်နေပြီး၊ ၎င်းမှာ ခရစ်တော်၏မိန့်မှာတော်မူချက်များကို နာခံလိုက်လျှောက်ပြီး သူ၏အမှုတော်တို့ကိုလုပ်ကိုင်ဆောင်ရွက်ကာ၊ ဖြောင့်မတ်ခြင်းတရားကိုရှေ့တန်းတင်ပြီး၊ မဖြောင့်မတ်မှုတို့ကိုတားမြစ်ကြရမည်ဖြစ်သည်။ ထာဝရဘုရား၏ပညတ်တရားဆိုင်ရာလိုအပ်ချက်တို့ကို မှန်ကန်စွာခန့်မှန်းကြည့်နိုင်ခြင်းရှိသကဲ့သို့ မည်သည့်အရာကမျှ ကိုယ့်အားကိုယ်ကိုးခြင်း၊ ရဲစွမ်းသတ္တိ၊ ပင်ကိုစွမ်းရည်များနှင့်အရည်အသွေးတိုးတက်လာမှုတို့ကို မပေးစွမ်းနိုင်ပါ။ ----သခင်ယေရှုကိုချစ်သော ကျွန်ုပ်တို့၏စိတ်သည် ထာဝရဘုရား၏ပညတ်တော်တို့ကို နာခံလိုက်လျှောက်ကြရန် ဦးဆောင်ပေးပြီး၊ ထိုပညတ်တော်တို့သည် ကျွန်ုပ်တို့၏ခြေထောက်များရှေ့တွင် မီးခွက်တစ်ခုဖြစ်ကာ၊ ကျွန်ုပ်တို့၏သွားရာလမ်းတွင် အလင်းတရားဖြစ်လျက် ကျွန်ုပ်တို့အတွက် ထွန်းလင်းသန့်စင်၍ ခမည်းတော်ထာဝရဘုရားနှင့် သားတော်ယေရှုခရစ်တော်တို့၏ချမ်းမြေ့ပျော်ရွှင်စွာ ကျွန်ုပ်တို့နှင့်အတူရှိနေတော်မူခြင်းတို့ကို ရယူစေနိုင်ပါသည်။ ရိုသေကျိုးနွံသောသူအနေဖြင့် ဧနောက်ကဲ့သို့ပြုမူကျင့်ကြံပါက၊ ဘုရားသခင်နှင့်အတူ လက်ပွန်းတတီးနေထိုင်နိုင်မည်ဖြစ်သည်။

–၀–



ရှုလိုင် (၇)

## ထာဝရဘုရားသည်ကျွန်ုပ်တို့အားသတ္တိကိုပေးတော်မူပါသည်
## "ဥပုသ်နေ့ကိုစောင့်ရှောက်ရန်"

**"မောရှေကလည်း၊ မစိုးရိမ်ကြနှင့်။ သင်တို့ကိုစုံစမ်းခြင်းငှာလည်းကောင်း၊ သင်တို့သည် ပြစ်မှားခြင်းနှင့်လွတ်မည်အကြောင်း ကိုယ်တော်ကိုကြောက်စေခြင်းငှာလည်းကောင်း ဘုရားသခင်ကြွလာတော်မူပြီဟု လူများတို့အားပြောဆို၏" (ထွက်မြောက်ရာကျမ်း ၂၀:၂၀)။**

ထာဝရဘုရား၏ပညတ်တော်တို့ကို လိုက်လျှောက်နိုင်သောအနေအထားကို ရယူထားနိုင်ရန်အတွက် ကျွန်ုပ်တို့သည် ကိုယ်ကျင့်တရားဆိုင်ရာသတ္တိမျိုးလိုအပ်ကြပါသည်။ သမ္မာတရားကိုဆန့်ကျင်သူတစ်ဦးက တစ်ချိန်က ပြောသည်မှာ သတ္တမနေ့ရက်ကို ဥပုသ်နေ့အဖြစ်စောင့်ထိန်းရန် အသင်းတော် (နှစ်ခြင်း သို့မဟုတ် ရိုမန်ကက်သလစ်) များမှ ထွက်ခွာသွားလိုသူသည် စိတ်သဘောထားအားနည်းမှုရှိသောသူမျှသာဖြစ်ကြောင်း ပြောခဲ့ဖူးပါသည်။ သို့သော်လည်း သမ္မာတရားကိုလက်ခံယုံကြည်သောအမှုတော်ဆောင်တစ်ဦးက "ခင်ဗျားအနေနဲ့ ဒီလိုလုပ်ရပ်မျိုးကိုကျင့်သုံးတဲ့လူကို စိတ်သဘောထားအားနည်းတဲ့လူတွေလို့ထင်ရင် အခုစမ်းကြည့်လိုက်ပါလား" ဟူ၍ ပြန်လည်တုံ့ပြန်ခဲ့ပါသည်။ ကိုယ်ကျင့်တရားဆိုင်ရာ သတ္တိ၊ တည်တံ့ခိုင်မြဲမှု၊ ဆုံးဖြတ်ချက်ချမှတ်မှု၊ လုံ့လဝီရိယနှင့် များစွာသောဆုတောင်းခြင်းတို့ကို လက်ကိုင်ထားခြင်းဖြင့်သာ လူကြိုက်မများသောအရာဖြစ်သည့် သတ္တမနေ့ကိုဥပုသ်နေ့အဖြစ်စောင့်ထိန်းခြင်းဘက်ဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်လှမ်းနိုင်ကြမည်ဖြစ်သည်။

အနန္တတန်ခိုးရှင်၏ကျယ်ဝန်းသောဒိုင်းကြီးအောက်တွင် ရပ်တည်နေခြင်းဖြင့်၊ ကျွန်ုပ်တို့အနေဖြင့် လူနည်းစုအသိုက်အဝန်းအနေဖြင့်ရှိနေသည်ဟု မခံစားရကြပါ။ ထာဝရဘုရားသည် လူများစုသဘောကိုဆောင်တော်မူ

ပါသည်။ ကမ္ဘာလောကကြီး၏မှောင်မိုက်နေသော ကိုယ်ကျင့်တရားအလယ်တွင် ခရစ်တော်သည် ကျွန်ုပ်တို့အား အလင်းတရားအဖြစ် နေရာချထားပေးတော်မူသည်ဟူ၍ အမှတ်ထားကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ထာဝရဘုရား၏အကျင့်စရိုက်တော်ကို နားလည်မှုလွဲရန်မဟုတ်သည့်အပြင် စိုးရိမ်ပူပန်မှုမရှိရဘဲ၊ ကျွန်ုပ်တို့ထင်သကဲ့သို့မပြောဆိုမိရန်နှင့် တစ်ပါးသူတို့ကိုစွပ်စွဲပြီးဝေဖန်ကာ၊ အပြစ်တင်ခြင်းမပြုလုပ်ရသည့်အလျောက်၊ ခရစ်တော်၏အကျင့်စရိုက်တော်အတိုင်းဖြစ်စေရန် သန့်ရှင်းသောဝိညာဉ်တော်အား ကျွန်ုပ်တို့ကိုအလှပြင် ဆင်မြန်းပေးပါစေ။

ကျွန်ုပ်တို့အနေဖြင့်ခွင့်ပြုမည်ဆိုပါက၊ ကျွန်ုပ်တို့အတွက် ခရစ်တော်က မည်သည့်အရာလုပ်ပေးတော်မူမည်ကို ယခုကြည့်ရှုကြပါစို့။ သူ၏တပည့်တော်တို့အတွက် (ယောဟန် ၁၇း၁၃) တွင် ဖော်ပြထားသောဆုတောင်းချက်တွင် "ယခုတွင် အကျွန်ုပ်သည် ကိုယ်တော်ထံသို့သွားရမည်ဖြစ်၍၊ ဤသူတို့သည် အကျွန်ုပ်ကိုအမှီပြုသဖြင့် ဝမ်းမြောက်ခြင်းနှင့်ပြည့်စုံမည်အကြောင်း၊ ဤစကားကို ဤလောက၌ အကျွန်ုပ်ပြောပါ၏" ဆိုသည့်အတိုင်း ခရစ်တော်ကို နာခံခြင်းအားဖြင့် ဝမ်းမြောက်ခြင်းကိုရရှိခံစားကြရမည်ဆိုခြင်းသည် ဖြစ်နိုင်ပါမည်လား။ အမှန်ပင် အသက်ဝိညာဉ်အချို့တို့က ခံစားရရှိနိုင်မည့် စစ်မှန်သည့်တစ်ခုတည်းသောဝမ်းမြောက်ခြင်းပင်ဖြစ်ပါသည်။

သင်တစ်ဦးတည်းရန်းကန်ရရန်အတွက် ကယ်တင်ရှင်သည် သင့်အားထားရစ်ခဲ့ပြီး အမြဲတစေအခြားတစ်ဖက်သို့ လှည့်သွားပါမည်လား။ ဤကဲ့သို့မဟုတ်ပါ။ ဤကဲ့သို့ မည်သည့်အခါမျှပြုလုပ်မည်မဟုတ်ပါ။ ဆင်းရဲခြင်းသည် ဤကမ္ဘာမြေပေါ်သို့ကျရောက်နေပြီး၊ မည်သည့်တိုင်းနိုင်ငံတစ်ခုတွင်မျှ မကျရောက်ခဲ့ဖူးသေးသောဒုက္ခဆင်းရဲခြင်းမျိုး ကျရောက်မည့်အချိန်တစ်ချိန်ရောက်ရှိလာပေလိမ့်မည်။ စစ်ပွဲများ၊ စစ်ပွဲများနှင့်ပတ်သက်သော ကောလာဟလများဖြစ်ပေါ်လာမည်ဖြစ်ပြီး လူတို့၏မျက်နှာများတို့သည် ဖြူဖပ်ဖြူရော်ဖြစ်နေကြမည်ဖြစ်သည်။ သင့်အနေဖြင့် ပရိဒေဝသောကမီးကိုခံစားရပြီး၊



တစ်ခါတစ်ရံတွင် ဆာလောင်မွတ်သိပ်မှုကိုခံရပါသော်လည်း သင်၏ဒုက္ခဆင်းရဲမှုထဲတွင် ဘုရားသခင်သည် သင့်အားကျောခိုင်းသွားမည်မဟုတ်ပါ။ သင်၏ယုံကြည်ခြင်းကို ဘုရားသခင်ကစမ်းသပ်တော်မူမည်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ခရစ်တော်ကိုထင်ထင်ရှားရှား ဤကမ္ဘာမြေကြီးကိုပြသကြရန် ဤကမ္ဘာပေါ်တွင်ရှိနေကြပြီး၊ လူသတ္တဝါတို့ရှေ့တွင် သူ၏ကိုယ်စားအဖြစ်ရှိကြရန်နှင့် သူ၏စွမ်းအားအဖြစ် ကိုယ်စားပြုကြရန်ဖြစ်ပါသည်။

–o–

ဇူလိုင် (၈)

## ပဋိပက္ခအတွက်သတ္တိ
## “ထာဝရဘုရားသည်စွမ်းအားနှင့်ချစ်ခြင်းမေတ္တာဆိုင်ရာ စိတ်ဓာတ်ကိုပေးသနားတော်မူပါသည်”

**“အကြောင်းမူကား၊ ဘုရားသခင်သည် ကြောက်တတ်သောစိတ်သဘောကို ငါတို့အားပေးတော်မူသည်မဟုတ်။ တန်ခိုးပါသောစိတ်၊ ချစ်တတ်သောစိတ်၊ ရှင်းလင်းသောစိတ်သဘောကို ပေးတော်မူ၏” (၂တိမောသေ ၁း၇)။**

ကျွန်ုပ်တို့သည် ယခုအခါတွင် သမ္မာတရားအတွက် ခိုင်မြဲစွာရပ်တည်ကြရမည့်အချိန်အတွင်းတွင် ရှိနေကြပါသည်။ ကျွန်ုပ်တို့သည် အသက်ဝိညာဉ်များအတွက် ချစ်ခြင်းမေတ္တာကို ရင်ဝယ်ပိုက်ထားရကြမည်ဖြစ်သော်လည်း၊ သမ္မာတရား၏မရှိမဖြစ်သော အဓိကဦးတည်ချက်အနည်းငယ်လေးကိုမျှ မည်သည့်အခါမျှ လက်လွှတ်အဆုံးရှုံးမခံရန်နှင့်၊ ကျွန်ုပ်တို့သည် သစ္စာတရား၊ စင်ကြယ်ခြင်းနှင့်စစ်မှန်သောသမ္မာတရားတို့ကို ထိန်းသိမ်းကြခြင်းဖြင့် ယခုကာလတွင် ကျွန်ုပ်တို့၏မင်းသားဖြစ်သော ယေရှုခရစ်တော်ကို ဂုဏ်ပြုချီးမွမ်းခြင်းပြုလုပ်နိုင်ကြမည်ဖြစ်သည်။ ခရစ်တော်၏နှုတ်တော်ထွက်စကားလုံးသည် အသက်မုန့်ဖြစ်ပြီး၊ ထိုနှုတ်တော်ထွက်အတွင်းတွင် ခရစ်တော်၏တပည့်တော်တို့အနေဖြင့် ခရစ်တော်၏အသားနှင့်အသွေးတော်တို့ကို စားသောက်ကြသည့်လူများအဖြစ် ကိုယ်စားပြုခဲ့ကြခြင်းအားဖြင့် ခရစ်တော်၏နှုတ်တော်ထွက်ကိုသူတို့၏အသက်တာအစိတ်အပိုင်းတစ်ခုအဖြစ် ဖော်ဆောင်ခဲ့ကြပါသည်။ သမ္မာတရားတွင် လိမ်လည်လှည့်ဖြားမှုမရှိပါ။ ကျွန်ုပ်တို့၏ကိုယ်ကိုကိုယ်ယုံကြည်စိတ်ချမှုကို အစမှနေပြီးဆုံးခန်းတိုင်အောင် မြဲမြံစွာကိုင်စွဲထားကြပါက၊ မှားယွင်းသောအတွေးအခေါ်အယူဝါဒကြီးစိုးရာ အချိန်ကာလအတွင်း သမ္မာတရားသည် စမ်းသပ်မှုဒဏ်ကိုခံရပ်နိုင်မည်ဖြစ်သည်။



ကျွန်ုပ်တို့သည် ထာဝရဘုရားအပေါ်ယုံကြည်ခြင်းရှိကြရန် လေ့ကျင့်ကြပြီး၊ ခရစ်တော်၏နှုတ်တော်ထွက်မိန့်တော်မူချက်ကို လိုက်လျှောက်ကြကာ သူနှင့်ဘေးချင်းယှဉ်အနီးကပ်ရှိနေကြရန် လုပ်ဆောင်ကြပါစို့။ ထာဝရဘုရားအနေဖြင့် သူ၏လူတို့သည် သူ့ထံမှသင်ကြားပို့ချမှုကို ခံယူလိုကြမည်ဆိုပါက သူသည် သူတို့ကိုသင်ကြားပို့ချပေးတော်မူမည်ဖြစ်ပါသည်။ ခရစ်တော်၏ညွှန်ကြားချက်ကို ကြားနိုင်သောမည်သည့်နေရာတွင်မဆို ကျွန်ုပ်တို့ရပ်တည်နိုင်ကြပါသည်။ ကျွန်ုပ်တို့တွင် အသက်ရှင်တော်မူသောဘုရားသခင်နှင့် အသက်ရှင်တော်မူသော ခရစ်တော်ရှိကြပါသည်။ မကောင်းဆိုးဝါးတို့၏တပ်မတော်တစ်စုလုံးသည် လူသားတို့၏စိတ်အတွေးတို့ကို ဖမ်းကိုင်ရရှိရေးအတွက် သူတို့ရရှိနိုင်မည့်အခွင့်အရေးမျိုးတို့ကို စောင့်ကြည့်နေကြပါသော်လည်း ကျွန်ုပ်တို့အနေဖြင့် မိန့်တော်မူချက်တို့နှင့်အနီးကပ်ရှိနေကြပါက၊ သူတို့၏ကျော်လွှားအောင်နိုင်ခြင်းကို ခံရကြမည်မဟုတ်ပါ။ ရှင်ပေါလုကတိမောသေအား (၂တိ ၁း၆–၇) တွင် “ထိုသို့ဖြစ်၍၊ ငါလက်တင်သောအားဖြင့် သင်၌ဘုရားသခင်ပေးတော်မူသောဆုကို နှိုးဆော်မည်အကြောင်း၊ ငါသည်သင့်ကိုသတိပေး၏။ အကြောင်းမူကား၊ ဘုရားသခင်သည် ကြောက်တတ်သောစိတ်သဘောကို ငါတို့အားပေးတော်မူသည်မဟုတ်။ တန်ခိုးပါသောစိတ်၊ ချစ်တတ်သောစိတ်၊ ရှင်းလင်းသောစိတ်သဘောကိုပေးတော်မူ၏” ဟူ၍ ဩဝါဒပေးခဲ့ပါသည်။

ကျွန်ုပ်တို့အနေဖြင့် ယေရှုခရစ်တော်အား ရှင်သန်သောယုံကြည်ခြင်းရှိကြရန် လိုအပ်ပါသည်။ ရန်သူသည် ရေလွှမ်းမိုးမှုကဲ့သို့သောအနေအထားမျိုးဖြင့်လာပါက၊ ထိုရန်သူကိုတုံ့ပြန်နိုင်ရေးအတွက် ကျွန်ုပ်တို့အား အဆင့်အတန်းတစ်ခုဆီသို့ တင်ထားနိုင်ရန်အတွက် ကျွန်ုပ်တို့သည်လည်း ယုံကြည်ခြင်းအတွက် လေ့ကျင့်ခန်းလုပ်ဆောင်ပေးရမည်ဖြစ်သည်။ ဘုရားသခင်၌မှန်မှန်ကန်ကန်ရှိသောစိတ်နှလုံးသည် အများအားဖြင့်ဆုတောင်းခြင်းဖြင့်သာရရှိနိုင်ပါသည်။ သင့်အပေါ်တွင် စိတ်ဓာတ်ကျဆင်းစရာအကြောင်းတစ်ခုတလေမျှ မရောက်လာပါစေနှင့်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အတွေးများ

တို့ကို ဘုရားသခင်၏အကျင့်စရိုက်တော်နှင့်အမှုတော်များအပေါ် အာရုံပြုမှုနှင့်၊ ခရစ်တော်၏မိန့်တော်မူချက်တို့ကို ပို့ချသင်ကြားမှုတို့အတွက် ပေးအပ်ကြရမည်ဖြစ်သည်။ ကောင်းမြတ်သောသတ္တိရှိကြပါလေစေ။ သင်၏ရဲစွမ်းသတ္တိနှင့် ယေရှုခရစ်တော်အပေါ်မှီခိုအားထားမှုတို့ကို အခြားသောသူတို့က ယုံကြည်လာကြစေရန်နှင့် ယုံကြည်ခြင်းနှင့်မျှော်လင့်ခြင်းများ တိုးများလာစေရန်စေ့ဆော်ပါလေစေ။

–၀–



**ရှုလိုင် (၉)**

**ပဋိပက္ခအတွက်သတ္တိ**

## “ထာဝရဘုရားရှိနေတော်မူခြင်းကိုသိရှိခံစားတတ်ခြင်းသည် ကြောက်ရွံ့ခြင်းကိုမောင်းထုတ်ပါသည်”

**“သင့်ကိုငါမှာထားသည်မဟုတ်လော။ အားယူ၍ရဲရင့်ခြင်းရှိလော့။ မကြောက်နှင့်၊ စိတ်မပျက်နှင့်။ သွားလေရာရာ၌ သင်၏ဘုရားသခင်ထာဝရဘုရားရှိသည်ဟု မိန့်တော်မူ၏” (ယောရှု ၁း၉)။**

ထာဝရဘုရားရှိနေတော်မူခြင်းကို သိရှိခံစားတတ်ခြင်းသည် ကြောက်တတ်သောကလေးသူငယ်၏အသက်တာတွင် ဝန်ထုပ်ဝန်ပိုးတစ်ခုအဖြစ်ရှိနေသည့်အကြောက်တရားကို မောင်းထုတ်နိုင်ပါသည်။ ဆာလံ ၃၄း၇ တွင် “ထာဝရဘုရားကိုကြောက်ရွံ့သောသူတို့ပတ်လည်၌ ကောင်းကင်တမန်တော်တို့သည် တပ်ချ၍ကယ်လွှတ်တတ်ကြ၏” ဆိုသည့်ကတိစကားကို ထိုကလေးငယ်၏မှတ်ဉာဏ်တွင် စွဲမြဲနေပါစေ။ (ဓမ္မရာဇဝင်စတုတ္ထစောင် ၆း၈–၂၃) တွင် ဖော်ပြထားသောတောင်ပေါ်မြို့ဖြစ်သော ဒေါသန်မြို့တွင်ရှိနေသည့် ဧလိရှဲအကြောင်း အံ့သြဖွယ်ရာပုံပြင်အဖြစ်အပျက်ကို ထိုကလေးငယ်အားဖတ်ရှုစေခြင်းဖြင့်၊ ဧလိရှဲနှင့်ရန်သူတို့၏စပ်ကြားတွင် အင်အားကြီးမားသည့်ကောင်းကင်ဘုံကောင်းကင်တမန်တပ်ဖွဲ့ကြီး၏အကြောင်းကို သိရှိပါစေ။ ထောင်တွင်း၌သေဒဏ်ချမှတ်ခြင်းခံရပြီးဖြစ်သော ပေတရုထံသို့ ဘုရားသခင်၏ကောင်းကင်တမန်ရောက်ရှိလာပြီး တပ်အစောင့်တို့ကိုဖြတ်ကျော်ကာ ထူထဲခိုင်ခံ့သောတံခါးများနှင့် ကြီးမားသောသံဂိတ်ဝင်ပေါက်ထွက်ပေါက်တို့၏မင်းတုပ်၊ သံတိုင်တို့ကိုကျော်ဖြတ်လျက် ထိုကောင်းကင်တမန်က ဘုရားသခင်၏အစေခံပေတရုကို လုံခြုံရာသို့ဦးဆောင်ပို့ဆောင်ပေးသော (တမန်တော် ၅း၁၇–၂၅) တွင် ဖော်ပြထားသောအကြောင်းအရာကို ဖတ်ရှုပါစေ။ ထို့ပြင်၊

ပြင်းထန်သောမုန်တိုင်းအတွင်း၊ လူးလိမ့်နေကြသည့် ရောမစစ်သားများနှင့် သင်္ဘောသားများတို့၏ပင်လယ်တွင်းမြင်ကွင်းတွင် သူတို့သည် ပင်ပန်းတကြီး ဖြစ်မှု၊ အကျဉ်းသားတို့အား သတိထားစောင့်ကြည့်ရမှုနှင့် အချိန်ကြာမြင့်စွာ အစာမစားရမှုတို့ကြောင့် ခြေကုန်လက်ပန်းကျနေကြချိန်တွင် သူ၏အမှုအတွက် ရောမမြို့ကဲသာဘုရင်ထံသို့ တရားရုံးအယူခံဝင်ရန် အကျဉ်းသားအဖြစ် ထိုသင်္ဘောတွင်လိုက်ပါသွားရသောရှင်ပေါလုက သူတို့အားလေးနက်ခန့်ညားသည့်အားပေးစကားနှင့် မျှော်လင့်ချက်ပေးသောစကားအဖြစ် (တမန်တော် ၂၇း၂၂-၂၄) တွင် “ယခုတွင် စိတ်သက်သာခြင်းရှိကြလော့။ အကြောင်းမူကား---- သင်တို့တွင် အဘယ်သူမျှအသက်မဆုံးရ။ အဘယ်ကြောင့်နည်းဟူမူကား၊ ငါ့ကိုပိုင်တော်မူ၍ ငါကိုးကွယ်သောဘုရားသခင်၏ကောင်းကင်တမန်သည် ယနေ့ညတွင် ငါ့အနားမှာပေါ်လာလျက်၊ ပေါလုသင်သည် မစိုးရိမ်နှင့်၊ ကဲသာဘုရင်ရှေ့သို့ရောက်ရမည်။ သင်နှင့်အတူ ပင်လယ်ကူးသောသူအပေါင်းတို့ကို ဘုရားသခင်သည် သင့်အားပေးတော်မူပြီဟုဆို၏” ဟူ၍ပြောကြားခဲ့ပြီး၊ ထိုစကားထဲတွင်ပါရှိသော ဘုရားသခင်၏ကတိတော်မြတ်ကို ယုံကြည်စိတ်ချပြီး သူ၏ခရီးသွားဖော်တို့ကို အသေအချာပြောဆိုခဲ့သည်ကို (တမန်တော် ၂၇း၃၅) တွင် “သင်တို့ဆံခြည်တစ်ပင်မျှမပျက်စီးရ” ဟူ၍ ဖော်ပြထားချက်တို့ကိုလည်းကောင်း၊ ထိုကလေးငယ်ကိုဖတ်ရှုပါလေစေ။ ထိုနောက်ပိုင်းတွင် လူတစ်ယောက်အားဖြင့် ဘုရားသခင်လုပ်ဆောင်တော်မူနိုင်ခဲ့ခြင်းကြောင့်၊ သင်္ဘောတစ်စီးလုံးတွင် လိုက်ပါသွားခဲ့ကြသော ဘုရားမဲ့တရားမဲ့ ရောမစစ်သားများနှင့်သင်္ဘောသားအားလုံးတို့သည် သေဘေးမှလွတ်မြောက်နိုင်ခဲ့ကြပါသည်။

မိမိကိုယ်ကိုမိမိ အားကိုးလိုစိတ်ခေါင်းပါးပြီး ပြုစုစောင့်ရှောက်ခြင်းနှင့် တာဝန်ယူမှုတို့အတွက် သူတို့အားနောက်တွန့်စေသည့် မိမိကိုယ်ကိုမိမိ မယုံကြည်မှုရှိသူတို့အား ဘုရားသခင်အပေါ်အားထားလာစေရန် သင်ကြားရယူမှုရှိပါလေစေ။ ဤသို့ဖြင့် ကမ္ဘာပေါ်တွင် အရေးမပါ၊ ဖိုးသုညအဖြစ်



မျှသာဖြစ်သောလူအများတို့သည် မိမိဘာသာမိမိမစွမ်းဆောင်နိုင်သည့် အကူအညီမဲ့ဝန်ထုပ်ဝန်ပိုးမျှသာဖြစ်သွားနိုင်ခြေရှိပြီး၊ ထိုကဲ့သို့သောသူတို့အား (ဖိလိပ္ပိ ၄း၁၃) တွင် ဖော်ပြထားသောရှင်ပေါလု၏ဩဝါဒ၊ “ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသောခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏” အတိုင်းသာ ပြန်လည်ပြောကြားနိုင်မည်ဖြစ်ပါသည်။

-o-

ရှုလိုင် (၁၀)

### ပဋိပက္ခအတွက်သတ္တိ

## "ဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့်ကရုဏာတော်တို့သည် သတ္တိကိုပေါ်ပေါက်လာစေပါသည်"

**"အကယ်စင်စစ် အကျွန်ုပ်သည် ကျေးဇူးနှင့်ကရုဏာကို တစ်သက်လုံးခံစား၍၊ ထာဝရဘုရား၏အိမ်တော်မှာ အစဉ်အမြဲနေရပါလိမ့်မည်" (ဆာလံ ၂၃း၆)။**

အကျင့်စရိုက်ဆိုင်ရာပြည့်စုံကုံလုံမှုရှိရေးသည် လွယ်ကူသောကိစ္စရပ်တစ်ခုဖြစ်သည့်အလျောက် ခရစ်တော်အနေဖြင့် ၎င်းပြည့်စုံမှုအတွက် ကျွန်ုပ်တို့အား အာမခံချက်ပေးတော်မူမည်မဟုတ်ပါ။ နေ့စဉ်နေ့တိုင်း ပဋိပက္ခတစ်ခု၊ စစ်ပွဲတစ်ခုအတွက် စစ်ချီတက်မှုတစ်ခုအဖြစ်ဖြင့်သာရှိပါသည်။ ကြီးမားသောအတိဒုက္ခဆင်းရဲခြင်းမြောက်မြားစွာဖြင့်သာ ကောင်းကင်နိုင်ငံတော်တွင်းသို့ ကျွန်ုပ်တို့ဝင်စားနိုင်ကြမည်ဖြစ်သည်။ ခရစ်တော်၏ဘုန်းတော်တွင် မျှဝေခံစားနိုင်ကြရေးအတွက် ကျွန်ုပ်တို့သည် သူနှင့်အတူဆင်းရဲဒုက္ခခြင်းကို မျှဝေခံစားရကြမည်ဖြစ်သည်။––––သူ့အနေဖြင့်မူကား၊ ကျွန်ုပ်တို့အတွက် အောင်မြင်ကျော်လွှားတော်မူပြီးဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ရှေ့သို့တက်လှမ်းကြသည့်အလျောက် ရင်ဆိုင်ရကြမည့်စစ်ဆေးစီရင်ခံရမှုကြောင့် တွန့်ဆုတ်ပြီး သူရဲဘောကြောင်စွာဖြင့် ရှိနေကြမည်လား။

ဘုရားသခင်၏ကရုဏာတော်နှင့် ချစ်ခြင်းမေတ္တာတော်နှင့်ပြည့်ဝသောအကြင်နာတရားတော်တို့ကို ကျွန်ုပ်တို့အနေဖြင့် လေးနက်သည့်ဂုဏ်ယူအသိအမှတ်ပြုမှုရှိကြပြီဆိုလျှင် မကျေမနပ်ဖြစ်ပြီး ညည်းတွားကြမည့်အစား၊ သူ့အားချီးမွမ်းကြရမည်ဖြစ်သည်။ ထာဝရဘုရား၏ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝသော ဂရုတစိုက်စောင့်ရှောက်မှုကိုပြောဆိုကြရမည့်အပြင် ကောင်းသောသိုးထိန်းဖြစ်သူခရစ်တော်၏သိမ်မွေ့သော စာနာရိုင်းပင်းတတ်မှုကိုပါ





ပြောကြားရကြမည်ဖြစ်သည်။ စိတ်နှလုံး၏အပြောအဆိုသည် ကိုယ်ကျိုးဆန်သည့် ညည်းတွားခြင်းနှင့်မကျေမနပ်ဖြစ်ခြင်းတို့ မဖြစ်စေရပါ။ ချီးမွမ်းခြင်းသည် စီးဆင်းနေသောစမ်းချောင်းကလေးကဲ့သို့ကြည်လင်ပြီး၊ ဘုရားသခင်အပေါ် မှန်ကန်သည့်ယုံကြည်ခြင်းများမှ ဆင်းသက်လာခြင်းရှိရပါမည်။ သူတို့အနေဖြင့် အထက်ဖော်ပြပါကျမ်းချက်အတိုင်း "အကယ်စင်စစ် အကျွန်ုပ်သည် ကျေးဇူးနှင့်ကရုဏာကို တစ်သက်လုံးခံစား၍၊ ထာဝရဘုရား၏အိမ်တော်မှာ အစဉ်အမြဲနေရပါလိမ့်မည်" ဟူ၍ ပြောဆိုကြလိမ့်မည်ဖြစ်သည်။

ကျွန်ုပ်တို့၏ဝတ်ပြုခြင်းနေ့ရက်များအတွင်း ကျွန်ုပ်တို့အနေဖြင့် ဝိညာဉ်ရေးတေးသီချင်းသံကို အဘယ်ကြောင့်မနိုးကြားစေပါသနည်း။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုအာရုံပြုသည့် တရားရှုမှတ်ခြင်းနှင့်ဆုတောင်းခြင်းအတွက် ဘုရားသခင်၏နှုတ်တော်ထွက်ကို လေ့လာရန်လိုအပ်ကြပါသည်။ အထက်ကောင်းကင်ဘုံရှိဗိမာန်တော်၏အတွင်းဆောင်တို့ကို ပိုင်းခြားနားလည်နိုင်ရန်အတွက် ဝိညာဉ်ရေးဆိုင်ရာအမြင်စွမ်းအားရှိရကြပါမည်။ ပလ္လင်တော်ပတ်လည်တွင်ရှိသော ကောင်းကင်ဘုံဆိုင်ရာသံစုံသီဆိုရေးအဖွဲ့တို့သီဆိုသော ကျေးဇူးတော်ချီးမွမ်းခြင်းတေးသီချင်းသင်္ကေတတို့ကို မှတ်သားရကြမည်ဖြစ်သည်။ ဇိအုန်မြို့ကြီးပေါ်ပေါက်ထွန်းလင်းလာမည့်အချိန်တွင် မြို့တော်၏အလင်းရောင်သည် အလွန်ထိုးဖောက်ထွန်းလင်းပြီး၊ ဂုဏ်တော်နှင့်ကျေးဇူးတော်တို့ကို ချီးမွမ်းသောသီချင်းသံများတို့သည် သန့်ရှင်းသူများတို့၏အစုအရုံးမှနားဆင်ကြရမည်ဖြစ်သည်။ အနည်းငယ်သောစိတ်ဓာတ်ကျစရာများနှင့် အခက်အခဲများတို့သည် မျက်ကွယ်ပြုသွားကြမည်ဖြစ်သည်။

ထာဝရဘုရားသည် ကျွန်ုပ်တို့၏အကူအညီပေးသူဖြစ်ပါသည်။–––ဘုရားသခင်အား မည်သူကမျှအကြောင်းမဲ့အစဉ်အမြဲသစ္စာမရှိခဲ့ကြပါ။ သူသည်သူ့အပေါ်အားကိုးသမှုပြုသောသူမှန်သမျှတို့အား စိတ်ဓာတ်မကျစေခဲ့ရပါ။ ထာဝရဘုရားက ကျွန်ုပ်တို့အားလုပ်ဆောင်ရန်လိုလားသော သခင်ယေရှု၏ခြေလှမ်းတော်များအတိုင်း လျှောက်လှမ်းခြင်းကိုသာ ကျွန်ုပ်တို့လုပ်ဆောင်ကြပါက၊ ကျွန်ုပ်တို့၏စိတ်နှလုံးတို့သည် အထွတ်အမြတ်စောင်းကောက်များ

ဖြစ်လာကြကာ၊ ကျွန်ုပ်တို့ကမ္ဘာကြီး၏အပြစ်ကို ဖယ်ရှားရန်အတွက် ဘုရားသခင်က ဤကမ္ဘာမြေကြီးသို့စေလွှတ်တော်မူသော သူတစ်ထူးဖြစ်သည့် ခရစ်တော်ထံသို့ ဂုဏ်ပြုချီးမွမ်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်းဆိုင်ရာ တေးသွားသံစဉ်တိုင်းကို ပို့ဆောင်မည်ဖြစ်သည်။

–၀–



ရှုလိုင် (၁၁)

## ပင်္ဂိုပကျွအတွက်သတ္တိ
## "ဘုရားသခင်ကိုချီးမွမ်းခြင်းသည်သတ္တိကိုဖြစ်ပေါ်စေပါသည်"

**"လူများနှင့်တိုင်ပင်ပြီးမှ (ယောရှဖတ်)၊ ထာဝရဘုရား၏ ကရုဏာတော်သည် အစဉ်အမြဲတည်သောကြောင့် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့ဟု တပ်ရှေ့မှာချီသွားလျက်၊ သန့်ရှင်းခြင်းအသရေကို ချီးမွမ်းရသောသီချင်းသည်တို့ကို ထာဝရဘုရားအဖို့ခန့်ထားတော်မူ၏" (၆ရာ ၂၀:၂၁)။**

"သန့်ရှင်းခြင်းအသရေကိုချီးမွမ်းရသောသီချင်းသည်တို့ကို ထာဝရဘုရားအဖို့ခန့်ထားတော်မူပြီး၊ ထာဝရဘုရား၏ကရုဏာတော်သည် အစဉ်အမြဲတည်သောကြောင့် ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းကြလော့ဟု တပ်ရှေ့မှာချီသွားလျက်" --- အောင်မြင်မှုအတွက် ဘုရားသခင်အားချီးမွမ်းကြပြီး၊ သူတို့သည် နောက်လေးရက်ကြာသောအခါ ယေရုရှလင်မြို့သို့ပြန်လည်ချီတက်လာပြီး သူတို့ရန်သူတို့၏အပျက်အစီးအတွက်နှင့် စစ်ရေးအောင်မြင်မှုအတွက် ချီးမွမ်းခြင်းသီချင်းတို့ကိုသီဆိုခဲ့ကြပါသည်။

အကယ်၍သာ ယခုအခါတွင်၊ ထိုထက်မကသောအောင်မြင်မှုမျိုးတို့ကို လုပ်ဆောင်နိုင်ပါက၊ ကျွန်ုပ်တို့၏မျှော်လင့်ခြင်း၊ သတ္တိနှင့်ယုံကြည်မှုတို့သည် ပြန်လည်နိုးကြားလာမည်ဟု သင်မတွေးထင်မိပေဖူးလား။ သမ္မာတရားတော်အတွက် ခုခံကွယ်ကာရမှုအနေအထားတွင် ရပ်တည်နေရကြသော စစ်သည်တော်တို့၏လက်တို့သည် အားအင်မပြည့်ဖြိုးလာပေဖူးလား။ အကယ်၍သာ များပြားစွာသော ဘုရားသခင်အားချီးမွမ်းထောမနာပြုပြီး စိတ်ဓာတ်ကျဆင်းစရာဖြစ်စေသော ညှိုးညှိုးငယ်ငယ်အာဂုံဆောင်နှုတ်တိုက်ရွတ်ဆိုမှုမျိုး မရှိသလောက်ဖြစ်ပါက၊ အလွန်များပြားလှသောအောင်မြင်မှုတို့ကို ရယူနိုင်ကြမည်ဖြစ်သည်။

ဘုရားသခင်သည် အစဉ်ထာဝရတည်ရှိပြီး ကောင်းမြတ်ခြင်းအားလုံးတို့၏ဖန်တီးပြုလုပ်၍မရနိုင်သော စမ်းရေတွင်းဖြစ်တော်မူပါသည်။ သူ့အပေါ်သစ္စာရှိကြသူအားလုံးတို့သည် သူ့အား ထိုစမ်းရေတွင်းကဲ့သို့ သဘောထားကြမည်ဖြစ်သည်။ သူ၏အစေကိုခံသောသူတို့နှင့် ကောင်းကင်ဘုံရှင်ဖခမည်းတော်အဖြစ် သူ့အားကြည့်မျှော်သူတို့အား၊ သူ၏ကတိတော်တို့ကို ပြည့်စုံစေမည့်အာမခံချက်ကို ပေးတော်မူမည်ဖြစ်သည်။ သူ၏ရှင်လန်းမှုသည် ထိုသူတို့၏စိတ်နှလုံးထဲတွင်ရှိနေမည်ဖြစ်သည်အလျောက်၊ သူတို့သည် ပြည့်ဝသောရှင်လန်းမှုဖြင့်ရှိနေကြမည်ဖြစ်သည်။

ကျွန်ုပ်တို့၏စိတ်နှလုံးတို့ကိုဖွင့်ထားပြီး ခရစ်တော်၏နေရောင်ခြည်တော်သည် ထိုဖွင့်ထားသောကျွန်ုပ်တို့၏နှလုံးသားထဲတွင်တည်ရှိမှုသည် ကျွန်ုပ်တို့အတွက် အခွင့်ထူးပင်ဖြစ်ပါသည်။ ကျွန်ုပ်၏ညီအစ်ကိုမောင်နှမတို့၊ အလင်းတော်ကိုတူရူပြုကြပါ။ ခရစ်တော်နှင့်တစ်ဦးချင်းဆက်သွယ်မှုကို အမှန်တကယ်လုပ်ဆောင်ခြင်းဖြင့် သင်တို့အားမြင့်တင်ပေးပြီး ပြုပြင်ပြောင်းလဲပေးမည့် သြဇာသက်ရောက်မှုတစ်ခုကို အသုံးပြုနိုင်ပေမည်။ သင်တို့၏ယုံကြည်ခြင်းသည် သန်မာပြီးစင်ကြယ်ကာ၊ ခိုင်မြဲမှုရှိပါစေ။ သင်တို့၏စိတ်နှလုံးများထဲတွင် ဘုရားသခင်အားကျေးဇူးတင်ခြင်းဖြင့် ပြည့်ဝကြပါစေ။ သင်တို့အနေဖြင့် နံနက်ချိန်ခါအိပ်ရာထသည်နှင့် သင်တို့၏အိပ်ရာနံဘေးတွင် ဒူးတုပ်ကာ၊ တစ်နေ့တာတာဝန်တို့ကို အပြည့်အဝထမ်းဆောင်နိုင်ရန်၊ ထိုတစ်နေ့တာအတွက် ကြုံတွေ့ရမည့်စုံစမ်းနှောင့်ယှက်ခြင်းတို့ကို တွန်းလှန်ကာကွယ်နိုင်ရန် လိုအပ်သောခွန်အားကိုပေးသနားတော်မူရန်၊ ဘုရားသခင်ကိုတောင်းလျှောက်ရကြမည်ဖြစ်သည်။ သင်တို့၏လုပ်ငန်းခွင်တွင် ခရစ်တော်၏ချိုမြိန်သောအကျင့်စရိုက်တော်ကို ထည့်ထားပေးတော်မူရန် ဘုရားသခင်ထံတော်၌အကူအညီတောင်းခံပါ။ သင်တို့၏ဝန်းကျင်တွင်ရှိသောသူတို့အား၊ မျှော်လင့်ခြင်းနှင့်ရဲစွမ်းသတ္တိရှိစေရန် လှုံ့ဆော်ပေးသည့်စကားလုံးတို့ကို ပြောဆိုနိုင်ရေးကူညီပေးရန်နှင့် သင်တို့အားကယ်တင်ရှင်ထံသို့ပိုမိုနီးကပ်စေရန် ပို့ဆောင်ပေးရေးအတွက်ပါ သူ၏ထံတော်၌တောင်းခံကြပါ။

–o–



ရှုလိုင် (၁၂)

**ပဋိပက္ခအတွက်သတ္တိ**

## “အလင်းတော်အတွင်းလျှောက်လှမ်းခြင်းသည်သတ္တိကိုရရှိစေပါသည်”

**“အထက်ကာလ၌ သင်တို့သည် မှောင်မိုက်အတိဖြစ်ကြသည်။ ယခုမူကား၊ သခင်ဘုရား၌အလင်းဖြစ်ကြ၏။ သို့ဖြစ်၍ အလင်း၏သားကဲ့သို့ကျင့်နေကြလော့” (ဧဖက် ၅း၈)။**

“အလင်းတော်အတွင်းလျှောက်လှမ်းကြပါ။” အလင်းတော်အတွင်းလျှောက်လှမ်းခြင်းအဓိပ္ပါယ်မှာ ပြဿနာပြေလည်စေရန်နှင့် အတွေးအခေါ်ကိုလေ့ကျင့်ခန်းလုပ်ပေးရန်အပြင် စိတ်ဓာတ်စွမ်းအားကိုအသုံးချရန်ဖြစ်ပါသည်။ ၎င်းတို့ကို ချိုမြိန်သောအကျင့်စရိုက်တွင် ခရစ်တော်ကို ကိုယ်စားပြုနိုင်ရေးအတွက် အလွန်စိတ်ထက်သန်သော ကြိုးပမ်းအားထုတ်မှုတွင် အသုံးချရကြမည်ဖြစ်သည်။ ၎င်းသည် ပူဆွေးဝမ်းနည်းမှုအားလုံးတို့ကို ဖယ်ရှားပစ်ရသည့်အဓိပ္ပါယ်ဆောင်ပါသည်။ သင့်အနေဖြင့် “ငါဟာဘုရားသခင်ရဲ့သားသမီးတစ်ယောက်ဖြစ်တယ်” ဆိုသောစကားကို ပြောဆိုရုံမျှဖြင့်၊ ရိုးသားသောစိတ်ကျေနပ်မှုတွင် မရှိနေသင့်ပါ။ သင့်အနေဖြင့် သခင်ယေရှုကိုလှမ်းမျှော်ကြည့်နေပါသလား။ ထို့အပြင် ဤကဲ့သို့လှမ်းမျှော်ကြည့်ခြင်းဖြင့် သူနှင့်ထပ်တူထပ်မျှတူညီမှုဆီသို့ ပြောင်းလဲရောက်ရှိသွားပါသလား။ အလင်းတော်တွင်းလျှောက်လှမ်းခြင်းအဓိပ္ပါယ်သည် ဝိညာဉ်ရေးဆိုင်ရာအောင်မြင်မှုရယူခြင်းများပင်ဖြစ်ပါသည်။ ရှင်ပေါလုအနေဖြင့် (ဖိလိပ္ပိ ၃း၁၂၊၁၃) တွင် “ထိုသို့ဆိုသော် အကျိုးကိုခံရပြီ၊ စုံလင်ခြင်းသို့ရောက်ရပြီဟု ငါမဆိုလို။––နောက်ကျသောအရာကိုမမှတ်ဘဲ၊ ရှေ့၌ရှိသောအရာတို့ကိုလှမ်းကမ်း၍၊–––” ဟူ၍ ကြေညာခဲ့ပါသည်။ အလင်းတော်ထဲတွင်လျှောက်လှမ်းခြင်း၏အဓိပ္ပါယ်မှာ “တည်ကြည်စွာလျှောက်လှမ်းခြင်းဖြစ်ကာ၊ ထာဝရဘုရား၏တရားလမ်း၌ လျှောက်လှမ်းခြင်းလည်းဖြစ်ပြီး ယုံကြည်ခြင်းအားဖြင့်၊ ဝိညာဉ်တော်အားဖြင့်၊ သမ္မာတရားအားဖြင့်၊ ချစ်ခြင်းမေတ္တာတို့အားဖြင့် အသစ်ဆန်းဆုံးသော

အသက်တာတွင် လျှောက်လှမ်းခြင်းကိုဆိုလိုပါသည်။ ဤအရာသည် ဘုရားသခင်ကိုကြောက်ရွံ့ခြင်းတွင် ပြည့်စုံသောသန့်ရှင်းခြင်းပင်ဖြစ်သည်။

ကျွန်ုပ်တို့အနေဖြင့် မိမိအပေါ်အရိပ်အမည်းကြီးနှင့် ဝမ်းနည်းပူဆွေးမှုတို့ကိုတင်ထားခြင်းဖြင့် အခြားသူတို့အတွက် သူတို့၏သွားရာလမ်းကြောင်းကို မှောင်မိုက်စေခြင်းသည် မည်မျှလောက်ကြောက်မက်ဖွယ်ရာကောင်းသောအရာဖြစ်ပါသနည်း။ တစ်ဦးတိုင်းတစ်ယောက်တိုင်းအနေဖြင့် မိမိကိုယ်ကိုမိမိ ဂရုတစိုက်ရှိကြပါစေ။ သင့်အနေဖြင့် အကျင့်စရိုက်ဆိုင်ရာအနာအဆာတို့ကို တစ်ပါးသူတို့အပေါ်တင်မထားပါနှင့်။ အလင်းအကြောင်းကိုပြောပြီး၊ အလင်းတွင်လျှောက်လှမ်းပါ။ "ဘုရားသခင်သည် အလင်းဖြစ်တော်မူ၏။ ဘုရားသခင်၌မှောင်မိုက်အလျှင်းမရှိ" (၁ယော ၁း၅)။ (God is light, and in him is no darkness at all) ဟူ၍ ရှင်ယောဟန်ကဩဝါဒပေးထားခဲ့ပါသည်။ ကမ္ဘာမြေကြီး၏အလင်းတရားတော်ထံမှသာ သက်ဆင်းလာနိုင်သော ရဲစွမ်းသတ္တိကို သင်တို့၏အသက်ဝိညာဉ်များဆီသို့စုဝေးစေပါ။

လူသားကိုယ်စားလှယ်အပေါ်သို့ ကောင်းကင်ဘုံ၏အလင်းတော်ထွန်းလင်းသောအခါ၊ ထိုကိုယ်စားလှယ်အတွင်း၌ ဘုရားသခင်၏ဝမ်းမြောက်ခြင်းရှိနေခြင်းကိုဖော်ပြသည့် မျက်နှာသွင်ပြင်အနေအထားပေါ်လွင်လာပါလိမ့်မည်။ ခရစ်တော်မရှိသောအသက်ဝိညာဉ်သည် ထိုသူအား ဝမ်းနည်းခြင်းနှင့် သံသယစိတ်ဝင်ခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ မျက်နှာအမူအရာတွင် ဝမ်းနည်းမှုပြသခြင်းနှင့်၊ အများသောအမြင်တွင် ဘုရားသခင်အားဝတ်ပြုကိုင်းရှိုင်းခြင်းအသက်တာဖြင့်နေထိုင်ခြင်းသည် ခရစ်တော်လိုလားတော်မူသောအရာဖြစ်ပါသည်။ ဘုရားသခင်ကို ယုံကြည်လက်ခံကြသောသူတို့အတွက် ဝမ်းမြောက်ရွှင်လန်းခြင်းသည် ဘုရားသခင်၏နှုတ်တော်ထွက်တူရိယာဂီတသံစဉ်အနိမ့်အမြင့် (keynote) ဖြစ်ပါသည်။ အဘယ်ကြောင့်ပါနည်း။ အကြောင်းမှာ၊ အသက်တာ၏အလင်းတော်သည် သူတို့ထံတွင်ရှိနေခြင်းကြောင့်ဖြစ်ပါသည်။ အလင်းတော်သည် ဝမ်းမြောက်ခြင်းနှင့် အသက်တာတွင်ရော အကျင့်စရိုက်တွင်ပါ ပေါ်လွင်ဖော်ပြသည့်ပျော်ရွှင်မှုတို့ကို ဖြစ်ပေါ်စေပါသည်။

–၀–



ရှုလိုင် (၁၃)

### ပဋိပက္ခအတွက်သတ္တိ

## "အခြားသူများတို့၏ဖော်ရွေမှုမရှိခြင်းမှသတ္တိတို့ကိုစုပေါင်းရယူခြင်း"

**"မတရားသောအမှုတို့သည် များပြားသဖြင့် အများသောသူတို့၏ချစ်ခြင်းမေတ္တာသည် ခေါင်းပါးလိမ့်မည်။ အကြင်သူသည် အဆုံးတိုင်အောင်တည်ကြည်၏။ ထိုသူသည် ကယ်တင်ခြင်းသို့ရောက်လိမ့်မည်" (မဿဲ ၂၄း၁၂၊၁၃)။**

"မတရားသောအမှုတို့သည် များပြားသဖြင့် အများသောသူတို့၏ချစ်ခြင်းမေတ္တာသည် ခေါင်းပါးလိမ့်မည်။" လက်ရှိဝန်းကျင်လေထုသည် အပြစ်တရားဖြင့်ညစ်ညမ်းနေပါသည်။ မကြာတော့သောကာလတွင် ဘုရားသခင်၏လူတို့သည် ပြင်ထန်သည့်စစ်ဆေးစုံစမ်းမှုတို့ဖြင့် စမ်းသပ်ခံရကြမည်ဖြစ်ပြီး၊ ယခုအခါတွင် ရိုးသားမှုရှိပြီး မှန်ကန်သောသူများအဖြစ် ပေါ်ထွက်လာသောအရေအတွက်ကြီးမားသောသူတို့သည် အဖိုးသိပ်မတန်လှသောသတ္တုများအဖြစ် ထင်ရှားသိသာလာကြမည်ဖြစ်သည်။ ဆန့်ကျင်အတိုက်အခံပြုမှု၊ ခြိမ်းခြောက်မှုနှင့် နှိပ်စက်ညှဉ်းပန်းစော်ကားမှုတို့ကြောင့် သူတို့သည် ခိုင်မာပြီး အားကောင်းလာရကြမည့်အစား ဆန့်ကျင်ဘက်တို့ဘက်သို့ သူရဲဘောကြောင်စွာလိုက်ပါသွားကြမည်ဖြစ်သည်။ ထာဝရဘုရားထံတော်မှကတိတော်မှာ "ငါ့ကိုချီးမြှောက်သောသူတို့ကို ငါချီးမြှောက်တော်မူမည်။"

အမှန်မှာ ဘုရားသခင်၏တရားစီရင်ခြင်းများတို့သည် မုန်တိုင်းများ၊ ရေလွှမ်းမိုးခြင်းများ၊ မိုးသက်လေပြင်းကျရောက်ခြင်းများ၊ မြေလျှင်လှုပ်ခြင်းများ၊ ကုန်းပေါ်တွင်ရောပင်လယ်တွင်းတို့၌ ကြုံတွေ့ရနိုင်သော ဘေးဆိုးဒုက္ခဆင်းရဲခြင်းများအားဖြင့် တိုင်းနိုင်ငံအနှံ့အပြားတို့တွင် ပျံ့နှံ့ဖြစ်ပေါ်နေပြီဖြစ်ပါသည်။ မဟာငါဖြစ်သည် (The great I AM) (ထွက်မြောက်ရာ ၃း၁၄) ဟု အမည်ရှိသောသူသည် သူ၏ပညတ်တရားတော်ကို ပျက်ပြယ်စေသော

သူတို့ကို စကားပြောနေပါသည်။ မြေကြီးပေါ်သို့ ဘုရားသခင်၏အမျက်ဒေါသသွန်းလောင်းကျရောက်လာသောအခါ မည်သူခံရပ်နိုင်မည်နည်း။ ယခုအချိန်သည် ဘုရားသခင်၏လူတို့အနေဖြင့် အခြေခံစည်းမျဉ်းများအပေါ် သူတို့သစ္စာရှိကြောင်း ပြသရကြမည့်အချိန်ဖြစ်ပါသည်။ ခရစ်တော်၏ဘာသာတရားသည် အထူးတလည်ပမာမထားခြင်းခံရသောအခါတွင်လည်းကောင်း၊ ထို့အပြင် သူ၏ပညတ်တရားတော်သည် အထူးမထီမဲ့မြင်ပြုခြင်းခံရသောအခါတို့တွင် ကျွန်ုပ်တို့၏အားမာန်သည် နွေးထွေးမှုအရှိဆုံးရှိရမည်ဖြစ်သည့်အပြင်၊ ကျွန်ုပ်တို့၏ရဲစွမ်းသတ္တိနှင့်ခိုင်မြဲမှုတို့သည် တွန့်ဆုတ်ခြင်းအထူးကင်းရှင်းကြရမည်ဖြစ်သည်။ အများသောသူတို့၏စွန့်ပယ်ကျောခိုင်းခြင်းခံရသောအခါ၊ ကျွန်ုပ်တို့သည် သမ္မာတရားနှင့်ဖြောင့်မတ်ခြင်းတရားတို့အတွက် ကာကွယ်ရပ်တည်ရကြမည်ဖြစ်ပြီး၊ ရပ်တည်ကာကွယ်ပေးသောသူအရေအတွက်နည်းပါးပါက၊ ထာဝရဘုရားအတွက် တိုက်ပွဲများတို့ကိုဆင်နွဲကြရန်မှာ ကျွန်ုပ်တို့အတွက် စမ်းသပ်မှုတစ်ရပ်ပင်ဖြစ်ပေလိမ့်မည်။ ဤအချိန်မျိုးတွင် တစ်ပါးသောသူတို့က ဖော်ရွေမှုမရှိချိန်တွင် ကျွန်ုပ်တို့သည် လိုက်လှဲပျူငှာစွာဖြင့် စုစည်းမှုရှိရကြမည်ဖြစ်ပြီး၊ သူတို့က သူရဲဘောကြောင်နေချိန်တွင် ကျွန်ုပ်တို့က သတ္တိရှိရကြမည်ဖြစ်ကာ၊ သူတို့က သစ္စာဖောက်ကြသောအခါ ကျွန်ုပ်တို့မှာ သစ္စာစောင့်သိရကြမည်ဖြစ်သည်။

ပဋိပက္ခကိုရင်ဆိုင်ကြုံတွေ့ရကြမည့် သူ၏လူတို့အတွက် ကျွန်ုပ်တို့၏ကယ်တင်ခြင်းခေါင်းဆောင်ဗိုလ်ကြီးသည် သူ၏လူတို့ကို ခိုင်ခံ့စေတော်မူမည်ဖြစ်သည်။---

ဘုရားသခင်သည် သူ၏ကြောက်မက်ဖွယ်ရာအမျက်ဒေါသတော်ကို လူသားတို့၏သားသမီးတို့အပေါ် သွန်းဖြိုးတော်မူသောအခါ၊ ကျွန်ုပ်တို့သည် အကာအကွယ်ရရှိကြရန်မှာ ယခုအချိန်သည် ဘုရားသခင်နှင့်အနီးကပ်ဆုံး ဆက်နွယ်ရမည့်အချိန်ဖြစ်ပါသည်။

တစ်ပါးသောသူတို့က ဖော်ရွေမှုမရှိချိန်တွင် လိုက်လှဲပျူငှာစွာဖြင့် စုစည်းမှုရှိကြသောသူများ၊ တစ်ပါးသောသူတို့က ယုံကြည်ခြင်း "ဘက်ပြောင်း



ချိန်တွင်" သတ္တိရှိရှိဖြင့် မှန်ကန်သောယုံကြည်ခြင်းလက်ကိုင်ထားသူများနှင့် တစ်ပါးသူတို့က သစ္စာဖောက်ကြချိန်တွင်၊ သစ္စာစောင့်သိကြသောသူတို့သည် တတိယကောင်းကင်တမန်၏သတင်းစကား (ဗျာဒိတ် ၁၄း၉–၁၂) (third angel's message) နှင့်အတူ အောင်ပွဲခံကြပါလိမ့်မည်။

–ဝ–

### ပဋိပက္ခအတွက်သတ္တိ

## "အားယူကြလော့၊ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူရှိတော်မူပါသည်"

**"----အိုပြည်သူပြည်သားအပေါင်းတို့၊ အားယူကြလော့ဟု ထာဝရဘုရားမိန့်တော်မူ၏" (ဟဂ္ဂဲ ၂း၄)။**

ကြီးမြတ်သောကယ်တင်ခြင်းကိုပယ်ရှားပြီး ငြင်းပယ်ကြသောဆိုးသွမ်းသောသူတို့နှင့်ပူးပေါင်းနေကြသည့် ကောက်ကျစ်သောကိုယ်စားလှယ်တို့နှင့် ယခုကဲ့သို့သော နောက်ဆုံးသောကာလနေ့ရက်များတွင် ပဋိပက္ခဖြစ်နေရသောသူ၏လူစုတော်တို့အခြေအနေကို ကျွန်ုပ်တို့၏ထာဝရဘုရားသည် သတိမူမိတော်မူပါသည်။ ကောင်းကင်ဘုံတပ်မတော်ကြီးတို့၏ခွန်အားကြီးမားသောဗိုလ်ချုပ်ကြီးဖြစ်သူ ကျွန်ုပ်တို့၏အကြီးမားဆုံးသော အကြွင်းမဲ့ချစ်သောစိတ်နှင့် ပွင့်လင်းပြတ်သားသောစိတ်သဘောရှိတော်မူသော ကယ်တင်ရှင်သည် သူ၏လူစုတော်တို့တွေ့ကြုံရကြမည့် ခက်ထန်သည့်ပဋိပက္ခကို မျက်ကွယ်ပြုတော်မမူပါ။ ကျွန်ုပ်တို့အား သူသည်အန္တရာယ်တို့ကိုညွှန်ပြတော်မူပြီး၊ တိုက်ပွဲ၏အစီအစဉ်ကိုပြသတော်မူကာ ခက်ခဲပြီးအန္တရာယ်များသောအလုပ်ကို ပြီးမြောက်စေတော်မူသည့်နောက် သူသည် ပေးဆပ်ရမည့်စွန့်လွှတ်မှုကို တွက်ချက်ရေတွက်ရန် ပဋိပက္ခတွင်းသို့မဝင်ရောက်မီ၊ သူ၏အသံတော်ကိုလွှင့်တင်လျက် တစ်ချိန်တည်းတွင် သမ္မာတရားနှင့်ဖြောင့်မတ်ခြင်းတရားတို့ကို ကာကွယ်ပေးရန်အတွက် အားလုံးသောသူတို့ကို သူတို့၏စစ်ရေးဆိုင်ရာလက်နက်တို့ကိုကိုင်စွဲစေရန်နှင့်၊ စစ်ပွဲသို့ချီတက်ရန် ကောင်းကင်ဘုံဆိုင်ရာ အင်အားအရင်းအမြစ်ကို သူတို့နှင့်ပူးပေါင်းပါဝင်ဖွဲ့စည်းရေးကို မျှော်လင့်စေရေးအတွက် ခွန်အားပေးတော်မူပါသည်။ လူသားတို့၏အားနည်းချက်သည် သဘာဝလွန်အင်အားကို ရှာဖွေတွေ့ရှိမည်ဖြစ်ပြီး တင်းမာခက်ထန်သောပဋိပက္ခတိုင်းတို့တွင်



အနန္တတန်ခိုးရှင်၏လုပ်ငန်းဆောင်တာများတို့ကိုဆောင်ရွက်ရန် ကူညီပေးကာ၊ ယုံကြည်ခြင်းတွင် လုံ့လဝီရိယရှိရှိ၊ ထို့အပြင် ဘုရားသခင်အပေါ် ပြည့်စုံကုံလုံလောက်သောသစ္စာရှိမှုတို့သည် အောင်မြင်ခြင်းကိုသေချာစေပါသည်။

ယခင်နှောင်းပိုင်းအချိန်ကရှိခဲ့သော ဆိုးညစ်မှု၏ပူးပေါင်းအဖွဲ့အစည်းသည် လူသားတို့အပေါ်တိုက်ခိုက်မှုဆင်နွှဲလာသောအချိန်အတွင်းတွင် လူသားတို့သည် အောင်မြင်မှုအတွက် ကောင်းကင်ဘုံကိုသူတို့ရရှိထားသည့်အလျောက်၊ ဘုရားသခင်သည် သူတို့အားရဲရင့်ပြီး၊ အားယူကာ ရွပ်ရွပ်ချွံချွံတိုက်ခိုက်ကြရန် မိန့်တော်မူပြီး၊ ခွန်အားကြီးမားသောဗိုလ်ချုပ်ကြီးဦးဆောင်သည့် ကောင်းကင်ဘုံတပ်မတော်ကြီးတို့တွင် ရာထူးအဆင့်အရ ကောင်းကင်တမန်တစ်ပါးချင်းထက် အဆင့်မြင့်သောရာထူးအဆင့်ကို ရရှိထားကြပါသည်။ ယေရိခေါမြို့ကိုတိုက်ခိုက်ရယူစဉ်အခါသမယတွင် ဣသရေလတပ်မတော်တို့တွင်ရှိသော တပ်သားတစ်ဦးတစ်ယောက်ကမျှ မြို့ရိုးတို့ကိုပြိုလဲပျက်စီးသွားစေရန် သူတို့၏အကန့်အသတ်ဖြင့်ရှိသော အစွမ်းသတ္တိအားဖြင့် လုပ်ဆောင်နိုင်စွမ်းမရှိကြသော်လည်း ထာဝရဘုရား၏မူရင်းဇာစ်မြစ်ဆိုင်ရာ ခေါင်းဆောင်ဗိုလ်ကြီးက အကြီးမားဆုံးသော အကြွင်းမဲ့ချစ်သောစိတ်အားဖြင့် စစ်ပွဲကိုစီမံခန့်ခွဲကာ၊ လူသားအနေဖြင့် ချီးမြှောက်ခြင်းမခံရသည့်အနေအထား၌၊ ထာဝရဘုရားတစ်ပါးတည်းသာ ဘုန်းအသရေတော်ကို လက်ခံရရှိတော်မူပါသည်။ ဘုရားသခင်သည် သူ၏ဘုန်းတော်ကိုပေးအပ်တော်မူရန် ကျွန်ုပ်တို့အား ကတိတော်ပေးအပ်တော်မူပြီး၊ ထိုကတိတော်သည် သင်နှင့်သင်၏သားသမီးများ၊ ထို့ပြင်မည်မျှဝေးလံသောနေရာများ၌ရှိနေပါစေ၊ ထာဝရဘုရားဖြစ်သော ကျွန်ုပ်တို့၏ဘုရားသခင်သည် အားလုံးသောသူတို့ကိုခေါ်တော်မူမည်ဖြစ်သည်။

ယုံကြည်ခြင်းသည် အတားအဆီးတိုင်းကိုကျော်ဖြတ်ဖောက်ထွက်နိုင်ပြီး၊ ခလုတ်တံသင်းတို့ကိုကျော်လွှားနိုင်သော ရှင်သန်နေသည့်စွမ်းအားဖြစ်ကာ၊ သူ၏တံခွန်အောင်လံကို ရန်သူ၏တပ်စခန်းအလယ်ကောင်တွင် စိုက်ထူထားပါသည်။

–o–

ရှုလိုင် (၁၅)

## သတ္တိရှိသောသူများလိုအပ်ပါသည်

# “ယနေ့အချိန်ကာလတွင်သတ္တိနှင့်စွမ်းအား (ရှိသောသူ) များလိုအပ်ပါသည်”

**“အကယ်စင်စစ် ငါ့တန်ခိုးကိုသင်၌ငါပြခြင်းငှါလည်းကောင်း၊ ငါ့နာမကို မြေကြီးတစ်ပြင်လုံးတွင် ကျော်စောစေခြင်းငှါလည်းကောင်း၊ သင့်ကိုငါချီးမြှောက်ခဲ့ပြီ” (ထွက်မြောက်ရာ ၉း၁၆)။**

ခရစ်ယာန်အသက်တာမည်သည်မှာ ထင်ထားသည်ထက် ပိုမိုလေးနက်ပါသည်။ ၎င်းသည် နူးညံ့သိမ်မွေ့ခြင်း၊ သည်းခံခြင်း၊ သည်းညည်းခံတတ်ခြင်းနှင့်ကြင်နာတတ်ခြင်းတို့ဖြင့် အပြည့်အဝပါဝင်မှုရှိသည်ကို မတွေ့ရပါ။ ဤကဲ့သို့သောကျေးဇူးတော်တို့သည် မရှိမဖြစ်လိုအပ်လှပါသော်လည်း သတ္တိ၊ ခွန်အား၊ စွမ်းအင်နှင့်လုံ့လဝီရိယတို့သည်လည်း လိုအပ်ပါသည်။ ခရစ်တော်သတ်မှတ်ပေးသောလမ်းမှာ ကျဉ်းမြောင်းသောလမ်းဖြစ်သည့် မိမိကိုယ်ကိုမိမိငြင်းပယ်ရမည့်လမ်းဖြစ်ပါသည်။ ထိုလမ်းသို့ဝင်ရောက်ပြီး အခက်အခဲများနှင့်စိတ်ဓာတ်ကျခြင်းများတို့ကို မမှိတ်မသုန်ထိုးဖောက်ကျော်လွှားနိုင်ရန်အတွက် ပိုမိုချည့်နဲ့အားနည်းသောသူတို့တွင် ပိုမိုလိုအပ်ပါသည်။

သက်လုံကောင်းသောလူသားများလိုအပ်ပြီး သူတို့၏သွားရာခရီးလမ်းဖြောင့်ဖြူးရေးအတွက် မစောင့်ဆိုင်းနေကြသူများ၊ ထို့ပြင် ခလုတ်တံသင်းတစ်ခုချင်းဖယ်ရှားထားပြီးသားဖြစ်ရန်အတွက် စောင့်ဆိုင်းကြသူထဲတွင်မပါဝင်သူများ၊ စိတ်ဓာတ်ကျအားငယ်နေသော အလုပ်သမားများတို့၏ခြေကုန်လက်ပန်းကျနေသည့် ကြိုးပမ်းရုန်းကန်မှုတို့အတွက် လန်းဆန်းသောအားမာန်အဖြစ်သို့ရောက်ရှိလာစေရန် လှုံ့ဆော်ပေးကြမည့်သူများ၊ ခရစ်ယာန်၏ချစ်ခြင်းမေတ္တာဖြင့် သူတို့၏စိတ်နှလုံးတို့သည် နွေးနွေးထွေးထွေးရှိကြသူများမှအစ၊



သူတို့အရှင်သခင်၏အမှုတော်ကို ဆောင်ရွက်ကြရန်အတွက် သူတို့၏လက်တို့သည် ခွန်အားရှိပြီးသန်မာကြသောသူတို့သည်လည်း လိုအပ်ပါသည်။

အမှုတော်ကိုဆောင်ရွက်ကြရာတွင် အချို့တို့သည် ခွန်အားနည်းပြီး၊ ချည့်နဲ့ကာ ဝိညာဉ်ရေးကင်းမဲ့လျက် အလွယ်တကူစိတ်ဓာတ်ကျကြပါသည်။ သူတို့သည် တွန်းအားပေးမှုကင်းမဲ့ကြပါသည်။ သူတို့သည် တစ်စုံတစ်ခုကိုလုပ်ဆောင်ကြရန် စွမ်းအားကိုပေးသည့် အကျင့်စရိုက်ဆိုင်ရာ အပြုသဘောဆောင်သည့် ထူးခြားသောအရည်အချင်းများမရှိကြသည့်အပြင်၊ စိတ်အားထက်သန်မှုကို မီးမွှေးပေးသည့်စိတ်ဓာတ်နှင့်စွမ်းအင်လည်းမရှိကြပါ။ အောင်မြင်မှုကိုရယူလိုစိတ်ရှိကြသောသူတို့သည် သတ္တိရှိရှိဖြင့် မျှော်လင့်ချက်ရှိရကြပါမည်။ သူတို့အနေဖြင့် တည်ငြိမ်မှုကိုထိန်းသိမ်းစောင့်ရှောက်ရကြမည့်အပြင်၊ တက်ကြွလှုပ်ရှားသည့်အကျင့်သီလကို ထိန်းသိမ်းစောင့်ရှောက်ရကြမည်ဖြစ်သည်။ အမျက်ဒေါသကိုဖယ်ရှားသည့် ပျော့ပျောင်းညင်သာသည့်ခွန်းတုံ့ပြန်မှုကို ပြန်လည်ဖြေကြားစဉ်တွင် မကောင်းမှုကိုတွန်းလှန်ခုခံနိုင်ရန် သူရဲကောင်းတစ်ဦး၏သတ္တိမျိုးကို ပိုင်ဆိုင်ထားကြရပါမည်။ အရာအားလုံးတို့ကို ကြံ့ကြံ့ခံနိုင်သည့် သနားကြင်နာတတ်ခြင်းအားဖြင့် သူတို့သည် သူတို့၏ဩဇာသက်ရောက်မှုကို အပြုသဘောဆောင်သည့်စွမ်းအားအဖြစ်သို့ လုပ်ဆောင်ပေးနိုင်သည့် အကျင့်စရိုက်၏အင်အားကို လိုအပ်ကြပါသည်။

အချို့တို့သည် အကျင့်စရိုက်တွင် ခိုင်မြဲတည်ကြည်မှုမရှိကြပါ။ ဤကဲ့သို့သောအားနည်းမှု၊ ချီတုံချတုံဖြစ်မှုနှင့် အရည်အသွေးညံ့သောအနေအထားတို့ကို ကျော်လွှားနိုင်ရကြမည်ဖြစ်သည်။ အစွမ်းအစရှိကြသောသူတို့မည်သည်မှာ ဆန့်ကျင်မှုတို့ကိုခံခဲ့ရကြ၊ လုပ်ကြံခံခဲ့ရကြသည့်အပြင် ကောင်းသောအမှုကိုသူတို့ပြုကြရာတွင် ထိုအမှုအောင်မြင်အထမြောက်မှုမရှိစေရန် ဟန့်တားခံခဲ့ရကြသူများဖြစ်ကြပါသည်။ လုပ်ဆောင်မှုအပေါ်တွင် သူတို့၏စွမ်းအင်များတို့ကို ထပ်ဆင့်လိုက်ပါက၊ သူတို့ရင်ဆိုင်နေရသည့် ခလုတ်တံသင်းတို့သည် အပေါင်းလက္ခဏာဆောင်သည့် ကောင်းချီးမင်္ဂလာများအဖြစ် သူတို့

ခံစားသိရှိရကြပါသည်။ မိမိကိုယ်ကိုမိမိ အားကိုးယုံကြည်မှုတို့ကို ရယူစေနိုင်ပါသည်။ ပဋိပက္ခနှင့်စိတ်ရှုပ်ထွေးစေခြင်းတို့သည် ဘုရားသခင်အပေါ် သစ္စာရှိခြင်း၏အလေ့အကျင့်ကို လိုအပ်သည့်အပြင်၊ စွမ်းအားကိုတိုးပွားစေသော ထိုခိုင်ခံ့မြဲမြံမှုမျိုးလည်းလိုအပ်ပါသည်။

–o–



ရှုလိုင် (၁၆)

### သတ္တိရှိသောသူများလိုအပ်ပါသည်

## "ဘုရားသခင်သည်လူငယ်လူရွယ်တို့ကိုခေါ်တော်မူခြင်းမှာ သူတို့သည်သန်မာကြသောကြောင့်ဖြစ်ပါသည်"

**"အဘတို့၊ သင်တို့သည် ရှေးဦးစွာကပင်ရှိတော်မူသောသူကို သိသောကြောင့် သင်တို့အား ငါရေး၍ပေးလိုက်ခဲ့ပြီ။ လူပျိုတို့၊ သင်တို့သည် ခွန်အားနှင့်ပြည့်စုံ၍ ဘုရားသခင်၏နှုတ်ကပတ်တော်၌ မှီဝဲဆည်းကပ်သဖြင့် မာရ်နတ်ကိုအောင်သောကြောင့်၊ သင်တို့အား ငါရေး၍ပေးလိုက်ခဲ့ပြီ" (၁ယော ၂း၁၄)။**

ဤသို့သောအတည်ပြုချက်ရှိပြီး၊ ညွှန်ကြားချက်အဖြစ် တည်ရှိသော စကားလုံးတို့သည် ဖြောင့်မတ်ခြင်းတရား၏ချပ်ဝတ်တန်ဆာအားလုံးတို့ကို ဝတ်ဆင်ထားကြသည့် လူငယ်လူရွယ်တစ်ဦးချင်းတို့အား မိန့်ခွန်းချွေပေးထားခြင်းဖြစ်ပါသည်။ ငယ်ရွယ်ပြီး ခွန်အားနှင့်ပြည့်စုံကြသောသူတို့အနေဖြင့်၊ ဘုရားသခင်အား သူတို့၏တစ်ပါးတည်းသောအားကိုးရာအဖြစ် ထားရှိကြပါက၊ သူတို့သည် ဘုရားသခင်အတွက် ကြီးမားသောရိုက်ချက်မျိုးကို လုပ်ဆောင်ရကြပါမည်။ အသက်အိုမင်းလာကြပြီး "အဖေများ" အဖြစ်ဖော်ပြခြင်းခံရကြသည့်သူတို့သည် အဆင့်အတန်းတစ်ခုကိုကိုင်စွဲထားရန်အတွက် ဆုံးဖြတ်ချက်ရှိရှိဖြင့် အလုပ်တစ်ခုကိုလက်ကိုင်ထားကြသော်လည်း၊ သူတို့သည် အသက်တာ၏ဝန်ထုပ်ဝန်ပိုးဖိအားကို စိတ်ထဲတွင်ခံစားရကြသည် အလျောက်၊ အသက်ငယ်ရွယ်သောသူတို့အနေဖြင့် တာဝန်ထမ်းဆောင်ရေးတွင် အရည်အချင်းမီစေရန် မိမိတို့ကိုယ်ကို ခွန်အားပံ့ပိုးပေးသည့်အနေဖြင့် ယေရှုခရစ်တော်၏ဗဟုသုတအသိဉာဏ်တွင်ရှိသော အတွေ့အကြုံမျိုးကိုရယူရကြမည်ဖြစ်ကာ၊ အဆင့်အတန်းဆိုသည်မှာ ထိုအဖေများတို့ထံမှကျရောက်

လာသည်အလျောက်၊ သန့်စွမ်းခိုင်မာသောလူငယ်တို့အနေဖြင့် ဖမ်းဆုပ်ရယူထားလျက် မြင့်မြင့်မားမားခံယူရကြမည်ဖြစ်သည်။

ယခုခေတ်ကာလတွင် သမ္မာကျမ်းစာတို့ကို မြေကြီးအောက်တွင် နှစ်မြုပ်နေသောရတနာများအဖြစ်ရှာဖွေကြမည့် ငယ်ရွယ်သူအများအပြားရှိနေပြီး၊ သူတို့သည် သမ္မာတရား၏အဖိုးတန်ကျောက်မျက်တို့ကိုရရှိကြသည်အလျောက် အခြားသောသူတို့၏စိတ်အတွေးများဆီသို့ စကားလုံးရတနာများတို့ကို လမ်းဖွင့်ပေးကြပါလိမ့်မည်။ အထက်ပါကျမ်းချက်အတိုင်း "သင်တို့သည် ခွန်အားနှင့်ပြည့်စုံ၍" ဆိုသည့်စကားသည် "ကာယဆိုင်ရာခွန်အား" ဆိုသည့်အဓိပ္ပါယ်ထက် ပိုမိုအဓိပ္ပါယ်လေးနက်ပါသည်။ ၎င်းစာပုဒ်သည် စိတ်အတွေးကိုကြံဆတွေးခေါ်ရန် လေ့ကျင့်သင်ယူခြင်းကိုဆိုလိုသည့်အပြင် တင်းကျပ်ပြီးမျှတမှုရှိသော အကျင့်ဓလေ့များတို့ကို လေ့ကျင့်ခြင်းအားဖြင့် ရှင်းလင်းပြီးခွန်အားရှိရှိဖြင့် လိုက်လျှောက်ရကြပါမည်။ ထို့အပြင်၊ ၎င်းစာပုဒ်သည် ငယ်ရွယ်သူတို့အနေဖြင့် ရန်သူကိုစိတ်ထက်သန်မှုဖြင့် ရင်ဆိုင်ရကြမည့်အပြင်၊ ထိုရန်သူကိုကျော်လွှားအောင်နိုင်ကာ နေ့စဉ်အသက်တာတွင် ယေရှုခရစ်တော်၏ဘာသာတရားနှင့်ချိတ်ဆက်ပြီး၊ သူတို့၏နေ့စဉ်တာဝန်များနှင့် ရွှင်လန်းဝမ်းမြောက်မှုတို့တွင် ခရစ်တော်ကိုယူဆောင်လာရကြမည့်သဘောကိုဆောင်ပါသည်။ ထို့ပြင်မက၊ သူတို့သည် ဘုန်းတော်ရှင်၏သဘာဝအနေအထားတွင် ပူးပေါင်းပါဝင်လုပ်ဆောင်သူများအဖြစ် ရောက်ရှိလာကြမည့်အဓိပ္ပါယ်လည်း သက်ရောက်ပါသည်။

မိမိတို့ကိုယ်ကို ဘုရားသခင်၏အမှုတော်တွင် ပေးအပ်ကြသောလူငယ်လူရွယ်တို့အနေဖြင့် ထာဝရဘုရား၏တိုက်ပွဲများတွင် လူသားဆန်စွာဖြင့် တိုက်ပွဲဝင်သောအနေအထားတွင် ရှိကြပါသည်။ လူငယ်လူရွယ်များတို့အား ခရစ်တော်ကို သူတို့၏စံနမူနာအဖြစ်ထားရှိစေခြင်းအားဖြင့် သူတို့သည် တရားမျှတစွာဖြင့်လုပ်ကိုင်ကြပြီး၊ ကရုဏာတရားကိုချစ်မြတ်နိုးကာ သူတို့သည် ဘုရားသခင်နှင့်အတူနှိမ့်ချစွာဖြင့် လျှောက်လှမ်းကြပေမည်။ ဤသို့ဖြင့် သူတို့သည် ခွန်အားနှင့်ပြည့်စုံလာကြပါလိမ့်မည်။





အကျင့်စရိုက်မည်သည် အစမ်းသပ်ခံရပေလိမ့်မည်။ နေ့စဉ်နေ့တိုင်းနှင့် နှစ်စဉ်နှစ်တိုင်းတို့တွင် ကျွန်ုပ်တို့သည် ကိုယ်ကျိုးအတ္တကို အောင်နိုင်ရကြမည်ဖြစ်ကာ မြင့်မြတ်သည့် သူရသတ္တိရှိသောအပြုအမူကို မြှင့်တင်ပေးရကြပါမည်။

–၀–

ရှုလိုင် (၁၇)

### သစ္စာရှိသောသူများလိုအပ်ပါသည်

## "နာခံလိုက်လျှောက်လိုသောသစ္စာကိုလက်တွေ့ပြသခြင်း"

**"ထိုလုလင်ကိုမထိမခိုက်နှင့်။ အလျှင်းမပြုနှင့်။ သင်သည် ဘုရားသခင်ကိုကြောက်ရွံ့သည်ဟု ယခုငါသိ၏။ အကြောင်းမူကား၊ သင်၏သား၊ သင်၌တစ်ယောက်တည်းသောသားကို ငါတောင်း၍၊ သင်သည်ငါ့ကိုမငြင်းဟု မိန့်တော်မူ၏" (ကမ္ဘာဦး ၂၂း၁၂)။**

အာဗြဟံ–––ဘုန်းတော်ရှင်၏အမိန့်တော်ကို နာခံလိုက်လျှောက်သောအနေဖြင့်၊––––သူ၏ခရီးတွင် ဣဇာက်ကို သူနှင့်တစ်ပါးတည်းခေါ်ဆောင်သွားခဲ့ပါသည်။ သူ့အနေဖြင့် ယဇ်ပူဇော်ဆက်ကပ်ခြင်းလုပ်ရမည်ဟု ဘုရားသခင်က သူ့အားအရိပ်အကဲပြထားသည့်တောင်ကြီးကို ရှေ့တွင်သူလှမ်းမြင်နေရပါသည်။ ဤတွင် သူသည် သူ၏အစေခံပခုံးထက်မှ ထင်းစည်းကိုယူပြီး အဆက်ကပ်ခံရတော့မည့်ဣဇာက်အပေါ်သို့ တင်ပေးလိုက်ပါသည်။ သူသည် သူ၏စိတ်ကိုခိုင်မာပြီး၊ မချိမဆံ့ခံစားရသောတင်းကျပ်မှုဖြင့် တုပ်ချည်ပြီးသည်နှင့် ဘုရားသခင်ကတောင်းဆိုသည့်အလုပ်ကိုလုပ်ရန် သူအဆင်သင့်ဖြစ်နေပါသည်။ ကွဲကြေနေသောစိတ်နှင့် ချောက်ချားသောလက်တို့ဖြင့် သူသည် မီးအတွက်စတင်ပြင်ဆင်ချိန်တွင် ဣဇာက်က (ကမ္ဘာဦးကျမ်း ၂၂း၇) တွင် "အဘ၊ မီးပါ၏၊ ထင်းလည်းပါ၏။ ယဇ်ရှိ့စရာဖို့ သိုးသငယ်သည် အဘယ်မှာရှိသနည်း" ဟူ၍ အာဗြဟံကိုမေးသောအခါတွင်လည်း အို၊ ဟူ၍သာ အာဗြဟံဆိုနိုင်ပြီး သူ့ကိုချက်ချင်းအဖြေမပေးနိုင်ခဲ့ပါ။ သားအဖနှစ်ယောက်တို့သည် ယဇ်ပလ္လင်ကိုတည်ဆောက်ကြချိန်တွင် ဣဇာက်သည် သားကောင်အဖြစ်အပူဇော်ခံရမည်အကြောင်းကို ခရီးလမ်းတစ်လျှောက်လုံး သူ့ကိုမချိမဆံ့ခံစားစေရသည့် ဣဇာက်ကိုအသိပေးရမည့်ယခုအချိန်သည် အာဗြဟံအတွက် ကြောက်မက်ဖွယ်ရာအချိန်ကာလဖြစ်နေပါသည်။ ဣဇာက်သည် ကလေးအရွယ်မဟုတ်တော့ဘဲ၊ သူသည် ကြီးဖော်ဝင်လာသည့် လူငယ်တစ်ယောက်ဖြစ်နေပေပြီ။ သူ့အနေဖြင့် သူ့အဖေပုံဖော်နေသော ဤကဲ့သို့လုပ်ဆောင်ရန်ရွေးချယ်ပြီးသောလုပ်ရပ်ကို ငြင်းဆန်နိုင်ခွင့်ရှိပါသည်။ သူသည် သူ့ဖခင်၏ရူးသွပ်သည့်လုပ်ရပ်ကို အပြစ်တင်ခြင်း သို့တည်းမဟုတ် သူ့ဖခင်၏ရည်ရွယ်ချက်ကို ပြောင်းလဲသွားစေရန် မကြိုးပမ်းခဲ့ပါ။ သူ့အဖေ၏လုပ်ဆောင်ချက်ကို သူလိုက်လျောခဲ့ပါသည်။ ဣဇာက်အနေဖြင့် သူ့ဖခင်၏ချစ်ခြင်းမေတ္တာကို ယုံကြည်စိတ်ချပြီး ဘုရားသခင်ကသာ ဤကဲ့သို့လုပ်ဆောင်ရန် မတောင်းခံပါက၊ သူ့ဖခင်အနေဖြင့် သူ၏တစ်ဦးတည်းသောသားကို ဤကဲ့သို့သော ကြောက်မက်ဖွယ်ရာဆက်ကပ်ပူဇော်ခြင်းမျိုးကို ပြုလုပ်မည်မဟုတ်ကြောင်းကို သူယုံကြည်ပါသည်။

ဘုရားသခင်က ဤကဲ့သို့ပြုလုပ်ရန်ပြောဆိုထားမှုကြောင့် ဣဇာက်သည် တုန်လှုပ်ချောက်ချားမှုနှင့် သူ့ဖခင်၏အကြင်နာတရားလက်များတို့၏ တုပ်နှောင်ထားခြင်းကိုခံခဲ့ရပါသည်။ ဖခင်ဖြစ်သူ၏မြဲမြံတည်ကြည်မှုကို ယုံကြည်သည့်အတွက် သားဖြစ်သူသည် သူ့ကိုယ်ကိုပူဇော်ဆက်ကပ်ရန် လိုက်လျောခဲ့ပါသည်။ သို့သော်လည်း အရာအားလုံးတို့သည် အဆင်သင့်ဖြစ်ပြီး၊ ဖခင်ဖြစ်သူ၏ယုံကြည်ခြင်းနှင့် သားဖြစ်သူ၏နာခံခြင်းတို့သည် အပြည့်အဝစမ်းသပ်ခြင်းခံရပြီးသောအခါ သူ၏သားကိုအဆုံးစီရင်ရန် မြှောက်ထားသော အာဗြဟံ၏လက်ကို မြှောက်ထားလျက်သားရှိစေရန်၊ ဘုရားသခင်၏ကောင်းကင်တမန်သည်လုပ်ဆောင်ပြီး၊ ဤလောက်ဖြင့်ပင်လုံလောက်ကြောင်းကို အာဗြဟံအားပြောကြားခဲ့ပါသည်။

အခြေအနေအရပ်ရပ်အားလုံးတို့အောက်တွင် ဘုရားသခင်အား လိုလိုလားလားနာခံရန်မှာ ကြီးမားသောသစ္စာသည် အမှန်တကယ်လိုအပ်လှပါသည်။

ခရစ်တော်ကို သူ့အပေါ်ချစ်ခြင်းမေတ္တာရှိပြီး၊ သူ့အားနာခံခြင်းဖြင့်သာ သိရှိနိုင်ပါသည်။ ထာဝရဘုရားသည် ကျရှုံးခြင်းရှိမည်မဟုတ်သော၊ (သို့မဟုတ်) စိတ်ပျက်အားလျော့ခြင်းမရှိသော၊ ရဲစွမ်းသစ္စာရှိသောသူများတို့ကို ခေါ်တော်မူပါသည်။

–၀–

## ရူလိုင် (၁၈)

### သတ္တိရှိသောသူများလိုအပ်ပါသည်
# “ဧလိယသည်စိတ်ဓာတ်ကျစေခြင်းကိုဖြင်းပယ်ပါသည်”

**“ခုနစ်ကြိမ်မြောက်သောအခါ လူလက်နှင့်တူသောမိုးတိမ်ငယ်တစ်ခုသည် ပင်လယ်ထဲကတက်ပါ၏ဟုဆိုသော် အာဟပ်မင်းထံသို့ သွားလော့။ မိုးရွာ၍ဆီးတားမည်ကိုစိုးရိမ်စရာရှိသောကြောင့် မင်းကြီးပြင်ဆင်၍ ပြန်သွားမည်အကြောင်း လျှောက်ထားလော့ဟုမှာလိုက်လေ၏” (၃ရာ ၁၈း၄၄)။**

ဧလိယ၏အတွေ့အကြုံတွင် ကျွန်ုပ်တို့အတွက်အရေးပါသောသင်ခန်းစာများစွာကို တွေ့ရှိခဲ့ရပါသည်။ ကရမေလတောင်ပေါ်တွင်ရှိစဉ်အခါ ဧလိယသည် မိုးရွာစေရန်ဆုတောင်းခြင်းကိုပြုလုပ်စဉ်တွင်ပင် သူ၏ယုံကြည်ခြင်းသည် အစမ်းအသပ်ခံခဲ့ရသော်လည်း ဘုရားသခင်ထံတော်သို့ သူ၏တောင်းခံမှုကိုသိရှိရန် အပတ်တကုတ်ကြိုးပမ်းခဲ့ပါသည်။ သူသည် ခြောက်ကြိမ်တိုင်တိုင် လေးနက်စွာဖြင့်ဆုတောင်းခဲ့ပြီး သူ၏အသနားခံမှုသည် အလေးမှုမခံရသော်လည်း ခိုင်မာသောယုံကြည်ခြင်းဖြင့် ကျေးဇူးတော်ပလ္လင်တော်ထံသို့ လျှောက်လဲမှုကိုပန်ကြားခဲ့ပါသည်။ သူ၏ဆုတောင်းချက်ကိုပြန်လည်တုံ့ပြန်ပေးသည့်အဖြေမရရှိသောအခါ သူသည် ခြောက်ကြိမ်မြောက်တွင် စိတ်ဓာတ်ကျဆင်းမှုကို လက်မြှောက်အရှုံးပေးခဲ့ပါသလား။----ကျွန်ုပ်တို့၏အသနားခံမှုများအတွက် သူ၏နားကိုပိတ်ထားတော်မမူသည့် ဘုရားသခင်တစ်ပါး ကျွန်ုပ်တို့၌ရှိနေပြီး သူ၏နှုတ်တော်ထွက်မိန့်တော်မူချက်ကို ကျွန်ုပ်တို့တွေ့ရှိလာပါက ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို သူကချီးမြှောက်တော်မူမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏အကျိုးစီးပွားလုပ်ပိုင်ခွင့်အားလုံးတို့ကို သူ၏လုပ်ပိုင်ခွင့်တို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်စေရန် အလိုရှိတော်မူပြီးနောက်၊ ဤသို့ဖြင့် သူသည် စိတ်ချလက်ချစွာဖြင့် ကျွန်ုပ်တို့အားကောင်းချီးပေးနိုင်တော်မူကာ ကောင်းချီးမင်္ဂလာသည် ကျွန်ုပ်တို့အတွက်ဖြစ်လာသောအခါ ကျွန်ုပ်တို့သည်လည်း ဘုန်းအသရေတော်ကို ကျွန်ုပ်တို့ကိုယ်ကျိုးအတွက် ရယူကြတော့မည်မဟုတ်သော်လည်း ဘုရားသခင်အားချီးမွမ်းခြင်းဖြင့် ပြန်လည်ပေးဆပ်ကြမည်ဖြစ်သည်။ ပထမဦးဆုံးအကြိမ် ကျွန်ုပ်တို့၏ဆုတောင်းချက်တို့ကို ဘုရားသခင်သည် အစဉ်အမြဲတုံ့ပြန်ဖြေကြားတော်မူမည်မဟုတ်ဘဲ၊ အကယ်၍သာ ဤကဲ့သို့တုံ့ပြန်ဖြေကြားမှုမျိုးပေးတော်မူပါက ကျွန်ုပ်တို့အားသူအပ်နှင်းတော်မူခဲ့သော ကောင်းချီးမင်္ဂလာများနှင့်မျက်နှာသာပေးမှုများတို့သည် ကျွန်ုပ်တို့၏ရပိုင်ခွင့်အခွင့်အရေးများကြောင့်ဖြစ်သည်ဟူ၍ အာမခံချက်အဖြစ် ကျွန်ုပ်တို့က တွေးထင်ယူဆလာစရာအကြောင်းရှိပါသည်။

ဧလိယဆုတောင်းနေစဉ်တွင် သူ၏ကျွန်သည် သူ့အားကြည့်နေပါသည်။ သူသည် သူ၏စိတ်ကိုစူးစမ်းရှာဖွေနေစဉ်တွင်ပင် သူ၏ကိုယ်ပိုင်ထင်မြင်ယူဆချက်တွင်ရော ဘုရားသခင်၏မျက်မှောက်တော်တွင်၌ပါ သူသည် သူ့ကိုယ်ကိုလျော့၍လျော့၍ ထင်မြင်လာသယောင်ဖြစ်လာပါသည်။ သူ့အမြင်တွင် သူသည် ဘာမျှမဟုတ်သကဲ့သို့ရှိပြီး ဘုရားသခင်သည် အရာခပ်သိမ်းဖြစ်တော်မူကာ၊ သူသည် မိမိကိုယ်ကိုရပိုင်၊ ပိုင်ဆိုင်ခွင့်ကိုစွန့်လွှတ်သည့်အဆင့်အထိသို့ ရောက်ရှိသောအခါ၊ ထို့ပြင် ကယ်တင်ရှင်ကို သူ၏ခွန်အားနှင့်ဖြောင့်မတ်ခြင်းတရားအဖြစ် ဖက်တွယ်ထားလာသောအခါတွင် အဖြေသည် ရောက်ရှိလာပါတော့သည်။

မည်သို့ပင်ဖြစ်စေ၊ သတ္တိရှိပြီး အောင်မြင်နေသောလူတစ်ယောက်အနေဖြင့် အထူးတလည်ဖြစ်သောအလုပ်တစ်ခုတွင် သူသည် ကောင်းမွန်စွာလုပ်ဆောင်နေနိုင်စဉ်တွင်ပင် သူသည် ဘုရားသခင်ထံတော်သို့ စဉ်ဆက်မပြတ်လှမ်းမျှော်မကြည့်ပါက သူ၏ယုံကြည်ခြင်းကိုစမ်းသပ်သည့် ပတ်ဝန်းကျင်အခြေအနေမျိုးများ ပေါ်ပေါက်လာသည့်အခါ သူ၏သတ္တိကိုသူဆုံးရှုံးသွားပေလိမ့်မည်။ ဘုရားသခင်သည် သူ၏ဘုန်းတန်ခိုးတော်ကို တိုကင်အမှတ်အသားများအဖြစ် သူ့ကိုပေးထားပြီးသည့်တိုင် ဘုရားသခင်၏အမှုတော်ကိုလုပ်ဆောင်ပေးရန် အင်အားတိုးစေသည့်နောက်ပိုင်း အနန္တတန်ခိုးရှင်တွင် အကြွင်းမဲ့မကိုးစားပါက သူသည် ကျရှုံးသွားပေလိမ့်မည်။

-o-

ရှုလိုင် (၁၉)

## သတ္တိရှိသောသူများလိုအပ်ပါသည်
## "ကာလက်နှင့်ယောရှုကဲ့သို့လူမျိုးအများအပြားတို့ကို ကျွန်ုပ်တို့လိုအပ်ပါသည်"

**"ကာလက်ကလည်း ချက်ချင်းချီသွား၍ ထိုပြည်ကိုသိမ်းယူကြစို့။ အောင်နိုင်ကောင်းသည်ဟုဆို၍ မောရှေရှေ့မှာ လူများတို့ကို ငြိမ်းစေ၏" (တောလည်ရာ ၁၃း၃၀)။**

တတိယကောင်းကင်တမန်သည် ကောင်းကင်အလယ်တွင်ပျံဝဲလျက် ဘုရားသခင်၏ပညတ်တော်တို့နှင့် ယေရှု၏ယုံကြည်ခြင်းကို ကြွေးကြော်လေ၏။ (ဗျာဒိတ် ၁၄း၉–၁၂)။ ဤအကြောင်းအရာသည် ဤကဲ့သို့သော နောက်ဆုံးသောနေ့ရက်များတွင် ပြီးမြောက်ရမည့်အမှုတော်ကို ကိုယ်စားပြုပါသည်။ ဤသတင်းစကားသည် သူ၏အနာဂတ်ဦးတည်မှုတွင် မည်သည့်စွမ်းအားကိုမျှ မဆုံးရှုံးခဲ့ရပါ။ မြေကြီးတစ်ခုလုံး ဘုရားသခင်၏ဘုန်းအသရေတော်နှင့်ပြည့်သွားသည်အထိ အမှုတော်သည် တန်ခိုးတော်တွင်တိုးပွားလျက်ရှိသည်ကို ရှင်ယောဟန်ကတွေ့မြင်ရပါသည်။ ပထမကောင်းကင်တမန်၏ သတင်းစကားကို (ဗျာဒိတ် ၁၄း၇) တွင် "ဘုရားသခင်ကိုကြောက်ရွံ့၍ ချီးမွမ်းကြလော့။ တရားစီရင်တော်မူသောအချိန်ရောက်လာပြီ" ဟူ၍ဖော်ပြထားပြီး၊ ထိုသတင်းစကားကို ကျယ်လောင်သောအသံဖြင့် ကြွေးကြော်ရပါမည်။ မြင့်မားသောအားမာန်နှင့်စွမ်းအင်တို့ဖြင့် လူသားတို့သည် ထာဝရဘုရား၏အမှုတော်ကို ရှေ့သို့ဆက်လက်ချီတက်လုပ်ဆောင်ရကြပါမည်။ အိမ်ထောင်မိသားစုတွင်လည်းကောင်း၊ စာသင်ကျောင်းနှင့်တရားဇရပ်တို့တွင် အမျိုးသား၊ အမျိုးသမီးနှင့်လူငယ်လူရွယ်များတို့သည် ထိုသတင်းစကားကို ကမ္ဘာမြေကြီးပေါ်သို့ပေးကမ်းနိုင်ရန် အဆင်သင့်ပြင်ဆင်ထားရကြပါမည်။ ယခုအခါ၊ ယခုလောလောဆယ်၌တွင်ပင် ကျွန်ုပ်တို့သည် ကာလက်အများအပြားနှင့် ယောရှုအများအပြားတို့ကို လိုအပ်ကြပါသည်။ ရှေ့တန်းသို့တွန်းတွန်းတိုက်



တိုက်ဖြင့် ချီတက်သွားကြမည့်ခွန်အားရှိပြီး ဆက်ကပ်မှုရှိကာ မိမိကိုယ်ကို စတေးအပ်နှံကြမည့် ငယ်ရွယ်သောယောကျ်ားမိန်းမများတို့ကို ကျွန်ုပ်တို့ လိုအပ်ကြပါသည်။

ယနေ့အခါသမယတွင် ကျွန်ုပ်တို့သည် လုံးလုံးလျားလျားတိကျမှန်ကန်သောသူများ၊ ထာဝရဘုရား၏နောက်တော်သို့ အပြည့်အဝလိုက်လျှောက်သောသူများ၊ မိမိတို့စကားပြောဆိုသင့်သည့်အချိန်တွင် တိတ်ဆိတ်မှုကိုမလိုလားသောသူများ၊ အခြေခံစည်းမျဉ်းအပေါ်သံမဏိကဲ့သို့ တည်ကြည်ခိုင်မာသောသူများ၊ ဟန်တစ်လုံးပန်တစ်လုံးဖြင့် နေထိုင်ပြကြနိုင်ရန် ကြိုးပမ်းမှုမပြုသောသူများတို့ကိုလိုအပ်ကြပြီး၊ ဘုရားသခင်နှင့်အတူနှိမ့်ချစွာလျှောက်လှမ်းပြီး သည်းခံစိတ်၊ ကြင်နာသနားစိတ်ရှိလျက် လိုလိုလားလားကူညီလိုစိတ်ရှိကာ ရည်မွန်သောသူများ၊ ထို့ပြင် ဘုရားသခင်၏ဘုန်းအာနုဘော်နှင့် သူ၏လူတို့၏ကောင်းမြတ်ခြင်းကိုပြောကြားမည့်အလုပ်တို့ကို ပြသသည့်အပြင် ယုံကြည်ခြင်းကိုလေ့ကျင့်ပေးသော ဆုတောင်းခြင်းဆိုင်ရာသိပ္ပံပညာကို နားလည်သောသူများတို့ကိုလည်း လိုအပ်ပါသည်။ သခင်ယေရှု၏နောက်တော်သို့ လိုက်လျှောက်ရန်အတွက် အစဦးဆုံးတွင် စိတ်နှလုံးအကြွင်းမဲ့ပြောင်းလဲခြင်းရှိရမည်ဖြစ်ပြီး နေ့စဉ်နေ့တိုင်း ဤပြောင်းလဲခြင်းကို ပြန်လည်လုပ်ဆောင်ပေးရပါမည်။

ကာလက်သည် ဘုရားသခင်အပေါ်ယုံကြည်ခြင်းရှိခဲ့မှုကြောင့် ဘုရားသခင်သည် သူ့အားသတ္တိကိုပေးပြီး၊ လူတို့ကိုကြောက်ရွံ့ခြင်းမှကင်းဝေးရန် ကာကွယ်စောင့်ရှောက်တော်မူကာ ရသင့်ရထိုက်သည့်အခွင့်အရေးကို ကာကွယ်ရေးအတွက် ရဲရင့်စွာရပ်တည်နိုင်ရန်နှင့် နောက်တွန့်ခြင်းလုံးဝမရှိစေရန် ထောက်ကူပေးတော်မူပါသည်။ ကောင်းကင်နိုင်ငံ၏တပ်တော်စု၏သန်မာတောင့်တင်းသော ဗိုလ်ချုပ်ကြီး၏ဘုန်းတန်ခိုးတော်အပေါ် ယုံကြည်အားထားခြင်းအားဖြင့် ကပ်တိုင်တော်၏စစ်မှန်သောစစ်သည်တော်တိုင်းတို့သည် ကျော်လွှားရ၍မရနိုင်ဟုထင်ရသော အတားအဆီးများတို့ကို အောင်မြင်ကျော်လွှားနိုင်ရန်အတွက် ခွန်အားနှင့်သတ္တိတို့ကို လက်ခံရရှိကြမည်ဖြစ်သည်။

–၀–

ရှုလိုင် (၂၀)

## သစ္စာရှိသောသူများလို့အပ်ပါသည်

## “ယယ်ရှယ်သောသူနှစ်ယောက်တို့သည် ဖိလိတ္တိလူတို့ကိုအပြီးအပိုင်ချေမှုန်းပစ်ကြပါသည်”

**“ယောနသန်က၊ အရေဖျားလှီးခြင်းကိုမခံသော ထိုတပ်သားတို့ဆီသို့သွားကြကုန်အံ့။ ထာဝရဘုရားသည် ငါတို့အမှုကိုစောင့်ကောင်းစောင့်တော်မူလိမ့်မည်။ လူများသော်လည်းကောင်း၊ နည်းသော်လည်းကောင်း ထာဝရဘုရားကယ်တင်တော်မူခြင်းကို အဆီးအတားမရှိနိုင်ဟု လက်နက်ဆောင်လုလင်အားပြောဆိုလျှင်” (ဓမ္မရာဇဝင်ပထမစောင် ၁၄း၆)။**

ရှောလုမင်း၏သားယောနသန်အပေါ် ဘုရားသခင်၏အမြင်သည် စင်ကြယ်သည့်ဖြောင့်မတ်ခြင်းသဘောဆောင်ပြီး သူ၏အနီးအပါးတွင်ထားရှိနိုင်သည့်အပြင် ယောနသန်၏စိတ်နှလုံးကို အသိတရားဆီသို့ပြောင်းလဲပေးနိုင်မည်ဟု ထင်မြင်တော်မူပါသည်။

ဤလူနှစ်ယောက်တို့သည် လူသားဗိုလ်ချုပ်ကြီးအဆင့်ထက် ပိုမိုသည့်ဗိုလ်ချုပ်ကြီးတစ်ဦး၏သြဇာနှင့် အမိန့်ပေးမှုအောက်တွင် လှုပ်ရှားနေကြောင်းကို သက်သေပြနေကြပါသည်။ အပြင်ပန်းပေါ်လွင်မှုအဖြစ် သူတို့၏အရဲစွန့်လုပ်ဆောင်မှုသည် မဆင်မခြင်လုပ်ဆောင်မှုအဖြစ် မြင်တွေ့ရနိုင်ပြီး၊ စစ်ရေးစစ်ရာဥပဒေနှင့်ပြောင်းပြန်ဖြစ်နေပါသည်။ သို့သော် ယောနသန်၏အပြုအမူသည် လူသား၏မဆင်မခြင်လုပ်ရပ်ဖြင့် လုပ်ဆောင်ခြင်းမဟုတ်ပါ။ သူသည် သူနှင့်သူ၏လက်နက်ဆောင်လုလင်တို့ကိုယ်၌က လုပ်ဆောင်နိုင်သောအနေအထားကို အားကိုးခြင်းမဟုတ်ဘဲ၊ သူသည် ဘုရားသခင်က သူ၏လူမျိုးတော်ဣသရေလလူမျိုးတို့၏ကိုယ်စား အသုံးချသောအကောင်အထည်ဖော်သူဖြစ်ပါသည်။ သူတို့သည် သူတို့၏အစီအစဉ်တို့ကိုရေးဆွဲ



ကြပြီး၊ သူတို့၏ထိုရေးဆွဲသောအရေးကိစ္စကို ဘုရားသခင်၏လက်တော်များအတွင်း အပ်ထားလိုက်ခဲ့ကြပါသည်။ အကယ်၍သာ ဖိလိတ္တိလူမျိုးတပ်မတော်သားတို့က သူတို့ကိုစိန်ခေါ်လာကြပါက သူတို့အနေဖြင့် ဖိလိတ္တိစစ်သည်တော်တို့ဆီသို့ တက်သွားကြမည်ဖြစ်သည်။ အကယ်၍ ဖိလိတ္တိစစ်သည်တို့က သူတို့အားလာပါဟူ၍ခေါ်ပါက သူတို့ကရှေ့သို့တက်သွားကြမည်။ ----ယောနသန်နှင့် သူ၏လက်နက်ဆောင်လုလင်တို့သည် ထာဝရဘုရားထံတော်သို့ နိမိတ်လက္ခဏာတစ်ခုကို တောင်းခံကြသည်အလျောက် ဖိလိတ္တိတို့ထံမှ စိန်ခေါ်မှုရှိလာသောအခါ၊ ထိုနိမိတ်လက္ခဏာပေါ်ပေါက်လာပါတော့သည်။ ဤလူနှစ်ယောက်တို့သည် သူတို့၏မျှော်လင့်ချက်ကို ဘုရားသခင်ထံတော်၌တင်ထားလိုက်ကြပြီး ရှေ့သို့တက်သွားခဲ့ကြပါသည်။ ဤလုပ်ရပ်မျိုးသည် ရဲရင့်သောစွန့်စားသူတို့အတွက် မလွယ်ကူသောလမ်းကြောင်းပင်ဖြစ်ပါသည်။ ထိပ်ဆုံးနေရာကိုရောက်ရှိရန် သူတို့သည် ခက်ခက်ခဲခဲတက်လှမ်းခဲ့ခြင်းဖြစ်ပါသည်။

ဖိလိပ္ပိတို့အနေဖြင့် ဤအတင့်ရဲသော သစ္စာရှိသူနှစ်ဦးကိုသတ်ဖြတ်နိုင်ရန် လွယ်ကူသောကိစ္စဖြစ်သော်လည်း သူတို့၏စိတ်ထဲတွင် ဤတစ်ကိုယ်တော်ထီးထီးလူနှစ်ယောက်တို့သည် ရန်လိုသောအကြံဖြင့် တက်လာကြခြင်းဟုတ်ဟန်မတူဟူ၍ သူတို့စိတ်အတွေးထဲတွင်ခံယူနေကြပါသည်။ အပေါ်မှအတွေးထဲတွင်မျောပါနေသော ဖိလိတ္တိစစ်သည်တို့သည် ထိုလူနှစ်ယောက်တို့၏ဖြစ်နိုင်ခြေရှိသောရည်ရွယ်ချက်ကို တအံ့တသြဖြင့်ကြည့်နေကြရင်းနားလည်နိုင်ရန် တွေးတောနေကြပါသည်။ သူတို့က ထိုလူနှစ်ယောက်ကိုတပ်ပြေးများအဖြစ် ထင်မှတ်နေခဲ့ကြပြီး အခက်အခဲမရှိ သူတို့ထံသို့ဝင်ရောက်ခွင့်ပြုခဲ့ကြပါသည်။ ထိုနောက်တွင်----(၁ရာ ၁၄း၁၃) တွင်ဖော်ပြထားသည်အတိုင်း၊ ---- “ယောနသန်ရှေ့မှာ ဖိလိတ္တိလူတို့သည်လဲ၍ လုလင်သည်သူ့သခင့်နောက်တွင်လုပ်ကြံလေ၏” ဟူသော အခြေအနေ၊ ဖြစ်ရပ်သည်ဖြစ်ပေါ်ခဲ့ပါသည်။ ဤရဲတင်းသောလုပ်ရပ်ကြောင့် ဖိလိတ္တိတပ်စခန်းအတွင်းအထိတ်တလန့်ဖြစ်ကာ ရုတ်တရက်ထိန်းမနိုင်သိမ်းမရလောက်အောင် ခြေဦး

တည့်ရာ လန့်ပြေးကြပါတော့သည်။ ထိုလူနှစ်ယောက်တို့သည် ဖိလိတ္တိ အယောက်နှစ်ဆယ်ကို လဲကျသေးဆုံးစေခဲ့ကြပြီး ရန်သူတို့၏မြင်ကွင်း၌ တွင်မူ၊ ထိုလူနှစ်ယောက်တို့၏တိုက်ခိုက်မှုသည် လူအယောက်တစ်ရာတို့၏ တိုက်ပွဲအတွက်ပြင်ဆင်ပြီး တိုက်ပွဲဝင်သည်ဟုမြင်နေကြပါသည်။ အမှန်မှာ ကောင်းကင်တပ်မတော်၏စစ်သည်တော်တို့သည် ဆန့်ကျင်ဘက်ဖိလိတ္တိလူမျိုး တို့အား သူတို့ကိုတွေ့မြင်ကြစေရန် မိမိတို့ကိုယ်ကိုမိမိတို့ ထုတ်ဖော်ပြသ ကြခြင်းဖြစ်ပါသည်။

–ဝ–



ရှုလိုင် (၂၁)

### သတ္တိရှိသောသူများလိုအပ်ပါသည်

## "မောရှေကဲ့သို့သောလူအများအပြားတို့ကိုကျွန်ုပ်တို့လိုအပ်ကြပါသည်"

**"မောရှေသည် တောင်ပေါ်မှာကြာမြင့်စွာရှိနေကြောင်းကို လူများ တို့သည် သိမြင်သောအခါ၊ အာရုန်ထံသို့စည်းဝေးကြ၍ ထပါ၊ ငါတို့ရှေ့မှာသွားရသောဘုရားတို့ကို ငါတို့အဖို့လုပ်ပါ။ ငါတို့ကို အဲဂုတ္တုပြည်မှနုတ်ဆောင်သော ထိုမောရှေ၌ အဘယ်သို့ဖြစ်သည်ကို ငါတို့မသိပါဟုပြောဆိုကြ၏" (ထွက်မြောက်ရာ ၃၂း၁)။**

ဣသရေလလူတို့တွင် မောရှေမရှိသောအချိန်အတွင်း တရားစီရင် ရေးအခွင့်အာဏာသည် အာရုန်ထံသို့လွှဲပြောင်းပေးခံရသည်အလျောက်၊ ဇရာမ လူထုကြီးသည် သူ၏တဲသို့စုရုံးရောက်ရှိပြီး အထက်ပါကျမ်းချက်အတိုင်း "ငါတို့ရှေ့မှာသွားရသောဘုရားတို့ကို ငါတို့အဖို့လုပ်ပါ" ဟူသောတောင်းဆို ချက်ကို တောင်းဆိုခဲ့ကြပါသည်။ ဤကဲ့သို့သောအရေးအခင်းတွင် တည်ကြည် ခိုင်မြဲသော၊ မှန်ကန်ပြီးလျှင် မြန်စွာဆုံးဖြတ်နိုင်စွမ်းရှိသော၊ မတွန့်မဆုတ် သောသတ္တိရှိသော၊ ထို့အပြင် အများကြိုက်မျက်နှာသာပေးမှု၊ ပုဂ္ဂိုလ်ရေး လုံခြုံမှု (သို့မဟုတ်) မိမိ၏ဘဝအသက်တာတို့ထက် ဘုရားသခင်၏ဂုဏ် အသရေတော်ကို ကိုင်ဆွဲသောသူတစ်ယောက်ကိုလိုအပ်ပါသည်။–––အာရုန် သည် ထိုလူထုတို့အား အားနည်းချည့်နဲ့သောကန့်ကွက်မှုကို လုပ်ဆောင် ခဲ့သော်လည်း ထိုကဲ့သို့သောအရေးတကြီးအချိန်တွင် သူ၏ကွေ့ပတ်ရှောင်ကွင်း သောသဘောနှင့် တွန့်ဆုတ်တွန့်ဆုတ်အမူအရာတို့သည် ထိုသူတို့ကိုပိုမိုပြီး အလျော့မပေးသည့်တုံ့ပြန်မှုကိုသာ ဖြစ်ပေါ်စေခဲ့ပါသည်။ အုတ်အော်သောင်း တင်းဖြစ်မှုသည် တိုးတက်ဖြစ်ပေါ်လာချေပြီ။ အာရုန်သည် သူ၏လုံခြုံမှု အတွက် စိုးရိမ်လာသည်အလျောက်၊ သူသည် ဘုရားသခင်၏ဂုဏ်အသရေ တော်အတွက် မြင့်မြတ်စွာရပ်တည်ပေးရမည့်အစား လူအမြောက်အမြားတို့၏

တောင်းဆိုချက်တို့ကို လိုက်လျောပေးခဲ့ပါသည်။ ပထမဦးဆုံးသောအာရုန်၏ လုပ်ဆောင်ချက်သည် ထိုသူတို့အားလုံးတို့၏နားတွင် ပန်ဆင်ထားသောရွှေတို့ကို သူ့ထံသို့ယူဆောင်လာစေခြင်းအားဖြင့် ထိုတန်ဖိုးရှိလှသောရွှေတန်ဆာတို့အပေါ်ထားရှိကြသော ဂုဏ်မာနစိတ်ကြောင့် ထိုကဲ့သို့သောပူဇော်ဆက်ကပ်မှုမျိုးကို ထိုသူတို့ကငြင်းပယ်ကြလိမ့်မည်ဆိုသည့်မျှော်လင့်ချက်ဖြင့် အာရုန်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လည်း သူတို့သည် သူတို့၏ရွှေအဆင်တန်ဆာတို့ကို လိုလိုလားလားထုတ်ပေးလိုက်ကြသည်အလျောက်၊ အာရုန်သည် အဲဂုတ္တုလူတို့၏ဘုရားဖြစ်သော နွားသငယ်နှင့်ပုံတူရွှေရည်ကျိုထားသော နွားသငယ်ရုပ်တစ်ခုကို ပြုလုပ်ပေးပါတော့သည်။

အာရုန်၏အပြစ်ကို ပြန်လည်ဆွေးနွေးပြီး နှစ်သိမ့်မှုပေးသည့်အနေဖြင့်၊ မကောင်းမှုကိုပိုင်းခြားသိမြင်နိုင်ပြီး ထင်ထင်ရှားရှားဖော်ပြအသိပေးနိုင်စေမည့် ကျွန်ုပ်တို့၏မြင်ကွင်းသည် ရှင်းရှင်းလင်းလင်းရှိသည်တိုင်အောင်၊ ကျွန်ုပ်တို့အားစိတ်မချမ်းမြေ့စရာအနေအထားတွင်ရှိနေစေကာမူ၊ ဤသို့ဖြစ်ရခြင်းမှာ ကျွန်ုပ်တို့၏ရည်ရွယ်ရင်းအချက်အလက်တို့သည် မှားယွင်းစွာယူဆသဘောပေါက်မှုကြောင့်ဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့နှင့်အဆက်အသွယ်ရှိနေကြသည့် ညီအစ်ကိုတော်တစ်ယောက် (သို့မဟုတ်) အသက်ဝိညာဉ်တစ်စုံတစ်ဦးအပေါ် မှားယွင်းသောခံစားမှုမျိုးမရှိရပါ။ ဤအချက်သည် အာရုန်၏အပြစ်ဖြစ်သော သမ္မာတရားအပေါ်ခိုင်မြဲစွာရပ်တည်မှုကို ငြင်းပယ်လျစ်လျူရှုမှုပင်ဖြစ်သည်။ သူသည် သမ္မာတရားဖြစ်သော ရွှေနွားသငယ်ရုပ်တုကို မည်သည့်အခါမျှမလုပ်ရသည့်အကြောင်းကို ထင်ထင်ရှားရှားပြောကြားခဲ့ဖူးခြင်းရှိပါလေသလား။

သိက္ခာတင်၊ အရာမမြောက်အပ်သောအရာ၏အလိုဆန္ဒနောက်သို့လိုက်ပါပြီး ဤနည်းဖြင့် မိမိတို့ကိုယ်ကိုအပြစ်ပြုကြစေရန် ခွန်အားပေးသလိုဖြစ်စေသည့် ပျော့ညံ့သောအာရုန်အများအပြား ယခုအခါရှိနေကြဆဲဖြစ်ပါသည်။



ဘုန်းတော်ရှင်၏ကိုယ်စားလှယ်လွှဲခန့်အပ်မှုအားဖြင့် ဂုဏ်ပြုခြင်းခံရသောသူတို့သည် အားနည်းမှုမရှိရဘဲ (သို့မဟုတ်) မနှစ်မြို့ဖွယ်သောတာဝန်တို့ကို ရှောင်ရှားရကြမည်ဖြစ်သော်လည်း ဘုရားသခင်၏အမှုတော်ကို နောက်သို့ပြန်မကြွေ့သည့် သစ္စာရှိမှုဖြင့်ဆောင်ရွက်ရကြပါမည်။

–၀–

ရှုလိုင် (၂၂)

## နိုင်မာသောယုံကြည်မှုအတွက်ကျွန်ုပ်တို့သည်သစ္စာရှိရကြပါမည်
## “ယနေ့အခါ၌ တုံ့ဆိုင်း၍ ဖြစ်ခြင်းသည်များစွာသောအနိုင်အရှုံးကို ပေါ်ပေါက်စေပါသည်”

**“သို့ရာတွင် တွေးတောခြင်းမရှိဘဲ ယုံကြည်သောစိတ်နှင့် တောင်းရမည်။ တွေးတောခြင်းရှိသောသူသည်ကား၊ လေခတ်၍ လှုပ်ရှားတတ်သော လှိုင်းတံပိုးနှင့်တူ၏” (ယာကုပ် ၁း၆)။**

အချို့သောသူများတို့သည် အကျင့်စရိုက်တွင် တည်ကြည်ခိုင်မြဲမှု မရှိကြပါ။ သူတို့သည် ပွဲ့လျက်ဖြင့်ပြုလုပ်ထားသော ဘောလုံးတစ်လုံးကဲ့သို့ စိတ်ထင်သလိုပုံစံမျိုးရရှိရန် ဖိနှိပ်ပုံဖော်နိုင်ကြပါသည်။ ဤကဲ့သို့သော အားနည်းချက်၊ ဆုံးဖြတ်ချက်မချနိုင်မှုနှင့် အရည်အချင်းညံ့ဖျင်းမှုတို့ကို ကျော်လွှားနိုင်ရကြပါမည်။ ကောင်းကျိုးမပေးသော ပတ်ဝန်းကျင်အခြေအနေတို့၏ပုံစံသွင်းမှု (သို့မဟုတ်) နှိမ်နင်းမှုမပြုနိုင်သော၊ စစ်မှန်သောခရစ်ယာန်အကျင့်စရိုက်အတွက် အနိုင်မခံအရှုံးမပေးသောစိတ်ဓာတ်မျိုး ရှိရပါမည်။ လူတို့အနေဖြင့် ကိုယ်ကျင့်တရားဆိုင်ရာ ကျောရိုးမဏ္ဍိုင်ရှိရမည်ဖြစ်ပြီး ၎င်းသည် မြှောက်ပင့်ပြောဆို၍မရသော၊ တံစိုးလက်ဆောင်ပေး၍မရသော (သို့မဟုတ်) ခြောက်လှန့်၍မရနိုင်သည့် ဂုဏ်သိက္ခာတစ်ခုဖြစ်ပါသည်။

ကျွန်ုပ်တို့၌ စွမ်းအားအလွန်ပြည့်ဝသော ရန်သူတစ်ယောက်ရှိပါသည်။ ခရစ်တော်၏နာမတော်ကိုခံယူသောသူတို့နှင့် ဘုရားသခင်၏အမှုတော်အတွက် မိမိတို့ကိုယ်ကိုအပ်နှံကြသောသူတို့ကို စာတန်သည် သူ၏မလိုမုန်းထားစိတ်ကိုပြသသကဲ့သို့ မိမိကိုယ်ကိုမိမိ ကျွန်သပေါက်အဖြစ် စာတန်မာရ်နတ်ထံသို့ အပ်နှံလိုက်သောသူတို့ကို မပြသတော့ပါ။ စာတန်သည် ထိုခရစ်တော်၏ နာမတော်ကိုခံယူကြသောသူနှင့် ဘုရားသခင်၏အမှုတော်အတွက် မိမိကိုယ်ကိုအပ်နှံကြသောသူတို့အား ကြီးစွာသောမုန်းတီးမှုဖြင့် မုန်းတီးပါတော့သည်။



စာတန်အနေဖြင့် သူ၏လှည့်စားခြင်းစွမ်းအားတို့အောက်သို့ ထိုသူတို့ကို ခေါ်ဆောင်ခြင်း၊ ထိုသူတို့အား ထိခိုက်အနာတရဖြစ်စေခြင်း၊ ထိုသူတို့၏ ယုံကြည်ခြင်းကို အားနည်းစေခြင်းတို့ဖြင့် ခရစ်တော်အားဝမ်းနည်းကြေကွဲစေနိုင်ကြောင်းကို သိရှိပါသည်။ သူ၏စစ်ရထားတပ်တွင် ကျွန်သပေါက်များအဖြစ် တုပ်နှောင်ထားခြင်းခံရသောသူတို့သည် သူတို့၏ဆန္ဒအလျောက်၊ သူ၏အကျဉ်းသားများဖြစ်ကြသည်အလျောက် ထိုသူတို့အား အတိုင်းအတာတစ်ခုအထိ အနားယူခွင့်ပေးထားသော်လည်း ကရုဏာတရားသတင်းစကားသည် သူ၏တုပ်နှောင်ခြင်းခံရသော ကျွန်သပေါက်များဆီသို့ ရောက်ရှိသွားသည်နှင့် ထိုကျွန်သပေါက်တို့သည် စစ်မှန်သောသိုးထိန်းတော်ထံသို့ လိုက်သွားကြရန် သူတို့ကိုယ်ကို စာတန်၏ဘုန်းတန်ခိုးအရှိန်အဝါထံမှ တအားဆွဲဖြုတ်ပစ်ရန် ကြိုးပမ်းကြပါတော့သည်။ အသက်ဝိညာဉ်နှင့် စာတန်မာရ်နတ်တို့၏ပဋိပက္ခသည် သူတို့၏လွတ်မြောက်ရေးအတွက် အကျဉ်းသားတို့သည် သူတို့အားတုပ်နှောင်ထားသော သံကြိုးကိုဆောင့်ဆွဲပြီး၊ လွတ်မြောက်ရေးကိုတမ်းတလာသောအချိန်တွင် စတင်ပါတော့သည်။

ဘုရားသခင်၏သင်ကြားပို့ချမှုကို အမှန်တကယ်လိုလားပြီး၊ သူ၏လမ်းတော်သို့လိုက်လျှောက်ကြရန် အမှန်တကယ်လိုလားကြသောသူတို့အတွက် အကယ်၍ သူတို့သည် ဉာဏ်ပညာအတွက် လိုအပ်ချက်ရှိကြောင်းကို ခံစားရပြီး၊ ဘုရားသခင်ထံတော်သို့ တောင်းခံကြပါက၊ သူသည် ဝေဝေဆာဆာပေးတော်မူမည့်အပြင် ပြစ်တင်ကြိမ်းမောင်းခြင်း ပြုတော်မမူပါ။ တမန်တော်ရှင်ယာကုပ်က အထက်ပါကျမ်းချက်အတိုင်း၊ “တွေးတောခြင်းမရှိဘဲ ယုံကြည်သောစိတ်နှင့်တောင်းရမည်”---ဟူ၍ ဩဝါဒပေးခဲ့ပါသည်။-----ယုံကြည်ပါ။ ဘုရားသခင်သည် သူကတိပေးထားတော်မူသည့်အတိုင်း ဖြောင့်မတ်မှန်ကန်စွာဖြင့် ဆောင်ရွက်တော်မူမည်ကို အမှန်တကယ်ယုံကြည်ပါ။ သင်၏ဆုတောင်းချက်တို့ကို အထက်သို့တက်ရောက်သွားစေပြီး စောင့်ကြည့်ပါ၊ လုပ်ဆောင်ပါ၊ ထို့နောက် စောင့်ဆိုင်းပါ။ ယုံကြည်ခြင်း၏ကောင်းမြတ်သော တိုက်ခိုက်ခြင်းကိုတိုက်ပါ။

ဤလောက ကမ္ဘာမြေကြီး၏စီးကြောင်းတွင်းတွင်၊ ကျွန်ုပ်တို့ရှက်လွင့်နေသမျှအချိန်အတွင်း ကျွန်ုပ်တို့သည် ရှက်ဖျင်ပိတ်နှင့်လှော်တက်မလိုအပ်ကြပါ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကြမ်းတမ်းသောအလုပ်ကို စတင်စေသည့်စီးကြောင်းကို မြင်သာထင်သာပိတ်ဆို့ရကြမည့် အလှည့်အပြောင်းတွင်ရောက်ရှိနေကြပြီဖြစ်သည်။

–ဝ–





ရှုလိုင် (၂၃)

## နိုင်မာသောယုံကြည်မှုအတွက်ကျွန်ုပ်တို့သည်သတ္တိရှိရကြပါမည်

## “လှောင်ပြောင်သရော်ခြင်းနှင့်အထင်သေးခြင်းအစား နိုင်မြဲတည်ကြည်စွာရပ်တည်ကြရန်”

**“မတရားသောသူတို့၏တိုက်တွန်းခြင်းသို့မလိုက်၊ လူဆိုးတို့၏လမ်းတွင်မရပ်မနေ၊ မထီမဲ့မြင်ပြုသောသူတို့၏အစည်းအဝေး၌မထိုင်၊ -----သောသူတို့သည် မင်္ဂလာရှိကြ၏” (ဆာလံ ၁း၁၊၂)။**

မတရားသောသူတို့သည် ဘုရားသခင်၏ပညတ်တော်တို့ကိုချစ်မြတ်နိုးခြင်းနှင့် နာခံလိုက်လျှောက်ခြင်းမရှိကြသော်လည်း ဆန့်ကျင်ဘက်ပြုကြသည်။ ဤကဲ့သို့သော အတိုင်ပင်ခံလိုမျိုးများကိုရှောင်ရှားရန် သင်သတိထားရမည်ဖြစ်ပြီး၊ ထိုအတိုင်ပင်ခံအတန်းအစားသည် လူငယ်တို့အား သွေဖည်သွားစေရန် စာတန်မာရ်နတ်ကအသုံးချသော အတန်းအစားဖြစ်ပါသည်။ သူတို့၏အကြံပြုတိုက်တွန်းချက်၊ အဆိုပြုချက်တို့သည် အပြစ်ကိုပေါ့ပေါ့တန်တန်သဘောထားစေသည့် အကျင့်စရိုက်မျိုးကိုဖြစ်ပေါ်စေပြီး၊ ဖြောင့်မတ်ခြင်းတရားကို လှောင်ပြောင်စေပါသည်။ သူတို့သည် အပြစ်သားတို့၏လျှောက်လှမ်းရာလမ်းကြောင်းတွင် ရပ်တည်နေကြကြောင်းကို ကိုယ်စားပြုကြသည့်အပြင်၊ ထိုအပြစ်သားတို့အား တာဝန်တာထမ်း၏ဖြောင့်ဖြူးသောလမ်းမှလွှဲသွားစေရန်နှင့် ဘုရားသခင်၏ပညတ်တော်တို့ကို နာခံလိုက်လျှောက်ခြင်းမှ နာခံလိုက်လျှောက်မှုမရှိသောလမ်းကြောင်းများသို့ လျှောက်လှမ်းကြစေရန် ဦးဆောင်မှုကို အမြဲတစေပေးပါသည်။ မိမိကိုယ်၌က မမှန်မကန်လုပ်ကြသည့်အပြင်တစ်ပါးသူတို့အား မမှန်မကန်လုပ်ဆောင်ကြစေရန် သွေးဆောင်သောသူများမဟုတ်ပါက၊ အပြစ်သားအတော်များများတို့သည် တာဝန်တာထမ်း၏လမ်းကြောင်းမှန်နှင့် စင်ကြယ်သန့်ရှင်းပြီး ဘုရားတရားကြည်ညိုမှုရှိသောအသက်တာမျိုးကို ရွေးချယ်ကောင်းရွေးချယ်ကြပေမည်။

လျောင်ပြောင်မှုကိုကြောက်ရွံ့ခြင်းသည် လူငယ်လူရွယ်တစ်ဦးချင်းတို့အား စုံစမ်းနှောင့်ယှက်ခြင်း၏လက်အောက်ခံအဖြစ်သို့ရောက်ရှိစေရန်နှင့် မတရားသောသူ (ungodly - ဆာလံ ၁း၁) ၏လမ်းသို့ လိုက်လျှောက်စေရန် ဦးဆောင်ပေးပါသည်။

မာရ်နတ်၏ကျေနပ်အားရမှုရှိစေရန် သခင်ယေရှုသည် မိမိကိုယ်ကိုကြီးမားသောအန္တရာယ်အတွင်းသို့ မကျရောက်စေပါ။ သို့သော်လည်း ယနေ့အချိန်တွင် ရဲရဲကြီးရပ်တည်နိုင်သူမည်မျှရှိကြပါသနည်း။

အထူးသဖြင့် ယုတ်စွအဆုံး၊ သင်၏မသိစိတ် (ကိုယ့်ကိုကိုယ်သိသောစိတ် ၂ကော ၁း၁၂ conscience) ကိုနှောင့်ယှက်ရန် သင့်အားတိုက်တွန်းစေသည့် မခံချိမခံသာ ထိကပါးရိကပါးပြောဆိုမှုများ၊ ခြိမ်းခြောက်ပြောဆိုမှုများ၊ သရော်သည့်မှတ်ချက်ချမှုများတို့ကို ခွင့်မပြုပါရန်နှင့် ထိုသို့သောပြောဆိုမှုများတို့သည် စိတ်အတွေး၏တံခါးကိုဖွင့်ပေးသကဲ့သို့ဖြစ်ပြီး စာတန်သည် စိတ်အတွေးကိုထိန်းချုပ်ရန် ထိုတံခါးပေါက်မှဝင်ရောက်လာနိုင်ပါသည်။

သင်သည် သမ္မာကျမ်းစာကိုစိတ်ဝင်တစားရှိသော ကျောင်းသားတစ်ယောက်ဖြစ်ရပါမည်။----ကျမ်းစာပါစကားလုံးသည် ကျိန်းသေသောကြီးကြပ်လမ်းညွှန်မှုဖြစ်သည်အလျောက် ၎င်းကိုဂရုတစိုက် သေချာစွာလေ့လာသင်ယူပါက၊ လူငယ်လူရွယ်တို့ကိုဝန်းရံပြီး သူတို့အပေါ်တွင် ပွတ်သိပ်နေသည့် စုံစမ်းနှောင့်ယှက်ခြင်းတို့၏စွမ်းအားအောက်တွင် ကျရောက်သွားစေသည့်အန္တရာယ်မျိုးမရှိနိုင်ပါ။

သင်သည် တိကျမှန်ကန်စွာနေထိုင်နေမှုကြောင့် အချို့သောသူတို့သည် သင့်အားလှောင်ပြောင်ကြမည်ဖြစ်ပြီး၊ သင့်အားကိုယ့်ကိုကိုယ်သာမှန်ကန်သည်ဟု ထင်မှတ်သောသူဟူ၍ ခေါ်ဆိုကြမည်ဖြစ်သော်လည်း သင်သည် အမှန်တရားကိုစတင်လုပ်ဆောင်ရန် ဂရုစိုက်လျက်၊ တိတ်ဆိတ်စွာဖြင့် ဆက်လက်လုပ်ဆောင်ပါ။ ဒံယေလ၏သမိုင်းကြောင်းဖြစ်စဉ်ကို အားလုံးသာရေးသားဖော်ပြထားပါက၊ သင်ဖတ်ရှုတွေ့မြင်ရမည့်အကြောင်းအရာစာပိုဒ်များ၌၊ သူတွေ့ကြုံရင်ဆိုင်ရသည့် စုံစမ်းနှောင့်ယှက်ခြင်းများတွင် လှောင်ပြောင်ခြင်း၊



မနာလိုခြင်း၊ မုန်းတီးမှုများပါဝင်ပါသော်လည်း ဒံယေလသည် ထိုလှောင်ပြောင်မှုကို သာလွန်စွာကျော်လွှားနိုင်ခဲ့သကဲ့သို့ လူတိုင်းလူတိုင်းသည် ထိုကဲ့သို့သောကျော်လွှားအောင်နိုင်သူအဖြစ်သို့ရောက်ရှိအောင် လုပ်ဆောင်ရကြမည်ဖြစ်သည်။

–၀–

ဇူလိုင် (၂၄)

## နိုင်မာသောယုံကြည်မှုအတွက်ကျွန်ုပ်တို့သည်သတ္တိရှိရကြပါမည်
## "ပြုမူပြောဆိုနေထိုင်မှုတို့တွင်ထိန်းထိန်းသိမ်းသိမ်းရှိနိုင်ရန်၊ တိကျပြတ်သားသည့်ရပ်တည်မှုရှိရပါမည်"

**"ပွဲ၌ပြိုင်၍ အချင်းချင်းတိုက်သောသူမည်သည်ကား၊ အရာရာ၌ တပ်မက်ခြင်းကို ချုပ်တည်းတတ်၏။ ထိုသူတို့သည် ညှိုးနွမ်းပျက်စီးတတ်သော ပန်းဦးရစ်ကိုရခြင်းအလိုငှာပြုကြ၏။ ငါတို့မူကား၊ မညှိုးနွမ်းမပျက်စီးနိုင်သော ပန်းဦးရစ်ကိုရခြင်းအလိုငှာပြုကြ၏" (၁ကော ၉:၂၅)။**

မိသားစုအဝန်းအဝိုင်းနှင့်အသင်းတော်တို့တွင်၊ မြှင့်တင်ထားပြီးသော စံကြိုးတစ်ခုအပေါ်၌ ခရစ်ယာန်တို့၏ဆင်ခြင်ထိန်းသိမ်းမှုကို သတ်မှတ်ထားပေးရပါမည်။ ၎င်းသည် ရှင်သန်နေပြီး လုပ်ဆောင်နေသောအရာအဖြစ်ရှိနေရကာ၊ အကျင့်ဓလေ့တို့နှင့် ပင်ကိုစရိုက်များနှင့်အကျင့်စရိုက်တို့ကို ပြုပြင်ခြင်းလုပ်ဆောင်ရပါမည်။

မကောင်းမှုကိုကာကွယ်တွန်းလှန်ရန်အတွက် သဘာဝအရသတ္တိကို ရရှိကြရန် ကလေးသူငယ်တို့အား သင်ခန်းစာများပို့ချပေးရန်လိုအပ်ပါသည်။ သူတို့၏သားသမီးတို့ရှေ့တွင် ချထားပေးသောအစားအစာအပေါ် ကြီးမားသောဂရုပြုအလေးထားမှုကို မိဘတို့အနေဖြင့် လေ့ကျင့်ရကြပါမည်။ အိမ်ထောင်မိသားစုတွင် မကြာခဏဆင်ခြင်ထိန်းသိမ်းမှုမရှိသော သင်ခန်းစာများကို သင်ကြားရယူခဲ့ရခြင်းကြောင့် အရက်သမားများရှိလာကြပါသည်။ ကလေးသူငယ်များတို့အား စိတ်ရောကိုယ်ပါ တည်ဆောက်ဖွံ့ဖြိုးလာစေမည့်အစားအစာကို စားသောက်ကြပါလေစေ။ သို့သော်လည်း ပိုမိုပြင်းထန်သည့်စိတ်ကြွဆေးများကို လိုလားတောင့်တစေသည့်စိတ်ကို နိုးဆွပေးသော မြင့်မားစွာပြုပြင်ဖန်တီးထားသည့် ဟင်းလျာများတို့ကိုမူ သူတို့ထံမှဖယ်ရှားပစ်ရကြပါမည်။



ဆေးရွက်ကြီးနှင့်အရက်သေစာတို့ကိုသောက်သုံးခြင်းကြောင့် ရောဂါတိုးများလာမှုနှင့် ရာဇဝတ်မှုများပြားလာမှုတို့ကို ကြီးမားသောပမာဏဖြင့်ဖြစ်ပေါ်စေပါသည်။ ဆေးရွက်ကြီးသည် နှေးကွေးစွာလျှို့ဝှက်အန္တရာယ်ပြုသောအရာဖြစ်သော်လည်း၊ အလွန်အန္တရာယ်ရှိသောအဆိပ်ဖြစ်ပြီး မပြောပြတတ်သည့် ထိခိုက်စေမှုလုပ်ငန်းများတွင် အသုံးပြုပါသည်။

လူကိုမူးယစ်စေသည့်အသောက်အစားကို သုံးစွဲခြင်း၏မကောင်းမှုများကို အသိပေးပြသရကြမည်ဆိုခြင်းသည် ငြင်းချက်ထုတ်စရာမလိုသောအချက်ဖြစ်သည်။ ရိဝေမှုန်မွှားပြီး အရူးအမူးဖြစ်ကာ၊ ကျန်းမာရေးနှင့်စိတ်ဓာတ်ချိုးချိုးကျနေမှုရှိသောလူသားမျိုးနွယ်၊ ခရစ်တော်က သူတို့အတွက်အသေခံတော်မူသော အသက်ဝိညာဉ်များ၊ ထို့ပြင် သူတို့အတွက် ကောင်းကင်တမန်တို့က မျက်ရည်ကျရသောသူများတို့သည် နေရာတိုင်းတို့တွင်ရှိနေကြပါသည်။ သူတို့သည် ကျွန်ုပ်တို့၏ဂုဏ်ယူစရာလူသားမျိုးနွယ်တို့အပေါ်၊ စာရိတ္တဂုဏ်သတင်းတို့အပေါ် အစွန်းအထင်းများပင်ဖြစ်ပါသည်။

ရှေးခေတ်ဟောင်းကာလများတွင် ဆုတံဆိပ်တစ်ခုအတွက် အပြေးပြိုင်ကြသောသူတို့သည် (၁ကော ၉:၂၅) အရ၊ အကျင့်ဓလေ့တို့ကို ဆင်ခြင်ထိန်းသိမ်းသည့် အရေးကြီးမှုတို့ကို ခံယူသိရှိထားခဲ့ကြသည်အလျောက်၊ ကျွန်ုပ်တို့ကဲ့သို့သော ကောင်းကင်နိုင်ငံဆိုင်ရာသရဖူအတွက် အပြေးပြိုင်ပွဲတွင် ဝင်ရောက်အပြေးပြိုင်နေကြသူများတို့သည် ထိုသူတို့ထက် မည်မျှပိုမိုပြီး ဆင်ခြင်ထိန်းသိမ်းမှုကို အလေးထားသင့်သည်ကို အလေးထားရပါမည်။ မကောင်းမှုကိုအောင်မြင်ကျော်လွှားနိုင်ရန် ကျွန်ုပ်တို့သည် အားထုတ်ကြိုးပမ်းမှုတိုင်းကို အားစိုက်လုပ်ဆောင်ရကြပါမည်။

အချိန်အခါတိုင်းနှင့်အဖြစ်အပျက်တိုင်းတို့တွင် တင်းကျပ်သည့်ဆင်ခြင်ထိန်းသိမ်းမှုဆိုင်ရာ အခြေခံစည်းမျဉ်းများတို့ကို လိုက်နာစောင့်ထိန်းရန် ကိုယ်ကျင့်တရားသတ္တိလိုအပ်ပါသည်။

သင့်အတွက် အကျင့်ဓလေ့များတို့၏ပင့်ကူအိမ်ကို သင်သည် နေ့စဉ်ရက်လုပ်နေသည်ဆိုခြင်းကို သတိရပါ။ ကျန်းမာရေးဆိုင်ရာ ပညတ်တရား

တို့ကို ဂရုပြုလိုက်နာပြီး၊ စုံစမ်းနှောင့်ယှက်ခြင်းတို့ကို ပိုမိုရှင်းလင်းစွာပိုင်းခြား၍နားလည်ကာ၊ ၎င်းစုံစမ်းနှောင့်ယှက်ခြင်းတို့ကို ခုခံတွန်းလှန်လိုက်ပါက၊ ထာဝရတည်တံ့သည့်အရာများတို့၏တန်ဖိုးကို ပိုမိုရှင်းလင်းစွာပိုင်းခြားနားလည်မည်ဖြစ်ပါသည်။

–ဝ–



ရှုလိုင် (၂၅)

### နိုင်မာသောယုံကြည်မှုအတွက်ကျွန်ုပ်တို့သည်သတ္တိရှိရကြပါမည်

## “အတိုက်အခံပြုခြင်းအစားအခြေခံစည်းမျဉ်းများ (ကိုယ်ကျင့်တရား) အတွက်ရပ်တည်ပေးရန်”

**“ငါကလည်း၊ ငါသည် ကြီးသောအမှုကိုဆောင်ရွက်ရသောကြောင့် မဆင်းမလာနိုင်။ ထိုအမှုကိုမဆောင်ရွက်ဘဲ သင်တို့ရှိရာသို့ဆင်းသွား၍ အဘယ်ကြောင့်အမှုပြတ်ရမည်နည်းဟု တမန်တို့ကိုစေလွှတ်၍ပြန်ပြော၏” (နေဟမိ ၆း၃)။**

ဘုရားသခင်၌ သူ၏အမှုတော်ကို ညစ်ညမ်းမှုအဆိပ်အတောက်၏ ဩဇာလွှမ်းမိုးမှုအန္တရာယ်မှ ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် သူ၏တောင်းဆိုတော်မူလာခြင်းကို အဆင်သင့်ဖြည့်ဆည်းဖြေရှင်းပေးမည့် အရန်လူသားများရှိကြပါသည်။ ဤသို့ဖြင့် ဘုရားသခင်သည် ဂုဏ်အသရေထင်ရှားပြီး ချီးမြှောက်တော်မူခြင်းခံရပေမည်။ ဘုရားသခင်သည် သူ၏အမှုတော်နှင့်အံဝင်ခွင်ကျမည့်သူက အလုပ်ခန့်အပ်တော်မူသည့်လူ၏စိတ်အတွေးကို ဘုန်းတော်ရှင်၏ဝိညာဉ်တော်က ပုံပေါ်စေသောအခါ၊ ထိုသူက (ဟေရှာယ ၆း၈) တွင် ဖော်ပြထားသည်အတိုင်း “အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကိုစေလွှတ်တော်မူပါ” ဟူ၍ ပြန်လည်တုံ့ပြန်လျှောက်တင်ခဲ့ပါသည်။––––မှားယွင်းသောအခြေခံစည်းမျဉ်းတို့ကို ပယ်ဖျက်ဖယ်ရှားရန်နှင့် ကောင်းကင်ဘုံမှ မြီးရှူးသန့်စင်သည့် အခြေခံစည်းမျဉ်းတို့ကို ပြန်လည်တည်ထောင်ဖော်ဆောင်ရန်အတွက် သူ့အားဘုရားသခင်က အသုံးချနိုင်ကြောင်းကို နေဟမိသည် မိမိကိုယ်ကိုပြသနိုင်ခဲ့သည်အလျောက်၊ ဘုရားသခင်သည်လည်း သူ့အားချီးမြှောက်တော်မူခဲ့ပါသည်။ အခြေခံစည်းမျဉ်းတွင် သံမဏိကဲ့သို့ မှန်ကန်ဖြောင့်မတ်သောသူတို့နှင့် ခေတ်မီဆန်းပြားရှုပ်ထွေးမှုများကြောင့် သူတို့၏ဝိညာဉ်ရေး

ဆိုင်ရာမြင်ကွင်းဆုံးရှုံးမှုဆီသို့ မယိမ်းမယိုင်သောသူတို့ကို ထာဝရဘုရားသည် သူ၏အမှုတော်တွင် အသုံးပြုတော်မူမည်ဖြစ်ပါသည်။

နေဟမိသည် မိမိကိုယ်ကို ထာဝရဘုရားနှင့်ပူးပေါင်းကာ ပြန်လည်တည်ဆောက်သူအဖြစ် သဘောတူလက်ခံခဲ့သဖြင့် ဘုရားသခင်၏ရွေးကောက်တော်မူခြင်းကို ခံခဲ့ရပါသည်။ မုသားစကားနှင့် လျှို့ဝှက်ကြံစည်ခြင်းတို့အားဖြင့် သူ၏ဖြောင့်မတ်သောသဘောကို ဖောက်လွှဲဖောက်ပြန်ဖြစ်သွားစေရန် လုပ်ဆောင်မှုရှိသော်လည်း သူသည် တံစိုးလက်ဆောင်ရယူခြင်းမရှိခဲ့ပါ။ မကောင်းမှုလုပ်ငန်းကိုလုပ်ဆောင်ရန် ငှားရမ်းခြင်းခံရကြသော သိက္ခာမဲ့သောသူတို့၏လှည့်ကွက်ပရိယာယ်များထဲသို့ ကျရောက်သွားပြီး စာရိတ္တပျက်စီးသွားမည့်အခြေအနေကို ငြင်းပယ်ခဲ့ပါသည်။ ထိုကဲ့သို့သော သူရဲဘောကြောင်သည့်လမ်းကြောင်းတွင်းသို့ လိုက်လျှောက်သွားရန်၊ ခြိမ်းခြောက်လာသည့်အဖြစ်သို့ရောက်ရှိလာရန် သူခွင့်မပြုခဲ့ပါ။ မှားယွင်းသောအခြေခံစည်းမျဉ်းတို့ကို ကျင့်သုံးလာနေကြသည်ကို သူမြင်တွေ့လာခဲ့သောအခါ၊ သူသည် ပွဲကြည့်ပရိသတ်တစ်ဦးကဲ့သို့ ရပ်တည်မနေဘဲ၊ ဆိတ်ဆိတ်ငြိမ်နေခြင်းဖြင့်လည်း ထိုမှားယွင်းသောအခြေခံစည်းမျဉ်းတို့ကို ခွင့်ပြုလိုက်လျောခြင်းမပြုပါ။ မှားယွင်းသောဘက်၌ သူရပ်တည်နေပါသည်ဆိုသည့် မှတ်ချက်ပြုလက်ခံထားမှုတို့ဖြင့် လူထုတို့ကိုမထားရစ်ခဲ့ပါ။ အမှန်တရားအတွက်ခိုင်မာပြီး အညှံ့ခံဝပ်တွားခြင်းမရှိသောရပ်တည်မှုဖြင့် ရပ်တည်ခဲ့ပါသည်။ ဘုရားသခင်တည်ထောင်တော်မူခဲ့သော အခြေခံစည်းမျဉ်းများအပေါ် ဖောက်ပြန်သည့်ဩဇာသက်ရောက်မှုစိုးစဉ်းကလေးကိုမျှ သူကအားဖြည့်မပေးခဲ့ပါ။

ယေရုရှလင်မြို့ရိုးတို့ကို ပြန်လည်တည်ဆောက်ပြုပြင်ပေးခဲ့သောနေဟမိနှင့် သူ၏လူတို့ကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်ဆိုင်ရာ ဆန့်ကျင်မှုတို့ကဲ့သို့ ကျွန်ုပ်တို့သည် ရင်ဆိုင်ကြုံတွေ့ရကြမည်ဖြစ်သော်လည်း၊ ကျွန်ုပ်တို့အနေဖြင့် အန္တရာယ်တို့ကိုဂရုစိုက်ပြီး ဆုတောင်းကာ သူတို့လုပ်ဆောင်ခဲ့သကဲ့သို့ ကျွန်ုပ်တို့လုပ်ဆောင်ပါက၊ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက်



တိုက်ပွဲများတို့ကို တိုက်ခိုက်ပေးတော်မူမည်ဖြစ်ပြီး၊ အဖိုးထိုက်တန်လှသောအောင်မြင်ခြင်းများတို့ကို ကျွန်ုပ်တို့အားပေးတော်မူလိမ့်မည်။ ယေရှုသခင်အပေါ် မှီခိုအားထားရင်း၊ ခိုင်မြဲသောယုံကြည်ချက်စွမ်းအားကို သယ်ဆောင်ခြင်းဖြင့် ကျွန်ုပ်တို့သည် သမ္မာတရားကိုရရှိပါသည်။

– o–

### ဇူလိုင် (၂၆)

## နိုင်မာသောယုံကြည်မှုအတွက်ကျွန်ုပ်တို့သည်သတ္တိရှိရကြပါမည်

# “အပြစ်တရားကိုသူ၏မှန်ကန်သောအမည်ဖြင့်ခေါ် ဆိုသမှတ်ရန်”

**“ယောရှုကလည်း ငါ့သား၊ ဣသရေလအမျိုး၏ဘုရားသခင် ထာဝရဘုရားကိုချီးမွမ်း၍ ရှေ့တော်၌ ကိုယ်အပြစ်ကိုဖော်ပြတောင်းပန်ပါလော့။ သင်ပြုမိသောအမှုကို ငါ့အားပြောပါလော့။ ဝှက်၍မထားပါနှင့်ဟု အာခန်အားဆိုလျှင်” (ယောရှု ၇း၁၉)။**

ဘုရားသခင်၏စိတ်နှလုံးတော်ကို မပျော်ပိုက်စေသည့်လူတစ်ဦးတစ်ယောက်၏အပြစ်သည် ထိုပြစ်မှုကျူးလွန်ခြင်းကိုဖော်ထုတ်ပြီး အပြစ်ဒဏ်စီရင်ခြင်းပြုလုပ်၍မပြီးမြောက်မချင်း၊ ထိုအပြစ်သည် လူတစ်ဦး (သို့မဟုတ်) လူမျိုးတစ်မျိုးလုံးအပေါ်တွင် တည်မြဲနေမည်ဆိုသည့် လေးနက်သည့်သင်ခန်းစာကို အာခန်၏ဖြစ်စဉ်သမိုင်းက သင်ကြားပို့ချပေးပါသည်။ သေစေလောက်သည့်နူနာရောဂါကူးစက်ခံရသူတစ်ဦးမှတစ်ဆင့် ထောင်ပေါင်းများစွာသောလူများတို့ဆီသို့ ထိုရောဂါပိုးကူးစက်ပျံ့နှံ့သွားနိုင်ပါသည်။ အများသောသူတို့သည် သူတို့၏လက်ရှိအဆင့်အတန်း (သို့မဟုတ်) ရေပန်းစားမှုကို စွန့်လွှတ်ကြရမည်စိုးရိမ်သောကြောင့် မတရားမှုတို့ကို ဝေဖန်ရှုတ်ချခြင်းမပြုဝံ့ကြပါ။ ထို့ပြင် အချို့သောသူတို့သည်လည်း ညှာတာစိတ်ကင်းမဲ့သောသဘောထားကြောင့် အပြစ်တရားကိုအပြစ်မဆိုဝံ့ကြပါ။ ဘုရားသခင်၏အစေခံကျွန်မှာမူ၊---- ဘုရားသခင်၏နှုတ်တော်ထွက်စကားတော်ကို ထုတ်ဖော်ပြောကြားရန်အတွက် အထူးခန့်ညားတည်ကြည်သောတာဝန်၏အောက်တွင် ရှိနေသဖြင့်၊ ကြောက်ရွံ့မှု (သို့မဟုတ်) ဘက်လိုက်မှုမရှိပါ။ သူ့အနေဖြင့် အပြစ်ကိုငင်း၏အမည်မှန်အတိုင်းသာ ခေါ်ဆိုရပါမည်။

ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်သည် မည်သည့်အခါမျှ အပြစ်၏သေးသိမ်မှုဆီသို့ ဦးတည်စေခြင်းမရှိသည့်အပြင်၊ ငင်းသည် ဝန်ချတောင်းပန်



ခြင်းမရှိသောမားယွင်းမှုကို မည်သည့်အခါမျှဖုံးကွယ်ခြင်း (သို့မဟုတ်) ခွင့်လွှတ်ခြင်းမပြုပါ။ ဘုရားသခင်၏ပညတ်တရားတော်သည် ထိုပညတ်တော်ကိုရေးသားသောသူဖြစ်သည့် ထာဝရဘုရားကဲ့သို့ ပြောင်းလဲခြင်းမရှိသည့်အလျောက် အာခန်သည် ပညတ်တရားတော်ကို အလွန်နောက်ကျသောအချိန်ကျမှ သင်ကြားလေ့လာခဲ့ပါသည်။ ဤပညတ်တရားတော်သည် ကျွန်ုပ်တို့၏အပြုအမူများ၊ အတွေးအခေါ်များနှင့် ခံစားချက်များအားလုံးတို့နှင့်သက်ဆိုင်နေပါသည်။ ထို့ပြင် ငင်းပညတ်တရားသည် ကျွန်ုပ်တို့သွားလာလေရာရာ၌ လိုက်ပါလျက်ရှိပြီး၊ ကျွန်ုပ်တို့၏အပြုအမူ၊ အမှုအရာ၏လျှို့ဝှက်စွာကြီးထွားပေါ်ပေါက်လာမှုတိုင်းတို့တွင် ရောက်ရှိနေပါသည်။ အပြစ်တရားတွင် ဖိမ်ခံပျော်မွေ့ခြင်းသည် ဘုရားသခင်၏ပညတ်တရားတော်ကို ပေါ့ပေါ့တန်တန်သဘောထားခြင်းပင်ဖြစ်ပါသည်။ အများသောသူတို့သည် သူတို့၏ကျူးလွန်ဖောက်ဖျက်မှုတို့ကို သူတို့၏အပေါင်းအသင်းများမသိအောင် ဖုံးကွယ်ထားကြပြီး သူတို့၏မတရားမှုတို့ကို ဘုရားသခင်သည် တင်းကျပ်စွာအမှတ်ထားမည်မဟုတ်ဟု မိမိတို့ကိုယ်ကိုချွေးသိပ်နှစ်သိမ့်နေကြပါသည်။ သို့သော်လည်း ဘုရားသခင်၏ပညတ်တရားတော်သည် အမှန်တရား၏ကြီးမားသောအဆင့်တစ်ခုဖြစ်ပြီး ကောင်းမြတ်သည်ဖြစ်စေ၊ ဆိုးညစ်သည်ဖြစ်စေ လျှို့ဝှက်သောအရာတိုင်းဖြင့် လုပ်ဆောင်ခဲ့ကြသောလုပ်ဆောင်မှုတိုင်းတို့ကို တရားစီရင်တော်မူသောနေ့ရက်အချိန်တွင် ဘုရားသခင်သည် လူတို့၏အသက်တာတွင် ပြုမူကျင့်ကြံခဲ့ကြသောအပြုအမူတိုင်းတို့ကို ထိုပညတ်တရားတော်တို့ဖြင့် နှိုင်းယှဉ်ဆုံးဖြတ်တော်မူမည်ဖြစ်သည်။ စင်ကြယ်ဖြူစင်သောနှလုံးသားသည် စင်ကြယ်ဖြူစင်သောအသက်တာဆီသို့ ဦးတည်သွားစေပါသည်။ ကျူးလွန်မိသောအပြစ်လုပ်ရပ်အတွက် ဆင်ခြေဆင်လက်သည် အချည်းနှီးသာဖြစ်ပါမည်။ ဘုရားသခင်သည် အပြစ်သားကိုအပြစ်ရှိကြောင်း ထုတ်ဖော်မိန့်တော်မူသောအခါ မည်သူသည် ထိုအပြစ်သားအတွက် လျှောက်လဲချက်ပေးမည်နည်း။

ကမ္ဘာကြီးကလိုချင်သော အကြီးမားဆုံးသောအရာမည်သည်မှာ လူသားတို့၏လိုချင်သောအရာမျှသာဖြစ်ပြီး ထိုလူသားတို့မည်သည်မှာလည်း

ဝယ်ယူရောင်းချ၍မရသော သူတို့၏အသက်ဝိညာဉ်တို့၏အတွင်းအကျဆုံးသောနေရာတွင် စစ်မှန်ပြီးရိုးသားမှုရှိသောအပြစ်ကို ၎င်းအပြစ်၏အမည်မှန်အတိုင်းခေါ်ဆိုရန်မကြောက်သော နာရီလက်တံသည် သူ၏ဝင်ရိုးပေါ်တွင်သာ အခြေခံလည်ပတ်သကဲ့သို့ မိမိ၏တာဝန်တာထမ်းအပေါ်သစ္စာရှိသောမသိစိတ် (conscience = ကိုယ်ကိုကိုယ်သိသောစိတ် – ၂ကော ၁း၁၂) ရှိသော၊ ကောင်းကင်ကြီးပြိုကျစေကာမူ မှန်ကန်မှုအတွက်ရပ်တည်ပေးကြမည့်သူမျိုးများသာဖြစ်ရကြပါမည်။

–ဝ–



## ရှုလိုင် (၂၇)

### ခိုင်မာသောယုံကြည်မှုအတွက်ကျွန်ုပ်တို့သည်သတ္တိရှိရကြပါမည်
### “မိမိ၏အလံကိုမြင့်မြင့်မားမားလွှင့်ထူထားရန်”

**“မြို့တံခါးမှထွက်ကြ။ ထွက်ကြ။ လူများဖို့လမ်းကိုပြင်ကြ။ မြေဖို့ကြ။ ဖို့ကြ။ ကျောက်များကိုပယ်ရှင်းကြ။ လူများဖို့အလံကိုထူကြ” (ဟေရှာယ ၆၂း၁၀)။**

ဇဝေဇဝါဖြစ်စေသောအကြောင်းရပ်များ တိုးတက်များပြားလာမည်ဖြစ်သော်လည်း ဘုရားသခင်ကိုယုံကြည်သက်ဝင်ကြသည့်သူများဖြစ်သောကျွန်ုပ်တို့အနေဖြင့် တစ်ဦးကိုတစ်ဦး ခွန်အားပေးရကြမည်ဖြစ်ကြပါသည်။ ကျွန်ုပ်တို့တစ်တွေ မိမိတို့၏အလံကိုမလျှော့ချဘဲ၊ ၎င်းကိုအမြင့်သို့လွှင့်တင်ကာ ကျွန်ုပ်တို့ယုံကြည်ခြင်း၏စာရေးဆရာနှင့် အဆုံးသတ်၊ အပြီးသတ်သူဖြစ်သောဘုရားသခင်ထံတော်လှမ်းမျှော်ရကြပါမည်။

ဘုရားသခင်၏ပညတ်တော်များနှင့် ခရစ်တော်ယေရှုသခင်၏ယုံကြည်ခြင်းတို့ကို ကမ္ပည်းရေးထိုးထားသည့်အလံတော်ကို အမြင့်သို့လွှင့်ထူနိုင်ရန် ကျွန်ုပ်တို့အားလုံးတို့သည် ကြီးမားလှသောခရစ်ယာန်သတ္တိမျိုးလိုအပ်ပါသည်။ ပုန်ကန်သူတို့၏ခေါင်းဆောင်တို့နှင့် ညှိနှိုင်းအပေးအယူလုပ်ရပ်မျိုးကို ကျွန်ုပ်တို့မလုပ်ရပါ။ အချိန်တိုင်းနှင့်နေရာတိုင်းတို့တွင် ဘုရားသခင်၏အလိုတော်ကိုလုပ်ဆောင်ရန် ကျွန်ုပ်တို့သည် ခိုင်မြဲသောဆုံးဖြတ်ချက်ရှိရပါမည်။

ယခုအချိန်တွင် သမ္မာတရားသည် အကျင့်စရိုက်၏အခြေခံအဖြစ်၊ ဖြစ်ပေါ်လာစေရန် ၎င်းကိုကျွန်ုပ်တို့အနေဖြင့် ရှင်းနှီးပွင့်လင်းစွာဖြင့် လက်ခံရယူကြမည်ဖြစ်ပြီး ရည်ရွယ်ချက်ကိုခိုင်မာတည်မြဲစေရန် ဖော်ဆောင်ပေးကာ ၎င်းရည်ရွယ်ချက်ဆိုသည်မှာလည်း ရွှင်လန်းကျေနပ်မှု၏ဆွဲဆောင်မှုများ ဓလေ့ထုံးစံ၏ပြောင်းလဲတတ်မှု၊ လောကအရာများကိုသာ မြတ်နိုးချစ်ခင်မှု၏စက်ဆုပ်ရွံရှာဖွယ်သောအရာနှင့် မိမိစိတ်ကိုမိမိအလိုလိုက်ခြင်း၏စိတ်သဘော

အလိုအတိုင်း ဟစ်ကြွေးတောင်းဆိုမှုတို့သည် ဩဇာလွှမ်းမိုးနိုင်သောစွမ်းအားများ ယုတ်လျော့ကျဆင်းသွားပေမည်။ ကျွန်ုပ်တို့သည် တည်ကြည်ခိုင်မြဲမှု၏ ကျားကန်ထားပေးသော စွမ်းအားဖြစ်သည့် ဘာသာတရားဆိုင်ရာ အခြေခံစည်းမျဉ်းအား ပုံဖော်ပြသသည့်သာဓကတို့ကို အမှတ်သညာပြုပြီးဖြစ်ပါသည်။ ရဲစွမ်းသတ္တိရှိကြသောသူများတို့သည် သူတို့၏အသက်ကို စွန့်ဝံ့ကြသည် ဆိုသည့် ဆောင်ပုဒ်ကို ကိုင်စွဲထားသည့်အနေဖြင့်၊ ဗက်လင်မြို့၏ရေကိုသောက်ရန်အတွက် သေခြင်းကိုကြောက်ရွံ့သောစိတ်သည် အားလျော့စိတ်ပျက်နေသော ဒါဝိဒ်ကို မလုပ်ဆောင်နိုင်ပါ။ ပါးစပ်ဟောင်းလောင်းပွင့်နေသော ခြင်္သေ့တို့၏သားရဲတွင်းသည် ဒံယေလ၏နေ့စဉ်ဆုတောင်းခြင်းကို မနှောင့်ယှက်နိုင်ပါ။ (သို့မဟုတ်) ကြောက်မက်ဖွယ်ရာ ပူပြင်းလှသည့်မီးဖိုကြီးသည် ရှာဒရက်နှင့်သူ၏အပေါင်းအဖော်တို့အား နေဗုခဒ်နေဇာမင်းကြီးတည်ဆောက်ထားသည့် ရုပ်တုကြီးရှေ့တွင်ပျပ်ဝပ်ခြင်းပြုအောင် မတိုက်တွန်းနိုင်ပါ။ အခြေခံစည်းမျဉ်းများတို့ဖြင့် ခိုင်မြဲစွာရှိကြသော ငယ်ရွယ်သူများတို့သည် အပျော်အပါးကိုရှောင်ကြဉ်ကြပြီး စိတ်ခံစားမှုကိုဖိဆန်ကာ၊ ခြင်္သေ့သားရဲတွင်းနှင့် ကြောက်မက်ဖွယ်ပူပြင်းသည့်မီးဖိုကြီးတို့ကို ကြောက်ရွံ့ခြင်းထက် ဘုရားသခင်အပေါ်သစ္စာမရှိကြသူများအဖြစ် အထင်အမြင်မခံရရေးအတွက် ပိုမိုရဲရင့်ကြပါသည်။

မှန်ကန်မှု၏ထာဝရတည်မြဲမည့် အခြေခံစည်းမျဉ်းများအပေါ်တွင် သစ္စာရှိစွာထိန်းသိမ်းလိုက်နာသောနည်းဖြင့်သာ သံမဏိမင်တံဖြင့် ကျောက်ပြားပေါ်တွင်ရေးထားသကဲ့သို့ မိမိ၏မသိစိတ်တွင် ရေးသားထားသင့်သည့် ယခုလောလောဆယ်အသက်တာ (သို့မဟုတ်) လာမည့်အသက်တာအတွက် အမှန်တကယ်အောင်မြင်မှုကို လုံခြုံစေမည်ဖြစ်ပါသည်။

–ဝ–



ရှုလိုင် (၂၈)

## နိုင်မာသောယုံကြည်မှုအတွက်ကျွန်ုပ်တို့သည်သတ္တိရှိရကြပါမည်
## “သေခြင်းတရားကိုဒံယေလ၏သတ္တိဖြင့်ရင်ဆိုင်ရန်”

**“အကျွန်ုပ်ဘိုးဘေးတို့၏ဘုရားသခင်၊ အကျွန်ုပ်အားပညာအစွမ်းသတ္တိကို ပေးသနား၍၊ အကျွန်ုပ်တို့ဆုတောင်းသည်အတိုင်း ရှင်ဘုရင်၏ အိပ်မက်ကို ဖွင့်ပြတော်မူသောကျေးဇူးတော်ကို ချီးမွမ်းထောမနာပြုပါ၏ဟု ဒံယေလမြွက်ဆိုပြီးမှ” (ဒံယေလ ၂း၂၃)။**

ကျွန်ုပ်တို့၏ဘုရားသခင်ဖြစ်တော်မူသောသူ့အား ဝီရိယရှိရှိဖြင့် ကြိုးပမ်းရှာဖွေသူတို့အား ဆုချီးမြင့်တော်မူသောဘုရားသခင်၊ ဘုရင်ကြီး၏ စိတ်ထဲတွင်သူ၏အိပ်မက်ပျောက်လွင့်ပျက်ပြယ်ပြီး မမှတ်မိတော့သဖြင့် ထိုအိပ်မက်ကိုဖော်ထုတ်ရန် (သို့မဟုတ်) အဓိပ္ပါယ်ဖော်ရန် ဗာဗုလုန်နိုင်ငံတစ်ဝန်းရှိ ပညာရှိများမလုပ်ဆောင်နိုင်ကြသောကြောင့် သူတို့အားလုံးတို့ကို အဆုံးစီရင်ရန် ဒီကရီအမိန့်ချမှတ်လာသောအခါ ဒံယေလသည် ထာဝရဘုရားကိုရှာဖွေခဲ့ပါသည်။ နေဗုခဒ်နေဇာသည် ထိုအိပ်မက်ကို ပြန်လည်ဖော်ထုတ်ပေးရန်သာမက၊ ထိုအိပ်မက်၏အဓိပ္ပါယ်ဆက်စပ်မှုတို့ကိုပါ ဖော်ထုတ်ပေးရန် တောင်းဆိုလာခဲ့ပါသည်။ ပညာရှိတို့ကလည်း ရှင်ဘုရင်၏တောင်းခံမှုသည် တစ်နည်းတစ်လမ်းအားဖြင့် အကြောင်းညီညွတ်မှုမရှိသည့်အပြင်၊ ဤကဲ့သို့သောတောင်းခံမှုမျိုး မည်သူကမျှစမ်းသပ်တောင်းခံမှုမလုပ်ခဲ့ဖူးကြောင်း ကြေညာခဲ့ကြပါသည်။ ဘုရင်ကြီးသည် ဒေါသအမျက်ခြောင်းခြောင်းထွက်လာပြီး၊ ကြီးမားသောဘုန်းရှင်ကံရှင်များကဲ့သို့နှင့် မထိန်းနိုင်မသိမ်းနိုင်သော ဇောကပ်မှုများတို့ဖြင့် ပြုမူလာခဲ့ပါသည်။ သူကထိုပညာရှိတိုင်းတို့သည် အသေသတ်ခြင်းခံရကြမည်ဟူ၍ ဆုံးဖြတ်ခဲ့ပြီး ထိုပညာရှိတို့နှင့်အတူ ဒံယေလနှင့်သူ၏အပေါင်းအဖော်တို့သည်လည်း၊ ဤကဲ့သို့သောကံကြမ္မာမျိုးကိုလည်း

မျှဝေခံစားသင့်သည့်အလျောက် သူတို့ကိုပါ သေဒဏ်ကျခံရကြမည့်စာရင်းထဲတွင် ထည့်သွင်းခဲ့ပါသည်။

ဒံယေလသည် စကြဝဠာ၏အမြင့်ဆုံးတရားရုံးတွင်ရှိတော်မူသော၊ သူ၏ဆုံးဖြတ်တော်မူချက်တို့ကို မည်သူကမျှအယူခံဝင်၍မရနိုင်တော့သော သူထံသို့ ထိုအိပ်မက်ကိစ္စအကြောင်းကို တင်ပြပေးနိုင်ရန် အချိန်ပေးပါမည့်အကြောင်း ဘုရင်ကြီးရှေ့မှောက်ခစားလျှောက်လဲခဲ့ပါသည်။ သူ၏တောင်းပန်ချက်ကို ဘုရင်ကြီးခွင့်ပြုပြီးသည်နှင့် ဒံယေလသည် ကိစ္စရပ်အားလုံးတို့နှင့်ပတ်သက်ပြီး သူနှင့်အတူမကွာ စစ်မှန်သောဘုရားသခင်အား ဝတ်ပြုကိုးကွယ်ကြသည့် သူ၏အပေါင်းအဖော်တို့အား ရှင်းလင်းချပြခဲ့ပါသည်။ ၎င်းကိစ္စရပ်နှင့်ပတ်သက်ပြီး သူတို့အားလုံး အတူတကွသဘောတူဆုံးဖြတ်ကြသည့်အနေဖြင့် အတူတကွဒူးထောက်ကြပြီး သူတို့၏ကြီးမားသော လိုအပ်ချက်အတွက် ဖြေရှင်းအသုံးချနိုင်မည့်စွမ်းအားနှင့် ဉာဏ်ပညာတို့ကို ဘုရားသခင်က ပေးသနားတော်မူရေးအတွက် လျှောက်လဲတောင်းခံခဲ့ကြပါသည်။

ထိုနောက်တွင် (ဒံယေလ ၂း၁၉) အတိုင်း "ညအခါ ဗျာဒိတ်တော်အားဖြင့် ထိုနက်နဲသောအရာကို ဒံယေလအား ဘုရားသခင်ဖော်ပြတော်မူ၏။ ထိုအခါ ဒံယေလသည် ကောင်းကင်ဘုံရှင်ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းလျက်၊---" ဆိုသည့် အခြေအနေမျိုးဖြစ်ပေါ်လာခဲ့ပါသည်။ ကျွန်ုပ်အနေဖြင့် လူငယ်များတို့အား ဒံယေလ၏ဘုရားသည် သူတို့၏ဘုရားဖြစ်ပြီး အခက်အခဲများ မည်သို့ပင်ပေါ်ပေါက်လာပါစေ၊ ဒံယေလလုပ်ဆောင်ခဲ့သကဲ့သို့ "ကောင်းကင်ဘုံရှင်ဘုရားသခင်၏ကရုဏာတော်တို့ကို တောင်းတကြသည်" ဆိုသည့်လုပ်ရပ်မျိုးကို လုပ်ဆောင်ကြရေးအတွက် သူတို့၏စိတ်ထဲတွင် စွဲမြဲထင်ကျန်ရစ်စေလိုပါသည်။

ထာဝရဘုရားသည် သူ၏အသင်းတော်ကို ကြီးမားသောအန္တရာယ်တွင်းကျရောက်စဉ်တွင်ပင်ဖြစ်ပါစေ၊ လုံးဝအကျဆုံးမခံစေတော်မူပါ။ သူသည် ကယ်လွှတ်ခြင်းကတိတော်ကို ကတိပေးထားတော်မူခဲ့ပြီးဖြစ်ပါသည်။

-၀-



MD - 6

ရှုလိုင် (၂၉)

## သစ္စာရှိသူတို့အတွက်ကတိတော်

## "ဘုရားသခင်၏ကျောက်မျက်ရတနာတို့အတွင်းရှိသစ္စာရှိသူများ"

**"ထိုသူတို့သည် ငါစီရင်သောနေ့ရက်၌ ငါပိုင်ထိုက်သောဘဏ္ဍာတော်ဖြစ်ကြလိမ့်မည်။ အဘ၏အမှုကိုဆောင်သောသားကို အဘနှမြောသကဲ့သို့ ထိုသူတို့ကိုငါနှမြောမည်ဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့်တော်မူ၏" (မာလခိ ၃း၁၇)။**

မဟာကြီးမြတ်ခြင်းမည်သည် ထာဝရဘုရား၏အမှုတော်ပင်ဖြစ်ပါသည်။ လူသားတို့သည် အပြင်ပန်းဘေးဘီတို့ကိုသာ ရွေးချယ်ကြပါသည်။ ဘာသာတရားမဲ့ဒိဋ္ဌိများဟု ထင်ရသူတို့သည် ခရစ်တော်ဘက်သို့ရွေးချယ်မှုရှိကြသည့်တိုင် ခရစ်တော်၏တပည့်တော်များကဲ့သို့ ဆန့်ကျင်ဘက်ဖြစ်လာကြသူများတို့သည် ခရစ်တော်နှင့်အတူ ကြာရှည်စွာမလျှောက်လှမ်းကြဘဲ အဝေးသို့ထွက်ခွာသွားကြလိမ့်မည်။----

ဖြောင့်မတ်ခြင်း၏အပေါ်တွင်ရှိသော ဘုရားသခင်၏ပညတ်တရားတော်ကို ပျက်ပြယ်စေခြင်းအမှုကိုလုပ်ဆောင်ရန် ကြိုးပမ်းကြသောသူတို့အနေဖြင့် မည်သည့်အကျိုးဆက်ဖြစ်လာမည်နည်း။ ဘုရားသခင်၏ပညတ်တရားတော်အပေါ် အစဉ်အမြဲအထင်သေးမှုကြောင့် သူတို့သည် ခြောက်လှန့်ခြင်းခံနေရကြပါသလား။ ထာဝရဘုရား၏ဖြောင့်မတ်သောပညတ်တရားတော်ကို ကမ္ဘာကြီးတစ်ခုလုံးက မထိမဲ့မြင်ပြုသကဲ့သို့ဖြစ်နေသောကြောင့် မှန်ကန်သောယုံကြည်သူတို့တည်းဟူသော "ဤသို့ထာဝရဘုရားမိန့်တော်မူ၏" ဆိုသည်အတိုင်း ထာဝရဘုရားမိန့်တော်မူခြင်းခံရကြသောသူတို့သည် တွေးတောခြင်းရှိပြီး ရှက်ရွံ့လာကြမည်လား။ မကောင်းမှု၏နေရာအနှံ့တို့တွင် ပျံ့နှံ့နေမှုတို့ကြောင့် သူတို့သည် စိတ်လှုပ်ရှားလာပြီး ထိန်းမနိုင်သိမ်းမနိုင်ဖြစ်လာကြမည်လား။ ဤကဲ့သို့မဟုတ်ပါ။ ဘုရားသခင်၏အမှုတော်အတွက် အစေခံရန်

မိမိကိုယ်ကို ဘုရားသခင်ထံတော်၌ ဆက်ကပ်အပ်နှံကြသောသူတို့အတွက် နားထောင်ခြင်းရှိသောသူနှင့် အပြစ်ကျူးလွန်သောသူတို့၏ဆန့်ကျင်ကွဲလွဲချက် ထင်ရှားလာသောအခါ ဘုရားသခင်၏ပညတ်တရားတော်သည် ပိုမို၍အဖိုး ထိုက်တန်လာမည်ဖြစ်သည်။ စာတန်မာရ်နတ်၏ထင်မြင်မှတ်ယူမှုများတွင် ဘုရားသခင်၏ပညတ်တရားတော်ကို မထီမဲ့မြင်ပြုသူများနှင့် ဖောက်ဖျက် ကျူးလွန်သူတို့၏အချိုးအစားပမာဏသည် တိုးတက်များပြားလာပြီး သန့်ရှင်း သောဥပဒေသအပေါ် သစ္စာရှိစွာဖြင့် ထိန်းသိမ်းလိုက်နာသောသူသည် ပိုမို ဈေးကြီးပြီး တန်ဖိုးရှိလာမည်ဖြစ်သည်။ သူက (ဆာလံ ၁၁၉း၁၂၆၊၁၂၇) တွင် ဖော်ပြထားသော "သူတစ်ပါးများတို့သည် တရားတော်ကိုပယ်ကြပါ၏။ အကျွန်ုပ်မူကား၊ ပညတ်တော်တို့ကို ရွှေထက်မက၊ ရွှေစင်ထက်သာ၍နှစ်သက် ပါ၏" ဆိုသောကျမ်းချက်အတိုင်း ကြေညာမည်ဖြစ်ပါသည်။ ဘုရားသခင်၏ ကျေးဇူးတော်အပေါ် သစ္စာရှိစွာအလုပ်အကြွေးပြုပြီး ဘုရားသခင်၏ပညတ် တော်တို့ကို ချစ်မြတ်နိုးသောသူတို့သည် သူတို့၏အနီးဝန်းကျင်တွင်ရှိနေသော သူတို့၏အထင်သေးခြင်းတို့နှင့်အတူ ကြီးပြင်းလာရကြမည်ဖြစ်သည်။

ကောက်ကျစ်စဉ်းလဲသောသူတို့နှင့် ကောက်ကျစ်စဉ်းလဲသောအသင်း တော်တို့သည် ဘုရားသခင်၏ပညတ်တရားတော်ကိုမုန်းတီးရာတွင် သဘော ထားခြင်းလိုက်ဖက်တူညီကြသည်နှင့် အရေးအခင်းလည်းပေါ်ပေါက်လာတော့ သည်။ သို့သော် သူတို့သည် မြည်တမ်းပြီးညည်းတွားနေကြကာ၊ မှားယွင်း စွာစွပ်စွဲနေကြလျက်၊ စာတန်မာရ်နတ်၏အလုပ်ကို စိတ်အားထက်သန် လွန်းစွာ လုပ်ဆောင်နေကြပါက၊ ကျွန်ုပ်တို့၏အသိတရားထဲတွင် နောက်ထပ် အရည်အသွေးအတန်းအစားဖြစ်သည့် (မာလခိ ၃း၁၆) တွင် ဖော်ပြထား ချက်ဖြစ်သော "ထိုအခါ ထာဝရဘုရားကိုကြောက်ရွံ့သောသူတို့သည် တစ်ယောက်ကိုတစ်ယောက်နှုတ်ဆက်၍ ပြောဆိုကြ၏။ ထာဝရဘုရားသည် လည်း နားထောင်၍ကြားတော်မူ၏။ ထာဝရဘုရားကိုကြောက်ရွံ့၍ နာမ တော်ကိုအောက်မေ့သောသူတို့အဖို့ ရှေ့တော်တွင်စာရင်း၌မှတ်သားလျက်ရှိ၏" ကိုထည့်သွင်းထားနိုင်မည်ဖြစ်သည်။

–o–



ရူလိုင် (၃၀)

### သတ္တိရှိသူတို့အတွက်ကတိတော်

## "ဘုရားသခင်သည်သူ၏သားသမီးတော်တို့နှင့်အတူရှိတော်မူ၏"

**"မစိုးရိမ်နှင့်။ ငါသည် သင်နှင့်အတူရှိ၏။ အရှေ့မျက်နှာမှ သင်၏အမျိုးအနွယ်ကို ငါဆောင်ခဲ့မည်။ အနောက်မျက်နှာမှသင့်ကိုငါ စုသိမ်းမည်။ အပ်လော့ဟု မြောက်မျက်နှာကိုလည်းကောင်း၊ မထိမ်နှင့် ဟု တောင်မျက်နှာကိုလည်းကောင်း ငါပြောမည်။ ဝေးသောအရပ်၊ မြေကြီးစွန်းမှငါ့သားသမီးတည်းဟူသော" (ဟေရှာယ ၄၃း၅၊၆)။**

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အလုပ်ကို ရွှင်လန်းပြီးမျှော်လင့်ချက် အပြည့်အဝဖြင့် လုပ်ဆောင်ရကြပါမည်။ ကျွန်ုပ်တို့အနေဖြင့် စိတ်ဓာတ်ကျ စရာအကြောင်း လုံးဝမရှိပါ။ ကျွန်ုပ်တို့တွေ့ကြုံထိတွေ့နေရကြသောအခြေအနေ များတွင် မနှစ်မြို့ဖွယ်ရာဖြစ်သော အစိတ်အပိုင်းတို့အပေါ် ကျွန်ုပ်တို့၏မျက်လုံး တို့ကို ဖယ်ရှားကြပြီး၊ ကျွန်ုပ်တို့ပြောဆိုကြသောစကားလုံးတို့သည် ကောင်းမြတ် သော အားတက်ဝမ်းမြောက်မှုတို့ဖြင့် ပြည့်ဝပါစေ။ ကျွန်ုပ်တို့သည် ကျွန်ုပ် တို့၏ကိုယ်ကို နေရောင်ခြည်ဖြင့်ပြည့်ဝသော ဝန်းကျင်လေထုဖြင့် လွှမ်းခြုံ နိုင်မည် (သို့မဟုတ်) ဝမ်းနည်းပူဆွေးမှုဖြင့် အားသွင်းထားသည့်ဝန်းကျင် လေထုဖြင့် ဝန်းရံနိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် သတ္တိရှိရှိဖြင့် ပြောဆိုနိုင်ကြရန် ကျွန်ုပ်တို့ကိုယ်ကိုကျွန်ုပ်တို့ ပညာပေးကြပါစို့။ ကျွန်ုပ်တို့ သည် ခရစ်တော်၏နမူနာအားဖြင့် သင်ခန်းစာများတို့ကို သင်ကြားရယူကြ ပါစို့။ ယုဒလူမျိုးတို့နှင့် ရောမစစ်သည်တော်တို့၏လက်ထဲတွင် ကြောက်မက် ဖွယ်ရာ အရှက်တကွဲဖြစ်မှုသာမက၊ သူခံစားခဲ့ရသည့် သရော်လှောင်ပြောင် မှုအတိပြီးသော တရားရုံးစစ်ဆေးမှုနှင့် ကြမ်းကြုတ်ရက်စက်သော ပြုမူဆက်ဆံ မှုတို့သည် ခရစ်တော်အား စိတ်ဓာတ်ကျဆင်းအောင် မလုပ်ဆောင်နိုင်ခဲ့ပါ။

သင်အစပျိုးထားသည့် မိမိကိုယ်ကိုမိမိစိတ်ချယုံကြည်မှုကို ဆုံးခန်း တိုင်အောင် ခိုင်မြဲစွာစွဲကိုင်ထားပါ။ ဘုရားသခင်၏အမှန်တရားအလင်း

တော်သည် မှိန်သွားလိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ကမ္ဘာမြေကြီးကို လွှမ်းခြုံဖုံးအုပ်ထားသည့် အမှားအမှောင်ထုအတွင်းတွင် ထိုဘုရားသခင်၏အမှန်တရားအလင်းတော်သည် ထွန်းလင်းတောက်ပရမည်ဖြစ်သည်။ ဘုရားသခင်၏နှုတ်တော်ထွက်တို့ကို မြေကြီးပေါ်ရှိ မြင့်သောနေရာများ၌အပြင်၊ ပိုမိုနိမ့်သောနေရာများတို့တွင်ရှိနေကြသောသူတို့ထံသို့ အသိပေးပြောကြားကြရပါမည်။ ခရစ်တော်၏အသင်းတော်သည် သမ္မာတရားတော်အကြောင်းကို ထုတ်ဖော်ကြေညာပေးသည့် ဘုရားသခင်၏ကိုယ်စားလှယ်ဖြစ်ပြီး အထူးအမှုတော်ကိုလုပ်ဆောင်ပေးရန်အတွက် ဘုရားသခင်သည် ထိုအသင်းတော်ကိုစွမ်းအားပေးအပ်တော်မူခဲ့ကာ၊ အကယ်၍ ထိုအသင်းတော်သည် ဘုရားသခင်အပေါ်သစ္စာရှိ၍၊ သူ၏ပညတ်တော်တို့ကို နာခံလိုက်လျှောက်ပါက၊ ဘုရားရှင်၏မြင့်မြတ်သောတန်ခိုးတော်သည် ထိုအသင်းတော်အတွင်း ကိန်းဝပ်တော်မူမည်ဖြစ်သည်။ အကယ်၍ ထိုအသင်းတော်သည် ဣသရေလလူမျိုးတို့၏ထာဝရဘုရားကိုချီးမြှောက်ပါက၊ သူ့အပေါ်အနိုင်ယူလွှမ်းမိုးလိုသည့် ရန်သူ၏အင်အားတို့သည် လေပွေလေဝဲကိုခုခံသည့် စပါးခွံဖွဲ၏လုပ်နိုင်စွမ်းလောက်မျှ မစွမ်းနိုင်တော့ပါ။

အသင်းတော်သည် ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံကိုဝတ်ဆင်ပြီး၊ လောကီရေးရာအပေါ် သစ္စာစောင့်သိခြင်းမရှိတော့ပါက ထိုအသင်းတော်၏မျက်မှောက်၌ ထွန်းလင်းတောက်ပပြီး ဘုန်းအသရေတင့်တယ်သည့်နေ့ရက်အရုဏ်ဦးအချိန်ကာလရောက်ရှိလာမည်ဖြစ်သည်။ ကယ်တင်ခြင်းအသက်စမ်းချောင်းရေအလျှင်သည် ခရစ်တော်ထံမှစီးဆင်းလာမည်ဖြစ်သည်။----ခရစ်တော်၏ခွန်အားတော်ကို ကျွန်ုပ်တို့သည် ယုံကြည်ခြင်းဖြင့်ဆုပ်ကိုင်ဖမ်းယူထားပါက၊ မျှော်လင့်ချက်အလွန်ကင်းမဲ့ပြီး စိတ်ဓာတ်ကျဆင်းစရာအလားအလာမျိုးတို့မှ ခရစ်တော်အနေဖြင့် ပြောင်းလဲပေးပါလိမ့်မည်။ အံ့သြစရာကောင်းလောက်အောင် ပြောင်းလဲပေးပါလိမ့်မည်။ သူ၏ဘုန်းအသရေတော်အတွက် ဤအပြောင်းအလဲမျိုးကို ခရစ်တော်လုပ်ဆောင်တော်မူပါလိမ့်မည်။

-၀-



**ဇူလိုင် (၃၁)**

## သတ္တိရှိသူတို့အတွက်ကတိတော်
## "ခွန်အားကိုအားသစ်လောင်းပေးခြင်း"

**"ထာဝရဘုရားကိုမျှော်လင့်သောသူတို့မူကား၊ အားပြည့်ကြလိမ့်မည်။ ရွှေလင်းတကဲ့သို့ မိမိတို့အတောင်ကို အသစ်ပြုပြင်ကြလိမ့်မည်။ ပြေးသော်လည်းမပင်ပန်း၊ ခရီးသွားသောအခါမမောရကြ" (ဟေရှာယ ၄၀း၃၁)။**

အောင်မြင်စွာတိုက်နိုင်ရေးအတွက် စစ်သည်တော်တစ်ဦးသည် သတ္တိနှင့်အင်အားရှိရပါမည်။ ကျွန်ုပ်တို့ကိုယ်၌ချည်းသာဆိုလျှင်၊ ကျွန်ုပ်တို့သည်အားနည်းချည့်နဲ့ကြပါသည်။ သို့သော်လည်း အထက်ပါကျမ်းချက်အတိုင်း၊ "ထာဝရဘုရားကိုမျှော်လင့်သောသူတို့မူကား၊ အားပြည့်ကြလိမ့်မည်" ဆိုသောကတိတော်မျိုးကို ကျွန်ုပ်တို့ရရှိထားပါသည်။

ဘုရားသခင်၏အမှုတော်တိုးတက်မှုကိုဟန့်တားသည့် အတားအဆီးမျိုးပေါ်ပေါက်လာမည်ဖြစ်သော်လည်း မကြောက်ရွံ့ပါနှင့်။ ကျွန်ုပ်တို့၏တန်ခိုးတော်အနန္တရှင်၊ ဘုရင်တကာတို့၏ဘုရင်ဖြစ်တော်မူပြီး ကျွန်ုပ်တို့၏ပဋိညာဉ်အရှင်သခင်ဖြစ်တော်မူသော ဘုရားသခင်သည် အကြင်နာတရားနှင့်ပြည့်စုံသည့် သိုးထိန်းတော်တစ်ဦး၏နူးညံ့သိမ်မွေ့မှုနှင့် ကြည့်ရှုစောင့်ရှောက်မှုတို့ကို ကျွန်ုပ်တို့အတွက် စုဆောင်းပေးတော်မူပါသည်။ ဘုရားသခင်၏လမ်းခရီးတော်တွင် မည်သည့်အရာကမျှ ရပ်ခံ၍မရနိုင်ပါ။ သူ၏ဘုန်းတန်ခိုးတော်သည် အကြွင်းမဲ့ဖြစ်ပြီး၊ ထိုတန်ခိုးတော်သည် သူ၏လူစုတော်တို့ကို ပေးထားတော်မူခဲ့သောကတိတော်တို့ကို ပြီးပြည့်စုံစေသည့် ကတိသစ္စာလည်းဖြစ်ပါသည်။ သူ၏အမှုတော်တိုးတက်မှုရှိရေးအတွက် ဘုရားသခင်သည် အားလုံးသောပိတ်ဆို့မှုတို့ကို ဖယ်ရှားပစ်နိုင်ပါသည်။ အခက်အခဲတိုင်းတို့ကို ဖယ်ရှား

ပစ်ရန်အတွက် သူ၏ထံတော်၌ နည်းလမ်းများရှိတော်မူပြီး သူ၏ထံတော်၌ အလုပ်အကျွေးပြုသောသူတို့နှင့် သူ၏နည်းလမ်းတို့အပေါ် တလေးတစားရှိသူတို့အား သူအမှန်တကယ်အလုပ်ခန့်အပ်တော်မူမည်ဖြစ်သည်။ သူ၏ကောင်းမြတ်တော်မူခြင်းနှင့် ချစ်ခြင်းမေတ္တာတော်တို့သည် အသချေ်အနန္တဖြစ်မည့်အပြင်၊ သူ၏ပဋိညာဉ်တော်သည် မပြောင်းလဲနိုင်ပါ။

သူ၏အမှုတော်ကို ရန်ပြုသူတို့၏အစီအစဉ်များတို့သည် ခိုင်မာပြီးကောင်းကောင်းမွန်မွန်တည်ထောင်ထားသည်ဟု ထင်မှတ်ရသော်လည်း၊ ဘုရားသခင်သည် အတောင့်တင်းဆုံးသော ဤအစီအစဉ်တို့ကို အရေးနိမ့်စေနိုင်တော်မူပြီး၊ သူ၏ကိုယ်ပိုင်အချိန်ကာလနှင့်လမ်းစဉ်တော်အရ အချိန်ကျရောက်လာသောအခါ အထူးသဖြင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် လုံလောက်စွာအစမ်းသပ်ခံရပြီးနောက် သူ၏ထံတော်ပါးသို့ ခေါ်ဆောင်ခြင်းခံရကာ၊ သူ့အားကျွန်ုပ်တို့၏အကြံပေးပုဂ္ဂိုလ်အဖြစ် ထားရှိသောအချိန်တွင် ထိုရန်သူ၏အစီအစဉ်တို့ကို အရေးနိမ့်စေတော်မူမည်ဖြစ်သည်။

ကြောက်မက်ဖွယ်အခြေအနေဖြစ်လာတော့မည်ဟု ထင်ရသောအမှောင်ကာလနေ့ရက်များတွင်၊ ကြောက်ရွံ့ခြင်းမရှိပါနှင့်။ ဘုရားသခင်အပေါ်ယုံကြည်ခြင်းရှိပါ။ သူသည် သူ၏အလိုတော်အတွက် အဖြေရှာနေတော်မူပြီး၊ သူ၏လူစုတော်တို့၏ကိုယ်စား အရာအားလုံးတို့ကို ကောင်းမွန်စွာလုပ်ဆောင်နိုင်တော်မူပါသည်။ သူ့အားချစ်ခြင်းမေတ္တာရှိကြပြီး သူ့အားအစေခံကြသောသူတို့သည် နေ့စဉ်နေ့တိုင်း သူ၏အားသစ်လောင်းပေးခြင်းကို ခံရကြပါမည်။ သူ၏ထိုးထွင်းသောဉာဏ်တော်ကို သူ့အားအစေခံသောသူတို့၏လုပ်ဆောင်မှုတို့တွင် ချထားပေးတော်မူခြင်းဖြင့် သူ၏ရည်ရွယ်ချက်တော်များအတွက် ပြီးမြောက်အောင်ဆောင်ရွက်ကြသောသူတို့ မှားယွင်းချွတ်ချော်မှုမရှိစေရန် လုပ်ဆောင်တော်မူပါသည်။

ဘုရားသခင်၏အမှုတော်တွင် မျှော်လင့်ခြင်းကင်းမဲ့သောအရာမရှိစေရပါ။ ထိုအမှုတော်တွင်ကျရောက်လာသည့်ဖိအားကို ခံနိုင်ရည်ရှိသော



ယုံကြည်ခြင်းမျိုးကို ကျွန်ုပ်တို့လက်ကိုင်ထားရကြပါမည်။ ဘုရားသခင်သည် သူ၏အစေကိုခံကြသောသူတို့လိုအပ်ကြသည့် ခွန်အားအားလုံးတို့ကို အပ်နှင်းရန်တတ်နိုင်တော်မူပြီး ဆန္ဒလည်းရှိတော်မူပါသည်။ သူတို့၏ယုံကြည်အားထားမှုတို့ကို ဘုရားသခင်အပေါ်ထားရှိကြသောသူတို့အတွက် သူသည် အမြင့်မားဆုံးသောမျှော်မှန်းချက်တို့ကို ပိုမိုဖြည့်ဆည်းပေးတော်မူပါလိမ့်မည်။

–o–

## ဩဂုတ်  (၁)

### ခရစ်တော်၏ကပ်တိုင်တော်ကိုကျွန်ုပ်တို့ဂုဏ်ယူဝါကြွားကြပါသည်

### ခရစ်တော်သည်မြောက်ထားခြင်းခံရလိမ့်မည်

### "ကျွန်ုပ်တို့သည်ခရစ်တော်ကိုကပ်တိုင်၌မြင်တွေ့ရကြပါသည်"

**"ကိုယ်တော်ကို လက်ဝါးကပ်တိုင်မှာရိုက်ကြသောအချိန်ကား၊ နံနက်တစ်ချက်တီးအချိန်ဖြစ်သတည်း" (မာကု ၁၅:၂၅)။**

ဘုရားသခင်၏အပြစ်ကင်းစင်ပြီး သန့်ရှင်းတော်မူသောသားတော်သည် ကပ်တိုင်ပေါ်တွင် ချိတ်ဆွဲထားခံရသောအခါ၊ သူ၏အသားအရေတို့သည် အစင်းကြောင်းတို့ဖြင့် စုတ်ပြတ်နေပြီး၊ ကောင်းချီးမင်္ဂလာကိုပေးကမ်းရန်အတွက် တစ်ပါးသူတို့အား မကြာခဏလက်ကမ်းပေးသည့် သူ၏လက်တို့သည် သစ်သားလက်တန်းတို့အပေါ်တွင် သံချောင်းများဖြင့် ရိုက်ကပ်ခြင်းခံထားရလျက်၊ ချစ်ခြင်းမေတ္တာဆိုင်ရာအမှုတော်အတွက် မမောနိုင်မပန်းနိုင်လျှောက်လှမ်းခဲ့သည့် ခြေထောက်တို့သည် သစ်ပင်ပင်စည်တွင် သံချွန်ဖြင့်ရိုက်နှက်တုပ်နှောင်ထားခြင်းခံရကာ၊ သူ၏အထွတ်အမြတ်ဖြစ်သော တော်ဝင်ဦးခေါင်းတော်သည် ဆူးသရဖူဖြင့် ဆောင်ထားခြင်းခံခဲ့ရသည့်အပြင်၊ လှုပ်လှုပ်ရွရွရှိနေသော သူ၏နှုတ်ခမ်းတို့သည် ပူဆွေးသောကရောက်ခြင်း၏အော်သံဆီသို့ အသွင်ပြောင်းသွားခဲ့ပါသည်။ ဤကဲ့သို့သူကြိတ်မှိတ်တောင့်ခံနေစဉ်တွင် သူ၏ဦးခေါင်းထက်မှ၊ သူ၏လက်များမှ၊ သူ၏ခြေထောက်တို့မှစီးဆင်းလာသည့်သွေး၊ သူ၏ကိုယ်နေကိုယ်ထားကို ပျက်ယွင်းသွားစေသည့် သူခံစားနေရသည့် မချိမဆံ့ဝေဒနာ၊ သူ့ဖခမည်းတော်၏မျက်ကွယ်ပြုခြင်းခံနေရသော သူ၏အသက်ဝိညာဉ်၌ ပြည့်လျှံနေသည့်စကားဖြင့် ပြောပြနိုင်စွမ်းမရှိသော မချိတင်ကဲဝေဒနာတို့သည် လူသားမျိုးနွယ်တို့၏သားသမီးတစ်ဦးချင်းထံသို့ အသိပေးပြောဆိုပြီး၊ ကြေညာနေသည်မှာ ဘုရားသခင်၏သားတော်သည် အပြစ်၏ဝန်ထုပ်ဝန်ပိုးကို ဤကဲ့သို့ခံယူရန် သဘောတူလက်ခံခြင်းသည် သင်တို့အတွက်ပင်ဖြစ်ပြီး၊ သင်တို့အတွက်သူသည် သေခြင်း၏ကြီးစိုးမှုကိုဖျက်ဆီးပစ်ကာ၊ ကောင်းကင်ဘုံ၏ဂိတ်တံခါးတို့ကို ဖွင့်လှစ်ပေးတော်မူပါသည်။ သူ့အနေဖြင့် မိမိကိုယ်ကိုယဇ်ကောင်အဖြစ် ကပ်တိုင်ပေါ်တွင်ဆက်ကပ်တော်မူခဲ့ပြီး၊ ၎င်းလုပ်ဆောင်ချက်သည် သင်တို့အားချစ်ခြင်းမေတ္တာရှိတော်မူခြင်းမှ အစပျိုးလာပါသည်။ အပြစ်၏အခကို ခံစားသူဖြစ်သောသူသည် ဘုန်းတော်ရှင်၏တရားစီရင်ခြင်းဆိုင်ရာအမျက်ဒေါသကို ကြံ့ကြံ့ခံရသည့်အပြင်၊ သင်တို့အတွက်ကြောင့် သူကိုယ်တော်တိုင် အပြစ်သားအဖြစ်သို့ရောက်ရှိသွားပါတော့သည်။

ဤဖြစ်ရပ်ကိုစောင့်ကြည့်နေကြသောသူတို့သည် ကြောက်မက်ဖွယ်ရာမြင်ကွင်း၏အပြီးသတ်အပိုင်းကို တိတ်တိတ်ဆိတ်ဆိတ်ဖြင့် စောင့်နေကြပါသည်။ နေအလင်းရောင်ရှိရသော နေ့ခင်းဖက်အချိန်ဖြစ်သော်လည်း ကပ်တိုင်တော်သည် အမှောင်ထုထဲတွင် လွှမ်းခြုံခြင်းခံနေရဆဲဖြစ်ပါသည်။ ယဇ်ပုရောဟိတ်တို့နှင့်မင်းအရာရှိတို့သည် ယေရုရှလင်မြို့ဆီသို့ လှမ်းကြည့်ကြသောအခါ၊ ထူထပ်သည့်တိမ်တိုက်ကြီးသည် မြို့တော်အပေါ်တွင်အုံ့ဆိုင်းနေပြီး၊ ယုဒပြည်လွင်ပြင်များတို့တွင်လည်း ထိုနည်းအတိုင်းရှိနေပါသည်။ ဖြောင့်မတ်ခြင်းတရား၏နေမင်းကြီး၊ ကမ္ဘာမြေကြီး၏အလင်းတော်ကြီးသည် သူ၏အလင်းတန်းရောင်ခြည်တော်တို့ကို တစ်ချိန်တစ်ခါကကျော်ကြားခဲ့သည့် မြို့တော်ယေရုရှလင်ပေါ်မှ ရုပ်သိမ်းတော်မူလိုက်ပါသည်။ ဘုရားသခင်၏ကြောက်မက်ဖွယ်ရာအမျက်ဒေါသ၏လျှပ်စီးများတို့သည် ကြမ္မာဆိုးကျရောက်သော ယေရုရှလင်မြို့တော်ပေါ်သို့ တိုက်ရိုက်ကျရောက်လာကြပါသည်။

ဤတွင် ပူဆွေးဝမ်းနည်းမှုသည် ကပ်တိုင်တော်ထက်မှ ရုတ်တရက်ရုပ်သိမ်းခြင်းခံခဲ့ရပြီး၊ တံပိုးခရာသံကဲ့သို့သောမြည်ဟည်းသံသည် ဖန်ဆင်းခြင်းလောကတစ်လျှောက်လုံးတွင်၊ အံ့ချီးဖွယ်ရာမြည်ဟည်းသကဲ့သို့ သခင်ယေရှုသည် "အမှုပြီးပြီ" (ယောဟန် ၁၉:၃၀) ဟူ၍ ကြွေးကြော်ခဲ့ပါသည်။ ထို့ပြင် (လုကာ ၂၃:၄၆) တွင်ဖော်ပြထားသကဲ့သို့ "အိုအဖ၊ အကျွန်ုပ်စိတ်ဝိညာဉ်ကို ကိုယ်တော်လက်၌အကျွန်ုပ်အပ်ပါ၏" ဟူ၍ မိန့်တော်မူခဲ့ပါသည်။ ဤတွင် အလင်းတော်တစ်ခုသည် ကပ်တိုင်တော်ကိုဝိုင်းပတ်ပြီး ကယ်တင်

တော်မူသောအရှင်သခင်၏မျက်နှာတော်သည် နေမင်းကဲ့သို့ ဘုန်းတန်ခိုးရောင်ခြည်တော်ဖြင့် ထွန်းလင်းတောက်ပနေပါသည်။ ထို့နောက် ကိုယ်တော်သည် သူ၏ရင်ဘတ်တော်ပေါ်သို့ ဦးခေါင်းငိုက်ဆိုက်ကျကာ အသက်ချုပ်တော်မူခဲ့ပါသည်။

–ဝ–



## ဩဂုတ် (၂)

### ခရစ်တော်သည်မြှောက်ထားခြင်းခံရလိမ့်မည်

### "လူသားအားလုံးတို့သည်မြင့်တင်ခြင်းခံရသော ကယ်တင်ရှင်ထံတော်သို့ယူဆောင်ခြင်းခံရကြမည်"

**"ငါသည်လည်း မြေကြီးနှင့်ခွာ၍မြှောက်ထားခြင်းကိုခံရလျှင်၊ လူအပေါင်းတို့ကို ငါ့ထံသို့ငါဆွဲမည်ဟု မိန့်တော်မူ၏" (ယောဟန် ၁၂း၃၂)။**

သခင်ယေရှုကပ်တိုင်တော်ပေါ်တွင် ဆွဲထားခြင်းခံရသောအကြောင်းအရာနှင့်ပတ်သက်သည့် အထွေထွေဗဟုသုတမျိုးကဲ့သို့ ယခင်ကထိုနေရာတွင်မရှိခဲ့ဘူးပါ။ အားလုံးသောလူသားတို့ကို သူ့ထံတော်ပါးသို့ယူဆောင်နိုင်ရန် သူသည် မြေကြီးနှင့်ခွာ၍မြှောက်ထားတော်မူခြင်းကို ခံခဲ့ပါသည်။ ကပ်တိုင်ပေါ်တွင် ကားစင်တင်အသေခံတော်မူသောမြင်ကွင်းကို ကြည့်မြင်သောသူနှင့် ခရစ်တော်၏မိန့်တော်မူချက်တို့ကို ကြားရသောသူတို့၏စိတ်နှလုံးများထဲတွင် သမ္မာတရားတော်၏အလင်းသည် ထွန်းလင်းနေမည်ဖြစ်သည်။ ဗတ္တိဇံဆရာယောဟန်နှင့်အတူ သူတို့သည် (ယောဟန် ၁း၂၉) တွင်ဖော်ပြထားသည့်၊ "ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့" ဆိုသောစကားကို ထုတ်ဖော်ပြောဆိုနိုင်ကြမည်ဖြစ်သည်။ သမ္မာကျမ်းစာကိုကြည့်ရှုရှာဖွေလေ့လာပြီး စာပုဒ်တိုင်းစာပုဒ်တိုင်းတို့ကို နှိုင်းယှဉ်ကြည့်ရှုကာ၊ ခရစ်တော်၏အမှုတော်နှင့်ဆိုင်သောအဓိပ္ပါယ်ကို မသိရှိမချင်း အနားမယူသည့်သူများရှိကြပေမည်။ သိမ်မွေ့နူးညံ့သောကရုဏာတော်ဖြင့် ကမ္ဘာမြေကြီးတစ်ဝန်းလုံးကို ထွေးပွေ့ထားသည့်သူက၊ ဝေငှပေးတော်မူသောအခမဲ့ခွင့်လွှတ်ခြင်းကို တွေ့မြင်ခဲ့ရကြပါသည်။ သူတို့သည် ခရစ်တော်နှင့်ပတ်သက်သည့် ပုရောဖက်ဟောကြားချက်များ၊ လွတ်လပ်ပြီး ပြီးပြည့်စုံသည့်ကတိတော်များအကြောင်းတို့ကို ဖတ်ရှုခဲ့ရကြပြီး၊ ၎င်းအကြောင်းအရာ

အချက်အလက်တို့သည် ယုဒလူမျိုးတို့နှင့်ယေရုရှလင်မြို့တော်အတွက်ဖွင့်ထား ပေးသည့် စမ်းချောင်းစမ်းပေါက်ဆီသို့ ညွှန်ပြနေပါသည်။

ခရစ်တော်၏မိမိကိုယ်ကိုဆက်ကပ်ပူဇော်ခြင်းသည် အပြစ်ကိုဖြေလွှတ်ပေးသောလုပ်ရပ်တစ်ခုကဲ့သို့ဖြစ်ပြီး၊ ၎င်းသည် အခြားသောစုပြုံပြွတ်သိပ်နေသော သစ္စာတရားတို့၏ပတ်လေးလည်တွင်ရှိသော ကြီးမားသည့်သမ္မာတရားပင်ဖြစ်ပါသည်။ ကမ္ဘာဦးကျမ်းမှဗျာဒိတ်ကျမ်းအထိ ဖော်ပြထားသော ဘုရားသခင်၏နှုတ်တော်ထွက်တွင်ပါဝင်သော သမ္မာတရားတိုင်းကို မှန်ကန်စွာနားလည်နိုင်ရေးနှင့် ဂုဏ်ပြုအသိအမှတ်ပြုနိုင်ရေးအတွက် ကရာနီကုန်းပေါ်ရှိ ကပ်တိုင်တော်မှစီးဆင်းလာသော အလင်းတော်အတွင်းတွင် လေ့လာသင်ယူရမည့်အပြင်၊ အံ့ချီးဖွယ်ရာဖြစ်ပြီး အချက်အချာကျသော ကယ်တင်ရှင်၏အပြစ်ဖြေလွှတ်ခြင်းဆိုင်ရာ သမ္မာတရားတော်တို့နှင့်ဆက်သွယ်ချိတ်ဆက်ရကြမည်ဖြစ်သည်။ ကယ်ချုတ်ရှင်၏အံ့သြဖွယ်ရာဆက်ကပ်ပူဇော်ခြင်းအကြောင်းကို လေ့ကျက်သင်ယူသောသူတို့သည် ကျေးဇူးတော်နှင့်အသိဉာဏ်တို့တွင် တိုးပွားလာကြမည်ဖြစ်သည်။

ကရုဏာတော်နှင့်အားအင်ပြန်လည်ပြည့်ဝလာမှု၊ ကယ်တင်ခြင်းနှင့် ရွေးနှုတ်တော်မူခြင်းတို့နှင့်ဆိုင်သော ကြီးမားပြီးမြင့်မြတ်တင့်တယ်သည့် မော်ကွန်းတိုင်ကြီးကို သင်တို့၏ရှေ့မှောက်တွင် ကျွန်ုပ်ပြသပေးမည့်အပြင်၊ ဘုရားသခင်၏သားတော်ကို ကရာနီကုန်းပေါ်ရှိကပ်တိုင်ပေါ်တွင် မြင့်တင်ခြင်းခံရသည့်အကြောင်းကိုလည်း ပြသပေးပါမည်။ ဤအချက်တို့သည် စိတ်ဓာတ်ကျဆင်းမှုတိုင်းတို့ကို ဦးတည်ရည်ညွှန်းသည့်အချက်များပင်ဖြစ်ပါသည်။

သခင်ယေရှုသည် ငယ်ရွယ်သူနှင့်အသက်ကြီးသူတို့၏စိတ်နှလုံးတို့ကို သူ့ထံတော်ပါးသို့ သူ၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဆွဲယူခေါ်ဆောင်တော်မူပါသည်။ ခရစ်တော်၏ဆက်ကပ်ပူဇော်ခြင်းအကြောင်းနှင့် ပတ်သက်ပြီး ဟောပြောအသိပေးခြင်းရှိလာသောအခါ၊ ဧဝံဂေလိသတင်းစကား၏စွမ်းအားသည် ၎င်း၏ကြိုးပမ်းအားထုတ်ခြင်းများ၏သြဇာအရှိန်အဝါကြောင့် ယုံကြည်သူအပေါ်အသိပေးဖော်ပြပေးမှုရှိလာပါသည်။ ကျူးကျော်



ဝင်ရောက်ခြင်းများနှင့် အပြစ်များအတွင်းရှိ သေလွန်၍ကျန်ကြွင်းဆဲနေရာတို့တွင် ထိုဧဝံဂေလိတရား၏စွမ်းအားက နိုးထစေပါလိမ့်မည်။

ကရာနီကုန်းတော်ပေါ်မှ လူသားကိုမြင့်သည်ထက်မြင့်မားအောင် မြှောက်တင်ထားပါက၊ ခရစ်တော်၏ကပ်တိုင်တော်ကို မြှောက်ထားခြင်းအတွက် စွမ်းအားရှိလာမည်ဖြစ်သည်။

–o–

သြဂုတ် (၃)

## ခရစ်တော်သည်မြှောက်ထားခြင်းခံရလိမ့်မည်
## "ကပ်တိုင်တော်သို့လှမ်းမျှော်ကြည့်သူအားလုံးတို့သည် အသက်ချမ်းသာရကြလိမ့်မည်"

**"မောရှေသည် ကြေးဝါဖြင့်မြွေကိုလုပ်၍ တိုင်ပေါ်မှာမြှောက်ထားပြီးလျှင်၊ မြွေကိုက်သောသူမည်သည်ကား၊ ကြေးဝါမြွေကိုကြည့်ရှုသောအခါ အသက်ချမ်းသာရကြ၏" (တောလည်ရာ ၂၁း၉)။**

ဘုရားသခင်သည် သူ၏သားသမီးတော်ဣသရေလလူမျိုးတို့အား တောကြီးမျက်မည်းထဲတွင် အဆိပ်ရှိသောမြွေဆိုးတို့၏အန္တရာယ်မှ ကာကွယ်ပေးတော်မူခဲ့သော်လည်း ဤအပိုင်းနှင့်ပတ်သက်သည့် သူတို့၏သမိုင်းဖြစ်စဉ်ကို သူတို့မသိရှိခဲ့ကြပါ။ ကောင်းကင်နိုင်ငံ၏ကောင်းကင်တမန်များတို့သည် သူတို့နှင့်ပေါင်းစည်းကြပြီး နေ့ခင်းဘက်တွင် မိုးတိမ်တိုင်အဖြစ်လည်းကောင်း၊ ညဘက်တွင် မီးရှူးတန်ဆောင်အဖြစ်လည်းကောင်း ခရစ်တော်သည် သူတို့၏ခရီးစဉ်တစ်လျှောက်လုံးတွင် အကာအကွယ်အဖြစ်ရှိတော်မူခဲ့ပါသည်။ သို့သော်လည်း သူတို့သည် ကိုယ်ကျိုးဆန်လာကြပြီး၊ မကျေမနပ်ဖြစ်မှုများရှိလာကြသောအခါ၊ သူတို့အပေါ် ကြီးမားသောစောင့်ရှောက်မှုကို မေ့ပျောက်မသွားရန် ထာဝရဘုရားသည် သူတို့အားခါးသီးသောသင်ခန်းစာတစ်ခုကို ပေးတော်မူခဲ့ပါသည်။ သူသည် ကြောက်မက်ဖွယ်ကောင်းသော အဆိပ်ပြင်းထန်သည့်မြွေတို့ကို သူတို့အားကိုက်ခွင့်ပေးခဲ့ပါသော်လည်း သူ၏ကြီးမားသောကရုဏာတော်အားဖြင့် သူတို့အားသေကျေပျက်စီးခြင်းအခြေအနေမျိုးတွင် မချန်ထားရစ်တော်မူခဲ့ပါ။ မောရှေသည် တိုင်တစ်ချောင်းပေါ်တွင် ကြေးဝါမြွေရုပ်တစ်ခုကို မြှောက်တင်ထားစေရန် ဘုရားသခင်ကမိန့်တော်မူပြီး ထိုကြေးဝါမြွေရုပ်ကို ကြည့်ရှုပါက အသက်ချမ်းသာရာရကြမည့်အကြောင်းကိုလည်း ကြေညာချက်ထုတ်ပြန်စေပါသည်။ မြွေကိုက်ခံရသောသူတို့သည် ထိုကြေးဝါမြွေရုပ်ကို လှမ်းကြည့်သည်နှင့်တစ်ပြိုင်တည်း ပြန်လည်ကျန်းမာလာခဲ့ကြပါသည်။ သူတို့အားအဆိပ်တက်စေသည့်မြွေဆိုးတို့နှင့် ခရစ်တော်ကိုပုံနှိုင်းခြင်းသည် ထူးခြားသောခိုင်းနှိုင်းမှုပင်ပါတကား။---- ဤခိုင်းနှိုင်းသည့်အရုပ်ကို တုတ်ချောင်းတစ်ခုတွင် မြှောက်ထားခြင်းခံရပြီး၊ ဣသရေလလူမျိုးတို့က ထိုအရုပ်ကိုကြည့်လိုက်ကြသည်နှင့် သူတို့သည် အနာမှကုသပျောက်ကင်းခြင်းသို့ရောက်ရှိခဲ့ကြပါသည်။ ထို့ကြောင့် သခင်ယေရှုသည် အပြစ်နှင့်ပြီးသောဇာတိပကတိအဖြစ် ဖော်ဆောင်ခြင်းခံရခြင်းပင်ဖြစ်ပါသည်။ ဤမြေကြီးပေါ်သို့ သူသည် အပြစ်ကိုခံယူသူအဖြစ် ကြွလာတော်မူခဲ့ပါသည်။

အထက်ပါကုသခြင်းနှင့်အလားသဏ္ဍာန်တူသောအသက်တာကို အပ်နှံသည့်သတင်းစကားသည် ယခုပင်အသံမြည်လာပေပြီ။ ဤသတင်းစကားသည် ရက်ဖွယ်ရာသစ်တိုင်ထက်တွင် မြှင့်တင်ခြင်းခံရသောကယ်တင်ရှင်ထံတော်သို့ ညွှန်ပြနေခြင်းဖြစ်ပါသည်။ မကောင်းဆိုးဝါးဖြစ်သော ရှေးမြွေကြီး၏အကိုက်ခံရသောသူတို့သည် အသက်ချမ်းသာရာရရှိရေးအတွက် ထိုကယ်တင်ရှင်ကိုကြည့်မြင်ရန် တောင်းဆိုခြင်းခံနေရကြပါသည်။ သင်၏ဖြောင့်မတ်ခြင်းတရားနှင့်ပူဇော်သကာအဖြစ်၊ သခင်ယေရှုတစ်ဦးတည်းထံတော်သို့သာလှမ်းကြည့်ပါ။ အကယ်၍ သင်သည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ရှိပါက မြွေဆိုး၏သေလောက်သောအစွယ်အဆိပ်သင့်မှုသည် ကုသပျောက်ကင်းခြင်းခံရပါလိမ့်မည်။

ကပ်တိုင်တော်မပါရှိပါက၊ လူသားသည် ဖခမည်းတော်နှင့်ပေါင်းစည်းနိုင်မည်မဟုတ်ပါ။ ၎င်းကပ်တိုင်တော်အပေါ် အမှီပြုခြင်းဖြင့် ကျွန်ုပ်တို့တစ်ဦးချင်းတို့သည် မျှော်လင့်ချက်ရှိကြပါသည်။ ၎င်းထံမှ ကယ်တင်ရှင်၏ချစ်ခြင်းမေတ္တာတော်အလင်းတရားကို ထွန်းလင်းစေနိုင်ပြီး၊ ကပ်တိုင်တော်ခြေရင်းတွင် ရောက်ရှိနေချိန်၌ အပြစ်သားသည် သူ့အားကယ်တင်ရန် အသေခံတော်မူသောသူတစ်ဦးထံသို့မျှော်ကြည့်ကာ သူ၏အပြစ်များဖြေလွှတ်ခံရခြင်းအတွက် သူသည် ပြည့်ဝသောရွှင်လန်းမှုဖြင့် ဝမ်းမြောက်ခြင်းရှိမည်ဖြစ်သည်။ ကပ်တိုင်တော်တွင် ယုံကြည်ခြင်းဖြင့်ဒူးထောက်ကာ လူသားများရယူနိုင်သည့်အမြင့်ဆုံးသောအရပ်သို့ သူရောက်ရှိသွားပါတော့သည်။

–o–

## သြဂုတ် (၄)

### ခရစ်တော်သည်မြှောက်ထားခြင်းခံရလိမ့်မည်

## “ခရစ်တော်၏ကပ်တိုင်တော်ကို – ကျွန်ုပ်တို့၏ အိမ်ထောင်မိသားစုများတွင်ထူထားရကြပါမည်”

**“ထိုကြောင့် ယေရှုက၊ သင်တို့သည် လူသားကိုမြှောက်ထားသော အခါ၊ ငါသည် ဤမည်သောသူဖြစ်သည်ကိုလည်းကောင်း၊ ငါသည် ကိုယ်အလိုအလျောက် အဘယ်အမှုကိုမျှမပြုဘဲ၊ ငါ့ခမည်းတော်သည် ငါ့အားနည်းပေးတော်မူသည်အတိုင်း ငါဟောပြောသည်ကိုလည်းကောင်း သင်တို့သည် သိကြလိမ့်မည်” (ယောဟန် ၈း၂၈)။**

ခရစ်တော်သည် အရှက်တရားသေခြင်းတစ်ခုအားဖြင့် ကပ်တိုင်ပေါ်တွင် အသေခံတော်မူခဲ့ခြင်းဖြင့် သူကယ်ချွတ်တော်မူခဲ့သော သူတို့၏မြင့်တင်ခြင်းကို ခံယူသင့်ပါသည်။ ခရစ်တော်၏ကျေးဇူးတော်ဘုန်းတန်ခိုးတော်ကို ခံစားရသောသူသည် တစ်ပါးသူအားပြောပြရန် ပုံပြင်တစ်ပုဒ်ရှိမည်ဖြစ်ပါသည်။ ခရစ်တော်၏ဧဝံဂေလိတရားတော်ကို ပျံ့နှံ့သွားစေမည့်အလုပ်နှင့်ပတ်သက်သော လုပ်ငန်းနည်းစနစ်များတို့အတွက် သူသည် ဝါယမစိုက်ထုတ်ကြိုးပမ်းသင့်ပါသည်။ ဉာဏ်ပညာ၏ကြီးမားသော မူရင်းဇာစ်မြစ်မှတစ်ဆင့် ၎င်း၏ကျွမ်းကျင်မှုကိုရယူသော အကြင်နာတရားသည် အရေးတကြီးဖြစ်သောအရာများ၊ လုပ်ငန်းလည်ပတ်နေသည့် ကိုယ်စားပြုအသင်းအဖွဲ့များတို့ကို စိတ်အတွေးနှင့်နှလုံးသားတို့အပေါ် ၎င်း၏စွမ်းအားပြောင်းလဲပြုပြင်မှုကို ဧဝံဂေလိတရား၏လေ့ကျင့်မှုများဖြင့် လုပ်ဆောင်ပေးပါသည်။

ကျွန်ုပ်တို့၏စွမ်းအား၊ အားလုံးတို့ကို ခရစ်တော်အတွက်အသုံးချသင့်ပါသည်။ ဤအချက်သည် ကျွန်ုပ်တို့တစ်ဦးချင်းအနေဖြင့် ဘုရားသခင်အပေါ်အကြွေးတင်နေခြင်းကို ပြသခြင်းဖြစ်သည်။ ခရစ်တော်နှင့်ဆက်ဆံရေးကို





ပုံဖော်ရာတွင် အသစ်ပြုပြင်ခြင်းခံရသောသူသည် ဘုရားသခင်နှင့်ဆက်ဆံရေးတွင် တာဝန်ပေးခံရသောနေရာဆီသို့ ပြန်လာရမည်ဖြစ်သည်။ သူ၏တာဝန်တို့သည် သူ၏အနီးတွင်ရောအဝေးတွင်၌ပါ ပတ်လည်ဝိုင်းနေပါသည်။ သူ၏ပထမဆုံးသောတာဝန်မှာ သူ၏သားသမီးတို့ထံနှင့် သူနှင့်အနီးကပ်ဆုံးသော ဆွေမျိုးသားချင်းတို့ထံတွင် ထမ်းဆောင်ရေးပင်ဖြစ်သည်။ ပြင်ပရှိကြီးမားသောအဝန်းအဝိုင်းအတွက် အတွင်းပိုင်းတွင်ရှိသောအဝန်းအဝိုင်းကို ဥပေက္ခာပြုခြင်းကို မည်သည့်အရာကမျှ သူ့အားခွင့်မလွှတ်နိုင်ပါ။

အချို့သောအိမ်ထောင်စုတို့တွင် အိမ်ထောင်မိသားစုထဲ၌ အနည်းငယ်သောအသင်းတော်ရှိပါသည်။ အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုသည် နှလုံးသားတစ်ခုနှင့်တစ်ခုကိုချည်နှောင်ထားပြီး မိသားစုဝင်များအတွင်း တွေ့ရှိရသည့်စည်းလုံးညီညွတ်မှုသည် လက်တွေ့ကျသည့်ဘုရားဝတ်၌မွေ့လျော်ခြင်းအကြောင်းကို ဟောပြောနိုင်သည့် အလွန်အရေးတကြီးလိုအပ်သည့် တရားဟောချက်ကို ဟောပြောပါသည်။ မိသားစုတွင် မိဘတို့သည် သစ္စာရှိစွာဖြင့် သူတို့၏တာဝန်များဖြစ်သော တားမြစ်ဟန့်တားခြင်းအမှားကို ပြင်ဆင်ပေးခြင်း၊ အကြံပေးခြင်း၊ တိုက်တွန်းခြင်း၊ လမ်းညွှန်ကြပ်မတ်ခြင်းတို့အပြင် ဖခင်ဖြစ်သူသည် အိမ်ထောင်စုတွင် အသင်းအုပ်အဖြစ် မိခင်ဖြစ်သူသည် အိမ်ထောင်မိသားစုသာသနာပြုအဖြစ် လုပ်ဆောင်ကြခြင်းဖြင့် ဘုရားသခင်က သူတို့အား ဖြည့်ဆည်းစေလိုသည့်နယ်ပယ်အတွင်း သူတို့ကိုယ်၌ကဖြည့်ဆည်းပေးနေသလိုရှိပါသည်။ သူတို့၏အိမ်ထောင်မိသားစုအတွင်း သူတို့၏တာဝန်ကို သစ္စာရှိစွာဖြင့်ထမ်းဆောင်ကြခြင်းဖြင့် အိမ်ထောင်မိသားစု၏အပြင်ဖက်တွင် ကောင်းမြတ်သောအရာကိုလုပ်ဆောင်သည့် ကိုယ်စားပြုအဖွဲ့အစည်းတို့ကို တိုးပွားစေပါသည်။ သူတို့အနေဖြင့် အသင်းတော်အတွင်း ပိုမိုအံဝင်ခွင်ကျစွာဖြင့် အမှုတော်ကိုဆောင်ရွက်နိုင်ကြပေမည်။ သူတို့၏အနည်းငယ်သောလူစုကို လိမ္မာပါးနပ်စွာဖြင့် လေ့ကျင့်သင်ကြားပေးပြီး သူတို့၏သားသမီးတို့ကို သူတို့နှင့်ရောဘုရားသခင်နှင့်ပါ နှောင်ဖွဲ့ထားခြင်းဖြင့် ဖခင်များရော

မိခင်များပါ ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသည့် လုပ်သားများဖြစ်လာပါကြပေမည်။ သူတို့၏အိမ်ထောင်မိသားစုတွင် ကပ်တိုင်တော်သည် စိုက်ထူထားခြင်းခံရပါမည်။ မိသားစုဝင်တို့သည် အထက်အရပ်မှတော်ဝင်မိသားစုဝင်များအဖြစ်သို့ ရောက်ရှိသွားကြပြီး ကောင်းကင်နိုင်ငံတော်ဆိုင်ရာ ဘုရင်ကြီး၏သားသမီးများအဖြစ်သို့ပါ ရောက်ရှိသွားကြမည်ဖြစ်သည်။

–၀–



သြဂုတ် (၅)

## ကျွန်ုပ်တို့သည်တန်ကြေးတစ်ခုဖြင့်ဝယ်ယူခြင်းခံခဲ့ရကြပါသည်

## "ကျွန်ုပ်တို့သည်ခရစ်တော်၏အဖိုးထိုက်လှစွာသော အသွေးတော်ဖြင့်ကယ်နှုတ်ခြင်းခံရကြပါသည်"

**"–––ရွှေငွေအစရှိသော ဖောက်ပြန်ပျက်စီးတတ်သောဥစ္စာနှင့် သင်တို့ကိုရွေးတော်မူသည်မဟုတ်။ အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့်ကင်းစင်သောသိုးသငယ်ကဲ့သို့သော ခရစ်တော်၏အသွေးတော်မြတ်နှင့် ရွေးတော်မူသည်ကိုသိမှတ်ကြလော့" (၁ပေ ၁း၁၈၊၁၉)။**

အသက်ဝိညာဉ်တိုင်းသည် အဖိုးထိုက်တန်လှသည့်အကြောင်းမှာ ယေရှုခရစ်တော်၏အဖိုးထိုက်လှစွာသော အသွေးတော်ဖြင့်ဝယ်ယူခံထားရခြင်းကြောင့်ဖြစ်ပါသည်။

စာတန်အနေဖြင့် "ခရစ်တော်သည် သင့်အားကယ်တင်ရန်ဆိုသည်မှာ သင်သည် အလွန်ကြီးမားသောအပြစ်ကိုကျူးလွန်သော အပြစ်သားဖြစ်နေပါသည်" ဟူ၍ တိုးညင်းစွာရေရွတ်ပေလိမ့်မည်။ သင်သည် သင့်ကိုယ်ကို အမှန်တကယ်အပြစ်နှင့်ပြည့်ဝပြီး ထိုက်တန်မှုမရှိဟု ထင်မြင်အမှတ်ထားမိလာပါက၊ သွေးဆောင်စုံစမ်းသူအား "အပြစ်ဖြေလွှတ်ခြင်းပါရမီကြောင့် ငါသည် ခရစ်တော်အား ငါ၏ကယ်တင်ရှင်အဖြစ် ထုတ်ဖော်ပါသည်။ ငါ၏အစွမ်းအစအရည်အသွေးအပေါ် ကိုးစားခြင်းမဟုတ်ဘဲ၊ ငါ့အားစင်ကြယ်စေသော သခင်ယေရှု၏အဖိုးထိုက်လှစွာသောအသွေးတော်ကို ကိုးစားခြင်းဖြစ်ပါသည်" ဟူ၍ ပြန်လည်တုံ့ပြန်အော်ဟစ်ရမည်ဖြစ်သည်။

ဖြားယောင်းသွေးဆောင်သူ၏တန်ခိုးအစွမ်းမှ သင့်ကိုယ်ကိုသင် လုံခြုံမှုရှိအောင်မလုပ်ဆောင်နိုင်သော်လည်း ထိုအဖိုးထိုက်လှစွာသောအသွေးတော်၏အစွမ်းအစကို သင်ကတောင်းခံလာပါက၊ ထိုဖြားယောင်းသွေးဆောင်သူသည် တုန်လှုပ်ချောက်ချားကာ သင့်ထံမှထွက်ပြေးသွားမည်ဖြစ်ပါသည်။

ထာဝရဘုရားသည် သင့်အားချစ်တော်မူသည်အလျောက် သင့်အပေါ် ချည်နှောင်ထားသော လောကီရေးရာများနှင့် လောကီဆိုင်ရာရည်မှန်းချက်တို့ထက် ထာဝရဘုရားသည် သင့်အပေါ်ပိုမိုရင်းနှီးချစ်ခင်တော်မူပါသည်။ သင်၏ခွန်အားနှင့်စွမ်းဆောင်နိုင်စွမ်းဖြစ်သူအား၊ သင့်အနားတွင်ထားရှိခြင်းကြောင့် မည်မျှတန်ဖိုးရှိလှသည်ကို သင်ဆုံးဖြတ်ပါ။ ကပ်တိုင်တော်၏ အမှောင်ထုလွှမ်းသော အရိပ်ကျသည့်ဘက်တွင်ရှိမနေဘဲ၊ ဖြောင့်မတ်ခြင်းတရားနေမင်းကြီးသည် သင်၏စိတ်နှလုံးထဲအတွင်း ထွန်းလင်းနိုင်ရန် သင်သည် ကပ်တိုင်တော်၏နေရောင်ခြည်ရသောအခြမ်းဘက်တွင် နေရမည်ဖြစ်သည်။

ကျွန်ုပ်တို့အနေဖြင့် ခရစ်တော်၏အပြစ်ဖြေလွှတ်ခြင်းအသွေးတော်ဆီသို့ လွတ်လပ်စွာသွားနိုင်သည့် ဝင်လမ်းရှိရကြမည်ဖြစ်သည်။ ဤဝင်လမ်းကို၊ အပြစ်ဖြင့်ပြည့်ဝသောလူသားကို အာမခံချက်ပေးပြီးသားဖြစ်သည့် တန်ဖိုးအရှိဆုံးသောအထူးရပိုင်ခွင့်နှင့် အကြီးမားဆုံးသောကောင်းချီးမင်္ဂလာအဖြစ် ရှုမြင်အသိအမှတ်ပြုထားရကြမည်ဖြစ်သည်။ ဤကြီးမားသောလက်ဆောင်မွန်ကို အလွန်သေးငယ်နည်းပါးသောအရာအားဖြင့် ဖန်တီးရယူပါသနည်း။ ဤစီးကြောင်းသည် မည်မျှနက်ရှိုင်းစွာ၊ ထို့ပြင် မည်မျှကျယ်ဝန်းပြီးစဉ်ဆက်မပြတ်စီးဆင်းနေပါသနည်း။ သန့်ရှင်းခြင်းပါရမီကို ငတ်မွတ်သောအသက်ဝိညာဉ်တိုင်းအတွက် သက်သာခြင်း၊ နားနေခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၏သြဇာအရှိန်အဝါနိုးကြားစေခြင်းကို ခံစားရရှိပြီးနောက် မြင့်မြတ်သန့်ရှင်းပြီး ဝမ်းမြောက်စွာဖြင့် ခရစ်တော်နှင့်အတူ အေးချမ်းသောလျှောက်လှမ်းခြင်းနှင့် တန်ဖိုးရှိလှစွာသောပေါင်းသင်းဆက်ဆံမှုတို့ကို လုပ်ဆောင်ခွင့်ရရှိကြမည်ဖြစ်သည်။ ထို့နောက်တွင် အိုး၊ ကျွန်ုပ်တို့သည် ဗတ္တိဇံဆရာယောဟန်နှင့်အတူ ဉာဏ်ရည်ဉာဏ်စွမ်းရှိရှိဖြင့် (ယောဟန် ၁း၂၉) တွင်ဖော်ပြထားသော "ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့" ဆိုသည့်စကားကို ပြောဆိုနိုင်ကြပါမည်။ ထိုစကားကိုပြောကြားပြီး ဆုတောင်းပါ။ ၎င်းသည် လေးနက်သည့်သီချင်း၏ဆိုလိုရင်းဦးတည်ချက်ဖြစ်စေပြီး၊ ၎င်းအားဖြင့် သန့်ရှင်းစင်ကြယ်မှုရှိစေကာ ယုံကြည်သော



အသက်ဝိညာဉ်သည် ထိုချစ်ခြင်းမေတ္တာတော်ကိုတောင်းခံလျက်၊ ထိုချစ်ခြင်းမေတ္တာတော်၏ပါရမီများအားဖြင့် ခွင့်လွှတ်ခံရခြင်း၊ ဖြောင့်မတ်စွာစီရင်ခြင်းနှင့် အထွတ်အမြတ်ဖြစ်စေခြင်းများတည်ရှိရာ ဘုရားသခင်၏ပလ္လင်တော်ရှေ့တွင် ရပ်တည်နိုင်မည်ဖြစ်သည်။ ထိုချစ်ခြင်းမေတ္တာတော်၏စင်ကြယ်သောပါရမီသည် ယုံကြည်ခြင်းအတွက် ခွန်အားနှင့်အားမာန်၊ ဆုတောင်းခြင်းအတွက် စွမ်းအားနှင့် ရွှင်လန်းစွာနာခံလိုက်လျှောက်ခြင်းအတွက် ဝမ်းမြောက်ခြင်းတို့ကို ပေးနိုင်ပါသည်။

–၀–

## သြဂုတ် (၆)

## ကျွန်ုပ်တို့သည်တန်ကြေးတစ်ခုဖြင့်ဝယ်ယူခြင်းခံခဲ့ရကြပါသည်
## “ခရစ်တော်၏အသွေးတော်အားဖြင့်ကျွန်ုပ်တို့သည် စင်ကြယ်သန့်ရှင်းကြပါသည်”

**“----ဘုရားသခင်၏သားတော် ယေရှုခရစ်၏အသွေးတော်သည် ငါတို့အပြစ်ရှိသမျှကိုဆေးကြောတော်မူ၏” (၁ယော ၁း၇)။**

ယုဒတို့၏ခေတ်အချိန်ကာလကို ကရုဏာတရား (သို့မဟုတ်) ကျေးဇူးတော်ကင်းမဲ့သည့် ခရစ်တော်မရှိသောခေတ်ဟု အချို့သောသူတို့က ပြောဆိုကြပါသည်။ ၎င်းပြောဆိုချက်တို့သည် ခရစ်တော်ကဗဒ္ဒေါကဲတို့ကို (မဿဲ ၂၂း၂၉) တွင်ပြောဆိုသော “သင်တို့သည် ကျမ်းစာကိုနားမလည်၊ ဘုရားသခင်၏တန်ခိုးတော်ကိုမသိ----” ဆိုသည့်စကားတော်နှင့်ပတ်သက် ဆက်စပ်မှုရှိပါသည်။ ယုဒလူတို့၏စီးပွားရေးကောင်းမွန်သည့်အချိန်ပိုင်းသည် ဘုန်းတော်ရှင်၏တန်ခိုးတော်ကို အံ့သြဖွယ်ရာ အတိအလင်းထုတ်ဖော်ပြသမှုပင်ဖြစ်သည်။ သူ၏တည်ရှိတော်မူခြင်းကို ထင်ရှားစေခြင်းသည် ထူးမြတ်သောထင်ရှားစေခြင်းဖြစ်ပြီး သေမျိုးဖြစ်သောလူသားအနေဖြင့် မည်ကဲ့သို့မျှ ရင်ဆိုင်မြင်တွေ့နိုင်စွမ်းမရှိနိုင်ပါ။ ဘုရားသခင်၏မျက်နှာသာပေးခြင်းကို မြင့်မားစွာရရှိသောမောရှေက (ဟေဗြဲ ၁၂း၂၁) တွင် “ငါသည်ကြောက်ရွံ့တုန်လှုပ်ခြင်းရှိသည်” ဟူ၍ ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ သို့သော် ဘုရားသခင်သည် ဤထူးကဲသောဘုန်းတန်ခိုးတော်အရှိန်ကို မောရှေခံနိုင်စွမ်းရှိရန်အတွက် မောရှေအားခွန်အားပေးတော်မူပြီး၊ ၎င်းဘုန်းတန်ခိုးရောင်ခြည်တော်ကို သိနာတောင်ပေါ်မှာ မောရှေဆင်းလာသောအခါ သူ၏မျက်နှာတွင်၊ အခြားသူများရင်ဆိုင်ကြည့်ရှုနိုင်ရန်မစွမ်းနိုင်သော ရောင်ပြန်ဟပ်မှုကိုဖြစ်ပေါ်စေတော်မူပါသည်။



ခရစ်တော်စီစဉ်တော်မူခဲ့သည့် ဤအမှန်တကယ်အသက်စွန့်ပူဇော်သည့်စနစ်သည် ကယ်တင်တော်မူသည့်အရှင်တစ်ပါး ဤမြေကြီးပေါ်သို့ကြွလာတော်မူမည့်သရုပ်သကန်ကို အာဒံအားပေးထားခဲ့ပြီး၊ ထိုကယ်တင်ရှင်သည် လောက၏အပြစ်တို့ကိုခံယူမည့်အပြင် ၎င်းအပြစ်တို့မှရွေးနုတ်တော်မူခြင်းအတွက် အသေခံတော်မူရမည်ဆိုသည်ကို ပုံဆောင်ထားပါသည်။ အနစ်နာခံစွန့်လွှတ်သည့် ဆက်ကပ်ခြင်းများကို ဣသရေလကလေးသူငယ်များ ဂရုမူမိကြစေရန် ခရစ်တော်သည် မောရှေအားဖြင့် တိကျသောညွှန်ကြားမှုကို ပေးတော်မူခဲ့ပါသည်။ အကောင်းဆုံးသော ခရစ်တော်အားပုံဆောင်မှုဖြစ်သည့် သန့်ရှင်းစင်ကြယ်အနာကင်းသည့် အဖိုးထိုက်သောတိရစ္ဆာန်များသာလျှင် ဘုရားသခင်အတွက်ဆက်ကပ်ခြင်းများအဖြစ် ယဇ်ပုရောဟိတ်တို့က လက်ခံရယူရပါသည်။

ဣသရေလလူတို့သည် အဆီ (သို့မဟုတ်) အသွေးကိုစားသုံးခြင်းကို တားမြစ်ထားခြင်းခံခဲ့ကြရပါသည်။ ဤပညတ်တရားသည် ဆက်ကပ်ခြင်းအတွက် ခြေလေးချောင်းသတ္တဝါတို့နှင့်သာ နှီးနွှယ်သတ်မှတ်ခြင်းမဟုတ်ဘဲ ဣသရေလလူမျိုးတို့စားသုံးရန်သတ်မှတ်ထားသည့် ကျွဲ၊ နွား၊ သိုး၊ ဆိတ် စသည့်တိရစ္ဆာန်တို့၌တွင်ပါ အကြုံးဝင်ပါသည်။ ဤပညတ်တရားတော်သည် အရေးကြီးသည့်အချက်ဖြစ်သည့် အပြစ်ဆိုသည့်အရာသာမရှိခဲ့ပါက၊ သွေးကိုသွန်းလောင်းခြင်းအလုပ်ဆိုသည်မှာလည်း မရှိနိုင်တော့သည်ကို ထိုဣသရေလလူတို့၏စိတ်နှလုံးထဲတွင် စွဲမြဲထင်ကျန်ရစ်စေပါသည်။

ဘုရားသခင်၏သားတော်၏အသွေးတော်သည် အသေခံရသောသားကောင်၏အသွေးအားဖြင့် ပုံဆောင်ခြင်းခံခဲ့ရပြီး ဘုရားသခင်အနေဖြင့် အထွတ်အမြတ်ဖြစ်သောအရာနှင့် သာမန်အရာအကြား ရှင်းလင်းပြီးတိကျသည့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုအတွက် အကြံအစည်ရှိတော်မူခဲ့ပါသည်။ အသွေးတော်သည် အထွတ်အမြတ်ဖြစ်သည့်အလျောက် ဘုရားသခင်၏သားတော်၏အသွေးတော်ကို သွန်းလောင်းနေလေသမျှအားဖြင့်သာလျှင် အပြစ်

အတွက်ဖြေလွှတ်ခြင်းရှိနိုင်ပါမည်။ အသွေးသည် လူတို့၏အပြစ်များမှ သန့်ရှင်းရာဌာနတော်ကိုစင်ကြယ်စေရန်အတွက်ပါ အသုံးပြုခံခဲ့ရပြီး၊ ဤသို့ဖြင့် အပြစ်မှစင်ကြယ်သန့်ရှင်းစေသည့် ခရစ်တော်၏အသွေးတော်ကို ကိုယ်စားပြုရာလည်းရောက်ပါသည်။

–ဝ–



## သြဂုတ် (၇)

### ကျွန်ုပ်တို့သည်တန်ကြေးတစ်ခုဖြင့်ဝယ်ယူခြင်းခံခဲ့ရကြပါသည်

### “ခရစ်တော်၏အသွေးတော်အားဖြင့်အပြစ်ဖြေလွှတ်ခြင်း”

**“ထိုမျှမက၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် မိတ်သဟာယဖွဲ့ရာကျေးဇူးကို ယခုခံပြီးလျှင်၊ ထိုသခင်အားဖြင့် ဘုရားသခင်၌ဝါကြွားဝမ်းမြောက်ခြင်းရှိကြ၏” (ရောမ ၅း၁၁)။**

သူ့အားလက်ခံသော အသက်ဝိညာဉ်တိုင်းအတွက် အသနားခံပေးပြီး၊ ကျွန်ုပ်တို့အတွက် အသွေးကိုသွန်းလောင်းခဲ့သော၊ ထိုအသွေးကို ကျွန်ုပ်တို့ရရှိရေးအတွက် လျှောက်လဲပေးရန် အသက်ရှင်တော်မူသောဘုရားသခင်ကို ကျွန်ုပ်တို့ကျေးဇူးတင်ရပါမည်။ (၁ယော ၁း၉) တွင် “ကိုယ်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း ပြည့်စုံတော်မူ၏” ဟူ၍ ရှင်ယောဟန်ကသြဝါဒပေးခဲ့ပါသည်။ ယေရှုခရစ်တော်၏အသွေးတော်သည် အပြစ်အားလုံးမှကျွန်ုပ်တို့ကို စင်ကြယ်စေပါသည်။ ယေရှုရှင်၏အသွေးတော်အစွမ်းထက်မှုကို ကျွန်ုပ်တို့၏ရှေ့တွင် အစဉ်အမြဲထားရှိရန် လိုအပ်ပါသည်။ ရှင်သန်နေသောယုံကြည်ခြင်းအားဖြင့် ဆီလျော်သည့်အသက်တာကို စင်ကြယ်စေပြီး၊ အသက်ရှည်ကြာစွာရှင်စေသည့် ထိုအသွေးတော်သည် ကျွန်ုပ်တို့၏မျှော်လင့်ခြင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့်တောင်းခံသော ထိုအသွေးတော်၏ပါရမီကိုရရှိရန် ထိုအသွေးတော်က ကျွန်ုပ်တို့အတွက်ပြောဆိုပေးသည့်အပြင် ကျွန်ုပ်တို့၏မသိစိတ်ကိုစင်ကြယ်စေပြီး၊ ဘုရားသခင်နှင့်အတူ မင်္ဂလာရှိရှိတည်မြဲနိုင်ရေးအတွက် ဆောင်ရွက်ပေးသည့် ၎င်း၏မခန့်မှန်းနိုင်သည့်တန်ဖိုးကို ဂုဏ်ပြုအသိအမှတ်ပြုမှုတိုးမြှင့်လုပ်ဆောင်ရန် လိုအပ်ပါသည်။

ဤအသွေးတော်သည် အပြစ်လွတ်ခြင်းအသွေးအဖြစ်ကိုယ်စားပြုပြီး ကျွန်ုပ်တို့ကယ်ချွတ်ရှင်၏ထမြောက်ခြင်းနှင့် အသက်တာတို့၏မခွဲခြားနိုင်သည့်ဆက်နွယ်မှုဖြစ်ကာ၊ အသက်တာမြစ်ရေအဖြစ် ဘုရားသခင်၏ပလ္လင်တော်မှအစဉ်မပြတ်စီးဆင်းလာသည့် စိမ့်စမ်းအဖြစ်ဖြင့်လည်း ပုံဆောင်ပါသည်။

အံ့သြဖွယ်ရာပုံဆောင်မှုအဖြစ် (ဝတ်ပြုရာကျမ်း ၁၄း၄–၈) တွင် ဖော်ပြထားသော ရောဂါပျောက်ကင်းသွားသောလူနူကို စင်ကြယ်စေသောနေ့၌၊ စင်ကြယ်စေခြင်းအနေဖြင့် အသေသတ်ခြင်းခံရသော ငှက်၏အသွေးရောထားသောရေထဲသို့ ရှင်သောငှက်တစ်ကောင်ကိုနှစ်လိုက်ပြီးနောက် ထိုငှက်ကို သူ၏လာမည့်ပျော်ရွှင်စရာအသက်တာအတွက် လွှတ်ပေးလိုက်ခြင်းသည် ကျွန်ုပ်တို့အတွက် အပြစ်ဖြေလွှတ်ခြင်းပုံဆောင်ခိုင်းနှိုင်းမှုပင်ဖြစ်ပါသည်။ သေခြင်းနှင့်ရှင်ခြင်းကိုရောစပ်ထားခြင်းသည် သမ္မာတရားနှင့်ပုန်းလျှိုးနေသောရတနာကိုရှာဖွေသူအား ခွင့်လွှတ်စေသောအသွေးနှင့် ကျွန်ုပ်တို့၏ကယ်ချွတ်ရှင်၏ထမြောက်ခြင်း၊ သက်ရှိထင်ရှားခြင်းတို့နှင့်ပေါင်းစည်းမှုတို့ကိုပြသခြင်းပင်ဖြစ်သည်။ အသေခံရသောငှက်သည် ရှင်သန်နေသောရေ၏အပေါ်တွင်ရှိနေရပြီး ထိုရေကိုခပ်ယူလာသည့် စီးဆင်းနေသောစမ်းချောင်းသည် ကမ္ဘာမြေကြီးကိုအခြေခံပြီး အသေခံရသောသိုးသငယ်ဖြစ်သည့်ခရစ်တော်၏အမြဲစီးဆင်းပြီး အမြဲသန့်ရှင်းစင်ကြယ်သော အစွမ်းထက်မှုရှိသည့် အသွေးတော်ကိုပုံဆောင်ခိုင်းနှိုင်းမှုတစ်ခုပင်ဖြစ်သည်။

ခရစ်တော်၏အပြစ်ဖြေလွှတ်နိုင်သော အသွေးတော်ဆီသို့ရောက်ရှိနိုင်သောအဝင်လမ်းမျိုး ကျွန်ုပ်တို့၌ရှိရပါမည်။ ဤအသွေးတော်သည် တန်ဖိုးအရှိဆုံးသောအခွင့်ထူး၊ အကြီးမားဆုံးသောကောင်းချီးမင်္ဂလာ၊ ထို့အပြင် အပြစ်နှင့်ပြည့်ဝလှသောလူသားအတွက် အစဉ်တစိုက်အာမခံချက်ပေးသည့်အရာအဖြစ် ကျွန်ုပ်တို့အလေးထားရကြပါမည်။ မည်မျှနက်နဲပြီး၊ မည်မျှကျယ်ပြောကာ၊ စဉ်ဆက်မပြတ်စီးဆင်းနေသောစမ်းချောင်းဖြစ်ပါသနည်း။ စင်ကြယ်မွန်မြတ်မှုကို ဆာလောင်မွတ်သိပ်သော အသက်ဝိညာဉ်တိုင်းတို့အတွက်



နားနေခြင်း၊ ငြိမ်သက်ခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏နိုးကြားခြင်းဩဇာသက်ရောက်မှုများရှိနေပြီး ထို့နောက်တွင် သန့်ရှင်းမွန်မြတ်ပြီး ပျော်ရွှင်ခြင်း၊ ပြည့်ဝသောငြိမ်သက်ခြင်းတို့ဖြင့် ခရစ်တော်နှင့်အတူလျှောက်လှမ်းကာ အဖိုးထိုက်လှစွာသော ပေါင်းသင်းဆက်ဆံမှုမျိုးကို ရရှိလာကြမည်ဖြစ်သည်။

–o–

## သြဂုတ် (၈)

### ကျွန်ုပ်တို့သည်တန်ကြေးတစ်ရပ်ဖြင့်ဝယ်ယူခြင်းခံခဲ့ရကြပါသည်

# “ခရစ်တော်၏အသွေးတော်အားဖြင့်ကျွန်ုပ်တို့သည် ဖြောင့်မတ်ရာသို့ရောက်ကြ၏”

**“ငါတို့သည် အပြစ်ရှိစဉ်ပင် ခရစ်တော်သည် ငါတို့အတွက် ကြောင့်အသေခံတော်မူသည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကိုအဘယ် မျှလောက်ချစ်တော်မူသည်ကို ငါတို့အားထင်ရှားစွာပြတော်မူ၏။ သို့ဖြစ်၍ ယခုတွင် အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်ပြီးမှ၊ ထိုသခင်အားဖြင့် အပြစ်ငရဲမှကယ်ချွတ်တော်မူခြင်းသို့ရောက်မည်ဟု သာ၍မျှော်လင့်စရာရှိ၏” (ရောမ ၅း၈၊၉)။**

အပြစ်ကြောင့် ဘုရားသခင်နှင့်လူတို့အကြား ကင်းကွာနေမှုကို ခရစ်တော်ကပြန်ပေါင်းထုပ်ပေးသည့်အနေဖြင့် အပြစ်ကြောင့်သိက္ခာကျခြင်း၊ အပြစ်တင်ခံရခြင်းနှင့် ပြစ်ဒဏ်ကျခံရခြင်းတို့ကိုခံယူခဲ့သော်လည်း ယုံကြည်သူအနေဖြင့် ဘုရားသခင်၏ရှေ့တော်မှောက်တွင် အပြစ်အနာအဆာမရှိစေရေးအတွက် ခရစ်တော်သည် အပြစ်၏အဖိုးအခကိုခံယူစဉ်တွင်ပင်၊ ထာဝရတည်တံ့သည့် ဖြောင့်မတ်ခြင်းတရားကိုဖော်ဆောင်ခဲ့ပါသည်။ သို့သော်လည်း မိမိကိုယ်ကိုမိမိ ဘုရားသခင်၏သားသမီးများအဖြစ် ထုတ်ဖော်ပြောကြားကြသောသူအများအပြားတို့သည် ခရစ်တော်၏အသွေးတော်တစ်ခုတည်းအပေါ်၌သာ မိမိတို့၏မျှော်လင့်ချက်တို့ကို အမှီတံကဲထားရကြမည့်အစား၊ အခြားအားထားစရာတို့အပေါ်၌သာ ကိုးစားကြပါသည်။ ကုံလုံပြည့်စုံသော ကယ်တင်ရှင်အဖြစ် ခရစ်တော်အပေါ်တွင် မိမိတို့၏ယုံကြည်ခြင်းကို လုံးလုံးလျားလျားထားရှိကြရန် တောင်းဆိုခြင်းခံလာရပါက၊ အများသောသူတို့သည် သူတို့လုပ်ဆောင်နိုင်သည့် အနေအထားတစ်စုံတစ်ရာအထိ ယုံကြည်ခြင်းရှိကြောင်းဆိုသည့်အချက်ကို ပြသနေကြပါသည်။ သူတို့က “ခရစ်တော်ထံတော်ကိုလာရောက်ဖို့ လုံလောက်သည့်အနေအထားမရရှိမီအထိ ငါ့မှာလုပ်စရာတွေအများကြီးရှိနေတယ်” ဟူ၍ ပြောလာကြပါသည်။ အခြားသောသူက၊ “ငါလုပ်နိုင်သလောက် အားလုံးကိုအစွမ်းကုန်ငါလုပ်ပြီးသည့်နောက် သခင်ယေရှုဟာ ငါ့ကိုကူညီဖို့ရောက်လာပါလိမ့်မည်” ဟူ၍ ပြောလာပြန်ပါသည်။ သူတို့အနေဖြင့် သူတို့၏ကိုယ်ပိုင်အသက်ဝိညာဉ်တို့ကို ကာကွယ်ရန်အတွက် သူတို့ကိုယ်တိုင်လုပ်ဆောင်စရာအများအပြားရှိနေသည်ဟု တွေးထင်နေကြပြီး၊ ထို့နောက်တွင် သခင်ယေရှုသည် သူတို့တွင်မရှိသေးသည့် လိုအပ်ချက်ကို ဆက်စပ်ဖြည့်ဆည်းပေးရန်ပါဝင်လာကာ သူတို့အတွက် ကယ်တင်ခြင်းကို အပြီးသတ်လုပ်ဆောင်ပေးတော်မူမည်ဟူ၍ ထင်မြင်ယူဆကြပါသည်။ ဤညံ့ဖျင်းသောအသက်ဝိညာဉ်များတို့သည် ခရစ်တော်အား သူတို့၏ပြည့်စုံသောကယ်တင်ရှင်အဖြစ် လက်ခံမလာသည်အထိ၊ ဘုရားသခင်၌ ခိုင်မာသောသူများအဖြစ် မတည်ရှိနိုင်ကြပါ။

ဣသရေလလူမျိုးတို့သည် သေခြင်းတရားဆိုင်ရာ ကောင်းကင်တမန်တော်က အဲဂုတ္တုပြည်တစ်လျှောက် ဖြတ်သန်းသွားသောအခါ ဖျက်ဆီးခြင်းဘေးဒဏ်မှလွတ်ကင်းကြစေရေးအတွက် အသေသတ်ခြင်းခံရသောသိုးတစ်ကောင်၏အသွေးဖြင့် သူတို့၏တံခါးထုပ်တန်းဘောင်တို့တွင် ဖျန်းထားရန်အသိပေးထားခြင်းခံခဲ့ကြရပါသည်။ သို့သော်လည်း ဤရိုးရှင်းသောယုံကြည်ခြင်းနှင့်နားထောင်လိုက်လျှောက်ခြင်းဆိုင်ရာ ဥပဒေသအတိုင်းလိုက်နာလုပ်ဆောင်ကြမည့်အစား သူတို့သည် တံခါးကိုအတားအဆီးဖြင့်ပိတ်ဆို့ပြီး ဖျက်ဆီးသည့်ကောင်းကင်တမန်တော်ကို ပိတ်ဆို့တားဆီးရန် ကြိုတင်ကာကွယ်မှုတိုင်းကို လုပ်ဆောင်ခဲ့ကြပါက သူတို့၏ကြိုးပမ်းအားထုတ်မှုတို့သည် အချည်းနှီးသက်သက်သာဖြစ်သွားပေမည်။–––တံခါးထုပ်တန်းပေါ်တွင် အသွေးဖျန်းထားသည်ကို မြင်တွေ့ရသည်နှင့် လုံလောက်ပေပြီ။ ထိုအိမ်အတွက် ကယ်တင်ခြင်းသည် စိတ်ချရပြီးဖြစ်သည်။ ၎င်းလုပ်ရပ်သည် ကယ်တင်

ခြင်းလုပ်ငန်းတွင်အပါအဝင်ဖြစ်ပြီး အပြစ်အားလုံးတို့မှ စင်ကြယ်စေသည့် ယေရှုခရစ်တော်၏အသွေးတော်ပင်ဖြစ်ပါသည်။

သူ၏ (ခရစ်တော်၏) အသွေးတော်အရည်အသွေးများအားဖြင့်၊ သင်သည် ဝိညာဉ်ရေးရန်သူတိုင်းကို ကျော်လွှားနိုင်မည်ဖြစ်ပြီး အကျင့်စရိုက်၏အနာအဆာတိုင်းကို ကုစားနိုင်မည်ဖြစ်သည်။

–০–



## သြဂုတ် (၉)

### ကျွန်ုပ်တို့သည်တန်ကြေးတစ်ခုဖြင့်ဝယ်ယူခြင်းခံခဲ့ရကြပါသည်

### "ခရစ်တော်၏အသွေးတော်အားဖြင့် ဘုရားသခင်၏သားသမီးများ"

**"ထိုကြောင့် ညီအစ်ကိုတို့၊ ယေရှု၏ကိုယ်ခန္ဓာတော်တည်းဟူသော ကန့်လန့်ကာအားဖြင့် ထိုသခင်ပြင်ဆင်တော်မူသော အသက်လမ်းသစ်တွင် ငါတို့သည် သန့်ရှင်းရာဌာနထဲသို့ အသွေးတော်ကိုအမှီပြု၍ အဆီးအတားမရှိ ဝင်ရသောအခွင့်ရှိသဖြင့်လည်းကောင်း" (ဟေဗြဲ ၁၀း၁၉၊၂၀)။**

ခရစ်တော်သည် ကပ်တိုင်ပေါ်၌ တတိယနှင့်ဆဋ္ဌမနာရီအကြား၊ တစ်နည်းအားဖြင့် ကိုးနာရီနှင့်ဆယ့်နှစ်နာရီကြားကာလတွင် သံမှိုဖြင့်ရိုက်စွဲခြင်းခံခဲ့ရပါသည်။ ညနေပိုင်းတွင် သူကံတော်ကုန်တော်မူခဲ့ပါသည်။ ဤအကြောင်းအရာသည် ညနေပိုင်းအချိန်ကာလဆိုင်ရာ ဆက်ကပ်ပူဇော်ခြင်းပင်ဖြစ်ပါသည်။ ထို့နောက်တွင် ဗိမာန်တော်အတွင်းရှိ ဣသရေလလူထုပရိသတ်တို့၏မြင်ကွင်းမှ ဘုရားသခင်၏ဘုန်းတန်ခိုးတော်အရှိန်အဝါကို ကွယ်ကာထားသောခြုံထည်ကန့်လန့်ကာသည် အပေါ်မှအောက်ဆီသို့ ထက်ခြမ်းကွဲသွားခဲ့ပါသည်။

ခရစ်တော်အားဖြင့် အသန့်ရှင်းတကာ့အသန့်ရှင်းဆုံး၏ပုန်းကွယ်နေသော ဘုန်းအာနုဘော်သည် ထင်ရှားပေါ်ထွက်လာပါသည်။ လူတိုင်းလူတိုင်းအတွက် ခရစ်တော်သည် သေခြင်းကိုခံစားခဲ့ရပြီး ဤဆက်ကပ်မှုကြောင့် လူတို့၏သားသမီးအပေါင်းတို့သည် ဘုရားသခင်၏သားသမီးများအဖြစ်သို့ ရောက်ရှိသွားကြပါသည်။ ပွင့်လင်းနေသောမျက်နှာဖြင့် ထာဝရဘုရား၏ဘုန်းရောင်ခြည်တော်မှန်အားဖြင့်ကြည့်ရှုပါက၊ ခရစ်တော်အားယုံကြည်သူအပေါင်းတို့သည် ဘုန်းအသရေတစ်ခုမှတစ်ခုသို့ တူညီသော

ပုံရိပ်ဖြင့်ပြောင်းလဲသွားရကြပေမည်။ ဘုရားသခင်၏ဘုန်းတန်ခိုးတော်ကိန်းဝပ်တော်မူရာ အသန့်ရှင်းတကာ့အသန့်ရှင်းဆုံးသောနေရာ၌ရှိသော အပြစ်ဖြေရာပလ္လင်တော်သည် အပြစ်အတွက်ကျေနပ်အောင် တောင်းပန်ပေးသောသူအဖြစ် ခရစ်တော်ကိုလက်ခံထားသောသူအားလုံးတို့အတွက် ဖွင့်ထားပေးပြီး ၎င်းအပြစ်ဖြေရာပလ္လင်တော်၏ကြားခံဆောင်ရွက်ပေးမှုဖြင့် သူတို့အားဘုရားသခင်၏ ရောင်းရင်းများအဖြစ်သို့ ရောက်ရှိစေပါသည်။ အကွယ်အကာဖြစ်သော ကန့်လန့်ကာသည် ထက်ခြမ်းကွဲသွားပြီဖြစ်ပြီး ခန်းဆီးနံရံများတို့သည် ပြိုကျသွားကာ ထုံးတမ်းဓလေ့အမိန့်ပြဋ္ဌာန်းချက်ဆိုင်ရာ ရေးသားထားချက်တို့သည် ပျက်ပြယ်သွားပြီဖြစ်သည်။ ခရစ်တော်အသွေးတော်၏ပါရမီအားဖြင့် မလိုမုန်းထားစိတ်သည်လည်း အဆုံးသတ်သွားပြီဖြစ်သည်။

ခရစ်တော်၏ကပ်တိုင်တော်နှင့်ဆိုင်သော ရိုးစင်းသည့်ပုံပြင်များတို့တွင် ကမ္ဘာမြေကြီးအတွက် ခံစားခဲ့ရသောဒုက္ခဆင်းရဲခြင်းနှင့်အသေခံတော်မူခြင်း၊ ရှင်ပြန်ထမြောက်တော်မူခြင်းနှင့် ကောင်းကင်ဘုံသို့တက်ကြွတော်မူခြင်း၊ သူ၏ဖခမည်းတော်၏မျက်မှောက်တော်တွင် အပြစ်သား၏ကိုယ်စားကောင်းသောသီလကိုကျင့်ကြံမှု၊ မာထန်ပြီး အပြစ်ဖြင့်ပြည့်ဝသောစိတ်နှလုံးကိုနှိမ်နင်းပြီး ချိုးချေပစ်မှု၊ အဆုံး၌ အပြစ်သားအား မိမိအပြစ်ကိုဝန်ချတောင်းပန်လာစေခြင်းတို့ပါဝင်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် အပြစ်သား၏ရှေ့တွင် အသစ်သောအလင်းအထဲမှနေပြီး အပြစ်ဆိုသည်မှာ ကြီးမားသောမကောင်းမှုသာဖြစ်ပြီး၊ ၎င်းကိုဖြေလွှတ်ရန် ပေးဆပ်ရမှုမှာ၊ အသက်စွန့်ဆက်ကပ်အပ်နှံရသည့်အကြောင်းကို ထိုအပြစ်သားအား ချပြအသိပေးခဲ့ပါသည်။ အပြစ်ဆိုသည်မှာ မည်မျှဆိုးရွားပြင်းထန်သည်ဆိုရာတွင်၊ သူ့အားသေးငယ်သောအတိုင်းအတာဖြင့် ကုစား၍မရနိုင်ဘဲ၊ ထိုအပြစ်ကိုလုပ်မိသည့်အကျိုးဆက်မှ လူသားကိုကယ်တင်နိုင်ရန်အတွက် ဘုရားသခင်၏သားတော်အသေခံရသည်အထိ ကုစားခဲ့ရပါသည်။ ဤလုပ်ဆောင်ချက်ကို လူ၏ကိုယ်စား အဘယ်ကြောင့်လုပ်ဆောင်ခဲ့ရပါသနည်း။ အမှန်မှာ လူကိုဘုရားသခင်ချစ်တော်မူသောကြောင့်ဖြစ်ပြီး၊ မည်သူ့ကိုမျှပျက်စီးခြင်းသို့



MD - 8

ရောက်ရန် အလိုတော်ရှိတော်မမူသော်လည်း လူသားအားလုံးတို့အနေဖြင့် မိမိတို့၏အပြစ်များကို အထံတော်သို့လာရောက်ဝန်ချတောင်းပန်ရကြမည့်အပြင် သူတို့၏ပုဂ္ဂိုလ်ရေးကယ်တင်ရှင်အဖြစ် ခရစ်တော်ကိုလက်ခံကြခြင်းဖြင့် ထာဝရအသက်ရှင်ခြင်းကို ရယူကြရပါဦးမည်။

–၀–

## ဩဂုတ် (၁၀)

### ကျွန်ုပ်တို့သည်တန်ကြေးတစ်ခုဖြင့်ဝယ်ယူခြင်းခံခဲ့ရကြပါသည်

## **"ခရစ်တော်၏အသေခံတော်မူခြင်းအားဖြင့်ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ပြန်ပေါင်းထုပ်နိုင်ခဲ့ကြပါသည်"**

**"အကြောင်းမူကား၊ ရန်သူဖြစ်လျက်ပင် ဘုရားသခင်၏သားတော် အသေခံတော်မူခြင်းအားဖြင့် ငါတို့သည် ဘုရားသခင်နှင့်မိတ်သဟာယ ဖွဲ့ခြင်းကျေးဇူးတော်ကို ခံရသည်မှန်လျှင်၊ မိတ်သဟာယဖွဲ့ပြီးမှ၊ အသက်တော်အားဖြင့် ကယ်တင်တော်မူခြင်းသို့ရောက်မည်ဟု သာ၍ မျှော်လင့်စရာရှိ၏" (ရောမ ၅း၁၀)။**

ကပ်တိုင်တော်သည် ဘာသာစကားအားဖြင့် ဖော်ပြနိုင်စွမ်းမရှိသော ဘုန်းတန်ခိုးတော်တစ်ခုဖြင့် ရင်းနှီးမြုပ်နှံထားခြင်းခံရပါသည်။ လူသားမျိုးနွယ်စု၏ကိုယ်စား၊ ခရစ်တော်၏အသက်စွန့်ဆက်ကပ်မှုသည် ကျွန်ုပ်တို့၏မစိုးမပို့သောကြိုးပမ်းအားထုတ်မှုများနှင့် နည်းစနစ်များအားဖြင့်၊ လူ့လောကကိုရင်ဆိုင်မြှင့်တင်ပေးရန်အပြင် အပြစ်နှင့်ပြည့်ဝကြသည့်အမျိုးသား၊ အမျိုးသမီးတို့အား သခင်ယေရှုအားတွေ့ရှိနိုင်ရေးအတွက် ကျွန်ုပ်တို့၏အကူအညီအထောက်အပံ့တို့ကို အရှက်ရစေပါသည်။

ဘုရားသခင်၏သားသမီးများတို့၏အလုပ်သည် အများသောသူတို့က ထင်ထင်ရှားရှားဖော်ထုတ်ပြသခဲ့ကြသည့် အကျင့်စရိုက်မျိုးနှင့်ခြားနားသည့် အကျင့်စရိုက်မျိုးတို့ကို ထုတ်ဖော်ပြသရေးပင်ဖြစ်သည်။ အကယ်၍ သူတို့သည် ယေရှုခရစ်တော်ကို ချစ်ခင်မြတ်နိုးကြပါက၊ လူသားမျိုးနွယ်စုတို့ကို ကယ်တင်နိုင်ရေးအတွက် လိုအပ်သည့်တန်ဖိုးအလွန်ကြီးမားသည့် လှူဒါန်းဆက်ကပ်ခြင်းဖြင့်ရရှိလာသော၊ ထို့အပြင် ကျရှုံးပြီးသောလူသားအတွက် ထုတ်ဖော်ပြောပြခဲ့ပြီးဖြစ်သည့် သနားခြင်းကရုဏာ၏လိုအပ်ချက်နှင့်ပတ်သက်သည့် ကျယ်ပြန့်သောအကြံအစည်တို့ကို ရယူထားရကြပါမည်။ ဘုရားသခင်၏



သားတစ်ပါး (သို့မဟုတ်) သမီးတစ်ပါးအဖြစ်သို့ရောက်ရှိလာသော အာဒံ၏ သားနှင့်သမီးတိုင်းတို့၏ပူးပေါင်းလုပ်ဆောင်မှုကို ကျွန်ုပ်တို့၏ကယ်တင်ရှင်က တောင်းခံတော်မူပါသည်။ ကျွန်ုပ်တို့၏ကယ်တင်ရှင်က ထာဝရအသက်ကို လှူဒါန်းမှုတစ်ခုအဖြစ် ကောင်းကင်ဘုံမှယူဆောင်လာခဲ့ကြောင်း ကြေညာတော်မူခဲ့ပါသည်။ လူသားအားလုံးတို့ကို သူ့ထံတော်သို့ဆွဲယူရန်အတွက် ကရာနီကုန်းပေါ်ရှိ ကပ်တိုင်တော်ပေါ်၌ မြှောက်ထားခြင်းခံရမည်ကိုလည်း ကြိုတင်ကြေညာတော်မူခဲ့ပါသည်။ ဝယ်ယူထားခြင်းခံရသော ခရစ်တော်၏ အမွေတော်နှင့်ပတ်သက်ပြီး ကျွန်ုပ်တို့အနေဖြင့် မည်ကဲ့သို့သဘောထားကြမည်နည်း။ ကြင်နာသနားတတ်ခြင်း၊ ဂုဏ်ယူအသိအမှတ်ပြုခြင်း၊ သနားစုံမက်ခြင်း၊ စာနာထောက်ထားခြင်းနှင့် ချစ်ခြင်းမေတ္တာတို့ကို သူတို့အားပြသရကြပါမည်။ ၎င်းနောက်တွင် ကျွန်ုပ်တို့သည် တစ်ဦးကိုတစ်ဦးကူညီပြီး ကောင်းချီးပေးသောအလုပ်ကို လုပ်ဆောင်ရကြပါမည်။ ဤကဲ့သို့လုပ်ဆောင်ရာတွင် ကျွန်ုပ်တို့သည် လူသားဆိုင်ရာညီနောင်သားချင်းထက် ပိုမိုသည့် ချစ်ခင်မှုမျိုး ရှိရကြပါမည်။ ကျွန်ုပ်တို့သည် ကောင်းကင်ဘုံဆိုင်ရာကောင်းကင်တမန်တို့နှင့်အတူ ဂုဏ်အသရေမြင့်သော ပေါင်းသင်းဆက်ဆံမှုမျိုးကိုရရှိကြပါမည်။ မြင့်မြတ်သည်ဖြစ်စေ၊ နိမ့်ကျသည်ဖြစ်စေ ထိုသို့သောသူတို့အား ဉာဏ်အလင်းရစေရန်လုပ်ဆောင်မှုတွင် ထိုကောင်းကင်တမန်တို့သည် ကျွန်ုပ်တို့နှင့်အတူ ပူးပေါင်းပါဝင်လုပ်ဆောင်ကြပါသည်။

ကျွန်ုပ်တို့အား အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနုတ်ခြင်းနှင့်သက်ဆိုင်သည့် အံ့ဩဖွယ်ရာအမှုတော်၌ပါဝင်ရာတွင်၊ ခရစ်တော်သည် သူ၏အဖခမည်းတော်နှင့်အတူ အတိုင်ပင်ခံတော်မူခဲ့ပြီး မည်မျှပင်တန်ဖိုးကြီးမားပါစေ၊ မည်သည့်အရာကိုမျှချမ်းသာမပေးရန် အလွန်မြင့်မားပါသည်ဟု မည်သို့ပင်မှန်းဆထင်မြင်မှုရှိပါစေ၊ မည်သည့်အရာကိုမျှ ပိတ်ပင်တားမြစ်ခြင်းမပြုရန် ဆုံးဖြတ်တော်မူခြင်းဖြင့် နုံချာသောအပြစ်သားကို ကယ်တင်တော်မူရာရောက်ပါသည်။ ဤကဲ့သို့သောကယ်တင်ခြင်းအလုပ်နှင့်၊ လူသားတွင် ဘုရားသခင်၏ကိုယ်ကျင့်တရားပုံရိပ်ကို ပြန်လည်တည်ဆောက်ပေးသော

အလုပ်တို့တွင် ကောင်းကင်ဘုံဆိုင်ရာအသွင်အပြင်အားလုံးကို ထည့်သွင်းပေးတော်မူပါမည်။ ဘုရားသခင်၏သားသမီးတစ်ဦးဖြစ်လာရန်အတွက် ဘုရားသခင်၌ ခရစ်တော်နှင့်အတူ တစ်လုံးတစ်ဝတည်းဖြစ်ရမည်ဖြစ်ပြီး သူတို့၏အပြစ်များအတွင်း ပျက်စီးဆုံးပါးသွားကြသော ဝိညာဉ်များတို့အား ခွန်အားမြှင့်တင်ပေးရန်နှင့် ကောင်းချီးပေးရန်အတွက် ကျွန်ုပ်တို့၏လက်များကို စိတ်အားထက်သန်စွာဖြင့်ဝါယမစိုက်ထုတ်ပြီး၊ မိမိကိုယ်ကိုဆက်ကပ်အပ်နှံသည့် ချစ်ခြင်းမေတ္တာမျိုးတို့ဖြင့် သူတို့အားပြသရကြပါမည်။

–ဝ–



ဩဂုတ် (၁၁)

## ကျွန်ုပ်တို့သည်တန်ကြေးတစ်ရပ်ဖြင့်ဝယ်ယူခြင်းခံခဲ့ရကြပါသည်

## "ခရစ်တော်သည်ကျွန်ုပ်တို့အားအစဉ်ထာဝရသေခြင်းမှ ကယ်နုတ်တော်မူပါသည်"

**"ထိုဘုရားသခင်သည် ငါတို့ကိုထိုမျှလောက်ကြီးစွာသောသေဘေးမှ ကယ်လွှတ်တော်မူပြီ။ ယခု၌လည်း ကယ်လွှတ်တော်မူသေး၏" (၂ကော ၁း၁၀)။**

လူသားတို့အားပတ်လည်ဝိုင်းနေသော စုံစမ်းနှောင့်ယှက်ခြင်းတို့ကို ခံယူတောင့်ခံရန်အတွက် ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် လူသားအသွင်ဘဝဖြင့် ဤကမ္ဘာမြေပေါ်သို့ ဆင်းသက်တော်မူခဲ့ပါသည်။ သူ၏သက်တော်စဉ်အခါတွင် သူသည် စဉ်းလဲသောရန်သူ၏တန်ခိုးဖြစ်သည့် လှည့်ဖြားခြင်း၊ ညှို့ယူဆွဲဆောင်ခြင်းနှင့် ဖျက်ဆီးပစ်ခြင်းတို့၏အတိုင်းအတာပမာဏကို တိုင်းထွာတော်မူခဲ့ပါသည်။ မျိုးနွယ်စုတို့၏ကယ်ချွတ်ရှင်အဖြစ် ကျွန်ုပ်တို့၏ကယ်တင်ရှင်ခရစ်တော်သည် လူသားမျိုးနွယ်တို့အား ကျဉ်းမြောင်းသောလမ်းမှ သွေဖည်သွားစေသည့်အရာများတို့ကို ကြိုးပမ်းရှာဖွေရယူခြင်းအလုပ်ကို မလုပ်ဆောင်မိရန် သတိပေးနေပါသည်။ တော်ဝင်မိသားစုဝင်များအဖြစ်သို့ ရောက်ရှိကြရန် မိမိတို့ကိုယ်ကို ပြင်ဆင်ထားကြသောသူများအားလုံးတို့အတွက် သူကိုယ်တိုင်အသေခံပြီးပြင်ဆင်ပေးထားခဲ့သည့် ကောင်းကင်နိုင်ငံတော်သို့ ရောက်ရှိမည့်ခရီးလမ်းတို့ကို သွားနိုင်ကြစေရေးအတွက် ကယ်တင်ရှင်ခရစ်တော်သည် ထူးမြတ်သောအဝေးပြေးလမ်းမကြီးတစ်ခုကို ပုံဖော်ထားပါသည်။

လူသားအားလုံးတို့ကို ခရစ်တော်သည် သူ၏အသက်ကိုစွန့်လွှတ်ခြင်းဖြင့် တစ်ဦးချင်းကိုဝယ်ယူတော်မူပါသည်။ ထာဝရသေခြင်းမှ လူသားတို့ကိုကယ်တင်ရန်အတွက် သူသည် ရက်ရက်စက်စက်ပြုမူဆက်ဆံခြင်းခံရခြင်းဖြင့် အသေခံတော်မူခဲ့ပါသည်။ ဘုရားသခင်၏အသက်ရှင်တော်မူသည့်

အတိုင်းအတာပမာဏအတိုင်း၊ လူသားတို့အား အသက်ရှည်နိုင်ရေးအတွက် သူသည် သူ၏အပြစ်ကင်းစင်သည့်အသက်ကို ပေးအပ်တော်မူခဲ့ပါသည်။ ခရစ်တော်သည် သူ၏အသေခံတော်မူခြင်းအားဖြင့် လူသားအနေဖြင့် စာတန်မာရ်နတ်နှင့်အဆက်ဖြတ်ပြီး ဘုရားသခင်ထံတော်သို့ ပြန်လည်သစ္စာစောင့်သိစေရေးအတွက် လမ်းကြောင်းတစ်ခုကိုဖော်ဆောင်ပေးတော်မူခဲ့ကာ၊ လူသားအနေဖြင့်မှာလည်း ထိုကယ်ချွတ်ရှင်ခရစ်တော်အပေါ် ယုံကြည်အားကိုးခြင်းအားဖြင့် ခွင့်လွှတ်တော်မူခြင်းကို ခံစားရရှိမည်ဖြစ်ပါသည်။

ကောင်းကင်ဘုံတွင်ရော မြေကြီးပေါ်၌ပါ ရှိသောတန်ခိုးတော်အားလုံးကို ရရှိထားသောသူသည် နောင်တရခြင်းနှင့်ယုံကြည်ခြင်းအသက်ဝိညာဉ်မျိုးတိုင်းကို ပြန်လည်တည်ဆောက်လိမ့်မည်ဖြစ်သည်။ သူ့အားလက်ခံလျှင်လက်ခံကြသလောက် ထိုသူတို့အား ဘုရားသခင်၏သားသမီးများအဖြစ်သို့ ရောက်ရှိစေရေးအတွက် ခရစ်တော်သည် သူတို့အား စွမ်းအားကိုပေးတော်မူပါသည်။ အသက်ဝိညာဉ်တိုင်းတို့အပေါ်တွင် သူသည် လေးနက်သောစိတ်ဝင်စားမှုရှိပြီး မည်သူမျှထာဝရဆုံးရှုံးမှုမရှိစေရေးအတွက် သူ၏ကိုယ်ပိုင်အသက်ကို သူတို့အတွက်အဖိုးအခအဖြစ် ပေးဆပ်တော်မူခဲ့ပါသည်။

ခရစ်တော်၏အစေခံများအနေဖြင့် စုံစမ်းနှောင့်ယှက်ခြင်းတိုင်းကို ရင်ဆိုင်ပြီးကျော်လွှားသင့်၊ ကျော်လွှားနိုင်ရကြမည်ဖြစ်သည်။ သူတို့အနေဖြင့် (၁ကော ၆း၁၉၊၂၀) တွင် ရှင်ပေါလုဩဝါဒပေးထားသောအချက်အချို့အပေါ အဝင် ပြန်လည်ပြောသင့်သောစကားမှာ၊ "ငါဟာ၊ ငါ့ကိုယ်ကိုငါပိုင်တာမဟုတ်ဘူး၊ အဖိုးစားနားနဲ့ဝယ်တော်မူခြင်းခံခဲ့ရတာပါ။ ခရစ်တော်ဟာအကန့်အသတ်မဲ့စွန့်လွှတ်ဆက်ကပ်ခြင်းအားဖြင့် ငါ့အတွက်လုပ်ဆောင်ပေးခဲ့ပြီး ငါ့ရဲ့စွမ်းအားကိုသူတန်ဖိုးထားတဲ့အတွက် သူငါ့ဆီကတောင်းခံတာထက်သူ့ကိုပိုမိုပေးစေလိုတယ်။ အားလုံးကိုသူပိုင်ဆိုင်တာပါ။ သူဟာငါ့ကိုဝယ်ယူရာမှာ ကိုယ်ခန္ဓာ၊ အသက်ဝိညာဉ်နဲ့စိတ်ဓာတ်တွေကိုပါ ဝယ်ယူတာပါ။ သူဟာ ငါ့ရဲ့အချိန်အားလုံးနဲ့ ငါ့ရဲ့လုပ်ဆောင်နိုင်စွမ်းအားလုံးတို့ကို တောင်းခံပါတယ်" ဟူ၍ဖြစ်ပါသည်။



သူ့အားလက်ခံသူများအားလုံးနှင့်ယုံကြည်သူများတို့သည် ဘုရားသခင်၏ဝိညာဉ်ရေးဆိုင်ရာ သားသမီးများအဖြစ်သို့ ရောက်ရှိသွားကြမည်ဖြစ်သည်။ သူတို့သည် တော်ဝင်မိသားစုများအဖြစ် မွေးစားခြင်းခံရကြပြီး၊ ဘုရားသခင်၏အလိုတော်အတိုင်းလုပ်ဆောင်ကြရန် ကြိုးပမ်းကြသည်အလျောက် ဘုရားသခင်၏ပုံရိပ်တော်နှင့်ကိုက်ညီသည့်အနေအထားမျိုးသို့ ရောက်ရှိသွားကြမည်ဖြစ်သည်။

–o–

## သြဂုတ် (၁၂)

### ကျွန်ုပ်တို့သည်ခရစ်တော်၏လက်ဝါးကပ်တိုင်တော်၌သာဝါကြွားကြကုန်အံ့

# "ကျွန်ုပ်တို့သည်လက်ဝါးကပ်တိုင်တော်၌တွင်သာဝါကြွားရကြပါမည်"

**"ငါဖြစ်လျှင်၊ ငါတို့သခင်ယေရှုခရစ်၏လက်ဝါးကပ်တိုင်တော်မှတစ်ပါး အဘယ်အရာ၌မျှဝါကြွားခြင်းမရှိပါစေနှင့်။ ထိုလက်ဝါးကပ်တိုင်တော်မှာ ဤလောကသည် ငါ့အဖို့ရိုက်ထားခြင်းကိုခံလျက်ရှိ၏။ ငါသည်လည်း ဤလောကအဖို့ရိုက်ထားခြင်းကိုခံလျက်ရှိ၏" (ဂလာတိ ၆:၁၄)။**

ခရစ်တော်၏ကပ်တိုင်တော်အကြောင်း၊ ၎င်းသည် မည်သည့်အရာဖြစ်သည်ကို သိရှိရေးအတွက်၊ ၎င်းကပ်တိုင်ကို အဘယ်မျှလောက်သောသူများယုံကြည်ကြပါသနည်း။ ၎င်းကပ်တိုင်တော်အကြောင်းကို မိမိတို့၏လေ့လာသင်ယူမှုများတို့တွင် လူမည်မျှများပြားစွာက ထည့်သွင်းထားကြပြီး ၎င်း၏အရေးပါမှုအမှန်အကန်ကို သိရှိကြပါသနည်း။ ခရစ်တော်၏ကပ်တိုင်တော်မပါဝင်ဘဲ ကျွန်ုပ်တို့၏ကမ္ဘာပေါ်တွင် မည်သို့မျှခရစ်ယာန်တစ်ယောက်ဖြစ်မလာနိုင်ပါ။ ကမ္ဘာမြေကြီး၏ပုံစံနမူနာများမှ လှည့်ထွက်လာပြီး၊ ကြီးကျယ်သည့်ပုဂ္ဂိုလ်များဟု အများကပြောဆိုသည့်သူတို့ကို အလွန်အမင်းချီးကျူးပြောဆိုမှုကိုရပ်တန့်ကာ၊ မိမိတို့၏စိတ်အတွေးတို့ကို အရာအားလုံးတို့အတွက်ဝါကြွားခြင်းမှလှည့်ထွက်လာကြခြင်းဖြင့်သာလျှင်၊ ခရစ်တော်၏ကပ်တိုင်တော်ကို လုံခြုံစေမည်ဖြစ်သည်။ ရှင်ပေါလုက အထက်ပါကျမ်းချက်အတိုင်း "ငါဖြစ်လျှင်၊ ငါတို့သခင်ယေရှုခရစ်၏လက်ဝါးကပ်တိုင်တော်မှတစ်ပါး အဘယ်အရာ၌မျှ ဝါကြွားခြင်းမရှိပါစေနှင့်" ဟူ၍ သြဝါဒပေးခဲ့ပါသည်။ အမြင့်ဆုံးတွင်ဖြစ်စေ၊ အနိမ့်ဆုံးတွင်ဖြစ်စေ ရှိနေကြသောသူတို့အားလုံးတို့အနေဖြင့် ခရစ်တော်၏ကပ်တိုင်တော်၌ ဝါကြွားခြင်းဆိုသည့်အဓိပ္ပါယ်ကို သိရှိစေရန် လုပ်ဆောင်ကြပါစို့။ ထိုကပ်တိုင်တော်ကို ရဲရင့်ပြီးလူသားဆန်သောစိတ်ထားမျိုးဖြင့် ထမ်းပိုးကြရပါမည်။ ခရစ်တော်က "ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့လိုက်ရမည်" ဟူ၍ (မဿဲ ၁၆:၂၄) တွင် မိန့်တော်မူခဲ့ပါသည်။ ထို့အပြင် ကပ်တိုင်တော်ကိုထမ်းပြီး ခရစ်တော်၏နောက်တော်သို့လိုက်လျှောက်ကြသောသူအားလုံးတို့အတွက် ကပ်တိုင်တော်သည် မည့်သည့်အခါမျှ မှေးမှိန်ပျောက်ကွယ်သွားခြင်းမရှိသော ဘုန်းအသရေတော်၏သရဖူသစ္စာကတိအဖြစ်ရှိနေပါသည်။

ဤအကြောင်းအရာသည် ကျွန်ုပ်တို့သင်ကြားရယူနိုင်သော အမြင့်ဆုံးသောကယ်တင်ခြင်းဆိုင်ရာ သိပ္ပံပညာရပ်ပင်ဖြစ်ပါသည်။ ကရာနီကုန်းပေါ်မှကပ်တိုင်တော်ကို မှန်ကန်စွာရှုမြင်ခြင်းသည် မှန်ကန်သောသဘောတရားခံယူချက်ဖြစ်ကာ ဖြူစင်စစ်မှန်ပြီး အစွန်းအထင်းမဲ့သည့်ဘာသာတရားပင်ဖြစ်ပါသည်။ ယုံကြည်သူအားလုံးတို့အတွက် ၎င်းသည် ထာဝရအသက်တာပင်ဖြစ်ပါသည်။ အပတ်တကုတ်ကြိုးပမ်းအားထုတ်လုပ်ဆောင်ခြင်းဖြင့် စာကြောင်းရေတစ်ကြောင်းပြီးတစ်ကြောင်း ဥပဒေသတစ်ခုနောက်ဥပဒေသတစ်ခု၊ ဤမှနည်းနည်းပါးပါးထိုမှနည်းနည်းပါးပါးတို့ဖြင့် စိတ်အတွေးများတို့တွင်စွဲမြဲထင်ကျန်ရစ်စေသင့်သည့်အပြင်၊ ထိုခရစ်တော်၏ကပ်တိုင်တော်သည် ရှင်ပေါလုခေတ်ကာလကကဲ့သို့ ယခုခေတ်တွင်လည်းအစွမ်းထက်ပြီး၊ ကြီးကျယ်သောတမန်တော်ကြီးသည် ထိုကပ်တိုင်တော်အကြောင်းကို မှန်ကန်ပြည့်စုံစွာနားလည်သဘောပေါက်သကဲ့သို့ ယုံကြည်သူတို့ကလည်း ပြည့်စုံစွာနားလည်သဘောပေါက်သင့်ပါသည်။

တစ်ခုတည်းသော သင်သိရှိရမည့်၊ သင်လုံခြုံစိတ်ချစွာဝါကြွားနိုင်သောအရာမှာ ဘုရားသခင်၏သန့်ရှင်းသောမြို့တော်၏ဂိတ်တံခါးများတို့သည် သင့်အတွက်ဖွင့်လှစ်ထားကြမည် ဆိုသောအချက်ပင်ဖြစ်ပါသည်။ သင်ကြိုးပမ်းရှာဖွေရယူနေသည့် တိုင်းပြည်နှင့်အံဝင်ခွင်ကျဖြစ်မည့် အကျင့်စရိုက်မျိုးတို့ကို ပုံဖော်နိုင်ရန် ဘုရားသခင်၏နှုတ်တော်ထွက်မှ သင်ကြားရယူပါ။ ခရစ်တော်

သည် သင်တို့အစုအဝေးအတွင်း၌ နေရာချထားခြင်းခံရပြီး၊ ဤကဲ့သို့ခန့်ထားခြင်းခံရခြင်းမှာ အာဒံအားဖြင့် လက်လွှတ်ဆုံးရှုံးခဲ့ရသည့်အရာအားလုံးတို့ကို ယုံကြည်သောအသက်ဝိညာဉ်တိုင်း၌ ခရစ်တော်၏ကပ်တိုင်တော်သည် အပြည့်အဝပြန်လည်တည်ဆောက်ပေးခြင်းဖြစ်ပါသည်။

–o–



## ဩဂုတ် (၁၃)

### ကျွန်ုပ်တို့သည်ခရစ်တော်၏လက်ဝါးကပ်တိုင်တော်၌သာဝါကြွားကြကုန်အံ့

### "ကျွန်ုပ်တို့သည်လူတို့၌ဝါကြွားခြင်းမရှိကြပါ"

**"–––ပညာရှိတို့၏အကြံအစည်တို့သည် အချည်းနှီးဖြစ်ကြောင်းကို ထာဝရဘုရားသိတော်မူ၏။–––ထိုသို့ဖြစ်လျှင် အဘယ်သူမျှ လူတို့၌ဝါကြွားခြင်းမရှိစေနှင့်" (၁ကော ၃း၂၀၊၂၁)။**

ကျွန်ုပ်တို့သည် အကျင့်ပျက်မှုခေတ်ကာလတစ်ခုအတွင်း ရှင်သန်နေရကြပြီး လူကြီးလူငယ်လူရွယ်တို့သည် အပြစ်တရားအတွက် သတ္တိရှိကြပါသည်။ အကယ်၍သာ ကျွန်ုပ်တို့၏လူငယ်လူရွယ်တို့သည် လေးလေးနက်နက်စောင့်ကြပ်ထိန်းကျောင်းပေးခြင်းမရှိပါက၊ ခိုင်မာသောအခြေခံစည်းမျဉ်းများတို့ဖြင့် အခိုင်အမာခုခံပေးထားခြင်းမရှိပါက စိတ်အတွေးကိုပြုစုပေးသည့် ပေါင်းသင်းဆက်ဆံရေးဆိုင်ရာရွေးချယ်မှုနှင့် စာပေရွေးချယ်မှုတို့တွင် ကြီးမားသောသတိရှိရှိဂရုစိုက်စောင့်ကြည့်မှုကို ထုတ်ဖော်ပြသခြင်းမရှိပါက သူတို့၏ ကိုယ်ကျင့်တရားတို့သည် သောဒုံမြို့သူမြို့သားတို့၏ကိုယ်ကျင့်တရားကဲ့သို့ ယိုယွင်းပျက်စီးသော လူ့အဖွဲ့အစည်းတစ်ခုအဖြစ် ပေါ်ထွက်လာပေလိမ့်မည်။ –––ကျွန်ုပ်တို့၏လူငယ်လူရွယ်တို့သည် စုံစမ်းနှောင့်ယှက်ခြင်းများကို အချိန်မရွေးကြုံတွေ့ရနိုင်သည်အလျောက် သူတို့သည် အထက်အရပ်မှဘုန်းတန်ခိုးတော်၊ သင်ကြားပို့ချမှုတို့အပေါ်အားထားခြင်းဖြင့် မိမိတို့ကိုယ်ကိုပညာတတ်များအဖြစ်သို့ လုပ်ဆောင်ရကြပါမည်။ ထိုအထက်အရပ်မှတန်ခိုးတော်နှင့် သင်ကြားပို့ချမှုတို့သည် လူတို့ကပေးသောစွမ်းအားနှင့် ပို့ချမှုတို့ထက်သာလွန်ပါသည်။ နေရာတကာတိုင်းတွင် ခရစ်ယာန်ဘာသာတရားကို ပမာမထားနေကျအတိုင်း ကျွန်ုပ်တို့၏ထာဝရဘုရားအား မထီမဲ့မြင်ပြုသူများကို နေရာတိုင်းတွင်တွေ့မြင်နေရပါသည်။ ကိုယ်ကျင့်တရားစွမ်းအားမရှိသောသူတို့အနေဖြင့် သမ္မာတရားကိုကာကွယ်ရန်အတွက် မရပ်တည်နိုင်ကြသည့်အပြင်၊

"ဒီလိုပြောဆိုမှုမျိုးတွေမရပ်တန့်ဘူးဆိုရင် မင်းရဲ့ရှေ့မှောက်မှာငါရှိမနေနိုင်ဘူး။ ကမ္ဘာကြီးရဲ့ကယ်ချွတ်ရှင်ဖြစ်တဲ့ သခင်ယေရှုဟာ ငါ့ရဲ့ကယ်တင်ရှင်ဖြစ်ပြီး ငါ့ရဲ့ထာဝရအသက်ရှင်ရေးမျှော်လင့်ချက်ဟာ သူ့ကိုဗဟိုပြုနေတယ်" ဆိုသောစကားကိုပြောဆိုရဲရန် သူတို့တွင်သတ္တိမရှိကြပါ။ သို့သော် ဤနည်းလမ်းသာလျှင် သူတို့ကိုတိတ်ဆိတ်စေပါသည်။ အကယ်၍သာ သင်သည် သူတို့နှင့်ငြင်းခုံနေလျှင် သူတို့တွင်လည်း သင်နှင့်ရင်ဆိုင်တုံ့ပြန်ရန် ငြင်းဆိုချက်များရှိကြလိမ့်မည်ဖြစ်ပြီး သင်သာလျှင် သူတို့ကိုထိခိုက်အောင် ပြန်လည်တုံ့ပြန်ပြောဆိုစရာအချက်များမရှိနိုင်သော်လည်း သင်သည် ခရစ်တော်အတွက်ရှင်သန်နေပါက၊ ထို့ပြင် ကောင်းကင်ဘုံရှင်ဘုရားသခင်အပေါ် သင်၏သစ္စာစောင့်သိခြင်းသည် ခိုင်မြဲပါက သူတို့အနေဖြင့် ငြင်းဆိုချက်များမလုပ်ကြရန် သူတို့အတွက်သင်လုပ်ဆောင်ပေးရမည်ဖြစ်သည်။

ခရစ်တော်၏အသွေးတော်ဖြင့် ဝယ်ယူထားခြင်းခံရပြီး၊ ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းရမည့်အစား၊ သူတို့၏ကိုယ်ပိုင်အရည်အသွေးကိုအားကိုးပြီး ဘုရားသခင်အပေါ်သစ္စာစောင့်သိမှုမရှိကြသောသူများ ဧဝံဂေလိတရားတော်အားဖြင့် သဘောထားကြီးစွာ သူတို့ထံသို့ပို့ဆောင်ပေးသောသတင်းစကားတော်များကို ပျက်လုံးထုတ်စရာအဖြစ်သို့ ပြောင်းလဲလိုက်ကြသောသူများ ခရစ်တော်၏ဂုဏ်အသရေတော်ကိုငြင်းပယ်ပစ်ပြီး သူတို့၏အကန့်အသတ်နှင့်ရှိသောအကြောင်းပြချက်၊ တွေးခေါ်မြော်မြင်မှုတို့အပေါ်ကိုးစားကြကာ၊ အခြေအမြစ်မရှိသောငြင်းချက်တို့ဖြင့် ငြင်းပယ်ကြသောသူများတို့လောက် သြချစရာဖြစ်ရလောက်အောင် ဝမ်းနည်းဖွယ်ရာကောင်းသောသူများမရှိကြပါ။ ဆင်းရဲခြင်းဒုက္ခနှင့်အစမ်းသပ်ခံရချိန်၊ သေခြင်းနှင့်နဖူးတွေ့ဒူးတွေ့ရင်ဆိုင်နေရချိန်များတွင် သူတို့ရင်ဝယ်ထွေးပိုက်ထားကြသော မှားယွင်းသည့်တွေးခေါ်မြော်မြင်မှုတို့သည် နေမင်းကြီး၏အပူရှိန်ရှေ့မှောက်တွင်ကျရောက်နေသောရေခဲမြစ်ကဲ့သို့ အရည်ပျော်သွားပေလိမ့်မည်။ ခရစ်ယာန်၏မျှော်လင့်ခြင်းသည် အသက်ဝိညာဉ်၌ သေချာပြီးခိုင်မြဲတည်ကြည်သည့်ကျောက်ဆူးအလားရှိနေရပါမည်။

–o–



ဩဂုတ် (၁၄)

### ကျွန်ုပ်တို့သည်ခရစ်တော်၏လက်ဝါးကပ်တိုင်တော်၌သာဝါကြွားကြကုန်အံ့

## "ကျွန်ုပ်တို့သည်လောကီရေးရာနှင့်ဆိုင်သော ဉာဏ်ပညာ၌ဝါကြွားရန်မရှိကြပါ"

**"ထာဝရဘုရားမိန့်တော်မူသည်ကား၊ ပညာရှိသောသူသည် မိမိပညာ၌ မဝါကြွားစေနှင့်----" (ယေရမိ ၉း၂၃)။**

လူသားတို့အနေဖြင့် မိမိတို့၏ဉာဏ်ပညာ၊ ခွန်အား (သို့မဟုတ်) သူတို့၏ကြွယ်ဝချမ်းသာမှုတို့တွင် ရွှင်လန်းခြင်းမရှိကြရပါသော်လည်း ခရစ်တော်နှင့်ပတ်သက်သော ပညာအတတ်ရှိခြင်းတွင်မူ ရွှင်လန်းခြင်းရှိရကြပါမည်။ ဤပညာအတတ်သည် အပြောင်မြောက်ဆုံးနှင့်အဖိုးအထိုက်ဆုံးဖြစ်ကာ၊ ၎င်းပညာအတတ်မျိုးကို ကျွန်ုပ်တို့ပိုင်ဆိုင်ရယူနိုင်ပါသည်။ ဤအရာသည် ထာဝရအသက်တာအတွက် ကတိသစ္စာဖြစ်ပါသည်။ ခရစ်တော်အသေမခံရမီ သူ၏ဖခမည်းတော်ထံဆုတောင်းရာတွင် (မဿဲ ၁၇း၃) အရ၊ ထာဝရအသက်နှင့်ပတ်သက်ပြီး" ထာဝရအသက်ဟူမူကား၊ မှန်သောဘုရားသခင်၏တစ်ဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကိုလည်းကောင်း၊ စေလွှတ်တော်မူသောယေရှုခရစ်ကိုလည်းကောင်း သိကျွမ်းခြင်းတည်း" ဟူ၍ မိန့်တော်မူခဲ့ပါသည်။ ငွေကြေးအားဖြင့် ၎င်းကိုမဝယ်ယူနိုင်သကဲ့သို့ လူ၏အသိဉာဏ်စွမ်းအားဖြင့် ၎င်းကိုသဘောပေါက်နားလည်နိုင်ခြင်းမရှိသည့်အပြင် အာဏာတန်ခိုးအားဖြင့် အမိန့်ပေးခိုင်းစေ၍မရနိုင်သော်လည်း ဘုရားသခင်၏ထူးမြတ်သောကျေးဇူးတော်ကို လက်ခံကြမည့်သူများအားလုံးတို့အား အဖိုးအခမဲ့ဖြင့်ပေးကမ်းတော်မူမည်ဖြစ်သည်။ သို့သော် လူသားတို့အနေဖြင့် မိမိတို့၏လိုအပ်ချက်ကို သိရှိခံစားရကြမည့်အပြင်၊ မိမိကိုယ်ကိုသာ မှီခိုအားထားလိုစိတ်အားလုံးတို့ကို စွန့်ပစ်ရကြမည်ဖြစ်ပြီး ကယ်တင်ခြင်းကျေးဇူးကိုလက်ဆောင်မွန်တစ်ခုအနေဖြင့် လက်ခံရယူရမည်ဖြစ်သည်။ ကောင်းကင်နိုင်ငံ

တော်အတွင်းသို့ ဝင်စားသူများတို့အနေဖြင့် မိမိတို့၏ကိုယ်ပိုင်ဖြောင့်မတ်ခြင်းအားဖြင့် ထိုကောင်းကင်နိုင်ငံတော်၏မြို့ရိုးတို့ကို ကုတ်ကတ်တွယ်တက်ခြင်း မပြုရဘဲ (သို့မဟုတ်) ရွှေသော်လည်းကောင်း၊ ငွေသော်လည်းကောင်း တို့ဖြင့် တန်ဖိုးကြီးမားသောအလှူငွေတို့ဖြင့် ထိုမြို့ရိုးဂိတ်တံခါးမကြီးတို့ကို သူတို့အတွက်ဖွင့်လှစ်စေခြင်းမျိုးမလုပ်ရပါသော်လည်း၊ ခရစ်တော်၏ကပ်တိုင်တော်ဂုဏ်အသရေ အရည်အသွေးတို့ဖြင့် ဖခမည်းတော်အိမ်တော်ဝင်းအတွင်းရှိ အိမ်ကြီးရခိုင်များဆီသို့ သွားရောက်နိုင်သောဝင်ပေါက်တစ်ခုကို ရယူနိုင်ကြမည်ဖြစ်သည်။

မိမိကိုယ်၌သာဖြစ်သော ဖြောင့်မတ်ခြင်းသည် ခရစ်တော်ကိုမလိုအပ်ပါဆိုသည့်အသိမျိုးကို ခံစားလက်ကိုင်ထားကြပါသည်။ ထို့ပြင် ခရစ်တော်၏နာမတော်ကို ပြောင်အတိအလင်းထုတ်ဖော်ပြောဆိုပြီး မိမိတို့၏ကိုယ်ပိုင်ဉာဏ်ပညာနှင့်ကောင်းကွက်တို့ကို အလွန်အကျွံချီးကျူးအမွှမ်းတင်ခြင်းသည် ခရစ်တော်နှင့်သိကျွမ်းခြင်းမရှိခြင်းကို သက်သေပြခြင်းပင်ဖြစ်သည်။ ခရစ်တော်အနေဖြင့် အသက်ဝိညာဉ်အား မိမိကိုယ်ကိုထင်ရှားစေသည်နှင့်တစ်ပြိုင်တည်း အပြစ်သားအနေဖြင့် အပြစ်ကိုဖြေလွှတ်ပေးသည့် ဘုရားသခင်၏သိုးသငယ်သည်သာလျှင် တစ်ခုတည်းသောမျှော်လင့်ချက်ဖြစ်ကြောင်း ခံစားလာရပါသည်။ ခရစ်တော်သည် သူ၏ချစ်ခြင်းမေတ္တာတော်ကို အပြစ်သားအားစတင်ဖွင့်ဟပေးတော်မူသည်အလျောက်၊ ထိုအကျိုးသက်ရောက်မှုသည် မည်သည့်အရာဖြစ်သည်ကို ထိုအပြစ်သားက တွေ့မြင်လာရမည်ဖြစ်သည်။ ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်နှင့်စိမ်းနေသော အတော်များများသောသူတို့သည် ထိုအတွေ့အကြုံကိုတောင်းခံနေကြပါသည်။ သို့သော် အကယ်၍သာ ထိုအတွေ့အကြုံမျိုးသည် တစ်စုံတစ်ယောက်အား မိမိကိုယ်ကိုနှိမ့်ချရှုမြင်ခြင်းဆီသို့ ဦးတည်စေပါက၊ ထို့အပြင် အကယ်၍သူသည် သူ၏လောကီပိုင်ဆိုင်မှုများထက် ကောင်းကင်ဘုံဆိုင်ရာဆုလာဘ်က ပိုမိုပြီးအဖိုးထိုက်တန်ကြောင်းကို သက်သေပြသလာနိုင်ပါက ခရစ်တော်ထံမှအသက်တာရောင်စဉ်တန်းတို့သည် သူ၏အသက်ဝိညာဉ်အပေါ်သို့ ထွန်းလင်းတောက်ပနေကြောင်းကို ကျွန်ုပ်တို့သိရှိရကြပါမည်။

ခရစ်တော်သာမပါရှိပါက၊ မည်သည့်ပုံစံအနေအထားမျိုး၌တွင်မဆိုရှိသောလူသား၏ဉာဏ်ပညာသည် မိုက်မဲမှုသာဖြစ်ပြီး မိမိတို့ကိုယ်ပိုင်ဉာဏ်ပညာတွင်သာ အားကိုးအားထားပြုသူတို့သည် သူတို့၏ရေတွက်ဝင်ခြင်း၏အပြင်ဘက်သို့ ထာဝရဆုံးရှုံးကြရမည်ဖြစ်သည်။ သခင်ယေရှုကိုယုံကြည်သူအားလုံးတို့အနေဖြင့် ထိုသခင်ယေရှုအားဖြင့် ဘုရားသခင်၏ထံတော်ပါးသို့လာရောက်ကြသောသူအားလုံးတို့သည် အစွမ်းကုန်ဖြစ်သောကာကွယ်မှုကို ရရှိကြမည်ဖြစ်ကာ ဧဝံဂေလိတရားသည်လည်း ဘုရားသခင်၏ဘုန်းတန်ခိုးတော်နှင့်ဉာဏ်ပညာတော်ပင်ဖြစ်ပါသည်။

–ဝ–

ဩဂုတ် (၁၅)

## ကျွန်ုပ်တို့သည်ခရစ်တော်၏လက်ဝါးကပ်တိုင်တော်၌သာဝါကြွားကြကုန်အံ့
## “ကျွန်ုပ်တို့သည်ချမ်းသာကြွယ်ဝမှုတို့၌ဝါကြွားရန်မရှိကြပါ”

**“––––ဥစ္စာရတတ်သောသူသည် မိမိဥစ္စာ၌မဝါကြွားစေနှင့်” (ယေရမိ ၉း၂၃)။**

ချမ်းသာကြွယ်ဝသောသူအနေဖြင့် သူ၏ကြွယ်ဝချမ်းသာမှုတို့တွင် မဝါကြွားရပါ။ လောကီအရာများတို့တွင် ကျွန်ုပ်တို့၏ချစ်ခင်တွယ်တာမှုတို့ကို အခြေတည်ထားပါက ကျွန်ုပ်တို့အနေဖြင့် ခရစ်တော်ကိုချီးမြှောက်ရမည့် အခွင့်အရေးကို အဆုံးရှုံးခံရပေမည်။ ကျွန်ုပ်တို့သည် အထက်အရပ်ဆိုင်ရာ အသက်တာကို မျက်ခြည်ပြတ်သွားစေရန် ကျွန်ုပ်တို့၏လက်ရှိကာလအသက်တာနှင့်ပတ်သက်သောအရာများတို့ကို ကျွန်ုပ်တို့၏စိတ်အတွေးများထဲတွင် အာရုံစွဲငြိနေစေရန် စာတန်မာရ်နတ်က လုပ်ဆောင်လိမ့်မည်ဖြစ်သော်လည်း၊ ကျွန်ုပ်တို့အနေဖြင့် သူ၏ပရိယာယ်လှည့်ကွက်များထဲသို့ သက်ရောက်သွားရန် ရန်းထွက်၍မရနိုင်ပါ။ ခရစ်တော်သည် လက်ရှိအချိန်ကာလနှင့်ဆိုင်သောအရာအားလုံး၏မူလဘူတဖြစ်သကဲ့သို့ ဝိညာဉ်ရေးနှင့်ပတ်သက်သည့် ကောင်းချီးမင်္ဂလာတို့၏မူရင်းဇာစ်မြစ်ဖြစ်ပါသည်။ အကယ်၍ စာတန်မာရ်နတ်က ကျွန်ုပ်တို့အား ကြွယ်ဝချမ်းသာမှုတို့ကိုပေးလာပါက၊ ကျွန်ုပ်တို့အနေဖြင့် ထိုအရာများကို ကျွန်ုပ်တို့၏ပိုင်ဆိုင်မှုဟူ၍ ထုတ်ဖော်ပြောဆိုခြင်းမပြုရပေ။ ခရစ်တော်ကိုယ်တော်တိုင်က ၎င်းကိစ္စနှင့်ပတ်သက်ပြီး (မဿဲ ၆း၁၉–၂၀) တွင် “သံချေး၊ ပိုးရွဖျက်ဆီး၍ သူခိုးထွင်းဖောက်ခိုးယူရာ မြေကြီးပေါ်မှာ ဘဏ္ဍာကိုမဆည်းပူးကြနှင့်–––ကောင်းကင်ဘုံ၌ဘဏ္ဍာကိုဆည်းပူးကြလော့” ဟူ၍ မိန့်တော်မူခဲ့ပါသည်။ ရှင်ပေါလုအနေဖြင့်လည်း ခရစ်တော်ကိုရရန် အလို့ငှာ အရာအားလုံးတို့ကိုအဆုံးရှုံးခံခဲ့ကြောင်းကို ဖိလိပ္ပိဩဝါဒစာ (၃း၇–၁၁) တွင် ပြောကြားခဲ့ပါသည်။ သို့သော် ကယ်တင်ရှင်က ကျွန်ုပ်တို့၏



ပိုင်ဆိုင်မှုများနှင့်ဝန်ဆောင်မှုကို တောင်းခံလာပါက၊ ဘုရားသခင်အား နာခံမှုမရှိဘဲ သူတို့၏လောကီဥစ္စာစီးပွားတို့ကို သူတို့နှင့်အတူသယ်ဆောင်ကြကာ၊ ထိုစီးပွားဥစ္စာများနှင့်မခွဲမခွာနေထိုင်ကြရန်ကိုသာ ဆုံးဖြတ်ကြသောသူများကို အများအပြားတွေ့ရှိနေရပါသည်။–––

ဘုရားသခင်အပေါ်သစ္စာမစောင့်သည့်အပြင်၊ သူတို့လိုချင်သောအရာတို့ကို စုဆောင်းသိုမှီးမှုကြောင့် ဘုရားသခင်က သူတို့ကိုစွန့်ခွာသွားမည်ကို စိုးရိမ်သောသူတို့အနေဖြင့်၊ ခရစ်တော်၏ပလ္လင်တော်ပတ်လည်တွင်ရပ်တည်နိုင်ရေးနှင့် သူ၏ဖြောင့်မတ်ခြင်းကိုဝတ်စားဆင်ယင်နိုင်ရေးကို မည်ကဲ့သို့မျှော်လင့်ချက်ထားနိုင်ကြမည်နည်း။ သူတို့၏ယုံကြည်ခြင်းသည် အဘယ်မှာရှိကြပါသနည်း။ လုကာ ၁၂း၂၄ အရ၊ ကျွန်ုပ်တို့၏ကောင်းကင်ဘုံရှင်ဖခမည်းတော်သည် တောကျီးကန်းတို့ကိုကျွေးမွေးတော်မူသေးလျှင် ကျွန်ုပ်တို့ကိုပို၍ပင်မကျွေးမွေးပေဘူးလား။––––ခရစ်တော်အပေါ်တွင် ကျွန်ုပ်တို့အနေဖြင့် မှန်ကန်သောသဘောထားအမြင်ရှိကြပါက၊ ကျွန်ုပ်တို့ကိုယ်တိုင်နှင့်ခရစ်တော်၏စပ်ကြားတွင် မည်သည့်စွက်ဖက်မှုကိုမျှ ခွင့်မပြုသင့်ပေ။ လောကကမ္ဘာကြီးနှင့် မည်မျှနီးကပ်စွာနေထိုင်နိုင်သည်ကို လေ့လာသင်ယူသူတို့အနေဖြင့် ကောင်းကင်နိုင်ငံကိုရယူနိုင်ခဲ့သော်လည်း ကောင်းကင်နိုင်ငံတော်သို့သွားရာလမ်းသည် သူတို့အတွက်ပိတ်ဆို့လုနီးပါးအနေအထားသို့ ရောက်ရှိသွားမည်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ဆင်းရဲဒုက္ခခြင်းကိုခံစားခဲ့ရသောသူတစ်ထူးနှင့်အတူ သူ၏ပလ္လင်တော်ထက်၌ထိုင်လိုပါက သာသနာဆိုင်ရာဆင်းရဲဒုက္ခခြင်းအစိတ်အပိုင်းအချို့ကို လက်ခံရယူရကြမည်ဖြစ်သည်။

ပစ္စည်းဥစ္စာတို့ကိုဆည်းပူးခြင်းသည် ကျွန်ုပ်တို့အတွက် တရားဥပဒေနှင့်ကိုက်ညီမှုရှိပါက ကျွန်ုပ်တို့ပိုင်ဆိုင်သောငွေကြေးအား သုံးစွဲအားထားရမှုတစ်ခုအဖြစ်သာ သဘောထားမှတ်ယူရကြမည်ဖြစ်ပြီး သုံးဖြုန်းရန်မဟုတ်မူဘဲ၊ ထာဝရဘုရား၏အမှုတော်တွင်၌ပါ အသုံးချရကြပါမည်။ ကျွန်ုပ်တို့၏ဦးဆောင်ဗိုလ်ကြီး၏အမိန့်ပေးစေခိုင်းတော်မူချက်တို့ကို နာခံလိုက်လျှောက်ရေးသည် ကျွန်ုပ်တို့၏ခိုင်မာစွာဆုံးဖြတ်ထားသည့် ရည်ရွယ်ချက်အဖြစ်ရှိသင့်ပြီး

ဤနည်းဖြင့် ကျွန်ုပ်တို့အတွက် ကောင်းကင်ဘုံဆိုင်ရာဘဏ္ဍာတော်ကို ဆည်းပူးရာလည်းရောက်ပါသည်။ ထို့နောက် ဤကမ္ဘာပေါ်ရှိအရာအားလုံးတို့သည် ဖျက်ဆီးခြင်းသို့ရောက်ရှိသွားသောအခါတွင် ဆုံးရှုံးလေလွင့်မှုမရှိသော ကောင်းကင်ရတနာကို ကျွန်ုပ်တို့ရရှိကြပါလိမ့်မည်။

–o–



# ဩဂုတ် (၁၆)

## ကျွန်ုပ်တို့သည်ခရစ်တော်၏လက်ဝါးကပ်တိုင်တော်၌သာဝါကြွားကြကုန်အံ့

## “ကျွန်ုပ်တို့သည်မိမိကိုယ်ကိုမိမိ၊ ချီးမွမ်းဝါကြွားခြင်းမရှိကြပါ”

**“ငါသည်–––ထာဝရဘုရားဖြစ်ကြောင်းတည်းဟူသော ငါ့သဘောကိုသိနားလည်ခြင်း၌သာဝါကြွားစေ။ ငါသည် ထိုအရာတို့၌မွေ့လျော်သည်ဟု ထာဝရဘုရားမိန့်တော်မူ၏” (ယေရမိ ၉း၂၄)။**

မိမိကိုယ်၌ရှိသော အရည်အသွေးအပေါ်ဝါကြွားခြင်းကို နေရာမပေးရပါ။ အထက်ပါကျမ်းချက်အတိုင်း မိမိကိုယ်၌ဝါကြွားခြင်းမပြုရဘဲ ဘုရားသခင်၌သာဝါကြွားရန်သာ ဘုရားသခင်က မိန့်တော်မူခဲ့ပါသည်။ လူသားတို့အနေဖြင့် မိမိတို့ကိုယ်ကိုမိမိတို့ချီးမွမ်းဝါကြွားရန် မည်သည့်အခြေခံအကြောင်းမျှမရှိပါ။ သူတို့ကြိုက်နှစ်သက်သောကောင်းချီးမင်္ဂလာတိုင်း သူတို့ပိုင်ဆိုင်ကြသော ကောင်းမွန်သောအရည်အသွေးတိုင်းတို့အတွက် ခရစ်တော်၏ကျေးဇူးတော်၌ အကြွေးတင်နေကြပါသည်။ ဉာဏ်ပညာ (သို့မဟုတ်) ဖြောင့်မတ်ခြင်းကိုပိုင်ဆိုင်ရကြခြင်းကြောင့် မည်သူမျှမိမိကိုယ်ကို မိမိမချီးမြှောက်သင့်ပေ။

ဘုရားသခင်၏အရာများတို့နှင့်ပတ်သက်ပြီး အနက်ရှိုင်းဆုံးသော အတွေ့အကြုံရှိကြသူများတို့သည် မာန်မာနထောင်လွှားမှု (သို့မဟုတ်) မိမိကိုယ်ကိုမိမိချီးမြှောက်ခြင်းမှ ဝေးရာသို့မိမိတို့၏စိတ်အတွေးတို့ကို ဖယ်ရှားထားကြပါသည်။ သူတို့သည် မိမိတို့ကိုယ်ကိုအနိမ့်ချဆုံးသောသဘောထားရှိကြပြီး၊ ခရစ်တော်၏ဘုန်းအသရေတော်နှင့်မြင့်မြတ်မှုတို့နှင့်ပတ်သက်ပြီး အမြင့်မားဆုံးသောချီးမြှောက်မှု စိတ်ကူးစိတ်သန်းရှိကြပါသည်။ ကျွန်ုပ်တို့အနေဖြင့် ကောင်းကင်ဘုံသို့အာရုံစိုက်ကြည့်ရှုကြပါက၊ ခရစ်တော်၏အကျင့်စရိုက်တော်နှင့်ပတ်သက်ပြီး ကြည်လင်ပြတ်သားသည့်အမြင်များကိုရရှိလာကြပြီး၊ ထာဝရဘုရားသခင်ကို ကျွန်ုပ်တို့၏စိတ်နှလုံးများထဲတွင် ချီးမြှောက်လာကြမည်ဖြစ်သည်။

ကယ်ချွတ်ရှင်၏သမိုင်းကြောင်းနှင့် အကျွမ်းဝင်ထိတွေ့မှုရှိလာသော သူအနေဖြင့် မိမိကိုယ်၌တွင် ကြီးမားသောအပြစ်အနာအဆာများရှိနေသည်ကို ရှာဖွေတွေ့ရှိလာမည်ဖြစ်ပြီး သူ၏အသက်တာတွင် အခြေခံမှစတင်ကာ ပြောင်းလဲပစ်ရမည့်လိုအပ်ချက်များတို့ကို မြင်တွေ့လာစေသည့်သူနှင့် ခရစ်တော်တို့၏အလွန်ကြီးမားသောမတူညီမှုတို့ကို သူတွေ့မြင်သိရှိလာရပါသည်။ ခရစ်တော်၏ကြီးမားသောစံနမူနာအတိုင်းသို့ ရောက်ရှိလာလိုသောစိတ်ဆန္ဒဖြင့် သူ့အနေဖြင့်လေ့လာသင်ယူဆဲ၊ လေ့လာသင်ယူရမည်ဖြစ်သည်။ သူ၏ချစ်လှစွာသော အရှင်သခင်၏ရှုမြင်မှုတို့နှင့်စိတ်ဓာတ်ကို အမီလိုက်ရပါမည်။ ခရစ်တော်ထံတော်သို့ တူရူမျက်မှောက်ပြုခြင်းအားဖြင့် ခရစ်တော်၏ပုံရိပ်နှင့် ထပ်တူကျသည့် ပြောင်းလဲခြင်းသို့ရောက်ရှိသွားမည်ဖြစ်သည်။

ခရစ်တော်၏အသက်တာကိုအတုခိုးရန်မှာ သူနှင့်ဝေးရာ၌ရှိသော အရာတို့ကို ကြည့်ရှုရန်မဟုတ်ဘဲ၊ သူ၏စုံလင်ဖြောင့်မတ်ခြင်းအပေါ်တည်မှီခြင်း၊ အရသာခံမြည်းစမ်းခြင်းကို ပြုပြင်မွမ်းမံရန် နည်းလမ်းကြိုးပမ်းရှာဖွေခြင်း၊ ထို့ပြင် သူ၏အကြောင်းအရာကိုပြောကြားခြင်းနှင့် အကျင့်စရိုက်ကို မြှင့်တင်ပေးခြင်း၊ ကျိုးစားအားထုတ်ခြင်း စသည်တို့ကို ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာအားဖြင့် လုပ်ဆောင်ရမည့်အပြင်၊ ပြည့်စုံကုံလုံသော ခရစ်တော်၏ပုံစံနမူနာကိုချဉ်းကပ်နိုင်ရန်မှာ ထက်သန်သောစိတ်ထားနှင့် အပတ်တကုတ်ကြိုးပမ်းလုပ်ဆောင်မှုတို့ဖြင့်သာ ချဉ်းကပ်နိုင်မည်ဖြစ်သည်။ ခရစ်တော်၏ပညာအတတ်တစ်ခုကိုရရှိခြင်းအားဖြင့် သူ၏မိန့်တော်မူချက်များ၊ သူ၏အကျင့်ဓလေ့များနှင့် သူ၏ညွှန်ကြားချက်ဆိုင်ရာသင်ခန်းစာများပါဝင်သည့် အကျင့်စရိုက်ဆိုင်ရာ သီလပါရမီများကို ကျွန်ုပ်တို့ငှားရမ်းရယူပြီး အနီးကပ်လေ့လာသင်ကြားခြင်းဖြင့် ကျွန်ုပ်တို့အထူးလေးစားသဘောကျသည့်စိတ်ဓာတ်မျိုးကို ပြင်းပြသောစိတ်ဖြင့် တောင်းတမိကြပါသည်။ ထိုနောက်တွင် သခင်ယေရှုသည် ကျွန်ုပ်တို့တွင် အထောင်အသောင်းတို့၌ ဦးဆောင်မှုအပေးနိုင်ဆုံးနှင့် အားလုံးတို့၏အတူတကွချစ်တော်မူခြင်းခံရသောသူတစ်ထူးအဖြစ်သို့ ရောက်ရှိလာပေမည်။

–ဝ–



ဩဂုတ် (၁၇)

## ကျွန်ုပ်တို့သည်ခရစ်တော်၏လက်ဝါးကပ်တိုင်တော်၌သာဝါကြွားကြကုန်အံ့

## "ကိုယ်စွမ်းကိုယ်စနှင့်ဩဇာအာဏာတို့တွင်ဝါကြွားခြင်းမရှိပါနှင့်"

**"ဘုရားသခင်သည် အရာရာ၌ ယေရှုခရစ်အားဖြင့် ဘုန်းတော်ထင်ရှားစေမည်အကြောင်း၊ ဟောပြောသောသူသည် ဘုရားသခင်၏ဗျာဒိတ်တော်နှင့်အညီဟောပြောစေ။ အခြားသောအမှုကိုဆောင်ရွက်သောသူသည် ဘုရားသခင်ပေးသနားတော်မူသောအစွမ်းသတ္တိအတိုင်းဆောင်ရွက်စေ။ ထိုဘုရားသခင်သည် ကမ္ဘာအဆက်ဆက်ဘုန်းအသရေအစွမ်းသတ္တိရှိတော်မူစေသတည်း။ အာမင်" (၁ပေ ၄း၁၁)။**

ခရစ်တော်သည် ကျွန်ုပ်တို့၏စံပြနမူနာ၊ အတုယူစရာဖြစ်ပြီး၊ ခရစ်တော်၏နောက်တော်သို့ လိုက်လျှောက်ကြသောသူတို့သည် သူတို့၏ကိုယ်ပိုင်ပျော်ပါးမှုကို ကြိုးပမ်းရှာဖွေခြင်းမပြုလုပ်ရေးအတွက် သူတို့အနေဖြင့် အမှောင်ထုထဲတွင် လျှောက်လှမ်းရမည်မဟုတ်ပါ။ ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေရေးကို သူတို့၏အသက်တာ၌ အစဉ်မပြတ်ရည်ရွယ်ချက်ဖြစ်ရပါမည်။–––သို့သော်လည်း စီးပွားဥစ္စာနှင့်ဩဇာအာဏာတို့၏ပါရမီများထံတွင် အပ်နှံခြင်းခံရပြီး စံပြနမူနာဖြစ်သော ခရစ်တော်အားမျက်ခြည်ပြတ်ကြသောသူများနှင့် ကမ္ဘာလောက၏စံအညွှန်းကိန်းနောက်သို့ လိုက်လျှောက်ကြသောသူများ မည်မျှရှိကြသည်ကိုမသိရှိနိုင်ပါ။ အလျှံပယ်ဖြစ်သောငွေကြေးအားဖြင့် နေအိမ်များနှင့်မြေယာများတို့အားဖြင့် ကောင်းချီးမင်္ဂလာခံစားခဲ့ရကြသော အမျိုးသားအမျိုးသမီးများတို့အနေဖြင့် ယေဘုယျအားဖြင့် သူတို့၏သားသမီးများတို့အား အလုပ်မရှိအကိုင်မရှိအသက်တာနှင့် ကိုယ်ကျိုးအတွက် အလိုလိုက်မှုအသက်တာဆီသို့ဦးတည်စေသည့် သင်တန်းမျိုးကိုပေးတတ်ကြပါသည်။ ဤသို့ဖြင့် ထိုသားသမီးများတို့သည် ယခုအသက်တာတွင် အသုံးမကျသောသူများအဖြစ်သို့ ဖော်ဆောင်ခြင်းခံရကြသည့်အပြင်

အနာဂတ်ကာလဖြစ်သော ထာဝရရှင်သန်ခြင်းနှင့်အံ့ဝင်မှုမရှိနိုင်ပါ။––––ယနေ့ကာလလူငယ်လူရွယ်များတို့အနေဖြင့် ငွေဆိုသည်မှာ လူသားကိုပြုလုပ်သည်ဆိုသောအချက်ကို ယုံကြည်မှုရှိကြရန် ပညာပေးခြင်းခံနေရကြပါသည်။

ကျွန်ုပ်တို့၏စွမ်းအားတို့သည် ကျွန်ုပ်တို့၏ပညာရေး (သို့မဟုတ်) စီးပွားဥစ္စာဆိုင်ရာ အရည်အသွေးအစွမ်းအစတို့မှရရှိလာခြင်းမဟုတ်သည့်အပြင် ကျွန်ုပ်တို့၏ရေပန်းစားမှုမှလည်း ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ မိမိကိုယ်ကိုမိမိဆက်ကပ်အပ်နှံမှုနှင့် ယေရှုခရစ်တော်အား လိုလိုလားလားနာခံလိုက်လျှောက်ခြင်းမှရရှိခြင်းဖြစ်ပါသည်။ ခရစ်တော်ထံတော်သို့ စစ်မှန်စွာဖြင့်အရာအားလုံးတို့ကို အညံ့ခံသောသူတို့သည် ဩဇာအာဏာ၏သောကကို သယ်ပိုးမည့်အပြင် အခြားသူတို့အားလည်း သူတို့နှင့်အတူတကွ ခေါ်ဆောင်သွားကြမည်ဖြစ်ပြီး ဤကဲ့သို့လုပ်ဆောင်နိုင်ကြခြင်းမှာလည်း သူတို့သည် အလင်းထဲတွင်လျှောက်လှမ်းကြခြင်းကြောင့်ဖြစ်ပါသည်။ ဦးနှောက်စွမ်းအားသည် ထိရောက်မှုနည်းပါးပြီး ဘုရားသခင်နှင့်အနည်းငယ်သောငွေစာရင်း – စွမ်းအားပမာဏနည်းပါးမည်ဖြစ်သော်လည်း စိတ်တန်ခိုးစွမ်းအား၊ အဆုံးစွန်သောဘုရားတရားကြည်ညိုမှု၊ နှိမ့်ချခြင်းရှိသောသစ္စာရှိမှုတို့ဖြင့် မည်သည့်အရာကမျှ မလွှမ်းမိုးနိုင်သောဩဇာသက်ရောက်မှု၏ဝန်ကို သယ်ပိုးကြမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်ကို ဘုရားသခင်ထံတော်သို့ အကန့်အသတ်မရှိ ဆက်ကပ်လှူဒါန်းခြင်းမပြုကြတော့ဘူးလား။ ဘုန်းအသရေတော်၏ဘုရင်ဖြစ်တော်မူသော ခရစ်တော်သည် ကျွန်ုပ်တို့အတွက် ပြန်ပေးငွေအဖြစ် သူ့ကိုယ်ကိုပေးအပ်တော်မူခဲ့ပါသည်။ ကျွန်ုပ်တို့သည် သူ့ထံမှတစ်စုံတရာမရရှိခဲ့သည်များ ရှိနိုင်ပါသလား။ ကျွန်ုပ်တို့၏ဆင်းရဲနွံ့ချာမှု၊ မထိုက်တန်သောကိုယ်၌ကို အလွန်အဖိုးထိုက်သည်ဟု ကျွန်ုပ်တို့စဉ်းစားကြပြီး ကျွန်ုပ်တို့၏အချိန် (သို့မဟုတ်) ပိုင်ဆိုင်မှုတို့အား သခင်ယေရှုအားပေးအပ်ရန်အတွက် အလွန်တန်ဖိုးရှိလှပါသလား။ မဟုတ်သမှတကယ့်ကိုမဟုတ်တာပါ။ မိမိကိုယ်ကိုအစတေးခံပြီး သူ၏အသွေးတော်ဖြင့် ဆွေစဉ်မျိုးဆက်၊ ဘာသာစကားအမျိုးမျိုးသောသူများ၊ လူမျိုးများ၊ တိုင်းနိုင်ငံများထဲမှ ကျွန်ုပ်တို့အား



ကယ်ချွတ်ပြီး ဘုရားသခင်ထံတော်သို့ပို့ဆောင်ပေးတော်မူသောသူဖြစ်သည့်သခင်ယေရှုထံတော်သို့ ကျွန်ုပ်တို့၏နှလုံးသားထဲတွင် အနက်ရှိုင်းဆုံးသောဆက်ကပ်ပူဇော်မှု၊ ကျွန်ုပ်တို့၏အကျွမ်းကျင်အလိမ္မာဆုံးသောအစေခံမှုဖြင့်ပြီးသောလက်များ၊ ကျွန်ုပ်တို့၏အရည်အချင်းအစွမ်းအစနှင့် ဓနဥစ္စာများအားလုံးတို့ကို ယူဆောင်လာရာတွင် ထိုအရာတို့သည် ကျွန်ုပ်တို့အထင်တွင်အလွန်တန်ဖိုးရှိလှပါသော်လည်း ခရစ်တော်ရှေ့တွင် အလွန်နုံချာသောအလှူဒါနသာဖြစ်ပါသည်။

–o–

## ဩဂုတ် (၁၈)

### ကျွန်ုပ်တို့သည်ခရစ်တော်၏လက်ဝါးကပ်တိုင်တော်၌သာဝါကြွားကြကုန်အံ့

## “ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်း၌သာကျွန်ုပ်တို့ဝါကြွားကြပါသည်”

**“ယေရှုကလည်း၊ ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။ ငါ့ကိုယုံကြည်၍ အသက်ရှင်သောသူရှိသမျှတို့သည်လည်း သေခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်။-----” (ယောဟန် ၁၁း၂၅၊၂၆)။**

ခရစ်တော်ကပ်တိုင်ပေါ်၌ အသေခံဆက်ကပ်ခံပြီးသည်နောက် ယဇ်ပုရောဟိတ်များနှင့်အုပ်ချုပ်သူမင်းအရာရှိတို့သည် သူတို့မျှော်မှန်းထားခဲ့သကဲ့သို့ အောင်မြင်ခြင်းခံစားမှုမျိုးကို သူတို့စိတ်ထဲတွင်မခံစားခဲ့ရပါ။ မဟာကဝိတစ်ဆူဖြစ်သူ ခရစ်တော်၏အသံတော်ကို တိတ်ဆိတ်သွားစေသည့်သူတို့၏အောင်မြင်မှုတွင် ဝမ်းမြောက်ရွှင်လန်းခြင်းမရှိနိုင်ခဲ့ကြပါ။ သူတို့ကြောက်ရွံ့ကြပါသည်။ သူ၏အသေခံတော်မူခြင်းသည် သူ၏အသက်တာနှင့်အကျင့်စရိုက်တို့အပေါ် အာရုံစိုက်စေသည့်အလုပ်အဖြစ် ရှိနေခဲ့ပြီးသားဖြစ်ပါသည်။ ယဇ်ပုရောဟိတ်တို့အနေဖြင့် သူတို့၏လက်စားချေရေးကြိုးပမ်းအားထုတ်မှုတို့သည် ဆုံးရှုံးသွားခဲ့ပြီဆိုသည်ကို အခိုင်အမာယုံကြည်လာခဲ့ကြသည်နှင့်တစ်ပြိုင်တည်း သူတို့သည် သေဆုံးသွားသောခရစ်တော်ကို ယခင်အသက်ရှင်နေခဲ့သောခရစ်တော်ကိုကြောက်ရွံ့သည်ထက် ပို၍စိုးရွံ့ထိတ်လန့်ကြောက်ရွံ့လာခဲ့ကြပါသည်။

ကောင်းကင်ဘုံဆိုင်ရာအလင်းသည် ခရစ်တော်၏ဂူသင်္ချိုင်းတော်ကိုဝိုင်းပတ်နေခဲ့ပြီး၊ ကောင်းကင်တစ်ပြင်လုံးတွင် ကောင်းကင်တမန်၏ဘုန်းရောင်ခြည်ဖြင့် လင်းထိန်နေခဲ့ပါသည်။ ကောင်းကင်တမန်သည် သင်္ချိုင်းအုတ်ဂူအနီးသို့ချဉ်းကပ်လာခဲ့ပြီး၊ သင်္ချိုင်းဂူကိုပိတ်ဆို့ထားသောကျောက်တုံး



ကြီးကို ကျောက်စရစ်ခဲကလေးများအလား လိမ့်ပြီးဖယ်ရှားပစ်ခဲ့ကာ ၎င်းကျောက်တုံးအပေါ်တွင် တက်ထိုင်လိုက်ပါသည်။ ထို့နောက် သူ၏အသံကိုလွှင့်တင်၍ ဘုရားသခင်၏သားတော်၊ အပြင်သို့ထွက်လာတော်မူပါ။ ကိုယ်တော်၏ဖခမည်းတော်က ကိုယ်တော်အားခေါ်တော်မူပါသည်ဟူ၍ ခေါ်ထုတ်ပြီးသည်နှင့် သခင်ယေရှုသည် သန်မာကြံ့ခိုင်သောအောင်နိုင်သူ၏ခြေလှမ်းဖြင့်သင်္ချိုင်းဂူတွင်းမှ ထွက်လာတော်မူခဲ့ပါသည်။ ကောင်းကင်နိုင်ငံဆိုင်ရာမိသားစုမှ သခင်ယေရှုအားလက်ခံကြိုဆိုရေးအတွက် အောင်ပွဲကြီးတစ်ခုပေါက်ကွဲခဲ့ပြီးနောက်၊ သန်မာသောကောင်းကင်တမန်သည် ကောင်းကင်ဘုံတပ်မတော်ကြီး၏လိုက်ပါမှုဖြင့် သူ့အားကောင်းကင်နိုင်ငံတော်၏ဧကရာဇ်ဘုရင်ကြီးအဖြစ်၊ ကြည်ညိုခြင်းဦးညွှတ်အရိုအသေပေးကြချိန်တွင် ထမြောက်တော်မူပြီးသောသခင်ယေရှုက အရိမသဲမြို့သား သူဌေးယောသ၏အငှားသင်္ချိုင်းဂူ (မဿဲ ၂၇း၅၇-၆၀) ပေါ်မှ လာဇရု၏အစ်မ မာသအား (ယောဟန် ၁၁း၂၅) တွင် မိန့်တော်မူခဲ့သောစကားဖြစ်သည့် “ငါသည်ထမြောက်ခြင်းအကြောင်း အသက်ရှင်ခြင်းအကြောင်းဖြစ်၏” ဟူသောစကားအတိုင်း ထုတ်ပြန်ကြေညာတော်မူခဲ့ပါသည်။

ဖန်ဆင်းခြင်းခံရသောသက်ရှိအရာအားလုံးတို့သည် ဘုရားသခင်၏အလိုတော်အတိုင်းနှင့် ဘုန်းတန်ခိုးတော်အတိုင်း အခြေခံရှင်သန်နေရကြပါသည်။ သူတို့သည် ဘုရားသခင်၏သားတော်၏အသက်တာဖြင့် အပ်နှင်းခြင်းခံရကြသူများဖြစ်ကြပါသည်။ မည်ကဲ့သို့သောလုပ်ဆောင်နိုင်မှုနှင့်စွမ်းဆောင်နိုင်စွမ်းရှိပါစေ၊ မည်မျှပင်ရာထူးအရှိန်အဝါကြီးမားကြပါစေ သူတို့သည်အသက်ရှင်ခြင်းအားလုံးတို့၏မူလဘူတအရှင်သခင်ထံတော်မှ ထပ်မံဖြည့်တင်းပေးသော အသက်ရှင်သန်မှုတို့ဖြင့် အသက်ရှင်ရကြပါသည်။ သူသည်အသက်တာ၏စိမ့်စမ်းရေကြည်ချောင်းငယ်ကလေးလည်း ဖြစ်တော်မူပါသည်။ သူသည် လူသားတို့ထံတွင်ချထားပေးသောအသက်ကို သူကပင်တစ်ဖန်ပြန်လည်ရယူပြီး လူသားကိုပြန်လည်ပေးထားပြန်ပါသည်။ သူက (ယောဟန် ၁၀း၁၀)

တွင် "----ငါမူကား၊ သိုးတို့သည် အသက်လွတ်ရုံမျှမက အထူးသဖြင့် အသက်နှင့်ပြည့်စုံစေခြင်းငှာ လာသတည်း" ဟူ၍ မိန့်တော်မူခဲ့ပါသည်။

ခရစ်တော်သည် လူသားနှင့်တစ်လုံးတစ်ဝတည်းဖြစ်တည်ခဲ့ပြီး လူသားအနေဖြင့်လည်း သူနှင့်အတူဝိညာဉ်ရေးရာအသက်တာတွင်ပါ၊ တစ်လုံးတစ်ဝတည်းရှိလာရပါမည်။ ဘုရားသခင်၏နှုတ်တော်ထွက်စကားတော်ကို နာခံလိုက်လျှောက်ခြင်းတွင် ပေါင်းစည်းခြင်းပါရမီအားဖြင့် သူ၏သက်တော်စဉ်မျိုးကဲ့သို့ ထိုနာခံသူတို့၏အသက်တာသည် ပြောင်းလဲဖြစ်ပေါ်လာကြပါသည်။ သူသည်လည်း နောင်တရသောသူတို့အား "ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏" ဟူ၍ မိန့်တော်မူပေလိမ့်မည်။

-o-



ဩဂုတ် (၁၉)

### ကပ်တိုင်တော်အတွက်ဘုရားသခင်အားနေ့စဉ်ကျေးဇူးတင်ကြကုန်အံ့

## "ကျွန်ုပ်တို့သည်ဘုရားသခင်အားစကားဖြင့်မဖော်ပြနိုင်လောက်သော ဆုကျေးဇူးတော်အတွက်ကျေးဇူးတင်ကြပါ၏"

**"ပြော၍မကုန်နိုင်သော ဘုရားသခင်၏ဆုကျေးဇူးတော်ကို အောက်မေ့၍ ချီးမွမ်းခြင်းရှိစေသတည်း" (၂ကော ၉း၁၅)။**

ဧရာမပမာဏဖြင့် အများသောသူတို့သည် တန်ဖိုးမဖြတ်နိုင်သော အလှူဒါနတော်ကိုငြင်းပယ်ပြီး၊ ဘုရားသခင်က ကမ္ဘာမြေပေါ်သို့အပ်နှင်းပေးနိုင်တော်မူသော အကြွယ်ဝဆုံးသောလက်ဆောင်မွန်ကို ပယ်ချခဲ့ကြပြီးသော အချိန်ကစပြီး လူသားမျိုးနွယ်တို့အနေဖြင့် အလွန်ကြောက်မက်ဖွယ်ကောင်းသော ဖြစ်ရပ်မှတ်တမ်းမျိုးကို အဆုံးတစ်နေ့၌ ရင်ဆိုင်ကြုံတွေ့ရကြပေလိမ့်မည်။ ကျွန်ုပ်တို့ထံသို့ရောက်ရှိလာသော ကောင်းချီးမင်္ဂလာအားလုံးတို့သည် ပမာဏအားဖြင့် မခန့်မှန်းနိုင်သော ခရစ်တော်၏လက်ဆောင်မွန်အားဖြင့် ရောက်ရှိလာခြင်းဖြစ်ပါသည်။ အသက်တာ၊ ကျန်းမာခြင်း၊ မိတ်ဆွေအပေါင်းအသင်းများ၊ ဆင်ခြင်နိုင်စွမ်းနှင့်ပျော်ရွှင်မှုများတို့သည် ခရစ်တော်၏အရည်အသွေးတော်ကြောင့် ကျွန်ုပ်တို့အတွက် ဖြစ်လာပါသည်။ ငယ်ရွယ်သူများနှင့် အသက်အရွယ်ရလာသူတို့အနေဖြင့် သူတို့ထံသို့ရောက်ရှိသွားသောအရာအားလုံးတို့သည် ခရစ်တော်၏သက်တော်စဉ်နှင့် အသေခံတော်မူခြင်းတို့၏ ပါရမီအားဖြင့် ရောက်ရှိသွားခြင်းဖြစ်သည်ဆိုခြင်းကို သိရှိရမည်ဖြစ်သည့်အပြင် ဘုရားသခင်က မိမိတို့အားပိုင်ဆိုင်တော်မူကြောင်းကို အသိအမှတ်ပြုရကြမည်ဖြစ်သည်။

တမန်တော်ရှင်ပေါလုက ကောရိန်သုအသင်းတော်သို့ရေးသားပို့ပေးသောဩဝါဒစာတွင် "သင်တို့သည် မိမိတို့ကိုမိမိတို့မပိုင်ကြောင်းကိုလည်းကောင်း မသိကြသလော" ဟူ၍ (၁ကော ၆း၁၉) တွင်ရေးသားထားခဲ့

ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ကြမ်းကြုတ်ရက်စက်သော အရှင်သခင်၏ ထိန်းချုပ်မှုအောက်တွင် ရောက်ရှိခဲ့သည့်တိုင်အောင်၊ အမှောင်ထု၏မင်းသားက ကျွန်ုပ်တို့၏ဝိညာဉ်များတို့ကို စိုးမိုးခဲ့သည့်တိုင်အောင် သခင်ယေရှုခရစ်တော်သည် သူ၏ကိုယ်ပိုင်အသွေးတော်ဖြင့် ကျွန်ုပ်တို့အား ပြန်ပေးငွေအဖြစ် ရွေးနုတ်ပေးတော်မူခဲ့ပါသည်။ သူ့အတွက်စိတ်ပါလက်ပါအမှုတော်ဆောင်ရွက်ပေးခြင်းဖြင့် ပြန်လည်ပေးဆပ်ခြင်းသည်သာလျှင် ဘုရားသခင်ပိုင်ဆိုင်တော်မူသောအရာကို ကျွန်ုပ်တို့က ကာလရှည်ကြာစွာ လုယက်ယူငင်ရာမရောက်တော့ပါ။ ရှင်ပေါလုကလည်း (ရောမ ၆း၂၃) တွင် “အပြစ်တရား၏အခကား၊ သေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသောဆုကျေးဇူးတော်ကား၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း” ဟူ၍ ဩဝါဒပေးခဲ့ပါသည်။

သူ၏သန့်စင်မွန်မြတ်သောနှုတ်တော်ထွက်မိန့်တော်မူချက်၊ သူ၏နောင်အနာဂတ်အတွက် ကြိုတင်စီမံခြင်းများနှင့် သူ၏အစေအပါးများအားဖြင့် သင့်ထံသို့ပို့ဆောင်ပေးတော်မူသော သတင်းစကားတော်တို့အားဖြင့် သခင်ယေရှုသည် သင့်အား (ဗျာဒိတ် ၃း၂၀) အရ နေ့စဉ်မိန့်တော်မူချက်မှာ “ငါသည်တံခါးရှေ့မှာရပ်၍ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍တံခါးကိုဖွင့်အံ့ ထိုသူရှိရာသို့ငါဝင်၍ သူနှင့်အတူစားသောက်မည်။ သူသည်လည်း ငါနှင့်အတူစားသောက်ရလိမ့်မည်” ဟူ၍ဖြစ်ပါသည်။ သင့်အနေဖြင့် ဘုန်းတော်ရှင်၏သဘာဝအနေအထားမျိုးဖြင့် ပါဝင်ဖြစ်တည်နိုင်ရန်နှင့် လိုချင်တပ်မက်စိတ်အားဖြင့် ကမ္ဘာပေါ်ရှိအကျင့်ပျက်ခြစားမှုများနှင့် လွတ်ကင်းစေရေးအတွက် သခင်ယေရှုသည် သင့်အားသူ၏အဖိုးထိုက်လှစွာသောအသက်ကို ပေးတော်မူပါသည်။ ဤသို့ဖြင့် သင်သည်လည်း ကျေးဇူးသိတတ်သော ချစ်ခြင်းမေတ္တာ၏သစ္စာခံခြင်းသဘောဖြင့် သင့်ကိုယ်ကိုသူ့ထံတော်၌ပေးအပ်လိုက်ပါ၊ ၎င်းအရာတို့သည် ခရစ်တော်က ကျွန်ုပ်တို့အားအခမဲ့ပေးအပ်တော်မူသော ချစ်ခြင်းမေတ္တာတော်အတွက် မဟုတ်ခဲ့ပါက၊ ယခုအချိန်တွင် ကျွန်ုပ်တို့သည် မျှော်လင့်ချက်ကင်းမဲ့သော စိတ်ပျက်ဖွယ်ရာအခြေအနေမျိုးကို သန်းခေါင်ယံအချိန်ကဲ့သို့ မှောင်မိုက်သောဝိညာဉ်ရေးအခြေအနေမျိုးတွင် ရောက်ရှိကျရောက်နေသလိုဖြစ်ပေမည်။ သခင်ယေရှုကို ကျွန်ုပ်တို့အားပေးကမ်းတော်မူခြင်းအတွက် ဘုရားသခင်ကိုနေ့စဉ်ကျေးဇူးတင်ချီးမွမ်းပါ။

ထာဝရအသက်ဆိုင်ရာဆုကျေးဇူးတော်ကို ကျွန်ုပ်တို့ရယူနိုင်ရေးအတွက် ခရစ်တော်ကအသေခံတော်မူပါသည်ဆိုသော တွေးခေါ်ချက်သည် ကျွန်ုပ်တို့၏နှလုံးသားတွင်းမှထွက်ပေါ်လာသော အလွန်ရိုးသားဖြူစင်ပြီးထက်သန်သော ကျေးဇူးတင်မှုကိုလုံလောက်စွာ ထုတ်ဖော်ပြသခြင်းပင်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏နှုတ်ခမ်းသားများမှ ထွက်ပေါ်လာသောစိတ်အားထက်သန်စွာ ဂုဏ်တော်ကိုချီးမွမ်းခြင်းသည်လည်း ထိုကျေးဇူးတင်ခြင်းကို လုံလောက်စွာပြသရာရောက်ပါသည်။

–၀–

## သြဂုတ် (၂၀)

### ကပ်တိုင်တော်အတွက်ဘုရားသခင်အားနေ့စဉ်ကျေးဇူးတင်ကြကုန်အံ့

## “ခရစ်တော်သည်သာလျှင်ခမည်းတော်ဘုရားသခင်ထံတော်သို့ ရောက်ရှိနိုင်သောချဉ်းကပ်လမ်းဖြစ်တော်မူပါသည်”

**“ထိုကြောင့်၊ အကြင်သူတို့သည် ယေရှုအားဖြင့် ဘုရားသခင့် အထံတော်သို့ချဉ်းကပ်ကြ၏။ ထိုသူတို့၏အမှုကို ကိုယ်တော်သည်စောင့် လျက်၊ ကာလအစဉ်အသက်ရှင်သောကြောင့် သူတို့ကိုအစဉ်ကယ်တင်ခြင်း ငှာ တတ်နိုင်တော်မူ၏” (ဟေဗြဲ ၇း၂၅)။**

ဘုရားသခင်သည် လူနှင့်မည်ကဲ့သို့ပြန်လည်သင့်မြတ်မှုရှိပြန်ပါသနည်း။ လူနှင့်ဘုရားသခင်၏ခွင့်လွှတ်ခြင်းမေတ္တာတော်စပ်ကြားရှိ စွက်ဖက်နိုင်ခြေရှိသော မည်သည့်အရာကိုမဆို ဘေးဖယ်ထားပစ်သော ယေရှုခရစ်တော်၏လုပ်ဆောင်မှုနှင့် အရည်အသွေးတော်အားဖြင့်သာ ပြန်လည်သင့်မြတ်မှုရရှိလာပါသည်။ အပြစ်သား၏သူ၏ကျဆုံးမှုအနေအထားတွင်ရင်ဆိုင်ရန် လူကချိုးဖောက်ခဲ့သော ပညတ်တရားတော်သည် အပြောင်းအလဲမရှိပါသော်လည်း ထာဝရဘုရားအကျင့်စရိုက်တော်၏မှတ်တမ်းကဲ့သို့ပင် ထိုပညတ်တရားတော်သည် ထင်ရှားစွာပေါ်လွင်နေပြီး သူ၏မွန်မြတ်တော်မူသောအလိုတော်ကို အထောက်အမပြုပေးကာ သခင်ယေရှုခရစ်တော်၏အသက်တာနှင့်အကျင့်စရိုက်တော်တို့တွင် ချီးမြှောက်ခြင်းခံရပြီး အကျယ်တဝင့်ရှင်းလင်းပြတ်သားစွာ ပါဝင်ပတ်သက်နေပါသည်။ ကမ္ဘာမြေကြီး၏အပြစ်ကို ဖယ်ရှားတော်မူသော၊ အပြစ်နှင့်ကင်းစင်တော်မူသော ဘုရားသခင်၏သိုးသငယ်တော်အားဖြင့် ကယ်တင်ခြင်းလမ်းစဉ်တစ်ခုကို ဖန်တီးပေးဝေခဲ့ပါသည်။ သခင်ယေရှုသည် အပြစ်သား၏နေရာတွင်ရပ်တည်နေရင်း၊ အပြစ်ကျူးလွန်သူ၏အပြစ်များကို သူ၏အပေါ်တွင်တင်ထားတော်မူပါသည်။ အပြစ်သားအတွက် အစားထိုးခံ



သူနှင့်အာမခံပေးသူအား လက်ပိုက်ကြည့်နေရင်း ထာဝရဘုရားသခင်သည် သခင်ယေရှုအပေါ်ယုံကြည်ခြင်းရှိသူအတွက် တရားမျှတတော်မူနိုင်မည်ဖြစ်သည့်အပြင် ဖြောင့်မတ်စွာစီရင်တော်မူမည်ဖြစ်သည်။ ခရစ်တော်အား သူ၏ဖြောင့်မတ်ခြင်းတရား၊ သူ၏မျှော်လင့်ခြင်းအဖြစ်လက်ခံသောသူအတွက် ခွင့်လွှတ်ခြင်းသည် အတည်ဖြစ်ပြီးနေကာ၊ ခရစ်တော်အားဖြင့် ကမ္ဘာမြေကြီးကိုဘုရားသခင်သည် သူနှင့်ပြန်လည်ပေါင်းစည်းစေပါသည်။ ဘုရားသခင်၏ပညတ်တရားတော်အားဖြင့် ထောက်ခံပံ့ပိုးမှုရသော ခရစ်တော်၏တရားမျှတမှု၊ သမ္မာတရားနှင့်သန့်ရှင်းမြင့်မြတ်မှုတို့သည် အပြစ်ဝန်ချတောင်းပန်သော ယုံကြည်လာသူအပြစ်သားအား ကရုဏာတော်၏ဆက်သွယ်ပေးမှုအားဖြင့် လမ်းကြောင်းတစ်ခုကိုပုံဖော်ပေးလာပါသည်။

ခရစ်တော်အားမယုံကြည်သောသူတို့သည် ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်မှုမရှိနိုင်ကြသော်လည်း ခရစ်တော်အပေါ်ယုံကြည်ခြင်းရှိကြသောသူတို့မှာမူ ခရစ်တော်နှင့်အတူ ဘုရားသခင်၌ကွယ်ကာခြင်းခံရကြပါမည်။ ရှင်ယောဟန်ကလည်း သူ၏ (သြဝါဒစာပထမစောင် ၁း၉) တွင် “ကိုယ်အပြစ်တို့ကိုဖော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း ပြည့်စုံတော်မူ၏” ဟူ၍ သြဝါဒပေးခဲ့ပါသည်။

မိမိအပြစ်တို့ကိုဖော်ပြတောင်းပန်ပြီး ဘုရားသခင်ထံတော်သို့ သစ္စာတော်ခံဝင်ရောက်လာသော အပြစ်သားတိုင်းတို့အတွက် ကယ်တင်ခြင်းကို စိတ်ချလက်ချရယူနိုင်ရန် ခရစ်တော်သည် အပြစ်ကိုခံယူသူအဖြစ်သို့ရောက်ရှိခဲ့ပြီး၊ ကပ်တိုင်ပေါ်တွင် အသေခံတော်မူခဲ့ပါသည်။ ခရစ်တော်တစ်ဦးတည်းအားဖြင့်သာလျှင် ကျွန်ုပ်တို့သည် အဖဘုရားသခင်ထံတော်သို့ ရောက်ရှိနိုင်မည့်အဝင်လမ်းကြောင်းကို ရယူနိုင်ကြပါမည်။

ခရစ်တော်က (ယောဟန် ၆း၃၇) တွင်၊ “ငါ့ထံသို့လာသောသူကို ငါသည်အလျှင်းမပယ်” ဟူ၍ မိန့်တော်မူခဲ့ပါသည်။ ခရစ်တော်သည် အပြစ်

ကျူးလွန်သူ၏အပြစ်များကို သူ့အပေါ်သို့ယူတင်ပြီး သူ၏ဖြောင့်မတ်ခြင်းတရားတော်ကို ထိုအပြစ်သားအပေါ်သို့ခြုံပေးတော်မူကာ၊ သူ၏အကောင်းဘက်သို့ ပြောင်းလဲပေးစေသောကျေးဇူးတော်ဖြင့် ထိုအပြစ်သားအား ကောင်းကင်တမန်တို့နှင့်စုစည်းနိုင်စွမ်းရှိစေသည့်အပြင် ဘုရားသခင်နှင့် ပေါင်းစည်းနိုင်သောစွမ်းဆောင်ရည်ကို ရရှိစေပါသည်။

–၀–





ဩဂုတ် (၂၁)

**ကပ်တိုင်တော်အတွက်ဘုရားသခင်အားနေ့စဉ်ကျေးဇူးတင်ကြကုန်အံ့**

## "ကပ်တိုင်တော်နှင့်ပညတ်တရားတော်"

**"အဘယ်သူသည်ပညာရှိသနည်း။ ထိုသူသည် ဤအရာတို့ကို နားလည်လိမ့်မည်။ အဘယ်သူသည် ဉာဏ်ကောင်းသနည်း။ ထိုသူသည် ဤအရာတို့ကိုသိရလိမ့်မည်။ ထာဝရဘုရား၏လမ်းတော်တို့သည်ဖြောင့်ကြ၏။ ဖြောင့်မတ်သောသူတို့သည် လိုက်ကြလိမ့်မည်။ အဓမ္မလူတို့မူကား၊ ထိုလမ်းတို့၌ ထိမိ၍လဲကြလိမ့်မည်" (ဟောရှေ ၁၄း၉)။**

ဘုရားသခင်သည် လူသားတို့အားပေးအပ်ထားသောအရာ၏တန်ဖိုးနှင့် ကျွန်ုပ်တို့အပေါ်ချစ်တော်မူသည့် ချစ်ခြင်းမေတ္တာတော်၏ကြီးမားသောပမာဏကိုသိရှိစေရန် ကပ်တိုင်တော်သည် ကောင်းကင်ဘုံ၏မူလအရင်းအမြစ်များ၊ မကျရှုံးသောကမ္ဘာဂြိုဟ်များနှင့် ကျရှုံးသွားသောဤကျွန်ုပ်တို့၏ကမ္ဘာမြေကြီးတို့အား ပြောကြားပေးပါသည်။ ဘုန်းတော်ရှင်၏တိတ်တိတ်မနေသင့်သောပညတ်တရားတော်ကို ကမ္ဘာမြေကြီးပေါ်၊ ကောင်းကင်တမန်တို့ထံနှင့် လူသားတို့ထံသို့ ကပ်တိုင်တော်က သက်သေခံပေးပါသည်။

ခရစ်တော်အသေခံတော်မူခြင်းသည် ဘုရားသခင်၏ပညတ်တရားတော်သည် သူ၏ပလ္လင်တော်ကဲ့သို့ မပြောင်းလဲနိုင်သောတရားတော်ဖြစ်ကြောင်းကို ယုံကြည်စေလောက်သော၊ ထို့အပြင် အစဉ်ထာဝရငြင်းခုံမှုအဖြစ်ရှိနေစေခဲ့ပါသည်။ လူသားအတွက်အာမခံသူနှင့် ဘုရားသခင်၏တစ်ပါးတည်းသောသားတော်သည် သေခြင်းတရားကိုလွတ်မြောက်စေသူမဟုတ် ဆိုသောအကြောင်းခြင်းရာသည် သန့်ရှင်းသူနှင့်အပြစ်သားတို့ရှေ့မှောက်တွင်သော်လည်းကောင်း ဘုရားသခင်၏စကြာဝဠာ၏ရှေ့မှောက်တွင်ပါ အငြင်းပွားစရာအချက်ဖြစ်နေကာ၊ ၎င်းအချက်သည် ဘုရားသခင်က သူ၏ပညတ်တရားတော်ကို ဖောက်ဖျက်

ကျူးလွန်သူတို့အား ခွင့်လွှတ်တော်မူမည်မဟုတ်ကြောင်းကို သက်သေထင်ရှားစေရန်အတွက်ဖြစ်ပါသည်။ ဘုရားသခင်၏ပညတ်တရားတော်ကို ကျူးလွန်ရာတွင် အလွန်သေးငယ်လှသောကျူးလွန်မှုဖြစ်ပါစေ၊ စဉ်းစားထည့်တွက်ရသည့်အနေအထားမျိုးသို့ ရောက်ရှိသွားပြီး တရားဆုံးဖြတ်စရာဓားရှည်သည်ဆုံးဖြတ်သူ၏လက်တွင်းရောက်ရှိချိန်တွင် ဝေဒနာကိုခံစားခဲ့ရသောဘုန်းတော်ရှင်အပေါ် ကျူးလွန်စော်ကားခဲ့သည့် နောင်တမရသောအပြစ်ကျူးလွန်သူများအပေါ် လုပ်ဆောင်ရမည့်အလုပ်ကို မဖြစ်မနေဆောင်ရွက်မည်ဖြစ်သည်။

ခရစ်တော်၏အပြစ်တင်ခြင်းခံရသော ဖြောင့်မတ်ခြင်းတရားတော်ဖြင့် အပြစ်သားသည် ခွင့်လွှတ်ခြင်းခံခဲ့ရပြီးဖြစ်သည်ဟု ခံစားရမည်ဖြစ်ပြီး ပညတ်တရားသည် သူ့အားတရားဆုံးဖြတ်မည်မဟုတ်ကြောင်းကို သိထားရမည်ဖြစ်က၊ အကြောင်းမှာ ထိုအပြစ်သားသည် ပညတ်တရား၏ဥပဒေသတို့နှင့် ဟန်ချက်ညီညီနေထိုင်ခြင်းကြောင့်ဖြစ်ပါသည်။ မယုံကြည်မှုနှင့်အပြစ်ကျူးလွန်မှုတို့ကိုလျော့ပါးစေသည့် ဒဏ်ခတ်ခံရမှုအကြောင်းကိုဖတ်ရှုရပြီး ဆင်ခြင်မိလာသောအခါ အပြစ်သားသည် မိမိကိုယ်ကိုမိမိ အပြစ်ကင်းစင်သူအဖြစ် ထင်မှတ်ခံယူလာခြင်းသည် သူ၏အခွင့်ထူးပင်ဖြစ်ပါသည်။ ယုံကြည်ခြင်းအားဖြင့် သူသည် ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားတော်ကို ကိုင်စွဲထားရန် လုပ်ဆောင်လာပါသည်။ မိမိကိုယ်ကိုအပြစ်သားတစ်ယောက်၊ ဘုရားသခင်၏ မွန်မြတ်သန့်ရှင်းသောပညတ်တရားတော်ကို ကျူးလွန်ဖောက်ဖျက်သူတစ်ယောက်အဖြစ် သိရှိလာရပြီး၊ ခရစ်တော်၏ကုံလုံပြည့်စုံသော နာခံလိုက်လျှောက်မှုကိုမျှော်လင့်က၊ ထို့ပြင် မြေကြီးသားတို့၏အပြစ်များအတွက် ကရာနီကုန်းပေါ်တွင် အသေခံတော်မူခြင်းကို ကြည့်ရှုဆင်ခြင်က ခရစ်တော်၏အရည်အသွေးတော်နှင့် အသေခံစွန့်လွှတ်တော်မူခြင်းအပေါ်ယုံကြည်ခြင်းကြောင့်၊ သူသည် ဖြောင့်မတ်ရာသို့ရောက်ရှိသွားပြီဖြစ်သည့် အာမခံချက်မျိုးကိုရရှိပြီဟု ခံစားလာရပါသည်။ ပညတ်တရားတော်ကို သူ၏ကိုယ်စား ဘုရားသခင်၏သားတော်က နာခံလိုက်လျှောက်ခဲ့ပြီး ထိုပညတ်တရားတော်ကို ကျူးလွန်ဖောက်ဖျက်ခြင်း၏အပြစ်ဒဏ်သည် ယုံကြည်လာသူအပြစ်သားအပေါ်သို့



မကျရောက်နိုင်တော့ကြောင်းကို သူခံစားသိရှိလာရပါသည်။ ခရစ်တော်အပေါ်တက်ကြွသောနာခံလိုက်လျှောက်မှုသည် ယုံကြည်လာသူအပြစ်သားအား ပညတ်တရားတော်၏တောင်းခံလိုလားချက်များတို့ကိုတွေ့ရှိသည့် ဖြောင့်မတ်ခြင်းတရားတော်ကို ဝတ်ဆင်ခွင့်ရရှိစေပါသည်။

–ဝ–

ဩဂုတ် (၂၂)

## ကပ်တိုင်တော်အတွက်ဘုရားသခင်အားနေ့စဉ်ကျေးဇူးတင်ကြကုန်အံ့

## “သဘာဝတရားကိုနားလည်နိုင်ရန် ကပ်တိုင်တော်သည်ကျွန်ုပ်တို့အားကူညီပါသည်”

**“အိုထာဝရဘုရား၊ အမှုတော်များအားဖြင့် အကျွန်ုပ်ကိုဝမ်းမြောက်စေတော်မူသည်ဖြစ်၍ လက်တော်နှင့်ပြုပြင်တော်မူသမျှတို့ကြောင့် ရွှင်လန်းစွာသီချင်းဆိုပါမည်” (ဆာလံ ၉၂း၄)။**

ယနေ့အချိန်ကာလတွင် လူသားအနေဖြင့် သဘာဝတရားအကြောင်းကို သင်ကြားပို့ချရာတွင် မိမိကိုယ်ပိုင်အရည်အသွေးဖြင့် မှန်ကန်စွာသဘာဝတရားအကြောင်းကို မဖတ်ရှုမဖော်ထုတ်နိုင်ပါ။ ဘုန်းတော်ရှင်၏ဉာဏ်ပညာတော်ဖြင့် မထိန်းကျောင်းပေးပါက၊ သူသည် သဘာဝနှင့်သဘာဝတရားဆိုင်ရာဥပဒေစည်းကမ်းတို့ကို သဘာဝတရား၏ဘုရားသခင်အထက်၌ထားကာ ချီးမြှောက်ပေလိမ့်မည်။ ဘုရားသခင်၏နှုတ်တော်ထွက်သင်ကြားပို့ချမှုကို မကြာခဏဆန့်ကျင်ပြောဆိုမှုကို ဖြစ်ပေါ်စေသောအကြောင်းခြင်းရာများနှင့်သိပ္ပံပညာကို အလေးထားလာစေသောအကြောင်းခြင်းရာမှာ အထက်ပါအကြောင်းကြောင့်ဖြစ်ပါသည်။ သို့သော်ခရစ်တော်အသက်တာ၏အလင်းတရားတော်ကို လက်ခံရယူကြသူများအတွက်မှာမူ၊ သဘာဝတရားသည် တစ်ဖန်ပြန်လည်ရေးခြယ်ထားသော ရောင်စုံရွှေဇဝါကျမ်းဂန်စာအုပ်တစ်အုပ်ပင်ဖြစ်ပါသည်။ ကပ်တိုင်တော်မှဖြာထွက်လာသော အလင်းရောင်ထဲတွင် ကျွန်ုပ်တို့သည် သဘာဝတရားဆိုင်ရာသင်ကြားပို့ချမှုကို မှန်ကန်စွာအဓိပ္ပါယ်ဖော်ထုတ်နိုင်ကြပါသည်။

အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနုတ်တော်မူခြင်းအစီအစဉ်တွင် လူသား၏စိတ်သဘောဖြင့် နားလည်သဘောပေါက်နိုင်ခြင်းမရှိသော လျှို့ဝှက်ဆန်းကြယ်မှုများရှိနေပြီး လူသား၏ဉာဏ်ပညာဖြင့် မဖော်ပြနိုင်သောအရာများစွာပါဝင်သော်လည်း ဘုရားတရားကြည်ညိုမှုဆိုင်ရာ ဆန်းကြယ်သောကျိုးကြောင်းဆက်နွယ်မှုတို့ကို သဘာဝတရားက ကျွန်ုပ်တို့အားသင်ကြားပို့ချပေးနိုင်ပါသည်။ ထိုနောက်တွင် လူငယ်တို့အား သူတို့၏စိတ်အတွေးတို့တွင် သဘာဝတရားစာအုပ်ကို အဖြစ်နိုင်ဆုံးကျယ်ပြန့်စွာ လေ့လာသင်ကြားရယူကြပါစေ။ တောချုံတိုင်း၊ အသီးသီးသောသစ်ပင်တိုင်း၊ ဟင်းသီးဟင်းရွက်အပင်တိုင်းတို့သည် ကျွန်ုပ်တို့၏အကျိုးခံစားမှုအတွက် ဘုရားသခင်ကပေးထားတော်မူခဲ့ခြင်းဖြစ်ပါသည်။ ဘုရားသခင့်နိုင်ငံတော်၏လျှို့ဝှက်ဆန်းကြယ်မှုများအကြောင်းကို အစေ့အဆန်၏အပင်အဖြစ်သို့ပေါက်ပြီး ကြီးထွားလာခြင်းမှဖတ်ရှုသိရှိရန်ပင်ဖြစ်သည်။ ဘုရားသခင်သည် ထိုသဘာဝတရားကို ပုံစံဖော်ထုတ်ရာတွင် လူသားကိုဘုရားသခင်အား နာခံလိုက်လျှောက်မှုမရှိသောလမ်းသွယ်မှ ဘုရားသခင်ထံတော်သို့ ပြန်လည်ဦးလှည့်စေရန် ကြပ်မတ်ပေးသောသင်ခန်းစာစာအုပ်အဖြစ် ဖော်ဆောင်ပေးတော်မူခြင်းဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ဦးဆောင်ကြပ်မတ်မှုအောက်တွင် သဘာဝတရားကိုအနီးကပ်လေ့ကျက်သင်ကြားရယူရန် လိုအပ်ပါသည်။ ထာဝရဘုရားသည် ရည်မှန်းချက်သင်ခန်းစာတို့ကို ပေးတော်မူပြီး သူသည် သဘာဝတရား၏အရိုးရှင်းဆုံးသောအရာများအားဖြင့် လူသား၏စိတ်အတွေးတွင် အကျွမ်းဝင်သောသန့်ရှင်းမြင့်မြတ်သောသမ္မာတရားတော်ကို လုပ်ဆောင်ပေးတော်မူပါသည်။

နေရောင်ခြည်၏ရောင်စဉ်တန်းတိုင်း၊ အစားအစာ၏တစ်လုတ်စာတိုင်း (သို့မဟုတ်) ရေအစက်တိုင်းတို့သည် ကယ်ချွတ်တော်မူခြင်းမေတ္တာတော်၏ဆုကျေးဇူးတော်တစ်ခုဖြစ်ပြီး အပြစ်သားကိုဘုရားသခင်နှင့်ပြန်လည်သင့်မြတ်စေသော လျှောက်လဲချက်များပင်ဖြစ်ပါသည်။

နေနှင့်လတို့သည် ထာဝရဘုရား၏ပြုလုပ်တော်မူချက်ဖြစ်ပြီး ကောင်းကင်ပြင်ကျယ်ကြီးကို အလှဆင်သော၊ သူမပြုလုပ်ခဲ့သောကြယ်တစ်လုံးတစ်လေမျှမရှိပါ။ ကျွန်ုပ်တို့၏အာဟာရအတွက် ကျွန်ုပ်တို့၏စားပွဲပေါ်တွင် သူမပေးဝေသောအစားအစာနှင့်ဆိုင်သောအရာများ တစ်ခုမျှမရှိပါ။ ဘုရားသခင်၏တံဆိပ်ခတ်ခြင်းနှင့် သာလွန်ထူးကဲသောရေးသားပြုစုမှုတို့သည် ၎င်းအရာ၏

အထက်တွင်ရှိနေပါသည်။ ဘုရားသခင်၏တစ်ပါးတည်းသောသားတော်၏ ပြောစကားဖြင့်မဖော်ပြနိုင်သော ဆုကျေးဇူးတော်အားဖြင့် လူသားထံသို့ဝေငှ ပေးတော်မူသည့် ကြွယ်ဝလှစွာသောအထောက်အပံ့တို့တွင် လိုအပ်သောအရာ များအားလုံးပါဝင်ပါသည်။

–ဝ–



# ဩဂုတ် (၂၃)

## ကပ်တိုင်တော်အတွက်ဘုရားသခင်အားနေ့စဉ်ကျေးဇူးတင်ကြကုန်အံ့

## "ကျွန်ုပ်တို့အတွက်ခရစ်တော်သည်ကပ်တိုင်တော်၏ဒဏ်ကို ကြံ့ကြံ့ခံတော်မူခဲ့ပါသည်"

**"ထိုသို့လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျက် အသေခံခြင်း သာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန် ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏" (ဖိလိပ္ပိ ၂း၈)။**

သူ၏ရှေ့တော်မှောက်တွင် ရွှင်လန်းဝမ်းမြောက်မှုကိုပြသနိုင်ရန် အတွက်၊ ခရစ်တော်သည် ကပ်တိုင်တော်ဆိုင်ရာ ဒုက္ခဆင်းရဲခြင်းတို့ကို ကြံ့ကြံ့ ခံပေးခဲ့ပြီး အရှက်တရားကို မျက်ကွယ်ပြုခဲ့သည့်အလျောက်၊ ဘုရားသခင်၏ လက်ယာတော်ဘက်တွင် နေရာချထားတော်မူခြင်းခံခဲ့ရပါသည်။ ကမ္ဘာသူ ကမ္ဘာသားအတွက် ကပ်တိုင်ပေါ်တွင်အသေခံကာ မိမိအသက်ကိုဆက်ကပ် အပ်နှံတော်မူခဲ့ပြီး ထိုဆက်ကပ်အပ်နှံမှုအားဖြင့် ဘုရားသခင်ကအပ်နှင်းတော် မူနိုင်သော သန့်ရှင်းသောဝိညာဉ်တော်ဆုကျေးဇူးဖြစ်သည့် အကြီးမားဆုံး သောကောင်းချီးမင်္ဂလာကို ပေါ်ထွက်စေပါသည်။ ဤကောင်းချီးမင်္ဂလာသည် ခရစ်တော်ကိုလက်ခံကြမည့်သူများအားလုံးအတွက်ပင်ဖြစ်ပါသည်။

ကျဆုံးသွားသောကမ္ဘာကြီးသည် ကောင်းကင်နိုင်ငံတော်ဆိုင်ရာ စကြဝဠာနှင့် လောကီဘုန်းတန်ခိုးတို့၏အကြီးမားဆုံးသောပဋိပက္ခစစ်မြေပြင် ကြီးဖြစ်နေသည်ကို သက်သေထင်ရှားပြီးဖြစ်ပါသည်။ ဤကမ္ဘာကြီးသည် အကောင်းနှင့်အဆိုးတို့စပ်ကြား၊ ကောင်းကင်နိုင်ငံတော်နှင့်မရဏာနိုင်ငံတို့ စပ်ကြား တိုက်ပွဲဆင်မှုအတွက် မဟာရန်းကန်မှုကိုပြသတင်ဆက်သည့် ဇာတ်ရုံကြီးအဖြစ် ဖော်ဆောင်သတ်မှတ်ထားခံခဲ့ရပါသည်။ ဤပဋိပက္ခတွင်း တွင် လူသားတိုင်းသည် ကဏ္ဍတစ်ခုခုပါဝင်ပတ်သက်နေမည်သာဖြစ်ပါသည်။

မည်သူမျှ မည်သည့်ဘက်သို့မပါဘဲ ကြားနေ၍မဖြစ်နိုင်ပါ။ လူသားများအနေဖြင့် ကမ္ဘာသူကမ္ဘာသားတို့၏ကယ်ချွတ်ရှင်ကို လက်ခံလျှင်လက်ခံ၊ မလက်ခံလျှင်ငြင်းပယ်ရပါမည်။ အားလုံးသောသူတို့သည် ခရစ်တော်အတွက် သက်သေခံမည်မခံမည်ဆိုသည့်အချက်သည် အဓိကဖြစ်ပါသည်။ အသက်တာသရဖူကို အမွေခံစားရရေးအတွက် ခရစ်တော်သည် သစ္စာရှိသောစစ်သည်တော်များအဖြစ် ပဋိပက္ခတွင်းတွင် သူနှင့်အတူပါဝင်ဆင်နွှဲရန် သူ၏တံခွန်အောင်လံတော်အောက်တွင် ရပ်တည်နေကြသောသူတို့အား ဆင့်ခေါ်တော်မူပါသည်။ သူတို့သည် ဘုရားသခင်၏သားတော်သမီးတော်များအဖြစ် မွေးစားခြင်းခံရကြပြီးဖြစ်ပါသည်။ သမ္မာတရားတော်အတွက် အရှက်ရခြင်းနှင့် ဒုက္ခဝေဒနာခံစားရခြင်းတို့တွင် ပါဝင်မျှဝေခံစားရယူကြသောသူတို့အား ကောင်းကင်ရွှေပြည်တော်ကြီးတွင် ကြီးမားသောဂုဏ်ပြုချီးမြှင့်မှုကို ရရှိခံစားရကြစေမည်ဆိုသည့် ခိုင်မာသည့်ကတိတော်ကို ခရစ်တော်ကချန်ထားရစ်ခဲ့တော်မူပါသည်။

ကရာနီကုန်းတော်ပေါ်ရှိ ကပ်တိုင်တော်သည် လောကီဆိုင်ရာနှင့် မရဏာနိုင်ငံဆိုင်ရာတန်ခိုးတို့ကို စိန်ခေါ်ရင်ဆိုင်ပြီး၊ အဆုံးတွင် နှိမ်နင်းအောင်နိုင်ပါလိမ့်မည်။ ကပ်တိုင်တော်တွင် ဩဇာလွှမ်းမိုးမှုအားလုံးတို့သည် ဗဟိုပြုနေပြီး၊ ၎င်းထံမှလည်း ဩဇာသက်ရောက်မှုအားလုံးတို့သည် ပြန်ထွက်သွားကြပါသည်။ ၎င်းသည် ဆွဲဆောင်မှု၏ကြီးမားသောဗဟိုပြုချက်ဖြစ်ပြီး ၎င်းအပေါ်မှနေပြီး လူသားမျိုးနွယ်အတွက် ခရစ်တော်သည် သူ၏အသက်ကို အဆုံးရှုံးခံတော်မူခဲ့ပါသည်။ ဤဆက်ကပ်အပ်နှံခြင်းသည် လူသားအားသူ၏နဂိုမူလကုံလုံပြည့်စုံမှုအတိုင်း အမှန်အားဖြင့် ထိုထက်မကကုံလုံပြည့်စုံမှုရှိစေရေးအတွက် ပြန်လည်တည်ဆောက်ပေးလိုသောရည်ရွယ်ချက်ဖြင့် ပေးကမ်းတော်မူခြင်းဖြစ်ပါသည်။ ဤပေးကမ်းမှုသည် အကျင့်စရိုက်တစ်ရပ်လုံး ပြုပြင်ပြောင်းလဲခြင်းကို ပေးကမ်းတော်မူပြီး သူ့အားပိုမိုအောင်နိုင်သူအဖြစ်သို့ လုပ်ဆောင်ပေးတော်မူပါသည်။ ခရစ်တော်၏ခွန်အားတော်တွင်တည်မှီပြီး၊



ဘုရားသခင်နှင့်လူသားတို့၏မဟာရန်သူကို ကျော်လွှားအောင်နိုင်သူသည် မည်သည့်အခါမျှကျရှုံးခြင်းမရှိကြမည့် ကောင်းကင်တမန်တို့၏အထက်တွင်ရှိသော ကောင်းကင်ဘုံဆိုင်ရာ တရားစီရင်ရာဌာနတို့တွင် အဆင့်ရာထူးတစ်နေရာစာကို ရယူသိမ်းပိုက်နိုင်ကြမည်ဖြစ်သည်။

–o–

## ဩဂုတ် (၂၄)

**ကပ်တိုင်တော်အတွက်ဘုရားသခင်အားနေ့စဉ်ကျေးဇူးတင်ကြကုန်အံ့**

# “ကရုဏာတော်နှင့်တရားမျှတမှုတို့သည် ကပ်တိုင်တော်၌ဆုံမိခဲ့ကြပါသည်”

**“ကရုဏာနှင့်သစ္စာဆုံမိပြီ။ တရားနှင့်ချမ်းသာသည် တစ်ပါးကို တစ်ပါးနမ်းကြပြီ” (ဆာလံ ၈၅း၁၀)။**

တရားမျှတမှုနှင့်ကရုဏာတော်တို့သည် တစ်ခုနှင့်တစ်ခု သီးခြားတည်ရှိကြပြီး တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်ဖြစ်ကြကာ ကျယ်ပြောသောသဘောထားကွာဟမှုဖြင့် သီးခြားစီရှိနေကြပါသည်။ ကျွန်ုပ်တို့၏ကယ်ချွတ်ရှင်သခင်ဘုရားသည် သူ၏ဘုန်းတော်ကို လူ့လောကအပေါ်လွှမ်းခြုံပေးတော်မူပြီး လူသားတို့၏ကိုယ်စား အစွန်းအထင်း (သို့မဟုတ်) အပြစ်အနာအဆာကင်းသော အကျင့်စရိုက်တော်အတိုင်း ပြုပြင်ပုံသွင်းတော်မူခဲ့ပါသည်။ ကောင်းကင်နှင့်မြေကြီးစပ်ကြားရှိ လမ်းခုလတ်တွင် သူ၏ကပ်တိုင်တော်ကို စိုက်ထူတော်မူပြီး ကောင်းကင်သို့ရော မြေကြီးဆီသို့ပါ ရောက်ရှိသွားနိုင်ကာ တရားမျှတမှုနှင့်ကရုဏာတော်နှစ်ခုလုံးတို့ကို ၎င်းတို့၏ကွာဟမှုအနေအထားမှနေပြီး နီးကပ်မှုရှိသွားအောင် ဆွဲယူတော်မူပါသည်။ တရားမမျှတမှုနှင့် အပြစ်တို့အားလုံးအတွက် ပြစ်ဒဏ်ပေးခံရမှုတို့တွင် ဘုရားသခင်နှင့်တူညီသော အမြင်မျိုးရှိခဲ့ပါသည်။ ပြည့်စုံကုံလုံသောကျေနပ်မှုဖြင့် တရားမျှတမှုသည် ကပ်တိုင်တော်အပေါ် ကြည်ညိုမြတ်နိုးခြင်းဖြင့် ဦးညွှတ်အရိုအသေပေးရင်း ဤမျှလောက်ဖြင့် လုံလောက်ပါပေသည်ဟူ၍ ပြောဆိုလာပါသည်။

ကျွန်ုပ်တို့၏ကိုယ်စား လုပ်ဆောင်ပေးသောအလှူဒါနအားဖြင့် ကျွန်ုပ်တို့သည် အပေါ်စီးအနေအထား၌ နေရာချထားခြင်းခံရကြပါသည်။ အပြစ်၏မဟာမိတ်အသိုက်အဝန်းမှ ခရစ်တော်၏ဘုန်းတော်အားဖြင့် ဆွဲထုတ်ခဲ့ခြင်းခံရသောအပြစ်သားသည် မြှောက်တင်ထားခြင်းခံခဲ့ရသော ကပ်တိုင်တော်



သို့ချဉ်းကပ်သွားကာ ၎င်းကပ်တိုင်တော်ရှေ့တွင် မိမိကိုယ်ကိုဝမ်းလျားထိုးဝပ်စင်းလိုက်ပါသည်။ ထိုနောက်တွင် ခရစ်တော်ယေရှုသခင်ထံတော်မှ အသစ်သောသွင်ပြင်သဘောသဘာဝကို ရရှိလာစေပါသည်။ ထို့ပြင် အပြစ်သားသည် အပြစ်နှင့်ကင်းစင်ပြီး မွန်မြတ်သန့်ရှင်းလာပါသည်။ သူသည် အသစ်သောနှလုံးသားကို ပေးအပ်ခြင်းခံလာရပါသည်။ မြင့်မြတ်သန့်ရှင်းမှုသည်လည်း အခြားမည်သည့်အရာမျှ လိုအပ်မှုမရှိတော့ကြောင်း တွေ့ရှိလာရပါသည်။ အပြစ်လွတ်တော်မူခြင်းတည်းဟူသော ရွေးနုတ်ခြင်း၏လုပ်ငန်းဆောင်တာသည် လူသားအတွက် တစ်စုံတစ်ခုသောစိတ်ကူးစိတ်သန်းရရှိရေးအတွက် အခက်အခဲဖြစ်စေသည့် အကျိုးဆက်များတွင် ပါဝင်ပတ်သက်လာပါသည်။ ကောင်းကင်နိုင်ငံတော်၏ရတနာများတို့၏အရင်းအနှီးတစ်ခုအဖြစ် ဘုန်းတော်ရှင်၏ပုံရိပ်တော်နှင့် အချိုးညီညီရှိရန်အတွက် ကြိုးပမ်းလုပ်ဆောင်သောလူသားအား၊ သူ့အားကျရှုံးခြင်းမရှိသော ကောင်းကင်တမန်တို့ထက် ပို၍မြင့်သောအရပ်တွင် နေရာချပေးနိုင်မည့် မြင့်မြတ်သောဘုန်းတန်ခိုးတော်တစ်ခုကို ဖြန့်ဝေပေးရန်ရှိပါသည်။ တိုက်ပွဲသည် ဆင်နွှဲနေလျက်ရှိသည်အလျောက် အောင်မြင်ခြင်းကိုလည်း ရယူနိုင်ခဲ့ပြီးဖြစ်ပါသည်။ ဒုစရိုက်အပြစ်နှင့်ဖြောင့်မတ်ခြင်းတရားတို့၏တိုက်လှန်ပွဲကြီးသည် ကောင်းကင်ဘုံရှင်ထာဝရဘုရားကို ချီးမြှောက်ပေးခဲ့ပြီး၊ ကယ်တင်ခံရသောလူသားမိသားစု၊ မကျရှုံးနိုင်သောကမ္ဘာဂြိုဟ်များ၊ မကောင်းမှုဒုစရိုက်တို့ကို လုပ်ဆောင်ကြသောသူများတို့၏ မူလဇာစ်မြစ်အားလုံး အကြီးဆုံးဖြစ်စေ၊ အငယ်ဆုံးဖြစ်စေ ၎င်းတို့၏ရှေ့မှောက်တွင် ၎င်းတိုက်လှန်ပွဲကြီးသည် ဘုရားသခင်၏မွန်မြတ်သန့်ရှင်းမှု၊ ကရုဏာတော်၊ ကောင်းမြတ်တော်မူခြင်းနှင့် ဉာဏ်ပညာတော်တို့ကို တည်ထောင်ပေးပါသည်။

ကပ်တိုင်တော်ပေါ်တွင် ခရစ်တော်ရှိတော်မူခြင်းသည် ခေါင်းကြီးပိုင်းကျမ်းချက်အရ ကရုဏာတော်နှင့်သမ္မာတရားတော်တို့သည် အတူတကွဆုံမိကြရန်နှင့် ဖြောင့်မတ်ခြင်းတရားတော်နှင့် ငြိမ်သက်ခြင်းချမ်းသာတို့သည် တစ်ခုကိုတစ်ခုနမ်းကြနိုင်ရန်အတွက် ကြားခံအဖြစ်ဖြင့်ရှိနေပါသည်။

အချိန်ကာလတစ်လျှောက်နှင့် ထာဝရကာလတစ်လျှောက်လုံး တည်တံ့နေမည့်ကျေးဇူးတော်အတွက် ပေးကမ်းခြင်းနှင့်ချီးမွမ်းခြင်းတို့အတွက် ဦးတည်ရည်ရွယ်သည့်အချက်တို့ဖြင့် လူသားတို့အား ထောက်ပံ့ပေးခြင်းသည် ဆုကျေးဇူးတော်၏ကြီးမြတ်ခြင်းပင်ဖြစ်ပါသည်။

–ဝ–



ဩဂုတ် (၂၅)

## ကပ်တိုင်တော်အတွက်ဘုရားသခင်အားနေ့စဉ်ကျေးဇူးတင်ကြကုန်အံ့

## "ကပ်တိုင်တော်သည်စာတန်မာရ်နတ်၏အစိုးရကိုဖုံးကွယ်ထားသည့် မျက်နှာဖုံးအစွပ်ကိုခွာချစေပါသည်"

**"အထွတ်အမြတ်၊ အာဏာစက်များကိုလုယူလျှင် ထင်ရှားစွာထုတ်ပြ၍ လက်ဝါးကပ်တိုင်တော်အားဖြင့် အောင်ပွဲကိုခံတော်မူပြီ" (ကောလောသဲ ၂း၁၅)။**

ကရာနီကုန်းတော်ပေါ်မှ ကပ်တိုင်တော်တွင်၊ ချစ်ခြင်းမေတ္တာနှင့်ကိုယ်ကျိုးအတ္တတို့သည် တစ်ခုနှင့်တစ်ခု မျက်နှာချင်းဆိုင်ဖြင့်ရပ်တည်နေကြပါသည်။ ဤနေရာ၌ပင် သူတို့၏ဂုဏ်အသရေဆိုင်ရာ သရုပ်သကန်များကိုထင်ရှားစွာပြသနေပါသည်။ ခရစ်တော်အနေဖြင့် ဤလောကသို့ဆင်းလာပြီး အသက်ရှင်တော်မူရခြင်းမှာ နှစ်သိမ့်မှုပေးရန်နှင့်ကောင်းချီးပေးရန်သာဖြစ်ကာ သူ့အားအသေခံစေတော်မူခြင်းမှာလည်း စာတန်မာရ်နတ်၏ဘုရားသခင်အပေါ်မလိုမုန်းထားမှုအကြိတ်အခဲကို စာတန်မာရ်နတ်က ထင်ရှားစွာထုတ်ဖော်ပြသခြင်းပင်ဖြစ်ပါသည်။ ဤကဲ့သို့လုပ်ဆောင်ခဲ့ခြင်းသည် ဘုရားသခင်အားထီးနန်းအရိုက်အရာမှချရန် ကောင်းကင်နိုင်ငံ၌ ပုန်ကန်ခဲ့ခြင်းဖြစ်ကြောင်းကိုပါ ထင်ရှားပေါ်လွင်စေခဲ့ပြီး ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်သက်ရောက်သောလူများမှတစ်ဆင့် ဘုရားသခင်အား ဖျက်လိုဖျက်ဆီးလုပ်နေခြင်းကိုပါပေါ်လွင်စေခဲ့ပါသည်။

ခရစ်တော်၏အသက်တာနှင့် အသေခံတော်မူခြင်းအားဖြင့် လူသားတို့၏အတွေးအခေါ်တို့သည်လည်း ထင်ရှားမြင်သာလာပါသည်။ နွားစားခွက်အတွင်းမှစတင်ပြီး ကပ်တိုင်တော်သို့ရောက်ရှိအဆုံးသတ်သည်အထိ ခရစ်တော်၏အသက်တာသည် မိမိကိုယ်ကိုမိမိစွန့်လွှတ်ရန်နှင့် ဒုက္ခဆင်းရဲခြင်းဝေဒနာကို

ခံစားထိတွေ့ရန်လိုအပ်ပါသည်။ ၎င်းသည် လူသားတို့၏ရည်ရွယ်ချက်များကို ဖွင့်ဟပြသခြင်းဖြစ်ပါသည်။ သခင်ယေရှုသည် ကောင်းကင်နိုင်ငံတော်၏သစ္စာတရားနှင့်အတူ ဆင်းသက်လာတော်မူပြီး သန့်ရှင်းသောဝိညာဉ်တော်၏အသံတော်ကို နားညောင်းကြသောသူတို့အားလုံးကို သူ၏ထံတော်သို့ ဆွဲယူတော်မူမည်ဖြစ်သည်။ မိမိကိုယ်ကိုသာ ကိုးကွယ်ဆည်းကပ်ကြသောသူတို့သည် စာတန်မာရ်နတ်၏နိုင်ငံနှင့်သာ သက်ဆိုင်ကြပါသည်။ ခရစ်တော်ထံသို့သာ ဦးတည်လိုသောသဘောထားရှိသူတို့သည် သူတို့အားလုံးတို့အနေဖြင့် မည်သည့်ဘက်တွင်သာ ရပ်တည်သည်ကိုပြသရပါမည်။ ဤသို့ဖြင့်သာ လူတိုင်းလူတိုင်းသည် မိမိကိုယ်ကိုတရားစီရင်ခြင်းကို ကျော်လွှားအောင်မြင်နိုင်ကြမည်ဖြစ်သည်။

နောက်ဆုံးသောတရားစီရင်ခြင်းနေ့တွင် ဆုံးရှုံးသွားခဲ့ကြသောအသက်ဝိညာဉ်တိုင်းတို့သည် သူ၏သမ္မာတရားကို ပယ်ချခြင်းသဘောသဘာဝကို နားလည်လာပေလိမ့်မည်။ ကပ်တိုင်တော်သည် ထင်ရှားပေါ်ပေါက်လာပြီး ၎င်း၏စစ်မှန်သောရပ်ညွှန်းကို ပညတ်တရားတော်ကိုဖောက်ဖျက်ကျူးလွန်မှုကြောင့် ပိတ်ပိတ်ကန်းဖြစ်နေကြသောလူတိုင်းက မြင်လာကြပါလိမ့်မည်။ လျှို့ဝှက်ဆန်းကြယ်သောသားကောင်နှင့်အတူ ကပ်တိုင်တော်မြင်ကွင်းရှေ့မှောက်တွင် အပြစ်သားတို့သည် အပြစ်စီရင်ခြင်းခံနေရန်တွက် မတ်တတ်ရပ်နေကြပေလိမ့်မည်။ လိမ်လည်သောဆင်ခြေပေးမှုသည် ဖယ်ရှားပစ်ခြင်းခံပါလိမ့်မည်။ လူသားအနေဖြင့် ဘာသာရေးအယူဝါဒစွန့်လွှတ်မှုသည် ၎င်း၏ရက်စက်ကောက်ကျစ်သောအကျင့်စရိုက်တွင် ပေါ်ထွက်လာပါလိမ့်မည်။ သူတို့ရွေးချယ်ခဲ့မှုအတိုင်း လူသားတို့အနေဖြင့် မြင်တွေ့လာရကြမည်ဖြစ်သည်။---အားလုံးသောစိတ်နှလုံးတို့၏တွေးခေါ်မှုတို့သည် ထင်ရှားဖော်ပြခြင်းခံရလာမည့်အချိန်တွင် သစ္စာစောင့်သိမှုနှင့် ပုန်ကန်လိုမှုတို့သည် စည်းလုံးမှုရှိလာကြကာ နှစ်ခုစလုံးကအတူတကွကြေညာကြမည်မှာ "တရားမျှတမှုနှင့်အမှန်တရားတို့သည် ကိုယ်တော်၏လမ်းခရီးများဖြစ်ပြီး ကိုယ်တော်သည် သန့်ရှင်း



သူတို့၏ရှင်ဘုရင်ဖြစ်ပါသည်။ အိုထာဝရဘုရား၊ ကိုယ်တော်အားမည်သူသည် မကြောက်ရွံ့၊ မချီးမွမ်းဘဲရှိနေကြသနည်း။----ကိုယ်တော်၏တရားဆုံးဖြတ်တော်မူချက်တို့သည် ထင်ရှားလျက်ရှိကြပါ၏" ဟူ၍ဖြစ်ပါသည်။

ကမ္ဘာမြေကြီးသည် ကောင်းကင်နိုင်ငံတော်၏တိုက်တစ်တိုက်အဖြစ်မှ ခွဲထုတ်ခြင်းခံခဲ့ရပြီး၊ ကောင်းကင်နိုင်ငံတော်အသိုက်အဝန်းမှ ကင်းကွာသွားခဲ့ရသော်လည်း သခင်ယေရှုက ဘုန်းအသရေတော်၏နယ်ပယ်အဝန်းအဝိုင်းဖြင့် တစ်ဖန်ပြန်လည်ဆက်စပ်ပေးတော်မူမည်ဖြစ်သည်။

-o-

## ဩဂုတ် (၂၆)

## ကျွန်ုပ်တို့သည်ကပ်တိုင်တော်ကိုထမ်းကြပါသည်
## "ကျွန်ုပ်တို့သည်ကျွန်ုပ်တို့၏လက်ဝါးကပ်တိုင်ကို နေ့စဉ်ထမ်းကြရပါမည်"

**"---ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကိုနေ့တိုင်းထမ်း၍ ငါ့နောက်သို့လိုက်ရမည်" (လုကာ ၉း၂၃)။**

အပြစ်ဒုစရိုက်၏တောင့်တင်းခိုင်မာသော မဟာမိတ်အဖွဲ့အစည်းမှ ခွဲထုတ်နိုင်သောအရာမှာ ကပ်တိုင်တော်၏စွမ်းအားသာလျှင်ဖြစ်ပါသည်။ ခရစ်တော်သည် မိမိကိုယ်ကိုပေးအပ်ရခြင်းမှာ အပြစ်သားကိုကယ်တင်ရန်ဖြစ်ပါသည်။ မိမိတို့၌ရှိသောအပြစ်များခွင့်လွှတ်ခြင်းခံရပြီး သခင်ယေရှုကိုချစ်ခြင်းမေတ္တာရှိကြသောသူများတို့သည် သူနှင့်တစည်းတလုံးတည်းရှိခွင့်ရကြပါမည်။ သူတို့သည် ခရစ်တော်၏ထမ်းပိုးကို ထမ်းရွက်ရကြပါလိမ့်မည်။ ဤထမ်းပိုးသည် သူတို့အားဟန့်တားရန်မဟုတ်သည့်အပြင် သူတို့၏ဘာသာရေးဆိုင်ရာအသက်တာကို ကျေနပ်ဖွယ်ရာမရှိသော၊ ပင်ပန်းစွာလုပ်ဆောင်ရသောအလုပ်တစ်ခုအဖြစ်သို့ ရောက်ရှိသွားစေသောအရာမဟုတ်ပါ။ မဟုတ်သမှအမှန်တကယ်မဟုတ်ဘဲ ခရစ်တော်၏ထမ်းပိုးသည် ပျော်ရွှင်ဝမ်းမြောက်ခြင်းတို့တွင် တစ်ခုအပါအဝင်ဖြစ်သော ခရစ်ယာန်အသက်တာမျိုးဖြစ်လာစေရန်အတွက် လုပ်ဆောင်ပေးသောအရာဖြစ်ပါသည်။ တစ်ပါးတည်းသောသားတော်ကို အသေခံစေတော်မူရန်အတွက် ကမ္ဘာမြေကြီးကိုပေးအပ်တော်မူခဲ့သော ဘုရားသခင်၏လုပ်ဆောင်တော်မူခဲ့ခြင်းကို ခရစ်ယာန်အနေဖြင့် ရွှင်လန်းဝမ်းမြောက်စွာဖြင့် ဆင်ခြင်သုံးသပ်ရမည်ဖြစ်ကာ၊ သူတို့အနေဖြင့် (ယောဟန် ၃း၁၆) တွင် ခရစ်တော်မိန့်တော်မူသော "ဘုရားသခင်





၏သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ၊----" ဆိုသောကျမ်းချက်ကို နှလုံးသွင်းရကြပါမည်။

ရှင်ဘုရင့်သားတော် ဧမာန္နေလ၏သွေးစွန်းထင်းသောတံခွန်အောင်လံတော်၏အောက်တွင် ရပ်နေကြသောသူတို့သည် ခရစ်တော်၏တပ်မတော်ကြီးတွင် သစ္စာရှိသောစစ်သည်တော်များဖြစ်သင့်ကြပါသည်။ သူတို့သည် မည်သည့်အခါမျှသစ္စာမဲ့ခြင်းမရှိရသည့်အပြင်၊ မမှန်မကန်မှုများလည်းမရှိရကြပါ။ များစွာသောငယ်ရွယ်သူတို့အနေဖြင့် ခရစ်တော်ယေရှုနှင့်ရပ်တည်ကြရန်အတွက် စေတနာ့ဝန်ထမ်းစိတ်ထားရှိရကြပါမည်။ ထိုယေရှုသခင်သည် အသက်တာ၏မင်းသားလည်း ဖြစ်တော်မူပါသည်။ သို့သော်လည်း သူတို့သည် ခရစ်တော်နှင့်အတူ ဆက်လက်၍ရပ်တည်လိုကြပါက သူတို့အနေဖြင့် သူတို့၏ဦးဆောင်ဗိုလ်ကြီးသခင်ယေရှု၏အမိန့်ပေးမှုများတို့ကို ခံယူနိုင်ကြရန် စဉ်ဆက်မပြတ် သူ့ထံတော်သို့လှမ်းမျှော်ကြည့်ရှုရကြပါမည်။ စာတန်မာရ်နတ်၏မဟာမိတ်အဖွဲ့အစည်းနှင့် ထိတွေ့ဆက်ဆံကြပြီး၊ သူ၏ဘက်တွင် အမြဲတစေရပ်တည်ကူညီပေးကြပါက၊ သူတို့အနေဖြင့် ခရစ်တော်၏စစ်သည်တော်များမဖြစ်နိုင်သည့်အပြင်၊ ထို့နောက်ပိုင်းတွင် သူတို့သည် ခရစ်တော်၏ရန်သူများအဖြစ်ဖြင့် ရောက်ရှိသွားကြပေမည်။ သူတို့သည် အဆုံး၌အထွတ်အမြတ်ဖြစ်သော ယုံကြည်ကိုးစားမှုတို့ကို အယုံအကြည်မဲ့အောင် ပြုလုပ်လာကြပါလိမ့်မည်။

မကျေမနပ်ဖြစ်မှု (သို့မဟုတ်) တတွတ်တွတ်မြည်တမ်းခြင်းတို့ဖြင့် ကပ်တိုင်တော်ကိုချီးမြှောက်၊ ထမ်းရွက်ခြင်းမပြုရကြပါ။ ထိုကပ်တိုင်တော်ကို စိုက်ထူခြင်းလုပ်ရပ်တွင် ၎င်းသည် သင့်အားပြန်လည်စိုက်ထူပေးသည့်အဖြစ်သို့ ရောက်ရှိလာသည်ကို သင်တွေ့မြင်လာရပါလိမ့်မည်။ ၎င်းသည် ကရုဏာ၊ အကြင်နာနှင့်သနားကြင်နာခြင်းတို့ပါဝင်သော ချစ်ခြင်းမေတ္တာဖြင့်ရှင်သန်သည်ကို သင်တွေ့မြင်လာရပါလိမ့်မည်။

ကပ်တိုင်တော်ကိုထမ်းရွက်ခြင်းဖြင့် သင်၏အတွေ့အကြုံသည် “အကျွန်ုပ်အားကယ်နုတ်တော်မူသောသူသည် အသက်ရှင်တော်မူကြောင်းကို အကျွန်ုပ်သိပါ၏။ သူအသက်ရှင်တော်မူသည့်အတွက် ကျွန်ုပ်သည်လည်း ထိုနည်းအတူအသက်ရှင်ပါလိမ့်မည်” ဆိုသောစကားကို ပြောဆိုနိုင်သော အနေအထားဆီသို့ ရောက်ရှိပေလိမ့်မည်။ အလွန်အာမခံချက်ကောင်းသော အချက်ပေတည်း။

–ဝ–



**ဩဂုတ် (၂၇)**

### ကျွန်ုပ်တို့သည်ကပ်တိုင်တော်ကိုထမ်းကြပါသည်

## “ကျွန်ုပ်တို့သည်ကပ်တိုင်တော်ကိုထမ်းပြီး မိမိကိုယ်ကျိုးအတ္တကိုငြင်းပယ်ကြပါသည်”

**“ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာအသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခုငါရှင်သောအသက်သည် ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဖို့ကိုယ်ကိုစွန့်တော်မူ၏” (ဂလာတိ ၂း၂ဝ)။**

ကျရှုံးသွားသောလူသားအတွက် ခရစ်တော်သည် မိမိကိုယ်ကိုအသေခံဆက်ကပ်အပ်နှံတော်မူခဲ့ပါသည်။ သို့သော်လည်း မိမိကိုယ်ကိုမိမိ ခရစ်ယာန်ဟုခေါ်ဝေါ်ကြသောသူတို့အတော်များများအတွက် ဤဖြစ်ရပ်သည် ဘာမျှမဟုတ်သကဲ့သို့ရှိပါသည်။ တကယ့်လက်တွေ့တွင် သူတို့သည် ခရစ်တော်၏ကပ်တိုင်တော်ကို ငြင်းပယ်ကြပါသည်။ ခရစ်တော်ကပ်တိုင်ပေါ်တွင်အသေခံတော်မူခဲ့သည်ကို သူတို့လက်ခံကြပါသော်လည်း သူတို့အတွက် ကားစင်တွင်အသက်အသေခံတော်မူခြင်းကို သူတို့လက်ခံရန်မှာမူ သူတို့အနေဖြင့် ထိုအသေခံတော်မူခြင်းသည် သူတို့အား မိမိတို့ကိုယ်ကျိုးအတ္တတို့ကို ငြင်းပယ်ရန်နှင့် မိမိကိုယ်ကိုမိမိတို့ ဆက်ကပ်အပ်နှံရေးဆီသို့ ရှေးရှုစေသည့်သင်ခန်းစာအဖြစ် လက်မခံကြပါ။ သူတို့သည် ခရစ်ယာန်ဖြစ်သည်ဆိုခြင်းမှာ အမည်ခံမျှသာဖြစ်ကြပါသည်။ ဘုရားသခင်၏သားသမီးများအဖြစ်သို့ ခရစ်တော်ကိုလက်ခံကြသောသူတို့အား ရောက်ရှိစေသည့်အခွင့်ထူးကို ပေးသနားတော်မူသော မိမိကိုယ်ကိုအသေခံဆက်ကပ်တော်မူပြီး ပြန်လည်ရှင်ပြန်ထမြောက်တော်မူသော ကယ်တင်ရှင်သည် သူတို့၏ယုံကြည်ခြင်း၏ဗဟိုချက်မ မဟုတ်ပါ။

အပြစ်ဒုစရိုက်၏အပျော်အပါးများတို့ကိုစွန့်လွှတ်ခြင်းဖြင့် ကောင်းကင်နိုင်ငံတော်နှင့် ထာဝရအသက်တို့အတွက် အလဲအလှယ်လုပ်ပါ။ သစ္စာရှိသောအသက်ဝိညာဉ်ကိုစောင့်ဆိုင်းနေသော ထာဝရတည်မြဲသည့် ချမ်းမြေ့ပျော်ရွှင်မှုဆီသို့ဦးတည်စေသည့်၊ စစ်မှန်သောပျော်ရွှင်ဝမ်းမြောက်ခြင်းတစ်စက်ကလေးမျှ ပါဝင်ခြင်းမရှိသော ကိုယ်ကျိုးအတ္တကျေနပ်ဝမ်းမြောက်မှုကို အနည်းငယ်သောနေ့ရက်ကလေးများတွင် သင်ခံစားရပါသလား။ သင်၏အသက်ဝိညာဉ်တွင် ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်ကို ပြသခွင့်ပြုပါ။ သူ၏ချစ်ခြင်းမေတ္တာတော်ကို လက်ဆုပ်လက်ကိုင်သက်သေပြလိုပါက၊ သင့်အနေဖြင့်ကရာနီကုန်းတော်ပေါ်က ကပ်တိုင်တော်ကိုလှမ်းကြည့်လိုက်ပါ။ သင်ကမည်သည့်အရာကိုလုပ်ဆောင်မည်ကိုသိရှိရန် ကောင်းကင်ဘုံသည် သင့်အားကြီးမားသောစိတ်ဝင်စားမှုဖြင့် အနီးကပ်စောင့်ကြည့်နေပါသည်။ သင့်အားကမ်းလှမ်းခဲ့သော ကောင်းချီးမင်္ဂလာများတို့အား သင်ကစိတ်ဝင်စားမှုမရှိဘဲ၊ ကျော်ခိုင်းသွားသည်ကို ကောင်းကင်တမန်တို့က တအံ့တသြရှိခဲ့ကြပါသည်။ သင့်အနီးသို့ချဉ်းကပ်လာသော ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်ကို တုံ့ပြန်အဖြေပေးရန်ငြင်းပယ်ပါက၊ အဆုံးတွင်သင်သည် ပုန်ကန်လိုစိတ်နှင့်ဖီဆန်လိုစိတ် ကြီးထွားလာမည်ဖြစ်သည်။

ရှင်ပေါလုက သူ၏ပြည့်စုံခြင်းသည် သူ၏ကိုယ်တိုင်အားဖြင့် ရရှိခြင်းမဟုတ်ကြောင်းကို သတိထားဆင်ခြင်မိပါသော်လည်း သူ၏စိတ်နှလုံးကိုကျေးဇူးပြုတတ်မှုနှင့်ပတ်သက်သည့် ဩဇာသက်ရောက်မှုဖြင့် ဖြည့်ဆည်းပေးသည့် သန့်ရှင်းသောဝိညာဉ်တော်၏တည်ရှိထင်ရှားမှုကြောင့် ခရစ်တော်ထံတော်သို့ခိုဝင်စေသည့်အတွေးမျိုးတိုင်းကို သူ၏စိတ်နှလုံးထဲတွင် ဖြစ်ပေါ်စေပါသည်။ တမန်တော်ရှင်ပေါလု၏ပို့ချချက်ဩဝါဒများတွင် ခရစ်တော်သည်ဗဟိုအချက်အချာကျသော သရုပ်သကန်ဖြစ်ပါသည်။ ရှင်ပေါလုက အထက်ခေါင်းစီးပါကျမ်းချက်အတိုင်း "-----ငါသည်----အသက်ရှင်သေး၏။ ထိုသို့ဆိုသော်၊ ငါသည်ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏" ဟူ၍ ကြေညာခဲ့ပါသည်။ ကိုယ်ကျိုးအတ္တသည် ဖုံးကွယ်ခဲ့ပြီး၊ ခရစ်တော်သည်ထင်ရှားတော်မူပြီး ချီးမြှောက်တော်မူခြင်းခံရပါသည်။



ကိုယ်ကျိုးအတ္တသမားများက၊ အချည်းနှီးသောသဘောမျိုးဖြင့်ပျော်ရွှင်မှုကိုကြိုးပမ်းရှာဖွေကြသောအခါ အခြားကောင်းမြတ်သောအရာများတို့ကိုလုပ်ဆောင်ရန် မိမိကိုယ်ကိုငြင်းပယ်ကြပြီး၊ မိမိတို့ကိုယ်ကို ခရစ်တော်၏အမှုတော်ကိုဆောင်ရွက်ရန် အပ်နှံကြသောသူတို့အားလုံးတို့သည် ထိုပျော်ရွှင်မှုကို သဘောပေါက်နားလည်ကြပေလိမ့်မည်။

-o-

## သြဂုတ် (၂၈)

### ကျွန်ုပ်တို့သည်ကပ်တိုင်တော်ကိုထမ်းကြပါသည်

## “ကျွန်ုပ်တို့သည်မိမိတို့၏ကပ်တိုင်ကိုထမ်းလျက် ခရစ်တော်၏နောက်တော်သို့လိုက်လျှောက်ကြပါသည်”

**“ငါ့သိုးတို့သည် ငါ့စကားသံကိုနားထောင်၍ ငါ့နောက်သို့လိုက်ကြ၏။ ထိုသိုးတို့ကိုငါသိ၏” (ယောဟန် ၁၀း၂၇)။**

အထက်အရပ်ရှိတရားရုံးများတွင် ကောင်းကင်ဘုံဆိုင်ရာ ကောင်းကင်တမန်တို့နှင့် မိတ်ဆွေအပေါင်းအသင်းဖြစ်ရန် ကျွန်ုပ်တို့အတွက်သင့်လျော်မည့် မြင့်မြတ်ပြီး၊ မြောက်စားခြင်းခံရသည့်အကျင့်စရိုက်ကို ဖြန့်ဝေပေးတော်မူမည့် သစ္စာတရားနှင့်ပြည့်စုံတော်မူသော မိတ်ဆွေတစ်ဦးကို ကျွန်ုပ်တို့ရရှိထားခြင်းသည် အလွန်အဖိုးထိုက်လှသော ပညာအတတ်ပင်ဖြစ်ပါသည်။ သူ၏ကာကွယ်စောင့်ရှောက်မှုသည် သူ၏သားတော်သမီးတော်တို့အားလုံးအပေါ်၌ ကျရောက်တည်ရှိနေပါသည်။ သူတို့သည် လောကကမ္ဘာကြီးကပေးအပ်၍သော်လည်းကောင်း၊ ယူငင်၍သော်လည်းကောင်း မရနိုင်သောငြိမ်သက်ခြင်းချမ်းသာတစ်ခုကို ရရှိနေကြပါသည်။ လောကနှင့်ဆိုင်သောရတနာများကို ဆုံးရှုံးရမှုကြောင့် သူတို့အားမျှော်လင့်ခြင်းကင်မဲ့သွားစေခြင်း၊ သို့တည်းမဟုတ် အိုးမဲ့အိမ်မဲ့ဖြစ်သွားစေခြင်းအဖြစ်သို့ မလုပ်ဆောင်နိုင်ကြပါ။

လောကနှင့်ဆိုင်သောရတနာများကို တက်ကြွမှုအပြည့်ဖြင့် ကြိုးပမ်းရှာဖွေနေကြသော ကမ္ဘာသူကမ္ဘာသားတို့ကို ခရစ်တော်ကကြည့်မြင်နေပါသည်။ စစ်မှန်သောချမ်းသာကြွယ်ဝမှုများဆီသို့ ဦးတည်စေသည့် တစ်ခုတည်းသောလမ်းကြောင်းအားဖြင့် သူတို့ကထက်ထက်သန်သန်၊ ကောက်ကောက်ပါအောင်လိုက်ပါသွားကြသောအချိန်တွင်၊ လူသားအတော်များများတို့သည် ပထမတွင်အရာတစ်ခုတည်းအတွက်ကိုသာ စိတ်ထက်သန်စွာကြိုးပမ်းလုပ်ဆောင်ကြသော်လည်း နောက်ပိုင်းတွင်၊ အခြားအရာနောက်တစ်ခုအတွက်ဖြစ်သော



သူတို့၏ကိုယ်ကျိုးအတ္တလောဘအတွက် ကျေနပ်မှုရရှိစေလိမ့်မည်ဟု သူတို့ထင်မြင်ယူဆသည့် လောကီဆိုင်ရာရတနာများကိုသာ ငမ်းငမ်းတက်ရယူနိုင်ရန် ကြိုးပမ်းလုပ်ဆောင်လာကြသည်ကို ခရစ်တော်ကမြင်တွေ့လာရပါသည်။

သြဇာအာဏာရရှိထားသော ခရစ်တော်တစ်ဦးအနေဖြင့် ထိုကဲ့သို့သောသူတို့ကို သူ၏နောက်တော်သို့လိုက်လျှောက်ကြရန် ဖိတ်ခေါ်တော်မူပါသည်။ အစဉ်ထာဝရတည်တံ့မည့် ချမ်းသာကြွယ်ဝမှုများဆီသို့ ဦးတည်ရှေးရှုစေရေးအတွက် ခရစ်တော်က ကမ်းလှမ်းတော်မူပါသည်။ မိမိကိုယ်ကိုငြင်းပယ်ရန်နှင့် ဆက်ကပ်အပ်နှံမှုပြုစေသည့် ကျဉ်းသောလမ်းကိုသူတို့အားသူကညွှန်ပြပေးပါသည်။ ဤလမ်းအတိုင်း မမှိတ်မသုန်ဆက်လက်လုပ်ဆောင်ပြီး၊ အတားအဆီးတိုင်းတို့ကို ကျော်လွှားလွန်မြောက်နိုင်သောသူတို့သည် ဘုန်းအသရေတော်သို့ ဝင်စားနိုင်ကြမည်ဖြစ်သည်။ ကပ်တိုင်တော်ကိုပင့်ဆောင်ထမ်းရွက်ခြင်းဖြင့် ကပ်တိုင်တော်သည်လည်း သူတို့အားပြန်လည်ထမ်းရွက်သည်ကို သူတို့တွေ့မြင်လာရကာ၊ အဆုံးတွင် သူတို့သည် မပျက်သုဉ်းနိုင်သောရတနာ ရယူကြလိမ့်မည်ဖြစ်သည်။

လောကီကြွယ်ဝမှုများအားဖြင့် လုံခြုံမှုကိုရရှိကြမည်ဟု အများသောသူတို့က ထင်မြင်ယူဆကြပါသည်။ သို့သော် မြင်ကွင်းကိုကာဆီးထားသောအမှုန်အမွှားကို သူတို့၏မျက်စိမှဖယ်ရှားပစ်ရန် ခရစ်တော်ကကြိုးပမ်းလုပ်ဆောင်တော်မူကာ ဤသို့ဖြင့်သူတို့အနေဖြင့် အတိုင်းထက်အလွန်နှင့် အစဉ်ထာဝရအလေးတင်းပေးသည့် ဘုန်းအသရေတော်ကို လှမ်းမျှော်ကြည့်ရှုနိုင်ရန်အတွက်လည်း အထောက်အမပေးတော်မူပါသည်။ သူတို့သည် လက်တွေ့ဘဝများအတွက် အကောင်အထည်မရှိသောအရာများတို့ကို အထင်အမြင်မှားကြပြီး ထာဝရတည်တံ့မည့်ကမ္ဘာသစ်ကြီး၏ဘုန်းအသရေတင့်တယ်မှုကို မျက်ခြည်ပြတ်ခဲ့ကြပါသည်။ ပစ္စုပ္ပန်ကာလ၏အခြားတစ်ဖက်သို့ သူတို့၏အမြင်ကိုတိုးချဲ့ကြရန် ခရစ်တော်ကသူတို့ကိုခေါ်ယူနေပြီး သူတို့၏အမြင်ကို ထာဝရကာလဆီသို့ရှုမျှော်ကြရန် ထပ်ဆောင်းပေးတော်မူပါသည်။

ကျွန်ုပ်တို့အနေဖြင့် ကပ်တိုင်တော်ကိုပင့်ဆောင်ထမ်းရွက်ပြီး ခရစ်တော်၏ခြေလှမ်းတော်များအတိုင်း လိုက်လျှောက်ရကြပါမည်။ ဤကဲ့သို့ကပ်တိုင်တော်ကို ပင့်ဆောင်ထမ်းရွက်ကြသောသူတို့သည် သူတို့လုပ်ဆောင်ကြသကဲ့သို့ပင် ကပ်တိုင်တော်သည် သူတို့ကိုပြန်လည်ပင့်ဆောင်ထမ်းရွက်သည်ကို သူတို့တွေ့ရှိရကြမည်ဖြစ်ကာ၊ သူတို့အားခံနိုင်ရည်ရှိမှုနှင့် ရဲစွမ်းသတ္တိတို့ကို ပေးအပ်လျက် ကမ္ဘာသူကမ္ဘာသားတို့၏အပြစ်ကို ဖယ်ရှားတော်မူခဲ့သော ဘုရားသခင်၏သိုးသငယ်ကို သူတို့အားညွှန်ပြပေးမည်ဖြစ်သည်။

–ဝ–



# ဩဂုတ် (၂၉)

## ကျွန်ုပ်တို့သည်ကပ်တိုင်တော်ကိုထမ်းကြပါသည်

## "ကျွန်ုပ်တို့သည်ကပ်တိုင်တော်ကိုရှောင်ရှားကြပါက၊ ထာဝရအသက်ကိုလက်လွှတ်ဆုံးရှုံးရကြမည်"

**"အကြင်သူသည် မိမိလက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့မလိုက်၊ ထိုသူသည် ငါနှင့်မထိုက်မတန်" (မဿဲ ၁ဝး၃၈)။**

လူသားတို့အနေဖြင့် အတန်းအစားနှစ်မျိုးသာရှိနိုင်ပါသည်။ မိမိကိုယ်ကို သစ္စာမရှိသောဘက်တွင်ထားရှိသောသူတို့အားလုံးတို့သည် စာတန်မာရ်နတ်၏အမည်းရောင်တံခွန်အောက်တွင် ရပ်တည်နေကြပြီး၊ သူတို့အနေဖြင့် ခရစ်တော်ကိုခုတုံးလုပ်အသုံးချပါသော်လည်း ငြင်းပယ်ခြင်းဖြင့်သာ တရားဆုံးဖြတ်စီရင်ခြင်းခံရကြပါသည်။ သူတို့သည် အသက်နှင့်ဘုန်းအာနုဘော်တို့၏သခင်ဘုရားကို တမင်တကာအသက်စွန့်အသေခံတော်မူစေသောပြစ်ချက်ဖြင့် စီရင်ဆုံးဖြတ်ခြင်းခံရကြပါသည်။

ကပ်တိုင်တော်ကိုရှောင်ဖယ်သွားသောသူသည် သစ္စာစောင့်သိသူများတို့ကို ပေးထားသောကတိဖြစ်သည့် ချီးမြှင့်ခြင်းကိုရှောင်ဖယ်သွားသည်နှင့် အတူတူပင်ဖြစ်ပါသည်။

ဘုရားသခင်၏သားတော်၏မယုံကြည်နိုင်စရာကောင်းသော ချစ်ခြင်းမေတ္တာတော်၌ သင်၏နှလုံးသားအရည်ပျော်သွားသည်အထိ ကရာနီကုန်းတော်ဆီသို့ လှမ်းမျှော်ကြည့်ပါ။ ကျရှုံးသွားသောလူသား၊ ချီးမြှောက်ခြင်းခံရရေးနှင့် စင်ကြယ်သန့်ရှင်းစေရေးအတွက် မည်သည့်အရာကိုမျှမပြီးမြောက်ဘဲ၊ ဤကမ္ဘာမြေကြီးပေါ်တွင် ဘုရားသခင်၏သားတော်က မချန်ထားရစ်ခဲ့ပါ။ ကျွန်ုပ်တို့သည်လည်း သူ့အားဝန်ချတောင်းပန်ခြင်းမလုပ်ဘဲနေကြတော့မည်လား။ ခရစ်တော်၏ဘာသာတရားသည် သူ့အားလက်ခံသောသူကို အရိုအသေတန်စေတော့မည်လား။ မဟုတ်ပါ၊ ကရာနီကုန်းတော်ပေါ်မှ လူသား၏ခြေလှမ်း

များအတိုင်း လိုက်လျှောက်ခြင်းအားဖြင့် အရိုအသေတန်ခြင်းအဖြစ်သို့မရောက်နိုင်ပါ။ ခရစ်တော်သည် ကျွန်ုပ်တို့အပေါ် စိုးမိုးအုပ်ချုပ်နေသည်ဆိုသည့်အချက်ကို ကျွန်ုပ်တို့၏အပြောအဆို၊ အပြုအမူအနေအထိုင်၊ ဝတ်စားဆင်ယင်မှုတို့နှင့် အခြားကျွန်ုပ်တို့၏အရေးအရာများတို့တွင် ဖော်ထုတ်ပြသနိုင်ရေးအတွက် ကျွန်ုပ်တို့သည် နေ့စဉ်နေ့တိုင်း၊ သခင်ယေရှု၏ခြေတော်ရင်း၌ထိုင်ပြီး သူ၏ထံတော်မှ သင်ကြားရယူကြပါစို့။ ကျွန်ုပ်တို့သည် လောကီခရီးလမ်းကိုမလျှောက်ကြဘဲ၊ သခင်ဘုရား၏ပြန်ပေးအဖိုးအခအဖြစ် ပြဋ္ဌာန်းသတ်မှတ်ပြီးသောလမ်းသွယ်ကို လျှောက်လှမ်းကြရန် ဘုရားသခင်သည် ကျွန်ုပ်တို့အားခေါ်တော်မူပါသည်။ ကျွန်ုပ်တို့အနေဖြင့် အားလုံးသောအရာတို့ကို ဘုရားသခင်ထံတော်၌ အပ်နှံရကြမည်ဖြစ်သည့်အပြင်၊ လူတို့ရှေ့တွင် ခရစ်တော်ကိုဝန်ချတောင်းပန်ကြရပါမည်။

အထက်ခေါင်းစီးပါကျမ်းချက်တွင်၊ “အကြင်သူသည် မိမိလက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့မလိုက်၊ ထိုသူသည် ငါနှင့်မထိုက်မတန်” ဟူ၍ ဖော်ပြထားသည့်အပြင်၊ ထို (မဿဲ ၁၀း၃၉) တွင် “မိမိအသက်ကိုတွေ့သောသူသည် အသက်ရှုံးလိမ့်မည်။ ငါ့ကြောင့်မိမိအသက်ရှုံးသောသူမူကား၊ အသက်ကိုတွေ့လိမ့်မည်” ဟူ၍ ဆက်လက်ဖော်ပြထားပါသည်။ ကျွန်ုပ်တို့အနေဖြင့် နေ့စဉ်နေ့တိုင်း မိမိအတ္တကိုမိမိငြင်းပယ်ရကြမည်ဖြစ်ပြီး၊ ကပ်တိုင်ကိုထမ်းရွက်ရင်း ကျွန်ုပ်တို့အရှင်သခင်၏ခြေလှမ်းတော်များအတိုင်း လိုက်လျှောက်ရကြပါမည်။---

သနားခြင်းကရုဏာအချိန်ကာလမပိတ်သေးသည့်အတွက် ကျွန်ုပ်ဝမ်းမြောက်မိပါသည်။ နာဇရက်မြို့သားယေရှုခရစ်တော်၏နာမတော်အားဖြင့် ကျွန်ုပ်တို့သည် ထိုကျောက်တော်ကိုတိုက်ခိုက်ပြီး ကွဲကြေသွားကြပါစို့။ နူးညံ့သိမ်မွေ့ခြင်း၊ ချစ်ခြင်းမေတ္တာ၊ မွန်မြတ်သန့်ရှင်းသောအပြောအဆို၊ ကရုဏာထားသောစိတ်ဓာတ်များတို့အားဖြင့် ခရစ်တော်မှစပြီး အခြားသောသူတို့ထံတွင် ဝန်ချတောင်းပန်ပါ။ ယေရုရှလင်မြို့တွင် စုဝေးသောသူတို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်းကို ထုတ်ဖော်ပြသခဲ့သကဲ့သို့၊



ခရစ်တော်သည် သူ၏ဘုန်းတန်ခိုးအာနုဘော်တော်ကို ပြသမည့်အရပ်တွင် ကျွန်ုပ်တို့သည်လည်း ယေရုရှလင်မြို့တွင် စုရုံးသောသူတို့၏အနေအထားအတိုင်း အစွမ်းအစပြသခွင့်ရရှိကြပါလိမ့်မည်။

ကရာနီကုန်းပေါ်မှကပ်တိုင်တော်သည် ကျွန်ုပ်တို့အတွက် ထာဝရအသက်ဆိုင်ရာကတိသက်သေပင်ဖြစ်ပါသည်။

–o–

## ဩဂုတ် (၃၀)

### ကျွန်ုပ်တို့သည်ကပ်တိုင်တော်ကိုထမ်းကြပါသည်

### “ကုရေနေပြည်သားရှိမုန်ထမ်းခဲ့သောကပ်တိုင်တော်”

**“သွားကြစဉ်တွင် ရှိမုန်အမည်ရှိသော ကုရေနေပြည်သား တစ်ယောက်ကိုတွေ့လျှင်၊ အနိုင်ပြု၍လက်ဝါးကပ်တိုင်တော်ကို ထမ်းစေကြ၏” (မဿဲ ၂၇း၃၂)။**

သူ၏အားအင်ယုတ်လျော့ခြင်းနှင့် ဒုက္ခဝေဒနာခံစားရသောအနေအထား တွင် ကယ်တင်ရှင်၏ထမ်းရသောဝန်သည် သူ့အတွက်အလွန်လေးလံတော် မူခဲ့ပါသည်။ သူ၏တပည့်တော်တို့နှင့် ကျင်းပခဲ့သောပသခါပွဲတော်ညစာစား ပွဲအချိန်ကတည်းက အစာလည်းမစား၊ ရေလည်းသောက်တော်မမူခဲ့ပါ။ သူသည် ဂေသရေမန်ဥယျာဉ်တွင် ယုတ်မာကောက်ကျစ်သော ကိုယ်စားလှယ်အစုအဖွဲ့ တို့နှင့်ဆိုင်ပြိုင်ရသောပဋိပက္ခတွင်၊ မချိတရိပူပန်သောကပွားခဲ့ရပါသည်။ တရားစီရင်ရာတရားရုံးတစ်ခု၏အလွန်ဆိုးဝါးသော ရုပ်ပျက်ဆင်းပျက် ဖြစ်စဉ် တစ်လျှောက်တွင် သူသည် မယိမ်းမယိုင်တောင့်ခံနိုင်စွမ်းနှင့် ဂုဏ်သိက္ခာတို့ အားဖြင့် သူ့ကိုယ်ကိုခံနိုင်ရည်ရှိအောင် ထိန်းထားတော်မူခဲ့ပါသည်။ သို့သော် ဒုတိယအကြိမ်ကြာပွတ်ဖြင့်အရိုက်ခံရသည့်နောက်ပိုင်း သူ့အပေါ်သို့ကပ်တိုင် ကိုတင်ထားပြီးသည်နောက်၊ လူသားသဘာဝအလျောက် သူ့တွင်ခံနိုင်စွမ်းမရှိ တော့ပါ။ ကပ်တိုင်၏လေးလံမှုအောက်တွင် သူလဲကျပိမိပြီး သတိလစ်တော် မူခဲ့ပါသည်။

ကယ်တင်ရှင်၏နောက်တော်သို့လိုက်သွားခဲ့ကြသော လူအစုအဝေး တို့သည် အားအင်ဆုတ်ယုတ်ပြီး မယုံနိုင်လောက်သောခြေလှမ်းတို့ကိုမြင်တွေ့ ခဲ့ကြသော်လည်း သူတို့သည် သနားကြင်နာစိတ်ရှိသည့်အမူအရာမျိုး လုံးဝ မပြသခဲ့ကြပါ။ သူ့အားနှိပ်စက်ညှဉ်းပန်းသူတို့အနေဖြင့် သူသည် သူ၏လေးလံ



သောကပ်တိုင်ဝန်ကို ဆက်လက်ပြီးဝေးလံစွာထမ်းနိုင်တော့မည်မဟုတ်ကြောင်းကို တွေ့မြင်လာခဲ့ကြပါသည်။ သူတို့သည် အရှက်တကွဲဖြစ်စေသည့် ထမ်းရွက် စရာဝန်ထုပ်ကို ထမ်းပေးနိုင်မည့်လူတစ်ယောက်ယောက်ကို ရှာဖွေတွေ့ရှိရန် အကြံအိုက်နေခဲ့ကြပါသည်။ ယုဒလူမျိုးတို့ကိုယ်၌က ထိုကဲ့သို့သော အရှက် တကွဲဖြစ်စေသည့်အလုပ်မျိုးကို မလုပ်တတ်ကြပါ။

ဤအချိန်တွင် ကုရေနေပြည်သားရှိမုန်သည် ကျေးလက်ဒေသမှ တက်လာစဉ် လူအုပ်ကြီးနှင့်ဆုံတွေ့မိလျက်သားဖြစ်ခဲ့ပါသည်။ လူထုအစု အဝေး၏မခံချိမခံသာဖြစ်အောင်ပြောဆိုကြမှုနှင့်၊ ညစ်ညမ်းသိမ်ဖျင်းသည့်စကား တို့ကိုပြောဆိုနေကြသံကို သူကြားရပြီး၊ စက်ဆုပ်ဖွယ်သောစကားလုံးတို့ကို ထပ်တလဲလဲကြားနေရကာ သူသည် သူ၏သနားကြင်နာစိတ်ကိုပြသသည့် အနေဖြင့် ထိုမြင်ကွင်းကိုတအံ့တဩဖြစ်သည့် တုံ့ဆိုင်းရပ်တန့်မှုဖြင့်၊ “ယုဒလူ တို့၏ဘုရင်အတွက် လမ်းဖယ်ပေးကြပါ” ဆိုသောအသံနှင့်အတူ ထိုသူတို့ သည် သူ့အားဝိုင်းဝန်းဖမ်းဆီးကြပြီး၊ သူ၏ပခုံးပေါ်သို့ ကပ်တိုင်တော်ကို တင်ပေးခဲ့ကြပါသည်။

ရှိမုန်အနေဖြင့် သခင်ယေရှု၏အကြောင်းကို ကြားသိဖူးခဲ့ပြီးဖြစ်ပါ သည်။ သူ၏သားတို့သည် ကယ်တင်ရှင်ကိုယုံကြည်သူများဖြစ်ကြပါသော် လည်း သူကိုယ်တိုင်မှာမူ တပည့်တော်တစ်ဦးမဖြစ်ခဲ့ပါ။ ကရာနီကုန်းဆီသို့ ကပ်တိုင်တော်ကို ထမ်းရွက်သယ်ပိုးပေးခြင်းသည် ရှိမုန်အတွက် ကောင်းချီး မင်္ဂလာတစ်ခုအဖြစ်ရှိနေခဲ့ကာ၊ သူ၏ဤနောင်ရေးအတွက် ကြိုတင်စီမံရာ ရောက်သောလုပ်ဆောင်ချက်သည် သူ့အတွက် ကျေးဇူးတရားဖြစ်ထွန်းစေပြီး ဖြစ်ပါသည်။ ဤအချက်သည် သူ့ကိုယ်ကို ခရစ်တော်၏ကပ်တိုင်တော်တွင် မိမိကိုယ်ကိုနှိမ့်ချရန် ရွေးချယ်ပြီးသားဖြစ်ပြီး ကပ်တိုင်တော်၏ဝန်ပိမှုအောက် တွင် ပျော်ရွှင်ဝမ်းမြောက်စွာဖြင့် အစဉ်ရပ်တည်မည်ဖြစ်သည်။

သူ (ရှိမုန်) ၏ကပ်တိုင်တော်ကို အခမ္ဘစေခိုင်းမှုကြောင့် ထမ်းရွက် ရမှုသည် သူ၏ပြောင်းလဲလာခြင်း၏အကြောင်းရင်းခံအချက်များဖြစ်ပါသည်။

သူ၏စာနာမှုများသည် သခင်ယေရှု၏သူ့အားလက်ခံမှုအတွက် လေးနက်စွာ နိုးကြွပေးခဲ့သကဲ့သို့ရှိပြီး ကရာနီကုန်း၏ဖြစ်ရပ်များ၊ ကယ်တင်ရှင်၏ပြောဆိုခဲ့သောနှုတ်တော်ထွက်များတို့သည် သူ့အား သူသည်ဘုရားသခင်၏သားတော်ဖြစ်သည် ဆိုသည့်အသိတရားဝင်လာမှုကို ဖြစ်ပေါ်စေသည့်အကြောင်းခြင်းရာများပင်ဖြစ်ကြပါသည်။

–၀–



ဩဂုတ် (၃၁)

## ကျွန်ုပ်တို့သည်ကပ်တိုင်တော်ကိုထမ်းကြပါသည်
## "သေဆုံးရခါနီးလူဆိုးသည်ခရစ်တော်ကို သူ၏ကယ်တင်ရှင်အဖြစ်လက်ခံပါသည်"

**"သခင်၊ ကိုယ်တော်သည် နိုင်ငံတော်တည်လျက် ကြွလာတော်မူသောအခါ အကျွန်ုပ်ကိုအောက်မေ့တော်မူပါဟု ယေရှုကိုလျှောက်ဆို၏" (လုကာ ၂၃း၄၂)။**

ခရစ်တော်၏လုပ်ငန်းစဉ်အပြီးသတ်၌ သူသည် အပြစ်ကိုခွင့်လွှတ်သူတစ်ယောက်အဖြစ်ရှိပါသည်။ အနက်ဆုံးသောညသန်းခေါင်ယံအချိန်၊ ဗက်လင်မြို့၏ကြယ်ကြီးသည် မေ့ပျောက်တိမ်ကောခြင်းအတွင်းသို့ နစ်မြုပ်သွားတော့မည့်ဆဲဆဲဖြစ်နေစဉ်တွင် ကိုယ်ကျင့်တရားအမှောင်ထုအတွင်းတွင်မူ၊ ပြတ်သားသောထွန်းလင်းတောက်ပမှုအဖြစ် သေဆုံးခါနီးအပြစ်သား၏သေဆုံးခါနီးကယ်တင်ရှင်ထံတော်က မစတော်မူရန်တောင်းခံသည့် သူ၏ယုံကြည်ခြင်းအလင်းတရားသည် ထွန်းလင်းနေပါသည်။

ဤကဲ့သို့သောယုံကြည်ခြင်းသည် (မဿဲအခန်းကြီး ၂၀) တွင်ဖော်ပြထားသော ခရစ်တော်၏ဥပမာပုံဆောင်ခိုင်းနှိုင်းမှုသဘောပင်ဖြစ်ပါလိမ့်မည်။ ဆယ့်တစ်နာရီအချိန်မှ စပျစ်ဥယျာဉ်အလုပ်ဝင်လုပ်သောသူသည် ထိုစပျစ်ဥယျာဉ်သို့အစောကြီးအလုပ်ဝင်ပြီး၊ နာရီအတော်များများလုပ်ရကြသောသူတို့အတိုင်း အလုပ်လုပ်သောအဖိုးအခကို ရခဲ့ကြပါသည်။ လူဆိုးသည် ယုံကြည်ခြင်း၊ နောင်တရခြင်း၊ နှလုံးကြေကွဲခြင်းတို့ဖြင့် ကယ်တင်ခြင်းကို တောင်းခံခဲ့ပါသည်။ သူသည် ခရစ်တော်အနေဖြင့် အလိုတော်ရှိတော်မူပါက သူ့အားကယ်တင်နိုင်မည်ဆိုသည်ကို အပြည့်အဝသိရှိသဘောပေါက်သည့်အလျောက်၊ စိတ်ထက်သန်စွာဖြင့် တောင်းခံခဲ့ပါသည်။ သူ၏တောင်းခံသည့်စကားသံထဲတွင်ရှိနေသော မျှော်လင့်ချက်သည် မချိတင်ကဲဝေဒနာခံစားရမှုနှင့်

ရောထွေးနေသည်ဟု သူခံစားခဲ့ရပြီး အကယ်၍သာ ခရစ်တော်က ကယ်တင်တော်မမူလျှင် သူသည် ဆုံးရှုံးမှုနှင့်ကြုံတွေ့ရတော့မည်ဖြစ်ကာ ထိုဆုံးရှုံးမှုသည် ထာဝရဆုံးရှုံးမှုအဖြစ်သို့ ရောက်ရှိသွားပေတော့မည်။ လူဆိုးသည် သူ၏အကူအညီမဲ့မှု၊ သေလုမြောပါးအသက်ဝိညာဉ်နှင့်ကိုယ်ခန္ဓာတို့ကို ခရစ်တော်ထံတော်၌ ပုံအပ်ခဲ့ပါသည်။

သူသည် (ယောဟန် ၁၉း၄) တွင်ဖော်ပြထားသည့် ပိလတ်မင်းကြီး၏ကြေညာချက်ဖြစ်သော "ဤသူ၌အဘယ်အပြစ်ကိုမျှငါမတွေ့---" ဆိုသည့် ခရစ်တော်အကြောင်းပြောကြားချက်ကို ကြားခဲ့ရပါသည်။ ခရစ်တော်၏သူ့အား နှိပ်စက်ညှဉ်းပန်းသောသူတို့အပေါ် ဘုရားပီသသောသဘောထားမှုနှင့် သူ၏ သနားကြင်နာတတ်သည့်ခွင့်လွှတ်ခြင်းတို့ကို လူဆိုးအနေဖြင့် မှတ်မှတ်သားသားရှိခဲ့ပါသည်။ ဖြတ်သွားဖြတ်လာကြသောသူများအထဲတွင် ခရစ်တော်ကို ကာကွယ်ပြောဆိုခဲ့ကြသော ပြောဆိုသံအများအပြား သူကြားရပါသည်။ ထိုသူတို့၏ခရစ်တော်မိန့်တော်မူချက်များကို ပြန်လည်ပြောပြသံနှင့် သူ၏ အမှုတော်ဆောင်တော်မူချက်များအကြောင်းပြောဆိုသံတို့ကို သူကြားနေခဲ့ရပါသည်။ ပြစ်ဒဏ်စီရင်ခြင်းအချိန်ရောက်ရှိလာသည့်အနေအထားတွင် သူ့အနေဖြင့် ခရစ်တော်ကိုခရစ်တော်ဟုသာ သဘောထားပါသည်။ သူ့အားအပြစ်ရှိကြောင်း အမိန့်ချမှတ်သောအခါ ထိုလူဆိုးသည် မျှော်လင့်ချက်ကင်းမဲ့လာကာ စိတ်ပျက်လက်ပျက်ဖြစ်သွားသော်လည်း ယခုအချိန်တွင်မူ ဆန်းပြားပြီး၊ သိမ်မွေ့သောအတွေးအခေါ်တို့သည် ထွက်ပေါ်လာပါသည်။ သခင်ယေရှု၏အကြောင်းနှင့်ပတ်သက်ပြီး သူကြားသိခဲ့ရသည့်အကြောင်းအရာအားလုံးတို့ကို နှလုံးသွင်းရန်လိုအပ်ပါသည်။ ခရစ်တော်၏နောက်တော်သို့ ငိုယိုရင်းလိုက်သွားခဲ့ကြသော ယုံကြည်သူတို့၏ပြောသံဆိုသံတို့ကိုလည်း ကြားရပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် သူ့အားအလင်းတရားကိုပေးတော်မူပြီးနောက်တွင် သက်သေအထောက်အထားဆိုင်ရာ သံကြိုးကွင်းတို့သည် တဖြည်းဖြည်းခြင်း တစ်ကွင်းကိုတစ်ကွင်း ချိတ်ဆက်မိလာကြပါသည်။ ပွန်းပဲ့ဒဏ်ရာ၊ ရယ်သွမ်းသွေးသရော်ခံရမှုနှင့် ကပ်တိုင်တွင်ချိတ်ဆွဲခြင်းခံတော်မူရသောသခင်ယေရှုကို ကမ္ဘာသူကမ္ဘာသားတို့၏အပြစ်ကို ဆောင်ယူဖယ်ရှားပေးတော်မူသော ဘုရားသခင်၏သိုးသငယ်အဖြစ် ထိုလူဆိုးတွေ့မြင်လာရပါသည်။ မျှော်လင့်ချက်သည် မချိတင်ကဲဝေဒနာနှင့်ရောထွေးနေပြီး သူ၏ အသံသည်လည်း အကူအညီမဲ့ဖြစ်နေကာ သေခါနီးဆဲဆဲဖြစ်နေသောလူဆိုးသည် မိမိကိုယ်ကို သေလုသေခင်ကယ်တင်ရှင်တစ်ဦးထံတွင် ပုံအပ်ခဲ့ပါသည်။ သူ့အတွက်အဖြေသည်လည်း လျင်မြန်စွာထွက်ပေါ်လာခဲ့ပါသည်။ ပျော့ပျောင်းပြီးသာယာကြည်နူးဖွယ်ကောင်းသောသံစဉ်၊ ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝသော၊ သနားခြင်းကရုဏာတို့နှင့် တန်ခိုးနှင့်ပြည့်စုံသောမိန့်တော်မူချက်မှာ၊ "ငါအမှန်ဆိုသည်ကား၊ ယနေ့တွင် သင်သည်ငါနှင့်အတူ ပရဒိသုဘုံ၌ရှိလိမ့်မည်" ဟူ၍ (လုကာ ၂၃း၄၃) တွင် ဖော်ပြထားပါသည်။ ဘုရားသခင်အားလက်ခံသော နောင်တရသည့်လူဆိုးသည် ပြည့်စုံကုံလုံသောငြိမ်သက်ခြင်းချမ်းသာကို ရရှိလာခဲ့ပါသည်။

–၀–

## စက်တင်ဘာ (၁)

## ကျွန်ုပ်တို့သည်ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသော လုပ်သားများဖြစ်ကြပါသည်

**လူတိုင်းလူတိုင်းတို့သည်ဘုရားသခင်နှင့်အတူပူးပေါင်းလုပ်ဆောင်ရန်လိုအပ်ပါသည်**

## "ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ခြင်းသည် အခွင့်ထူးဖြစ်ပါသည်"

**"ငါတို့သည် ဘုရားသခင့်ထံ၌အလုပ်လုပ်သော သူချင်းဖြစ်ကြ၏။ သင်တို့သည် ဘုရားသခင်၏ဥယျာဉ်တော်ဖြစ်ကြ၏။ ဘုရားသခင်၏ကျောင်းတော်တိုက်လည်းဖြစ်ကြ၏" (၁ကော ၃း၉)။**

ကောင်းကင်ဘုံရှင်ဘုရားသခင်သည် သူ၏အစိုးရကိုပုန်ကန်ခဲ့သောသူတို့ကိုလက်ခံပြီး ထိုသူတို့အား သင်တို့သည် ငါ၏အထံတော်၌အလုပ်လုပ်သော သူချင်းဖြစ်ရကြမည် ဆိုသည့်အခြေအနေ၊ အနေအထားမျိုးကို သင်သတိမူမိပါက ယနေ့တွင်ပင် သင့်အနေဖြင့် သင့်ကိုယ်ကိုဘုရားသခင်ထံတော်၌ လုံးလုံးလျားလျားဆက်ကပ်ရပါမည်။ တန်ခိုးတော်ရှင်ထံတော်မှစီးဆင်းလာသော ကြွယ်ဝလှသည့်ကျေးဇူးတော်ကို ကျွန်ုပ်တို့လက်ခံရရှိနိုင်ကြပြီး၊ သူနှင့်အတူ ဟန်ချက်ညီညီလုပ်ဆောင်ရခြင်းသည် အံ့သြစရာမဖြစ်ပေဖူးလား။ ဆင်းရဲနွမ်းပါးပြီး အားအင်ကုန်ခန်းကာ ချည့်နဲ့သောကျွန်ုပ်တို့ထံမှ ဘုရားရှင်က မည်သည့်အရာကို အလိုတော်ရှိတော်မူပါသနည်း။ ကျွန်ုပ်တို့အတွက် သူဘာဆောင်ရွက်ပေးနိုင်တော်မူပါသနည်း။ ကျွန်ုပ်တို့ကသာ သူ၏ထံတော်သို့ အရာအားလုံးကိုအပ်နှံလိုသောဆန္ဒရှိကြပါက အရာအားလုံးတို့ကို သူဆောင်ရွက်ပေးတော်မူနိုင်ပါသည်။

အလွန်ငယ်ရွယ်သောကလေးဘဝတွင် သူ့အတွက်လုပ်ဆောင်ပေးရန် ဘုရားသခင်သည် ကျွန်ုပ်အားခေါ်ယူပါက၊ ကျွန်ုပ်မည်သည့်အရာကိုလုပ်ဆောင်နိုင်ပါသနည်းဟူ၍ ကျွန်ုပ်အနေဖြင့် တွေးတောနေကျဖြစ်ခဲ့ပါသည်။ ဤတွင်



ဘုရားသခင်က ငါပြောသလိုလုပ်ပါဟူ၍ မိန့်တော်မူပါသည်။ ဤအချက်ကို ကျွန်ုပ်တို့အနေဖြင့် လုပ်ဆောင်ရန်လိုအပ်ကြပါသည်။ သင်တို့တစ်ဦးချင်းတို့ကို ကျွန်ုပ်ပြောလိုသည်မှာ အသက်အကြီးဆုံးမှအငယ်ဆုံးသောသင်တို့အနေဖြင့် လုပ်ဆောင်နိုင်ကြပါသည်။ သင်တို့အနေဖြင့် ဘုရားသခင်နှင့်ပူးပေါင်းဆောင်ရွက်နိုင်ကြသည့်အပြင် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်နိုင်ကြပါသည်။ သင့်ကိုယ်ကိုသင်၊ ကြည်နူးမှုခံစားရရေးအတွက် သင်ကြားရယူမှုပြုလုပ်ရမည်မဟုတ်ပါ။ သင့်အားထုတ်ကြိုးပမ်းမှု၏သြဇာသက်ရောက်မှုအတွက် သင့်တွင်တာဝန်ရှိသည်ဆိုသည့်အချက်ကို သင်သတိမူမိရပါမည်။

"ငါတို့သည် ဘုရားသခင့်ထံ၌ အလုပ်လုပ်သောသူချင်းဖြစ်ကြ၏။ သင်တို့သည် ဘုရားသခင်၏ဥယျာဉ်တော်ဖြစ်ကြ၏---" ဆိုသောခေါင်းစီးကျမ်းချက်အကြောင်းကို တွေးတောဆင်ခြင်ကြည့်ပါ။ သင်သည် မြေကြီးကိုအမြဲပြုပြီးလုပ်ဆောင်သည်နည်းတူ၊ သင်၏စိတ်အတွေးတွင် ကောင်းသောအသီးအပွင့်ဖြစ်ထွန်းရန်အတွက် ဘုရားသခင်သည် သင့်အားတောင်းခံတော်မူပါသည်။ သူ၏ဘုန်းအာနုဘော်တွင် သီးပွင့်လာမည့်မျိုးစေ့ကို သူကြိုးပမ်းစိုက်ပျိုးတော်မူပါသည်။ အထက်ခေါင်းစီးပါကျမ်းချက်၏အဆုံးပိုင်းတွင်၊ "(သင်တို့သည်) ဘုရားသခင်၏ကျောင်းတော်တိုက်လည်းဖြစ်ကြ၏" ဟူ၍ဆက်လက်ဖော်ပြထားသည်ကိုလည်း တွေ့ရပါသည်။ သို့သော်လည်း သင့်အားဂရုတစိုက်မကြည့်ရှုဘဲ မည်သည့်တည်ဆောက်မှုကိုမျှ ပြုလုပ်တော်မူမည်မဟုတ်ပါ။

သူ၏အမှုတော်တွင် ကျွန်ုပ်တို့၏အသက်တာများကို ကျွန်ုပ်တို့အနေဖြင့်အပ်နှံကြပါက၊ ဘုရားသခင်သည် သနားခြင်းကရုဏာလုပ်ဆောင်ထားခြင်းမရှိသောအနေအထားမျိုးတွင် ကျွန်ုပ်တို့အား ထားရှိတော်မူမည်မဟုတ်ပါ။

သခင်ယေရှုသည် ဖော်ထုတ်ပြောဆိုနိုင်စွမ်းမရှိသော သူ၏ဘုန်းတော်နှင့်ပြည့်ဝသည့် ချစ်ခြင်းမေတ္တာတော်အားလုံးကို ဖွင့်ပေးတော်မူကာ၊ အထက်ခေါင်းစီးပါအတိုင်း "သင်တို့သည် ဘုရားသခင့်ထံ၌ အလုပ်လုပ်သောသူချင်းဖြစ်ကြ၏" ဟူ၍ ကြေညာတော်မူပါသည်။

-ဝ-

**စက်တင်ဘာ (၂)**

### အိမ်ထောင်မိသားစုတွင်ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသောသူများ

## "စစ်မှန်သောသာသနာပြုတရားဟောပြောပွဲသည် အိမ်ထောင်မိသားစုမှစတင်ပါသည်"

**"ထိုသူနှစ်ယောက်တို့သည် ထာဝရဘုရား၏ပညတ်တရားတော် အမျိုးမျိုးတို့ကိုကျင့်ဆောင်၍ အပြစ်တင်ခွင့်နှင့်လွတ်သဖြင့်၊ ဘုရားသခင့် ရှေ့တော်၌ ဖြောင့်မတ်ခြင်းပါရမီရှိကြ၏" (လုကာ ၁:၆)။**

အသစ်သောပြောင်းလဲခြင်းသို့ရောက်ရှိလာသောလူသားအနေဖြင့် ခရစ်တော်နှင့်ဆက်ဆံရေးကိုပုံဖော်ရာတွင် နဂိုမူလဘုရားသခင်နှင့်ဆက်ဆံရေးတွင် ရှိနှင့်ထားသောအနေအထားဆီသို့ ပြန်လာရမည်ဖြစ်သည်။ သူ၏အဦးဆုံးလုပ်ရမည့်တာဝန်မှာ သူ၏သားသမီးများနှင့် အနီးစပ်ဆုံးသောဆွေမျိုးနီးစပ်တို့အပေါ် လုပ်ဆောင်ရပါမည်။ ကြီးကျယ်သောအပြင်လောကအဝန်းအဝိုင်းကို ဦးစားပေးလုပ်ဆောင်ရန်အတွက် သေးငယ်သောအိမ်တွင်းအဝန်းအဝိုင်းကို ပစ်ပယ်ခြင်းကို မည်သည့်အရာကမျှ ခွင့်လွှတ်သည်းခံမည်မဟုတ်ပါ။ နောက်ဆုံးသောရေတွက်ဝင်ခြင်းနေ့ရက်တွင် ဖခင်နှင့်မိခင်များတို့သည် ကမ္ဘာလောကသို့ သူတို့ယူဆောင်လာကြသော အသက်ဝိညာဉ်တို့အတွက် ကယ်တင်ခြင်းရရှိနိုင်ကြစေရန် တာဝန်ယူမှုအပိုင်းတွင် မည်ကဲ့သို့ပြုမူပြောဆိုခဲ့ကြသည်ကို မေးမြန်းခြင်းခံရကြမည်ဖြစ်သည်။ သူတို့အနေဖြင့် သူတို့၏သိုးငယ်ကလေးများတို့ကို လျစ်လျူရှုကြပြီး သူစိမ်းတစ်ရံဆံတို့၏စောင့်ရှောက်မှုအောက်တွင် ထားခဲ့ကြလေသလား။ အခြားသူတို့အပေါ် သင်လုပ်ဆောင်ခဲ့သော ကြီးမားပြီးကောင်းမြတ်သောအလုပ်တစ်ခုလုပ်ခဲ့ရုံဖြင့် သားသမီးများအပေါ်စောင့်ရှောက်ရန်လစ်ဟင်းမှုကြောင့် ဘုရားသခင်အပေါ်တင်ရှိသော သင်၏အကြွေးကို မချေဖျက်နိုင်ပါ။ သင်၏မိသားစုဆိုင်ရာ ဝိညာဉ်ရေးရာကိစ္စကို ဦးစားပေးရှေ့တန်းတင်ထားရပါမည်။



သူမ၏သားသမီးတို့အား မှန်ကန်သောသင်တန်းနှင့် သူတို့၏စိတ်အတွေးတို့ကို ပုံသွင်းပေးနိုင်ရန်အတွက် မိခင်တို့အနေဖြင့် လူတို့အားပေးထားခဲ့ပြီးသော အကြီးမားဆုံးသောအထူးတာဝန်တွင် အပ်နှံထားခြင်းခံရပြီးဖြစ်သည်။

သင်နှင့်အနီးစပ်ဆုံးသောနေရာတွင်ရှိနေသည့် တာဝန်ကိုထမ်းဆောင်သည့်အခါတိုင်းတွင် ဘုရားသခင်သည် သင့်အားကောင်းချီးပေးတော်မူမည်ဖြစ်သည့်အပြင် သင်၏ဆုတောင်းသံတို့ကို နားညောင်းတော်မူမည်ဖြစ်သည်။ သူတို့၏အိမ်သူအိမ်သားများတို့က ခိုကိုးရာမဲ့၊ စားရမဲ့သောက်ရမဲ့အခြေအနေတွင် သာသနာပြုလုပ်ငန်းကို မိမိအိမ်အပြင်ဘက်သို့ထွက်ပြီး ကြိုးပမ်းလုပ်ဆောင်သူများရှိနေပြီး ထိုကဲ့သို့သောကြိုးပမ်းအားထုတ်မှုအားဖြင့် လျစ်လျူရှုခြင်းခံရကြသော ထိုအိမ်သူအိမ်သားတို့သည် ပျက်စီးခြင်းဆီသို့ဦးတည်သွားပါတော့သည်။ အစဦးဆုံးသောသာသနာပြုလုပ်ငန်းမည်သည်မှာ ချစ်ခြင်းမေတ္တာ၊ အလင်းတရားနှင့်ပျော်ရွှင်မှုတို့သည် အိမ်ထောင်မိသားစုအဝန်းအဝိုင်းဆီသို့ ဝင်ရောက်လာခြင်းကို တွေ့မြင်စေရပါမည်။ မိမိ၏အိမ်တွင် အလျင်ဦးဆုံးသောတာဝန်တို့ကို ပြီးမြောက်အောင်ဆောင်ရွက်၍မပြီးမချင်း၊ ကြီးမားသောရှောင်ကြဉ်ထိန်းချုပ်၊ ချုပ်တီးခြင်း (သို့မဟုတ်) သာသနာပြုလုပ်ငန်းလုပ်ဆောင်ခြင်းတို့ကို ကျွန်ုပ်တို့အနေဖြင့်လုပ်ဆောင်ရန် လမ်းစရှာကြံမှုကို ရှောင်ရှားကြပါစို့။ ဒီနေ့ဘာအပြုအမူအမျိုးအစားမျိုးကို ငါလုပ်နိုင်သလဲဆိုသောအတွေးမျိုးကို နံနက်တိုင်းတွင် ကျွန်ုပ်တို့တွေးတောသင့်ကြပါသည်။ ထို့အပြင်၊ ဘာကြင်နာသနားတတ်တဲ့စကားမျိုးကို ငါဘာပြောနိုင်သလဲဆိုသောအတွေးမျိုးကိုပါ တွေးတောရကြမည်ဖြစ်ပါသည်။ ထောက်ထားညှာတာတတ်သောစကားလုံးတို့ကို အိမ်ထောင်မိသားစုတွင်ပြောဆိုခြင်းဖြင့် ကောင်းချီးပေးခြင်းခံရသော နေရောင်ခြည်ကိုခံစားရသကဲ့သို့ပင်ဖြစ်ပါသည်။ ထိုအတွေးမျိုးကို ခင်ပွန်းသည် ဇနီးသည်နှင့်သားသမီးတို့တွင် ရှိရန်လိုအပ်ပါသည်။ ကောင်းကင်နိုင်ငံတော်သည် ဖြစ်နိုင်ပါက နိမ့်လာနိုင်သမျှနိမ့်လာအောင် လုပ်ဆောင်လိုသောဆန္ဒမျိုး စိတ်နှလုံးတိုင်းတွင်ရှိသင့်ကြပါသည်။

သင်၏စိတ်ရှည်သည်းခံမှုနှင့် အပတ်တကုပ်လုပ်ဆောင်မှုတို့ဖြင့်၊ သင်၏ကိုယ်ပိုင်မိသားစုအဝန်းအဝိုင်း (သို့မဟုတ်) သင်၏ကိုယ်ပိုင်အိမ်နီးနားချင်းတို့တွင် တစ်စုံတစ်ခုသောအသက်ဝိညာဉ်သည် ကယ်ဆယ်ခြင်းခံရပါက သင့်အနေဖြင့် ခရစ်တော်၏နာမတော်၌ ချီးမြှောက်ခြင်းခံရမည်ဖြစ်ပြီး ထိုကဲ့သို့သောဝိညာဉ်မျိုးကို တရုတ်ပြည် (သို့မဟုတ်) အိန္ဒိယပြည်တွင် သင်တွေ့ရှိရပါက၊ သင်၏သရဖူတွင် ထွန်းလင်းတောက်ပစွာသော လင်းထိန်မှုကို သင်ခံစားရရှိမည်ဖြစ်သည်။

–o–



စက်တင်ဘာ (၃)

### အိမ်ထောင်မိသားစုတွင်ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသောသူများ

## "သေးငယ်သောအမှုတွင်သစ္စာစောင့်သိခြင်း"

**"အနည်းငယ်သောအမှု၌ သစ္စာရှိသောသူသည် ကြီးသောအမှု၌လည်း သစ္စာရှိလိမ့်မည်။ အနည်းငယ်သောအမှု၌ သစ္စာမရှိသောသူသည် ကြီးသောအမှု၌လည်းသစ္စာမရှိ။" (လုကာ ၁၆း၁၀)။**

ကြီးကျယ်သောအကြောင်းအရာ၊ ထူးခြားအံ့ဖွယ်သောအလုပ်အကိုင်တို့ကို လုပ်ဆောင်လိုစိတ်ကြောင့် အချိန်အတော်များများ အလဟဿဖြစ်သွားချိန်တွင် လက်တစ်ကမ်းတွင်သာရှိသောအသက်တာတစ်လျှောက် မွေးကြိုင်သောနာမည်ကောင်းကို ဖော်ဆောင်နိုင်သောလုပ်ဆောင်နိုင်မှုအခွင့်အရေးတို့ကို မျက်ခြည်ပြတ်နေကြပါသည်။ အိမ်ထောင်မိသားစုတွင် ခရစ်တော်နှင့်သဏ္ဍာန်တူမှုရှိသကဲ့သို့ အသင်းတော်တွင်လည်း ထိုပုံစံမျိုးရှိရပါမည်။ ကြီးကျယ်သောအလုပ်တစ်ခုကို လုပ်ဆောင်ရေးအတွက် သေးငယ်သောတာဝန်တို့ကို ဥပေက္ခာပြုခြင်းသည် မည်သို့သောလူကိုမဆို ဘဝပျက်သွားစေနိုင်ပါသည်။

သမုဒ္ဒရာဆီသို့ ငွားငွားစွင့်စွင့်ဖြင့် ဦးတည်ရွေ့လျားစီးဆင်းနေသောကျယ်ဝန်းနက်ရှိုင်းလှသည့်မြစ်ကြီးကို လူအများက၊ လေးစားသမှုသဘောထားကြပါသည်။ ထိုမြစ်ကြီးသည် သူ့အားခန့်အပ်ထားသောအလုပ်ကိုလုပ်ဆောင်နေသည့်အလျောက် သူ့အားတလေးတစားရှိမှုနှင့် ထိုက်တန်လှပါသည်။ သို့သော်လည်း ထိုခမ်းနားတင့်တယ်သောမြစ်ကြီးကို အမြဲတမ်းရေများဖြင့် ပြည့်လျှံနေစေရန်၊ ကူညီပံ့ပိုးပေးသော တောင်ကုန်းတောင်တန်းများပေါ်မှ စီးဆင်းလာသည့်အရေအတွက်ထောင်ချီရှိသော စမ်းချောင်းငယ်ကလေးများအပေါ်တွင်မူ၊ မည်ကဲ့သို့သဘောထားကြပါသနည်း။ ထိုစမ်းချောင်းငယ်ကလေးတို့မှာ သေးငယ်ပြီးကျဉ်းမြောင်းသည်ဆိုခြင်းမှာ မှန်ကန်ပါသော်လည်း၊ သူတို့မရှိပါက မြစ်ကြီးသည်လည်း ပေါ်ထွက်လာစရာအကြောင်း

မရှိသည်အလျောက် ထိုစမ်းချောင်းငယ်ကလေးတို့သည် မရှိမဖြစ်သောအရာများဖြစ်ကြပါသည်။ သူတို့သည် ကမ္ဘာမြေကြီးအတွက် မြေဆီမြေသြဇာဖြည့်ဆည်းပေးကြရန် တာဝန်ပေးခံရသည့်အလုပ်ကို စည်းစည်းလုံးလုံးဖြင့်လုပ်ဆောင်ပေးကြသည်အလျောက် ကွင်းပြင်များနှင့်မြက်ခင်းပြင်များတွင် သူတို့၏ကမ်းနံဘေးတစ်ဖက်တစ်ချက်ရှိ ရှင်သန်ပေါက်ရောက်နေကြသော စိမ်းလန်းပင်တို့ကိုကြည့်ခြင်းဖြင့် သူတို့စီးဆင်းရာလမ်းကြောင်းကို ခြေရာကောက်နိုင်ပါသည်။ ဤနည်းဖြင့်သူတို့သည် ဘုရားသခင်၏အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရင်း ကမ္ဘာကြီး၏ကြွယ်ဝချမ်းသာမှုကို ပံ့ပိုးဖြည့်ဆည်းပေးကြပါသည်။ ခွန်အားကြီးမားလှသောမြစ်ကြီးသည် အစဉ်ထာဝရတည်တံ့သည့်တောင်ကုန်းတို့မှ စီးဆင်းလာသည့်ချောင်းငယ်မြောင်းငယ်တစ်ခုဖြင့် မိမိကိုယ်ကိုဆင်ယင်ထားသော်လည်း သူ့နေရာနှင့်သူတွင်မူ၊ စမ်းချောင်းကလေးသည် မြစ်ကြီးကဲ့သို့ပင် အရေးပါ၊ လိုအပ်ပါသည်။

အသင်းတော်၏ကြီးပွားတိုးတက်မှုအတွက် အသင်းဝင်သူတစ်ဦးချင်းအနေဖြင့် တာဝန်ယူရကြပါမည်။ အရှင်သခင်အတွက် ဤကမ္ဘာမြေတွင် အလုပ်လုပ်စရာအများအပြားရှိပါသည်။ နေ့စဉ်နေ့တိုင်း ကမ္ဘာမြေကြီးအတွက် စောင့်ရှောက်ရမည့်အပြင် တာဝန်ယူရမည်၊ ဝန်ထုပ်ဝန်ပိုးများပေါ်ထွက်နေပြီး တစ်ဦးတစ်ယောက်အနေဖြင့် မိမိကိုခွဲဝေပေးသောအလုပ်တာဝန်ကို ပယ်ဖျက်ပစ်ပါက ထိရောက်သောဆင်းရဲဒုက္ခကို အကျိုးဆက်အဖြစ် ခံစားရပေမည်။

အသက်တာ၏ကြီးမားသောအလှတရားနှင့် အောင်မြင်မှုတို့ကို ဖော်ဆောင်ပေးသည့် ကမ္ဘာမြေကြီးမှတောင်းခံသော သေးငယ်သောအရာတို့ကို အာရုံစိုက်ခြင်းသည် တာဝန်ကျေပွန်မှုပင်ဖြစ်ပါသည်။ မေတ္တာတရား၏ သေးငယ်သောလုပ်ဆောင်မှုများ၊ သနားကြင်နာခြင်းနှင့်ဆိုင်သော အနည်းငယ်သောပြောဆိုမှုများ၊ မိမိကိုယ်ကိုငြင်းပယ်ခြင်းနှင့်ဆိုင်သော အနည်းငယ်သောအပြုအမူများ၊ နည်းပါးသောအခွင့်အရေးများအတွက် အမြော်အမြင်ရှိရှိ တိုးတက်အောင်လုပ်ဆောင်မှုနှင့် အနည်းငယ်သောပင်ကိုယ်စွမ်းရည်တို့ကို လုံ့လဝီရိယရှိရှိ ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့သည် ဘုရားသခင်၏မျက်မှောက်



တော်တွင် သင်တို့အားကြီးကျယ်သောလူသားများအဖြစ်သို့ ရောက်ရှိစေပါသည်။

ကျွန်ုပ်တို့၏မိသားစုများအတွင်းတွင် တွေးခေါ်မြော်မြင်မှုနှင့်ပြည့်ဝသည့် ယဉ်ကျေးသိမ်မွေ့သောအပြုအမူတို့ကိုစတင်ပြီး မိသားစုအဝန်းအဝိုင်း၏အပြင်ဘက်သို့ ချဲ့ထွင်လိုက်ခြင်းသည် အသက်တာ၏ပျော်ရွှင်ခြင်းပမာဏအရေအတွက်ကို ဖြည့်ဆည်းရာတွင် ကူညီပေးပါသည်။

–o–

## စက်တင်ဘာ (၄)

### အိမ်ထောင်မိသားစုတွင်ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသောသူများ

# "အိမ်ထောင်မိသားစုတွင်းရှိတာဝန်များကို ကောင်းမွန်စွာပြီးမြောက်စေရမည်"

**"လူ၏အမှုကိုသာဆောင်ရွက်သကဲ့သို့မဟုတ်၊ သခင်ဘုရား၏ အမှုတော်ကိုဆောင်ရွက်သကဲ့သို့ ပြုလေသမျှတို့၌ စေတနာစိတ်နှင့် ပြုကြလော့" (ကောလောသဲ ၃း၂၃)။**

ဘုရားသခင်သည် သင့်အားအသက်ရှင်ခြင်းကို ပေးသနားတော်မူသည့်အပြင် ထိုအသက်ရှင်ခြင်းတွင် ပျော်ရွှင်စရာကောင်းသောဘဝမျိုး ဖြစ်ပေါ်စေရန်လုပ်ဆောင်ပေးသည့် ကြွယ်ဝစွာသောကောင်းချီးမင်္ဂလာအားလုံးကို ပေးသနားတော်မူသည်အလျောက် အပြန်အလှန်အားဖြင့် သင့်ထံမှသူ၏ပညတ်တရားအပေါ် ကျေးဇူးသိတတ်မှု၊ ချစ်ခြင်းမေတ္တာနှင့်နားထောင်နာခံခြင်းအားဖြင့် သူ့အားပြန်လည်အစေခံပေးရန် တောင်းခံတော်မူပါသည်။ သင့်အနေဖြင့် ပြင်းပြသောမက်မောစွဲလမ်းမှုကိုထိန်းချုပ်ရန်၊ တစ်ကိုယ်ကောင်းဆန်သည့် အတွေးအခေါ်မျိုးများနှင့်အပြုအမူများတို့ကို ဟန့်တားထားရန်၊ ထို့အပြင် မိမိက စကားအားဖြင့်မဖော်ပြသော်လည်း လူအများကသဘောပေါက်နားလည်နိုင်သော ပူပန်သောကရောက်စေသည့်အပြောအဆိုများကို မပြောဆိုမိရန် ဘုရားသခင်က သင့်အားတောင်းခံတော်မူပါသည်။ ဤသို့သော သင့်အတွက် အမှန်တကယ်ပျော်ရွှင်မှုမဖြစ်စေသည့် မိမိကိုယ်ကိုထိန်းချုပ်ရသည့်လုပ်ရပ်မျိုးကို သခင်ယေရှုက သင့်ထံမှတောင်းခံတော်မူပါမည်လား။ သူတောင်းခံတော်မူမည်မဟုတ်ပါ။ သင်၏ကိုယ်ပိုင်စိတ်နှလုံးထဲသို့ ငြိမ်သက်ခြင်းချမ်းသာကို ယူဆောင်လာပေးမည့် ထူးခြားသောအရည်အချင်းဂုဏ်သိက္ခာရှိသော အကျင့်စရိုက်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန် သူကလိုလားတော်မူသည့်အပြင်၊ အခြားသောသူတို့၏စိတ်နှလုံးကို ထွန်းလင်းစေပြီး၊ သူတို့အနေဖြင့်



ချစ်ခြင်းမေတ္တာ၊ ပျော်ရွှင်ဝမ်းမြောက်မှုနှင့် ရွှင်လန်းဖွယ်ရာရောင့်ရဲခြင်းတို့ဖြင့် ရှင်သန်နေထိုင်နိုင်ရေးကို လုပ်ဆောင်နိုင်ရန် သင့်အားထောက်ကူတော်မူပေမည်။

သင်တို့သည် အမှန်တကယ်ပြောင်းလဲခြင်းရှိလာသည့်အပြင် သခင်ယေရှု၏သားသမီးများဖြစ်ကြပါက၊ သင်တို့၏မိဘတို့ကို သင်တို့ကဂုဏ်ပြုသကဲ့သို့ရှိသည့်အပြင်၊ သူတို့ပြောပြခိုင်းစေသလို သင်တို့ကလုပ်ဆောင်ပေးရုံပင်မကဘဲ၊ သူတို့ကိုကူညီနိုင်မည့်အခွင့်အလမ်းတို့ကိုပါ သင်တို့ရှာဖွေလာမည်ဖြစ်ပါသည်။ ဤသို့လုပ်ဆောင်ပေးခြင်းဖြင့် သင်တို့သည် ခရစ်တော်သခင်ယေရှုအတွက် လုပ်ကိုင်ပေးရာရောက်ပါသည်။ ဤကဲ့သို့သော သင်တို့၏လုပ်ဆောင်မှုများဖြစ်သည့် ဂရုတစိုက်လုပ်ကိုင်မှုနှင့် တွေးခေါ်မြော်မြင်မှုနှင့်ပြည့်ဝသော ဆောင်ရွက်မှုတို့သည် သူ့အတွက်လုပ်ဆောင်ပေးသကဲ့သို့ သူသဘောထားတော်မူပါသည်။ ဤအလုပ်သည် အရေးအကြီးဆုံးသော သာသနာပြုလုပ်ငန်းဖြစ်ပြီး ဤကဲ့သို့သော သေးငယ်သောနေ့တစ်ရက်ဝတာဝန်များအပေါ် သစ္စာရှိစွာလုပ်ဆောင်ကြသောသူတို့အနေဖြင့် တန်ဖိုးရှိလှသော အတွေ့အကြုံတို့ကို ရရှိနိုင်ကြပါသည်။ အသုံးဝင်လှသောအလုပ်အတွက် သင်၏အချိန်ကိုအသုံးပြုပါက၊ သင့်အနေဖြင့် စာတန်မာရ်နတ်၏စုံစမ်းနှောင့်ယှက်ခြင်းဆိုင်ရာ တံခါးပေါက်တစ်ပေါက်ကို ပိတ်ပစ်မည့်သဘောရောက်ရှိသွားပါသည်။ သခင်ယေရှုသည် သူ့ကိုယ်ကိုနှစ်သိမ့်ရန် အသက်ရှင်တော်မူခဲ့ခြင်းမဟုတ်သည်ကို သတိတရရှိရမည်ဖြစ်ပြီး သင်တို့အနေဖြင့် သူနှင့်အလားတူလုပ်ဆောင်ရပါမည်။ ဤအကြောင်းအချက်ကို သင်တို့အနေဖြင့် ဘာသာတရား၏အခြေခံစည်းမျဉ်းတစ်ခုအဖြစ် လုပ်ပေးရမည်ဖြစ်ပြီး သခင်ယေရှုကို သင်တို့အားကူညီရန်တောင်းခံပါ။ ဤဦးတည်ရာလမ်းကြောင်းအတိုင်း သင်တို့၏စိတ်အတွေးရောက်ရှိရေးအတွက် လေ့ကျင့်ပေးခြင်းဖြင့် သင်တို့သည် ဘုရားသခင်၏အရေးအရာအတွက် ဝန်ထုပ်ဝန်ပိုးကိုသယ်ပိုးပေးသူများအဖြစ်သို့ ရောက်ရှိရေးအတွက် ပြင်ဆင်ထားရကြမည်ဖြစ်ပြီး ထိုကဲ့သို့ပြင်ဆင်ထားရခြင်းမှာလည်း အိမ်ထောင်မိသားစု၏အဝန်းအဝိုင်းတွင် သင်တို့သည်

အိမ်စောင့်များအဖြစ်ရှိနေကြခြင်းကြောင့်ဖြစ်ပါသည်။ သင်တို့အနေဖြင့် အခြားသူတို့အပေါ်တွင် ကောင်းမြတ်သောသြဇာသက်ရောက်မှုရှိရကြမည့်အပြင် ခရစ်တော်၏အမှုတော်တွင်ပါဝင်လာအောင် သူတို့အားသိမ်းသွင်းနိုင်ကြမည်ဖြစ်သည်။

သင်၏စိတ်ဆုံးဖြတ်ပြီးသား တစ်စုံတစ်ခုကိုလုပ်ဆောင်ရာတွင် အခက်အခဲများစွာတို့နှင့် ကြုံတွေ့လာရပါက အရှုံးမပေးဘဲ တစ်ကြိမ်ပြီးတစ်ကြိမ် ပြန်လည်ကြိုးစားလုပ်ဆောင်ပါ။ ထပ်တူထပ်မျှသောစွမ်းအင်နှင့်ဆုံးဖြတ်ချက်တို့ကို ခရစ်တော်၏အမှုတော်အောင်နိုင်ရေးအလုပ်တွင် ထည့်သွင်းထားခြင်းဖြင့် သင်သည် အကျိုးခံစားရမှုကို လက်လွတ်ဆုံးရှုံးခံရမည်မဟုတ်ပါ။

-o-



## စက်တင်ဘာ (၅)

### အိမ်ထောင်မိသားစုတွင်ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသောသူများ

## "အိမ်ထောင်မိသားစုတွင်ခရစ်ယာန်အသက်တာတစ်ခု၏သြဇာသက်ရောက်မှု"

**"---တရားသောသူ၏နေရာကိုကား၊ ကောင်းချီးပေးတော်မူ၏" (သုတ္တံ ၃း၃၃)။**

ကျွန်ုပ်တို့နှင့်အတူ ခရစ်တော်ကိန်းဝပ်တော်မူပါက၊ အပြင်ဘက်နေရာတွင်ကဲ့သို့ ကျွန်ုပ်တို့သည် မိမိ၏အိမ်ထောင်မိသားစုတွင် ခရစ်ယာန်များဖြစ်ရကြပါမည်။ ခရစ်ယာန်ဖြစ်သောသူတစ်ယောက်အနေဖြင့် သူ၏ဆွေမျိုးသားချင်းများနှင့်အသင်းအဖွဲ့များတို့တွင် ကြင်နာသောစကားအသုံးအနှုန်းတို့ကို ပြောဆိုရပါမည်။ သူ့အနေဖြင့် မိသားစုဝင်များအပေါ်တွင် သနားကြင်နာခြင်း၊ ရည်မွန်ခြင်း၊ ချစ်ခင်ခြင်း၊ စာနာထောက်ထားခြင်းတို့နှင့်ဆက်ဆံရမည့်အပြင် နေအိမ်တွင်လည်း မည်ကဲ့သို့ပြုမူကျင့်ကြံရမည်ကို မိမိကိုယ်ကိုပညာပေးရပါမည်။ အကယ်၍ သူသည် တော်ဝင်မိသားစုဝင်တစ်ယောက်ဖြစ်ပါက သူသွားနေသောနိုင်ငံတော်ကို ကိုယ်စားပြုရပါလိမ့်မည်။ သူ၏သားသမီးတို့သည်လည်း ဘုရားသခင်၏အမွေတော်ခံများဖြစ်ကြသည့်အပြင် ကောင်းကင်နိုင်ငံတော်ဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များလည်းဖြစ်ကြသည်ဆိုခြင်းကို သိရှိထားရမည့်အလျောက် ထိုသားသမီးတို့ကို ညင်သာပျော့ပျောင်းစွာဖြင့် ပြောဆိုဆက်ဆံရကြပါမည်။ ဘုရားသခင်၏သားသမီးတော်တို့တွင် ခက်ထန်တင်းမာသော သဘောထားမကိန်းအောင်းပါ။

သင်၏မိသားစုဝင်အတွင်းတွင် သင်ရှိနေသည်အလား သင့်အနေဖြင့် သင်၏အသင်းတော်တွင်ရှိနေရမည်ဆိုခြင်းကို သတိတရရှိပါ။ သင်၏သားသမီးတို့အပေါ်ပြုမူသည့်အတိုင်း သင်သည် ခရစ်တော်အပေါ်ပြုမူရာရောက်ပါသည်။ အကယ်၍ သင်သည် ခရစ်တော်နှင့်သဏ္ဌာန်မတူသော စိတ်နေစိတ်ထားကို

ရင်ဝယ်ပိုက်ထားပါက သင်သည် ဘုရားသခင်အပေါ် ဂုဏ်အသရေရှုတ်ချရာ ရောက်ပါသည်။ ရာထူးအဆင့်အတန်းဆိုသည်မှာ လူသားကိုမပြုလုပ်မပြဋ္ဌာန်းပါ။ မည်သည့်အခါမျှ မေးမိုန်ပျောက်လွင့်ခြင်းမရှိသော အသက်သရဖူကို လက်ခံရယူရန် ထိုက်တန်သောလူတစ်ယောက်၏ပုံစံမျိုးဘောင်အတွင်း၌သာ ခရစ်တော်ကပုံဖော်ပေးတော်မူခဲ့ပါသည်။

လူတိုင်းအား၊ ခရစ်တော်နှင့်သဏ္ဍာန်တူသည့် ကျင့်ကြံပြုမူမှုအသက်တာကို မိမိအိမ်ထောင်မိသားစုတွင် စတင်လုပ်ဆောင်ရန် ဘုရားသခင်က အလိုရှိတော်မူပါသည်။ အသင်းတော်နှင့်လုပ်ငန်းဆောင်တာဆောင်ရွက်ချက်တိုင်းတွင် လူတစ်ယောက်အနေဖြင့် မိမိ၏အိမ်ထောင်မိသားစုတွင်ကဲ့သို့ တိကျမှန်ကန်မှုရှိရပါမည်။ အိမ်ထောင်မိသားစုတွင် သူ့အနေဖြင့် သန့်ရှင်းသောဝိညာဉ်တော်၏ဦးဆောင်ပဲ့ပြင်မှုအတိုင်းလိုက်လျှောက်ပြီး ထိုအိမ်ထောင်မိသားစုတွင် တာဝန်ခံရမည့်အပိုင်းတွင် သူ၏စိတ်အတွေးတို့နှင့်အတူ ပူးတွဲဖြေရှင်းရန်နားလည်ပါက ထိုတာဝန်ခံရသည့်အခြေအနေများတွင် သူသည် ထိုလမ်းကြောင်းအတိုင်း ဆက်လက်လုပ်ဆောင်ပေလိမ့်မည်။ ထိုကဲ့သို့သော သူတစ်ထူးထံသို့ ခရစ်တော်၏ကြင်နာသနားတတ်မှုက၊ ဦးတည်နေသည်ဆိုခြင်းကို သတိတရရှိခြင်းဖြင့် ထိုသူမှတစ်ဆင့် အလားတူချစ်ခြင်းမေတ္တာနှင့် ကြင်နာသနားတတ်မှုတို့သည် အခြားသူများဆီသို့ ထင်ရှားစေမည်ဖြစ်ပါသည်။

ကောင်းကင်နိုင်ငံတော်၏အခြေခံစည်းမျဉ်းဥပဒေတို့သည် မိသားစုတိုင်းတွင်လည်းကောင်း၊ အသင်းတော်တိုင်း၏စည်းမျဉ်းစည်းကမ်းတွင်လည်းကောင်း၊ တည်ထောင်မှုတိုင်းတွင်လည်းကောင်း၊ အသင်းအပင်းအဖွဲ့အစည်းတိုင်းတွင်လည်းကောင်း၊ ကျောင်းတိုင်းတွင်လည်းကောင်း စီမံခန့်ခွဲရမည့်အရာအားလုံးတို့တွင် ပါဝင်လာအောင်လုပ်ဆောင်ကြရပါမည်။

အမျိုးသားအမျိုးသမီးများ၊ ကလေးသူငယ်နှင့်လူငယ်လူရွယ်များတို့သည် မိမိတို့၏အိမ်ထောင်မိသားစုတို့တွင် မိမိတို့၏ဖော်ပြလုပ်ဆောင်မှုနှင့်အညီ၊ ကောင်းကင်နိုင်ငံတော်၏စံချိန်စံညွှန်းအတိုင်း တိုင်းထွာခြင်းခံရပါမည်။



အိမ်ထောင်မိသားစုအတွင်းရှိ ခရစ်ယာန်တစ်ယောက်အနေဖြင့် အခြားနေရာတိုင်းတို့တွင်လည်း ခရစ်ယာန်တစ်ယောက်ဖြစ်ပါသည်။ ဘာသာတရားသည် တိုင်းတာ၍မရနိုင်သော သြဇာသက်ရောက်မှုတစ်ခုကို အိမ်ထောင်မိသားစုတွင် ကြိုးပမ်းဖော်ဆောင်လာစေပါသည်။

–ဝ–

## စက်တင်ဘာ (၆)

### အိမ်ထောင်မိသားစုတွင်ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသောသူများ

# "အိမ်ထောင်မိသားစုအတွင်းကောင်းမွန်သောအပြုအမူသည် အခြားသူတို့အပေါ် ဩဇာသက်ရောက်မှုရှိပါသည်"

**"ရဲရင့်သောစိတ်ရှိ၍ ငါတို့လူမျိုးနှင့်ငါတို့ဘုရားသခင့်မြို့ရွာတို့အဖို့ အားထုတ်၍တိုက်ကြကုန်အံ့" (၅ရာ ၁၉း၁၃)။**

ကလေးသူငယ်များနှင့်လူငယ်လူရွယ်တို့အနေဖြင့် သူတို့၏စိတ်နှလုံးတို့ကို သူ့အားပေးအပ်ကြရန်အတွက် ကမ္ဘာမြေကြီး၏ကယ်တင်ရှင်သည် လိုလားနှစ်သက်တော်မူပါသည်။ ကလေးငယ်ဘဝမှငယ်ရွယ်သူဘဝဆီသို့ ဖြတ်သန်းကြရင်း သူတို့သည် ကျွန်ုပ်တို့၏သခင်ဘုရား၏သစ္စာရှိတပည့်တော်များအဖြစ် အခြေခံလာရကြမည်ဖြစ်သည်။ သင်၏အလျင်အဦးဆုံးသောအချိန်ကာလများတွင် သင်သည်အိမ်ထောင်မိသားစု၏ကောင်းချီးမင်္ဂလာတစ်ခုအဖြစ်ရှိရပါမည်။

ထို့အပြင် ကလေးသူငယ်နှင့်လူငယ်လူရွယ်တို့၏အချိန်ကာလကို ဖြတ်သန်းကြရင်း၊ သင်တို့အနေဖြင့် အမှောင်ထုအတွင်းတွင် ထိုင်နေကြသောသူတို့အပေါ်တွင် အသက်တာ၏အလင်းတရားကို ထွန်းလင်းပေးရမည်ဖြစ်သည်။ ထို့နောက်တွင် သင်တို့အနေဖြင့် ဘုရားသခင်၏အရာများတွင် တစ်ဦးချင်းအတွေ့အကြုံရယူနိုင်ရေးအတွက် မျှော်လင့်ဆုတောင်းကြပါ။ ဤနေရာတွင် သင်တို့၏မိဘတို့သည် သင်တို့ကိုသင်ကြားပေးကြရမည့်အပြင် လုံခြုံစိတ်ချရသောလမ်းများတွင် လျှောက်လှမ်းနိုင်ရေးအတွက် သင်တို့၏ခြေထောက်တို့ကို ပဲ့ပြင်ပေးကြရမည်ဖြစ်သော်လည်း သင်တို့၏စိတ်နှလုံးကိုပြောင်းလဲပေးနိုင်ရန်မဖြစ်နိုင်ပါ။ သင်တို့အနေဖြင့် သင်တို့၏စိတ်နှလုံးတို့ကိုသခင်ယေရှုထံတော်တွင်ပေးအပ်ရကြမည့်အပြင် သင်တို့ကိုပေးထားတော်မူသော သမ္မာတရား၏တန်ဖိုးရှိသောအလင်းတော်အတွင်း လျှောက်လှမ်းကြရပါမည်။ သင်တို့၏အိမ်ထောင်မိသားစုအသက်တာတို့တွင် ရှိသောတာဝန်များကို သစ္စာရှိစွာထမ်းရွက်ကြရမည့်အပြင် ခရစ်တော်၌ရှိခဲ့သောအရပ်အမောင်းမျိုး၊ သူ၌ရှိတော်မူရန် ငယ်စဉ်ဘဝမှကြီးပြင်းလာသည့်အနေအထားအပြုအမူအတိုင်း၊ သင်တို့အနေဖြင့် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် အပြည့်အဝကြီးပြင်းလာရကြပါမည်။

ကလေးငယ်ဘဝနှင့်လူငယ်လူရွယ်ဘဝတွင် သင့်အနေဖြင့် ဘုရားသခင်၏အမှုတော်ဆိုင်ရာအတွေ့အကြုံမျိုးရှိရပါမည်။ သင့်အနေဖြင့် မှန်ကန်သည်ဟုသိရှိသောအရာများတို့ကိုလုပ်ဆောင်ပါ။ သင်၏မိဘတို့၏သွန်သင်ဆုံးမမှုတို့ကို နာခံလိုက်လျှောက်ပါ။ သူတို့အနေဖြင့်၊ ဘုရားသခင်ကိုချစ်ခင်မြတ်နိုးပြီးကြောက်ရွံ့ခြင်းရှိကြပါက၊ သင်၏ထာဝရတည်မြဲမည့်အသက်တာအတွက် သင်၏အသက်ဝိညာဉ်ကိုပညာပေးပြီး စည်းကမ်းရှိစေကာ လေ့ကျင့်ပျိုးထောင်ပေးမည့်တာဝန်ယူမှုကို ဘုရားသခင်က သူတို့ကိုပေးအပ်တော်မူပါလိမ့်မည်။ သူတို့ကသင့်အားပေးလိုသောအကူအညီကို ကျေးဇူးတင်စွာဖြင့်လက်ခံရယူပြီး သူတို့၏ပညာအမြော်အမြင်ရှိသော စီရင်ဆုံးဖြတ်ချက်ဆိုင်ရာပြဋ္ဌာန်းပေးမှုတို့ကို ကျေနပ်ဝမ်းမြောက်စွာဖြင့်လက်သင့်ခံခြင်းဖြင့် သူတို့၏စိတ်ပျော်ရွှင်မှုတို့ကိုဖော်ဆောင်ပေးပါ။ ဤနည်းလမ်းအားဖြင့် သင်သည် သင်၏မိဘတို့ကိုဂုဏ်ပြုရာရောက်ပြီး ဘုရားသခင်၏ဂုဏ်တော်ကို ချီးမြှောက်ရာရောက်သည့်အပြင် သင်စုဖွဲ့ထားသောသူတို့အတွက် ကောင်းချီးမင်္ဂလာတစ်ခုအဖြစ်သို့ ရောက်ရှိစေပါလိမ့်မည်။

ကျွန်ုပ်တို့အနေဖြင့် ကလေးသူငယ်များနှင့်လူငယ်လူရွယ်တို့အားယခုအသက်တာတွင် ပျော်ပျော်ရွှင်ရွှင်ရှိစေလိုပြီး ငြိမ်သက်ခြင်းနှင့်ချမ်းမြေ့ပျော်ရွှင်မှုတို့ဖြင့်ပြည့်ဝသည့် ကောင်းကင်ဘုံ၏နှစ်လိုဖွယ်ရာအနေအထားမျိုးကို အိမ်ထောင်မိသားစုအသက်တာဆီသို့ သူတို့အားယူဆောင်လာစေလိုပါသည်။ သင့်အနေဖြင့် အိမ်ထောင်မိသားစုတွင် ဘုရားသခင်အားမျက်မှောက်

ပြုပြီး ကြောက်ရွံ့ခြင်းဖြင့်၊ သင်သည် အိမ်ထောင်မိသားစုနှင့်ဝေးကွာသော အရပ်တွင် ထိုကဲ့သို့သောပြုမူကျင့်ကြံမှုတို့ကို အလေ့အကျင့်ရရှိပြီး ကောင်းမွန်စွာပြုမူဆက်ဆံပါလိမ့်မည်။ ချစ်ခြင်းမေတ္တာ၊ ငြိမ်သက်ခြင်းချမ်းသာနှင့် ခရစ်ယာန်၏ယဉ်ကျေးသိမ်မွေ့မှုတို့ကို သင့်အနေဖြင့်ရင်ဝယ်ပိုက်ထားပါက၊ ကောင်းကင်တမန်များတို့သည် သင်၏ဧည့်သည်တော်များဖြစ်ကြပါလိမ့်မည်။

–ဝ–



စက်တင်ဘာ (၇)

## အိမ်ထောင်မိသားစုတွင်ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသောသူများ

## "ယောဘသည်သူ၏သားသမီးများအတွက် ပူဇော်သကာယဇ်ကိုဆက်ကပ်ပူဇော်ခဲ့ပါသည်"

**"ပွဲခံသောနေ့ရက်လွန်သောအခါ ယောဘသည် သူတို့ကိုခေါ်၍ သန့်ရှင်းစေပြီးလျှင် နံနက်စောစောထ၍ သူတို့အရေအတွက်အတိုင်း မီးရှို့သောယဇ်ကို ပူဇော်လေ့ရှိ၏။ အကြောင်းမူကား၊ ငါ့သားတို့သည် မှားယွင်း၍ စိတ်နှလုံးထဲ၌ ဘုရားသခင်ကိုစွန့်ပယ်ကြပြီလောဟု ယောဘအောက်မေ့၏။ ထိုသို့ယောဘသည် အစဉ်ပြုမြဲရှိ၏" (ယောဘ ၁း၅)။**

ကလေးသူငယ်တို့နှင့်ဆက်ဆံရာ၌ နည်းလမ်းနှစ်သွယ်ရှိရာတွင် ထိုနည်းလမ်းနှစ်သွယ်တို့သည် တစ်ခုနှင့်တစ်ခု အခြေခံစည်းမျဉ်းအရရော ရရှိလာသည့်ရလဒ်တို့တွင်ပါ ကျယ်ကျယ်ပြန့်ပြန့် ကွဲပြားခြားနားမှုရှိကြပါသည်။ ဘုရားသခင်နှုတ်ကပတ်တော်၏သင်ကြားပို့ချချက်များနှင့်အညီ ဉာဏ်ပညာနှင့်တည်ကြည်မြဲမြံခြင်းတို့ဖြင့် ပေါင်းစည်းထားသည့် သစ္စာရှိမှုနှင့်ချစ်ခြင်းမေတ္တာတို့သည် လက်ရှိအသက်တာနှင့်နောက်ထပ်အသက်တာထံသို့ ပျော်ရွှင်ခြင်းကိုယူဆောင်လာပေးပါလိမ့်မည်။ တာဝန်ကိုလျစ်လျူရှုပြီး အမြော်အမြင်မရှိသည့် စိတ်အလိုလိုက်မှု၊ ဖိမ်ခံမှုနောက်သို့လိုက်ကာ လူငယ်လူရွယ်တို့၏ ရူးမိုက်မှုများကိုဟန့်တားခြင်း (သို့မဟုတ်) ပြန်လည်ပြုပြင်ရန်ပျက်ကွက်ခြင်းတို့သည် ကလေးသူငယ်တို့အား ပျော်ရွှင်မှုကင်းမဲ့စေသည့်အပြင်၊ အဆုံး၌ သူတို့ကိုပျက်စီးသွားစေသည့်ရလဒ်မျိုးကိုရရှိစေပြီး၊ သူတို့၏မိဘတို့အား စိတ်ဓာတ်ကျဆင်းစေသည့်အပြင် မချိတင်ကဲဝေဒနာကို ခံစားစေရပါသည်။

ဥဇပြည်မှ လူသား၏တည်ကြည်ခိုင်မြဲမှုနှင့် ဆက်ကပ်အပ်နှံမှုဆိုင်ရာ သင်ခန်းစာတစ်ခုကို မိဘများတို့အနေဖြင့် ကောင်းမွန်စွာသင်ကြားရယူရပေမည်။ ယောဘသည် သူ၏အိမ်ထောင်စုပြင်ပရှိလူများတို့အပေါ် တာဝန်ရှိမှုကို မည်သည့်အခါမျှလျစ်လျူမရှုဘဲ သူသည် စေတနာရှိပြီး ကြင်နာသနားတတ်ကာ၊ အခြားသူတို့အကျိုးအတွက် အမြော်အမြင်ရှိလျက် တစ်ချိန်တည်းတွင် သူ၏မိသားစုအတွက် ကယ်တင်ခြင်းရရှိစေရန် အလေးအနက်လုပ်ဆောင်ပေးခဲ့ပါသည်။ သူ၏သားသမီးများတို့အတွက် ပွဲခံပေးသောကာလအတွင်း၊ သူ၏သားသမီးတို့သည် ဘုရားသခင်အား စိတ်မသက်မသာဖြစ်စေသောလုပ်ရပ်တို့ကို လုပ်မိကြမည်ကို သူအထူးစိုးရိမ်ခဲ့ပါသည်။ အိမ်ထောင်စု၏သစ္စာရှိသောယဇ်ပုရောဟိတ်တစ်ဦးဖြစ်သည်အလျောက်၊ သူသည် သူ၏သားသမီးတစ်ဦးစီအတွက် ပူဇော်သကာယဇ်ကို ဆက်ကပ်ပူဇော်ခဲ့ပါသည်။ အပြစ်၏စော်ကားတတ်သောအကျင့်စရိုက်အကြောင်းနှင့် ဘုရားသခင်၏တောင်းဆိုတော်မူချက်တို့ကို သူ၏သားသမီးတို့က မေ့မေ့လျော့လျော့ဖြစ်သွားမည်ကိုသိရှိခဲ့မှုက၊ ယောဘအား သူ၏သားသမီးတို့ကိုယ်စား ဘုရားသခင်ထံတော်သို့ အသနားခံသူအဖြစ်သို့ ရောက်ရှိဦးတည်စေပါသည်။

ကျွန်ုပ်တို့၏လူထုအစုအဝေးမှ အိမ်ထောင်မိသားစုများထဲရှိ ဘုရားတရားကြည်ညိုမှု၏သြဇာသက်ရောက်မှုကြောင့် ကြီးမားလှသောလူငယ်လူရွယ်အစုအဖွဲ့တို့အနေဖြင့် သူတို့၏စိတ်နှလုံးတို့ကို ဘုရားသခင်ထံတော်၌ အညံ့ခံအပ်နှံကြကာ သူတို့၏အသက်တာများကို အမြင့်ဆုံးသောအမှုတော်မြတ်ကိုထမ်းဆောင်ကြရန်အတွက် သူ၏ထံတော်သို့ပေးအပ်ကြရန် သွားကြရပါမည်။ အိမ်ထောင်မိသားစု၏ဘုရားတရားကြည်ညိုမှုပို့ချချက်၏ညွှန်ကြားမှုနှင့်လေ့ကျင့်ပျိုးထောင်ပေးခဲ့မှုတို့အားဖြင့်နှင့် နံနက်ယံနှင့်ညဦးယံဝတ်ပြုမှု၏သြဇာသက်ရောက်မှုသာမက၊ ဘုရားသခင်ကိုချစ်ခင်မြတ်နိုးပြီး ကြောက်ရွံ့ကြသောမိဘတို့၏တစ်သမတ်တည်းရှိသည့် နမူနာတို့အားဖြင့် ထိုလူငယ်လူရွယ်တို့သည် ဘုရားသခင်ကို သူတို့၏သင်ဆရာအဖြစ် ကျိုးနွံလက်ခံရမည်ကို



သင်ကြားရယူပြီးသကဲ့သို့ဖြစ်ကြပြီး သူတို့သည် တော်ဝင်သားသမီးများအဖြစ်လက်သင့်ခံနိုင်စရာအမှုတော်ကို ဘုရားသခင်အား ပြန်လည်ပေးဆပ်နိုင်ရန်အဆင်သင့်ရှိကြပေမည်။ ထိုကဲ့သို့သောလူငယ်လူရွယ်တို့သည် ခရစ်တော်၏တန်ခိုးတော်နှင့်ကျေးဇူးတော်တို့ကို ကမ္ဘာမြေသို့ကိုယ်စားပြုပေးကြရန် ပြင်ဆင်ထားပြီးသားဖြစ်ပါသည်။

–o–

## စက်တင်ဘာ (၈)

### အိမ်ထောင်မိသားစုတွင်ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသောသူများ

# “ခရစ်ယာန်အိမ်ထောင်မိသားစု၏ကျယ်ပြန့်စွာ လွှမ်းခြုံမှုရှိသည့်သြဇာသက်ရောက်မှု”

**“အိုဘုရားသခင်၊ ကိုယ်တော်သည် အကျွန်ုပ်ကိုငယ်သောအရွယ်မှစ၍ သွန်သင်တော်မူပါပြီ။ ယခုတိုင်အောင် အံ့ဖွယ်သောအမှုတော်တို့ကို အကျွန်ုပ်ပြပါပြီ” (ဆာလံ ၇၁:၁၇)။**

စိတ်နေစိတ်ထား၊ တစ်ဦးချင်း၏ထူးခြားသောအင်္ဂါရပ်၊ အကျင့်စရိုက်၏ဖွံ့ဖြိုးတိုးတက်မှုအားဖြင့် ဖြစ်တည်လာသည့်အလေ့အထ စသည့်အိမ်ထောင်မိသားစုအတွင်း လုပ်ကိုင်ဆောင်ရွက်မှုတိုင်းသည် အသက်တာတစ်လျှောက်ရှိ အသင်းအပင်းအဖွဲ့အစည်းတို့တွင်လည်း ထင်ရှားပေါ်လွင်ပါလိမ့်မည်။ ဆက်တိုက်ဖြစ်ပေါ်လာသည့်လိုအင်ဆန္ဒများတို့သည် တူညီသောအကျင့်စရိုက်တွင်းမှ အတွေးများ၊ စကားလုံးများနှင့်အမူအကျင့်များတို့မှ ထွက်ပေါ်လာပါသည်။

အိမ်ထောင်မိသားစု၏သာသနာပြုလုပ်ငန်းစဉ်သည် ၎င်း၏ကိုယ်ပိုင်အဖွဲ့ဝင်များ၏အပြင်ဘက်အထိ ချဲ့ထွင်လုပ်ဆောင်လာရပါမည်။ ခရစ်ယာန်အိမ်ထောင်မိသားစုသည် ရည်မှန်းချက်ရှိသော သင်ခန်းစာတစ်ခုအဖြစ်ရှိရမည်ဖြစ်ပြီး အသက်တာ၏မှန်ကန်သောအခြေခံစည်းမျဉ်းတို့၏မြင့်မြတ်မှုကို ခိုင်းနှိုင်းပုံဖော်ပေးရပါမည်။ ဤကဲ့သို့သောခိုင်းနှိုင်းပုံဖော်မှုတစ်ခုအနေဖြင့် ကမ္ဘာပေါ်တွင် ကောင်းမြတ်ခြင်းအတွက် စွမ်းအားတစ်ခုပင်ဖြစ်ပါသည်။ စစ်မှန်သောအိမ်ထောင်မိသားစုတစ်ခု၏သြဇာသက်ရောက်မှုသည် မည်ကဲ့သို့သောတရားဟောချက်တို့ထက်မဆို သာလွန်သောဟောပြောချက်မျိုးကို ဟောကြားနိုင်ရာရောက်ပါသည်။ ဤသို့ဖြင့် ထိုကဲ့သို့သောအိမ်ထောင်မိသားစုမှထွက်လာသော လူငယ်လူရွယ်အနေဖြင့် သူတို့သင်ကြားရယူခဲ့ရသော



သင်ခန်းစာတို့သည် ပြင်ပတွင်ဖြန့်ဝေပြီးသားဖြစ်လာပါသည်။ အသက်တာ၏ပိုမိုမြင့်မြတ်သော အခြေခံစည်းမျဉ်းများတို့သည် အခြားသောအိမ်ထောင်စုများဆီသို့ အစပျိုးပေးလိုက်ပြီး လူ့အသိုက်အဝန်းအတွင်းသို့ သြဇာသက်ရောက်စေသည့်အလုပ်များကို အရှိန်မြှင့်တင်ပေးမှုတစ်ခုလည်းဖြစ်ပါသည်။

အိမ်ထောင်မိသားစုဝင်များတို့သည် ယဉ်ကျေးသိမ်မွေ့ပြီး ရည်ရည်မွန်မွန်ရှိသောခရစ်ယာန်များဖြစ်ပါက ကောင်းမြတ်ခြင်းအတွက် နှံ့နှံ့ပြားပြားသို့ သက်ရောက်နိုင်သောသြဇာသက်ရောက်မှုတစ်ခုကို အသုံးပြုပြီးဆောင်ရွက်နိုင်ပါသည်။ ထိုအိမ်ထောင်မိသားစု၏လုပ်ဆောင်မှုကြောင့် ရရှိလာသောအကျိုးရလဒ်ကို အခြားမိသားစုများကသတိမူမိကာ၊ ထိုချမှတ်ထားသောနမူနာအတိုင်းလိုက်လျှောက်ပြီး ကောက်ကျစ်စဉ်းလဲသောသြဇာသက်ရောက်မှုများ သူတို့ထံသို့ကျရောက်လာသောအခါ သူတို့၏အိမ်ထောင်မိသားစုကို ကာကွယ်နိုင်ကြပေလိမ့်မည်။ ဘုရားသခင်၏အလိုတော်တိမ်းညွတ်ကျရောက်သော အိမ်ထောင်မိသားစုထံသို့ ဘုရားသခင်၏ကောင်းကင်တမန်များတို့သည် မကြာမကြာအလည်အပတ်ရောက်ရှိလာကြပါလိမ့်မည်။ တန်ခိုးတော်ရှင်၏ကျေးဇူးတော်၏ဘုန်းတန်ခိုးတော်အောက်တွင်တည်ရှိနေသော ထိုကဲ့သို့သောအိမ်ထောင်မိသားစုသည် ပင်ပန်းနွမ်းနယ်စရာဝတ်ပြုခြင်းတို့ကို ဝတ်ဆင်ရန်အတွက်၊ ပြန်လည်လန်းဆန်းမှုကို လုပ်ဆောင်ပေးသောနေရာအဖြစ်သို့ ရောက်ရှိသွားစေပါသည်။ နိုးနိုးကြားကြားရှိသော ကာကွယ်စောင့်ရှောက်မှုအားဖြင့် ကိုယ်ကျိုးအတ္တစိတ်ကို မိမိထံပါးမှဖယ်ရှားလိုက်ပြီးသားဖြစ်ပြီး မှန်ကန်သည့်ဗီဇအကျင့်တို့သည် ပုံပေါ်လာပါတော့သည်။ အခြားသောသူတို့၏အခွင့်အရေးတို့ကို အသိရှိရှိဖြင့် အသိအမှတ်ပြုမိလာပါသည်။ ချစ်ခြင်းမေတ္တာနှင့်စင်ကြယ်မွန်မြတ်ခြင်းတို့၏လုပ်ဆောင်မှုဖြင့် ဖြစ်ပေါ်လာသောယုံကြည်ခြင်းရှိသောအသက်ဝိညာဉ်သည် ပွဲထိန်းလက်ကိုင်ဘီးရှေ့တွင် မတ်တတ်ရပ်နေကာ၊ မိသားစုဝင်အားလုံးတို့ကို ဦးဆောင်ဦးရွက်ပဲ့ကိုင်နိုင်ပါသည်။ အထွတ်အမြတ်သြဇာသက်ရောက်မှု၏အောက်တွင်ရှိနေသော ထိုကဲ့သို့သောအိမ်ထောင်မိသားစုတစ်ခုတွင် ဘုရားသခင်၏နှုတ်ကပတ်တော်တွင် ချမှတ်ထားသောညီနောင်

သားချင်းဆိုင်ရာအခြေခံစည်းမျဉ်းသည် ပိုမို၍ကျယ်ကျယ်ပြန့်ပြန့်အသိအမှတ် ပြုခံရပြီး နာခံလိုက်လျှောက်ခြင်းခံရပါသည်။

ကျွန်ုပ်တို့၏မျက်မှောက်တွင် စံနမူနာအဖြစ်ရှိနေသော ခရစ်တော်၏ အသက်တာသည် ဘုရားသခင်နှင့်နီးနီးကပ်ကပ် မဟာမိတ်ပြုသောသူတို့၏ လိုအပ်ချက်တို့ကို ကရုဏာရှင်ကောင်းကင်တမန်များတို့ကဲ့သို့ ဆောင်ရွက် ပေးပါသည်။ မိသားစုများပျော်ပျော်ရွှင်ရွှင်ရှိရေးနှင့် အသင်းအဖွဲ့ဝင်များ ပျော်ရွှင်ရေးကိုဖော်ဆောင်ပေးခြင်းအလုပ်မှာ ခရစ်ယာန်ဘာသာတရား၏ သဘောသဘာဝပင်ဖြစ်ပါသည်။

–၀–



**စက်တင်ဘာ (၉)**

## အသင်းတော်တွင်းတွင်ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသောသူများ

# “သူ၏ချစ်ခြင်းမေတ္တာတော်ဖြင့်ဘုရားသခင်သည် ကျွန်ုပ်တို့အားပြည့်ဆည်းပေးတော်မူပါသည်”

**“အသစ်သောစပျစ်ရည်ကို အသစ်သောသားရေဘူး၌ထည့်ရသည်၊ ထိုသို့ထည့်လျှင် နှစ်ပါးစလုံးမပျက်စီး” (လုကာ ၅း၃၈)။**

သမ္မာတရားတော်ကိုသိရှိပြီး ဂုဏ်ပြုအသိအမှတ်ပြုရန် ကျွန်ုပ်တို့သည် ထက်သန်လေးနက်စွာဖြင့် ကြိုးပမ်းရယူရမည့်အပြင် ၎င်းသမ္မာတရားတော် သည် ခရစ်တော်တွင်တည်ရှိသကဲ့သို့ အခြားသူများတွင်ရှိနေစေရန် ကျွန်ုပ် တို့သည် သူတို့ကိုပေးကမ်းကြရပါမည်။ ကျွန်ုပ်တို့အနေဖြင့် မိမိကိုယ်ပိုင် အသက်ဝိညာဉ်တို့၏တန်ဖိုးကို မှန်မှန်ကန်ကန်ခန့်မှန်းတွက်ဆနိုင်ရန်လိုအပ် ပြီး၊ လက်ရှိအချိန်ကာလတွင် ပြုမူကျင့်ကြံရမည့်လမ်းကြောင်းကို အရေးထား ရန်အတွက် မဆင်မခြင်မလုပ်ဆောင်သင့်ပေ။ ကျွန်ုပ်တို့သည် ဘုရားသခင် ၏လမ်းခရီးတော်ကိုသိရှိရန်အတွက် အထက်သန်အလေးနက်ဆုံး ကြိုးပမ်း လုပ်ဆောင်ကြရမည်ဖြစ်ပြီး ခရစ်တော်၏စိတ်နေစိတ်ထားအတိုင်း ကျွန်ုပ်တို့ ၌ရှိစေရန် ပုံမှန်ဆုတောင်းကြခြင်းဖြင့် ကျွန်ုပ်တို့သည် သူနှင့်အလားသဏ္ဌာန် တူစွာ ပုံသွင်း၊ ဆင်ယင်ခြင်းခံကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ခရစ်တော်ကိုကြည့်ပြီး သူ၏ချစ်ခင်ဖွယ်ရာကောင်းမှုကို လှမ်းမျှော်ကြည့်ရှု ကာ သူ၏တူရူသို့ ခိုင်မြဲစွာမျက်မှောက်ပြုခြင်းဖြင့် ကျွန်ုပ်တို့သည် သူ၏ ပုံသဏ္ဌာန်တော်အတိုင်း ပြောင်းလဲရောက်ရှိသွားပေမည်။

နောက်ဆုံးသောကာလသည် နီးကပ်လာနေပါပြီ။ ကျွန်ုပ်တို့၌ဆုံးရှုံး သွားရမည့်ကာလမရှိတော့ပါ။ ဘုရားသခင်၏လူမျိုးတော်တို့ထံမှ ရှင်းလင်း၊ ပြတ်သားထင်ရှားသည့် ရောင်စဉ်တန်းများဖြင့်ပြီးသော အလင်းရောင်ဖြင့် သခင်ယေရှုကို အသင်းတော်များနှင့်ကမ္ဘာမြေကြီးရှေ့မှောက်သို့ ယူဆောင်

လာကြရပါမည်။ သူတို့အားဘုရားသခင်က သမ္မာတရား၏အလင်းအားဖြင့် ဆက်သွယ်မှုကို ရှင်လန်းဝမ်းမြောက်စွာဖြင့် လက်သင့်ခံကြသော အသက်ဝိညာဉ်တို့အတွက် တေးဂီတတူရိယာတန်ဆာပလာတို့ကိုပါ အသုံးပြုကြရပါမည်။ ထာဝရဘုရားသခင်အနေဖြင့် ကမ္ဘာမြေကြီးသို့ သမ္မာတရားဆိုင်ရာပညာအတတ်တို့ဖြင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ၎င်းတူရိယာပစ္စည်းတို့သည် ဘုရားသခင်၏အထူးကိုယ်စားလှယ်တော်ကြီးများပင် ဖြစ်ကြပါသည်။ ခရစ်တော်၏ကျေးဇူးတော်အားဖြင့်သာဆိုလျှင် သူ၏လူမျိုးတော်တို့သည် အသစ်သောသားရေဘူးများအဖြစ်သို့ ရောက်ရှိသွားသည်အလျောက်၊ သူသည်လည်း ထိုဘူးများထဲသို့ အသစ်သောစပျစ်ရည်တို့ဖြင့် ဖြည့်ပေးတော်မူပါလိမ့်မည်။ ဘုရားသခင်သည် နောက်ထပ်အလင်းတော်ကို ထပ်မံပေးသနားတော်မူသည့်အလျောက်၊ အိုမင်းခဲ့ပြီးသော သမ္မာတရားတော်တို့သည် နာလန်ထူလာကာ သမ္မာတရား၏မူဘောင်တွင် အစားထိုးဝင်ရောက်ခဲ့ပြီးသည်နောက် လုပ်ဆောင်သောသူတို့သည် ရောက်လေရာရာတို့တွင် အောင်ပွဲဆင်ကြပါလိမ့်မည်။ ခရစ်တော်၏သံအမတ်ကြီးများဖြစ်ကြသည်အလျောက် ထိုလုပ်ဆောင်သောသူတို့သည် နှုတ်ကပတ်တော်ကျမ်းချက်တို့ကို ရှာဖွေဖတ်ရှုကြရမည့်အပြင် မှားယွင်းမှု၏အမှိုက်သရိုက်ပုံကြီးအောက်တွင် ဖုံးဖိခံနေရသောသမ္မာတရားတို့ကို ကြိုးစားရှာဖွေရယူကြရပါမည်။ မိမိလက်ခံရရှိသော အလင်းတရား၏အလင်းတန်းတို့ဖြင့် တစ်ပါးသူတို့အား ဆက်သွယ်ကြရပါမည်။ တစ်ဦးတစ်ယောက်၏အခွင့်အရေးကို တစ်ပါးသူအားထင်ရှားစေရမည်ဖြစ်ပြီး တစ်ဦးတစ်ယောက်၏အကြောင်းကိစ္စကိုမူ ကိုယ်ကနှုတ်ပိတ်မျိုသိပ်ထားခြင်းဖြင့် ခရစ်တော်သည် ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းတရားဖြစ်တော်မူကြောင်းကို ပြသရပါမည်။

ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏အသင်းတော်များအတွင်းသို့ မဖြစ်မနေယူဆောင်လာရမည့်အကြောင်းအရာမှာ (ယေရမိ ၉း၂၄) တွင် ဖော်ပြထားသည့်၊ "ငါသည်မြေကြီးပေါ်မှာ ချစ်သနားခြင်း၊ တရားသဖြင့်စီရင်ခြင်း၊ ဖြောင့်မတ်ခြင်းကိုပြုသော ထာဝရဘုရားတည်းဟူသော---ငါသည် ထိုအရာ



တို့၌ မွေ့လျော်သည်ဟု ထာဝရဘုရားမိန့်တော်မူ၏" ဆိုသည့် ဘုရားသခင်၏မိန့်တော်မူချက်ပင်ဖြစ်ပါသည်။ အသက်ဝိညာဉ်တိုင်းသည် အဦးဆုံးသော ချစ်ခြင်းမေတ္တာတော်ဆီသို့ဦးလှည့်သွားရန် ထာဝရဘုရားက အလိုရှိတော်မူပါသည်။ ထို့ပြင် ထာဝရဘုရားအနေဖြင့် လူသားအားလုံးတို့ကို ယုံကြည်ခြင်းနှင့်ချစ်ခြင်းမေတ္တာဆိုင်ရာ ရွှေစင်ကိုရရှိစေလိုတော်မူပါသည်။ သို့မှသာလျှင်၊ ထိုလူသားတို့သည် ထိုရတနာကိုလိုအပ်သောသူတို့အား ဝေငှပေးနိုင်ရန်အတွက် အချိန်မရွေးငင်ယူနိုင်ကြမည်ဖြစ်သည်။

-၀-

## စက်တင်ဘာ (၁၀)

### အသင်းတော်တွင်းတွင်ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသောသူများ

### “ဘုရားသခင်သည်ဆင်းရဲခြင်းဒုက္ခနှင့်စမ်းသပ်စစ်ဆေးခြင်းကို အခွင့်ပေးတော်မူပါသည်”

**“အကျွန်ုပ်သည် ဆင်းရဲမခံမီလမ်းလွဲပါ၏။ ယခုမူကား၊ ဗျာဒိတ်တော်အတိုင်း ကျင့်စောင့်ပါ၏” (ဆာလံ ၁၁၉း၆၇)။**

ဘုရားသခင်သည် သူ၏လူမျိုးတော်တို့၏သန့်ရှင်းခြင်းကို အမြင့်ဆုံးသောတန်ဖိုးအဆင့်တွင်ရှိရန် သဘောထားရှိတော်မူပြီး သူတို့အနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ မိသားစုများအလိုက်ဖြစ်စေ၊ အသင်းတော်များအလိုက်ဖြစ်စေ၊ နောက်ကြောင်းပြန်လှည့်သွားကြသည်ကို ခွင့်ပြုတော်မူကာ ထိုကဲ့သို့ ခွင့်ပြုတော်မူရခြင်းမှာလည်း သူတို့အနေဖြင့် သူတို့၏အန္တရာယ်ကိုသိရှိပြီးနောက်၊ သူတို့သည် သူ၏ရှေ့တော်မှောက်တွင် နောင်တရခြင်းဖြင့် သူတို့၏စိတ်နှလုံးတို့ကို နှိမ့်ချလာကြမည်ဖြစ်သည်။ သူသည် သူ၏ယုတ်လျော့နိမ့်ကျသော သူ၏လူတို့ကိုကြင်နာသနားခြင်းဖြင့် ဖေးမပြုစုတော်မူပါလိမ့်မည်။ သူသည် သူတို့ကိုခွင့်လွှတ်တော်မူသည့်စကားကို မိန့်ကြားတော်မူကာ၊ သူတို့အားခရစ်တော်၏ဖြောင့်မတ်ခြင်းတရားဝတ်ရုံတော်ကို လွှမ်းခြုံပေးတော်မူပါလိမ့်မည်။ သူသည် သူတို့ကိုသူ၏တည်ရှိနေတော်မူခြင်းအားဖြင့် ဂုဏ်ပြုတော်မူပါလိမ့်မည်။

ဤအပြစ်ဖြေရာမဟာနေ့ရက်ကြီးတွင် ကျွန်ုပ်တို့၏အပြစ်များတို့ကို ဝန်ချတောင်းပန်ပြီး၊ ကျွန်ုပ်တို့၏အပြစ်ကျူးလွန်ခြင်းများအတွက် တောင်းပန်ခြင်းဖြင့် ဘုရားသခင်၏ကရုဏာတော်နှင့်ချစ်ခြင်းမေတ္တာတော်ကို သတိထားအသိအမှတ်ပြုကြရန်မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ပေတိပေကတ်နိုင်သော သွားရာလမ်းကြောင်းများမှ ကျွန်ုပ်တို့အားကယ်တင်ရေးအတွက် ပေးတော်မူသောသတိပေးချက်တို့အတွက် ထာဝရဘုရားသခင်အား



ကျွန်ုပ်တို့ကျေးဇူးတင်ကြပါစို့။ ကျွန်ုပ်တို့၏အသက်တာတို့ကို လမ်းကြောင်းမှန်ပေါ်သို့ ပြောင်းလဲလိုက်ခြင်းအမှုတစ်ခုကို ထင်ရှားစွာပြသခြင်းဖြင့် သူ၏ကောင်းမြတ်တော်မူခြင်းကို သက်သေခံကြပါစို့။ အကယ်၍ ထာဝရဘုရားက သူတို့၏အပြစ်ကိုဖော်ပြအသိပေးတော်မူလာပါက သူတို့အနေဖြင့် သူ၏လမ်းတော်အတိုင်း လိုက်လျှောက်ကြခြင်းမရှိသည်ကို သတိပေးတော်မူပြီဟု သိရှိလာရကြမည်ဖြစ်ကာ နောင်တရကြရမည်ဖြစ်ပြီး နှိမ့်ချခြင်းနှင့်နောင်တရမှုကြောင့် နှလုံးကြေကွဲခြင်းရှိသောစိတ်ဖြင့်၊ အပြစ်ကိုဝန်ချတောင်းပန်ကြပါက၊ ထာဝရဘုရားသည် သူတို့အားအမှန်တကယ် တစ်ဖန်ပြန်လည်လက်ခံတော်မူကာ သူတို့သည် ဘုရားသခင်၏မျက်မှောက်တော်၌ မျက်နှာရကြပါလိမ့်မည်။

ကြီးမားသောတရားစီရင်ရာကာလသည် ကျွန်ုပ်တို့၏ရှေ့မှောက်တွင် ရောက်ရှိနေပါသည်။ ၎င်းအကြောင်းအရာသည် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏လုပ်ဆောင်နိုင်စွမ်းနှင့် ဆုကျေးဇူးတို့ကိုအသုံးပြုကာ ဘုရားသခင်၏အမှုတော်ဆက်လက်တိုးတက်ရေးအတွက် လုပ်ဆောင်လာစေပါသည်။ ကျွန်ုပ်တို့အား ထာဝရဘုရားပေးထားတော်မူသော တန်ခိုးတော်တို့ကို ကျွန်ုပ်တို့သည် သူ၏အမှုတော်တိုးတက်ကြီးပွားလာစေရန်အတွက် အသုံးချရကြမည်ဖြစ်ပြီး စိတ်ဓာတ်ပျက်ပြားစေရန်နှင့် ဖြိုချဖျက်ဆီးရန်အတွက် အသုံးပြုရန်မဟုတ်ပါ။ ခေတ်ကာလအားလုံးတို့တွင်ရှိကြသော အသင်းတော်တို့အတွက် ဘုရားသခင်၏ခန့်ထားတော်မူခြင်းခံရသော စေတမန်များတို့သည် သမ္မာတရားတော်အတွက် အပြစ်တင်ပြောဆိုခံရခြင်းနှင့် ဖိစီးနှိပ်စက်ခံရကြရန် မိမိတို့ကိုယ်ကိုထုတ်ဖော်ပြသကြရပါမည်။ သို့သော်လည်း ဘုရားသခင်၏လူစုတော်တို့အနေဖြင့် တစ်နေရာရာသို့သွားရန် အတင်းအဓမ္မပို့ဆောင်ခြင်းခံရပါက တစ်နည်းအားဖြင့်၊ ချစ်လှစွာသောတပည့်တော်တို့ကဲ့သို့၊ လူသူကင်းမဲ့သောကျွန်းများဆီသို့ ပြည်နှင်ဒဏ်ပေးခြင်းခံရပါသော်လည်း၊ သူတို့မည်သည့်နေရာတွင်ရှိနေကြသည်ကို ခရစ်တော်ကသိရှိတော်မူပြီး သူတို့အားခိုင်ခံ့မြဲမြံစေကာ

ကောင်းချီးပေးပြီး သူတို့အား ငြိမ်သက်ခြင်းနှင့်ရွှင်လန်းဝမ်းမြောက်ခြင်းတို့ကို ပေးတော်မူပါသည်။

ခရစ်တော်သည် မြေကြီးပေါ်တွင် သူ၏အမှုတော်အစမှအဆုံးတိုင် ကာလအတွင်း ဗိမာန်တော်ကိုသန့်ရှင်းစေတော်မူသကဲ့သို့ သူ၏အသင်းတော်ကိုလည်း သန့်ရှင်းစေတော်မူပါလိမ့်မည်။ သူ၏အသင်းတော်ပေါ်သို့ ကျရောက်စေသော စမ်းသပ်မှုနှင့်စစ်ကြောစုံစမ်းမှုအားလုံးတို့သည် သူ၏လူစုတော်တို့အား လေးနက်သောဘာသာတရားကိုင်းရှိုင်းမှုနှင့် များစွာသော ခွန်အားတို့ဖြင့် ကမ္ဘာမြေကြီး၏အားလုံးသောနေရာအစိတ်အပိုင်းဆီသို့ ကပ်တိုင်တော်၏အောင်ပွဲများကို သယ်ပိုးပို့ဆောင်နိုင်စေရန်အတွက်ပင်ဖြစ်ပါသည်။

–၀–



## စက်တင်ဘာ (၁၁)

### အသင်းတော်တွင်းတွင်ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသောသူများ

# “ဖိစီးနှိပ်စက်ခြင်းသည်ဧဝံဂေလိတရားတော် ပျံ့နှံ့မှုကိုကူညီပေးပါသည်”

**“သို့ဖြစ်၍ ခရစ်တော်ကြောင့်ခံရသော အားနည်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ဆင်းရဲခြင်း၊ ညှဉ်းဆဲနှိပ်စက်ခြင်း၊ ကျပ်တည်းစွာသော ဒုက္ခဝေဒနာခံခြင်းတို့ကို ငါနှစ်သက်၏” (၂ကော ၁၂း၁၀)။**

ခေတ်ကာလတိုင်းတို့တွင် ဘုရားသခင်၏ရွေးချယ်တော်မူသော စေတမန်များတို့သည် နှိပ်စက်ညှဉ်းပန်းခြင်းခံခဲ့ကြရသည့်အပြင် ကဲ့ရဲ့ခြင်းလည်း ခံရကြသော်လည်း သူတို့၏ဆင်းရဲခြင်းဒုက္ခများ ခံစားကြရသည့်ကြားမှ ဘုရားသခင်ကိုသိသောပညာသည် နိုင်ငံရပ်ခြားဒေသသို့ ပျံ့နှံ့နေပါသည်။ ခရစ်တော်၏တပည့်တော်တိုင်းတို့သည် သူတို့အဆင့်နှင့်သူတို့ရှိကြပါသော်လည်း တူညီသောအမှုတော်ကို ရှေ့သို့သယ်ပိုးထမ်းရွက်ကာ အမှုတော်၏ရန်သူများတို့သည် သမ္မာတရားတော်ကို မည်ကဲ့သို့မျှရန်မပြုနိုင်သည်ကို သိထားကြရမည်ဖြစ်ပြီး ထိုရန်သူတို့သည် သမ္မာတရားအတွက်လုပ်ဆောင်လာအောင် ဆောင်ရွက်ကြရပါမည်။ သမ္မာတရားကိုရှေ့တန်းနေရာသို့ယူဆောင်လာပြီး ၎င်းအပေါ်အထင်သေးအမြင်သေးမှုရှိငြားသော်လည်း ထိုသမ္မာတရားသည် စာမေးပွဲကျင်းပရန်နှင့် ဆွေးနွေးတိုင်ပင်စရာဘာသာရပ်အဖြစ်သို့ ရောက်ရှိရေးအတွက် ဘုရားသခင်ရည်ရွယ်ပါသည်။ လူများတို့၏စိတ်အတွေးတို့သည် လှုပ်လှုပ်ရှားရှားရှိရမည်ဖြစ်ပြီး တိုက်လှန်မှုတိုင်း၊ အပြစ်တင်မှုတိုင်း၊ မသိစိတ် (မိမိကိုယ်ကိုသိသောစိတ်) ကို လွတ်လပ်ခွင့်ပေးထားခြင်းကို ချုပ်ချယ်သည့် မည်သည့်ကြိုးပမ်းမှုတိုင်းတို့သည် တစ်နည်းအားဖြင့် အိပ်မောကျတော့မည့်စိတ်အတွေးတို့ကိုနိုးထစေမည့် ဘုရားသခင်၏ရည်ရွယ်ချက်များပင်ဖြစ်ပါသည်။

ဤကဲ့သို့သောရလဒ်မျိုးကို ဘုရားသခင်၏စေတမန်တို့၏သမိုင်းတွင် မည်မျှလောက်မကြာမကြာတွေ့မြင်ရကြပါသနည်း။ မြင့်မြတ်ပြီး ကျလောက်အောင်အဟောအပြောကောင်းသော သတေဖန်သည် ဘာသာရေးအကြီးအကဲများကြီးစိုးသည့် လွှတ်တော်၏လှုံ့ဆော်မှုကြောင့် ကျောက်ခဲနှင့်ပစ်ပြီး အသတ်ခံရသောအခါ၊ ဧဝံဂေလိတရားဟောကြားမှုကို ဆုံးရှုံးစေသည့်မည်သည့်အကြောင်းခြင်းရာမျှ မပေါ်ပေါက်ခဲ့ပါ။ သတေဖန်၏မျက်နှာတွင် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေသည့် ကောင်းကင်အလင်းတန်း၊ ထို့ပြင် အသက်ထွက်ခါနီးတွင် ဘုန်းတော်ရှင်၏သနားခြင်းကရုဏာမျိုးပါဝင်သည့် ထွက်သက်ဆုတောင်းချက်တို့သည် သတေဖန်၏အနီးတွင်ရပ်နေကြသော တစ်ယူသန်ယုဒဘာသာရေးအကြီးအကဲများတို့ကို ပြစ်ဒဏ်ထင်ရှားကြောင်းစီရင်စေသည့် ထက်မြက်ချွန်မြသော မြားတစ်စင်းအလားဖြစ်နေပြီး သူနှင့်ယုံကြည်ခြင်းမတူသူများတို့ကိုဖိစီးနှိပ်စက်သည့် ဖာရိရှဲတစ်ယောက်ကို ခရစ်တော်၏နာမတော်အကြောင်းကို တစ်ပါးအမျိုးသားများ၊ ရှင်ဘုရင်များနှင့် ဣသရေလလူမျိုး၏သားသမီးတို့ထံသို့သယ်ဆောင်ပေးသည့် အရွေးချယ်ခံရွက်သင်္ဘောအဖြစ်သို့ ရောက်ရှိသွားစေခဲ့ပါသည်။ ထို့နောက်ပိုင်းအချိန်အတော်ကြာညောင်းလာသောအခါ သက်ကျားအိုကြီးရှင်ပေါလုသည် ရောမမြို့ရှိသူ၏ထောင်တွင်းစံအိမ်အတွင်းမှ ဖိလိပ္ပိအသင်းတော်သို့ရေးသားသော (ဖိလိပ္ပိ ၁း၁၅၊၁၇၊၁၈) တို့တွင်ဖော်ပြထားသောသြဝါဒစာတွင်၊ “လူအချို့တို့သည် ငြူစူရန်တွေ့ချင်သောသဘောနှင့် ခရစ်တော်၏တရားကိုဟောပြောကြ၏။---ထိုသူတို့သည် ကြည်ဖြူသောစိတ်မရှိ၊ ချည်နှောင်ခြင်းကိုငါခံရသည်တွင် သာ၍ဆင်းရဲစေမည်ဟုအကြံရှိ၍ ရန်တွေ့ချင်သောစိတ်နှင့်ဟောပြောကြ၏။---လျှို့ဝှက်၍ဟောပြောသည်ဖြစ်စေ၊ သစ္စာရှိ၍ဟောပြောသည်ဖြစ်စေ၊ ခရစ်တော်၏တရားကိုဟောပြောခြင်းရှိ၏---” ဟူ၍ ဖော်ပြထားခဲ့ပါသည်။ ရှင်ပေါလုထောင်တွင်းအကျဉ်းချထားခြင်းခံရစဉ်ကာလတွင် ဧဝံဂေလိသတင်းစကားသည် နိုင်ငံရပ်ခြားတွင်ပျံ့နှံ့လျက်ရှိခဲ့ပြီး၊ ကဲသာဘုရင်တို့၏နန်းတော်တွင်းရှိ အသက်ဝိညာဉ်များတို့သည်လည်း ခရစ်တော်အတွက်





အောင်မြင်စွာစုသိမ်းခြင်းခံခဲ့ရပါသည်။ ထာဝရရှင်သန်ပြီးကိန်းဝပ်နေမည့် မပျက်စီးနိုင်သောမျိုးစေ့ဖြစ်သည့် ဘုရားသခင်၏နှုတ်တော်ထွက်သည် စာတန်မာရ်နတ်က ဖျက်ဆီးပစ်ရန်ကြိုးပမ်းမှုများရှိခဲ့သော်လည်း၊ လူသားတို့၏စိတ်နှလုံးတို့အထဲတွင် ရိတ်သိမ်းခြင်းခံရပြီးဖြစ်ကာ သူ၏သားသမီးတော်တို့၏ပြစ်တင်ကြိမ်းမောင်းခြင်းနှင့် ဖိစီးနှိပ်စက်ခြင်းခံကြရသည့်တိုင်အောင်၊ ခရစ်တော်၏နာမတော်သည် ချီးမြှောက်ခြင်းခံရကာ ထိုသားသမီးတော်တို့၏အသက်ဝိညာဉ်တို့သည်လည်း လုံခြုံမှုရှိပြီးဖြစ်သွားပါသည်။

–о–

စက်တင်ဘာ (၁၂)

## အသင်းတော်တွင်းတွင်ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသောသူများ

## “ဖြောင့်မတ်သောအသင်းသားများ”

**“ဖြောင့်မတ်ခြင်းတရားသည်လည်း ငြိမ်သက်ခြင်းကိုပြုစုလိမ့်မည်။ ဖြောင့်မတ်ခြင်းအကျိုးမူကား၊ ထာဝရငြိမ်သက်ခြင်းနှင့်လုံခြုံခြင်းတည်း” (ဟေရှာယ ၃၂:၁၇)။**

(မဿဲ ၇:၂၀) တွင် “–––ထိုပုရောဖက်တို့၏အကျင့်ကိုထောက်သော် သူတို့၏သဘောကိုသိရကြလိမ့်မည်” ဟူ၍ ဖော်ပြထားပါသည်။ စိတ်နှလုံးတွင်းကို နူးညံ့သိမ်မွေ့ပြီး၊ ဆိတ်ငြိမ်အေးချမ်းမှုတို့ဖြင့် တန်ဆာဆင်ထားသောစိတ်ဓာတ်သည် အဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုးရှိလှပါသည်။ စစ်မှန်သောခရစ်ယာန်အသက်တာတွင် ခန္ဓာကိုယ်အပြင်ဘက်ဆင်မြန်းမှုသည် ကိုယ်ခန္ဓာတွင်းရှိ ငြိမ်သက်ခြင်းနှင့်သန့်ရှင်းခြင်းတို့နှင့် အမြဲတစေဟန်ချက်ညီညီရှိပါသည်။ ဤနည်းဖြင့်သာ၊ အသင်းသားတို့၏ဖြောင့်မတ်ခြင်းတရားများဖြင့်သာ အသင်းတော်ကိုတည်ထောင်နိုင်ကြပေမည်။ ဘုရားသခင်၏လူစုတော်တို့အနေဖြင့် ခိုင်မာပြီးမရွေ့လျော့နိုင်သောယုံကြည်ခြင်းကို ပြသရကြပါမည်။ ကျမ်းစာတော်မြတ်သည် သူတို့၏စံသတ်မှတ်ချက်ဖြစ်ပါသည်။ တစ်ပါးသောသူတို့ကို ဝေငှပေးနိုင်ရန်အတွက် ကောင်းကင်ဘုံမှကြွယ်ဝလှစွာသော ကျေးဇူးတော်စီးကြောင်းတို့သည် သူတို့အပေါ်၌ အလင်းတရားကိုထုတ်လုပ်ပေးပါလိမ့်မည်။ ထိုအလင်းတရား၏စွမ်းအား၊ အားလုံးတို့ဖြင့် သမ္မာတရားကိုထုတ်ဖော်ပြောဆိုရပါမည်။ ဘုရားသခင်၏ပညတ်တော်တို့ကို အကျင့်အားဖြင့်အပြင် သစ္စာတရားအားဖြင့်၊ စောင့်ရှောက်ခြင်းဖြင့် ထိုအမှုတော်ကို သစ္စာရှိစွာထမ်းဆောင်ကြပါက၊ ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်သောသူများအဖြစ် အသိအမှတ်ပြုခြင်းခံရကြပါလိမ့်မည်။



(မဿဲ ၁၁:၂၈–၃၀) တွင် ဖော်ပြထားသော “ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့ ငါ့ထံသို့လာကြလော့။–––– ငါ့ထံ၌နည်းခံကြလော့။ ငါသည် နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏။ သင်တို့စိတ်နှလုံးသည် သက်သာခြင်းကိုရလိမ့်မည်။ အကြောင်းမူကား၊ ငါ့ထမ်းပိုးသည်ထမ်းလွယ်၏။ ငါ့ဝန်လည်းပေါ့၏ဟု မိန့်တော်မူ၏” ဆိုသည့် ခရစ်တော်၏ကမ်းလှမ်းချက်ကို ခရစ်တော်၏လူစုတော်တို့က အလေးဂရုပြုပါက အသင်းတော်သမိုင်း၏အစမှအဆုံးတိုင်အောင် ခရစ်တော်က သူ၏ထိုလူစုတော်တို့ကို “ဖြောင့်မတ်ခြင်းတရား၏အမှုတော်သည် မင်္ဂလာရှိမည်ဖြစ်ပြီး၊ ဖြောင့်မတ်ခြင်းတရား၏ဆိတ်ငြိမ်မှုနှင့်အာမခံမှုတို့သည် အစဉ်အမြဲတည်လိမ့်မည်” ဆိုသည့် မိန့်တော်မူချက်ကို အသိပေးတော်မူပါလိမ့်မည်။ သူ၏လူစုတော်တို့အတွက် ခရစ်တော်သည် အသက်တာခွန်အား၊ ကျွမ်းကျင်မှု၊ စွမ်းအား၊ ဉာဏ်ပညာနှင့်အထွတ်အမြတ်များဖြစ်တော်မူပါသည်။

ဘုရားသခင်၏တောင်းဆိုတော်မူချက်တို့ကို သင်ကသာလိုက်လျောမှုရှိပြီး သူ၏ပြည့်စုံကုံလုံမှုတို့ကို သင့်ကိုယ်ကိုသင်ဖြည့်ဆည်းပေးကာ သူ၏ချစ်ခြင်းမေတ္တာတော်ဖြင့် စိမ့်ဝင်ပျံ့နှံ့စေပါက ကလေးသူငယ်များ၊ လူငယ်လူရွယ်များနှင့် ငယ်ရွယ်သောတပည့်တော်တို့သည် ဘုရားတရားကြည်ညိုမှုကို လက်တွေ့ဖော်ဆောင်လုပ်ကိုင်မှုကို ခံစားလာနိုင်ရေးအတွက် သင့်ကိုအတုယူကြည့်ရှုလာမည်ဖြစ်သည့်အလျောက်၊ သူတို့သည် ဘုရားသခင်ကိုနာခံလိုက်လျှောက်သည့်လမ်းသို့ ရောက်ရှိရေးတွင် သင့်အနေဖြင့် ဦးဆောင်မှုပေးသည့်နည်းလမ်းအဖြစ် ရှိနေရပါမည်။ ဘုရားသခင်၏အစမ်းအသပ်ကိုခံနိုင်ရည်ရှိမည့် ဩဇာသက်ရောက်မှုတစ်ခုကို သင့်အနေဖြင့် အားထုတ်ကြိုးပမ်းရမည်ဖြစ်ပြီး၊ သင်၏လုပ်ဆောင်မှုသည် လွယ်ကူစွာမပျက်စီးမပုပ်သိုးနိုင်သော သဘောသဘာဝတစ်ခုအဖြစ် ဖြစ်ပေါ်လာရန်အတွက် ၎င်းလုပ်ဆောင်မှုကို ရွှေ၊ ငွေနှင့် အဖိုးထိုက်တန်လှသော ကျောက်တုံးများတို့ဖြင့် ယှဉ်နိုင်ရမည်ဖြစ်သည်။

သင့်အတွက် မည်သည့်ကိုးကွယ်သည့်ဘာသာတရားကို ဖော်ဆောင်ပေးနိုင်ရေးအတွက် လူအများအပြားတို့က သင့်အားမျှော်လင့်တကြီးဖြင့် မျှော်လင့်နေပါသည်။ ဘုရားသခင်သင့်အားပေးသနားတော်မူသော အမှုတော်အပေါ် သင်သစ္စာရှိပါက သင်သည် မှန်ကန်သောခံစားမှုထင်မြင်ချက်များတို့ကို ဖော်ဆောင်လာနိုင်ကာ ဖြောင့်မတ်ခြင်းတရားလမ်းကြောင်းတွင် အသက်ဝိညာဉ်ပေါင်းများစွာကို ဦးဆောင်မှုပေးနိုင်မည်ဖြစ်သည်။

–၀–



စက်တင်ဘာ (၁၃)

### အသင်းတော်တွင်းတွင်ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသောသူများ

## "ကျွန်ုပ်တို့သည်ကျွန်ုပ်တို့၏လုပ်ဆောင်မှုများအတွက် စိတ်အားကြီးကြပါသည်"

**"––––သင်တို့ရှိသမျှသည် ယနေ့တိုင်အောင် ဘုရားသခင်ဘက်၌ စိတ်အားကြီးသည်နည်းတူ၊ အကျွန်ုပ်လည်း စိတ်အားကြီးသဖြင့်" (တမန်တော် ၂၂:၃)။**

ကျွန်ုပ်တို့သည် လူဖြစ်ကြသည်အလျောက် ပင်ကိုယ်စွမ်းရည်ပိုင်းတွင် ပြည့်စုံမှုမရှိကြပါ။ ကျွန်ုပ်တို့အတွင်းတွင် ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရန် ကမ်းလှမ်းခံရကြပါက လက်ခံကြမည့်အမျိုးသမီး၊ အမျိုးသားများစွာရှိကြမည်ဖြစ်သော်လည်း မိမိကိုယ်ကိုပူဇော်ဆက်ကပ်အပ်နှံမည့်စိတ်ဓာတ်မျိုးရှိမည့်သူမှာမူ အတော်နည်းပါးမည်ဖြစ်သည်။ အချို့သောသူတို့သည် သူတို့၏ဥစ္စာဓနတို့ကို အခြားသောသူများသို့ လိုလိုလားလားပေးကမ်းကြမည်ဖြစ်ပြီး ထိုကဲ့သို့ပေးကမ်းပြီးပါက ထိုဥစ္စာဓနတို့သည် သူတို့အတွက်မလိုအပ်တော့သည့်သဘောမျိုးဖြင့် ခံစားရကြပါသည်။ ထိုကဲ့သို့သောပေးကမ်းမှုမျိုးလုပ်ဆောင်ခြင်းသည် အထူးတလည်ဖြစ်သော ဆက်ကပ်အပ်နှံမှုမျိုးသူတို့လုပ်ဆောင်ကြခြင်းမဟုတ်ပါ။ ငွေကြေးဆိုသည်မှာ ခရီးပေါက်ရောက်မှုရှိလျှင်ရှိသလောက် ကောင်းမွန်သော်လည်း ပုဂ္ဂိုလ်ရေးကြိုးပမ်းဆောင်ရွက်မှု၏ပူးပေါင်းပါဝင်မှုမရှိပါက သမ္မာတရားဆီသို့ဦးပြန်လှည့်သွားမည့် အသက်ဝိညာဉ်တို့ဆီသို့ရောက်ရှိမည့်လမ်းကြောင်း အထူးနည်းပါးသွားပေမည်။ ဘုရားသခင်သည် သင်ပိုင်ဆိုင်သောငွေကြေးတို့ကို တောင်းဆိုသည်သာမကဘဲ သင့်ကိုပါလိုအပ်နေပါသည်။ သင်၏ဥစ္စာဓနတို့ကိုပေးကမ်းနေချိန်သည် သင်၏ကိုယ်ကိုအတ္တစိတ်ကြီးစွာဖြင့် ချုပ်တည်းရာရောက်ပါသည်။ စပျစ်ဥယျာဉ်ထဲတွင် စိတ်ထက်ထက်သန်သန်ဖြင့် လုပ်ဆောင်သောလုပ်သား

တစ်ဦးသည် ထိုအလုပ်ကိုလုပ်ဆောင်လိုစိတ်မရှိသောသူများထက် အသပြာသန်းချီပြီး တန်ဖိုးရှိလှပါသည်။ သင်သည် ဤအလုပ်နှင့်ပတ်သက်ပြီး မှန်ကန်သောခန့်မှန်းတွက်ဆမှုရှိပြီး ထိုအလုပ်၏လိုအပ်တောင်းဆိုမှုတို့ကို သတိပြုမိပါက၊ သင့်ကိုယ်ကိုသင်ပူဇော်ဆက်ကပ်အပ်နှံရာရောက်ပြီးဖြစ်သွားပါသည်။

အများသောသူတို့သည် အနည်းဆုံးလုပ်သင့်လုပ်ထိုက်သောအလုပ်ကို လုပ်မည်ဆိုထားဦး လုံလောက်သောနိုးကြားထကြွမှုမရှိသောကြောင့် သူတို့မလုပ်ဖြစ်ကြတော့ဘဲ ထိုသို့ဖြစ်ရခြင်းမှာ သူတို့သည် ဆက်ကပ်အပ်နှံလိုသောစိတ်ဓာတ်မရှိသောကြောင့်ဖြစ်ပါသည်။ ဘုရားသခင်သည် ထိုကဲ့သို့သော အသက်ဝိညာဉ်တို့၏အပေါင်းအသင်းများတို့အတွက် တာဝန်ခံမှုရှိတော်မူပါသည်။ သူတို့အနေဖြင့် ခရစ်တော်နှင့်ပေါင်းစည်းရေးဆိုင်ရာကောင်းမွန်သောအလုပ်ကိုလုပ်ဆောင်ရကြမည်ဖြစ်ပြီး ထိုကဲ့သို့သောအလုပ်မျိုးဖြင့် သူတို့လုပ်ဆောင်ပြီးသည်ဖြစ်စေ၊ မလုပ်ဆောင်ရသေးသည့်အသက်ဝိညာဉ်တို့အား အတိုင်းအတာတစ်ခုဖြင့် ပြန်လည်ပေးဆပ်ကြရပါမည်။

မည်သူမျှအလုပ်မလုပ်နိုင်တော့သည့် ညအချိန်သည် မကြာမီရောက်ရှိလာပါတော့မည်။ စာတန်မာရ်နတ်သည် သူ၏လုပ်ဆောင်မှုတွင် စိတ်ထက်သန်ပြီး အားမာန်အပြည့်ဖြင့် အပတ်တကုတ်ကြိုးစားနေပါသည်။ သူ၏ရည်ရွယ်ချက်ကို ပြီးမြောက်အောင်ဆောင်ရွက်ရာတွင် ပထမအကြိမ်တွင်ကျရှုံးပါကလည်း ထပ်မံ၍ပြန်လည်ကြိုးပမ်းလုပ်ဆောင်မည်ဖြစ်သည်။ အသက်ဝိညာဉ်တို့ကို ကျော့ကွင်းမိအောင်ထောင်ဖမ်းနိုင်ရေးအတွက် စာတန်မာရ်နတ်သည် အခြားသောနည်းလမ်းအစီအစဉ်များဖြင့်ကြိုးစားကာ၊ မျိုးစုံသောစုံစမ်းနှောင့်ယှက်ခြင်းများကိုအသုံးချပြီး၊ ကြီးမားသောအပတ်တကုတ်လုပ်ဆောင်မှုဖြင့် လုပ်ဆောင်ပါလိမ့်မည်။ အသက်ဝိညာဉ်များအားလုံး လုံးလုံးလျားလျားအထီးကျန်စေရေးအတွက် စာတန်သည် မည်သည့်အခါမျှ စိတ်ဓာတ်ကျဆင်းမှုရှိမည်မဟုတ်ပါ။ ထာဝရဆုံးရှုံးမှုဆီသို့ အသက်ဝိညာဉ်များရောက်ရှိသွားစေရန် လိမ်လည်လှည့်ဖြားသော စာတန်မာရ်နတ်၏ကြိုးစားအားထုတ်မှု



အတိုင်းအတာနှင့်ညီမျှသည့် ကြိုးစားအားထုတ်မှုများဖြင့် ထိုအသက်ဝိညာဉ်တို့ကို ကာကွယ်ကယ်တင်နိုင်စေရန် ခရစ်တော်၏နောက်တော်သို့လိုက်သောသူတို့သည် အားမာန်နှင့်ကျားကုတ်ကျားခဲစိတ်ရှိကြပါက ယခုအခါ ကျွန်ုပ်တို့တစ်ဦးတစ်ယောက်တွင်သာတွေ့ရှိရသော လက်ခံယုံကြည်မှုမှ ရာပေါင်းများစွာသောအရေအတွက်ရှိသည့် လက်ခံယုံကြည်သူများကို ကျွန်ုပ်တို့တွေ့ရှိရကြပါလိမ့်မည်။

–၀–

## စက်တင်ဘာ (၁၄)

### အသင်းတော်တွင်းတွင်ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသောသူများ

# "ဆုတောင်းခြင်း၏နံဘေးနှင့်ကပ်လျက်တွင် ဘုရားသခင်သည်သဒ္ဒါတရားကိုချထားပေးတော်မူပါသည်"

**"---သင်ပြုသောဆုတောင်းပတ္ထနာနှင့်စွန့်ကြဲပေးကမ်းခြင်းတို့သည် ဘုရားသခင့်ရှေ့တော်၌ အောက်မေ့စရာဖို့တက်ကြပြီ" (တမန်တော် ၁၀း၄)။**

စစ်မှန်သောခရစ်ယာန်၏သဒ္ဒါတရားသည် ကျေးဇူးတင်ဖွယ်ရာ ချစ်ခြင်းမေတ္တာတော်၏အခြေခံစည်းမျဉ်းမှ စီးဆင်းလာခြင်းဖြစ်ပါသည်။ ခရစ်တော်သည် ဤလောကသို့ဆင်းလာပြီး သူကယ်ချွတ်တော်မူသည့်သူများအပေါ်ထားရှိသည့် ချစ်ခြင်းမေတ္တာမျိုးနှင့်အလားတူ လိုက်လျောညီထွေမှုရှိသည့် ချစ်ခြင်းမေတ္တာမျိုးဖြင့်မဟုတ်ပါက၊ ခရစ်တော်ကိုချစ်သော ချစ်ခြင်းမေတ္တာသည် အသက်ဆက်တည်တံ့ခြင်းမရှိနိုင်ပါ။ ခရစ်တော်အပေါ် ချစ်ခြင်းမေတ္တာရှိခြင်းသည် လူသတ္တဝါတို့အတွက် စိုးမိုးရေးအခြေခံစည်းမျဉ်းဖြစ်ပြီး၊ သူ၏အမျိုးမျိုးသော ပြင်းပြသည့်စိတ်ခံစားမှုအားလုံးတို့ကို ထိန်းချုပ်ပေးသည့်အပြင် သူ၏စွမ်းအင်တို့ကိုပါ ညွှန်ကြားမှုပေးပါသည်။ ရွေးနုတ်ကယ်ချွတ်သော ချစ်ခြင်းမေတ္တာမည်သည်မှာ၊ လူတို့၏စိတ်ထဲတွင် တည်ရှိကောင်းတည်ရှိနိုင်မည့် သိမ်မွေ့နူးညံ့သောချစ်ခင်မှုနှင့် မိမိကိုယ်ကိုစွန့်လွှတ်အပ်နှံသောဆက်ကပ်မှုတို့ကို နိုးထစေသင့်ပါသည်။ ဤအချက်သည် အကြောင်းခြင်းရာအဖြစ် ပေါ်ပေါက်လာပါက၊ သူတို့၏အတ္တစိတ်ကိုထိုးဖောက်ရန်နှင့် မြိုနေသောသူတို့၏စာနာစိတ်တို့ကို နိုးထစေရန်အပြင် သမ္မာတရား၏အဖိုးထိုက်လှစွာသော အကြောင်းတရားအတွက် သဒ္ဒါတရားထက်သန်သည့် လှုဒါန်းမှုများတို့ကို လိုအပ်လာသောအခါ၊ စိတ်ကိုလွန်စွာလှုပ်ရှားထိခိုက်စေသည့် အသနားခံခြင်းများကို လုပ်ဆောင်ရန်မလိုအပ်ပါ။



မှန်ကန်စွာဖြင့်ညွှန်ကြားမှုခံရသောသဒ္ဒါတရားသည် လူတို့၏စိတ်ပိုင်းဆိုင်ရာနှင့် ကိုယ်ကျင့်တရားဆိုင်ရာစွမ်းအင်တို့ကို ဆွဲတင်ပေးပြီး၊ မရှိဆင်းရဲသားတို့အားကောင်းချီးပေးရန်နှင့် ဘုရားသခင်၏အမှုရေးရာတော်တို့၊ ရှေ့တိုးအောင်မြင်မှုရရှိအောင် လုပ်ဆောင်နိုင်ရန်အတွက်၊ အကျန်းမာဆုံးသော လှုပ်ရှားဆောင်ရွက်နိုင်စွမ်းရှိရေးအတွက် သူတို့အားစိတ်အားတက်ကြွစေပါသည်။ ဥစ္စာနေများပိုင်ဆိုင်ကြသောသူတို့အနေဖြင့်၊ သူတို့သုံးစွဲကုန်ကျသောအသပြာတိုင်းအတွက် ဘုရားသခင်အတွက် တာဝန်ခံမှုရှိရကြမည်ကို အသိဝင်ရကြမည်ဖြစ်ပြီး သူတို့တွေးတောကြံစည်ထားသည့် လိုချင်မှုများသည် အထူးနည်းပါးရပါမည်။ မိမိကိုယ်ကိုသိသောစိတ် (မသိစိတ်) သည် ရှင်သန်မှုရှိခဲ့ပါက၊ အာသာဆန္ဒ၏ကျေနပ်စိတ်အတွက် မလိုအပ်သောထိမ်ချန်မောင်ပိုင်စီးမှုတို့ကို ဖော်ထုတ်သက်သေခံမည်ဖြစ်ပြီး၊ မာန်မာနထောင်လွှားရန် စိတ်ကြီးဝင်ဘဝင်မြင့်ရန် ဖြေဖျော်မှုများတို့ကို ထိန်းချုပ်ကြီးကြပ်ပေးရန်နှင့် ဘုရားသခင်၏အမှုတော်အတွက် ရည်စူးဆက်ကပ်ထားပြီးသော အလှူတော်ငွေများတို့ကို ဖြုန်းတီးပစ်သည့် သတင်းအချက်အလက်တို့ကို အသိပေးဖော်ပြမည်ဖြစ်သည်။

အသက်တာ၏ရှည်လျားမှုပမာဏနှင့် ပျော်ရွှင်ချမ်းမြေ့မှုတို့သည် လောကနှင့်ဆိုင်သော ပိုင်ဆိုင်မှုပမာဏအပေါ်တွင်မူတည်ပြီး ရပ်တည်နေသည် မဟုတ်ပါ။

ဘုရားသခင်၏အမှုရေးရာတော်ကို ကျားကန်ထောက်မပေးရာတွင် စည်းစနစ်အကျဆုံးနှင့် သဘောထားကြီးသောအသင်းတော်တို့သည် ဝိညာဉ်ရေးရာတွင် ကြီးပွားတိုးတက်မှုအရှိဆုံးဖြစ်ပါသည်။ ခရစ်တော်၏နောက်တော်သို့လိုက်လျှောက်သော စစ်မှန်သည့်သဘောထားကြီးသူသည် သူ၏ဦးဆောင်သခင်၊ ခရစ်တော်အတွက်ပါ သူ၏အကျိုးစီးပွားကို ခွဲခြားထားပါသည်။ လောကီရေးရာနှင့်အငမ်းမရစိတ်တို့သည် ဘုရားသခင်၏လူစုတော်တို့၏ သေရေးရှင်ရေးကိစ္စတို့ကို စားပစ်လိုက်ကြပါသည်။ ဘုရားသခင်က သူတို့၏ဥစ္စာနေတို့ကို ခွဲခြားစိတ်ဖြာတောင်းခံမှုသည် ဘုရားသခင်၏ကရုဏာတော်ဖြင့်သာ လုပ်ဆောင်တော်မူကြောင်းကို နားလည်သဘောပေါက်ကြရ

ပါမည်။ ဘုရားသခင်၏ကောင်းကင်တမန်တော်သည် ဆုတောင်းခြင်း၏ နံ့သာကပ်လျက်တွင် သဒ္ဓါတရားထက်သန်လှသည့်လုပ်ရပ်တို့ကို ချထားပေးပါသည်။ ထိုကောင်းကင်တမန်တော်က ကော်နေလိအား၊ အထက်ဖော်ပြပြီးခဲ့သောကျမ်းချက် "----သင်ပြုသောဆုတောင်းပတ္ထနာနှင့် စွန့်ကြဲပေးကမ်းခြင်းတို့သည် ဘုရားသခင်ရှေ့တော်၌ အောက်မေ့စရာဖို့တက်ကြပြီ" အတိုင်း ပြောကြားခဲ့ပါသည်။

-ဝ-



**စက်တင်ဘာ (၁၅)**

### အသင်းတော်တွင်းတွင်ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသောသူများ

## "ဘုရားသခင်၏အစိုးရကို ကိုယ်စားပြုသူများ"

**"ထိုကြောင့် ငါချစ်သောညီအစ်ကိုတို့၊ သင်တို့သည် သခင်ဘုရား၏အမှုတော်ကိုဆောင်ရွက်၍ အကျိုးကြီးသည်ကို သိမှတ်သဖြင့် တည်ကြည်သောစိတ်နှင့်ပြည့်စုံ၍၊ မရွေ့လျော့မတိမ်းယိမ်းဘဲလျက်၊ သခင်ဘုရား၏အမှုတော်ကို ကြိုးစားအားထုတ်ကြလော့" (၁ကော ၁၅း၅၈)။**

ခရစ်တော်၏အသင်းတော်သည် ဘုရားသခင်ထံတော်၌ သန့်ရှင်းပြီး၊ စင်ကြယ်ကာ အထွတ်အမြတ်ဖြစ်ရပါမည်။ ၎င်းအသင်းတော်၏အသင်းဝင်သူတို့အနေဖြင့် လောကကမ္ဘာရှေ့တွင် ကောင်းကင်ဘုံဆိုင်ရာ အစိုးရ၏ကိုယ်စားပြုသူများအဖြစ် ရပ်တည်ကြရပါမည်။ သူတို့သည် ကရုဏာတော်၏လုပ်ငန်းတစ်ခုပေါ်တွင် ကပ်ကာလကုန်ဆုံးသည့်တိုင်အောင် တင်ထားခြင်းခံရကြပါမည်။

ဘုရားသခင်၏နှုတ်တော်ထွက်သမ္မာတရားတော်အပေါ် ယုံကြည်ခြင်းရှိကြောင်း မိမိကိုယ်ကိုမိမိ ထုတ်ဖော်ပြောဆိုအသိပေးကြသောသူအားလုံးတို့သည် ထိုသမ္မာတရားတော်၏အကြောင်းကို တစ်ပါးသူတို့အားအသိပေးရကြပါမည်။ ဤကဲ့သို့လုပ်ဆောင်ကြပါက၊ သူတို့၏အပတ်တကုတ်ကြိုးပမ်းပြီး သစ္စာရှိမှုတို့အတွက် ကြွယ်ဝလှစွာသောချီးမြှင့်မှုကို ခံစားကြရပါမည်။ "အထက်မိုးကောင်းကင်တစ်ခွင်လုံး၏အောက်တွင် ရှိနေသောနိုင်ငံတော်နှင့်အစွမ်းသတ္တိ၊ ထို့ပြင် နိုင်ငံတော်၏ကြီးမြတ်တော်မူခြင်းတို့သည် အမြင့်ဆုံးသောအရပ်၌ရှိနေကြသော သန့်ရှင်းသူတို့အား ပေးအပ်ရမည့်အရာများဖြစ်ပါသည်" ဆိုသည့် ကျမ်းပိုဒ်တော်အတိုင်း ထိုသူတို့သည် ကြီးမြတ်သောချီးမြှင့်ခြင်းကို ခံစားရကြမည်ဖြစ်သည်။

ကျွန်ုပ်တို့အနေဖြင့် ကုသိုလ်ကောင်းမှုလုပ်ဆောင်ရန်အတွက် စိုးရိမ်ခြင်းကင်းကြပါစို့။ ကြီးကျယ်သောဆေးဝါးကုသမှုဆိုင်ရာ သာသနာပြုလုပ်ငန်းနှင့်ပတ်သက်သော နူတ်တော်ထွက်တို့ကို သင်ကြားပို့ချမှုများ၏အောက်သို့ ကျွန်ုပ်တို့စိတ်နှလုံးတို့ကို လုံးလုံးလျားလျားတိုးဝင်ကြကုန်စို့။ ဧဝံဂေလိသတင်းစကားတော်တွင် ကျွန်ုပ်တို့၏သဘောဆန္ဒဖြင့်ဖြစ်သော ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့အတွက် ခရစ်တော်ကိုသိသောအသိပညာကို မြှင့်တင်ပေးရာရောက်သည့် စိတ်အားထက်သန်မှုနှင့်စွမ်းအားတို့ကို ဖြစ်ပေါ်လာစေပါလိမ့်မည်။ ကျွန်ုပ်တို့အနေဖြင့် "ဘုရားသခင်နှင့်အတူလုပ်ဆောင်ကြသောသူများ" အဖြစ်သို့ ရောက်ရှိလာကြမည့်အပြင်၊ "ထာဝရဘုရား၏အမှုတော်တွင် တိုးတက်များပြားလာသော လုပ်ဆောင်သူများရှိလာရေး" တို့ကို အစဉ်အမြဲဆောင်ရွက်ရကြပါမည်။

ကျွန်ုပ်တို့၏နေ့စဉ်အသက်တာတို့တွင် အသစ်အသစ်သောတာဝန်များတို့ကို တွေ့ကြုံကြရပါသည်။ တာဝန်တစ်ခုပြီးမြောက်ခြင်းဆိုသည်မှာ နောက်ထပ်တာဝန်တစ်ခုကို အစပျိုးဆောင်ရွက်ရခြင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏အသက်တာတို့ကို ကျွန်ုပ်တို့၏အရှင်သခင်၏တည်ကြည်ခန့်ညားသောအမှုတော်တွင်သာ အသုံးချရကြပါမည်။ ကျွန်ုပ်တို့သည် ထာဝရဘုရား၏အစေခံများမျှသာ ဖြစ်ကြပါသည်။ ခရစ်တော်၏အသင်းတော်ဝင်တို့အနေဖြင့် ဘဝအတွက်ရုန်းကန်လှုပ်ရှားမှုတွင် နမူနာများအဖြစ် ရှိရကြမည့်အပြင်၊ ကျွန်ုပ်တို့၏မဟာစံပြနမူနာကြီး ခရစ်တော်အပေါ် လုံးလုံးလျားလျားနာခံလိုက်လျှောက်မှုတွင်လည်း နမူနာများဖြစ်ရကြပါမည်။ ကျွန်ုပ်တို့၏နေ့စဉ်လုပ်ငန်းလုပ်ဆောင်ရေးအတွက် ကျွန်ုပ်တို့အားတာဝန်ပေးခန့်အပ်ရာတွင် ကျွန်ုပ်တို့၏အချို့သောအရည်အချင်းအပေါ်မူတည်ပြီး ခန့်အပ်ခြင်းခံရကြပါသည်။ ပြည့်ဝသောဆုတောင်းခြင်းရှိပြီး နိုးကြားမှုရှိသောအမှုတော်ဆောင်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဘုန်းတော်ရှင်နှင့်ထပ်တူထပ်မျှဖြစ်သော ပြည့်စုံသည့်အကျင့်စရိုက်တို့နှင့် ပြည့်စုံမည့်အပြင်၊ ဘုရားသခင်ကိုနှစ်သိမ့်ကြည်နူးတော်မူစေကာ၊ ထာဝရဘုရားသခင်နှင့် ကယ်တင်ရှင်သခင်ယေရှုခရစ်တော်တို့၏ထာဝရနိုင်ငံ



တော်ကြီး၏ဝင်ပေါက်သို့ ဝင်စားနိုင်သောအနေအထားမျိုးဖြင့် ကျွန်ုပ်တို့အားကိုက်ညီစေမည်ဖြစ်ပါသည်။

ထာဝရဘုရားသည် သူ၏ကျေးဇူးတော်နှင့်ကရုဏာတော်တို့ကို သူ၏လူစုတော်တို့အားဖြင့် ထင်ရှားစေရန် စောင့်ဆိုင်းတော်မူနေပါသည်။ ကျွန်ုပ်တို့အနေဖြင့် တစ်ဦးချင်း၊ တစ်ယောက်ချင်းဖြင့် ဘုရားသခင်နှင့်အတူတကွလမ်းလျှောက်ကြကာ၊ စကားစမြည်ပြောဆိုကြရမည်ဖြစ်ပြီး၊ ထိုနောက်တွင် ခရစ်တော်၏မြတ်နိုးအပ်သော ဧဝံဂေလိတရားတော်၏အထွတ်အမြတ်ဩဇာသက်ရောက်မှုသည် ကျွန်ုပ်တို့၏အသက်တာများတွင် ပေါ်ပေါက်လာမည်ဖြစ်ပါသည်။

–o–

## စက်တင်ဘာ (၁၆)

### အိမ်နီးနားချင်းတို့တွင်၊ ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသောသူများ "ကျွန်ုပ်တို့မည်ကဲ့သို့လုပ်ဆောင်ရကြပါမည်နည်း"

**"စိတ်နှလုံးထဲ၌ ထာဝရအရှင်ဘုရားသခင်ကို ရိုသေခြင်းရှိကြလော့။ သင်တို့မြော်လင့်ခြင်း၏အကြောင်းကို မေးမြန်းသောသူရှိသမျှတို့အား နူးညံ့သောသဘော၊ ကြောက်ရွံ့သောသဘောနှင့် ပြန်ပြောခြင်းငှာ ကာလအစဉ်မပြတ် အသင့်ရှိနေကြလော့" (၁ပေ ၃း၁၅)။**

နေ့စဉ်ခရစ်တော်၏အမှုတော်တို့ကို လုပ်ဆောင်ခြင်းအားဖြင့် သူ၏အလိုတော်အတိုင်းလုပ်ဆောင်ပေးရခြင်းအတွက် ပျော်ရွှင်မှုရှိလာကြပေမည်။ ခရစ်တော်ဤလောကသို့ ဆင်းလာတော်မူရခြင်းမှာ၊ ဘုရားသခင်၏ပညတ်တရားတော်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်တော်မူသည့်အပြင် အရာခပ်သိမ်းတို့တွင် ကျွန်ုပ်တို့၏စံပြနမူနာအဖြစ် ပြသရန်ဖြစ်ပါသည်။ သူသည် မိမိကိုယ်ကို ပဋိညာဉ်သေတ္တာတော်အဖုံး (mercy seat - ဝတ်ပြုရာ ၁၆း၁၃၊၁၄၊၁၅) နှင့်ကြွားဝါပြီး မာန်မာနထောင်လွှားကာ၊ ဘဝင်မြင့်သောစိတ်တို့နှင့်ပြည့်ဝသည့် ကရုဏာစိတ်ကင်းမဲ့သော ကြီးမားသည့်အရေအတွက်ရှိသည့် ဝတ်ပြုကိုးကွယ်သူတို့၏စပ်ကြားတွင် နေရာချထားတော်မူကာ ရိုးစင်းပြီးရှင်းလင်းပြတ်သားသည့် သူ၏သမ္မာတရားတော်ဆိုင်ရာ သင်ခန်းစာများအားဖြင့် လူတို့အားဝိညာဉ်ရေးအားဖြင့် ဝတ်ပြုကိုးကွယ်မှု၏လိုအပ်မှုအကြောင်းကို စိတ်ထဲတွင်စွဲမြဲထင်ကျန်ရစ်စေရန် ပြည့်ဝွန်းတော်မူပါသည်။ သူ၏သင်ခန်းစာတို့သည် ထိမိ၊ ထိရောက်ပြီး နှစ်သက်ဖွယ်ကောင်းကာ၊ လေးနက်သောအရေးပါမှုတို့ဖြင့်ပြည့်စုံသော်လည်း ကလေးသူငယ်များတို့ကပင် နားလည်နိုင်လောက်အောင် အထူးရိုးရှင်းလှပါသည်။ သူပေးထားခဲ့သည့် သမ္မာတရားတော်သည် အထူးလေးနက်မှုရှိသည့်အလျောက်၊ ပညာအရှိဆုံးသောသူတို့နှင့်အကျွမ်းကျင်ဆုံးသောဆရာတို့ကပါ ပြီးပြည့်စုံအောင်ဖော်ထုတ်ရှင်းပြနိုင်ခြင်းမရှိကြပါ။ သာမန်လူတို့မမြင်နိုင်စွမ်းသော သူ၏လေးနက်သည့်သင်ခန်းစာကိုမြင်ဘိသည့်အလား အမှုတော်ကိုဆောင်ရွက်သောသူတို့အနေဖြင့် အခန့်ညားထည်ဝါဆုံးသော သမ္မာတရားတော်တို့၏တန်ခိုးအားဖြင့် ရိုးစင်းမှုကိုအမြဲတစေထိန်းသိမ်းစောင့်ရှောက်ကြမည့်အပြင်၊ အရိုးစင်းဆုံးသောနှုတ်တော်ထွက်တို့ကို အားအင်ဖြည့်တင်းပေးကြမည်ဖြစ်သည်။

လူငယ်လူရွယ်တို့အနေဖြင့် သူတို့၏ရိုးသားမှုကို ထိန်းသိမ်းကြပြီး၊ အလန့်တကြားဖြစ်စေသောအရာများကိုဖော်ဆောင်ရန် မကြိုးပမ်းကြဘဲ၊ ထို့ပြင်ပင်ကိုဉာဏ်ဖြင့်တီထွင်ကြံဆမှုကို မိမိကိုယ်၌က မလုပ်ဆောင်ဘဲ၊ သူတို့၏ထာဝရဘုရား၏နည်းဥပဒေသများတို့ကို ပို့ချကြလိမ့်မည်ဖြစ်သည်။ သို့သော်အရိုးသားအရှင်းလင်းဆုံးသော သမ္မာတရားတော်တို့ကို ဆန်းသစ်ခြင်းနှင့်ထူးခြားချက်တို့ဖြင့် အရင်းအနှီးစုဆောင်းလိုပါက၊ ထိုသမ္မာတရားတော်တို့၏အစွမ်းတန်ခိုးကို လက်လွှတ်ခံကာ၊ ခရစ်တော်ထံတော်သို့ အသက်ဝိညာဉ်တို့ကိုဆောင်ယူပေးနိုင်ရန် လုပ်ဆောင်ကြရပါမည်။ စကားကြောရှည်ပြီး၊ ကျလောက်သောအပြောအပြောကောင်းမွန်မှုကို အရှိန်မြှင့်တင်ပေးခြင်းတို့သည် အမှုတော်အောင်မြင်ရေးလုပ်ဆောင်ရာတွင် ပဓာနမကျပါ။ လေလွင့်ပျက်စီးဆုံးရှုံးသွားသောသူတို့အား၊ ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်ကိုပေးကမ်းကြရာတွင် ဘုရားသခင်၏အရာများတို့နှင့် အကြွင်းမဲ့ချစ်သောစိတ်တို့တွင်၊ သင်တို့အနေဖြင့် ရှင်သန်သောအတွေ့အကြုံ အထူးလိုအပ်လှပါသည်။ သင်တို့၏စိတ်နှလုံးသားသည် သခင်ယေရှု၏မေတ္တာတော်ဖြင့် ထွန်းလင်းတောက်ပနေချိန်တွင် သင့်အနေဖြင့် တစ်ပါးသောသူတို့အားဝေငှဖော်ပြပေးခြင်းဖြင့်၊ သင်တို့အနေဖြင့် ခရစ်တော်အတွက် သက်သေခံကြသောသူများအဖြစ်သို့ ရောက်ရှိသွားကြပေမည်။

ကျွန်ုပ်တို့အနေဖြင့် ဧဝံဂေလိတရားတော်ကို ဖုံးကွယ်ခြင်း (သို့မဟုတ်) ခရစ်တော်၏ကပ်တိုင်တော်ကို အလှဆင်ထားသောနှင်းဆီပန်းတို့ဖြင့် မဖုံးအုပ်ထားသင့်သည့်အပြင်၊ ဤနည်းဖြင့် ဧဝံဂေလိတရားတော်ကို ဟောကြားခြင်းသည် ထိရောက်သောအကျိုးဖြစ်ထွန်းမှုမရှိပါ။

အမှန်တရားဖြစ်သည့် ပင်ကိုယ်သဘာဝအတိုင်း၊ အကြွင်းမဲ့ချစ်သော စိတ်ကိုသာပြောဆိုပြီး ရိုးသားတည်ကြည်သောသဘောဖြင့် ထုတ်ဖော်ပြောဆိုသော ဘုရားသခင်၏သားတော် (သို့မဟုတ်) သမီးတော်တစ်ဦးတစ်ယောက်သည် ခရစ်တော်နှင့်သူ၏မေတ္တာတော်အတွက် စိတ်နှလုံးတံခါးပေါက်များတို့ကို အချိန်ကြာမြင့်စွာကတည်းက ပိတ်ထားသည့်မင်းတုပ်တို့ကို ဖွင့်ထုတ်နိုင်သောစွမ်းအားရှိပါသည်။

–o–





## စက်တင်ဘာ (၁၇)

### အိမ်နီးနားချင်းတို့တွင်၊ ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသောသူများ
### "ကျွန်ုပ်တို့၏အိမ်နီးနားချင်းတို့အပေါ် ကောင်းမြတ်သောအမှုတို့ဖြင့်ပြုရကြပါမည်"

**"ကျေးဇူးကိုခံသင့်သောသူတို့အား ကျေးဇူးပြုရသောအခွင့်ရှိလျှင် မပြုဘဲမနေနှင့်" (သုတ္တံ ၃:၂၇)။**

ဘုရားသခင်၏မိသားစုဝင်များအဖြစ် ကျွန်ုပ်တို့အားကြိုဆိုရေးသည် ကယ်တင်ရှင်၏နှလုံးသားထဲတွင် အဆင်သင့်ဖြင့်၊ ထက်ထက်သန်သန်ရှိတော်မူသည်အလျောက် ကျွန်ုပ်တို့သည် ဘုရားသခင်ထံတော်သို့ချဉ်းကပ်ရာတွင် ထိုကယ်တင်ရှင်ခရစ်တော်ချမှတ်ထားတော်မူခဲ့သည့် ကျွန်ုပ်တို့နှင့်တန်ခိုးတော်ရှင်တို့၏ဆက်ဆံရေးတွင် အာမခံချက်ဖြစ်သည့် "ကျွန်ုပ်တို့၏အဘ" (မဿဲ ၆း၉) ဆိုသည့်အခေါ်အဝေါ်ကို အဦးဆုံးအသုံးပြုရကြပါမည်။ ဘုရားသခင်ကိုကျွန်ုပ်တို့က "အဘ" ဟုခေါ်ဆိုခြင်းဖြင့် သူ၏သားသမီးတော်အားလုံးတို့ကို ကျွန်ုပ်တို့၏ညီနောင်သားချင်းအဖြစ် အသိအမှတ်ပြုရာရောက်ပါသည်။ ကျွန်ုပ်တို့အားလုံးတို့သည် လူသားမျိုးနွယ်စု၏ကြီးမားသောပင့်ကူမျှင်အိမ်ကြီး၏အစိတ်အပိုင်းတစ်ခုချင်းသာဖြစ်ပြီး မိသားစုတစ်ခုတည်း၏မိသားစုဝင်များသာဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ဘုရားသခင်ထံတော်မှ အသနားခံမှုများသည် ကျွန်ုပ်တို့အတွက် အသနားခံသည့်အပြင်၊ ကျွန်ုပ်တို့၏အိမ်နီးနားချင်းများအတွက်ပါ၊ ပါဝင်စေရမည်ဖြစ်သည်။ မိမိတစ်ဦးတည်းအတွက်သာ၊ ကောင်းချီးမင်္ဂလာခံစားရရှိရန် တောင်းဆိုသောမည်သူမဆို မှန်ကန်သောဆုတောင်းခြင်းကိုပြုလုပ်သူဟု မခေါ်ဆိုနိုင်ပါ။

ကျွန်ုပ်တို့သည် ထာဝရဘုရားနှင့်အခိုင်ခံ့ဆုံးသောချည်နှောင်မှုများဖြင့် နှောင်ဖွဲ့ထားခြင်းခံကြရပြီး၊ ကျွန်ုပ်တို့၏ဖခမည်းတော်၏ချစ်ခြင်းမေတ္တာတော်ကို ထင်ရှားစေခြင်းသည် သားသမီးနှင့်မိဘတို့၏အမြင့်မားဆုံး

သောချစ်ခင်တွယ်တာမှုနှင့် အထက်သန်ဆုံးသောကျေးဇူးတရားအဖြစ် ခေါ်ဆိုရကြပါမည်။ ဘုရားသခင်၏ပညတ်တရားတော်တို့သည် သူတို့၏ခံနိုင်ရည်အရှိဆုံးသော ရိုးသားဖြောင့်မတ်ခြင်း၏အခြေခံအုတ်မြစ်ဖြစ်သည့်အပြင်၊ ထိုပညတ်တရားတော်တို့ကို စောင့်ရှောက်လိုက်နာကြသောသူတို့သည် ပျော်ရွှင်ဝမ်းမြောက်ခြင်းမြင့်မားလာစေရန်၊ ထိုပညတ်တရားတော်တို့က တောင့်ခံထောက်မပေးခဲ့ကြပါသည်။

တောင်ပေါ်တွင်ခရစ်တော်သင်ကြားပို့ချပေးတော်မူခဲ့သော ယုံကြည်ခြင်းဆိုင်ရာသင်ခန်းစာထဲတွင် စစ်မှန်သောဘာသာတရား၏အခြေခံစည်းမျဉ်းတို့ကို ထုတ်ဖော်ပြသထားပါသည်။ ဘာသာတရားကိုးကွယ်မှုဆိုသည်မှာ လူသားအနေဖြင့် ဘုရားသခင်နှင့်တစ်ဦးချင်း ကိုယ်ရေးကိုယ်တာဆက်ဆံရေးဖြစ်သော်လည်း၊ ကောင်းကင်ဘုံဆိုင်ရာအခြေခံစည်းမျဉ်းတို့ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရေးဖြစ်သည့် လူသားမျိုးနွယ်တို့အား ကူညီမစပြီး ကောင်းချီးပေးခြင်းအလုပ်နှင့် ကင်းကွာ၍မရနိုင်ပါ။ စစ်မှန်သောဘုရားသခင်၏သားသမီးတော်ဆိုသည်မှာ၊ ဘုရားသခင်ကို သူ၏စိတ်နှလုံးအကြွင်းမဲ့ဖြင့်ချစ်ရမည်ဖြစ်သည့်အပြင်၊ မိမိကိုယ်ကိုချစ်သကဲ့သို့ မိမိ၏အိမ်နီးနားချင်းတို့ကို ချစ်ရပါမည်။ သူ၏မိတ်ဆွေအပေါင်းအသင်းတို့အတွက် သူ့တွင် အကျိုးစီးပွား၊ အခွင့်အလမ်းရှိရပါမည်။ စစ်မှန်သောဘာသာတရားကိုးကွယ်မှုဆိုသည်မှာ ရှင်သန်နေသောစမ်းရေတွင်းများမှ စီးဆင်းလာသည့် စမ်းချောင်းငယ်တစ်ခုကဲ့သို့ ကောင်းမြတ်သောအလုပ်များကိုသာ ဖြစ်ပေါ်လာစေသည့်၊ ကျေးဇူးတရားတော်၏အမှုတော်သည် နှလုံးသား၌ထင်ရှားပေါ်ပေါက်လာခြင်းပင်ဖြစ်သည်။ ဘာသာတရားကိုးကွယ်မှုဆိုသည်မှာ၊ တရားအားထုတ်ခြင်းနှင့်ဆုတောင်းခြင်းများတို့ကို လုပ်ဆောင်ရုံဖြင့်မပြီးပါ။ ခရစ်ယာန်၏အလင်းတရားသည် ကောင်းမြတ်သောအလုပ်တို့ကို ထုတ်ဖော်ပြသခြင်းဖြစ်ပြီး ဤနည်းများအားဖြင့် အခြားသောသူတို့၏အသိအမှတ်ပြုခြင်းကို ခံကြရမည်ဖြစ်သည်။ ဘာသာတရားဆိုသည်မှာ လုပ်ငန်းကိုင်ငန်းဆိုင်ရာ ဘဝအသက်တာနှင့် ခွဲခြားသတ်မှတ်၍မရပါ။ ၎င်းသည် ပြိုင်ဆိုင်မှုများနှင့်လုပ်ငန်းကိုင်ငန်းများတို့တွင် အနှံ့အပြားဝင်ရောက်ပျံ့နှံ့ရမည့်အပြင် တရိုတသေရှိရပါမည်။ အကယ်၍ လူတစ်ဦးတစ်ယောက်သည် ဘုရားသခင်နှင့်ကောင်းကင်နိုင်ငံတော်တို့နှင့် စစ်မှန်သောချိတ်ဆက်မှုရှိပါက၊ ကောင်းကင်နိုင်ငံတော်၌ ကိန်းဝပ်တော်မူသောဝိညာဉ်တော်သည် ထိုသူ၏ပြောစကားများနှင့်အပြုအမူများအားလုံးတို့အပေါ် ဩဇာညောင်းမည်ဖြစ်ပါသည်။ သူသည် သူ၏လုပ်ဆောင်မှုများတို့တွင် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေမည့်အပြင် ဘုရားသခင်ကိုချီးမြှောက်ရန် အခြားသောသူတို့ကို ဦးဆောင်လာမည်ဖြစ်သည်။

–o–

## စက်တင်ဘာ (၁၈)

### အိမ်နီးနားချင်းတို့တွင်၊ ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသောသူများ

# "ကျွန်ုပ်တို့သည်ချစ်ခြင်းမေတ္တာစိတ်ဖြင့်လုပ်ဆောင်ရကြပါမည်"

**"သင်တို့သည် အချင်းချင်းချစ်ကြလျှင်၊ လူအပေါင်းတို့သည် ထိုမေတ္တာကိုထောက်၍ သင်တို့သည် ငါ၏တပည့်ဖြစ်သည်ကို သိရကြလိမ့်မည်ဟု မိန့်တော်မူ၏" (ယောဟန် ၁၃း၃၅)။**

သူနှင့်အတူတကွလုပ်ဆောင်သောသူများဖြစ်ရကြမည်ကို နားလည်သိရှိကြရန်၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုကူညီရပါမည်။ ဤနေရာ၌ပင်၊ ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံတော်နှင့် အတူတကွလုပ်ဆောင်ကြသူများဖြစ်ရန် စတင်လုပ်ဆောင်ကြပါစို့။ သင်၏မိသားစုများ၊ သင်၏မိတ်ဆွေသူငယ်ချင်းများနှင့်အသိအကျွမ်းများတို့နှင့် အတူတကွလုပ်ဆောင်ကြရန် သင့်အနေဖြင့် မပေါင်းစည်းဘဲနေမည်လား။

အခြားသောခရစ်တော်၏တပည့်တော်တို့အတွက် ကျွန်ုပ်တို့၏ငယ်ရွယ်သူ၊ ခရစ်တော်၏တပည့်တော်တစ်ဦးချင်းတို့သည် ကိုယ်ကျိုးမဖက်သော ချစ်ခြင်းမေတ္တာမျိုး လက်ကိုင်ထားကြပါစို့။ သင့်အနေဖြင့် အကယ်၍ ဆင်းရဲနွမ်းပါးမှုမရှိသော်လည်း လူကြိုက်မများသောအနေအထားတွင်ရှိသော ကလေးငယ်လေးတစ်ယောက်ကိုကြည့်ပြီး၊ ထိုကလေးငယ်သည် အထူးသဖြင့် ကြင်နာသနားခြင်းခံရသည့် ပြုမူဆက်ဆံခံရမှုမျိုးမရှိပါက ထိုကလေးငယ်ကို သင်၏ကိုယ်ကျိုးမဖက်သော အာရုံစိုက်စရာဦးတည်မှုအဖြစ် သတ်မှတ်လိုက်ပါ။ နှစ်လိုဖွယ်ရာပုံစံအနေအထားနည်းပါးသောသူများရှိနေချိန်တွင် အထူးဆွဲဆောင်မှုရှိကြသောသူများတို့သည် မိတ်ဆွေသူငယ်ချင်းများတို့ကို လက်လွတ်ဆုံးရှုံးရကြလိမ့်မည်မဟုတ်ဘဲ၊ ထို့အပြင် အသိအကျွမ်းဖွဲ့ရန် တွန့်ဆုတ်တွန့်ဆုတ်ဖြစ်ပြီး အခက်အခဲတွေ့ကြုံနေရသော သူတို့အနေဖြင့်၊ အကျင့်စရိုက်ပိုင်းဆိုင်ရာ ထူးခြားသောဉာဉ်တို့ကို ရွေးချယ်ပိုင်ခွင့်ရှိရမည်ဖြစ်ကာ၊ သူတို့ကဲ့သို့သောလူတို့သည် ခရစ်တော်၏အသွေးတော်အားဖြင့် ဝယ်ယူခြင်းခံရကြသောသူများ ဖြစ်ကြပါသည်။

ကျွန်ုပ်တို့အနေဖြင့်၊ ယေရှုခရစ်တော်ထံမှရရှိသည့်အကူအညီကို နေ့စဉ်အသိတရားရှိရှိ အမှတ်ရကြရန်လိုအပ်ပါသည်။ အားလုံးသောသူတို့သည် ယေရှုခရစ်တော်နှင့် အတူတကွပူးပေါင်းလုပ်ဆောင်ကြသောသူများဖြစ်နိုင်ကြသည်ကို နားလည်နိုင်စွမ်းရှိကြပါစို့။ သင်တို့ကိုယ်၌က ခံစားကြရသော ဘုရားသခင်၏နှစ်သိမ့်ပေးခဲ့မှုအတိုင်း သင်တို့အနေဖြင့် အခြားသောသူတို့ကို နှစ်သိမ့်မှုပေးနိုင်ကြရန် အထောက်အမဖြစ်စေသည့် ခရစ်တော်၏ကျေးဇူးတော်ကို လက်ခံရရှိခြင်းသည် သင်တို့အတွက် အခွင့်ထူးပင်ဖြစ်ပါသည်။ ခရစ်တော်အနေဖြင့် သူလုပ်ဆောင်တော်မူခဲ့သည့်အတိုင်း၊ ကျွန်ုပ်တို့အား အရာအားလုံးတို့၏ဆုံးခန်းတိုင်သောကာလတွင် လုပ်ဆောင်စေလိုသော သူ၏ဆန္ဒတော်အတိုင်း ကျွန်ုပ်တို့အနေဖြင့် တစ်ဦးချင်းကြိုးပမ်းလုပ်ဆောင်ကြပါစို့။ ကျွန်ုပ်တို့တစ်ဦးချင်းအနေဖြင့် နောက်ထပ်တစ်စုံတစ်ယောက်ကို ကူညီရန်ကြိုးစားကြကုန်စို့။ ဤနည်းဖြင့် ဤအောက်အရပ်တွင် ကောင်းကင်နိုင်ငံတော်အနေအထားကို အနည်းငယ်သာခံစားရရှိနိုင်သော်လည်း၊ မှန်ကန်သောဂုဏ်သိက္ခာများကို ဖော်ဆောင်နိုင်ရန်အတွက် ဘုရားသခင်၏ကောင်းကင်တမန်တော်တို့က သင်တို့မှတစ်ဆင့် လုပ်ကိုင်ဆောင်ရွက်ကြပေလိမ့်မည်။ သူ၏အစေခံများအဖြစ် ခရစ်တော်ကသင်တို့အား အသုံးချလိုပါသည်။ မည်သည့်နေရာတွင်မဆို သင်တို့အနေဖြင့် ကူညီမှုပေးနိုင်ရန် ကြိုးပမ်းပါ။ ဘုရားသခင်၏ကရုဏာတော်သည် သင်တို့အပေါ်၌ ကြွယ်ဝစွာကျရောက်စေရန်အတွက် အကောင်းဆုံးသောပင်ကိုယ်စရိုက်များကို ပြုစုပျိုးထောင်ပါ။

ဘုရားသခင်အား အနာရောဂါတို့ကို သက်သာပျောက်ကင်းစေရန် ကုသူအဖြစ်၊ စာနာထောက်ထားသူအဖြစ်၊ သူတို့၏လိုအပ်ချက်များကို နားလည်နိုင်သူအဖြစ်အပြင်၊ အမှားတစ်ခုကို မည်သည့်အခါမျှပြုလုပ်မည့်သူမဟုတ်ကြောင်းကို ကြည့်မြင်တတ်ကြရန်၊ အသက်ငယ်သူများရော၊ ကြီးသူများပါ

သင်ကြားကြရပါမည်။ သင်တို့၏လူ့ဘဝအနေအထားတွင် ခရစ်တော်၏ ဘုန်းတော်အရှိန်အဝါကို ရှင်သန်နေသောယုံကြည်ခြင်းဖြင့် စွဲကိုင်ထားရမည် ဖြစ်ပြီး ကောင်းကင်နိုင်ငံတော်၏အခြေခံစည်းမျဉ်းတို့ကို လိုအပ်သလို လိုက်လျှောက်ရန်အတွက် သင်ကြားရယူရမည်ဖြစ်သည်။ ဤနည်းဖြင့် သင်တို့ အားလုံးအပေါ် ကောင်းချီးမင်္ဂလာကျရောက်စေမည်ဖြစ်ပါသည်။

–၀–



## စက်တင်ဘာ (၁၉)

### အိမ်နီးနားချင်းတို့တွင်၊ ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသောသူများ
### "ယုံကြည်ခြင်းကိုကာကွယ်ပေးထားသောသူများ"

**"––––သန့်ရှင်းသူတို့၌ အထက်ကအပ်ပေးခဲ့ပြီးသော ယုံကြည်ခြင်းတရားဘက်မှာ သင်တို့သည် ကြိုးစား၍တိုက်လှန်စေခြင်းငှာ၊....." (ယုဒ ၁း၃)။**

ပုံစံမျိုးစုံဖြင့် ရာဇဝတ်မှုခင်းများသည် ကမ္ဘာပေါ်တွင်တိုးပွားဖြစ်ပေါ်လာနေပြီး၊ ကမ္ဘာမြေကြီးသည်လည်း နေထိုင်ကြသောသူတို့၏ထိုကဲ့သို့သော ပြုမူမှုများဖြင့် ညစ်ထေး၊ ညစ်ညူးလာပါသည်။ ဘုရားသခင်၏ထာဝရ အစီအစဉ်များတို့သည် ပြည့်စုံခြင်းသို့ရောက်လုနေပြီဖြစ်ပြီး၊ အရာအားလုံးတို့၏ဆုံးခန်းတိုင်မှုသည်လည်း လက်တစ်ကမ်းအကွာ၌သာရှိပါသည်။ ဘုရားသခင်၏သမ္မာတရားတော်နှင့်ပတ်သက်သည့် အသိပညာရှိသောသူတို့ အနေဖြင့် ဓမ္မသွေလမင်းသား၏သွေးစွန်းနေသော အောင်လံတံခွန်တော်ဘက်တွင် မိမိတို့ကိုယ်ကိုတန်းစီနေရာယူရမည့်အချိန်သည် ဤအချိန်ပင်ဖြစ်ပါသည်။ သန့်ရှင်းသူတို့ထံသို့ ဝေငှပေးထားသောယုံကြည်ခြင်းကို ကာကွယ်ပေးထားသောသူများအဖြစ် သူတို့က ရပ်ခံ၊ တောင့်ခံထားရကြပါမည်။ ဘုရားသခင်၏ပညတ်တော်တို့ကို စောင့်ရှောက်ခြင်းနှင့် သခင်ယေရှု၏ယုံကြည်ခြင်းကို ရရှိခြင်းဆိုသည့်အကြောင်းတို့ကို သူတို့က ကမ္ဘာကြီးပေါ်တွင်ထင်ရှားစေရကြပါမည်။ အမှောင်ထုထဲတွင်လျှောက်လှမ်းနေကြကုန်သော လူတို့၏လျှောက်လမ်းပေါ်သို့ သူတို့၏အလင်းကို ရှင်းလင်းပြတ်သားစွာ ထွန်းလင်းစေရပါမည်။ ခရစ်တော်၏စစ်သည်တော်တို့သည် တစ်ဦးကိုတစ်ဦး၊ ပခုံးခြင်းယှဉ်ပြီး သမ္မာတရားတော်အပေါ်သစ္စာရှိကာ၊ ယေဟောဝါ၏ပညတ်တရားတော်အတွက် သက်သေထူသူအဖြစ် ရပ်တည်ရကြပါမည်။

ဘုရားသခင်၏ပြတ်ပြတ်သားသားရှိလှသည့် နည်းဥပဒေသများမှ ရှောင်ဖယ်ထွက်ခွာသွားကြသောသူတို့သည် အမှားကိုအထောက်အကူပေးကြ

မည်ဖြစ်ပြီး၊ သူတို့သည် ခရစ်တော်၏စစ်သည်တော်တို့နှင့် ဆန့်ကျင်ဘက် အခြမ်းတွင် တန်းစီနေရာယူကြပေမည်။ ဘုရားသခင်၏သမ္မာတရားတော်ကို အတိုက်အခံပြုသည့်လမ်းစဉ်အတိုင်း သူတို့ဆက်လက်လိုက်သွားကြမည်ကို သိရခြင်းဖြင့် သူတို့၏ခေါင်းဆောင်သည် မည်သူဖြစ်သည်ကို သူတို့က ထင်ရှားစွာပြသလာကြမည်ဖြစ်သည့်အပြင်၊ သူတို့၏ကြမ်းတမ်းစွာဖိနှိပ်ချုပ်ချယ်မှုအတိုင်းအတာများတို့အားဖြင့် သူတို့၏မိမိကိုယ်ကိုမိမိသိသောစိတ် (မသိစိတ်) တို့တွင် ပြဋ္ဌာန်းကြသောအမှားကို ထင်ရှားစေကြမည်ဖြစ်သည်။ ယခုအချိန်သည် သမ္မာတရားဘက်တွင် ရပ်တည်ရန်ဆုံးဖြတ်ချက်ချရကြမည့်အချိန်ဖြစ်ပြီး၊ ဘုရားသခင်သည် ဩဇာသက်ရောက်မှုပမာဏကို လူတိုင်းလူတိုင်းတို့အား ပေးသနားတော်မူသည်အလျောက် ထိုသူသည် ထိုဩဇာသက်ရောက်မှုကို ဘုရားသခင်၏ဘုန်းအာနုဘော်တော်နှင့် မိမိ၏အစုအဖွဲ့တို့၏ကောင်းမြတ်ခြင်းတို့အတွက် အသုံးချရမည်ဖြစ်သည်။ ဤကဲ့သို့သောအချိန်မျိုးတွင် မည်သည့်ခရစ်တော်၏သစ္စာရှိသောအစေခံများတစ်ဦးတစ်ယောက်တိုင်းမဆို ချောင်ခိုခြင်းမရှိဘဲ (သို့မဟုတ်) မိမိကိုယ်ကျိုးအတွက်သာဦးတည်ပြီး ရိုးသားစွာနေထိုင်ခြင်းအမှုကို မပြုသင့်ပေ။ ခရစ်တော်နှင့်မိတ်သဟာယဖွဲ့သောသူတို့သည် သူတို့၏အကူအညီ၊ နမူနာနှင့်ဩဇာသက်ရောက်မှုတို့ကို ရယူခံစားသင့်သည့် အသက်ဝိညာဉ်များ၊ ဘက်ပေါင်းစုံတို့တွင်ရှိနေသည်ကို သတိဝင်ရကြမည်ဖြစ်သည်။ ခရစ်တော်သည် သူအသေခံတော်မူခြင်းဖြင့် ကယ်တင်တော်မူခဲ့သည့်လူများတို့အတွက် လုပ်ဆောင်သောအမှုတော်တွင် အထက်ပါခရစ်တော်နှင့်မိတ်သဟာယဖွဲ့ကြသောသူတို့သည် ကိုယ်စားပြုသူများအဖြစ်ရှိရကြမည်ကို သိထားရကြပါမည်။ ဤအချက်သည် တတိယကောင်းကင်တမန်၏သတင်းစကား (ဗျာဒိတ် ၁၄း၉–၁၂) ကိုယုံကြည်သည်ဟု ပြောင်အတိအလင်းဖွင့်ဟပြောဆိုကြသောသူတို့အားလုံးတို့က၊ အတွေ့အကြုံအဖြစ်လက်ကိုင်ထားသင့်ကြပါသည်။ ငယ်ရွယ်သူရော၊ အသက်ကြီးသူများကပါခရစ်တော်၏ဘာသာတရားတော်တွင်ကြွယ်ဝပြီး ဝမ်းမြောက်ဖွယ်ရာနှင့် အလျှံပယ်ဖြစ်သော အတွေ့အကြုံရှိရကြပါမည်။

–၀–



စက်တင်ဘာ (၂၀)

### အိမ်နီးနားချင်းတို့တွင်၊ ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသောသူများ

## "အခြားသောသူတို့အားအကူအညီပေးခြင်းဖြင့်ကျွန်ုပ်တို့သည် ကောင်းချီးပေးခြင်းကိုခံစားကြရပါသည်"

**"စွန့်ကြဲတတ်သောသူသည် ကြွယ်ဝလိမ့်မည်။ သူတစ်ပါးကို ရေလောင်းသောသူသည် ကိုယ်တိုင်ရေလောင်းခြင်းအကျိုးကို ခံရလိမ့်မည်" (သုတ္တံ ၁၁း၂၅)။**

မိမိတို့၏အသက်တာတွင် နာကျင်စွာဖြင့်ရုန်းကန်ရကြသောသူအများအပြားရှိကြပြီး၊ သူတို့သည် သူတို့၏ချို့တဲ့နွမ်းပါးမှုများအတွက် ခံစားကြရကာ၊ စိတ်မချမ်းမြေ့ခြင်းနှင့်မယုံကြည်မှုတို့ဖြင့်သာ ခံစားကြရသည့်အပြင် သူတို့သည် သူတို့အနေဖြင့် ကျေးဇူးတင်စရာအကြောင်းအရာများ ဘာမျှမရှိဟု ထင်မြင်ယူဆကြပါသည်။ ကြင်နာသနားသည့်စကားလုံးများ၊ စာနာစိတ်ရှိသည့်အကြည့်များ၊ ဂုဏ်ယူအသိအမှတ်ပြုသည့်ပြသမှုများတို့ဖြင့် ရုန်းကန်နေရပြီး အထီးကျန်စွာဖြင့်ရှိနေသောသူတို့ကို ရေငတ်နေသောအသက်ဝိညာဉ်ကို ရေအေးတစ်ခွက်တိုက်လိုက်သည့်အလား၊ ပေးကမ်းကြရပါမည်။ စာနာစိတ်ရှိသည့်စကားတစ်ခွန်း၊ ကြင်နာသနားခြင်းရှိသည့်အမှုအရာတစ်ခုသည် ပင်ပန်းနွမ်းနယ်သောပခုံးများပေါ်တွင်တည်ရှိနေသော လေးပင်လှသည့်ဝန်ထုပ်ဝန်ပိုးများကို ပယ်ရှင်းပေးမည်ဖြစ်သည်။ ထို့ပြင်မကသေးပါ၊ ကိုယ်ကျိုးမဖက်သော၊ အကြင်နာတရားပါဝင်သောစကားတစ်ခွန်းတိုင်းတစ်ခွန်းတိုင်း (သို့မဟုတ်) လုပ်ဆောင်ချက်တိုင်းသည် ဆုံးရှုံးသွားသောလူသားအတွက် ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်ကို ဖော်ထုတ်ပြသမှုတစ်ခုပင်ဖြစ်ပါသည်။

ကရုဏာတရားရှိခြင်းသည် ကရုဏာကိုဖြစ်ထွန်းစေပါလိမ့်မည်။ ခေါင်းစီးပါကျမ်းချက်အရ၊ ကောင်းချီးမင်္ဂလာဖြင့်ပြီးသော စိတ်ဝိညာဉ်သည်

ကြွယ်ဝမှုကိုဖော်ဆောင်ပေးမည်ဖြစ်ပြီး ရေကိုလောင်းသောသူသည် မိမိကိုယ်ကိုလည်း ရေလောင်းပေးသကဲ့သို့ရှိပါလိမ့်မည်။ အခြားသောသူတို့အတွက် ကောင်းမြတ်သောအရာဖြစ်ထွန်းရန် လုပ်ဆောင်ပေးကြသည့် ကိုယ်ကျိုးအတ္တကို မေ့မေ့ပျောက်ပျောက်ရှိသော သူ၏ကောင်းချီးပေးခံရပြီးသော ကျေနပ်မှုရှိသည့်အသက်တာတွင် ကရုဏာထားသောစိတ်ထားအတွက် ချိုမြိန်သောငြိမ်သက်ခြင်းကို ခံစားရပါသည်။ စိတ်ဝိညာဉ်တွင်းတွင်ကိန်းဝပ်ပြီး၊ အသက်တာတွင်ထင်ရှားစွာပြသခြင်းရှိသည့် သန့်ရှင်းသောဝိညာဉ်တော်သည် မာကျောသောနှလုံးသားတို့ကို ပျော့ပျောင်းစေပြီး၊ စာနာမှုနှင့်ကြင်နာသနားစိတ်ရှိမှုတို့ကို နိုးကြားစေပါသည်။ သင်စိုက်သည့်အတိုင်း သင်ရိတ်သိမ်းရပေမည်။

ကမ္ဘာမြေကြီးသည် တဝဲလည်လည်နှင့်ခေါက်တုံ့ခေါက်ပြန်၊ ချာချာလည်ပြီး တဲစုတ်ငယ်ကလေးကဲ့သို့ ဖယ်ရှားခြင်းခံရသည့်အချိန်သည် ရောက်ရှိလာပေလိမ့်မည်။ သို့သော်လည်း ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ကြသည့်လုပ်သားများတို့၏အတွေးအခေါ်များ၊ ရည်ရွယ်ချက်များနှင့် အပြုအမူများတို့သည် ယခုအခါတွင် မတွေ့မြင်နိုင်သေးသော်လည်း နောက်ဆုံးသောတရားစီရင်ဆုံးဖြတ်ခြင်းနှင့် ချီးမြှင့်ခြင်းမဟာနေ့ရက်ကြီးတွင် တွေ့မြင်ရကြပေလိမ့်မည်။ ယခုအခါတွင် မေ့ပျောက်ခြင်းခံကြရသောအရာများတို့သည် သဘောတူလက်ခံခြင်းခံရရန် (သို့မဟုတ်) ပြစ်ဒဏ်ချမှတ်ခံရရန်အတွက် သက်သေခံများအဖြစ် ပေါ်ပေါက်လာကြပေမည်။

ချစ်ခြင်းမေတ္တာ၊ ယဉ်ကျေးသောအပြုအမူ၊ မိမိကိုယ်ကိုမိမိဆက်ကပ်အပ်နှံခြင်း အရာများတို့သည် မည်သည့်အခါမျှဆုံးရှုံးမှုမရှိနိုင်ပါ။ ဘုရားသခင်ရွေးချယ်တော်မူသောသူတို့သည် သေတတ်သောသူများမှ မသေနိုင်တော့သည့်သူများအဖြစ်သို့ ပြောင်းလဲသွားကြသောအခါ သူတို့၏ကောင်းမြတ်သောစကားလုံးများနှင့်အကျင့်တို့သည် ထာဝရကာလတစ်လျှောက်လုံး ထင်ရှားစွာထုတ်ဖော်ပြသခြင်းခံလာရကြပြီး ထိန်းသိမ်းစောင့်ရှောက်ခြင်းခံရကြပါမည်။ ကိုယ်ကျိုးမဖက်သောပြုမူကျင့်ကြံမှုမျိုးဖြင့် လုပ်ဆောင်ခြင်းမဟုတ်သောအမှုတော်ဆောင်ခြင်းသည် သေးငယ်သော်လည်း (သို့မဟုတ်) ရိုးရိုးစင်းစင်းရှိသော်လည်း၊ ၎င်းအမှုတော်မျိုးသည် တစ်ချိန်ချိန်တွင်ဆုံးရှုံးသွားပေလိမ့်မည်။ ခရစ်တော်၏အပြုသဘောပြစ်တင်ပြုပြင်ခြင်းဖြင့် အရည်အသွေးရှိလာသည့် ဖြောင့်မတ်ခြင်းတရားအားဖြင့် ထိုကဲ့သို့သောကောင်းမြတ်သောစကားလုံးများနှင့် အကျင့်တို့၏မွှေးကြိုင်သောရနံ့သည် အစဉ်အမြဲတည်တံ့ပေလိမ့်မည်။

–၀–

## စက်တင်ဘာ (၂၁)

### အိမ်နီးနားချင်းတို့တွင်၊ ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသောသူများ

## "ကောင်းမြတ်သောအလုပ်များတို့ကိုလုပ်ဆောင်ကြရန် ကျွန်ုပ်တို့ဖန်ဆင်းခံရကြပါသည်"

**"အဘယ်ကြောင့်နည်းဟူမူကား၊ ငါတို့သည် ကောင်းသောအကျင့်တို့ကိုကျင့်ရမည်အကြောင်း ယေရှုခရစ်၌ပြုပြင်၍ ဖန်ဆင်းတော်မူရာဖြစ်ကြ၏။ ထိုကောင်းသောအကျင့်တို့၌ ငါတို့သည်ကျင်လည်ရမည်အကြောင်း ဘုရားသခင်သည် ငါတို့ကိုပြင်ဆင်တော်မူနှင့်ပြီ" (ဧဖက် ၂း၁၀)။**

သခင်ယေရှုအတွက် ပြီးမြောက်အောင်လုပ်ဆောင်ပေးနိုင်မည်ဟု သင်တစ်ခါမျှအိပ်မက်မမက်ခဲ့ဖူးသောအလုပ်ကို သင့်အနေဖြင့် လုပ်ကိုင်နိုင်စွမ်းအများအပြားရှိပါသည်။ ခရစ်ယာန်တစ်ယောက်သည် ဘုရားသခင်၏အမှုတော်ကိုလုပ်ဆောင်ပေးရာတွင် တကယ်တကယ်ကြွကြွရှိသည့် ခရစ်တော်နှင့်တူသည့်အမျိုးသား၊ ခရစ်တော်နှင့်တူသည့် အမျိုးသမီးဖြစ်ရမည့်အပြင်၊ လူမှုရေးဆိုင်ရာစည်းဝေးဆွေးနွေးပွဲများတွင် ပါဝင်မှုရှိရမည်ဖြစ်ပြီး ထိုပါဝင်လုပ်ဆောင်မှုသည် အခြားသောသူတို့ကိုလည်း ခွန်အားပေးရပေဦးမည်။ ဘာသာရေးသည် လုပ်ငန်းဆောင်တာများတွင် အဓိကမကျသော်လည်း၊ ဘာသာရေးလုပ်ငန်းများတွင်မူ အခရာကျသည့်အလျောက် ၎င်းသည် ငြိမ်သက်ခြင်း၊ မှိုနေခြင်းမရှိပါ။ ခရစ်တော်၏ဘာသာတရားအစစ်အမှန်ဆိုသည်မှာ မေတ္တာတရား၊ ချစ်ခြင်းမေတ္တာနှင့် မိမိကိုယ်ကိုမိမိ ဆက်ကပ်အပ်နှံခြင်းတို့မှ စီးဆင်းလာသည့် စိမ့်စမ်းချောင်းကလေးပင်ဖြစ်ပါသည်။ စိတ်နှလုံးနှင့်အမျှ ခရစ်တော်ကိုချစ်ခင်ခြင်းအားဖြင့် နှုတ်ခမ်းသားတို့သည် သူ၏ချီးမွမ်းခြင်းကို ပြောဆိုကြမည့်အပြင်၊ သူ၏နာမတော်ကို ထုတ်ဖော်ချီးမြှောက်ကြမည်ဖြစ်သည်။



ထို့ပြင်မက၊ ခရစ်တော်၏မေတ္တာတော်ဖြင့် ပြည့်ဝသည့်တွန်းအားတစ်ခုသည် စိတ်ဝိညာဉ်အပေါ်သို့ သက်ရောက်မှုရှိပေလိမ့်မည်။

ဘုရားသခင်၏သားတော်နှင့် သမီးတော်များတို့သည် သူတို့အနေဖြင့် ကောင်းကင်နိုင်ငံတော်ဆိုင်ရာမျိုးရိုးများဖြစ်ကြောင်းကို ပြသကြရပါမည်။ ဘုရားသခင်၏ရှုထောင့်အမြင်တွင် ကြီးမြတ်သောသူဆိုသည်မှာ လူထုအစုအဝေးများအတွင်းရှိနေပြီး ပြုစုစောင့်ရှောက်မှုများနှင့် ငွေရေးကြေးရေးဆိုင်ရာ သောကဖိစီးမှုကိုခံစားရကာ သူ၏စိတ်ဝိညာဉ်ကိုညစ်ညမ်းမှုမရှိအောင်နှင့် အစွန်းအထင်းမရှိရလေအောင်ထိန်းသိမ်းလျက် လောကီဆိုင်ရာညစ်ညမ်းမှုတစ်စက်ကလေးမျှမရှိရပါ။ ဘုရားသခင်၌ဆုတောင်းခြင်းနှင့် ယုံကြည်ခြင်းတို့ဖြင့် ခိုင်မြဲစွာမှီတွယ်ထားသော စိတ်ဝိညာဉ်သည် အမှီအခိုကင်းသောအကျင့်စာရိတ္တ၊ ကိုယ်ကျင့်တရားတွင် ခိုင်မြဲစွာဖြင့်ရပ်တည်နိုင်မည်သာမက ကိုယ်လုံပြည့်စုံသည့်သနားကြင်နာမှု၊ ချစ်ခြင်းမေတ္တာနှင့် ကောင်းမြတ်ခြင်းတို့ဖြင့် ရပ်တည်နိုင်မည်ဖြစ်သည်။ အဖွဲ့အစည်းအနေဖြင့် စုံစမ်းနှောင့်ယှက်ခြင်းများတို့နှင့်ရင်ဆိုင်ပြီး တွန်းလှန်တိုက်ခိုက်ရမည်ဖြစ်ကာ၊ မိတ်သဟာယဖွဲ့ခြင်းသည်လည်း ဘုရားသခင်အားဖြင့်ထိန်းထားခြင်းခံရလျက် သင်၏စိတ်ဝိညာဉ်နှင့်ဘုရားသခင်စပ်ကြားဆက်သွယ်မှုသည် ကောင်းကင်ဘုံက သင့်အား အပ်နှင်းရန်ရှိသည့် စိတ်ကြိုက်ရွေးချယ်ထားသော ကောင်းချီးမင်္ဂလာများကို သင်၏လူမှုရေးဆက်ဆံခြင်းများမှတစ်ဆင့် အခြားသောသူများသို့ တစ်ဆင့်ပို့ဆောင်ပေးရာတွင် ထောက်ပံ့ပေးပါသည်။ အထက်ပါဘုရားသခင်၏ရှုထောင့်အမြင်တွင် ကြီးမြတ်သောသူ၏ဆက်ဆံမှုများအားလုံးတွင်၊ တိကျပြီးသမာသမတ်ကျသောတရားစီရင်ခြင်းကို တွေ့ရမည်ဖြစ်သော်လည်း သူ၏အလုပ်တာဝန်သည် ဤနေရာ၌တွင်မပြီးဆုံးသေးပါ။ ထိုထက်မက ပိုမို၍ထမ်းဆောင်ရန် ဘုရားသခင်ကတောင်းခံတော်မူပါသည်။ အသက်ဝိညာဉ်များတို့ကို ခရစ်တော်ချစ်တော်မူသကဲ့သို့ သင်ကလည်း ချစ်မြတ်နိုးရန်အတွက် ဘုရားသခင်က သင့်အားတောင်းဆိုတော်မူပါသည်။ စာတန်မာရ်နတ်၏

စုံစမ်းနှောင့်ယှက်ခြင်းများအောက်တွင် အညှဉ်းခံသက်ဆင်းနေကြသော ဆင်းရဲဒုက္ခရောက်သူ၊ မှားယွင်းမှုပြုသောသူတို့အတွက်၊ အသနားခံပေးရန်အတွက် ဘုရားသခင်ကသင့်အားတောင်းဆိုတော်မူပါသည်။ အကြင်နာတရားနှင့် ယဉ်ကျေးသောအပြုအမူတို့ကို ကံမကောင်း၊ အကြောင်းမလှသောသူတို့အပေါ် ကျင့်သုံးရမည့်အပြင်၊ တခြားလူတို့အပေါ်တွင်လည်း သဘောထားကြီးသော စာနာထောက်ထားမှုကို ကျင့်သုံးရပါမည်။ ဘုရားတရားကြည်ညိုမှု၏နောက်ကွယ်တွင် စံချိန်စံညွှန်းတစ်ခုကို ချန်ထားခဲ့သောအချိန်တွင် တိတ်ဆိတ်ငြိမ်သက်မှုတစ်ခုနှင့် အထွတ်အမြတ်ဖြစ်သောငြိမ်သက်ခြင်းတို့ကို သင့်အတွက် ရယူပေးနိုင်ရန် သင်သည် ကမ္ဘာလောကနှင့်ကူးလူးဆက်ဆံမှုများတွင် ဆင်ခြင်ရပါမည်။

–ဝ–



စက်တင်ဘာ (၂၂)

## အိမ်နီးနားချင်းတို့တွင်၊ ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသောသူများ

## "မရှိဆင်းရဲသားတို့အတွက်ထည့်သွင်းစဉ်းစားပေးသောသူတို့ကို ဘုရားသခင်ကကောင်းချီးပေးတော်မူပါသည်"

**"ဆင်းရဲသောသူကို အောက်မေ့သောသူသည် မင်္ဂလာရှိ၏။ ခဲယဉ်းသောကာလ၌ ထိုသူကို ထာဝရဘုရားကယ်နုတ်တော်မူမည်" (ဆာလံ ၄၁း၁)။**

ကျွန်ုပ်တို့သည် ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ထမ်းဆောင်နေကြသော အစေခံများဖြစ်ကြပါသည်။ ကြီးမားသောအသက်တာပင့်ကူမျှင်အိမ်တွင်းသို့ ကိုယ်ကျိုးအတ္တဆိုင်ရာ အမျှင်တစ်မျှင်ကိုမျှ မဆွဲသွင်းခြင်းဖြင့် ထိုအိမ်ကြီး၏ပုံစံကို ဖျက်ဆီးရာမရောက်ပါ။ သို့သော်လည်း၊ ထောက်ထားညှာတာမှုကင်းမဲ့ကြသောသူတို့သည် မည်မျှလျော့ကန်သင့်မြတ်မှုရှိကြပါသနည်း။ ဒုက္ခဆင်းရဲခြင်းသို့ရောက်ရှိကြသော ဘုရားသခင်၏လူတို့အပေါ်တွင် သူတို့အနေဖြင့် စိတ်ဝင်တစားရှိခဲ့လှပါဘိ။ သူတို့ဝန်းကျင်တွင် မရှိဆင်းရဲသားအများအပြားပတ်လည်ဝိုင်းနေကြသော်လည်း ထိုမရှိဆင်းရဲသားတို့ကို သူတို့က ထောက်ထားညှာတာမှုကင်းမဲ့ပြီး ဂရုမစိုက်ဘဲဖြတ်ကျော်သွားကြသည့်အပြင် မည်သည့်အရင်းအနှီး၊ လုပ်ပိုင်ခွင့်အခွင့်အရေးမျှမရှိကြသော်လည်း သူတို့၏လိုအပ်ချက်ကို ထုတ်ဖော်ပြောဆိုတောင်းခံခြင်းမရှိကြသော မုဆိုးမများနှင့် မိဘမဲ့ကလေးသူငယ်များတို့ကို ဥပေက္ခာပြုကြပါသည်။ ချမ်းသာကြွယ်ဝသောသူတို့အနေဖြင့် မရှိဆင်းရဲသားများအကျိုးငှာ အနည်းငယ်သောငွေကြေးရန်ပုံငွေကို ဘဏ်တိုက်ထဲတွင်ထည့်သွင်းပေးပါက၊ ဒုက္ခဆင်းရဲခြင်းကြုံတွေ့နေရသောသူတို့ကို မည်မျှကယ်ဆယ်နိုင်မည်နည်း။ အခြားသောသူတို့ကို စောင့်ရှောက်ရန် လူတိုင်းတွင်တာဝန်ရှိကြောင်း သိရှိနိုင်ရေးအတွက် ဘုရားသခင်၏သန့်ရှင်းသော ချစ်ခြင်းမေတ္တာတော်၏ဦးဆောင်မှုကို ခံယူကြရ

မည်ဖြစ်ပြီး ဤနည်းဖြင့် သဒ္ဒါတရားစိတ်ဓာတ်ကို ဆက်လက်ရှင်သန်စေမည် ဖြစ်သည်။ သူ၏ကူညီတတ်သောလက်တော်အဖြစ်၊ ကျွန်ုပ်တို့အားဖြစ်ပွား စေခြင်းဖြင့် ကျွန်ုပ်တို့အား ဂုဏ်ပြုတော်မူပါသည်။ ကျွန်ုပ်တို့အနေဖြင့် ညည်းတွားနေကြမည့်အစား၊ အလွန်ကောင်းမြတ်တော်မူပြီး ကရုဏာတော်နှင့်ပြည့်စုံတော်မူသော အရှင်သခင်တစ်ဦး၏လက်အောက်တွင် အမှုတော်ဆောင်ရခြင်းအခွင့်ထူးကိုရရှိခြင်းအတွက် ရွှင်လန်းဝမ်းမြောက်ခြင်းရှိကြပါစို့။

ဟေရှာယက မည်သည့်အရာကိုပြောသည်ကို (ဟေရှာယ ၅၈း၇) တွင် ကြည့်ကြပါစို့။ "---နေရာမရှိ၊ ဆင်းရဲသောသူတို့ကို ကိုယ်အိမ်သို့ ဆောင်ခြင်း၊ အဝတ်မရှိသောသူကိုမြင်လျှင် အဝတ်ကိုပေးခြင်း၊ ---" စသည်တို့သည် ထာဝရဘုရားနှစ်သက်တော်မူသော အစာရှောင်ခြင်းတွင် အပါအဝင်ဖြစ်သည်။ ထိုနောက် အခန်းငယ် (၈) တွင်၊ "သို့ပြုလျှင် သင်၏အလင်းသည် မိုးသောက်သောအလင်းကဲ့သို့ ပေါ်ထွန်း၍----" ဟူ၍ အထက်ပါအစာရှောင်ခြင်းမျိုးကိုကျင့်သုံးခြင်းဖြင့် ခံစားရရှိမည့်အကျိုးကျေးဇူးကို ဖော်ပြထားပါသည်။ သင်တို့၏စိတ်ဝိညာဉ်တို့သည် မပြတ်တမ်းရေကိုရရှိသည့်ဥယျာဉ်အဖြစ်ရှိကြရပါမည်။

ချမ်းသာကြွယ်ဝသည့် မုဆိုးမတစ်ဦး၏အနီးနားတွင် နေထိုင်ခဲ့သောဆင်းရဲနွမ်းပါးသောလူတစ်ယောက်၏အရေးကိစ္စကို ကျွန်ုပ်သတိရနေပါသည်။ ထိုအမျိုးသမီးသည် သူမ၏သစ်သီးခြံရှိသစ်ကိုင်းသစ်ခက်များတို့ကို ခြံစည်းရိုးနှင့်တညီတညာတည်းဖြစ်စေရန် ခုတ်ထွင်ဖြတ်တောက်ခဲ့ပါသည်။ ဤတွင် ဆင်းရဲနွမ်းပါးသူက သူမအား ထိုခုတ်ထွင်ရှင်းလင်းပစ်လိုက်သော သစ်ကိုင်းသစ်ခက်တို့ကို ထင်းလောင်စာအဖြစ်အသုံးပြုခွင့်ပြုရန် တောင်းခံခဲ့ပါသော်လည်း ထိုအမျိုးသမီးက "ဒီဟာတွေကို ငါ့မြေကြီးမှာမြေသြဇာကောင်းဖို့အတွက် ငါယူရမှာ" ဟူ၍ပြောပြီး၊ မပေးဘဲငြင်းဆိုခဲ့ပါသည်။ ထိုအမျိုးသမီး၏အိမ်ကိုဖြတ်သွားရာတွင် ထိုအဖြစ်အပျက်ကိုမတွေးမိဘဲ၊ ကျွန်တော်မည်သည့်အခါမျှ မဖြတ်လျှောက်မိပါ။ မရှိဆင်းရဲသားကိုဥပေက္ခာပြုပြီး၊ မြေဆီသြဇာကိုကောင်းမွန်အောင် လုပ်ဆောင်ခြင်းပါတကား။





လူသားတို့၏လိုအပ်ချက်များကို လက်ခံအသိအမှတ်ပြုရန်ပျက်ကွက်ပြီး၊ ဘုရားသခင်၏ကူညီတတ်သောလက်အဖြစ် ဆောင်ရွက်ရန်ဆန္ဒမရှိပါက၊ တန်ဖိုးအရှိဆုံးသောအလှူဒါနပြုမှုများနှင့် ထည်ဝါခန့်ညားသော သဘောထားကြီးမှုတို့ကိုပြသမှုတို့သည် ဘုရားသခင်၏အမြင်တွင် စက်ဆုပ်ရွံရှာဖွယ်ရာများဖြစ်ကြပါသည်။

အမှုတော်ကိုဆောင်ရွက်သော အသက်တာတစ်ခုသည်သာလျှင်၊ စစ်မှန်သောရွှင်လန်းမှုကို ရှာဖွေတွေ့ရှိနိုင်ပါသည်။

–ဝ–

စက်တင်ဘာ (၂၃)

## ကျွန်ုပ်တို့သည်ကမ္ဘာမြေကြီး၏ဆုံးစွန်းတိုင်သည်အထိလိုက်ပါသွားကြရပါမည်

## “လောကီမြေကြီးအရပ်ရပ်သို့သွားရောက်ကြရန် ကျွန်ုပ်တို့စေစိုင်းခံရပါသည်”

**“သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍၊ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့” (မာကု ၁၆း၁၅)။**

ဘုရားသခင်၏အမှုတော်ကိုထမ်းဆောင်ရန်အတွက် ထာဝရဘုရားသည် လူငယ်လူရွယ်တို့ကို လုပ်ကိုင်နိုင်စွမ်းများနှင့်ကိုယ်ရည်ကိုယ်သွေးတို့ကို ပေးထားတော်မူပါသည်။ ကျွန်တော့်အနေဖြင့် သင်တို့ကိုမေးပါရစေ။ ချစ်ခင်လှစွာသောလူငယ်လူရွယ်အပေါင်းတို့၊ သင်တို့သည် သင်တို့ကိုယ်ကို ထာဝရဘုရားထံတော်သို့ ပေးအပ်ကြရန်ရှိပါသလား။ သင်တို့အတွက်ချန်ထားရစ်ခဲ့သော၊ သင်တို့လုပ်ရမည့်အလုပ်ကို ပါဝင်လုပ်ဆောင်ရန် သင်တို့အဆင်သင့်ဖြစ်ကြပြီလား။ သခင်ယေရှုက သူ၏တပည့်တော်တို့ကို အထက်ဖော်ပြပါကျမ်းချက် “သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍၊ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့” အတိုင်း မိန့်တော်မူခဲ့ပါသည်။ ဤအမိန့်တော်ကိုရင်ဆိုင်ရရာတွင်၊ ဘုရားသခင်၏အကြံပေးတော်မူချက်အတိုင်း လိုက်လျှောက်ကြမည့်အစား၊ သင်တို့၏အလိုဆန္ဒကိုနှုတ်တိုက်ပြောဆိုချပြခြင်းဖြင့် သင်တို့၏အချိန်နှင့်စွမ်းအင်တို့ကို မောင်ပိုင်စီးမည်လား။

ကယ်ဆယ်ရမည့်အသက်ဝိညာဉ်များရှိကြပါသည်။ သို့ရာတွင် သင်တို့၏ဩဇာလွှမ်းမိုးနိုင်မှု ကိုယ်ရည်ကိုယ်သွေးကို ဖြုန်းတီးပစ်ခြင်းသည် အခြားသောသူတို့ကို ကယ်တင်ရေးအတွက်လုပ်ဆောင်ရာတွင် ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်သောသူများ မဖြစ်နိုင်ကြပါ။ သင်တို့ပိုင်ဆိုင်ကြသော ဩဇာလွှမ်းမိုးနိုင်မှု၏အသေးအဖွဲ့ပမာဏတိုင်းအပေါ်တွင် ဘုရားသခင်သည် မှန်ကန်စွာညွှန်ကြားပေးလိမ့်မည်။ ကောင်းကင်နိုင်ငံတော်ဆိုင်ရာ အထူးအဖွဲ့ဝင်တို့နှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် ကြီးမားသောအလင်းတရားကို သူကပေးထားသောသင့်ကို ဘုရားသခင်ကခေါ်တော်မူပါသည်။ ကြီးမားသောအလင်းတရားနှင့် အလွန်တန်ဖိုးထိုက်တန်လှသော၊ လုပ်ကိုင်နိုင်စွမ်းရှိသောသူတို့အတွက် သူတို့၏ဩဇာလွှမ်းမိုးမှုက၊ လောကကြီးတွင် အစဉ်အမြဲသက်ရှိထင်ရှားသရွေ့၊ ပြောကြားပေးနိုင်သော ကြီးမားကျယ်ပြန့်လှသည့် နယ်ပယ်ရှိပါသော်လည်း၊ အကယ်၍ ကောင်းကင်ဘုံဆိုင်ရာအထောက်အပံ့ကို ကြွယ်ဝစွာရရှိထားသူများဖြစ်ကြပါစေ၊ ဘုရားသခင်၏အမှုတော်တွင်းမှ သူတို့ရရှိထားသောဆုကျေးဇူးများကို ထိန်းချုပ်ထားပြီး၊ မိမိကိုယ်ကျိုးအတွက်နှင့် လောကီရေးရာအတွက်သာ လွဲမှားစွာအသုံးချကြပါက သူတို့ကဗွတ်အတင်းငြင်းပယ်ခဲ့သော အလင်းတရား၏ပမာဏအတိုင်း ဆုံးမခြင်းခံရကြပါမည်။ ဘုရားသခင်သည် ကမ္ဘာလောကကြီးသို့ဖြန့်ဝေပေးမည့် သမ္မာတရားတော်ကိုသိုလှောင်ထားသည့် သိုလှောင်ရုံများအဖြစ် လူငယ်လူရွယ်တို့ကို ဖော်ဆောင်ထားပါသည်။ ဆွဲတောင်မှုများ (သို့မဟုတ်) ဆန့်ကျင်မှုများကြောင့် သူတို့၏တာဝန်တာထမ်းအနေအထားမှ လှည့်ထွက်သွားခြင်းမရှိသည့်သူများ၊ မည်သည့်အခါမျှကျဆုံးခြင်း (သို့မဟုတ်) စိတ်ဓာတ်ကျခြင်းမရှိကြသောသူတို့ကဲ့သို့သော၊ စိတ်ရောကိုယ်ပါနှင့် ရိုးသားကြသည့်အစေခံတို့ကို လိုအပ်တော်မူပါသည်။ သင်တို့အနေဖြင့် သူ၏ထံတော်တွင် အမည်စာရင်းပေးသွင်းကြမည်လား။ အလင်းတရားကိုဖော်ဆောင်ကြမည့်သူများထဲတွင် သင်သည်လည်း ပါဝင်သူတစ်ယောက်ဖြစ်မည်လား။ ပျက်စီးခြင်းသို့ဦးတည်သည့် လမ်းမပေါ်တွင်သွားနေကြသော အများသောသူတို့၏ခြေလှမ်းတို့ကို ဟန့်တားရန်အတွက် အလုပ်လုပ်ကြသည့် သူ၏ကိုယ်စားလှယ်တော်များအဖြစ်၊ သင်တို့သည် သင်တို့ကိုယ်ကိုသင်တို့၊ ခရစ်တော်ထံတော်တွင် အပ်နှံကြမည်လော။

ခရစ်တော်၏အမှုတော်သည် မြို့ကြီးတစ်မြို့ပြီးတစ်မြို့၊ တိုင်းနိုင်ငံတစ်ခုပြီးတစ်ခု၊ လူမျိုးတစ်မျိုးမှတစ်မျိုးဆီသို့ အထက်ရောအောက်သို့ပါ စုံချီဆန်ချီဖြင့် မရပ်မနားတမ်းလှုပ်ရှားပြီး တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်းနှင့် အခြေချခြင်းတို့ကို လုပ်ဆောင်ရကြပါမည်။

–ဝ–



**စက်တင်ဘာ (၂၄)**

## ကျွန်ုပ်တို့သည်ကမ္ဘာမြေကြီး၏ဆုံးစွန်းတိုင်သည်အထိလိုက်ပါသွားကြရပါမည်

## “ကျွန်ုပ်တို့သည်ဘုရားသခင်အတွက် သက်သေခံသောသူများဖြစ်ကြပါသည်”

**“ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်တို့သည်......ငါ၏သက်သေ..........ဖြစ်ကြ၏” (ဟေရှာယ ၄၃း၁၀)။**

ထာဝရဘုရားက “သင်တို့သည် ငါ၏သက်သေဖြစ်ကြ၏” ဟူ၍ အထက်ပါကျမ်းချက်အတိုင်း မိန့်တော်မူခဲ့ပါသည်။ ဘုရားသခင်အတွက် သက်သေခံသောသူများအဖြစ် အခေါ်ခံရသည့်အခွင့်ထူးအတွက် ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်ကိုကျေးဇူးတင်ကြရပါမည်။ အကယ်၍ ကျွန်ုပ်တို့သည် သက်သေများဖြစ်ကြပြီးနောက်ပိုင်းတွင် ကျွန်ုပ်တို့သည် ခရစ်တော်အတွက် ပြောဆိုပေးရမည့်အပြင် ကျွန်ုပ်တို့၏ပူးပေါင်းလုပ်ဆောင်မှုများတွင် သူ့ကိုမြှောက်ထားချီးမြှင့်ရပါမည်။ ဘာသာတရားဆိုင်ရာစိတ်ဇောကြီးပြီး၊ အလွန်စိတ်အားထက်သန်မှုရှိကြသော ကျွန်ုပ်တို့၏မိတ်ဆွေအပေါင်းအသင်းများမှ အချို့သောသူတို့သည် အေးတိအေးစက်ဖြစ်သွားပါက သူ့အနေဖြင့် ထာဝရဘုရား၏စစ်မှန်သောသက်သေခံသူတစ်ယောက်အဖြစ်သို့ ပြန်လည်ရောက်ရှိလာစေရန် သူ့အားကူညီပံ့ပိုးပြီး ခွန်အားပေးရမည့်အပြင် သူနှင့်အတူတကွ၊ သူ့အတွက်ဆုတောင်းပေးရပါမည်။

ဘုရားသခင်ကစကားပြောဆိုတော်မူမည့် အသက်ဝိညာဉ်ထံသို့ သင်သည် ကြားခံကိုယ်စားလှယ်အဖြစ် ပြောဆိုပေးရပါမည်။ သင်၏အမှတ်ထင်ထင်ရှိသောသူထံသို့ အဖိုးထိုက်တန်လှသောအရာများကို ပေးဆောင်ရမည်ဖြစ်ပြီး ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်ဖြင့် ပြည့်လျှံနေသောစိတ်နှလုံးဖြင့် လေးနက်သောစိတ်ပါဝင်စားမှုနှင့် ထူးခြားချက်ရှိသောစကားလုံးများကို ပြသပြောဆိုရပါမည်။ သင်၏အကြွင်းမဲ့ချစ်သောစိတ်နှင့် မှန်ကန်ရိုးသားမှု

တို့သည် အမြင့်ဆုံးသော အဟောအပြောကောင်းခြင်းအဖြစ်ရှိရမည့်အပြင် သင်၏စကားလုံးတို့သည် ကောင်းကင်နိုင်ငံတော်စာအုပ်များထဲတွင် သင့်လျော်သည့်စကားလုံးများအဖြစ် မှတ်ပုံတင်ရေးသွင်းခံရသည့်အနေအထားတွင် ရှိရမည်ဖြစ်ကာ ထိုစကားလုံးများသည် ငွေစင်ရုပ်ပုံကားချပ်များအတွင်းတွင် ရှိသော ရွှေပန်းသီးများကဲ့သို့ အလားသဏ္ဍာန်တူရကြပါမည်။ ထိုစကားလုံးများတို့ကို ဘုရားသခင်က၊ ကောင်းကင်ဘုံသြဇာအာဏာ၏ကုသခြင်းရေအလျင်အလား၊ လွှမ်းမိုးခြင်းပြုပေးတော်မူခြင်းဖြင့် ခိုင်မာသောယူဆချက်နှင့် စိတ်ဆန္ဒတို့ကို နိုးဆွပေးတော်မူမည့်အပြင် အပြစ်သားအတွက် သန့်ရှင်းသောဝိညာဉ်တော်ဆုကျေးဇူးတော်ကို တောင်းခံပေးတော်မူပြီး ထိုအပြစ်သား၏အသက်ဝိညာဉ်အပေါ်သို့ သွန်းလောင်းပေးခြင်းဖြင့် ခရစ်တော်သည် သူ၏အသနားခံပေးမှုကို သင်၏ဆုတောင်းပေးမှုများတွင် ထပ်ဆောင်းပေးတော်မူပါလိမ့်မည်။ ဤသို့ဖြင့် မိမိ၏အပြစ်ကိုဝန်ချတောင်းပန်းသော အပြစ်သားနှင့်အတူရှိနေကြသော ဘုရားသခင်၏ကောင်းကင်တမန်များတို့အတွက် ဝမ်းမြောက်စရာဖြစ်ပေါ်ပါလိမ့်မည်။

အလုပ်အားလုံးတို့၏အထက်၌ရှိသောအလုပ်၊ အသက်ဝိညာဉ်၏စွမ်းအင်တို့ကို တိုက်ခိုက်ထုတ်ယူမည့် အခြားသောလုပ်ငန်းများတို့၏အထက်တွင်ရှိသော လုပ်ငန်းဆိုသည်မှာ ခရစ်တော်က သူတို့အတွက်အသေခံပေးတော်မူသော အသက်ဝိညာဉ်တို့ကို ကယ်တင်ပေးသောအလုပ်ဖြစ်ပါသည်။ ဤကဲ့သို့သောအလုပ်မျိုးကို သင်၏အသက်တာ၌ အဓိကနှင့်အရေးတကြီးအလုပ်အဖြစ်လုပ်ဆောင်ပါ။ သင်၏အထူးခြားဆုံးသော ဘဝအသက်တာလုပ်ငန်းအဖြစ်လုပ်ဆောင်ပါ။ ဤကဲ့သို့သောကြီးမြတ်ပြီး၊ မြင့်မြတ်သောအလုပ်တွင် ခရစ်တော်နှင့်အတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းနှင့်နိုင်ငံရပ်ခြား သာသနာပြုသူများအဖြစ်သို့ မိမိကိုယ်ကိုမိမိဖော်ဆောင်ပါ။ အသက်ဝိညာဉ်တို့ကို ကယ်တင်ရေးအတွက်၊ အိမ်ထောင်မိသားစုတွင်း (သို့မဟုတ်) ဝေးလံလှသောအရပ်ဒေသများတို့တွင် လုပ်ဆောင်နိုင်ရန်အတွက် အဆင်သင့်ဖြစ်မှုနှင့်ကျွမ်းကျင်မှုတို့အတွက် ပြင်ဆင်ထားရပါမည်။



ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်သောသူများအဖြစ်သို့ ရောက်ရှိကြရေးငယ်ရွယ်သူများနှင့်အသက်ကြီးသူများတို့အနေဖြင့် ဘုရားသခင် ထံတော်သို့လုံးလုံးလျားလျားပြောင်းလဲပြီး နောက်ထပ်ကျရောက်လာမည့် တာဝန်ကိုသူတို့အတွက် အခွင့်အရေးရရှိသည့်သဘောဖြင့်ခံယူပြီး ထိုတာဝန် ကိုယူရပါမည်။ အမှောင်ထုတွင်းမှ သူ၏ထူးကဲသောအလင်းတော်တွင်းဆီသို့ ခေါ်သွင်းတော်မူသောသူကို ချီးမွမ်းထောမနာပြုခြင်းကိုပြသကြသည့် မြောက်မြားလှစွာသောအသံများ ထွက်ပေါ်လာကြပါမည်လော။

–၀–

## စက်တင်ဘာ (၂၅)

### ကျွန်ုပ်တို့သည်ကမ္ဘာမြေကြီး၏ဆုံးစွန်းတိုင်သည်အထိလိုက်ပါသွားကြရပါမည်
### "ဧဝံဂေလိတရားတော်ပျံ့နှံ့သွားစေရန်ကျွန်ုပ်တို့သည် သဘောထားကြီးစွာဖြင့်ပေးကမ်းကြရပါမည်"

**"သင်သည် ကိုယ်ဥစ္စာနှင့်အဦးသီးသော အသီးအနှံရှိသမျှကို၊ ထာဝရဘုရားအားပူဇော်လော့" (သုတ္တံ ၃း၉)။**

အမှားနှင့်အမှောင်ထုများအတွင်း ရှိနေကြသောသူများထံသို့၊ အလင်းတော်နှင့်သမ္မာတရားတော်ကို သယ်ဆောင်ပေးသောဂုဏ်ယူဖွယ်ရာရေယာဉ်အဖြစ်၊ ဘုရားသခင်၏ရွေးချယ်ခြင်းကို မခံရသေးသောအနေအထားတွင်ရှိနေပါသလား။ သမ္မာတရား၏ကယ်တင်ခြင်းသတင်းစကားသည် သင့်ထံသို့လာနေပြီး သင့်အနေဖြင့် ခရစ်တော်၏ဝိညာဉ်တော်ကိုလက်ခံပါက ကြီးမားသောအန္တရာယ်တွင်းကျဆင်းနေကြသည့် အသက်ဝိညာဉ်များအတွက် သင်သည် ချစ်ခြင်းမေတ္တာကိုရရှိပါလိမ့်မည်။

လောကီရေးရာအကျိုးအမြတ်အတွက် လူတို့သည် ကုန်းမြေကိုရောပင်လယ်သမုဒ္ဒရာတို့ကိုပါ ချိန်ရွယ်စူးစမ်း၊ တိုင်းတာကြမည်ဖြစ်ပြီး သူတို့၏ရည်ရွယ်ချက်တို့ကို ရယူနိုင်ရေးအတွက် ဆင်းရဲနွမ်းပါးခြင်းနှင့်ဒုက္ခဆင်းရဲခြင်းတို့ကို ကြိတ်မှိတ်ခံစားကြသည့်အပြင် ကောင်းကင်ဘုံဆိုင်ရာဆွဲဆောင်မှုများမှ သွေဖည်သွားကြကာ ထာဝရချမ်းသာကြွယ်ဝမှုတို့ကို ဂရုမထားကြတော့ပါ။ သိသာသောဆင်းရဲနွမ်းပါးမှု အနေအထားတွင်ရှိကြသောသူတို့အနေဖြင့် ဘုရားသခင်၏အမှုရေးရာတို့ကို ကျားကန်ပေးခြင်းကို အထူးဆောင်ရွက်ကြပါသည်။ သူတို့၏သေးငယ်သောအရေးကိစ္စတွင် စိတ်ရင်းစေတနာကောင်းရှိကြပါသည်။ သူတို့သည် စဉ်ဆက်မပြတ်သောသဘောထားကြီးမှုတို့၏လှုံ့ဆော်မှုများဖြင့် သူတို့စိတ်ရင်းစေတနာကောင်းရှိမှုတို့ကို ခွန်အားတိုးစေပါသည်။ သူတို့၏ဝင်ငွေအပေါ်တွင် အသုံးစရိတ်များကဝန်ပိလာပါက၊ လောကီရေးရာနှင့်ဆိုင်သော ချမ်းသာကြွယ်ဝမှုအပေါ် သူတို့၏စွဲလမ်းမက်မောမှုတို့ကို တိုးချဲ့ရန်နေရာမရှိပါ၊ (သို့မဟုတ်) အခွင့်အရေးမရှိနိုင်တော့ပါ။ သို့သော်လည်း အများသောသူတို့အနေဖြင့် လောကီရေးရာကြွယ်ဝချမ်းသာမှုတို့ကို စတင်စုဆောင်းသောအချိန်တွင် သူတို့အနေဖြင့် တစ်စုံတစ်ရာသောပမာဏရှိသည့် ပိုင်ဆိုင်မှုကိုရရှိသည့်အချိန်မတိုင်မီ၊ အချိန်မည်မျှကြာကြာယူရမည်ကို စတင်တွက်ချက်ကြရပေမည်။ မိမိတို့အတွက် ဥစ္စာကြွယ်ဝချမ်းသာမှုတို့ကို ထက်သန်စွာစုဆောင်းကြသည်နှင့်အမျှ၊ ဘုရားသခင်နှင့်သက်ဆိုင်သောကြွယ်ဝမှုချမ်းသာသူအဖြစ်သို့ ရောက်ရှိနိုင်သောအခြေအနေကိုလက်လွတ်ဆုံးရှုံးရကြပါသည်။

မည်သည့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းမျိုးနှင့် သင်ကြုံတွေ့ရသည်ဖြစ်စေ၊ ဘုရားသခင်၏ဘုန်းအသရေတော်ကို ချီးမွမ်းစေမည့်အပြုအမူမျိုးတွင်သာ ပါဝင်သောအလုပ်မျိုးကို လုပ်ဆောင်ခြင်းသည် သင်၏ရည်ရွယ်ဦးတည်ချက်ဖြစ်ရပါမည်။ သင်ရရှိသမျှသောဥစ္စာဓနအားလုံးတို့သည် ကောင်းကင်နိုင်ငံ၏ဘဏ်တိုက်တွင် ရင်းနှီးမြှုပ်နှံရမည့်အရင်းအနှီးအဖြစ် သင်ရှုမြင်သဘောထားရပါမည်။ သင်၏ဥစ္စာဓနများ၊ အချိန်နှင့် ကိုယ်ရည်ကိုယ်သွေးတို့ကို ခရစ်တော်အတွက် အသက်ဝိညာဉ်တို့ကို ရယူပေးနိုင်ရန်ဆက်ကပ်အပ်နှံပေးခြင်းဖြင့် သင်၏ရှင်လန်းဝမ်းမြောက်ခြင်းကိုဖြစ်ပေါ်စေကာ၊ အမှောင်ထုတွင်းတွင် ထိုင်နေကြသောသူများထံသို့လည်း အလင်းတရားကိုပို့ဆောင်ပေးရာရောက်ပါသည်။

ကမ္ဘာမြေကြီးပေါ်တွင်ရှိသော ထာဝရဘုရားကခန့်ထားတော်မူသည့်အလင်းတရားနှင့်သမ္မာတရားတော်တို့၏အနှံ့အပြားပျံ့နှံ့မှုသည် ကောင်းကင်ဘုံဆိုင်ရာဆုကျေးဇူးတော်ကို ပူးပေါင်းရယူကြသည့် သူတို့၏ကြိုးပမ်းအားထုတ်မှုများနှင့် ဆက်ကပ်လှူဒါန်းမှုများတို့အပေါ်တွင် အမှီတံကဲပြုလာကြမည်ဖြစ်သည်။ ထာဝရဘုရားသည် သူ၏သမ္မာတရားတော်အတွက် ကောင်းကင်

တမန်တို့ကို သံအမတ်များအဖြစ်၊ သိနာတောင်ပေါ်တွင် ထုတ်ပြန်ကြေညာထားခဲ့သည့် သူ၏ဆန္ဒတော်ကို သူ၏ကိုယ်ပိုင်အသံတော်ဖြင့် အသိပေးထားတော်မူခဲ့ပြီးဖြစ်သော်လည်း၊ သူ၏အတိုင်းအတာမဲ့သော ချစ်ခြင်းမေတ္တာတော်နှင့်ဉာဏ်ပညာတော်တို့အားဖြင့် လူသားတို့အားသူနှင့်အတူတကွလုပ်ဆောင်သောသူများအဖြစ် ဤအလုပ်ကိုလုပ်ဆောင်ကြရန် ရွေးချယ်ပြီးခေါ်တော်မူပါသည်။

–၀–



**စက်တင်ဘာ (၂၆)**

### ကျွန်ုပ်တို့သည်ကမ္ဘာမြေကြီး၏ဆုံးစွန်းတိုင်သည်အထိလိုက်ပါသွားကြရပါမည်

## "ကျွန်ုပ်တို့သည်လောက၏အလင်းဖြစ်ကြပါသည်"

**"သင်တို့သည် ဤလောက၏အလင်းဖြစ်ကြ၏။ တောင်ထိပ်၌တည်သောမြို့ကိုမကွယ်နိုင်" (မဿဲ ၅း၁၄)။**

ခရစ်တော်၏အသက်တာမှ ထွန်းလင်းတောက်ပလာသောအလင်းတော်ထဲမှ ရှုမြင်ကြသောအချိန်အတွင်း၊ ကျွန်ုပ်တို့သည် ပိုင်းခြားနားလည်ပြီး၊ ဂုဏ်ယူအသိအမှတ်ပြုခြင်းသည်သာလျှင် ကျွန်ုပ်တို့၏တာဝန်ဖြစ်ပါသည်။ နေမင်းကြီးသည် အရှေ့အရပ်မှထွက်လာပြီး အနောက်ဘက်သို့သွားရာလမ်းတစ်လျှောက်ဖြတ်သွားရာလမ်းတွင် ကမ္ဘာမြေကြီးကို သူ၏အလင်းနှင့်ပြည့်စေသကဲ့သို့ ခရစ်တော်၏နောက်တော်သို့ အမှန်တကယ်လိုက်လျှောက်သောသူသည် ကမ္ဘာကြီးအတွက် အလင်းတစ်ခုဖြစ်လာပေလိမ့်မည်။ သူသည် တောက်ပပြီးထွန်းလင်းသောအလင်းအဖြစ် ကမ္ဘာမြေကြီးပေါ်သို့ သွားရောက်ရမည်ဖြစ်ပြီး၊ အမှောင်ထုအတွင်းတွင်ရှိနေကြသောသူတို့သည် သူ့ထံမှထွက်လာသော တောက်ပသောအလင်းတန်းများအားဖြင့် လင်းလက်လာကြသည့်အပြင် နွေးထွေးမှုကိုပါ ခံစားလာရကြပါမည်။ အထက်ပါကျမ်းချက်ဖြစ်သော "သင်တို့သည် ဤလောက၏အလင်းဖြစ်ကြ၏" ဆိုသည်အတိုင်း ခရစ်တော်သည် သူ၏နောက်တော်သို့လိုက်ကြသောသူတို့ကို မိန့်တော်မူခဲ့ပါသည်။

မျှော်လင့်ချက်အပြည့်အဝဖြင့် လုပ်ဆောင်ကြသောသူများမဟုတ်ကြပါက၊ ထိုသူတို့သည် သံသယစိတ်၏မိုးသားအောက်တွင် မိမိတို့ကိုယ်ကိုမိမိတို့ထားရှိကြခြင်းပင်ဖြစ်ကြပါသည်။ ယခုထက်တိုင်ရန်သူသည် သေဆုံးခြင်းမရှိသည့်အလျောက် ကျွန်ုပ်တို့သည် မြေကမ္ဘာကြီး၏သမိုင်းကြောင်း

ပိတ်သိမ်းချိန်သို့ နီးကပ်ရောက်ရှိလာကြကာ၊ အခြားသောသူများတို့ထံသို့ ကောင်းကင်နိုင်ငံတော်၏အလင်းတရားသည် မျှော်လင့်ခြင်းနှင့်အားတက် ဝမ်းမြောက်လာစေရန် ဖော်ပြသည့်စကားလုံးများနှင့်အပြုအမူတို့ကို မဖော်ပြ နိုင်ရန်အတွက် စာတန်မာရ်နတ်၏ကိုယ်စားလှယ်များတို့သည် ကြီးမားသော နိုးကြားမှုဖြင့် အသက်ဝိညာဉ်တို့ကို သံသယစိတ်မိုးသားအောက်သို့ရောက်ရှိ သွားကြရန် ကြိုးပမ်းလုပ်ဆောင်ကြမည်ဖြစ်သည်။

ကမ္ဘာကြီးသည် အလျှင်စလိုဖြစ်မှုနှင့် စိတ်ဓာတ်ကျစရာ၊ စိတ်ထိခိုက် စရာတို့နှင့် ပြည့်ဝနေပါသည်။ သင့်ထံသို့အောက်ပါမိန့်မှာချက်ဖြင့် ခရစ်တော်ကမိန့်တော်မူပါသည်။ "---သူတစ်ပါးတို့သည် သင်တို့၏ကောင်း သောအကျင့်ကိုမြင်၍ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ဂုဏ် တော်ကို ချီးမွမ်းစေခြင်းငှာ သူတစ်ပါးရှေ့၌ သင်တို့၏အလင်းကိုလင်းစေ ကြလော့" (မဿဲ ၅း၁၆)။ သမ္မာတရား၏ထောက်မမှုကိုရသောစကားလုံး တို့သည် မှန်ကန်သောရည်ရွယ်ချက်ကို ပိုင်ဆိုင်ခြင်းမှဆင်းသက်လာသည့် အာမခံမှုကို ပြောဆိုသည့်အပြင် ဖြူစင်သောစိတ်နှလုံးမှဖြစ်ပေါ်လာသည့် အားတက်ဝမ်းမြောက်စရာ မျှော်လင့်ချက်ဖြင့်ပြည့်ဝပါက ကောင်းကင်တမန် တို့၏ရွှင်လန်းမှုကို ဖြစ်ပေါ်စေပါလိမ့်မည်။ ကျွန်ုပ်တို့၏အသက်တာများ တွင်၊ ကျွန်ုပ်တို့၏လုပ်ဆောင်မှုတို့သည် သူ၏စီမံတော်မူချက်တို့၏အပြင် ဖက်သို့ရောက်ရှိနေသည်ကို မြင်တွေ့သိရှိနိုင်ရေးအတွက် ထာဝရဘုရားသည် ကျွန်ုပ်တို့အား ဝိညာဉ်ရေးဆိုင်ရာစိတ်အတွေးတို့ကို ပေးအပ်တော်မူပါလိမ့် မည်။ သူကပြီးမြောက်အောင်လုပ်ဆောင်စေလိုတော်မူခဲ့သောအမှုတော်ကို အပြီးသတ်လုပ်ဆောင်ပေးနိုင်ရန်အတွက် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် အတူတကွလုပ်ဆောင်သောသူများအဖြစ် ရှိရကြပါမည်။ မည်သည့်နေရာ များတွင် ကျွန်ုပ်တို့ရှိပါစေ၊ ကျွန်ုပ်တို့အနေဖြင့် အလင်းကိုရောင်ပြန်ဟပ်ပေး ရပါမည်။



ယုံကြည်သူများတို့၏စကားလုံးများနှင့်လုပ်ဆောင်ချက်များတို့တွင် ခရစ်တော်၏ကျေးဇူးတော်သည် ဖော်ပြခြင်းခံရပါက၊ အမှောင်ထုထဲတွင်ရှိ နေကြသောသူတို့ထံသို့ အလင်းတရားသည် ရောက်ရှိထွန်းလင်းမည့်အပြင်၊ နှုတ်ခမ်းသားများတို့သည် ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းပြောဆိုကြ ပါက ပျက်စီးဆုံးပါးသွားသောသူတို့အတွက်၊ စေတနာပြည့်ဝခြင်းရှိသော အကူအညီအတွက် ယုံကြည်သူတို့၏လက်များက ဆန့်တန်းပေးပါလိမ့်မည်။

-၀-

## စက်တင်ဘာ (၂၇)

## ကျွန်ုပ်တို့သည်ကမ္ဘာမြေကြီး၏ဆုံးစွန်းတိုင်သည်အထိလိုက်ပါသွားကြရပါမည်
## "ဆုံးရှုံးသွားသောသူအားကယ်တင်ရန်အတွက် ကျွန်ုပ်တို့သည်ခရစ်တော်နှင့်အတူအမှုတော်ကိုဆောင်ရွက်ရပါမည်"

**"မိမိအိမ်သို့ရောက်သောအခါ၊ အဆွေခင်ပွန်းအိမ်နီးချင်းများကိုခေါ်၍၊ ပျောက်သောသိုးကိုငါတွေ့ပြီ။ ငါနှင့်အတူဝမ်းမြောက်ကြလော့ဟု ဆိုတတ်သည်မဟုတ်လော" (လုကာ ၁၅း၆)။**

အထက်ကျမ်းချက်ပါစကားလုံးတို့ကိုပြောဆိုချိန်တွင်၊ ဖိလိတ္တိပြည် (ပါလက်စတိုင်းပြည်) တွင်နေထိုင်ကြသော သိုးထိန်း၏ဘဝအခြေအနေကို တွေ့ထိခံစားသိရှိကြသည့် လူထုအစုအဝေးတစ်ခုကို ခရစ်တော်ယေရှုက ပြောဆိုနေခဲ့ခြင်းဖြစ်ပါသည်။ သိုးတို့၏အစုအဝေးကို ထားရှိရကြသောနေရာသည် မညီမညာဖြစ်ပြီး ပြင်ပအရာများနှင့်အဆက်အသွယ်မရှိသော စားကျက်မြေများဝန်းရံထားသည့် ကျောက်ဆောင်ကျောက်ခဲပေါများသော မညီမညာမြေပြင်နှင့်ချောက်ကမ်းပါးများပါဝင်ပါသည်။

ထို့ပြင် လူဆိုးဓားပြများနှင့် တောခွေးတို့၏အန္တရာယ်တို့မှ ကာကွယ်တားဆီးရသည့်အခါများလည်း ရှိသေးသည်။ တစ်ခါတစ်ရံ သိုးတစ်ကောင်တလေသည် သိုးအုပ်ထဲမှလမ်းမှားထွက်သွားတတ်ကြသည်အလျောက် သူတို့ကိုတစ်ကောင်တလေများပျောက်သွားသည်လားဆိုသည်ကို သိရအောင် မကြာခဏရေတွက်ကြည့်ရပြီး၊ သိုးထိန်းအနေဖြင့် သူထိန်းကျောင်းကြည့်ရှုသည့်သိုးအားလုံးတို့အပေါ် အထူးတိကျသည့်စာရင်းအင်း မှတ်သားမှုရှိရပါသည်။ သိုးထိန်းတစ်ယောက်၏ဘဝသည် အလွန်ကြီးမားသောအန္တရာယ်ရှိပါသည်။ အကယ်၍ သူသည် ယုံကြည်အားထားလောက်သော သိုးထိန်းတစ်ယောက်ဖြစ်ပါက၊ သူသည် နမော်နမဲ့မဖြစ်ရမည့်အပြင်၊ သူ့အတွက်သက်သောင့်သက်သာအခြေအနေမျိုးကို မရှာကြံရဘဲ၊ မုန်တိုင်းနှင့်မိုးသက်လေပြင်းကျရောက်ချိန်များတွင် လမ်းလွဲသွားကြသည့်သိုးတို့ကို လိုက်လံရှာဖွေရပါမည်။



ဤနည်းလမ်းသည် စစ်မှန်သောသိုးထိန်းတော်က ပျောက်ဆုံးသောအပြစ်သားကို ပြုစုသောနည်းလမ်းပင်ဖြစ်ပါသည်။ သူသည် ထိုအပြစ်သား၏နောက်သို့လိုက်သွားပြီး၊ ထိုအပြစ်သားအတွက် ကြီးမားသောအန္တရာယ်တွင်းသို့ဆင်းသက်ရန်၊ ကိုယ်ကျိုးကိုစွန့်ရန်နှင့် မိမိကိုယ်ကိုမိမိ ဆက်ကပ်ပူဇော်ရန် မတုံ့နှေးပါ။ အပြစ်၏ဝန်ထုပ်ဝန်ပိုးကို ထမ်းရွက်ကြရသည့်အသက်ဝိညာဉ်ကို နောင်တရခြင်း၊ ကယ်တင်ခြင်း၊ ငြိမ်သက်ခြင်း၊ ငြိမ်ဝပ်ခြင်းချမ်းသာနှင့်ပျော်ရွှင်ခြင်းတို့နှင့်ပြည့်စုံသော ကယ်တင်ရှင်၏ချစ်ခြင်းမေတ္တာတော်ဆီသို့ သူ၏သိုးထိန်းတော်က ယူဆောင်လာရန် ရည်ရွယ်တော်မူပါသည်။ ပုဂ္ဂလဓိဌာန်ကြိုးပမ်းမှုနှင့်သင်ကြားရရှိပြီးသား၊ လိမ္မာပါးနပ်မှုနှင့်သနားကြင်နာမှုတို့အားဖြင့် သူ့ထံတော်သို့လာကြသောသူတို့အားလုံးတို့ကိုလက်ခံရန်အဆင်သင့်ဖြစ်ပြီး အလိုတော်ရှိတော်မူသော သခင်ယေရှုထံတော်သို့ မည်သို့သောသူကမျှ မရောက်ရှိနိုင်ပါဆိုသည့်အချက်ကို တွေးတောသိရှိနိုင်ရန်အတွက် ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်ကို သူ၏စိတ်နှလုံးထဲအထိ ခံစားသိရှိခွင့်ရသောသူတိုင်းသည် အခွင့်ထူးကိုရရှိခြင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့အားလုံးသည် ပုဂ္ဂလဓိဌာန်ကြိုးပမ်းမှုဖြင့် အထူးလုပ်ဆောင်နိုင်ကြပါသည်။ ကျွန်ုပ်တို့သည် ယေရှုခရစ်တော်နှင့်အတူတကွလုပ်ဆောင်သောသူများ ဖြစ်နိုင်ကြပါသည်။

အသက်တာဆိုသည်မှာ လေးနက်မှုရှိပါသည်။ သင့်အနေဖြင့် လုပ်ဆောင်စရာ၊ ကြီးမားသောလုပ်ကွင်းလုပ်ကွက်ရှိပြီး၊ ပျောက်ဆုံးသောသိုးကိုရှာဖွေရန် အပတ်တကုတ်ကြိုးပမ်းလုပ်ဆောင်ခြင်းသည် သင်၏အချိန်ကိုအသုံးချရာ၌ အအောင်မြင်ဆုံးသောနည်းလမ်းပင်ဖြစ်ပါသည်။ အသက်ဝိညာဉ်တစ်စုံတစ်ခုအပေါ်တွင် ကယ်တင်နိုင်သောဩဇာသက်ရောက်မှုတစ်ခုကို သင်က အသုံးပြုနိုင်ပါက နောင်တရပြီးသောသူတစ်ယောက်အတွက် ကောင်းကင်နိုင်ငံတော်သည် ဝမ်းမြောက်မှုရှိကြောင်းကို သင်သတိရပါ။ သင့်အနေဖြင့် အမြော်အမြင်ရှိသောကြိုးပမ်းအားထုတ်မှုအားဖြင့် ပျောက်ဆုံးသောသိုးကို ခရစ်တော်၏သိုးခြံသို့ ပြန်လည်ယူဆောင်လာသောသူဖြစ်ရပါမည်။

–ဝ–

## စက်တင်ဘာ (၂၈)

### ကျွန်ုပ်တို့သည်ကမ္ဘာမြေကြီး၏ဆုံးစွန်းတိုင်သည်အထိလိုက်ပါသွားကြရပါမည်
### “သမ္မာတရားတော်သည်အောင်ပွဲခံပါလိမ့်မည်”

**“---ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထိုအလုံးအရင်းကြီးကြောင့် မကြောက်ကြနှင့်။ စိတ်မပျက်ကြနှင့်။ စစ်မှုသည် သင်တို့တာမဟုတ်၊ ဘုရားသခင့်တာဖြစ်၏” (ဇရာ ၂၀း၁၅)။**

ခရစ်တော်၏နာမတော်ကို အမည်ခံသောသူအနေဖြင့် တစ်ဦးချင်း၊ တစ်ယောက်ချင်းတို့၌ လုပ်ဆောင်ရန်အလုပ်ရှိပါသည်။ ကောင်းကင်နိုင်ငံတော်မှ အသံတစ်ခုသည် သင့်အားတာဝန်ထမ်းဆောင်ရန် လေးလေးနက်နက်ဖြင့် ခေါ်နေပါသည်။ ဤအသံကိုအလေးဂရုပြုပြီး နေရာတိုင်း ဟောပြောလုပ်ကိုင်ရန်လိုအပ်သောနေရာတိုင်းသို့ သွားရောက်လုပ်ဆောင်ပါ။ သင်သည် ဘယ်အတွက်ကြောင့် ဤနေရာ၌သာ တစ်နေကုန်ပျင်းရိပြီးချောင်ခိုနေသနည်း။ သင်၏အကောင်းဆုံးသောစွမ်းအင်ကို တောင်းဆိုနေသောအလုပ်တစ်ခုကို သင်လုပ်ဆောင်ရန်ရှိပါသည်။ အသက်တာ၏တန်ဖိုးရှိလှသောအချိန်၊ ကာလတိုင်းတို့သည် ဘုရားသခင်ထံတော်၌ (သို့မဟုတ်) သင်၏မိတ်ဆွေအပေါင်းအသင်းတို့အပေါ် သင်အကြွေးတင်နေသည့်တာဝန်အချို့တို့နှင့် ဆက်စပ်မှုရှိကြပါသည်။

ကြီးမားသောအမှုတော်ဖြစ်သည့် အသက်ဝိညာဉ်တို့အား ကယ်ခြင်းအလုပ်သည် ယခုထက်တိုင် ကျန်ရှိနေပါသေးသည်။ အမှောင်ထု၏မကောင်းဆိုးဝါးတိုင်းတို့သည် ဤအမှုတော်ကို အတိုက်အခံပြုနေကြချိန်တွင် ဘုန်းအသရေရှိသော ကောင်းကင်တမန်တိုင်းတို့သည် ဤအမှုတော်တွင် ပါဝင်ဆင်နွှဲကြပါသည်။ ခရစ်တော်သည် သူ၏စိတ်နှလုံးထဲတွင် သိုမှီးထားတော်မူသော ထာဝရချစ်ခြင်းမေတ္တာတော်နှင့်အတူ၊ သူ၏စည်းစိမ်ဥစ္စာအားလုံးတို့ကို လူသားတို့က အမွေဆက်ခံနိုင်ရေးအတွက် အလှူဒါနပြုသည့်အနေဖြင့် ဤကမ္ဘာလောကသို့ ဆင်းသက်တော်မူလာခဲ့ရခြင်းသည် တန်ဖိုးအလွန်ကြီးမားသော အသက်ဝိညာဉ်တို့အတွက်ဖြစ်ကြောင်းကို ကျွန်ုပ်တို့အား လက်တွေ့ပြသတော်မူခဲ့ခြင်းဖြစ်ပါသည်။ ခရစ်တော်သည် အပြစ်ရှိသောလူမျိုးစုအတွက် သူ၏ဖခမည်းတော်၏ချစ်ခြင်းမေတ္တာတော်ကို ကျွန်ုပ်တို့အား ဖွင့်ဟပြသတော်မူခဲ့ပြီး၊ သူ့ကိုယုံကြည်သူအား ဖြောင့်မတ်သောသူနှင့် မှန်ကန်တရားမျှတစွာလုပ်ဆောင်သူအဖြစ် သူ၏ဖခမည်းတော်ထံသို့ ပြန်လည်ပေးကမ်းတော်မူပါသည်။

ကျွန်ုပ်တို့အနေဖြင့် အလင်းတရားကိုပေးကမ်းရန်အတွက် တွေ့ဆုံရမည့်သူအများရှိကြသည့်အထဲတွင် သမ္မာတရားတော်ကို မဆင်မြန်းထားသောသူအရေအတွက်မှာ အထူးကြီးမားများပြားလှပါသည်။ ကျွန်ုပ်တို့၏မျှော်လင့်ချက်သည် ကျွန်ုပ်တို့၏သမ္မာတရားကိုသိရှိသောအသိဉာဏ်၌မတည်မှီသည့်အပြင် ကျွန်ုပ်တို့၏ကိုယ်ရည်ကိုယ်သွေး၌မတည်မှီဘဲ အသက်ရှင်သန်နေတော်မူသော ဘုရားသခင်၌သာတည်ရှိပါသည်။ ---ဘုရားသခင်၏ဘုန်းအသရေတော်သည် ပန္နက်၊ ငုတ်တိုင်တွင် မြဲမြံစွာရှိနေပါသည်။ လူသား၏ကြိုးပမ်းအားထုတ်မှုသည် သူ၏ကြိုးပမ်းအားထုတ်မှုကို အလေးထားသည့်ကာလပတ်လုံး၊ ဆုံးဖြတ်ချက်ခိုင်မာသည့် ကြိုးပမ်းအားထုတ်မှုသာဖြစ်သင့်ကာ၊ အနန္တတန်ခိုးတော်အရှင် ဘုရားသခင်၏ဘုန်းတန်ခိုးတော်ကိုထင်ရှားစေသည့် ရှင်သန်နေသည့်ယုံကြည်ခြင်းလည်း ရှိရကြမည့်အလျောက်ထိုသို့မှမဟုတ်လျှင် ကျရှုံးမှုကိုသာတွေ့ကြုံရကြပေမည်။ ဣသရေလလူမျိုးတို့၏ရန်သူတို့ကို ဘုရားသခင်က နှိမ်နင်းတော်မူခဲ့ပါသည်။ ထိုရန်သူတို့၏တပ်အင်အားတို့ကို မလှုပ်ရှားနိုင်သောအနေအထားဆီသို့ ရောက်ရှိသွားစေပါသည်။ သူတို့ထွက်ပြေးရခြင်း၏အကြောင်းရင်းကို သူတို့မသိကြပါ။ ဣသရေလလူမျိုးတို့၏ထာဝရဘုရားမျက်မှောက်တော်၌ မည်သူရပ်ခံနိုင်ကြသနည်း။

ယခုအခါတွင် ကျွန်ုပ်တို့သည် အသား၊ အသွေးနှင့်စစ်ပြိုင်ရကြသည်မဟုတ်ဘဲ၊ အထက်အရပ်များတွင်ရှိကြသော၊ ကောက်ကျစ်စဉ်းလဲသော

အထွတ်အမြတ်အာဏာစက်နှင့် ဝိညာဉ်တန်ခိုးတို့နှင့်ဆိုင်ပြိုင်တိုက်ခိုက်ရကြခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏ခွန်အားအားလုံးတို့၏မူရင်းဇာစ်မြစ်ဖြစ်သည့် ကျွန်ုပ်တို့အားကူညီပေးနိုင်သော သူတစ်ထူးထံတော်သို့ တူရူကြည့်ရှုရန်၊ ထာဝရဘုရားသည် ကျွန်ုပ်တို့ကို ခွန်အားပေးသနားတော်မူပါလိမ့်မည်။ ဣသရေလလူမျိုးတို့၏ဘုရားသခင်သည် ကျွန်ုပ်တို့အတွက်လုပ်ဆောင်မှုကို တာဝန်ယူသည်နှင့်၊ ထိုအလုပ်ကိုအောင်မြင်အောင် သူလုပ်ဆောင်တော်မူပါလိမ့်မည်။

သမ္မာတရားတော်သည် အောင်ပွဲကိုရယူပါလိမ့်မည်။

–၀–



**စက်တင်ဘာ (၂၉)**

## ကျွန်ုပ်တို့သည်ကမ္ဘာမြေကြီး၏ဆုံးစွန်းတိုင်သည်အထိလိုက်ပါသွားကြရပါမည်

# “သူ၏အစေကိုခံသောသူတို့အား စရစ်တော်သည်အမိန့်ပေးတော်မူပါသည်”

**“သာဓုသစ္စာရှိသောငယ်သားကောင်း၊ သင်သည် အမှုငယ်၌သစ္စာစောင့်လေပြီ။ များစွာသောအမှုအခွင့်ကို သင်၌ငါအပ်ပေးမည်။ သင်၏သခင်နှင့်အတူ စည်းစိမ်ကိုဝင်စားလော့ဟု မိန့်တော်မူ၏” (မဿဲ ၂၅း၂၁)။**

ကြီးမားသောအမှုရေးရာများကို ကျွန်ုပ်တို့အတွက် ကျွန်ုပ်တို့လုပ်ဆောင်ရန် ထာဝရဘုရားသည် အလိုရှိတော်မူပါသည်။ ကျွန်ုပ်တို့သည် အောင်မြင်ခြင်းကို အရေအတွက်အားဖြင့်မရယူနိုင်ကြဘဲ၊ မိမိ၏အသက်ဝိညာဉ်ကို ခရစ်တော်ထံတော်သို့ အပြည့်အဝအညှံ့ခံခိုဝင်ခြင်းဖြင့်သာ ရယူနိုင်ကြပါလိမ့်မည်။ သူ၏လက်ရုံးတော်အားဖြင့် ကျွန်ုပ်တို့သည် ရှေ့သို့တက်လှမ်းရကြမည်ဖြစ်သည့်အပြင် ဣသရေလလူမျိုးတို့၏အနန္တတန်ခိုးတော်ရှင်ဘုရားသခင်အပေါ် သစ္စာစောင့်သိကြရပါမည်။ သမ္မာတရားတော်ကိုသိသောအသိပညာမျိုးကို ကျွန်ုပ်တို့မရှိမဖြစ်ရရှိထားရမည်ဖြစ်ပြီး ထိုကဲ့သို့မှမဟုတ်ပါက ဉာဏ်များပြီးစဉ်းလဲသော အတိုက်အခံများတို့ကို မည်ကဲ့သို့ရင်ဆိုင်နိုင်ကြမည်နည်း။ ကျမ်းစာတော်မြတ်ကို အမှန်တကယ်လေ့လာသင်ကြားရမည်ဖြစ်ပြီး ၎င်းကျမ်းစာတော်မြတ်မှပို့ချသော ဩဝါဒတစ်ခုတည်းကိုသာ လေ့လာသင်ကြားရန်မဟုတ်ဘဲ၊ ၎င်းတွင်ပါရှိသော လက်တွေ့သင်ခန်းစာများကိုပါ သင်ကြားလေ့လာကြရမည်ဖြစ်သည်။ သင်သည် အံ့အားသင့်တွေ့ဝေမှုများမရှိရမည့်အပြင်၊ ချပ်ဝတ်တန်ဆာဆင်ယင်ထားခြင်းမရှိသောအနေအထား၌လည်း မည်သည့်အခါမျှမရှိရပါ။ သင့်အနေဖြင့် မည်သည့်အရေးပေါ်အခြေအနေမျိုးအတွက်၊ တာဝန်အတွက်၊ မည်သည့်ခေါ်ဆိုမှုမျိုးအတွက်တို့ကို

မဆို ပြင်ဆင်ထားရပါမည်။ သမ္မာတရားကိုပေးကမ်းရန်အတွက် ရရှိနိုင်မည့် အခွင့်အရေးတိုင်းတို့ကိုစောင့်ဆိုင်းပြီး စူးစမ်းကြည့်ရမည့်အပြင် ပုရောဖက်ပြုခြင်းတို့နှင့် ခရစ်တော်သင်ခန်းစာများတို့ကို အကျွမ်းတဝင်မှုရှိကြပါ။ သို့သော်လည်း ကောင်းမွန်စွာပြင်ဆင်ထားမှုရှိသော အငြင်းအခုံပြုမှုများတို့အပေါ် သစ္စာစောင့်သိမှုမရှိပါနှင့်။ ငြင်းခုံမှုတစ်ခုတည်းဖြင့် လုံလောက်မှုမရှိပါ။ သင်၏ဒူးခေါင်းများ၌သာလျှင်၊ ဘုရားသခင်ကိုရှာဖွေတောင်းခံရမည် ဖြစ်ပြီး သူ၏တန်ခိုးတော်နှင့်ဝိညာဉ်တော်၏ဩဇာသက်ရောက်မှုအားဖြင့် လူများတို့ကိုတွေ့ဆုံရန် ထွက်သွားရပါမည်။ ဂိဒေါင်၏တပ်မတော်တွင် အပါအဝင်ဖြစ်သောသူများတို့ကဲ့သို့ ဘုရားသခင်သည် သင်တို့အား နည်းပါးသည့်ပမာဏရှိသော အမှုတော်ဆောင်များအဖြစ်ဖြင့်သာ ပုံဖော်မည်ဖြစ်ပါသည်။

နောက်ဆုံးသောချီးမြှင့်ခြင်းနေ့ရက်တွင် အမှုတော်များကိုဆောင်ရွက်ကြသည်အတိုင်း၊ လူတိုင်းတို့အား အကျိုးကိုခံစားရစေသည့်အလျောက် သင်ကိုယ်၌က ကူညီသူအဖြစ်လုပ်ဆောင်မှုကြောင့် ကယ်ချွတ်ခြင်းခံရကြသော အသက်ဝိညာဉ်တို့ကိုရရှိခြင်းသည် သင့်အတွက်အခွင့်ထူးတစ်ရပ်ပင်ဖြစ်ကာ၊ ထိုအသက်ဝိညာဉ်တို့က သင့်ထံသို့လာပြီး “အသင်သည် အကျွန်ုပ်အားစိတ်ဓာတ်ကျဆင်းမှုအခြေအနေတွင်းမှ ဆွဲတင်ပေးပါသည် တကား” ဟူ၍ ပြောဆိုချိန်တွင် အရှင်သခင်ကသင့်အား၊ “သာဓုသစ္စာရှိသောငယ်သားကောင်း” ဟူ၍ ခေါ်ဆိုပါလိမ့်မည်။

ထာဝရဘုရားသည် သူ၏အမှုတော်ဆောင်တို့၏အမည်စာရင်းကို အပြည့်အစုံရေးသွင်းထားသော်လည်း သမ္မာကျမ်းစာ၌ပါရှိသောသမိုင်းကြောင်းတွင် အနည်းငယ်သောအမည်နာမများကိုသာ ကျွန်ုပ်တို့အားရေးသားဖော်ပြပေးထားတော်မူပါသည်။ ထိုသူတို့အထဲတွင် အာဗြဟံ၊ ယောသ၊ မောရှေ၊ ဧလိယ၊ ဒံယေလ၊ နေဟမိ၊ ရှင်ယောဟန်နှင့်ရှင်ပေါလုတို့သည် သစ္စာရှိအစေခံသူများဖြစ်ကြပါသည်။ ထာဝရဘုရား၏စပျစ်ဥယျာဉ်အတွင်းရှိ အစေအပါးတို့သည် ကောင်းမွန်သောပုံသက်သေနမူနာများရှိကြပြီး၊ အသက်အရွယ်မျိုးစုံရှိသောသူတို့အား ထိုပုံသက်သေများအားဖြင့် ထကြွနိုးကြားစေပါသည်။



ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်၊ ကောင်းကင်တမန်တို့၏လုပ်ကိုင်ဆောင်ရွက်မှု၊ သခင်ယေရှု၏စာနာထောက်ထားမှုတို့အားဖြင့် သူတို့အား ခွန်အားပေးရကြမည်ဖြစ်ပြီး အဖိုးထိုက်လှသောအသက်ဝိညာဉ်တို့ကိုရရှိရေး မျှော်လင့်ချက်တို့သည် သူတို့၏ရွှင်လန်းဝမ်းမြောက်ခြင်းသရဖူထက်တွင် ကြယ်စင်များကဲ့သို့ အစဉ်အမြဲထွန်းတောက်ရကြပါမည်။

–ဝ–

## စက်တင်ဘာ (၃၀)

## ကျွန်ုပ်တို့သည်ကမ္ဘာမြေကြီး၏ဆုံးစွန်းတိုင်သည်အထိလိုက်ပါသွားကြရပါမည်

## "လူသားအားလုံးတို့ထံသို့ ဧဝံဂေလိတရားတော်ကိုဟောကြားပြီးစီးပါက"

**"လူမျိုးအပေါင်းတို့အား သက်သေဖြစ်မည်အကြောင်း နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို လောကီနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ ဟောရလိမ့်မည်။ သို့ပြီးမှ အဆုံးသည်ဖြစ်လတ္တံ့." (မဿဲ ၂၄း၁၄)။**

"ခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူသည်နည်းတူ၊ သင်တို့ကို ငါစေလွှတ်သည်----" ဟူ၍ ခရစ်တော်သည် သူရှင်ပြန်ထမြောက်တော်မူပြီးနောက် တပည့်တော်တို့အား ကိုယ်ထင်ပြတော်မူစဉ် မိန့်ဆိုတော်မူခြင်းကို (ယောဟန် ၂၀း၂၁) တွင် တွေ့ရှိနိုင်ပါသည်။ သခင်ယေရှုတွင်ရှိသကဲ့သို့၊ ထို့အပြင် ခရစ်တော်နှင့်သူ၏တမန်တော်များ လုပ်ဆောင်ခဲ့ကြသကဲ့သို့ ကျွန်ုပ်တို့သည် သမ္မာတရားတော်အတွက် တိကျသည့်သက်သေခံမှုကို လုပ်ဆောင်ရကြပါမည်။ သန့်ရှင်းသောဝိညာဉ်တော်၏စွမ်းဆောင်နိုင်စွမ်းအပေါ် သစ္စာခံခြင်းဖြင့် ကျွန်ုပ်တို့သည် မိမိအသက်ကိုပေးအပ်ပူဇော်ပြီး ပြန်လည်ရှင်ပြန်ထမြောက်တော်မူသော ကယ်တင်ရှင်၏ကရုဏာတော်၊ ကောင်းမြတ်တော်မူခြင်းနှင့် ချစ်ခြင်းမေတ္တာတော်တို့အတွက် သက်သေခံထုတ်ဖော်ပြောဆိုရမည်ဖြစ်ကာ၊ ဤသို့ဖြင့် စိတ်အတွေးပေါင်းမြောက်မြားစွာတို့အထဲမှ အမှောင်ထုကိုလွင့်ပယ်စေမည့် ကိုယ်စားပြုသူများအဖြစ်သို့ ရောက်ရှိလာကြခြင်းဖြင့် များစွာသောစိတ်နှလုံးများမှ ကျေးဇူးတော်ဆက်ကပ်ခြင်းနှင့်ချီးမွမ်းခြင်းတို့သည် ဘုရားသခင်ထံတော်သို့ တက်ရောက်သွားစေသည့်ဖြစ်ရပ်ကို ဖော်ဆောင်ပေးပါမည်။ ဘုရားသခင်၏သားတော်၊ သမီးတော်တိုင်းတို့အားဖြင့် ကြီးမားသောအမှုတော်တစ်ခုချင်းသည် ပြီးမြောက်ရပါမည်။



ကျွန်ုပ်တို့၏ကမ္ဘာမြေကြီးပေါ်သို့ပို့ဆောင်ပေးထားသော နောက်ဆုံးသောတည်ကြည်ခန့်ညားသည့် သတိပေးခြင်းသတင်းစကားကို လက်မခံမည့်သူတို့သည် သမ္မာကျမ်းစာတွင်ပါရှိသော နှုတ်တော်ထွက်တို့ကို ဖောက်လှဲဖောက်ပြန်ဖြစ်သွားစေပြီး အကျင့်စရိုက်ကိုတိုက်ခိုက်လာကြမည်ဖြစ်ကာ၊ ကျမ်းစာတော်မြတ်ဆိုင်ရာ သစ္စာတရား၏အကျိုးဆောင် ရှေ့နေတော်၏ယုံကြည်ခြင်းနှင့်ဒေသနာတော်တို့ကို အလေးထားသောသူတို့အား မှားယွင်းသောအသိပေးထုတ်ပြန်ခြင်းတို့ကို လုပ်ဆောင်လာကြမည်ဖြစ်သည်။ အာရုံစိုက်မှုကို လမ်းကြောင်းပြောင်းသွားစေမည့် ဖြစ်နိုင်ခြေရှိသောအကြောင်းခြင်းရာများကို ဖော်ဆောင်ပေးလာကြမည်။ ပြပွဲများ၊ အားကစားပွဲများ၊ မြင်းပြိုင်ပွဲများနှင့် အခြားသောမျိုးစုံလှသည့် ပျော်ရွှင်စရာပွဲများတို့ကို ထိုတိုက်ပွဲဆင်မှုတွင် ထည့်သွင်းလုပ်ဆောင်လာကြမည်။ အောက်အရပ်ရှိ ပြင်းထန်သောတန်ခိုးတစ်ခုသည် ကောင်းကင်နိုင်ငံတော်မှလာသော သတင်းစကားတော်ကိုအတိုက်အခံပြုရန်၊ ထိုသူတို့ကိုလှုံ့ဆော်ပေးလိမ့်မည်။ ကျွန်ုပ်တို့သည် အရှင်မင်းသားဧမာနွေလ၏အောင်လံတံခွန်အောက်တွင် ဝင်ရောက်တန်းစီကြပြီး သခင်ယေရှု၏နာမတော်နှင့်ခွန်အားတော်အားဖြင့် တိုက်ပွဲကိုအနိုင်ယူပြီး အိမ်တော်သို့ဝင်စားကြကုန်စို့။

ပျက်စီးဆုံးပါးသွားကြသော အသက်ဝိညာဉ်များ အများအပြားရှိကြပါသည်။ သူတို့အနေဖြင့် "ကယ်တင်ခြင်း" ဆိုသည့် စကားအသုံးအနှုန်းများတို့ကို သိရှိရကြပါမည်။ မသိနားမလည်မှု၏အမှောင်ထုအတွင်းသို့ ဂူသွင်းမြုပ်နှံခံရမည့်အခြေအနေနှင့် မမြင်နိုင်သောအတားအဆီးတစ်ခု၏နောက်ကွယ်တွင် ကတုတ်ကျင်းတွင်း အသွင်းခံထားရမည့်အနေအထားမျိုးသို့ ရောက်ရှိနေကြသောသူအများကို တွေ့ရှိနေရသော်လည်း ကောင်းကင်နိုင်ငံတော်၏အထူးပဥ္စမတပ်သားတို့သည် လူသားကိုယ်စားပြုသူများတို့နှင့်အတူ လုပ်ဆောင်ကြသည်ဆိုသည့်အချက်ကို သိရှိထားရပါမည်။ မယုံကြည်သူတို့၏မြို့ရိုးခံတပ်ကို သန့်ရှင်းသောဝိညာဉ်တော်က ဖောက်ထွင်းဖြိုချနိုင်

ပါသည်။ စစ်မြေပြင်တွင် သခင်ယေရှုသည် သူ၏တပ်မတော်ကြီးကို ဦးဆောင်နေတော်မူပါသည်။ အောင်ပွဲဆီသို့ ကျွန်ုပ်တို့၏ဗိုလ်ချုပ်ကြီးက ဦးဆောင်တော်မူပါသည်။

ဧဝံဂေလိတရားတော်ဟောပြောခြင်းအလုပ်တာဝန် ပြီးဆုံးပြည့်စုံရေးအတွက် ပြည်တွင်းနှင့်နိုင်ငံရပ်ခြားရှိ မရှိဆင်းရဲသားများရှိရာဒေသများတွင် လုပ်ဆောင်ရန် တာဝန်ခန့်ထားခြင်းခံရကြသော ဘုရားသခင်၏အသင်းတော်အဖွဲ့ဝင်များတို့သည် ထိုတာဝန်ကိုထမ်းဆောင်လာကြပါက ကမ္ဘာမြေကြီးတစ်ဝန်းလုံးတွင် မကြာမီအတောအတွင်း သတိပေးခြင်းခံရတော့မည်ဖြစ်ကာ၊ သခင်ဘုရားယေရှုခရစ်တော်သည်လည်း ဤကမ္ဘာမြေကြီးပေါ်သို့ ကြီးမားသောဘုန်းအာနုဘော်တော်နှင့် ပြန်လည်ကြွလာတော်မူမည်ဖြစ်သည်။

အကယ်၍သာ ကျွန်ုပ်တို့က၊ သူ့အားကိရိယာတန်ဆာပလာထောက်ပံ့ပေးပါက၊ ထာဝရဘုရားသည် အမှုတော်ကိုဆောင်ရွက်တော်မူပါလိမ့်မည်။

–ဝ–



**အောက်တိုဘာ (၁)**

## ခရစ်တော်၌ကျွန်ုပ်တို့တည်ရှိကြပါသည်
## ကျွန်ုပ်တို့သည်ခရစ်တော်၌စုံလင်ခြင်းရှိကြပါသည်
## “အသက်၏မူလဇာစ်မြစ်ဖြစ်တော်မူသောခရစ်တော်ကို လက်ခံရယူခြင်းဖြင့်”

**“ထိုနှုတ်ကပတ်တော်၌ အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့၏အလင်းဖြစ်၏” (ယောဟန် ၁း၄)။**

ကျွန်ုပ်တို့သည် ကြွယ်ဝပြီး၊ ပေါများလှစွာသော ဝမ်းမြောက်ရွှင်လန်းမှုအတွေ့အကြုံတို့ကိုရရှိရေးအတွက် ထာဝရဘုရားသည် အကြံအစည်တိုင်းကို လုပ်ဆောင်တော်မူပါသည်။ ခရစ်တော်အကြောင်းနှင့်ပတ်သက်ပြီး ရှင်ယောဟန်က အထက်ပါကျမ်းချက်အတိုင်း၊ “ထိုနှုတ်ကပတ်တော်၌ အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့၏အလင်းဖြစ်၏” ဟူ၍ရေးသားခဲ့ပါသည်။ အသက်ဆိုသည်မှာ အလင်းနှင့်ဒွန်တွဲလျက်ရှိနေပြီး၊ ဖြောင့်မတ်ခြင်းတရားတော်နေမင်းမှအလင်းကို ကျွန်ုပ်တို့မရရှိကြပါက၊ ခရစ်တော်ထံတော်မှ အသက်ကိုမရရှိနိုင်ကြပါ။ သို့သော်လည်း ဤအလင်းသည် အသက်ဝိညာဉ်တိုင်းအတွက် ဝေငှထားပြီးသားဖြစ်ပြီး၊ ကျွန်ုပ်တို့ကသာ ထိုအလင်းထံမှထွက်ခွာသွားမှသာလျှင်၊ အမှောင်ထုက ကျွန်ုပ်တို့အပေါ်သို့ကျရောက်လာပေမည်။ သခင်ယေရှုက (ယောဟန် ၈း၁၂) တွင် “---ငါ့နောက်သို့လိုက်သောသူသည် မှောင်မိုက်၌မသွားမလာ၊ အသက်၏အလင်းကိုရလိမ့်မည်။---” ဟူ၍ မိန့်တော်မူခဲ့ပါသည်။ ဤကမ္ဘာမြေပေါ်တွင် ကျွန်ုပ်တို့အနေဖြင့်၊ အလင်းသာမရှိခဲ့ပါက၊ အသက်ဆိုသောအရာမှာ မဖြစ်တည်နိုင်ပါ။ နေမင်းကြီး၏အလင်းရောင်ကသာ ပျောက်ကွယ်သွားပါက၊ သစ်ပင်ပန်းမန်အားလုံးတို့နှင့် တိရစ္ဆာန်အားလုံးတို့သည် ဆုံးခန်းတိုင်သွားကြပေလိမ့်မည်။ ဤအရာသည် ကျွန်ုပ်တို့အနေဖြင့် ဖြောင့်မတ်ခြင်းတရားနေမင်းကြီး၏အလင်း

တန်းများအောက်တွင် ကျွန်ုပ်တို့ကိုယ်ကိုမထားရှိကြပါက ဝိညာဉ်ရေးအသက်တာကို ကျွန်ုပ်တို့မရရှိနိုင်သည့်အချက်ကို ပုံပမာပြသခြင်းဖြစ်ပါသည်။ အမှောင်ခန်းတစ်ခုထဲတွင် ပွင့်လန်းနေသောအပင်တစ်ပင်ကို ထားလိုက်ပါက၊ ၎င်းအပင်သည် မကြာမီအတွင်း ခြောက်သွေ့ညှိုးနွမ်းပြီး၊ သေသွားသကဲ့သို့ ကျွန်ုပ်တို့မဖြစ်ကြရလေအောင် ကျွန်ုပ်တို့သည် ဝိညာဉ်တော်အသက်တာ အချို့ရှိရကြမည်ဖြစ်ကာ ဤသို့ဖြင့်သာမဟုတ်ပါက ကျွန်ုပ်တို့သည် သံသယနှင့်ဝမ်းနည်းပူဆွေးမှုတို့၏လေထုဝန်းကျင်ထဲတွင် ကျင်လည်နေရင်း၊ ဝိညာဉ်တော်အသက်တာကို လက်လွှတ်ဆုံးရှုံးသွားရကြပါမည်။

ခရစ်တော်၏နေရာကိုရယူရန်အတွက်မဟုတ်ဘဲ၊ အလင်းတရားကို သက်သေခံပေးရန် ခေါ်တော်မူခြင်းခံရသော ရှင်ယောဟန်ကဲ့သို့ ခရစ်တော်၏အထံတော်သို့ အခြားလူတို့၏စိတ်အတွေးများကို ညွှန်ပြပေးရန် ကျွန်ုပ်တို့သည်လည်း ခေါ်ဆိုခြင်းခံရကြပါသည်။ ခရစ်တော်အတွက် သက်သေခံကြမည့်သူတို့သည် မိမိကိုယ်ကိုမိမိ ထင်ပေါ်စေသောအပြုအမူနှင့်အခြားသူတို့က သူ့အားအာရုံစိုက်လာစေရန် ကြိုးပမ်းသွေးဆောင်ခြင်းလုပ်ရပ်များကို မည်သူတစ်ဦးတစ်ယောက်ကမျှ မလုပ်ဆောင်ပါစေနှင့်။ သို့သော်လည်း ခရစ်တော်ကိုချီးမြှောက်ထားရန် သူ့အားကြိုးပမ်းလုပ်ဆောင်ပါလေစေ။

လူသားတို့ကိုယ်၌က အလင်းမရှိပါ။ ကျွန်ုပ်တို့အနေဖြင့် ခရစ်တော်နှင့်ကင်းကွာနေကြပါက မီးတောက်မရှိသော သေးသွယ်သည့်ဖယောင်းတိုင်ကလေးကဲ့သို့ဖြစ်သည့်အပြင် နေမင်းရှိရာဘက်မှလှည့်ထွက်သွားသော လ၏မျက်နှာပြင်ကဲ့သို့ ကျွန်ုပ်တို့သည် ကမ္ဘာမြေကြီး၏အမှောင်ထုထဲအတွင်းသို့ ထွန်းလင်းတောက်ပသော အလင်းတန်းတစ်ခုကိုမျှ မကျရောက်စေနိုင်ပါ။ သို့သော်လည်း ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်းတရားတော်၏နေမင်းဆီသို့ ပြန်လှည့်လာပြီး၊ ခရစ်တော်နှင့်ထိတွေ့ရန်ပြန်လာပါက၊ အသက်ဝိညာဉ်တစ်ခုလုံးသည် တန်ခိုးတော်တည်ရှိခြင်း၏ထွန်းလင်းတောက်ပြောင်မှုဖြင့် တောက်ပနေပါမည်။

–o–



အောက်တိုဘာ (၂)

## ကျွန်ုပ်တို့သည်ခရစ်တော်၌စုံလင်ခြင်းရှိကြပါသည်
## “တန်ခိုးတော်၏မူလဇာစ်မြစ်သည်ခရစ်တော်၌ကိန်းဝပ်တော်မူခြင်းဖြင့်”

**“အကြောင်းမူကား၊ ဘုရားသခင်၏ဇာတိအဖြစ်တော်၏ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ကိုယ်ထင်ရှား၍ ကိန်းဝပ်တော်မူ၏။ အထွတ်အမြတ်အာဏာစက်ရှိသမျှကို အုပ်စိုးတော်မူသော ထိုသခင်၌သင်တို့သည် စုံလင်ခြင်းရှိကြ၏” (ကောလောသဲ ၂း၉၊၁၀)။**

သူ၏ကိုယ်စားပြုမှုအနေဖြင့် သခင်ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပြုမူကျင့်ကြံတော်မူပါသည်။ ၎င်းသန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ခရစ်တော်ယေရှုသည် အသက်ဝိညာဉ်ထဲသို့ အသက်သွင်းပေးတော်မူပြီး၊ ကောင်းမြတ်ခြင်းအတွက် စွမ်းအင်တို့ကို အားပေးနိုးဆော်ကာ ကိုယ်ကျင့်တရားညစ်ထေးမှုမှ စင်ကြယ်လာစေလျက်၊ သူ၏နိုင်ငံတော်အတွက် ကြံ့ခိုင်စေရန် ထိုဝိညာဉ်တော်ကို ပေးသနားတော်မူပါသည်။ လူသားများအတွင်းသို့ အပ်နှင်းပေးရန် ကြီးကျယ်လှသောကောင်းချီးမင်္ဂလာများရှိသည့်အပြင်၊ ကြွယ်ဝလှသောဆုကျေးဇူးများကိုလည်း ဝေငှပေးတော်မူရန်ရှိပါသည်။ သူသည် အံ့ဩဖွယ်သောအတိုင်ပင်ခံတစ်ဦးဖြစ်သည့်အပြင်၊ ပညာနှင့်ခွန်အားအရာတို့တွင် အသချေ်အနန္တဖြစ်တော်မူသည့်အလျောက် ကျွန်ုပ်တို့ကသာ သူ့ဝိညာဉ်တော်၏တန်ခိုးကို တန်ဖိုးထားအသိအမှတ်ပြုကြပြီး ထိုဝိညာဉ်တော်၏တန်ခိုးအားဖြင့် ကျွန်ုပ်တို့ကိုယ်ကိုပုံသွင်းခံကြပါက သူ၏ထံတော်တွင် ကျွန်ုပ်တို့သည် လုံးဝဥဿုံရပ်တည်ခွင့် ရကြပါလိမ့်မည်။ ဤအချက်သည် မည်သည့်အတွေးအခေါ်မျိုးဖြစ်ပါသနည်း။ အထက်ပါကျမ်းချက်အတိုင်း ကျွန်ုပ်တို့သိရှိထားရမည်မှာ၊ “ဘုရားသခင်၏ဇာတိအဖြစ်တော်၏ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ကိုယ်ထင်ရှား၍ ကိန်းဝပ်တော်မူ၏။------ထိုသခင်၌သင်တို့သည် စုံလင်ခြင်းရှိကြ၏” ဆိုသည့် ရှင်ပေါလု၏ဩဝါဒပင်ဖြစ်ပါသည်။

ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် လူသား၏စိတ်နှလုံးကို ပုံသွင်းခြင်းခံရန်အတွက် သူ၏အလိုတော်သို့မလိုက်မချင်း၊ ထိုနှလုံးသားသည် ပျော်ရွှင်ခြင်းကိုသိရှိနိုင်လိမ့်မည်မဟုတ်ပါ။ ဝိညာဉ်တော်သည် ပြန်လည်သစ်လွင်ပြီးသောအသက်ဝိညာဉ်ကို စံပြနမူနာဖြစ်သူ ယေရှုခရစ်တော်အတိုင်း ပုံစံတူအောင်ဖော်ဆောင်ပေးတော်မူပါသည်။ ထိုဝိညာဉ်တော်၏ဩဇာသက်ရောက်မှုအားဖြင့်၊ ဘုရားသခင်အပေါ်ရန်လိုမှုသည် ယုံကြည်ခြင်းနှင့်ချစ်ခြင်းမေတ္တာဘက်ဆီသို့ ပြောင်းလဲသွားပြီး၊ စိတ်နှိမ့်ချခြင်းဆီသို့ ဦးတည်သွားစေပါသည်။ အသက်ဝိညာဉ်သည်လည်း သမ္မာတရား၏အလှတရားကို သတိမူမိလာသည်နှင့်အမျှ၊ ထိုအသက်ဝိညာဉ်၏အကျင့်စရိုက်မြင့်မြတ်မှုနှင့် ခြောက်ပြစ်ကင်းမှုတို့အားဖြင့် ခရစ်တော်သည်လည်း ဂုဏ်ပြုခြင်းခံတော်မူရပါသည်။ ဤပြောင်းလဲမှုများတို့သည် အကျိုးသက်ရောက်မှုရှိလာကြပါက၊ ကောင်းကင်တမန်များတို့သည် အသည်းလှိုက်အူလှိုက်ချီးကျူးသည့် သီချင်းသံတို့ဖြင့် လွှမ်းခြုံသွားကြကာ၊ ဘုန်းတော်ရှင်၏သဏ္ဌာန်တော်အတိုင်း ဟန်ပန်ပြောင်းလဲပြီးဖြစ်သည့် အသက်ဝိညာဉ်များအတွက် ဘုရားသခင်နှင့်ခရစ်တော်တို့က ရွှင်လန်းဝမ်းမြောက်တော်မူကြပါသည်။

ယေဟောဝါ–ဧမာနွေလဖြစ်တော်မူသောသူက၊ "ဉာဏ်ပညာနှင့်အတတ်ပညာအားလုံးတို့၏ရတနာများတို့တွင် ကွယ်ဝှက်နေကြသူများနှင့် ဘုရားသခင်၏ဇာတိအဖြစ်တော်၏ပြည့်စုံခြင်းအပေါင်းတို့၏ထင်ရှားကိန်းဝပ်တော်မူခြင်းခံရသောသူတို့သည် ထိုဧမာနွေလနှင့်အတူ ကရုဏာသက်ခြင်းခံရမှုဆီသို့ ထည့်သွင်းခြင်းခံရကြမည်ဖြစ်ပြီး သူ့အားသိရှိကြရန်၊ သူ့အားပိုင်ဆိုင်ကြရန် သူတို့၏စိတ်နှလုံး ပို၍ပို၍ပွင့်လာသည်နှင့်အမျှ၊ သူ၏ပင်ကိုယ်အရည်အချင်းတော်ကို လက်ခံရယူနိုင်ရန်၊ သူ၏ချစ်ခြင်းမေတ္တာတော်နှင့် ဘုန်းတန်ခိုးတော်တို့ကိုသိရှိရန်၊ ရှာဖွေ၍မတွေ့ရှိနိုင်သော ခရစ်တော်၏ကြွယ်ဝမှုများကိုပိုင်ဆိုင်ရန် ထို့အပြင် (ဖေက် ၃း၁၈၊၁၉) တွင် ရှင်ပေါလုဖော်ပြထားသော "––အနံ၊ အလျား၊ အနက်၊ အမြင့်တို့ကို ပိုင်းခြား၍သိခြင်းငှာလည်းကောင်း၊ ကိုယ်ဉာဏ်နှင့်မသိနိုင်သော ခရစ်တော်၏မေတ္တာတော်ကို သိနားလည်ခြင်း



ငှာလည်းကောင်း သင်တို့သည် တတ်စွမ်းနိုင်သဖြင့် ဘုရားသခင်၏ပြည့်စုံတော်မူခြင်းရှိသမျှနှင့်အညီ ပြည့်စုံကြပါမည်အကြောင်း" ဆိုသည့် ဩဝါဒကို ပို၍နားလည်သဘောပေါက်ရမည့်အပြင်၊ "ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဤအရာသည် ထာဝရဘုရား၏အစေခံကျွန်တို့အတွက် အမွေတော်ဖြစ်ပြီး၊ သူတို့၏ဖြောင့်မတ်ခြင်းသည် ငါ၏ဖြောင့်မတ်ခြင်းပေတည်း" ဆိုသည့် ဘုရားသခင်၏မိန့်တော်မူချက်ကိုလည်း ပိုင်းခြား၍သိရှိနားလည်ရပါမည်။

–၀–

**အောက်တိုဘာ (၃)**

## ကျွန်ုပ်တို့သည်ခရစ်တော်၌စုံလင်ခြင်းရှိကြပါသည်
## “ခရစ်တော်လျှောက်လှမ်းတော်မူခဲ့သည့်အတိုင်း လျှောက်လှမ်းခြင်းအားဖြင့်”

**“ထိုကြောင့် သင်တို့သည် သခင်ယေရှုခရစ်ကို ခံယူပြီးသည်ဖြစ်၍၊ --- ထိုသခင်၌ကျင်လည်ကြလော့” (ကောလောသဲ ၂း၆၊၇)။**

သင်သည် အသက်သရဖူအတွက် တိုက်ပွဲဆင်နွှဲနေရပါသည်။ သင်၏အပြစ်များမှ သင့်ကိုကယ်တင်ရန် သူ၏တစ်ပါးတည်းသောသားတော် သခင်ယေရှုကို ပေးအပ်တော်မူသည်အထိ၊ သင့်အားတန်ဖိုးထားတော်မူသော ဘုရားသခင်က ကျေနပ်နှစ်သိမ့်စေမည့်ပုံစံမျိုးဖြင့် နေထိုင်ပေးပါ။ အချိန်အခါတိုင်းတို့တွင် ထိုက်တန်စွာလုပ်ဆောင်မှုဟူသည် ထိုထိုက်တန်သောအလုပ်ကို ကောင်းကောင်းမွန်မွန်လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း ဆိုသည့်အတွေးအခေါ်မျိုးကို အစဉ်အမြဲမျက်မှောက်ပြုရပါမည်။ မှန်ကန်သောလုပ်ဆောင်မှုကို လုပ်ဆောင်ရာတွင် အသက်ဝိညာဉ်တစ်ခုကို စိတ်ဓာတ်ကျဆင်းစေခြင်းမရှိစေရန် ဉာဏ်ပညာအတွက် ဘုရားသခင်ကိုအမှီပြုပါ။ အသက်ဝိညာဉ်တို့ကို သူ၏ထံတော်သို့ယူဆောင်ပေးခြင်းဖြင့် ခရစ်တော်နှင့်အတူလုပ်ဆောင်ပါ။ သင်လက်ခံဆောင်ရွက်သော အရာရာတိုင်းတို့တွင်၊ အကောင်းဆုံးသောအနေအထားဖြင့်လုပ်ဆောင်ပါ။ သခင်ယေရှုသည် သင်၏ကယ်တင်ရှင်ဖြစ်သည်အလျောက်၊ သင့်အနေဖြင့် နေ့စဉ်နေ့တိုင်း၊ အဖျင်းအမှော်တို့ကိုမစိုက်ပျိုးမိဘဲ၊ နိုင်ငံတော်၏ကောင်းမြတ်သော မျိုးစေ့တို့ကိုစိုက်ပျိုးနိုင်ရေးအတွက် သင့်အားကူညီစေရန် သူ့အား အားထားမှီခိုရပါမည်။

သင့်အနေဖြင့် သင်၏မျက်စိများအားဖြင့် တွေ့မြင်ရသကဲ့သို့ ဦးနှောက်နှင့်ကြည့်မြင်တတ်ရန် သင်ကြားရယူပါ။ သင်၏စီရင်ဆုံးဖြတ်ချက်သည်ချည့်နဲ့ပြီး ထိရောက်မှုမရှိလှသည့်အနေအထားတွင် မရှိစေရေးအတွက်၊



ငင်းစီရင်ဆုံးဖြတ်မှုကို ပညာပေးရပါမည်။ လမ်းညွှန်ပေးတော်မူရေးအတွက် သင်ဆုတောင်းရမည်ဖြစ်ပြီး ထာဝရဘုရားထံတော်၌ သင်၏လမ်းခရီးကို အပ်နှံရပါမည်။ ရှုံးသွပ်မှုနှင့်အပြစ်အားလုံးတို့အတွက် သင်၏စိတ်နှလုံးကို ပိတ်ထားပြီး ကောင်းကင်ဘုံဆိုင်ရာ ဩဇာသက်ရောက်မှုတိုင်းအတွက် ဖွင့်လှစ်ထားရပါမည်။ အချိုးညီသည့်အကျင့်စရိုက်ဖွံ့ဖြိုးမှုအတွက် သင်၏အချိန်နှင့်အခွင့်အရေးတို့ကို အစွမ်းကုန်ဖော်ဆောင်ရပါမည်။

ကျွန်ုပ်တို့အနေဖြင့် (ကောလောသဲ ၂း၁၀) တွင် ဖော်ပြထားသော ရှင်ပေါလု၏ဩဝါဒဖြစ်သည့်၊ “ထိုသခင်၌စုံလင်ခြင်းရှိကြ၏” ဆိုသည့်အတိုင်း ခရစ်တော်၌ စုံလင်ခြင်းရှိကြရမည့်အပြင် (ကောလောသဲ ၂း၆၊၇) ပါ အထက်ခေါင်းစီးကျမ်းချက်ဖြစ်သော “---သင်တို့သည် သခင်ယေရှုခရစ်ကို ခံယူပြီးသည်ဖြစ်၍၊---- ထိုသခင်၌ ကျင်လည်ကြလော့” အတိုင်း ကျင့်ကြံကြရပါမည်။ ဤကျမ်းပိုဒ်တို့၏ဆိုလိုရင်းမှာ သင်သည် ခရစ်တော်၏အသက်တာတော်ကို သင်ယူလေ့လာရမည့်သဘောပင်ဖြစ်သည်။ လောကီရေးရာအတတ်ပညာကို လေ့လာသင်ကြားရယူမှုထက်၊ ထိုခရစ်တော်၌စုံလင်ခြင်းရှိရမည့်အကြောင်းကို စိတ်အားထက်သန်မှုအပြည့်ဖြင့် သင်ယူလေ့လာရမည့်အပြင်၊ လက်ရှိအချိန်ကာလနှင့်ဆိုင်သော ကမ္ဘာလောကဆိုင်ရာအကျိုးရလဒ်တို့ကို လိုက်စားခြင်းထက်၊ ထာဝရတည်တံ့မည့်အကျိုးရလဒ်တို့ကို သင့်အနေဖြင့် သင်ယူလေ့လာရပါမည်။ ထာဝရတည်မြဲသောအရာများတို့၏တန်ဖိုးနှင့် အထွတ်အမြတ်ဖြစ်မှုတို့ကို သင့်အနေဖြင့် အသိအမှတ်ပြုပါက၊ သင်၏ကိုယ်စိတ်ချမ်းသာခြင်းအတွက် တွေ့ကြုံနေရသည့်ပြဿနာကိုဖြေရှင်းရာတွင် ထက်မြက်သောတွေးခေါ်မှုများနှင့် အကောင်းဆုံးသောစွမ်းအင်များတို့ကို ရယူနိုင်မည့်အပြင်၊ ထိုထာဝရတည်မြဲသောအရာများတို့နှင့် နှိုင်းယှဉ်လိုက်ပါက အခြားသောအကျိုးရလဒ်သည် အရာမထင်သောအခြေအနေဆီသို့ နစ်မြုပ်ကျဆင်းသွားစေသည့် သဘောထားမျိုး သင့်ထံတွင်ဖြစ်ပေါ်လာစေမည်။

သင့်အနေဖြင့် ခရစ်တော်သခင်ယေရှုတည်းဟူသော စံပြပုဂ္ဂိုလ်ရှိသည့်အလျောက်၊ သူ၏ခြေလှမ်းတော်များအတိုင်း လိုက်နာလျှောက်လှမ်းပါက၊ အရေးပါမှုအချို့နှင့်လည်းကောင်း အရေးပါမှုတိုင်းကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ပိုင်ဆိုင်မှုရယူနိုင်ရေးအတွက် ခေါ်ယူပေးအပ်ခြင်းခံရသည့်အနေအထားသို့ ရောက်ရှိနိုင်ရေးအတွက် အောင်မြင်မှုရရှိလာပေမည်။ သင်သည် အနှောင်အဖွဲ့ခံရသည့် ကျွန်သပေါက်အဖြစ် မိမိကိုယ်ကိုမိမိမခံစားဘဲ၊ ဘုရားသခင်၏သားတော်တစ်ပါးအဖြစ်ဖြင့်သာ ခံစားသဘောထားရပါမည်။

–ဝ–



MD - 18

## အောက်တိုဘာ (၄)

### ကျွန်ုပ်တို့သည်ခရစ်တော်၌စုံလင်ခြင်းရှိကြပါသည်

### "သမ္မာတရားတော်၌လျှောက်လှမ်းခြင်းဖြင့်"

**"သင်သည် သမ္မာတရား၌ကျင်လည်သည်အတိုင်း သင်၌ရှိသော သမ္မာတရား၏အကြောင်းကို ညီအစ်ကိုတို့သည် လာ၍သက်သေခံကြသောအခါ၊ ငါသည် အလွန်ဝမ်းမြောက်ခြင်းရှိ၏" (၃ယော ၁:၃)။**

လူသားတို့ထံသို့ယုံကြည်အပ်နှံသည့် အကောင်းတကာ့အကောင်းဆုံးသောအရည်အချင်းအတွက် ထာဝရဘုရား၌ နေရာတစ်ခုရှိပါသည်။ သူ၏နိုင်ငံတော်ကို ကြီးထွားလာအောင်လုပ်ဆောင်မှုတွင် ကျွန်ုပ်တို့သည် ဘုရားသခင်ပေးထားတော်မူသော လုပ်ဆောင်နိုင်စွမ်းတိုင်းအားဖြင့် လူသားတို့အပေါ်သစ္စာရှိစွာလုပ်ဆောင်ရမည့် တာဝန်တိုင်းအတွက်နှင့် ထိုလူသားတို့၏ဘုရားသခင်အပေါ်သစ္စာခံရန်၊ အခြေတည်ထားခြင်းခံရသော ဗာဗုလုန်နိုင်ငံရောက်ဒံယေလကဲ့သို့ သစ္စာရှိစွာနှင့်အလွန်စိတ်ထက်သန်စွာဖြင့် ဆောင်ရွက်ရကြပါမည်။

ဘုရားသခင်သည် သူ၏လူသားကိုယ်စားပြုသူများက သူ့အားပြန်လည်ပေးအပ်ခဲ့ပြီးသော လိမ္မာပါးနပ်မှုနှင့် အမြော်အမြင်ရှိသည့် ခြိုင်ခိုင်ကောက်ချက်ချမှုတို့ထက်သာလွန်သည့် အရည်အချင်းမျိုးကို လိုအပ်တော်မူပါသည်။ စာတန်မာရ်နတ်၏ကောင်းမွန်သောတီထွင်မှုအပြည့်ရှိသည့် အစီအစဉ်များတို့ကို ပြန်လည်တိုက်ဖျက်နိုင်ရေးအတွက် ထက်မြက်ပြီးမွန်မြတ်သန့်ရှင်းသည့် တွေးခေါ်မှုရှိရမည့်အပြင်၊ အလုပ်ကို တက်တက်ကြွကြွဖြင့်လုပ်ဆောင်ရပါမည်။ ဘုရားသခင်၏အမှုတော်ကိုလုပ်ဆောင်ရာတွင် မြင့်မားသည့်အရေးပါမှုတို့ကို နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ရမည့်အပြင်၊ ပိုမိုသန့်ရှင်းမြင့်မြတ်ပြီး ခိုင်မာသည့်သန္နိဋ္ဌာန်ချမှတ်မှု၊ မိမိကိုယ်ကိုအသက်စွန့်ဆက်ကပ်သည့် ကြိုးပမ်းမှုတို့ကို၊ ထိုအမှုတော်အတွင်း ထည့်သွင်းထားရန်လိုအပ်

ပါသည်။ ကျွန်ုပ်တို့၏လူငယ်လူရွယ်များတို့သည် မြင့်မားသောအနေအထား တစ်ခုကို ရင်ဆိုင်နိုင်ရေးအတွက် ပညာပေးမှုကိုရယူကြရမည်ဖြစ်သည့်အပြင် ထိုပညာပေးမှုအားဖြင့် သူတို့၏ကိုယ်ပိုင်ထာဝရတည်တံ့သည့် ဘဝကြမ္မာ အတွက် လတ်တလောဆုံးဖြတ်နိုင်စွမ်းရှိလာကြပေမည်။ သခင်ယေရှုထံတော် တွင်ရှိသော သမ္မာတရားတော်မျိုး မိမိ၏စိတ်နှလုံးထဲတွင် လုံလုံခြုံခြုံရှိစေ နိုင်သော မည်သည့်ဘေးဆီးရန်ကာမျိုးမျှ လူတိုင်းလူတိုင်းတွင်မရှိပါ။ ဤ သမ္မာတရားမျိုးမည်သည်မှာ၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် မိမိ၏စိတ် နှလုံးတွင်းတွင်သာ စိုက်ပျိုးရပါမည်။ ယခုအခါတွင် ဘာသာရေးသမားဟု အခေါ်ခံကြသောသူအများအပြားတို့သည် စာတန်မာရ်နတ်၏မူလဘူတ ဇာစ်မြစ်များအားဖြင့် ပြင်းပြင်းထန်ထန်ရန်ပြုခြင်းခံရလာသောအခါ မြင်ကွင်း ထဲမှ နစ်မြုပ်ပျောက်ကွယ်သွားကြပေလိမ့်မည်။ အသက်ဝိညာဉ်ကို သန့်ရှင်း မွန်မြတ်စင်ကြယ်စေမည့် အထက်အရပ်မှသမ္မာတရားနှင့်ဉာဏ်ပညာတို့မှလွဲပြီး အခြားမည်သည့်အရာမျှ ရပ်တည်နိုင်ကြမည်မဟုတ်ပါ။

စိတ်အလိုလိုက်မှုဆိုသည်မှာ ဘာသာတရားပင်ဖြစ်ပါသည်ဆိုသည့် အတွေးမျိုး မည်သူမျှမတွေးထင်ပါစေနှင့်။ မည်သည့်ကိုယ်ကျိုးအတွက်စိတ် ကိုမျှ၊ ပိုးမွေးသကဲ့သို့ မမွေးမိပါစေနှင့်။ သူတို့၏စိတ်ဆန္ဒများတို့ကိုချုပ်ချယ် နိုင်ရန် လူငယ်လူရွယ်တို့ကို သင်ကြားလေ့ကျက်မှုရှိစေကြပြီး မိမိတို့၏ဥစ္စာ စည်းစိမ်တို့ကို အသုံးပြုကြရာတွင် ဖြုန်းတီးပစ်ကြသလိုမဖြစ်စေရန် သတိပြု မိကြပါစေ။ အားလုံးသောသူတို့ကို သခင်ယေရှုထံတော်သို့သာ တူရူပြုပြီး၊ သူ၏အကျင့်စရိုက်တော်ကို အာရုံပြုဆင်ခြင်ကြကာ သူ၏ခြေရာတော်များ အတိုင်း လိုက်လျှောက်ကြပါစေ။

အကယ်၍ သမ္မာတရားတော်ကိုလက်ခံရယူထားပါက အတော မသတ်နိုင်သောတိုးပွားမှုနှင့် သစ်လွင်သောဖွံ့ဖြိုးတိုးတက်မှုတို့ကို လုပ်ဆောင် နိုင်စွမ်းရှိစေပါသည်။ ကျွန်ုပ်တို့သည် ၎င်းသမ္မာတရားတော်ကို လှမ်းမျှော် ကြည့်ရှုကြပါက၊ ထက်မြက်မှုတိုးတက်လာမည့်အပြင်၊ ၎င်းကိုဆုပ်ကိုင်လို သည့်ဆန္ဒပြင်းပြကြပါက ထိုထက်မြက်မှုသည် ကျယ်ဝန်းလာမည့်အပြင်



လေးနက်မှုလည်းရှိလာပေလိမ့်မည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့သည် ကုံလုံ ပြည့်စုံသည့်အဆင်းအတန်းသို့ တွန်းတင်ခြင်းခံရကာ၊ ကျွန်ုပ်တို့ရှေ့လျှောက် ဆောင်ရွက်ရမည့်အမှုတော်အတွက် ဘုရားသခင်အပေါ် ကျွန်ုပ်တို့၏ယုံကြည် ခြင်းနှင့်သစ္စာစောင့်သိမှုတို့ကို ခွန်အားအဖြစ်သို့ရောက်ရှိစေပါသည်။

ဘုန်းတော်ရှင်ဆိုင်ရာ သမ္မာတရားတော်၏လျှောက်ထားချက်ဖြင့် ပြည့်စုံသည့် ဘုရားသခင်၏သဏ္ဍာန်တော်သည် ပြန်လည်ဖော်ဆောင်ခြင်း ခံရပါလိမ့်မည်။

–ဝ–

**အောက်တိုဘာ (၅)**

## ကျွန်ုပ်တို့သည်ခရစ်တော်၌စုံလင်ခြင်းရှိကြပါသည်

## “ပညတ်တော်တို့၏အသေးစိတ်အချက်အလက်တိုင်းတို့ကို လိုက်နာစောင့်ရှောက်ခြင်းဖြင့်”

**“ပညတ်တော်တို့ကိုစောင့်သောသူသည် ဘုရားသခင်၌တည်၏။ ထိုသူ၌လည်း ဘုရားသခင်တည်တော်မူ၏။ ငါတို့အားပေးတော်မူသောဝိညာဉ်တော်ကို ငါတို့သည်အမှီပြု၍၊ ဘုရားသခင်သည် ငါတို့၌တည်တော်မူသည်ကို သိရကြ၏” (၁ယော ၃:၂၄)။**

ကျွန်ုပ်တို့၏အသေးငယ်ဆုံးသော အသေးစိတ်အသက်တာတွင် ကျွန်ုပ်တို့၏စကားလုံးများ၊ ကျွန်ုပ်တို့၏စိတ်ဓာတ်နှင့်ပြုမူကျင့်ကြံမှုများတို့ကို ကာကွယ်ထားကြခြင်းဖြင့် သစ္စာစောင့်သိကြရန် ဘုရားသခင်က တောင်းခံတော်မူပါသည်။ ဤအရာကိုလုပ်ဆောင်ကြရန်၊ ကျွန်ုပ်တို့သည် ကုံလုံပြည့်စုံသည့် ကိုယ့်ကိုကိုယ်ချုပ်ထိန်းမှုကိုဆည်းပူးကြရန်လိုအပ်ပြီး၊ ဤအချက်ကို လက်ကိုင်ထားနိုင်ရန် တည်မြဲပြီးမရပ်မနားတမ်း သတိချစောင့်ကြည့်မှုကို လိုအပ်ကြပါသည်။

ကိုယ်ကျိုးအတ္တစိတ်ကိုထိန်းချုပ်နိုင်ရမည့်အပြင်၊ အိမ်ထောင်မိသားစုတွင်းနှင့် လုပ်ငန်းကိုင်ငန်းဘဝများတို့တွင် အရေးကြီးသောအမှားအယွင်းတို့ကို ရှောင်ရှားနိုင်ကြရပါမည်။ များစွာသောမိသားစုများတွင် မိသားစုဝင်များတို့အတွင်း လက်လွတ်စပယ်ပြောဆိုမှု၊ အသိတရားကင်းမဲ့သည့် ဘဝအခြေအနေမျိုးတို့ကို အကျင့်ဓလေ့အဖြစ် ပြုမူကျင့်ကြံကြပြီး၊ မချင့်မရဲဖြစ်စရာဓလေ့စရိုက်၊ ကြမ်းတမ်းသောစကားလုံးတို့ကို ပြောဆိုတတ်လာသည့်အလျောက်၊ ထိုအပြုအမူအပြောအဆိုတို့သည် ထမင်းစားရေသောက်သဘောမျိုးထားလာတတ်သည့်အဆင့်သို့ ခိုင်ခိုင်မာမာရောက်ရှိလာကာ၊ ဘုရားသခင်၏



အမိန့်ပေးစေခိုင်းမှုမဟုတ်သည့် စာတန်မာရ်နတ်၏အမိန့်ပေးစေခိုင်းမှုအားဖြင့်၊ များစွာသောမနှစ်မြို့ဖွယ်ရာစကားလုံးများကို ပြောဆိုမှုများဖြစ်ပေါ်လာပါသည်။ ဤကဲ့သို့သော လောကီစကားလုံးများပြောဆိုခြင်းကို အရသာတွေ့နေကြသောသူတို့သည် လမ်းညွှန်စာအုပ်ဖြစ်သော ကျမ်းစာတော်မြတ်ကို လေ့လာသင်ယူသင့်ကြပြီး၊ ထိုကျမ်းစာတော်မြတ်၌ဖော်ပြသည့် ကျွန်ုပ်တို့ထံမှ ၎င်း၏လိုလားချက်တို့ကို အလေးထားသိရှိလိုသောစိတ်သဘောထားမျိုးဖြင့် ကြိုးပမ်းရှာဖွေဖတ်ရှုကြရမည်ဖြစ်ကာ ထိုကဲ့သို့မျိုးလုပ်ဆောင်ရန်မှာ ထိုကျမ်းစာတော်မြတ်တွင်ပါရှိသော တရားဝင်အမိန့်တော်များဖြစ်သည့် ပြုမူနေထိုင်မှုနှင့်ပြောဆိုမှုတို့တွင် ပြုပြင်ပြောင်းလဲမှုတို့ကို လက်တွေ့လုပ်ဆောင်ရေးကို မဖြစ်မနေစတင်လုပ်ဆောင်သင့်ပါသည်။ ဘဝအသက်တာတစ်လျှောက်၌ကျင့်သုံးသည့် လူမှုဆက်ဆံရေးတိုင်း၊ တာဝန်ခံရသည့်အနေအထားတိုင်း၊ ချစ်ခင်မြတ်နိုးမှုနှင့်ဓလေ့စရိုက်တိုင်း၊ စိတ်အတွေး၏တည်ငြိမ်မှုမရှိသည့် လှုပ်ရှားမှုတိုင်းတို့ကို အလွန်ကျယ်ပြန့်မှုရှိသော ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားတော်နှင့် ပညတ်တော်တို့၏ကြီးမားသောအဆင့်အတန်းဆီသို့ ယူဆောင်လာရပါမည်။ ဘုရားသခင်၏သင်ကြားပို့ချချက်များဖြစ်သည့် နှုတ်တော်ထွက်အားလုံးတို့ကို နားလည်နိုင်ရန်နှင့် ထိုပို့ချချက်တို့ကို လက်တွေ့လေ့ကျင့်လိုသောစိတ်ကို လိုလိုလားလားထားရှိနိုင်ရေးအတွက် ကျွန်ုပ်တို့၏စိတ်နှလုံးထဲတွင် အကြွင်းမဲ့ချစ်သောစိတ်ကိုထားရှိရပါမည်။

စိတ်အတွေးစဉ်တစ်ခုလုံးသည် သန့်ရှင်းသောဝိညာဉ်တော်၏ပုံသွင်းမှုကို ခံယူရပါမည်။ ခရစ်တော်ယေရှုသခင်၌ စုံလင်ခြင်းရှိကြစေရေးအတွက် စိတ်ထက်သန်စွာ ကြိုးပမ်းရှာဖွေကြရာတွင် ဘုန်းတော်ရှင်၏တန်ခိုးတော်သည် လူသား၏ကြိုးပမ်းအားထုတ်မှုနှင့်အတူ လာရောက်ပူးပေါင်းတော်မူမည်ဖြစ်သည်။ စိတ်နှလုံးအကြွင်းမဲ့ဖြင့် သူ့ကိုကြိုးပမ်းရှာဖွေကြသည့်လူတိုင်းလူတိုင်းကို ထာဝရဘုရားက ကူညီတော်မူပါလိမ့်မည်။ ထိုသူသည် အသက်၏အလင်းကိုရရှိမည်ဖြစ်ပြီး ထိုအလင်းသည် ရှင်သန်နေသောဗျာဒိတ်တော်မှ ထွန်းလင်း

ဖြာဆင်းလာပါသည်။ သူ၏နွေးထွေးမှုကို ကမ္ဘာမြေတစ်ပြင်လုံးသို့ ဖြာဆင်းကျရောက်စေသည့် နေမင်းကြီး၏အလင်းကဲ့သို့၊ ဖြောင့်မတ်ခြင်းတရားတော်နေမင်း၏ထွန်းတောက်သောအလင်းတန်းတို့သည် စိတ်နှလုံးအတွင်းသို့ ကျန်းမာခြင်းကျေးဇူးဆုလာဘ်ဆိုင်ရာအလင်းတန်းတို့ကို ဖြာဆင်းကျရောက်စေမည်ဖြစ်သည်။

–၀–



အောက်တိုဘာ (၆)

### ကျွန်ုပ်တို့သည်ခရစ်တော်၌စုံလင်ခြင်းရှိကြပါသည်

## "ဘုရားသခင်၏သားသမီးတော်များအဖြစ်စုစုစည်းစည်းရှိခြင်းဖြင့်"

**"အဘယ်သို့နည်းဟူမူကား၊ သင်တို့အပေါင်းသည် ယေရှုခရစ်ကိုယုံကြည်သဖြင့် ဘုရားသခင်၏သားဖြစ်ကြ၏" (ဂလာတိ ၃း၂၆)။**

တိတိကျကျရုပ်ခြင်းတူသည့် လူနှစ်ယောက်ကို ကျွန်ုပ်တို့တွေ့မြင်ရခဲပါသည်။ လူ့လောကသားများအတွင်း၊ ထိုနည်းတူသဘာဝလောကတွင်ရှိနေကြသောအရာများအတွင်း ကွဲပြားခြားနားမှုရှိကြပါသည်။ ဘုရားသခင်၏သားသမီးတော်များအတွင်း မတူကွဲပြားမှုရှိစေကာမူ၊ စည်းစည်းလုံးလုံးရှိခြင်းသည် ခြားနားသည့်ပင်ကိုစရိုက်ရှိစေကာမူ ချစ်ခြင်းမေတ္တာနှင့်သည်းခံထိန်းချုပ်မှုတို့ကို ထင်ထင်ရှားရှားပြသခြင်းပင်ဖြစ်ပြီး ဤအချက်သည် အပြစ်သားတို့ကိုကယ်တင်ရန် ဘုရားသခင်သည် သူ၏သားတော်ကို ကမ္ဘာမြေကြီးဆီသို့ပို့ဆောင်တော်မူခြင်း၏သက်သေခံချက်ပင်ဖြစ်သည်။

ခရစ်တော်နှင့်သူ၏တပည့်တော်တို့၏ပူးပေါင်းစုစည်းမှု ဖြစ်ပေါ်လာခဲ့ရာတွင် ခရစ်တော်နှင့်တပည့်တော်တို့နှစ်ဦးနှစ်ဖက်တို့၏ပင်ကိုစရိုက်တို့ကိုပျက်ယွင်းမသွားစေပါ။ စိတ်အတွေးတွင်း၊ ရည်ရွယ်ချက်ဆိုင်ရာနှင့်အကျင့်စရိုက်တို့တွင် တစ်လုံးတစ်ဝတည်းဖြစ်ကြသော်လည်း လူပုဂ္ဂိုလ်အရတွင်မတူကြပါ။ ဘုရားသခင်၏ဝိညာဉ်တော်၏ပူးပေါင်းပါဝင်မှုဖြင့် ဘုရားသခင်၏ပညတ်တရားတော်နှင့် ကိုက်ညီစွာနေထိုင်ပါက၊ လူသားအနေဖြင့် ဘုန်းတော်ရှင်၏သဘာဝသွင်ပြင်နှင့် ကိုက်ညီသောအနေအထားသို့ ရောက်ရှိလာပါသည်။ ခရစ်တော်သည် သူ၏တပည့်တော်တို့ကို သူနှင့်သူ၏ဖခမည်းတော်တို့နှင့် ရှင်သန်သောပူးပေါင်းစုဖွဲ့မှုဆီသို့ ယူဆောင်တော်မူခဲ့ပါသည်။ လူ၏စိတ်အတွေးပေါ်တွင် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်ချက်အားဖြင့် လူသည် ခရစ်တော်၌စုံလင်ခြင်းရှိလာပါသည်။ ခရစ်တော်နှင့်

ပေါင်းစည်းခြင်းအားဖြင့် တစ်ဦးနှင့်တစ်ဦး စည်းလုံးမှုကိုဖြစ်ပေါ်စေသည့် ချည်နှောင်မှုကို တည်ဆောက်ပေးပါသည်။ ဤစည်းလုံးမှုသည် ခရစ်တော်၏တန်ခိုးအာနုဘော်တော်နှင့် သီလပါရမီတော်တို့ကို ကမ္ဘာမြေကြီးပေါ်သို့ ယုံကြည်စရာအကောင်းဆုံးသော သက်သေပြချက်ဖြစ်ပြီး အပြစ်ကိုဖယ်ရှားပစ်လိုက်သည့် ဘုန်းတန်ခိုးတော်အကြောင်းကိုလည်း သက်သေပြပါသည်။

ခရစ်တော်သည် သူတို့ကိုချစ်တော်မူသကဲ့သို့ အချင်းချင်းတစ်ယောက်ကိုတစ်ယောက်ချစ်ကြသော၊ အချင်းချင်းကင်းကွာစေခြင်းနှင့် ပဋိပက္ခဖြစ်ပေါ်စေခြင်းကိုဖန်တီးရန် ငြင်းဆန်ကြပြီး၊ အတူတကွရပ်တည်ကြကာ အကြင်နာတရား၊ ရည်မွန်မှုနှင့်သိမ်မွေ့သောနှလုံးသားရှိကြသည့် ယုံကြည်သူတို့ရှေ့မှောက်တွင် အမှောင်ထု၏တန်ခိုးများတို့အနေဖြင့် ခံရပ်နိုင်သောအခွင့်အရေးမှာ အထူးနည်းပါးပါသည်။ ထိုယုံကြည်သူတို့သည် ချစ်ခြင်းမေတ္တာအားဖြင့် လုပ်ဆောင်ပြီး၊ အသက်ဝိညာဉ်ကို စင်ကြယ်စေသည့်ယုံကြည်ခြင်းကို ရင်ဝယ်ပိုက်ထားကြပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ဝိညာဉ်တော်ကိုရရှိကြရမည်ဖြစ်ပါသည်၊ (သို့မဟုတ်) ကျွန်ုပ်တို့တစ်စုံတစ်ယောက်ကမျှ သူ၏လူများမဖြစ်နိုင်ကြပါ။

စုစည်းမှုအတွင်း၌ခွန်အားရှိပြီး ကွဲပြားမှုတွင်အားနည်းမှုသာရှိပါသည်။

ခရစ်တော်နှင့်ပေါင်းစည်းမှုဆီသို့ ချဉ်းကပ်မှုသည် ကျွန်ုပ်တို့အချင်းချင်းပေါင်းစည်းစေသည့် ချဉ်းကပ်မှုကိုဖြစ်ပေါ်စေပါသည်။ ကွဲပြားခြားနားမှုနှင့် အကြင်နာချစ်ခြင်းကင်းမဲ့မှု၊ ကိုယ်ကျိုးအတ္တစိတ်နှင့်ဘဝင်မြင့်စိတ်တို့သည် ကြီးစိုးလွှမ်းမိုးလိုမှုကို ကြိုးပမ်းရယူပါသည်။ ဤအရာများသည် ခွဲခြားလိုသောစိတ်သဘော၏အသီးများဖြစ်ကြပြီး အသက်ဝိညာဉ်တို့၏ရန်သူကိုအကြံပေးချက်များအတွက် လမ်းဖွင့်ပေးစေသည့်အရာများဖြစ်ကြပါသည်။ စာတန်မာရ်နတ်အနေဖြင့် သဘောထားကွဲလွဲမှုမျိုးစေ့များတို့ကို သူစိုက်ပျိုးနိုင်သောအချိန်တွင် အလွန်အမင်းဝမ်းမြောက်ခြင်းရှိပါသည်။

အခြားနည်းလမ်းများဖြင့် ရယူ၍မရနိုင်သောအသက်တာနှင့်တန်ခိုးတို့ကို စည်းလုံးမှု၌သာရရှိနိုင်ပါသည်။

–ဝ–



အောက်တိုဘာ (၇)

## ရှင်သန်နေသောစပျစ်နွယ်ပင်ဖြစ်သူခရစ်တော်၌ကျွန်ုပ်တို့တည်မှီနေကြပါသည်

## "ခရစ်တော်သည်စစ်မှန်သောစပျစ်နွယ်ပင်ဖြစ်တော်မူပါသည်"

**"ငါသည် မှန်သောစပျစ်နွယ်ပင်ဖြစ်၏။ ငါ့ခမည်းတော်သည်လည်း ဥယျာဉ်စောင့်ဖြစ်တော်မူ၏" (ယောဟန် ၁၅း၁)။**

ခရစ်တော်၏နောက်တော်သို့လိုက်လျှောက်ကြမည့်သူများအနေဖြင့်၊ သူ့ကိုယုံကြည်ရကြမည်ဖြစ်သည့်အပြင် ကိန်းဝပ်တော်မူသည့် ဧည့်သည်တစ်ယောက်ဖြစ်သည့် ခရစ်တော်အတွက်သူတို့၏စိတ်နှလုံးတံခါးကို ဖွင့်ထားပေးရကြပါမည်။ ရှင်သန်နေသောစပျစ်ပင်စည်တွင်တည်နေသော စပျစ်အကိုင်းအခက်များကဲ့သို့ သူတို့သည် ခရစ်တော်၌တည်နေရကြပါမည်။ သေရေးရှင်ရေးတမျှအရေးကြီးသည့် စုပေါင်းဖွဲ့စည်းမှုတစ်ခုအဖြစ် ပင်မပင်စည်နှင့်အကိုင်းအခက်တို့သည် ပေါင်းစည်းမှုရှိမှသာလျှင် ပင်စည်၌တွေ့မြင်ရသည့်အကိုင်းအခက်တို့တွင် ထိုအပင်၏အသီးကို တွေ့မြင်ရနိုင်မည်ဖြစ်သည်။ ဤနည်းအတိုင်းပင်၊ ခရစ်တော်သခင်ယေရှုနှင့် မိမိကိုယ်ကိုပေါင်းစည်းသည့်လူသားကိုယ်စားလှယ်အားဖြင့်သာလျှင် ဘုရားသခင်သည် အမှုတော်ကိုဆောင်ရွက်တော်မူပါလိမ့်မည်။ ခရစ်တော်၌ သစ္စာရှိစွာတည်နေကြသောသူတို့သည် 'ဧနောက်' ကဲ့သို့ ဘုရားသခင်သည် သူတို့နှင့်အတူတကွ ကိန်းဝပ်တည်ရှိနေတော်မူသည် ဆိုသည့်အသိကို ခံစားရကြပါလိမ့်မည်။ မသေချာမရေရာမှုများနှင့်သာ ကြုံတွေ့နေရကြသည်ဟု မိမိတို့ကိုယ်ကိုခံစားရကြသောသူများနှင့် မိမိတို့ကိုယ်ကိုမိဘမဲ့များအဖြစ် ခံစားနေရကြသည့်သူများတို့ကို အဘယ်ကြောင့်အများအပြား တွေ့မြင်နေကြရပါသနည်း။ ဤကဲ့သို့သောသူမျိုးများတို့ကို တွေ့မြင်နေရကြခြင်းမှာ ထိုသူတို့သည် သူတို့၏အပြစ်တို့ကိုသူတို့၏ကိုယ်စားဝင်ရောက်ခံယူသော သခင်ယေရှု၏တန်ဖိုးရှိလှစွာသောအာမခံမှုအပေါ် ထားရှိရမည့်ယုံကြည်ခြင်းကို ပြုစုပျိုးထောင်ခြင်းမပြုကြ

သောကြောင့်ဖြစ်ပါသည်။ သူတို့၏အပြစ်ကို ကိုယ်စားပြုခံယူတော်မူသော ခရစ်တော်သည် ပညတ်တရားတော်ကို ချိုးဖောက်ကြသောသူများတို့ကိုယ်စား၊ မိမိကိုယ်ကိုလူသားသဘာဝအဖြစ် ခံယူတော်မူပြီး၊ ကျွန်ုပ်တို့ကဲ့သို့ သာမန်လူအဖြစ် အသွင်ဆောင်တော်မူရခြင်းမှာ အစဉ်ထာဝရငြိမ်သက်ခြင်းနှင့် အာမခံချက်တို့ကို ကျွန်ုပ်တို့ရရှိစေရန်အတွက်ဖြစ်ပါသည်။ ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့အတွက် အကျိုးဆောင်ပေးတော်မူမည့် ရှေ့နေတစ်ဦးရှိနေတော်မူပြီး ထိုရှေ့နေကို မိမိ၏ပုဂ္ဂလိကကယ်တင်ရှင်အဖြစ် လက်ခံသမျှသော သူတိုင်းတို့သည် သူ၏အပြစ်များအတွက် ကျိန်ခြင်းကိုခံရသည့် အကျိုးရလဒ်ဖြစ်သည့် မိဘမဲ့ဖြစ်ရသည့်အနေအထားမှ လွတ်မြောက်သွားကြပါလိမ့်မည်။

ကျွန်ုပ်တို့အနေဖြင့် ယုံကြည်ခြင်းကိုနေ့စဉ်ပြုစုပျိုးထောင်ပြီး ကျွန်ုပ်တို့၏အရေးအရာကို ကိုင်တွယ်ဆောင်ရွက်တော်မူပြီး၊ ကရုဏာနှင့်သစ္စာတရားတို့နှင့်ပြည့်စုံတော်မူသည့် အမြင့်ဆုံးသောယဇ်ပုရောဟိတ်မင်းဖြစ်သောသူကို နေ့စဉ်အာရုံပြု၊ ဆင်ခြင်ရပါမည်။ (ဟေဗြဲ ၂း၁၈) တွင် "ထိုသို့စုံစမ်းနှောင့်ယှက်ခြင်းကို ကိုယ်တော်တိုင်ခံ၍ ဒုက္ခဆင်းရဲခြင်း၌ကျင်လည်သောကြောင့် စုံစမ်းနှောင့်ယှက်ခြင်းအမှုနှင့် တွေ့ကြုံသောသူတို့ကို မစခြင်းငှာတတ်နိုင်တော်မူ၏" ဟူ၍အပြင် (ဟေဗြဲ ၄း၁၅) တွင်လည်း "ငါတို့ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသောဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်။ ငါတို့ခံရသည်နည်းတူ၊ အမျိုးမျိုးသောစုံစမ်းနှောင့်ယှက်ခြင်းတို့ကို ခံဖူးသောသူဖြစ်တော်မူ၏။---" ဟူ၍ ဖော်ပြထားပါသည်။ ထို့ပြင်မက ယခုအခါတွင် ကောင်းကင်နိုင်ငံတော်၌ ထိုယဇ်ပုရောဟိတ်မင်းတည်းဟူသော သခင်ခရစ်တော်သည် ကျွန်ုပ်တို့၏ဆင်းရဲခြင်းဒုက္ခများအတွက်၊ ဖိစီးမှုကိုခံစားတော်မူနေရပြီး၊ အသက်ရှင်တော်မူသော ကယ်တင်ရှင်အဖြစ်ဖြင့်လည်းကောင်း၊ စိတ်ဝင်တစားရှိသော အကျိုးဆောင်ရှေ့နေတော်ကြီးအဖြစ်လည်းကောင်း ကျွန်ုပ်တို့အတွက်အမှုကိုစောင့်တော်မူပါသည်။



ကျွန်ုပ်တို့အနေဖြင့် ယုံကြည်ခြင်းကိုနေ့စဉ်လေ့ကျင့်ခန်းလုပ်ပေးရမည်ဖြစ်ပြီး ဤကဲ့သို့လေ့ကျင့်ခန်းလုပ်ပေးခြင်းဖြင့် ယုံကြည်ခြင်းသည်နေ့စဉ်တိုးတက်မှုရှိလာရမည်ဖြစ်သည်အလျောက်၊ သူသည် ကျွန်ုပ်တို့အားကယ်ချွတ်တော်မူရုံမျှမကဘဲ ကျွန်ုပ်တို့အားချစ်တော်မူသောကြောင့် သူ၏အသွေးတော်ဖြင့် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏အပြစ်များမှကင်းစင်သွားအောင်လျှော်ဖွပ်ဆေးကြောတော်မူသည့်အပြင်၊ ဘုရားသခင်တည်းဟူသော ဖခမည်းတော်ထံတော်တွင် ကျွန်ုပ်တို့အားရှင်ဘုရင်များနှင့် ယဇ်ပုရောဟိတ်မင်းများအဖြစ်သို့ရောက်ရှိစေရန် လုပ်ဆောင်ပေးတော်မူကြောင်းကို ကျွန်ုပ်တို့သဘောပေါက်သိရှိလာရကြမည်ဖြစ်သည်။

–o–

အောက်တိုဘာ (၈)

## ရှင်သန်နေသောစပျစ်နွယ်ပင်ဖြစ်သူခရစ်တော်၌ကျွန်ုပ်တို့တည်မှီနေကြပါသည်

## "ကျွန်ုပ်တို့သည်အကိုင်းအခက်များဖြစ်ကြပါသည်"

**"ငါသည်စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များဖြစ်ကြ၏။ အကြင်သူသည် ငါ၌တည်၍၊ ငါသည်လည်း သူ၌တည်၏။ ထိုသူသည် များစွာသောအသီးကိုသီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှမတတ်နိုင်ကြ" (ယောဟန် ၁၅:၅)။**

သခင်ယေရှုခရစ်တော်ထံတော်မှ သီလပါရမီတော်ကို လက်ခံရရှိခြင်းမရှိကြပါက၊ ကျွန်ုပ်တို့သည် မည်သည့်အရာမျှမရရှိနိုင်ကြမည့်အပြင်၊ မည်သည့်အရာမျှလည်းမဟုတ်နိုင်ပါ။ ဘုရားသခင်ထံတော်တွင် ခွင်းချက်မရှိ၊ မိမိ၏စိတ်နှလုံးကို ဆက်ကပ်အပ်နှံခြင်းမပြုသည်အထိ လူသားကိုယ်စားပြုသူသည် စစ်မှန်သောစပျစ်နွယ်ပင်ဖြစ်သူ ခရစ်တော်၌တည်မှီမှုမရှိသေးသည်အလျောက် ထိုစပျစ်ပင်၌ မရှင်သန်နိုင်သည့်အပြင် ကြွယ်ဝများပြားသောအသီးအပွင့်အခိုင်တို့ကို မသီးပေးနိုင်ပါ။ ဘုရားသခင်သည် အပြစ်တရားနှင့်အနည်းပါးဆုံးသော အပေးအယူလုပ်မှုကို လုပ်ဆောင်တော်မူမည်မဟုတ်ပါ။ ဤကဲ့သို့မျိုးသောအပေးအယူကို ဘုရားသခင်ကသာလုပ်ဆောင်တော်မူခဲ့ပါက ခရစ်တော်အနေဖြင့် ကျွန်ုပ်တို့၏ကမ္ဘာမြေကြီးပေါ်သို့ ဆင်းလာပြီး ဒုက္ခဝေဒနာခံစားကာ အသေခံတော်မူစရာမလိုတော့ပါ။ သမ္မာတရားတော်ကို လက်ခံသော်လည်း၊ မိမိတို့၏အကျင့်စရိုက်နှင့်အပြုအမူနှစ်ရပ်စလုံးတို့ကို မပြောင်းလဲကြပါက၊ ထိုသူတို့သည် စစ်မှန်သောပြောင်းလဲခြင်းကို လုပ်ဆောင်ကြရာမရောက်ပါ။ ချစ်ခြင်းမေတ္တာအားဖြင့် ဖော်ဆောင်သောသမ္မာတရားသည် အသက်ဝိညာဉ်ကို မြင့်မြတ်စင်ကြယ်စေပါသည်။

ခရစ်တော်၌ ကျွန်ုပ်တို့မတည်မှီကြပါက၊ ကျွန်ုပ်တို့၏အသက်မွေးဝမ်းကျောင်းအလုပ်များတို့သည် တန်ဖိုးမဲ့သွားကြမည်ဖြစ်ပြီး ခရစ်တော်



စပျစ်ပင်ကြီး၏သေရေးရှင်ရေးနှင့်အမျှဖြစ်သော အရည်အသွေးများ ကျွန်ုပ်တို့ထံတွင်မရှိကြပါက ကျွန်ုပ်တို့သည်လည်း အသက်ရှင်နေသောအကိုင်းအခက်များမဖြစ်နိုင်ကြပါ။ စစ်မှန်သောခရစ်ယာန်တွင် သူ၏အရှင်သခင်၏ထူးခြားသောပင်ကိုလက္ခဏာဆောင်သည့် အလိုတော်သည် ပေါ်ပေါ်ထင်ထင်ရှိလာမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့အသက်တာများနှင့်အကျင့်စရိုက်များတို့တွင် ခရစ်တော်၏ကျေးဇူးတော်များကို ကျွန်ုပ်တို့ကရောင်ပြန်ဟပ်လာသောအခါ ခမည်းတော်ဘုရားသခင်ကလည်း သူ၏သားတော်ကိုချစ်တော်မူသကဲ့သို့ ကျွန်ုပ်တို့အားချစ်တော်မူပါလိမ့်မည်။ လက်ရှိတည်ရှိနေသော သမ္မာတရားတော်ကိုယုံကြည်ကြောင်း မိမိကိုယ်ကိုထုတ်ဖော်ပြောဆိုကြသောသူတို့တွင် ထိုအခြေအနေမျိုး (ခရစ်တော်၏ကျေးဇူးတော်များရောင်ပြန်ဟပ်ခြင်း) ပြည့်စုံပြီးပါက ကြီးပွားတိုးတက်သည့် အသင်းတော်တစ်ခုကို ကျွန်ုပ်တို့တွေ့မြင်ရကြမည်ဖြစ်ကာ ထိုအသင်းတော်ဝင်တို့သည် မိမိတို့ကိုယ်တိုင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့်မနေထိုင်ကြဘဲ သူတို့အတွက်အသေခံတော်မူသောသူဖြစ်သည့် ခရစ်တော်ထံတော်တွင် ရှင်သန်နေကြသောကြောင့် သူတို့သည် ရှင်သန်နေတော်မူသော စပျစ်နွယ်ပင်ခရစ်တော်၏ဖူးပွင့်ဝေဆာသည့် အကိုင်းအခက်များအဖြစ်သို့ ရောက်ရှိလာကြပါလိမ့်မည်။

သစ်ပင်၏အမြစ်သည် အပင်ကိုဖြည့်ဆည်းပေးနိုင်ရန် အမျိုးအစားနှစ်မျိုးရှိပါသည်။ ပင်စည်ကိုမြေကြီးပေါ်တွင် ခိုင်ခိုင်မြဲမြဲရပ်တည်နေရန်၊ မြေကြီးကိုကုတ်တွယ်ထားသော တွယ်ကပ်မြစ်များနှင့်အပင်တစ်ခုလုံးကို အာဟာရပို့ပေးသည့် ရေသောက်မြစ်အပါအဝင် အခြားသောအမြစ်များရှိပါသည်။ ခရစ်ယာန်အသင်းတော်သည်လည်း ဤနည်းအတိုင်းပင်ဖြစ်ပါသည်။ ထိုခရစ်ယာန်သည် ခရစ်တော်နှင့်အတူစုစည်းမှုရှိပါက ထိုပင်မပင်စည်ခရစ်တော်တည်းဟူသောအသင်းတော်သည် စုံလင်ခြင်းရှိလာပြီး ထိုခရစ်ယာန်သည် ခရစ်တော်တည်းဟူသော အသင်းတော်ကြီးပွားတိုးတက်ရန်အတွက် အလုပ်အကြွေးပြုပါက ဝိညာဉ်ရေးခွန်အားစီးကြောင်းများသည် ထိုခရစ်ယာန်ဆီသို့ စီးဆင်းလာပါလိမ့်မည်။ ဤကဲ့သို့သောအကိုင်းအခက်တို့၏အရွက်

များတို့သည် ခြောက်သွေ့ညှိုးနွမ်းခြင်းရှိနိုင်ပါမည်လား။ မည်သည့်အခါမျှ ခြောက်သွေ့ညှိုးနွမ်းခြင်းမရှိနိုင်ပါ။ ခရစ်တော်ထံတော်သို့ အသက်ဝိညာဉ် ရောက်ရှိသွားသမျှကာလပတ်လုံး သူသည် အပင်၊ အပွင့်ညှိုးသွားခြင်း၊ ညွတ်ကျသွားခြင်းနှင့် ယိုယွင်းဆုတ်ယုတ်မှုများအားဖြင့် အနည်းငယ်သော အန္တရာယ်မျိုးရှိလာနိုင်ပါသည်။ သူ့အားတွယ်ရာမဲ့ဖြစ်စေမည့် မိုးသက်လေပြင်းကဲ့သို့သော စုံစမ်းနှောင့်ယှက်ခြင်းမျိုးများ သူ့အပေါ်၌ကျရောက်လာနိုင်စရာမရှိပါ။ သူ၏ကယ်ချွတ်ရှင်အတွက် စစ်မှန်သောခရစ်ယာန်တစ်ယောက်သည် သူ၏နက်နဲသောချစ်ခြင်းမေတ္တာမှ သူ၏လှုပ်ရှားမှုရည်ရွယ်ရင်းကို ဖော်ထုတ်လာပါသည်။ သူ၏အရှင်သခင်အတွက် သူ၏မြတ်နိုးတွယ်တာမှုသည် စစ်မှန်ပြီးစင်ကြယ်မွန်မြတ်ပါသည်။

–o–



## အောက်တိုဘာ (၉)

### ရှင်သန်နေသောစပျစ်နွယ်ပင်ဖြစ်သူခရစ်တော်၌ကျွန်ုပ်တို့တည်မှီနေကြပါသည်

### “အသီးအပွင့်များပိုမိုဝေဆာစေရန်ဘုရားသခင်သည် ကျွန်ုပ်တို့၏အကိုင်းအခက်တို့ကိုချိုင်တော်မူပါသည်”

**“ငါသည် အသီးမသီးသောအခက်ရှိသမျှတို့ကို ခုတ်ပစ်တော်မူ၏။ အသီးသီးသောအခက်ရှိသမျှတို့ကို သာ၍သီးစေခြင်းငှာ သုတ်သင်ရှင်းလင်းတော်မူ၏” (ယောဟန် ၁၅း၂)။**

မိမိကိုယ်ကိုအသက်စွန့်ဆက်ကပ်တော်မူပြီး၊ မိမိ၏အတ္တစိတ်ကို ဖယ်ရှားခဲ့သည့် သူတို့၏ကယ်ချွတ်ရှင် ခရစ်တော်၏ခြေတော်ရာများနှင့် နီးနီးကပ်ကပ်လျှောက်လှမ်းကြမည့်သူများတို့သည် ခရစ်တော်၏စိတ်သဘောကို ရရှိကြမည့်အပြင်၊ သူတို့၏စိတ်အတွေးများထဲတွင် ရောင်ပြန်ဟပ်ကြမည်ဖြစ်သည်။ သူတို့၏လမ်းခရီးကို နူးညံ့သိမ်မွေ့ခြင်းနှင့်သမ္မာတရားတို့က ဦးဆောင်ပဲ့ပြင်လာသောအခါ ထိုသူတို့၏နေ့စဉ်အသက်တာများနှင့်အကျင့်စရိုက်တို့တွင် ခရစ်တော်၏သန့်ရှင်းမွန်မြတ်ခြင်းနှင့်ချစ်ခြင်းမေတ္တာတော်တို့သည် ထွန်းလင်းတောက်ပပါလိမ့်မည်။ အသီးများနှင့်ပြည့်စုံနေသော အကိုင်းအခက်တို့သည် ချိုင်ထားပြီးသည့်အလျောက် ပို၍ပို၍များပြားသည့်အသီးများတို့ကို သီးလာကြမည်ဖြစ်မည်။ အပင်သည် အသီးသီးသောအကိုင်းအခက်များစွာရှိနေသော်လည်း ၎င်း၏များစွာသောအရွက်အားဖြင့်သာ အပင်အမျိုးအစားကို သိနိုင်ပေမည်။ ခရစ်တော်၏နောက်တော်သို့လိုက်လျှောက်ကြသောသူတို့သည် အရှင်သခင်အတွက် အမှုတော်အချို့ကို ထမ်းဆောင်ကြရမည်ဖြစ်သော်လည်း၊ သူတို့ထမ်းဆောင်ရကြမည့်အလုပ်ကို တစ်ဝက်တစ်ပျက်လောက်ဖြင့်မလုပ်ဆောင်ရပါ။ ထိုနောက် အရှင်သခင်ဖြစ်သူ ခရစ်တော်သည် ထိုသို့သောသူ၏နောက်တော်သို့ လိုက်လျှောက်ကြသောသူတို့အကိုင်းကို ဖြတ်တောက်ရှင်းလင်းပါတော့သည်။ ဤကဲ့သို့လုပ်

ရခြင်းမှာ သူတို့၏အသက်တာတို့တွင် လောကီရေးရာစိတ်အလိုလိုက်ခြင်းနှင့် ကြွားဝါမှုတို့ကို ရှင်းလင်းပစ်ရာရောက်ပါသည်။ စပျစ်ပင်တို့၏ပိုလျှံသောနွယ်ပင်နှာမောင်းတို့ကို စပျစ်ခြံစောင့်က ညှပ်ပစ်ဖယ်ရှားခြင်းအားဖြင့် ၎င်းစပျစ်ပင်တို့ကို ပိုမို၍သီးလာစေပါသည်။ အတားအဆီးဖြစ်စေသည့် ဤပိုလျှံသောနွယ်ပင်နှာမောင်းတို့ကို ဖယ်ရှားရမည်သာဖြစ်ပြီး၊ အပြစ်အနာအဆာရှိသော အညှောက်အတက်တို့ကို ခုတ်ထစ်ဖယ်ရှားပစ်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းတရားတော်နေမင်းကြီး၏ရောင်ဝါကို ကုသပျောက်ကင်းစေသည့် အလင်းတန်းတို့ကို နေရာပေးရာရောက်ပါသည်။

မိမိတို့ဖန်ဆင်းခြင်းခံရခြင်း၏ရည်ရွယ်ရင်းကို အများသောသူတို့က၊ နားလည်မှုလွဲမှားကြပါသည်။ သူတို့သည် လူသားတို့ကိုကောင်းချီးမင်္ဂလာပေးပြီး၊ ဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်းသည်ထက်၊ မိမိတို့ကိုယ်ကိုကြည်နူးမှုရရှိရေးနှင့် မိမိတို့ကိုယ်ကိုချီးမွမ်းခန်းဖွင့်ရန် ပိုမိုနှစ်သက်ကြပါသည်။ ဘုရားသခင်သည် သူ၏လူတို့ကို အမြဲမပြတ်အကိုင်းချိုင်ပေးနေပြီး၊ များများစားစားခုတ်ထစ်ရှင်းလင်းပစ်ကာ အကိုင်းအခက်တို့ကို ဖြန့်ကြက်ပစ်ခြင်းဖြင့် သူ၏ဘုန်းတန်ခိုးတော်၌အသီးသီးရန်နှင့် အသီးမသီးဘဲအရွက်များတို့ဖြင့်သာ ဟုန်မနေရန်အတွက်ဖြစ်ပါသည်။ သန်စွမ်းပြီးပေကတ်ကတ်နိုင်သည့်ဉာဉ်ပါသည့်အကျင့်စရိုက်အညှောက်အတက်များကို အားနည်းဆုတ်ယုတ်သွားစေရန်နှင့် ပိုမိုကောင်းမွန်သောဉာဉ်သို့ တိုးတက်မှုရှိစေသည့် အခွင့်အလမ်းရှိလာစေရေးအတွက် ဝမ်းနည်းခြင်း၊ စိတ်ဓာတ်ကျခြင်းနှင့် ဆင်းရဲခြင်းဒုက္ခတို့ဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏အကိုင်းတို့ကို ချိုင်တော်မူပါသည်။ ရုပ်တုဆင်းတုတို့ကို ပစ်ပယ်ရကြမည့်အပြင် ကျွန်ုပ်တို့၏မိမိကိုယ်ကိုသိသောစိတ်သည်လည်း ပိုမိုသိမ်မွေ့လာရမည်ဖြစ်ကာ၊ စိတ်နှလုံးအာရုံပြု၊ ကျင့်ကြံမှုတို့သည် ဝိညာဉ်ရေးနှင့်သာပတ်သက်ရကြမည်ဖြစ်ပြီး အကျင့်စရိုက်တစ်ခုလုံးသည် အချိုးညီညီဖြစ်ရပါမည်။

ခရစ်တော်၌တည်နေကြခြင်းအားဖြင့် သူ၏ချိုမြခြင်း၊ သင်းပျံ့မွှေးကြိုင်မှုနှင့် အလင်းတော်တို့ကိုရရှိကြမည်ဖြစ်သည်။ ကျွန်ုပ်တို့၏စိတ်နှလုံး



များထဲတွင် သူသည် ထွန်းလင်းတော်မူပါသည်။ ကျွန်ုပ်တို့၏စိတ်နှလုံးများအတွင်းရှိ သူ၏အလင်းတော်သည် ကျွန်ုပ်တို့၏မျက်နှာသွင်ပြင်များမှတစ်ဆင့် ထွန်းလင်းတောက်ပနေပါသည်။ ခရစ်တော်၏အလှတရားနှင့်ဘုန်းတန်ခိုးအာနုဘော်တော်ကို လှမ်းမျှော်ကြည့်ခြင်းအားဖြင့် တူညီသည့်ပုံသဏ္ဍာန်တော်ဆီသို့ ကျွန်ုပ်တို့ပြောင်းလဲခြင်းရှိလာပါလိမ့်မည်။

–o–

## အောက်တိုဘာ (၁၀)

## ရှင်သန်နေသောစပျစ်နွယ်ပင်ဖြစ်သူခရစ်တော်၌ကျွန်ုပ်တို့တည်မှီနေကြပါသည်

## "ခရစ်တော်၌ကျွန်ုပ်တို့တည်မှီခြင်းဖြင့်သာလျှင် ကျွန်ုပ်တို့အသီးသီးကြပါသည်"

**"ငါ၌တည်နေကြလော့။ ငါသည်လည်း သင်တို့၌တည်နေမည်။ စပျစ်ခက်သည် အပင်၌မတည်လျှင် ကိုယ်အလိုအလျောက် အသီးမသီးနိုင်သကဲ့သို့ သင်တို့သည် ငါ၌မတည်လျှင် အသီးမသီးနိုင်ကြ" (ယောဟန် ၁၅း၄)။**

ကျွန်ုပ်တို့သည် နမော်နမဲ့နိုင်စွာဖြင့် အပြစ်တွင်းတွင်မွေ့လျော်ရကြသည့်အကြောင်းရင်းမှာ သခင်ယေရှုကိုမမြင်တွေ့ခြင်းကြောင့်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အပြစ်ကိုပေါ့ပေါ့တန်တန်မရှုမြင်သင့်သည့်အပြင်၊ အပြစ်သည် ကျွန်ုပ်တို့၏သခင်ဘုရားကို အနာတရဖြစ်စေသည့်အချက်ကို အမှတ်ထားမိပါသလား။ ဘုရားသခင်၏အကျင့်စရိုက်တော်ကို မှန်မှန်ကန်ကန်ခန့်မှန်းနိုင်မှုတစ်ခုသည် ကမ္ဘာမြေကြီးပေါ်တွင် ကျွန်ုပ်တို့သည် သူ့အားမှန်မှန်ကန်ကန်ကိုယ်စားပြုနိုင်စေရန် ထောက်မပေးတော်မူပါသည်။ ခရစ်တော်ထံတော်သို့ကြည့်နေသော အသက်ဝိညာဉ်ထံမှ ကြမ်းတမ်းသော၊ ခက်ထန်သောစကားလုံးများ (သို့မဟုတ်) အပြုအမူများ၊ ဆိုးညစ်သောအပြောအဆို၊ ရမ္မက်ကြီးသောစကားလုံးများ ထွက်ပေါ်မလာနိုင်ပါ။ ခရစ်တော်၌တည်သောသူသည် မကောင်းမှုကိုမြစ်တားထားသည့် အဝန်းအဝိုင်းအတွင်းတွင်ရှိနေပြီး ဤမကောင်းမှုအမျိုးအစားနှင့်ပတ်သက်သည့် မည်သည့်အရာအတွက်ကိုမျှ အနည်းငယ်ပါးဆုံးသောခွင့်ပြုမှုကိုမျှ ခွင့်မပြုပါ။ ဝိညာဉ်ရေးဆိုင်ရာအသက်တာသည် ခန္ဓာကိုယ်အတွင်းပိုင်းမှ အာဟာရကိုယူပြီး ဖွံ့ဖြိုးလာခြင်းမဟုတ်မူဘဲ စပျစ်ပင်မှ စပျစ်အကိုင်းအခက်ဖြစ်စဉ်ကဲ့သို့ ခရစ်တော်ထံတော်မှ ဝိညာဉ်ရေးအာဟာရကို ရယူရခြင်းဖြင့် ဖွံ့ဖြိုးလာခြင်းဖြစ်ပါသည်။ အချိန်ကာလတိုင်းတွင် ကျွန်ုပ်



တို့သည် ခရစ်တော်ကိုအားထားနေရကြပြီး သူသည် ကျွန်ုပ်တို့ကိုထောက်ပံ့ပေးသည့် မူလဘူတဖြစ်တော်မူပါသည်။ ကျွန်ုပ်တို့၏အပြင်ပန်းပုံသဏ္ဍာန်များဖြစ်ကြသည့် ဆုတောင်းခြင်း၊ အစာရှောင်ခြင်းနှင့် လှူဖွယ်ပစ္စည်းတို့ကိုပေးကမ်းစွန့်ကြဲခြင်းတို့သည် လူသား၏စိတ်နှလုံးထဲတွင် ရှိနေတော်မူသောဘုရားသခင်၏ဝိညာဉ်တော်အတွင်းသဏ္ဍာန်၏လုပ်ဆောင်ချက်အစား ဝင်ရောက်နေရာယူနိုင်ခြင်းမရှိပါ။

လူတစ်ယောက်သည် ကိုယ်ကျိုးအတ္တကိုလုံးဝဖယ်ရှားပစ်ပြီး အသက်ဝိညာဉ်မှ မှားယွင်းသောဘုရားတိုင်းတို့ကို ရှင်းထုတ်ပစ်လိုက်ပါက လစ်ဟာနေသောလေဟာနယ်သည် ခရစ်တော်၏ဝိညာဉ်တော်စီးဆင်းမှုအားဖြင့် ဖြည့်ဆည်းခြင်းခံရပါမည်။ ညစ်ထေးနေသောအသက်ဝိညာဉ်ကို ပြန်လည်ဖြူစင်စေသော ယုံကြည်ခြင်းမျိုးသည် ထိုကဲ့သို့သောလူ၌ရှိပါသည်။ သူသည် စစ်မှန်သောစပျစ်နွယ်ပင်၏အကိုင်းအခက်တစ်ခုဖြစ်သည်အလျောက် သူသည် ဘုရားသခင်၏ဘုန်းအာနုဘော်တော်သို့ ကြွယ်ဝလှစွာသောအသီးအပွင့်တို့ကို သီးပေးပါသည်။ အသီးသီးသောအကျင့်စရိုက်ဆိုသည်မှာ မည်သည့်အရာနည်း။ ဝိညာဉ်တော်၏အသီးသည် ချစ်ခြင်းမေတ္တာဖြစ်ပြီး မုန်းတီးမှုမဟုတ်သကဲ့သို့ ရွှင်လန်းဝမ်းမြောက်ခြင်းဖြစ်ပြီး မကျေမနပ်မှုနှင့် ကြေကွဲဝမ်းနည်းခြင်းမဟုတ်မူဘဲ ငြိမ်သက်ခြင်းသာဖြစ်ကာ ဒေါသထွက်ခြင်း၊ ကြောင့်ကြမှုဖြစ်ခြင်းနှင့် တရားတပေါင်ဖြစ်ခြင်းများမဟုတ်ပါ။ ထို့ပြင် ၎င်းသည် သည်းခံတတ်သောသဘော၊ နူးညံ့သိမ်မွေ့သောသဘော၊ ကောင်းမြတ်သောသဘော၊ ယုံကြည်ခြင်း၊ သည်းညည်းခံတတ်သောသဘောနှင့် ကာမဂုဏ်ချုပ်တီးခြင်းသဘောကို ဆောင်ပါသည်။

အကိုင်းအခက်တစ်ခုသည် အခြားအကိုင်းအခက်တစ်ခုမှ အာဟာရကို ချေးငှားရယူစရာမလိုပါ။ ကျွန်ုပ်တို့၏အသက်တာသည် မိခင်စပျစ်ပင်စည်မှ ဆင်းသက်ရမည်ဖြစ်ပြီး၊ ၎င်းသည် ခရစ်တော်နှင့်ပုဂ္ဂိုလ်ရေးပေါင်းစည်းမှုသာဖြစ်ပြီး သူနှင့်နေ့စဉ်နေ့တိုင်း၊ နာရီတိုင်းတို့တွင် ပေါင်းစည်းမှုအားဖြင့် ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏အသီးတို့ကို သီးနိုင်

ကြမည်ဖြစ်သည်။ ကျေးဇူးတော်၌ ကျွန်ုပ်တို့၏ကြီးထွားခြင်း၊ ကျွန်ုပ်တို့၏ ရွှင်လန်းဝမ်းမြောက်ခြင်း၊ ကျွန်ုပ်တို့၏အသုံးဝင်မှုအားလုံးတို့သည် ကျွန်ုပ်တို့၏ခရစ်တော်နှင့်ပေါင်းစည်းစုဖွဲ့မှုနှင့် သူ၏ထံတော်၌ထားရှိသော ကျွန်ုပ်တို့၏ယုံကြည်ခြင်းအတိုင်းအတာတို့အပေါ်တွင် မူတည်ပါသည်။

–o–



**အောက်တိုဘာ (၁၁)**

**ရှင်သန်နေသောစပျစ်နွယ်ပင်ဖြစ်သူခရစ်တော်၌ကျွန်ုပ်တို့တည်မှီနေကြပါသည်**

## "ခရစ်တော်နှင့်သီးခြားတည်ရှိနေသော ခြောက်သွေ့ညှိုးနွမ်းသည့်အကိုင်းအခက်"

**"ငါ၌မတည်သောသူသည် သွေ့ခြောက်သောအခက်ကဲ့သို့ ပြင်သို့ပစ်လိုက်ခြင်းကိုခံရ၏။ ထိုသို့သောအခက်များကို လူတို့သည် စုသိမ်း၍ မီးထဲသို့ချလိုက်ကြသဖြင့် မီးလောင်ခြင်းသို့ရောက်ကြ၏" (ယောဟန် ၁၅း၆)။**

သူ (ယုဒရှကာရုတ်) သည် စစ်မှန်သောစပျစ်နွယ်ပင်ဖြစ်တော်မူသော ခရစ်တော်အားဖြင့် ရှင်သန်သောစပျစ်အကိုင်းအခက်အဖြစ်သို့ ပုံသဏ္ဍာန်ပြောင်းလဲခြင်းနှင့် စိတ်သဘောထားပြောင်းလဲခြင်းမရှိခဲ့ပါ။ ဤခြောက်သွေ့သောအပင်ပေါက်သည် အသီးများဖြင့်ဝေဆာနေသော ရှင်သန်နေသည့်အကိုင်းအခက်များအဖြစ်သို့ ကြီးထွားလာသည်အထိ၊ စပျစ်ပင်စည်၌တွယ်ကပ်ခြင်းမရှိခဲ့ပါ။ သူသည် အသီးမသီးသောကိုင်းဆက်ကူးမှုအဖြစ်သာ မိမိကိုယ်ကိုပြသခဲ့ပြီး စပျစ်ပင်စည်၌ ခိုင်မာစွာတွယ်ဆက်ပြီး၊ ပင်စည်နှင့်တစ်သားတည်းကပ်နေစေရန် အမျှင်များအားဖြင့်သော်လည်းကောင်း၊ အကြောများအားဖြင့်သော်လည်းကောင်း တွယ်ဆက်မှုမရှိခဲ့ပါ။

ခြောက်ကပ်ပြီး၊ ပင်စည်နှင့်တွယ်ဆက်မှုမရှိသောအပင်ပေါက်သည် ရှင်သန်နေသောစပျစ်ပင်၏အသက်ရှင်မှုနှင့် အာဟာရတို့ကိုပူးတွဲရယူခြင်း၊ စပျစ်ပင်စည်နှင့်ကိုင်းဆက်ကူးထားမှုရှိခြင်းနှင့် စပျစ်ပင်စည်နှင့်အတတ်နိုင်ဆုံး နီးနီးကပ်ကပ်ဆက်ဆံရေးရှိမှသာလျှင် မိခင်စပျစ်ပင်စည်နှင့် တစ်လုံးတစ်ဝတည်းအဖြစ်သို့ ရောက်ရှိလာပေမည်။ စပျစ်ပင်၏ရှင်သန်မှုမျိုး၊ အကိုင်းအခက်၌ရှင်သန်မှုရှိလာသည့်တိုင်၊ အသက်ရှင်သန်မှုကိုပေးနေသော စပျစ်

ပင်စည်၌ သစ်ခက် (စပျစ်ခက်) ကခိုင်မြဲစွာတွယ်ကပ်နိုင်ခြင်းဖြင့်သာလျှင် စပျစ်ပင်ကအသီးသီးပေးသကဲ့သို့ ထိုအခက်မှအသီးသီးပေးနိုင်ပေမည်။

ခရစ်တော်က (ယောဟန် ၁၅း၅) တွင် မိန့်တော်မူခဲ့သော "ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များဖြစ်ကြ၏" ဆိုသည့်အချက်သည် အဖြစ်နိုင်ဆုံးသော အနီးကပ်ဆုံးတွယ်ဆက်မှုကို ဤနေရာတွင် ပုံဆောင်ထားမှုဖြစ်ပါသည်။ အရွက်ကင်းမဲ့သည့်အခက်ကို အာဟာရကြွယ်ဝသည့် ပင်မစပျစ်ပင်၌ ပြန်လည်ကိုင်းကူးဆက်ပေးလိုက်ပါက ထိုအခက်သည် ရှင်သန်နေသောအကိုင်းအခက်အဖြစ်သို့ ရောက်ရှိလာပြီး စပျစ်ပင်မှပင်စည်အရည်နှင့် အာဟာရတို့ကိုရယူလာနိုင်မည်ဖြစ်သည်။ အမျှင်အားဖြင့်လည်းကောင်း၊ အကြောအားဖြင့်လည်းကောင်း အပင်ပေါက်သည်အဖူးအငုံများပေါက်လာပြီး၊ အပွင့်များပွင့်လာကာ အသီးသီးလာသည်အထိ စပျစ်ပင်စည်၌ တွယ်ကပ်နေမည်ဖြစ်သည်။ ပင်စည်ရည်ကင်းမဲ့သည့်အခက်ဆိုသည်မှာ အပြစ်သားကိုပုံဆောင်ပါသည်။ အသက်ဝိညာဉ်သည် ခရစ်တော်ထံတော်သို့ ပေါင်းစည်းမှုရှိပါက၊ ထိုဝိညာဉ်သည် အခြားအသက်ဝိညာဉ်နှင့်ဆက်သွယ်မှုရှိလာကာ အားနည်းချည့်နဲ့မှုနှင့်အကန့်အသတ်ရှိမှုတို့သည် သန့်ရှင်းမြင့်မြတ်မှုနှင့် အကန့်အသတ်မဲ့မှုများဆီသို့ ရောက်ရှိလျက်၊ လူသားသည်လည်း ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းရှိလာမည်ဖြစ်သည်။

သိရှိရသလောက်ဆိုလျှင်၊ ရှင်သန်နေသောစပျစ်ပင်နှင့်ဆက်တွယ်မှုရှိသော ခြောက်သွေ့သည့်အကိုင်းအခက်သည် ထိုစပျစ်ပင်စည်၏အစိတ်အပိုင်းအဖြစ်သို့ ရောက်ရှိလာပါသည်။ ကျူးကျော်ဝင်ရောက်သူများနှင့် အပြစ်များကြောင့် သေဆုံးသွားသောအသက်ဝိညာဉ်သည် သဏ္ဍာန်တူညီသည့်အထက်ပါဖြစ်စဉ်မျိုးကို အတွေ့အကြုံရယူရပါမည်။ စပျစ်ပင်စည်နှင့်ပေါင်းစည်းလာပြီး ရှင်သန်မှုကိုလက်ခံရရှိသည့် ကိုင်းဆက်ကူးမှုဖြစ်စဉ်ကဲ့သို့ အပြစ်သားသည် ခရစ်တော်နှင့်ဆက်တွယ်မှုရှိလာသောအခါ၊ ဘုန်းတော်ရှင်၏သဘာဝကို ဆက်ဆံခွင့်ရလာမည်ဖြစ်သည်။ အကန့်အသတ်နှင့်လူသည်လည်း



အကန့်အသတ်မဲ့သော ဘုရားသခင်နှင့်ပေါင်းစည်းမှုရှိလာပါသည်။ ဤကဲ့သို့သောပေါင်းစည်းမှုမျိုးဖြင့် ခရစ်တော်၏နှုတ်တော်ထွက်စကားလုံးများသည် ကျွန်ုပ်တို့၌တည်သည်အလျောက်၊ အကြောတက်သကဲ့သို့သောခံစားမှုမျိုးဖြင့် စေ့ဆော်တိုက်တွန်းမှုမျိုးကို မခံစားရဘဲ၊ ရှင်သန်ပြီးကတိသစ္စာတည်သည့် အခြေခံစည်းမျဉ်း၏စေ့ဆော်တိုက်တွန်းမှုမျိုးကိုသာ ခံစားရကြပါမည်။

–o–

အောက်တိုဘာ (၁၂)

## ရှင်သန်နေသောစပျစ်နွယ်ပင်ဖြစ်သူခရစ်တော်၌ကျွန်ုပ်တို့တည်မှီနေကြပါသည်

## “ကျွန်ုပ်တို့သည်ခရစ်တော်ကိုဝန်ခံကြပါသည်”

**“အကြင်သူသည် လူတို့ရှေ့မှာငါ့ကိုဝန်ခံအံ့၊ ကောင်းကင်ဘုံ၌ရှိသော ငါ၏ခမည်းတော်ရှေ့မှာ ထိုသူကိုငါဝန်ခံမည်။ အကြင်သူသည် လူတို့ရှေ့မှာငါ့ကိုငြင်းပယ်အံ့၊ ကောင်းကင်ဘုံ၌ရှိသော ငါ၏ခမည်းတော်ရှေ့မှာ ထိုသူကိုငါငြင်းပယ်မည်” (မဿဲ ၁၀း၃၂၊၃၃)။**

ကျွန်ုပ်တို့၏နေ့စဉ်အသက်တာ၌ ခရစ်တော်ကို ကျွန်ုပ်တို့ကဝန်ခံကြပါသလား။ သူ့အားကျွန်ုပ်တို့က၊ ဝတ်စားဆင်ယင်မှုအားဖြင့်လည်းကောင်း၊ မိမိတို့ကိုယ်ကိုရိုးစင်းပြီး တော်ရုံသင့်ရုံသာရှိသော အဝတ်တန်ဆာဆင်ယင်မှုတို့ဖြင့်သာ ဝန်ခံကြပါသလား။ ဘုရားသခင်၏မျက်မှောက်တော်၌ အလွန်ကြီးမားသည့် အဖိုးတန်မှုရှိသော၊ နူးညံ့သိမ်မွေ့မှုနှင့်ဆိတ်ငြိမ်အေးချမ်းသော စိတ်ဓာတ်တို့ဖြင့် ကျွန်ုပ်ကိုယ်ကိုဆင်မြန်းကြပါသလား။ ကျွန်ုပ်တို့၏အရှင်သခင်၏အရေးအရာတိုးတက်လာရေးအတွက်၊ ကျွန်ုပ်တို့ကြိုးပမ်းလုပ်ဆောင်နေကြပါသလား။ သင်သည် ဤအရာ (သို့မဟုတ်) ထိုအရာကိုမဝတ်မစားရဆိုသည့် သင့်အားပြောဆိုလာမှုတို့သည် အသုံးဝင်မှုမရှိဘဲ သင်၏စိတ်ထဲတွင် အသုံးမကျသောဤအရာများတို့ကို ချစ်ခင်နှစ်သက်မှုရှိလာပါက၊ သင်ဆင်မြန်းထားသော အဆင်တန်ဆာတို့ကိုဖြုတ်ပယ်လိုက်ခြင်းသည် သစ်ပင်တစ်ပင်မှသစ်ရွက်တို့ကို ခုတ်ထွင်ဖယ်ရှားပစ်လိုက်သကဲ့သို့ ဖြစ်သွားပေမည်။ ပင်ကိုသဘာဝစိတ်၏အထုံဝါသနာတို့သည် နောက်တစ်ဖန် ထိုအကျင့်တို့ကို ခိုင်ခိုင်မာမာရှိလာစေမည်သာဖြစ်သည်။ သင့်အနေဖြင့် ကိုယ်တိုင်၌ကိုက၊ မိမိကိုယ်ကိုမိမိသိသောစိတ်မျိုးကို လက်ကိုင်ထားရပါမည်။

စပျစ်ပင်စည်၌ စပျစ်ခက်တည်မှီသကဲ့သို့ ကျွန်ုပ်တို့သည်လည်း ခရစ်တော်၌တည်မှီကြရပါမည်။ သစ်ပင်၏အမြစ်တွင် ပုဆိန်ကိုချထားခြင်းသည် ကျွန်ုပ်တို့ဘာကိုအလိုရှိကြသည်ကို ပြသရာရောက်ပါသည်။ ကျွန်ုပ်တို့သည် လောကီရေးရာတွင်လည်းကောင်း၊ ကိုယ်ကျိုးအတ္တတွင်လည်းကောင်း သေလွန်ကြရမည်ဖြစ်ပြီး ဘုရားသခင်၌သာ ရှင်သန်ရကြပါမည်။ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူတကွရှိကြကာ၊ ခရစ်တော်၌သင်ကြားရယူပြီးသူများဖြစ်ကြောင်းကို လူအများတို့ကသိရှိကြရန်၊ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်နီးနီးကပ်ကပ်ရှိကြရန် လိုအပ်ပါသည်။

ခရစ်တော်ကိုအတုယူသောသူမည်သည်မှာ သူ၏ကိုယ်ကျိုးအတ္တကိုငြင်းပယ်ခြင်းနှင့် မိမိကိုယ်ကိုစွန့်လွှတ်ဆက်ကပ်အပ်နှံခြင်းတို့ကို အမှန်တကယ်ပြသရပါမည်။ ကျမ်းစာတော်မြတ် ခရစ်ယာန်ဘာသာဝင်၏အကောင်းအဆိုးကို ခွဲခြားသိမြင်နိုင်စေသောစိတ်က၊ သူ့အားသည်းခံခြင်းရှိရန်၊ မိမိကိုယ်ကိုမိမိငြင်းပယ်ရန် သတိပေးသည်နှင့် သူ၏ကိုယ်ကျိုးအတ္တအလေ့အထအပေါ်မွေ့လျော်သည့်လမ်းကြောင်းတွင် လျှောက်လှမ်းသည့် လောကီဆိုင်ရာခြေလှမ်းတို့ကို ရပ်တန့်ထားရပါမည်။ လမ်းကြောင်းနှစ်သွယ်ရှိရာတွင် ပထမလမ်းကြောင်းသည် မိမိကိုယ်ကိုငြင်းပယ်သည့် ခရစ်တော်၏နောက်တော်သို့လိုက်လျှောက်သောသူ၏လမ်းကြောင်းဖြစ်ပြီး အခြားတစ်ဘက်တွင် လောကီကိုချစ်မြတ်နိုးသည့် မိမိကိုယ်ကျိုးအတ္တကို ဖက်တွယ်မွေ့လျော်ပြီး ဝတ်စားဆင်ယင်မှုအတွက် မိမိ၏ဆန္ဒရိုင်းကိုအလိုဖြည့်ကာ၊ အပျော်အပျက်တွင်သာစိတ်ဝင်စားမှုရှိလျက် မိမိကိုယ်ကိုမိမိ ကြောက်မက်ဖွယ်ရာအပျော်အပါးများတို့တွင်သာ အလိုလိုက်သည့်လမ်းကြောင်းမျိုးဖြစ်ပါသည်။ ဤသို့သောလမ်းကြောင်းမျိုးရှိသည့်ဘက်တွင် ခရစ်ယာန်အသင်းသားက မသွားရောက်နိုင်ကြပါ။ သူ့အတွက် ၎င်းဘက်တွင်နေရာမရှိပါ။

ဘုရားသခင်၌ ကျွန်ုပ်တို့၏အသက်တာသည် ခရစ်တော်နှင့်အတူကွယ်ဝှက်မှုရှိရကြမည်ဖြစ်ပြီး ခရစ်တော်ပေါ်ထွန်းတော်မူလာသောအခါ ကျွန်ုပ်တို့သည်လည်း သူနှင့်အတူဘုန်းအာနုဘော်၌ ပေါ်ထွန်းလာကြပါလိမ့်မည်။

–o–

## အောက်တိုဘာ (၁၃)

### ရှင်သန်နေသောစပျစ်နွယ်ပင်ဖြစ်သူခရစ်တော်၌ကျွန်ုပ်တို့တည်မှီနေကြပါသည်

## "ညီအစ်ကိုချင်းချစ်ခင်ကြင်နာသည့်အသီးကို ကျွန်ုပ်တို့သီးကြပါသည်"

**"သင်တို့သည် များစွာသောအသီးကိုသီးသောအားဖြင့်၊ ငါ့ခမည်းတော်သည် ဘုန်းထင်ရှားတော်မူ၍ သင်တို့သည်လည်း ငါ၏တပည့်မှန်ကြလိမ့်မည်" (ယောဟန် ၁၅း၈)။**

ခရစ်တော်နှင့်သူ၏လူစုတော်တို့အကြား ပေါင်းစည်းမှုသည်ရှင်သန်ပြီး၊ မှန်ကန်ကာ၊ မကျဆုံးနိုင်ခြင်းရှိရမည်ဖြစ်၍ ဖခမည်းတော်နှင့်သားတော်တို့အကြားရှိ ပေါ်ထွက်ခဲ့သောပေါင်းစည်းမှုမျိုးကဲ့သို့ တူညီမှုရှိလာရမည်ဖြစ်သည်။ ဤပေါင်းစည်းမှုသည် သန့်ရှင်းသောဝိညာဉ်တော်၏ပူးပေါင်းတည်မှီမှုအသီးပင်ဖြစ်ပါသည်။ ဘုရားသခင်၏စစ်မှန်သောသားသမီးအားလုံးတို့သည် သူတို့အနေဖြင့် ခရစ်တော်နှင့်လည်းကောင်း၊ သူတို့၏ညီနောင်သားချင်းတို့နှင့်လည်းကောင်း ပေါင်းစည်းမှုရှိခြင်းကို ကမ္ဘာမြေကြီးပေါ်တွင် ထင်ထင်ရှားရှားပြသရကြပါမည်။ သူတို့၏စိတ်နှလုံးထဲတွင် ခရစ်တော်ကိန်းအောင်းသောသူတို့သည် ညီအစ်ကိုချင်းချစ်ခင်သည့်အသီးမျိုးကို သီးရကြပါမည်။ သူတို့သည် သူတို့အနေဖြင့် ဘုရားသခင်၏မိသားစုဝင်များဖြစ်ကြောင်းကို သိရှိလာကြမည်ဖြစ်သည်အလျောက်၊ သူတို့သည် ခရစ်ယာန်၏ချစ်ခြင်းမေတ္တာနှင့် ဖော်ရွေစွာဆက်ဆံမှုတို့ကို ပြုစုပျိုးထောင်ရန်၊ ထွေးပိုက်ထားရန်နှင့် ဆက်လက်တည်တံ့စေရန်အတွက် စိတ်ဓာတ်၊ စကားလုံးများနှင့်အမူအရာတို့အားဖြင့် သစ္စာကတိပြုရကြပါမည်။

ဘုရားသခင်၏သားသမီးများအဖြစ်၊ တော်ဝင်မိသားစုဝင်များအဖြစ်သို့ ရောက်ရှိရေးဆိုခြင်းသည် အခြားသောထင်မြင်ယူဆမှုများထက် ပိုမိုသည့်အဓိပ္ပါယ်ရှိပါသည်။ ဘုရားသခင်၏သားသမီးတော်များအဖြစ် ဘုရားသခင်၏ရေတွက်ဝင်ခြင်းခံကြရသောသူတို့သည် ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်နှင့်တူညီသည့် ချစ်ခြင်းမေတ္တာမျိုးကို တစ်ဦးနှင့်တစ်ဦး၌ ပြသကြရပါမည်။ ကမ္ဘာမြေပေါ်၌ရှိရမည့် တစ်ခုတည်းသောဦးတည်ချက်ဖြစ်သည့် ခရစ်တော်အား ကိုယ်စားပြုခြင်းအတွက် သူတို့သည် အသက်ရှင်သန်ပြီး အမှုတော်ကိုဆောင်ရွက်ကြရပါမည်။ သူတို့၏ချစ်ခြင်းမေတ္တာနှင့် စည်းလုံးညီညွတ်မှုတို့ဖြင့်၊ သူတို့သည် ဘုန်းတော်ရှင်၏အရည်အချင်းတို့ကို ခံယူရရှိကြကြောင်းကို ကမ္ဘာမြေကြီးသို့ ပြသကြပါလိမ့်မည်။ ချစ်ခြင်းမေတ္တာနှင့်မိမိကိုယ်ကိုငြင်းပယ်ခြင်းတို့၏မြင့်မြတ်ခြင်းအားဖြင့် သူတို့သည် ကယ်တင်ရှင်၏စစ်မှန်သောနောက်လိုက်များဖြစ်ကြကြောင်းကို သူတို့ဝန်းကျင်၌ရှိသောသူတို့ကို ပြသကြပါလိမ့်မည်။ ခရစ်တော်က (ယောဟန် ၁၃း၃၅) တွင်၊ "သင်တို့သည် အချင်းချင်းချစ်ကြလျှင်၊ လူအပေါင်းတို့သည် ထိုမေတ္တာကိုထောက်၍ သင်တို့သည် ငါ၏တပည့်ဖြစ်သည်ကို သိရကြလိမ့်မည်" ဟူ၍ မိန့်တော်မူခဲ့ပါသည်။

ယေရှုခရစ်တော်၌ လူသစ်ဖြစ်ခြင်းအတွက် နောက်တစ်ဖန်မွေးဖွားခြင်းအကြောင်းနှင့်ပတ်သက်ပြီး လူတစ်ယောက်ကပေးနိုင်သည့် စွမ်းအားအပြည့်ဝဆုံးသော သက်သေအထောက်အထားဆိုသည်မှာ ထိုလူသည် သူ၏ညီနောင်သားချင်းအပေါ် ထားရှိသောချစ်ခြင်းမေတ္တာနှင့် ခရစ်တော်နှင့်တူညီသည့်အကျင့်တို့ကို ထုတ်ဖော်ပြသခြင်းပင်ဖြစ်ပါသည်။ ဤအချက်သည် အလွန်အံ့ဩဖွယ်ရာကောင်းသည့် သက်သေခံချက်ဖြစ်သည်။ ၎င်းသည် ခရစ်ယာန်ဘာသာ၏အထောက်အကူပြုမှုအားဖြင့်သာ ခံယူရရှိနိုင်သည့်အပြင်၊ သမ္မာတရားတော်ဆီသို့ အသက်ဝိညာဉ်တို့ကို ရယူပို့ပေးနိုင်မည်ဖြစ်သည်။

ခရစ်တော်သည် သူနှင့်သူ၏ခမည်းတော်၏စပ်ကြား၌ တစ်လုံးတစ်ဝတည်းဖြစ်တည်မှုရှိသည့်တိုင်၊ စစ်မှန်သောယုံကြည်သူအားလုံးတို့ကို သူနှင့်အတူကုံလုံပြည့်စုံသော ထိုတစ်လုံးတစ်ဝတည်းဖြစ်မှုဆီသို့ ယူဆောင်လာတော်မူပါသည်။ စစ်မှန်သောဘုရားသခင်၏သားသမီးတို့သည် တစ်ဦးနှင့်တစ်ဦးချည်နှောင်ထားကြသည့်အပြင်၊ သူတို့၏ကယ်တင်ရှင်နှင့်လည်း ချည်နှောင်ထားကြပါသည်။ ဘုရားသခင်၌ သူတို့သည် ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းရှိကြပါသည်။

–၀–

## အောက်တိုဘာ (၁၄)

### ကျွန်ုပ်တို့သည်ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းရှိကြပါသည်

# “ကျွန်ုပ်တို့အားလုံးသည်တစ်လုံးတစ်ဝတည်းရှိစေရေးအတွက် ခရစ်တော်ဆုတောင်းတော်မူခဲ့ပါသည်”

**“ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူသည်ကို လောကီသားတို့သည် ယုံကြည်မည်အကြောင်း၊ ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်လျက်၊ အဘ၊ ကိုယ်တော်သည် အကျွန်ုပ်၌ရှိတော်မူ၍ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ရှိသကဲ့သို့ ထိုသူအပေါင်းတို့သည် ငါတို့၌တစ်လုံးတစ်ဝတည်းဖြစ်စေခြင်းငှာ ဆုတောင်းပါ၏” (ယောဟန် ၁၇း၂၁)။**

ကုံလုံပြည့်စုံပြီး၊ အပြစ်ကင်းစင်သည့်စံနမူနာကို ခရစ်တော်ကကျွန်ုပ်တို့အား ချန်ထားတော်မူခဲ့ပါသည်။ သူ၏နောက်တော်သို့လိုက်လျှောက်ကြသောသူတို့သည် သူ၏ခြေလှမ်းတော်များအတိုင်း လျှောက်လှမ်းရကြပါမည်။ အကယ်၍သာသူတို့သည်၊ အကျင့်စရိုက်၌ သွင်ပြင်ပြောင်းလဲမှုမရှိကြပါက၊ သူ၏နိုင်ငံတော်၌ သူနှင့်အတူမည်သည့်အခါမျှ မတည်နိုင်ကြပါ။ ခရစ်တော်သည် သူတို့ကိုမြှင့်တင်ပေးရန်နှင့် စိတ်ထားမြင့်မြတ်စေရန်အတွက် အသေခံတော်မူခဲ့သည်အလျောက် မျိုးရိုးဇာတိဘက်သို့ ယိမ်းယိုင်မှုအားဖြင့် မှားယွင်းသောလုပ်ရပ်ကို စွဲကိုင်ထားကြပါက၊ သူနှင့်တည်မှီနိုင်ကြမည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ဖျက်လိုဖျက်ဆီးလုပ်ရန်အတွက် စာတန်မာရ်နတ်တီတွင်နိုင်သည့် စုံစမ်းနှောင့်ယှက်ခြင်းများအားလုံးတို့ကို ကျွန်ုပ်တို့က ထူးကဲစွာအောင်မြင်ကျော်ဖြတ်နိုင်ရေးအတွက် လူသားဇာတိအသွင်ဖြင့် လူသားများခံစားရနိုင်သော ဒုက္ခဝေဒနာဆင်းရဲခြင်းတို့ကို ခရစ်တော်က လာရောက်ခံစားတော်မူခဲ့ပါသည်။



ခရစ်တော်ထံတော်၌သာ ကျွန်ုပ်တို့၏မျှော်လင့်ခြင်းရှိပါသည်။ သူ၏လူစုတော်တို့ရယူနိုင်ရေးအတွက် ဘုရားသခင်ထံတော်၌ နေ့စဉ်အောင်မြင်မှုများရှိတော်မူပါသည်။ သူ၏ကောင်းကင်ဘုံဆုကျေးဇူးတော်များအားဖြင့် ထာဝရဘုရားသည် သူ၏လူစုတော်တို့အတွက် အကြံအစည်တော်များကို ပိုလျှံစွာပြုစုထားပေးတော်မူပါသည်။ လောကီမိဘတစ်ဦးအနေဖြင့် မြင့်မြတ်သန့်ရှင်းသောအကျင့်စရိုက်ကို သူ၏သားသမီးသို့မပေးနိုင်ပါ။ သူ၏သားသမီးဆီသို့ သူ၏အကျင့်စရိုက်ကို မပြောင်းရွှေ့ပေးနိုင်ပါ။ ဘုရားသခင်၏တစ်ပါးတည်းသာလျှင်၊ ကျွန်ုပ်တို့အား အသွင်ပြောင်းပေးနိုင်တော်မူပါသည်။ (ယောဟန် ၂၀း၂၂) တွင် ခရစ်တော်သည် သူ၏တပည့်တော်တို့အပေါ်၌မှုတ်လျက် “သင်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကိုခံကြလော့” ဟူ၍ မိန့်တော်မူခဲ့ပါသည်။ ဤအချက်သည် ကောင်းကင်နိုင်ငံတော်၏ကြီးမားလှသည့်ဆုကျေးဇူးတော်ဖြစ်ပါသည်။ ခရစ်တော်သည် သူ၏ကိုယ်ပိုင်အထွတ်အမြတ်ဖြစ်ခြင်းကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သူ၏တပည့်တော်တို့အားဝေငှပေးတော်မူခဲ့ပါသည်။ ဧဝံဂေလိတရားတော်ဆီသို့ အသက်ဝိညာဉ်တို့ကိုအောင်မြင်စွာပို့ဆောင်ပေးနိုင်ကြစေရန် ခရစ်တော်သည် သူ၏တန်ခိုးတော်အားဖြင့် သူ၏တပည့်တော်တို့အား စိတ်ဓာတ်မြှင့်တင်ပေးတော်မူပါသည်။ ဤအချိန်မှစပြီးနောက်ပိုင်းတွင် သူတို့၏ဉာဏစွမ်းအားအားဖြင့် သူတို့နှင့်ရှိနေတော်မူကာ၊ သူတို့၏စကားလုံးများမှတစ်ဆင့် မိန့်တော်မူပါလိမ့်မည်။ ထိုနေ့မှစပြီး ခရစ်တော်နှင့်သူတို့သည် တစ်လုံးတစ်ဝတည်းရှိကြပြီဖြစ်သည်ဆိုသည့်အသိကို ရရှိသည့်အခွင့်ထူးကို ခံစားစေခဲ့ကြရပါသည်။ သူတို့သည် ခရစ်တော်၏အခြေခံစည်းမျဉ်းများတို့ကို ရင်ဝယ်ပိုက်ထားကြရမည့်အပြင်၊ သူ၏ဝိညာဉ်တော်၏ထိန်းကွပ်မှုကို ခံယူကြရပါမည်။ သူတို့အနေဖြင့်၊ သူတို့၏ကိုယ်ပိုင်လမ်းစဉ်အတိုင်း လိုက်လျှောက်ခြင်းနှင့်၊ သူတို့၏ကိုယ်ပိုင်စကားလုံးများပြောဆိုခြင်းကို နောက်ပိုင်းအချိန်ကြာမြင့်စွာ မလုပ်ဆောင်ရကြတော့ပါ။ သူတို့ပြောဆိုကြသောစကားလုံးတို့သည် မြင့်မြတ်သန့်ရှင်းသည့်နှလုံးသား

ထဲမှ အစီအစဉ်တကျပေါ်ပေါက်လာရမည်ဖြစ်ပြီး သန့်ရှင်းမြင့်မြတ်သော နှုတ်ခမ်းသားများမှ ထွက်ကျလာရပါမည်။ သူတို့သည် ကိုယ်ကျိုးအတ္တဆန်သော သူတို့၏ကိုယ်ပိုင်အသက်တာဖြင့် အချိန်ကြာကြာမနေသင့်ကြဘဲ၊ သူတို့အတွင်း၌ ခရစ်တော်ကိုနေထိုင်ခွင့်ပေးခဲ့ကြရပါသည်။ သူနှင့်သူ၏ခမည်းတော်ထံတွင်ရှိသော ဘုန်းအာနုဘော်တော်ကို ခရစ်တော်သည် သူတို့ကိုပေးအပ်ခြင်းဖြင့် သူနှင့်သူတို့သည် ဘုရားသခင်ထံတော်၌ တစ်လုံးတစ်ဝတည်းရှိရကြပါမည်။

ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းရှိခြင်းသည် အမြင့်မားဆုံးသော ဂုဏ်ပြုခြင်းကို ခံယူရရှိခြင်းဖြစ်ကြောင်းကို ငယ်ရွယ်သူယောကျ်ား၊ မိန်းမတို့အနေဖြင့် ခံယူသိရကြမည်ဖြစ်သည်။ သင့်ထံ၌ရှိသမျှသော အသက်ဝိညာဉ်၊ ခန္ဓာကိုယ်နှင့်စိတ်ဓာတ်အားလုံးတို့ကို ထာဝရဘုရားထံတော်သို့ ရည်စူးဆက်ကပ်ပေးပါ။ သင်၌ရှိသောစွမ်းအားတိုင်းကို သန့်ရှင်းသောဝိညာဉ်တော်၏ ထိန်းချုပ်မှုအောက်တွင် အပ်နှံထားရှိပါ။

–o–



**အောက်တိုဘာ (၁၅)**

### ကျွန်ုပ်တို့သည်ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းရှိကြပါသည်

## "ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်မှု"

**"ငါတို့သည် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့၊–––သူတို့သည် တစ်လုံးတစ်ဝတည်းဖြစ်၍၊–––– ကိုယ်တော်သည် အကျွန်ုပ်အားပေးတော်မူသောဘုန်းအသရေကို အကျွန်ုပ်သည် သူတို့အားပေးပါပြီ" (ယောဟန် ၁၇း၂၂၊၂၃)။**

အမှန်တကယ်ခရစ်ယာန်များဖြစ်ကြသောသူများအတွင်းတွင်၊ စည်းလုံးခြင်း၊ ကြင်နာသနားခြင်းနှင့်ချစ်ခြင်းမေတ္တာများတို့ ပေါ်ပေါက်ထွက်ရှိလာသည် ဆိုသည့်အချက်ကို သက်သေပြသည့် အထူးတလည်ယုံကြည်လောက်သော ဖော်ပြချက်ကို အထက်ခေါင်းစီးပါကျမ်းချက်စာသားများတွင် ကျွန်ုပ်တို့တွေ့မြင်ရပါသည်။ ယုံကြည်သူများ၏အကျင့်စရိုက်တွင် ကမ္ဘာမြေကြီး၏ကယ်ချွတ်ရှင်သည် ချီးမြှောက်ခြင်းခံရပြီး ဘုန်းတော်ထင်ရှားခြင်းခံတော်မူရပါသည်။ ခရစ်ယာန်များအဖြစ် မိမိကိုယ်ကိုမိမိဖော်ပြကြပြီး၊ ကျမ်းစာတော်မြတ်သည် ဘုရားသခင်၏နှုတ်တော်ထွက်ဖြစ်ကြောင်းကို ယုံကြည်ကြောင်း မိမိတို့ကိုယ်ကိုမိမိတို့ ဖော်ပြကြသောသူတို့၏စည်းလုံးမှုသည် ကမ္ဘာမြေကြီးအပေါ်သို့ ကြီးမားလှစွာသော အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေပါသည်။

ဧမာနွေလတည်းဟူသော "ငါတို့နှင့်အတူရှိတော်မူသောဘုရားသခင်" ဆိုသည့်အကြောင်းအရာကို (မဿဲ ၁း၂၃) တွင် ကျွန်ုပ်တို့တွေ့ရှိနိုင်ကြပါသည်။ ဤအချက်သည် ကျွန်ုပ်တို့အတွက် အရာရာတိုင်းတွင် အဓိပ္ပါယ်ရှိပါသည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းအတွက် ကျယ်ပြန့်လှသောအခြေခံအုတ်မြစ်ကို ချထားပေးပါသည်။ ယုံကြည်သောအသက်ဝိညာဉ်၏ရှေ့မှောက်တွင် ကြီးမားသောထာဝရရှင်သန်သည့် မျှော်လင့်ချက်မျိုးကို ချထားပေးပါသည်။ ကောင်းကင်နိုင်ငံတော်သို့သွားရာခရီးလမ်းတွင် ခြေလှမ်းတိုင်းခြေလှမ်း

တိုင်းတို့တွင် ခရစ်တော်ယေရှုနှင့်အတူ ကျွန်ုပ်တို့ပူးပေါင်းလျှောက်လှမ်းနိုင်ရေးအတွက် ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူရှိတော်မူပါသည်။ ကျွန်ုပ်တို့၏ပူဆွေးမှုတို့ကို နှစ်သိမ့်ပေးရန်နှင့် စုံစမ်းနှောင့်ယှက်မှုကိုကာဆီးပေးသည့် "ဒိုင်း" အဖြစ် ရှိနေရန်အပြင်၊ ကျွန်ုပ်တို့၏ဖြေသိမ့်ပေးသူနှင့် ကျွန်ုပ်တို့၏စိတ်ရှုပ်ထွေးမှုများတွင် ဦးဆောင်လမ်းညွှန်သူအဖြစ် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့နှင့်အတူရှိနေပါသည်။ အမှန်တကယ်ပင်၊ ဘုရားသခင်၏နက်နဲလှသည့်ကြွယ်ဝလှစွာသော ဉာဏ်ပညာတော်နှင့်သိပ္ပံအတတ်တော်တို့ပါတကား။ ချစ်ခြင်းမေတ္တာကို ပြုစုပျိုးထောင်ရမည်ဖြစ်ပြီး သံသယဒွိဟစိတ်၊ မနာလိုစိတ်၊ သဝန်တိုစိတ်နှင့် ဆိုးသွမ်းမှုတို့ကိုတွေးတောခြင်း၊ ပြောဆိုခြင်းတို့ကို အမြစ်ဖြုတ်ပစ်ရပါမည်။ အတူတကွ တွန်းတွန်းတိုက်တိုက်ဖြင့် လုပ်ဆောင်ပြီး တစ်ဦးတည်းသောသူတစ်ထူးပုံစံဖြင့်လုပ်ဆောင်ပါ။ သင်တို့အချင်းချင်း ကိုယ်၌တွင်ငြိမ်သက်ခြင်းရှိကြပါစေ။ စိတ်ပိုင်းဆိုင်ရာကြွားဝါမှုနှင့်ကြီးစိုးလိုမှုကို မြတ်နိုးမှုတို့ကဲ့သို့သော အရာရာတိုင်းကိုဖယ်ရှားပစ်ကြရန် နာဇရက်မြို့သား သခင်ယေရှု၏နာမတော်၌၊ အကျွန်ုပ်သည်သင်တို့အားအရေးတကြီးတောင်းခံပါသည်။ အကယ်၍ စစ်မှုရေးရာကြီးပြီးဆုံးသွားပြီး သင်တို့သည်လည်း ငယ်ရွယ်သောသားသမီးများအဖြစ်သို့ ရောက်ရှိလာသောအခါ၊ သင်တို့အနေဖြင့် ကောင်းကင်နိုင်ငံတော်ကြီး၏ဘုရင့်သားသမီးတော်များအဖြစ်သို့ရောက်ရှိစေမည့် တော်ဝင်မိသားစု၏အဖွဲ့ဝင်များအဖြစ်သို့ ရောက်ရှိလာကြပါလိမ့်မည်။ ရှင်ယောဟန်ခရစ်ဝင်အခန်းကြီး (၁၇) ကို ဖတ်ပြီးရင်းဖတ်ရှုပါ။ ကျွန်ုပ်တို့၏ကယ်တင်ရှင်က သူ၏တပည့်တော်များတို့၏ကိုယ်စား၊ သူ၏ဖခမည်းတော်ထံသို့ ကမ်းလှမ်းတောင်းခံတော်မူသော ထိုဆုတောင်းချက်သည် မကြာမကြာပြန်လည်၍ ထပ်ခါထပ်ခါတောင်းခံရန် လျော်ကန်သောဆုတောင်းချက်ဖြစ်သည့်အပြင်၊ လက်တွေ့ဘဝတွင် ကျင့်သုံးလုပ်ဆောင်သင့်ပါသည်။ ဤဆုတောင်းချက်ဖြင့် ကျရှုံးသွားသောလူသားကို ဆွဲတင်နိုင်မည်ဖြစ်ပြီး အကယ်၍သာ ကျွန်ုပ်တို့သည် ဤစည်းလုံးမှုကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါက၊ ဘုရားသခင်သည် သူ၏





သားတော်ကိုချစ်တော်မူသကဲ့သို့ ကျွန်ုပ်တို့ကိုလည်း ချစ်တော်မူမည့်အပြင်၊ အပြစ်သားတို့သည် ကယ်တင်ခြင်းခံရမည့်အပြင် ဘုရားသခင်သည်လည်း အစဉ် ထာဝရဘုန်းတော်ထင်ရှားတော်မူလိမ့်မည် ဆိုသည့်ကတိတော်ကို ထာဝရဘုရားပေးထားတော်မူချက်လည်း ပြည့်စုံလာပေမည်။

ကောင်းကင်တမန်များနှင့် ကောင်းကင်တမန်မင်းများတို့သည် ဤကြီးမားသော ရွေးနုတ်တော်မူခြင်းအစီအစဉ်ကို အံ့သြတကြီးရှိကြပြီး၊ ဘုရားသခင်၏ကရုဏာတော်နှင့်ချစ်ခြင်းမေတ္တာကို ကြည့်မြင်တွေ့ရှိရကြသောအခါ ခမည်းတော်ဘုရားသခင်နှင့် သားတော်သခင်ယေရှုခရစ်တော်တို့အား လေးစားပြီးချစ်ခင်ကြပါသည်။

–o–

## အောက်တိုဘာ (၁၆)

### ကျွန်ုပ်တို့သည်ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းရှိကြပါသည်

# “ကျွန်ုပ်တို့သည်ကမ္ဘာမြေကြီးပေါ် သို့ခရစ်တော်ကို ရောင်ပြန်ဟပ်ပေးပါသည်”

**“ကိုယ်တော်သည်လည်း အကျွန်ုပ်၌ရှိတော်မူသောအားဖြင့်၊ သူတို့သည် တစ်လုံးတစ်ဝတည်းဖြစ်၍၊ တစ်လုံးတစ်ဝတည်း၌ စုံလင်စေခြင်းငှာလည်းကောင်း၊ ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူကြောင်းနှင့် အကျွန်ုပ်ကိုချစ်တော်မူသကဲ့သို့ သူတို့ကိုလည်းချစ်တော်မူကြောင်းကို လောကီသားတို့သည် သိစေခြင်းငှာလည်းကောင်း၊ ကိုယ်တော်သည် အကျွန်ုပ်အားပေးတော်မူသော ဘုန်းအသရေကို အကျွန်ုပ်သည် သူတို့အားပေးပါပြီ” (ယောဟန် ၁၇း၂၃)။**

သူ၏ဖခမည်းတော်ထံသို့ အသနားခံတောင်းလျှောက်သော သခင်ယေရှု၏ဆုတောင်းတော်မူချက်တွင် ကျရှုံးသွားသောလူသားနှင့်ပတ်သက်ပြီး ကောင်းကင်နိုင်ငံတော်၌ သူ၏ဖခမည်းတော်နှင့်သဘောတူညီခဲ့သော မလုပ်မဖြစ်လုပ်ဆောင်ရမည့် သူ၏တာဝန်ပိုင်းကို ပြီးမြောက်အောင်စတင်ဆောင်ရွက်ဖြည့်ဆည်းတော်မူခဲ့ပြီးကြောင်း တင်ပြတော်မူခဲ့ပါသည်။ သူ့အပေါ်ယုံကြည်ခြင်းရှိသောသူများတို့တွင် သူ၏ဘုန်းတန်ခိုးတော်ထင်ရှားတော်မူကြောင်းကို သူ့ကိုယ်ကိုသူ ကြေညာတော်မူပါသည်။ သူ၏နာမတော်အားဖြင့် အသင်းတော်သည် သူစတင်တော်မူခဲ့သော ထူးမြတ်သည့်ပြည့်စုံကုံလုံမှုနှင့်အတိပြီးသော အမှုတော်ကို ဆက်လက်ထမ်းရွက်ရမည်ဖြစ်ကာ၊ ထိုအသင်းတော်သည် ဘုရားသခင်၏ပရဒိသုဘုံ (ကောင်းကင်ဘုံ) တွင်၊ အဆုံး၌ရွေးနုတ်ခြင်းခံရသောအချိန်သို့ ရောက်ရှိလာသောအခါတွင်၊ သူ၏ဝိညာဉ်တော်ခံစားခဲ့ရသောဆင်းရဲခြင်းဝေဒနာကို လျစ်လျူရှုတော်မူပြီး ကျေနပ်အားရတော်မူပါလိမ့်မည်။

(၂ကော ၃း၁၈) တွင် ရှင်ပေါလုက “ငါတို့ရှိသမျှသည် မျက်နှာဖုံးကိုဖွင့်လျက် မှန်ကိုကြည့်သကဲ့သို့ သခင်ဘုရား၏ဘုန်းအသရေတော်ကိုကြည့်မြင်၍ ဝိညာဉ်တော်တရား၏အရှင်သည် ရောင်ခြည်တော်ကိုလွှတ်တော်မူသည်အတိုင်း ငါတို့သည် ဘုန်းအသရေတိုးပွား၍ ပုံသဏ္ဌာန်တော်နှင့်အညီပြောင်းလဲခြင်းရှိရကြ၏” ဟူ၍ ဩဝါဒပေးခဲ့ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ထာဝရဘုရားကို ကျွန်ုပ်တို့၏မျက်မှောက်၌ အစဉ်အမြဲထားရှိရကြပါမည်။ ဤကဲ့သို့လုပ်ဆောင်ကြသောသူများအနေဖြင့် ‘ဧနောက်’ ကဲ့သို့ ဘုရားသခင်နှင့်အတူတကွလမ်းလျှောက်ရကြမည်ဖြစ်ပြီး သူတို့သည် သူတို့ကိုယ်၌က မသိမမြင်နိုင်သောအနေအထားဖြင့် ဖခမည်းတော်နှင့်သားတော်တို့နှင့်အတူ၊ တစ်လုံးတစ်ဝတည်းရှိလာကြပေမည်။ နေ့စဉ်နေ့တိုင်းပင် ပြောင်းလဲခြင်းသည် စိတ်အတွေးနှင့်စိတ်နှလုံးများတို့တွင် ပုံဖော်မှုရှိလာပြီး သဘာဝအရဖြစ်သော လိုအင်ဆန္ဒနှင့် သဘာဝအရဖြစ်သော ခရီးလမ်းများတို့သည် ဘုရားသခင်၏ခရီးလမ်းတော်နှင့် ဝိညာဉ်တော်အတိုင်း ပုံသွင်းခြင်းခံလာရကြပါသည်။ ဝိညာဉ်ရေးဆိုင်ရာဗဟုသုတတွင် သူတို့သည် တိုးတက်မှုရှိလာကြပြီး၊ သူတို့သည် ခရစ်တော်၌ အပြည့်အဝအရေးပါကြသော အမျိုးသား၊ အမျိုးသမီးများအဖြစ်သို့ ကြီးပြင်းရောက်ရှိလာကြပါတော့သည်။ ခရစ်တော်၏အကျင့်စရိုက်တော်ကို သူတို့သည် ကမ္ဘာမြေပြင်ပေါ်သို့ ရောင်ပြန်ဟပ်ပေးကြပြီး၊ ခရစ်တော်၌ သူတို့တည်နေကြသကဲ့သို့ ခရစ်တော်သည်လည်း သူတို့၌တည်တော်မူလာကာ၊ ဘုရားသခင်၏သားတော်သမီးတော်များအဖြစ် အခေါ်ခံရသောအမှုတော်ကို ဖြည့်ဆည်းပေးကြသည်အလျောက်၊ (မဿဲ ၅း၁၄၊၁၅) တွင် ခရစ်တော်မိန့်တော်မူခဲ့သည်အတိုင်း၊ သူတို့သည် ဤလောက၏အလင်းဖြစ်လာကြကာ၊ တောင်ထိပ်၌တည်သောမြို့ကို မကွယ်နိုင်ကြပါ။ “ဆီမီးထွန်းညှိပြီးပါက၊ ထိုဆီမီးကိုတောင်းဇလားအောက်တွင် ဖုံးထားရရိုးထုံးစံ

မရှိပါ။ အိပ်ရာခုတင်အောက်တွင်လည်းမထားရပါ။ ထိုအခန်းထဲသို့ဝင်လာကြသောသူများ အလင်းရောင်ရရှိရေးအတွက် ထိုဆီမီးကို ဆီမီးခုံပေါ်တွင်တင်ထားလေ့ရှိကြပါသည်။" အထက်အရပ်မှမီးဖြင့် ထွန်းညှိခြင်းခံရကြသောသူတို့သည် ဖြောင့်မတ်ခြင်းတရားနေမင်းကြီး၏တောက်ပသောအလင်းတန်းကို တစ်ဆင့်ပြန်လည်ပို့ဆောင်ဖြန့်ဝေပေးပါလိမ့်မည်။

–၀–



**အောက်တိုဘာ (၁၇)**

### ကျွန်ုပ်တို့သည်ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းရှိကြပါသည်

### "ကျွန်ုပ်တို့သည်အပြစ်ကျူးလွန်ခြင်းအမှုမှ ကာကွယ်ထားပေးခြင်းခံရကြပါသည်"

**"ကိုယ်တော်၌တည်နေသောသူမည်သည်ကား၊ ဒုစရိုက်ကိုမပြုတတ်။----" (၁ယော ၃း၆)။**

ဘုရားဝတ်၌မွေ့လျော်ခြင်းအားဖြင့်၊ အသက်မွေးဝမ်းကျောင်းမှုအလုပ်တစ်ခုတည်းသာ လုပ်ဆောင်ခြင်းသည် တန်ဖိုးထိုက်တန်မှုမရှိပါ။ ခရစ်တော်၌တည်နေသောသူသာလျှင်၊ ခရစ်ယာန်တစ်ယောက်ဖြစ်ပါသည်။ (၁ယော ၃း၃) တွင် ရှင်ယောဟန်က "ထိုသို့မျှော်လင့်သောသူမည်သည်ကား၊ ကိုယ်တော်သန့်ရှင်းတော်မူသည်နည်းတူ၊ ကိုယ်ကိုကိုယ်သန့်ရှင်းစေတတ်၏" ဟူ၍ ဩဝါဒပေးခဲ့ပါသည်။ အဆက်အနွယ်တိုင်းနှင့်လူမျိုးတိုင်းတို့တွင်ရှိသောလူငယ်လူရွယ်တိုင်းတို့သည် ဘုရားသခင်နှင့်ပူးပေါင်းဆောင်ရွက်ရကြပါမည်။ လူတစ်ယောက်သည် စင်ကြယ်သန့်ရှင်းသောလူတစ်ယောက်အဖြစ်သို့ရောက်ရှိနိုင်သည့် တစ်ခုတည်းသောနည်းလမ်းမှာ ဘုရားသခင်၏စိတ်အတွေးတော်နှင့်တူညီသည့် စိတ်အတွေးမျိုးကို တွေးတောနိုင်သောအနေအထားသို့ရောက်ရှိအောင်ကျင့်ကြံရကြပါမည်။ ဘုရားသခင်ကို ကျွန်ုပ်တို့မည်ကဲ့သို့သိရှိနိုင်ကြမည်နည်း။ သူ၏နှုတ်တော်ထွက်ကို လေ့ကျက်သင်ယူခြင်းဖြင့်သာ၊ ဘုရားသခင်ကို ကျွန်ုပ်တို့သိရှိနိုင်ကြပါသည်။

ယေရှုခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့်သာလျှင်၊ စိတ်နှလုံးသည်သမ္မာတရားကိုလက်ခံရရှိနိုင်မည်ဖြစ်၍၊ လူသားကိုယ်စားလှယ်သည်လည်းဖြူစင်မွန်မြတ်ပြီး၊ စင်ကြယ်သန့်ရှင်းလာပါမည်။ သခင်ယေရှုသည် (ဟေရှာယ ၅၃း၅) တွင် ပုရောဖက်ကြိုတင်ဟောကြားထားသကဲ့သို့ "ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကိုခံရလေ၏။ ငါတို့၏

ငြိမ်သက်ခြင်းချမ်းသာကို ဖြစ်စေသောဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍၊ သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏" ဆိုသည့်အတိုင်း ကျွန်ုပ်တို့၏လွန်ကျူးခြင်းအတွက် ခံစားတော်မူခဲ့ရပါသည်။ အကယ်၍သာ ကျွန်ုပ်တို့က အပြစ်ကိုတမင်တကာကျူးလွန်ကြပါက၊ ကျွန်ုပ်တို့ခံစားရကြသောအနာသည် ပျောက်နိုင်ဖွယ်ရာရှိပါမည်လား။ မပျောက်ကင်းနိုင်ပါ။ စစ်မှန်သောယုံကြည်ခြင်းအကြောင်းနှင့်ပတ်သက်ပြီး အဆိုရှိသည်မှာ၊ ကျွန်ုပ်သည် အပြစ်ကိုကျူးလွန်မိခဲ့ပါသော်လည်း သခင်ယေရှုသည် ကျွန်ုပ်၏အပြစ်ကိုခွင့်လွှတ်တော်မူသောအချိန်မှစပြီး သူ၏ခွန်အားတော်၌ ထို့အပြင် သူ၏ခွန်အားတော်အားဖြင့် ကျွန်ုပ်သည် စုံစမ်းနှောင့်ယှက်ခြင်းကို ခုခံတွန်းလှန်ပါမည်။ အထက်ပါပထမဆုံးသောစာပိုဒ်ပါ (၁ယော ၃း၃) တွင် "ထိုသို့မျှော်လင့်သောသူမည်သည်ကား၊ ကိုယ်တော်သန့်ရှင်းတော်မူသည်နည်းတူ ကိုယ်ကိုကိုယ်သန့်ရှင်းစေတတ်၏" ဆိုသည့် ကျမ်းချက်ပါအတိုင်း၊ ခရစ်တော်၏ခွင့်လွှတ်တော်မူခြင်းကို ခံစားသိရှိပြီး စုံစမ်းနှောင့်ယှက်ခြင်းကို ခုခံတွန်းလှန်သူသည် စုံစမ်းနှောင့်ယှက်ခြင်းကို ကျော်လွှားနိုင်ရန်အတွက် အထောက်အကူအဖြစ် သူ၏စိတ်ဝိညာဉ်အတွင်း၌တည်နေသော အခြေခံစည်းမျဉ်းတစ်ခုကို ရရှိနေကြောင်း၊ ခံစားလာရပါသည်။

ခေါင်းစီးပါကျမ်းချက်ဖြစ်သော "ကိုယ်တော်၌တည်နေသောသူမည်သည်ကား၊ ဒုစရိုက်ကိုမပြုတတ်။---" (၁ယော ၃း၆) အတိုင်း၊ ခရစ်တော်၌ရှိနေသောသူအနေဖြင့် သူ၏စိတ်ဝိညာဉ်သည် စုံစမ်းနှောင့်ယှက်ခြင်းအောက်သို့ ရောက်ရှိသောအခါ၊ ဘုရားသခင်သည် ထိုစိတ်ဝိညာဉ်ကို စောင့်ရှောက်တော်မူရန်အတွက် တန်ခိုးစွမ်းအားရှိတော်မူပါသည်။ (၁ယော ၃း၆) တွင် "ကိုယ်တော်၌တည်နေသောသူမည်သည်ကား၊ ဒုစရိုက်ကိုမပြုတတ်။ ဒုစရိုက်ကိုပြုတတ်သောသူမည်သည်ကား၊ ကိုယ်တော်ကိုမသိမမြင်ရသေး" ဟူ၍ ဖော်ပြထားပါသည်။ ဤအချက်သည် စစ်မှန်သောယုံကြည်သူတိုင်းသည် အသက်တာနှင့်အကျင့်စရိုက်တို့တွင် သမ္မာတရားတော်အားဖြင့် ချီးမြှောက်ရာသို့ရောက်ရကြောင်းကို ဖော်ပြထားပါသည်။ (၁ယော ၃း၇) တွင်



"ချစ်သားတို့၊ သင်တို့ကိုအဘယ်သူမျှမလှည့်ဖြားစေနှင့်။ အကြင်သူသည် (လုပ်ဆောင်ရန်ဟန်ပြရုံတင်မဟုတ်ဘဲ) ဖြောင့်မတ်ခြင်းတရားကိုကျင့်၏။ ကိုယ်တော်ဖြောင့်မတ်တော်မူသည်နည်းတူ၊ ထိုသူသည် ဖြောင့်မတ်ခြင်းရှိ၏" ဟူ၍လည်းကောင်း (၁ယော ၃း၉၊၁၀) တွင်လည်း "ဘုရားသခင်ဖြစ်ဘွားစေတော်မူသောသူမည်သည်ကား၊ ဒုစရိုက်ကိုမပြုတတ်။----ထိုသူသည် ဘုရားသခင်ဖြစ်ဘွားစေတော်မူသောသူဖြစ်သောကြောင့် ဒုစရိုက်ကိုမပြုနိုင်။ ထိုသို့သောလက္ခဏာအားဖြင့် ဘုရားသခင်၏သားတို့နှင့် မာရ်နတ်၏သားတို့သည် ထင်ရှားကြ၏" ဟူ၍ ဆက်လက်ဖော်ပြထားပါသည်။ ယခုတွင်ပင် ထူးခြားမှုဖြစ်ပေါ်လာခြင်းကိုမှတ်သားရန်အတွက်၊ (၁ယော ၃း၁၀) ကို ဆက်လက်ကြည့်ရှုပါက၊ "ဖြောင့်မတ်ခြင်းတရားကိုမကျင့်သောသူ၊ မိမိညီအစ်ကိုကိုမချစ်သောသူမည်သည်ကား၊ ဘုရားသခင်နှင့်မဆိုင်" ဟူ၍ တွေ့ရှိနိုင်ပါသည်။ ချစ်လှစွာသော ကျွန်ုပ်၏ကလေးသူငယ်များတို့ခင်ဗျာ၊ ကျွန်ုပ်တို့သည် စကားလုံးအားဖြင့်နှင့် လျှာအားဖြင့်သာမဟုတ်ဘဲ အမှန်တကယ်သစ္စာရှိစွာဖြင့် ချစ်ခင်ကြကုန်အံ့။

–၀–

### အောက်တိုဘာ (၁၈)

## ကျွန်ုပ်တို့သည်ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းရှိကြပါသည်

## “သူ၏ချစ်ခြင်းမေတ္တာတော်၌ကျွန်ုပ်တို့တည်မှီပါသည်”

**“ကိုယ်တော်သည် အကျွန်ုပ်ကိုချစ်တော်မူသောမေတ္တာသည် သူတို့၌ရှိစေခြင်းငှာလည်းကောင်း၊ အကျွန်ုပ်သည် သူတို့၌ရှိစေခြင်းငှာလည်းကောင်း ကိုယ်တော်၏နာမကို အကျွန်ုပ်သည် သူတို့အားပြညွှန်ပါပြီဖြစ်၍ အစဉ်ပြညွှန်ပါမည်ဟု မိန့်မြွက်တော်မူ၏” (ယောဟန် ၁၇:၂၆)။**

သင့်ကိုယ်ကိုသင်သနားခြင်းသည် သင့်ကိုထိခိုက်အနာတရဖြစ်စေသောအရာတစ်ခုဖြစ်ပြီး၊ သင့်ကိုယ်ကိုသင်ထောက်ထားစာနာခြင်းကြောင့် သင်၌ရှိသင့်သော ကိုယ်ကိုကိုယ်လေးစားသမှုရှိရမည့်အနေအထား၌မရှိသကဲ့သို့ ခံစားလာရသည့်အလျောက်၊ သင်လုပ်ဆောင်နေသောအလုပ်အကိုင်သည် အထူးခက်ခဲမှုရှိသည့်အပြင်၊ သင်၏အကောင်းဆုံးသော ကြိုးပမ်းမှုများသည်လည်း အသိအမှတ်ပြုခြင်းမခံရတတ်ပါ။ ဤခံစားချက်များသည် ဝိညာဉ်ရေးဆိုင်ရာရောဂါဘယ၏အကျိုးဆက်များဖြစ်ပြီး ၎င်းကိုခရစ်တော်ကိုယုံကြည်မှုရှိခြင်းအားဖြင့်သာ ကုသနိုင်ပါသည်။ သင်ပင်ပန်းနွမ်းနယ်သောအခါ (သို့မဟုတ်) စိတ်ရှုပ်ထွေးသောအခါတွင် စုံစမ်းနှောင့်ယှက်ခြင်းသည် သင့်ကိုအမိဖမ်းမည်ဖြစ်သော်လည်း ပထမဆုံးသောနိမိတ်ရှေ့ပြေးများအဖြစ် ရန်သူသည် သင်ညည်းညူရန်နှင့်မြည်တွန်တောက်တီးရန် လုပ်ဆောင်လာပါက၊ သခင်ယေရှုထံတော်သို့ကြည့်မျှော်ပြီး၊ သင်၏ကယ်တင်ရှင်ဖြစ်တော်မူသော သူ့အပေါ်၌သစ္စာရှိပါ။ ဤအချက်သည် ဝိညာဉ်ရေးငှက်ဖျားရောဂါကို ကုသပျောက်ကင်းစေနိုင်သည့် တစ်ခုတည်းသောနည်းလမ်းဖြစ်ပါသည်။----သင်၏စိတ်အတွေးကို ဤနည်းလမ်းများ၏သိမ်းပိုက်ခံအဖြစ် သင်သဘောတူလက်ခံပါက၊ သင့်အနေဖြင့် အလွန်အလုပ်ရှုပ်နေကြောင်းကို ရန်သူကတွေ့မြင်ပါလိမ့်မည်။



သူသည် သင်၏မျက်စိရှေ့၌ အကျယ်ချဲ့မြင်တွေ့နိုင်သည့် မှန်ဘီလူးကိုထားရှိပြီး၊ ပွေးသတ္တဝါ၏ကျစ်စာမြေပုံတောင်ပို့ကလေးအရွယ်သာရှိသောအခက်အခဲများကို တောင်ကြီးအရွယ်အစားရှိသော အခက်အခဲများအဖြစ်သို့ အမြင်မျိုးရှိစေရန် ဖန်တီးလုပ်ဆောင်လာပါသည်။ သင့်အနေဖြင့် ဘုရားသခင်၏သဏ္ဌာန်တော်အတိုင်း ပြန်လည်ပုံဖော်ရမည်ဆိုသည့်အချက်ကို နားလည်ရန်လိုအပ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ပုံလောင်းခြင်းခံရသည့် အသိပညာရှိသောစိတ်နှလုံးကို ရရှိထားခြင်းသည် သင်၏အခွင့်ထူးပင်ဖြစ်ပြီး ဤအရာသည် စစ်မှန်သောပျော်ရွှင်ဝမ်းမြောက်မှုအားလုံး၏အခြေခံအုတ်မြစ်ဖြစ်ပါသည်။

သူ၏ချစ်ခြင်းမေတ္တာတော်၌ သစ္စာရှိရန်အတွက် ဘုရားသခင်သည် သင်တို့အားလိုလားတော်မူပြီး သင်တို့၏စိတ်ဝိညာဉ်တို့သည် စီမံခန့်ခွဲနိုင်ခြင်းမရှိသော အခြေအနေမျိုး၌ရှိမနေစေရန်အတွက် သင်တို့၏အတွေးအခေါ်များတို့၏ဂိတ်တံခါးမကြီးကို သော့ခတ်ထားခြင်းအားဖြင့် သင်တို့၏စိတ်ဝိညာဉ်တို့ကို အစဉ်တစိုက်ဦးဆောင်ပဲ့ပြင်တော်မူပါသည်။ ဤကဲ့သို့လုပ်ဆောင်တော်မူရခြင်းမှာ သင်တို့သည် သင်တို့၏စိတ်အတွေးတို့ကို မိမိတို့၏အကျိုးအတွက် မိမိကိုယ်ကိုသာ ပြန်လည်ကြင်နာသနားတတ်သည့် အတွေးအခေါ်များ၌သာ မွေ့လျော်စေရန် မိမိကိုယ်ကိုခွင့်ပြုလာကြသောအချိန်တွင်၊ ရန်သူသည် သင့်အားကောင်းမြတ်သောအရာကို လုပ်ဆောင်ပေးမည့် ကောင်းမြတ်သောသူတို့နှင့် အတူ ပါဝင်ရောနှောပြီး၊ ကြင်နာခြင်းမရှိသည့်အပြင် ကျိုးကြောင်းမဆီလျော်သောအရာများတို့ကိုသာ အကြံဉာဏ်ပေးရန် ပါဝင်လာမည်ဖြစ်သည်။

သခင်ယေရှုကိုနာခံပြီး၊ သူ၏အကြံဉာဏ်ပေးတော်မူချက်ကို လိုက်လျှောက်ပါက၊ ဉာဏ်ပညာနှင့်ပြည့်စုံပြီး ခွန်အားကြီးမားတော်မူသော အကြံပေးပုဂ္ဂိုလ်တော်ကြီးဖြစ်သည့် တစ်ဦးတည်းသော စစ်မှန်သည့်ဦးဆောင်လမ်းညွှန်သူ၊ တစ်ဦးတည်းသော သင့်အားငြိမ်သက်ခြင်း၊ ပျော်ရွှင်ခြင်းနှင့် ပြည့်ဝသော ရွှင်လန်းဝမ်းမြောက်ခြင်းတို့ကို ပေးနိုင်တော်မူသော သူ၏ထံတော်မှ သင်သည် သွေဖည်သွားနိုင်ခြင်း ရှိလိမ့်မည်မဟုတ်ပါ။ အခြားသူများက

ကျွန်ုပ်တို့အပေါ် မည်သို့ပင်ထင်မြင်ပါစေ၊ (သို့မဟုတ်) မည်သို့ပင်ပြုမူလာပါစေ ကျွန်ုပ်တို့၏ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းတည်နေခြင်းနှင့် ဝိညာဉ်တော်၏မိတ်ဆွေအပေါင်းအသင်းဖြစ်ခြင်းတို့ကို အနှောင့်အယှက်ဖြစ်ရန်မလိုအပ်ပါ။ ခရစ်တော်ထံတော်မှလွဲ၍ အခြားမည်သည့်နေရာ၌မျှ ငြိမ်ဝပ်ခြင်းချမ်းသာကို မတွေ့ရှိနိုင်ကြောင်းကို သင်တို့သိရှိပါသည်။

–၀–



**အောက်တိုဘာ (၁၉)**

### ကျွန်ုပ်တို့သည်ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းရှိကြပါသည်

### "ကျွန်ုပ်တို့သည်သူ၏ထံတော်၌တည်မှီကြပြီး သူသည်လည်းကျွန်ုပ်တို့၌တည်တော်မူပါသည်"

**"ငါ၏အသားအသွေးကိုသောက်စားသောသူသည် ငါ၌တည်၏။ ထိုသူ၌လည်းငါတည်၏" (ယောဟန် ၆:၅၆)။**

ဘုရားသခင်၏နှုတ်တော်ထွက်ကိုအာရုံပြုပြီး စိတ်ကူးမှန်းဆခြင်းသည် ကယ်တင်ခြင်းဆီသို့ ကျွန်ုပ်တို့အား ဉာဏ်အမြော်အမြင်ရှိရှိဖြင့်ပို့ဆောင်ပေးပြီး၊ ဤနှုတ်ကပတ်တော်ကိုသိရှိစေသောဇဟုသုတသည် ကျွန်ုပ်တို့၏ပျော်ရွှင်ခြင်းကို အာမခံပေးသည့်အပြင် ခရစ်ယာန်အကျင့်စရိုက်၏ပြည့်စုံခြင်းကိုရရှိရန် ကျွန်ုပ်၏အောင်မြင်ခြင်းကိုပါ အာမခံပေးပါသည်။

ဘုရားသခင်၏နှုတ်တော်ထွက်ကိုလက်ခံရရှိသည်ဟု မိမိကိုယ်ကိုယုံကြည်ခြင်းရှိသောသူအားလုံးတို့သည် ထိုနှုတ်တော်ထွက်အတိုင်း လုပ်ဆောင်ကြသောသူများဖြစ်လာကြရပါမည်။ ဘုရားသခင်၏သားတော်၏အသားတော်ကိုစားခြင်းနှင့် သူ၏အသွေးတော်ကိုသောက်ခြင်းဟူ၍ ခရစ်တော်ကကိုယ်စားပြုတော်မူသော မှန်ကန်သောအသိဉာဏ်ဇဟုသုတအားဖြင့် သူတို့၏စိတ်အတွေးတို့သည် ပုံကြီးချဲ့ခြင်းခံရကြပါမည်။ သမ္မာတရားကို လက်တွေ့လေ့ကျင့်ကြခြင်းဖြင့် အသက်ရှင်ခြင်းတရားဆိုင်ရာ နှုတ်တော်ထွက်မိန့်တော်မူချက်ကို အခြားသူများအတွက်ကိုပါ ထိန်းသိမ်းထားပေးကြပါသည်။ ဤသို့သောအားဖြင့် သူတို့သည် သြဇာသက်ရောက်မှုများအတွင်းတွင် အပါအဝင်ဖြစ်သော သြဇာသက်ရောက်မှုတစ်ခုအဖြစ်လည်းကောင်း၊ အသက်တာတစ်ခုကိုကာကွယ်သည်မှ နောက်ထပ်အသက်တာကို ကာကွယ်သူများအဖြစ်သို့ ရောက်ရှိလာကြပေမည်။

ခရစ်တော်က (ယောဟန် ၆း၆၃) တွင်၊ "ဝိညာဉ်သာလျှင် အသက်ရှင်စေ၏။ ကိုယ်ကာယသည်အလျှင်းမတတ်နိုင်။ ငါပြောသောစကားသည် ဝိညာဉ်ဖြစ်၏။ အသက်လည်းဖြစ်၏" ဟူ၍ မိန့်တော်မူခဲ့သည့်အပြင်၊ (ယောဟန် ၆း၅၆–၅၈) တွင် "ငါ၏အသားအသွေးကို သောက်စားသောသူသည် ငါ၌တည်၏။ ထိုသူ၌လည်းငါတည်၏။ အသက်ရှင်တော်မူသော ခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူ၍ ငါသည် ခမည်းတော်အားဖြင့် အသက်ရှင်သည်နည်းတူ ငါ့ကိုစားသောသူသည် ငါ့အားဖြင့်အသက်ရှင်လိမ့်မည်။ ဤမုန့်ကား၊ ကောင်းကင်မှဆင်းသက်သောမုန့်ဖြစ်၏။––––" ဟူ၍ မိန့်တော်မူခဲ့ပါသေးသည်။

တစ်ပါးတည်းသော စစ်မှန်သည့်ဘုရားသခင်နှင့် သူစေလွှတ်တော်မူသော သခင်ယေရှုခရစ်တော်တို့၏ပညာအတတ်တော်တို့နှင့် လားလားမျှ မသက်ဆိုင်သောအစားအစာမျိုးကို အာသာတွေ့နိုင်စေရန်အတွက် စာတန်မာရ်နတ်သည် သူလုပ်နိုင်သမျှသောအရာအားလုံးတို့ကို လုပ်ဆောင်မည်ဖြစ်သည်။ ထူးခြားသောအရည်အချင်းမျိုးကို လွန်ကဲစွာဖြင့်ရယူလိုသည့် အကျင့်စရိုက်ရှိသောသူများ၊ လူသား၏အပြစ်အနာအဆာချို့ယွင်းချက်တို့ကို သူတို့၏ပြောစကားများနှင့် ပင်ကိုစရိုက်တို့တွင် ထပ်တလဲလဲထုတ်ဖော်ပြသသောသူများတို့အနေဖြင့် သူတို့သည် ဘုရားသခင်၏သားတော်၏အသားကိုမစား၊ အသွေးကိုမသောက်ကြသောသူများဖြစ်ကြကြောင်းကို မိမိတို့ကိုယ်ကိုမိမိတို့ သက်သေခံရာရောက်ကြပါသည်။

ဝိညာဉ်ရေးဆိုင်ရာလုပ်ဆောင်နိုင်စွမ်းကို အသက်ဝင်စေမည့်အရာမှာ၊ စိတ်နှလုံးထဲတွင်တည်နေတော်မူသော ဘုရားသခင်၏နှုတ်တော်ထွက်သာလျှင် ဖြစ်ပါသည်။

သခင်ယေရှုသည် လူသားများကိုချစ်တော်မူပြီး သူ၏ကိုယ်ပိုင်အသက်တာတော်မှဆင်းသက်လာသည့် အသစ်သောမွေးဖွားခြင်းနှင့် အသစ်သောအသက်တာမျိုးတို့ကို သူ၏အသွေးတော်ဖြင့် ဝယ်ယူတော်မူခြင်းခံရသော



အသက်ဝိညာဉ်က ရရှိနိုင်ရန်အတွက် ကြိုတင်စီမံထားမှုတိုင်းကို လုပ်ဆောင်တော်မူပါသည်။ ရှင်ယောဟန်က သူ၏ဩဝါဒစာ (၁ယော ၅း၁၂) တွင်၊ "သားတော်ကိုရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏သားတော်ကို မရသောသူမူကား၊ အသက်ကိုမရ" ဟူ၍ ဩဝါဒပေးခဲ့ပါသည်။ ခရစ်တော်၌ယုံကြည်ခြင်းရှိကြသောသူတို့အနေဖြင့် စေ့ဆော်မှုတန်ခိုးနှင့် သူတို့အကျင့်စရိုက်များ၏အနေအထားတို့ကို သူတို့ယုံကြည်ကြသော ထိုသခင်ယေရှုထံတော်မှ ခံယူရရှိနိုင်ကြပါသည်။

–၀–

## အောက်တိုဘာ (၂၀)

### ကျွန်ုပ်တို့သည်ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းရှိကြပါသည်

### "ရေနှစ်ခြင်း (ဗတ္တိဇံ) ကိုခံယူခြင်းအားဖြင့်၊ ကျွန်ုပ်တို့၏အသက်တာသည်ခရစ်တော်နှင့်အတူဘုရားသခင်၌ဝှက်ထားလျက်ရှိ၏"

**"အကြောင်းမူကား၊ သင်တို့သည် သေသောသူဖြစ်၍၊ သင်တို့အသက်သည် ခရစ်တော်နှင့်အတူ ဘုရားသခင်၌ဝှက်ထားလျက်ရှိ၏" (ကောလောသဲ ၃း၃)။**

ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမတော်အားဖြင့် ရေနှစ်ခြင်းကိုခံယူကြသောသူတို့သည် ကြီးမားသောတာဝန်ယူမှုမျိုးကို ခံယူလာရကြပါသည်။ အထက်ဖော်ပြပါကျမ်းချက်ဖြစ်သော၊ "သင်တို့သည် သေသောသူဖြစ်၍ သင်တို့အသက်သည် ခရစ်တော်နှင့်အတူ ဘုရားသခင်၌ဝှက်ထားလျက်ရှိ၏" ဆိုသည့်စကားတို့၏အဓိပ္ပါယ်ကို နားလည်နိုင်ရန် ကြိုးပမ်းကြပါ။ သင်တို့ဝင်ရောက်၊ ရောက်ရှိနေသော အသစ်သောအသက်တာ၌ သင်တို့သည် ခရစ်တော်၏အသက်တာကို ကိုယ်စားပြုရန် ကတိသစ္စာပြုရကြပါသည်။ လူသစ်အဖြစ် ယူတင်ဝတ်ဆောင်ရန်အတွက် (ကောလောသဲ ၃း၁၀) တွင် ဖော်ပြထားသကဲ့သို့၊ "ဖန်ဆင်းတော်မူသော သူ၏ပုံသဏ္ဍာန်နှင့်အညီ မှန်သောပညာအားဖြင့် အသစ်ပြုပြင်သောလူသစ်ကို ယူတင်ဝတ်ဆောင်သောသူဖြစ်ကြ၏" ဆိုသည့်အတိုင်း ကျင့်ကြံရကြပါမည်။ ထို့ပြင်မက (ကောလောသဲ ၃း၁၂–၁၅) တွင်ဖော်ပြသော၊ "ထိုကြောင့် သင်တို့သည် ဘုရားသခင်ရွေးကောက်သောသူ၊ သန့်ရှင်းသောသူ၊ ချစ်အပ်သောသူကဲ့သို့၊ သနားစုံမက်ခြင်း၊ ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းတို့ကို ယူတင်ဝတ်ဆောင်ကြလော့။ တစ်ယောက်၌တစ်ယောက် အပြစ်တင်စရာအခွင့်ရှိလျှင် အချင်းချင်းသည်းခံ၍ အပြစ်ကိုလွှတ်ကြလော့။ ခရစ်တော်သည် သင်တို့၏အပြစ်ကိုလွှတ်တော်မူသကဲ့သို့ ထိုနည်းတူပြုကြလော့။ စုံလင်



ခြင်းအဖွဲ့အစည်းတည်းဟူသော ချစ်ခြင်းမေတ္တာကိုထပ်၍ယူတင်ဝတ်ဆောင်ကြလော့။ သင်တို့စိတ်နှလုံးအထဲ၌ ခရစ်တော်၏ငြိမ်သက်ခြင်းအုပ်စိုးစေ။ ထိုသို့အလိုငှာ သင်တို့သည် တစ်လုံးတစ်ကိုယ်တည်း၌ ခေါ်ထားတော်မူခြင်းကို ခံကြသည်ဖြစ်၍၊ ကျေးဇူးတော်ကိုသိသောစိတ်ရှိကြလော့" ဆိုသည့် ဩဝါဒအတိုင်း လိုက်နာရကြပါမည်။

အပြစ်တို့ဖြင့်ပြည့်ဝသော အသက်တာအဟောင်းသည် သေလွန်သွားပြီး ရေနှစ်ခြင်းမင်္ဂလာအားဖြင့် ခရစ်တော်နှင့်အတူ အသစ်သောအသက်တာသို့ ဝင်ရောက်လာပြီးဖြစ်သည်။ ကယ်တင်ရှင်၏အကျင့်စရိုက်တော်ဆိုင်ရာ သီလပါရမီတို့ကို လေ့ကျင့်ကြပါ။ ပညာတကာတို့ထက် ပေါကြွယ်လှသည့် သူ၏ပညာတော်ကို သင့်အပေါ်၌တည်တော်မူပါစေ။ (ကောလောသဲ ၃း၁၆၊၁၇) တွင် "–––သင်တို့သည် ဆာလံသီချင်းမှစသော ဓမ္မသီချင်းအမျိုးမျိုးအားဖြင့် အချင်းချင်းတို့ကို ဆုံးမသွန်သင်ခြင်း၊ သတိပေးခြင်းကိုပြု၍၊ နူးညွတ်သောစိတ်နှလုံးနှင့် ဘုရားသခင်ရှေ့တော်၌ တင့်တယ်လျောက်ပတ်စွာ သီချင်းဆိုကြလော့။ စကားပြောသော်လည်းကောင်း၊ အမှုဆောင်ရွက်သော်လည်းကောင်း သခင်ယေရှု၏နာမတော်ကိုထောက်၍ ခပ်သိမ်းသောအမှုတို့ကိုပြုမူလျက်၊ ကျေးဇူးတော်ကြီးလှပါ၏ဟု ထိုသခင်ကိုအမှီပြု၍ ခမည်းတော်ဘုရားသခင့်ရှေ့၌ ဝန်ခံကြလော့" ဟူ၍ ရှင်ပေါလုက ဩဝါဒပေးခဲ့ပါသည်။ မိမိကိုယ်ကိုမိမိမပြောင်းလဲမီအချိန်က ကျင့်ကြံခဲ့သောအပြစ်ဒုစရိုက်မှုများတို့ကို လူဟောင်းတို့၏အကျင့်နှင့်ခန္ဓာကိုယ်တို့နှင့်အတူ ချွတ်ပယ်ရမည်ဆိုခြင်းကို (ကောလောသဲ ၃း၉) တွင် ဖော်ပြထားပြီး၊ (ကောလောသဲ ၃း၁၀) တွင် ခရစ်တော်၏ပုံသဏ္ဍာန်တော်နှင့်အညီ အသစ်ပြုပြင်သောလူသစ်ကို (ကောလောသဲ ၃း၁၂) အရ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းတို့ကို ယူတင်ဝတ်ဆောင်ကြရပါမည်။

သခင်ယေရှု၏ဝိညာဉ်တော်နှင့် ချစ်ခြင်းမေတ္တာတော်၌ရှိနေကြသောသူတို့သည် သူနှင့်အတူ တစ်လုံးတစ်ဝတည်းအဖြစ်သို့ ရောက်ရှိလာကြမည်ဖြစ်ပြီး သူတို့သည် တစ်ဦးနှင့်တစ်ဦး နီးနီးကပ်ကပ်ဖော်ရွေရင်းနှီးစွာ ဆက်ဆံ

လာကြကာ၊ တစ်ဦးနှင့်တစ်ဦး ချစ်ခြင်းမေတ္တာပိုးချည်မျှင်တို့ဖြင့် ချည်နှောင်ထားကြပါသည်။ "သင်တို့အားလုံးတို့သည် ညီအစ်ကိုချင်းဖြစ်ကြသည်" ဆိုသည့်အချက်သည် ယုံကြည်ခြင်း၏သားသမီးတစ်ယောက်စီတိုင်းအတွက် သဘောထားခံယူချက်အဖြစ် ရှိလာမည်ဖြစ်ပါသည်။ အားလုံးသောသူတို့သည် ခရစ်တော်နှင့်တူညီစွာ တစ်လုံးတစ်ဝတည်းဖြစ်လာကြပေမည်။

–ဝ–



MD - 21

**အောက်တိုဘာ (၂၁)**

## ခရစ်တော်၌တည်နေကြသောသူတို့သည်ကောင်းချီးမင်္ဂလာများရရှိကြရန် ကတိပေးတော်မူခြင်းခံခဲ့ရကြပါသည်

## "စိတ်နှလုံးနှိမ့်ချသောသူသည်နိုင်ငံတော်ကိုအမွေခံရပါသည်"

**"စိတ်နှလုံးနှိမ့်ချသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံဖြစ်၏" (မဿဲ ၅း၃)။**

ကောင်းကင်ဘုံကမ္ဘာ၌တွေ့ရပြီးသော ငြိမ်သက်ခြင်းနှင့်ရွှင်လန်းခြင်းတို့နှင့် အလားသဏ္ဍာန်တူသောငြိမ်သက်ခြင်းနှင့်ရွှင်လန်းခြင်းတို့ကို ဤကမ္ဘာမြေပေါ်တွင်ဖြည့်ဆည်းနိုင်ရန် ခရစ်တော်လိုချင်တမ်းတတော်မူခဲ့ပါသည်။ ကောင်းမြတ်ခြင်းအားလုံး၏စံမှန်အဖြစ် သူ့ကိုပြသသည့်သူ၏ကုသိုလ်ပြုခြင်းများကို အပြည့်အဝနှင့်ပေါများကြွယ်ဝလှသည့် အာမခံချက်တို့သည် ခရစ်တော်၏ဘုန်းတန်ခိုးနှင့်ပြည့်ဝသော နှုတ်ခမ်းသားများမှစီးဆင်းလာပြီး၊ ထိုဖြစ်စဉ်သည် ပေါ်ပေါက်လာနေကြသည့် စိတ်အတွေးများတို့အပေါ် ကောင်းချီးပေးရန်နှင့် ထိုကောင်းချီးမင်္ဂလာများ၊ စိတ်အတွေးများတွင် စွဲမြဲထင်ကျန်ရစ်စေရန် လုပ်ဆောင်တော်မူခြင်းသည် သူ၏အထူးအခွင့်အာဏာပင်ဖြစ်ပါသည်။ သူသည် သူ၏တစ်မူထူးခြားပြီးအထွတ်အမြတ်ဖြစ်သည့် စီရင်စုတွင် ပါဝင်ဆောင်ရွက်တော်မူပြီး၊ သူ၏ကွပ်ကဲမှုနယ်ပယ်တွင် ထာဝရတည်မြဲသည့်ရတနာများရှိကြပါသည်။ ၎င်းတို့ကိုဖယ်ရှားရှင်းလင်းရေးအတွက် သူသည် မည်သည့်အထိန်းအချုပ်ကိုမျှ မသိရှိခဲ့ပါ။ ဘုရားသခင်၏ရုံးခန်းတော်အတွင်း၌ သူသည် အတင်းအဓမ္မလုယက်လုပ်ဆောင်စရာမလိုပါ။ သူ၏ကောင်းချီးမင်္ဂလာပေးမှုများတွင် သူ၏နိုင်ငံတော်ကြီးတွင် ပါဝင်နေထိုင်နိုင်ရေးအတွက် ဤကမ္ဘာမြေပေါ်တွင်ရှိနေကြသောသူတို့ကို ထွေးပိုက်ပေးတော်

မှုပါသည်။ အသက်ဝိညာဉ်တိုင်းတို့၏ပျော်ရွှင်မှုနှင့် ရွှင်လန်းမှုတို့အတွက် မရှိမဖြစ်သောကောင်းချီးမင်္ဂလာတိုင်းတို့ကို ဤကမ္ဘာမြေပေါ်သို့ ယူဆောင်တော်မူလာခဲ့ပြီး ဤကြီးမားသောနေထိုင်မှုကြီး၏ရှေ့မှောက်တွင် သူသည် ကောင်းကင်နိုင်ငံတော်၏ကြွယ်ဝလှသည့် ကျေးဇူးတော်ဖြစ်သည့် အစဉ်အမြဲတမ်း၊ ထာဝရအသက်ရှင်တော်မူသော ဖခမည်းတော်၏စုပုံနေသောရတနာများကို ပေးကမ်းတော်မူခဲ့ပါသည်။

ခရစ်တော်သည် ဘုရားသခင်၏အမွေတော်ခံများအဖြစ်နှင့် သူနှင့်အတူပူးတွဲအမွေခံကြမည့်သူများအဖြစ်သို့ ရောက်ရှိလာမည့်သူတို့ကို သတ်မှတ်ပေးတော်မူပါသည်။ သူ၏နိုင်ငံတော်သားများအဖြစ် သူရွေးချယ်တော်မူသောသူတို့ကို လူသိရှင်ကြားကြေညာတော်မူပြီး၊ သူတို့အား သူ၏အမှုတော်တွင် သူနှင့်အတူပူးပေါင်းပါဝင်ရာတွင် လုပ်ဆောင်ရမည့်နေရာအတွက် တာဝန်ခွဲဝေပေးတော်မူပါသည်။ သတ်မှတ်ထားသည့်အကျင့်စရိုက်ကို ပိုင်ဆိုင်ကြသောသူတို့သည် သူ၏ထံတော်သို့ အစဉ်ရောက်ရှိလာမည့်ကောင်းချီးမင်္ဂလာဘုန်းအာနုဘော်နှင့်ဂုဏ်အသရေတော်တို့ကို သူနှင့်အတူဝေမျှရရှိခံစားရကြမည်ဖြစ်သည်။

မိမိကိုယ်ကိုမိမိပြည့်စုံသူအဖြစ်ခံယူပြီး၊ သူ့ကိုယ်ကို ကောင်းသင့်သလောက်ကောင်းပါသည်ဟူ၍ထင်မြင်ကာ၊ လက်ရှိသူ၏အနေအထားကို ကျေနပ်မှုရှိသောသူသည် ခရစ်တော်၏ကျေးဇူးတော်နှင့် ဖြောင့်မတ်ခြင်းတို့ကို ပူးတွဲရယူနိုင်ရန် ကြိုးပမ်းကြသူများမဟုတ်ပါ။ မာန်မာနထောင်လွှားမှုဆိုသည့်စိတ်ထားဆိုသည်မှာ မလိုအပ်သည့်အလျောက်၊ ထိုစိတ်ထားသည် စိတ်နှလုံးကို ခရစ်တော်အားဆန့်ကျင်သည့်လုပ်ရပ်မျိုးဆီသို့ ချဉ်းကပ်စေသည့်အပြင် သူဤကမ္ဘာမြေသို့ဆင်းလာတော်မူခဲ့ပြီး ပေးကမ်းတော်မူမည့် အကန့်အသတ်မဲ့ကောင်းချီးမင်္ဂလာတို့နှင့် ဝေးကွာသွားစေပါသည်။ ဤကဲ့သို့သောစိတ်ထားမျိုးရှိသောသူတို့ထံတွင် ခရစ်တော်အတွက် သူတို့၏စိတ်နှလုံးထဲတွင် နေရာမရှိပါ။ မိမိတို့ကိုယ်ကိုမိမိတို့ ကယ်တင်နိုင်ဖွယ်ရာမရှိဟု သိရှိသောသူများ၊



(သို့မဟုတ်) မိမိတို့ကိုယ်၌က ဖြောင့်ဖြောင့်မတ်မတ်မကျင့်ကြံ၊ မပြုမူနိုင်ပါဟု မိမိတို့ကိုယ်ကိုသိသောသူတို့သည် ခရစ်တော်က သူတို့ကိုပေးကမ်းတော်မူနိုင်သည့်အကူအညီကို သဘောပေါက်လက်ခံကြသောသူများ ဖြစ်ကြပါသည်။ သူတို့သည် ခရစ်တော်က မင်္ဂလာရှိသောသူများအဖြစ် ကြေညာတော်မူသည့် စိတ်နှလုံးနှိမ့်ချသောသူများဖြစ်ကြပါသည်။

–o–

## အောက်တိုဘာ (၂၂)

### ခရစ်တော်၌တည်နေကြသောသူတို့သည်ကောင်းချီးမင်္ဂလာများရရှိကြရန် ကတိပေးတော်မူခြင်းခံခဲ့ရကြပါသည်

# "စိတ်မသာညည်းတွားကြသောသူတို့သည် နှစ်သိမ့်ခြင်းကိုခံရကြပါမည်"

**"စိတ်မသာညည်းတွားသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် သက်သာခြင်းသို့ရောက်ကြလတ္တံ့." (မဿဲ ၅း၄)။**

ဤနေရာတွင်ဖော်ပြထားသော စိတ်မသာညည်းတွားခြင်းဆိုသည့်အရာကိုရှုမြင်ရာတွင်၊ အပြစ်ပြုလုပ်မိခြင်းအတွက် စိတ်နှလုံး၏စစ်မှန်သောဝမ်းနည်းပူဆွေးမှုကို ဆိုလိုခြင်းဖြစ်ကြောင်းကို သိထားရကြပါမည်။ လက်ဝါးကပ်တိုင်ပေါ်တွင် မြှောက်ထားခြင်းခံရသောခရစ်တော်ကို လှမ်းမျှော်ကြည့်ရန်ခေါ်ယူခြင်းခံရပါက လူသားတို့၏အပြစ်များဖြင့်ပြည့်ဝမှုတို့ကို ထိုခရစ်တော်ကိုလှမ်းမျှော်ကြည့်သောသူသည် ပိုင်းခြားသိရှိနိုင်ပါသည်။ ဤသို့ဖြင့် သူသည်ဘုန်းအာနုဘော်၏အရှင်သခင်ကို ကျောပွတ်နှင့်ရိုက်နှက်ပြီး ကပ်စင်တင်သတ်ဖြတ်ခြင်းသည် အပြစ်ဖြစ်ကြောင်းကို တွေ့မြင်သိရှိလာရပါသည်။ အကယ်၍သာသူသည်၊ စကားဖြင့်ထုတ်ဖော်ပြောဆိုမပြတတ်လောက်သည့် အကြင်နာတရားဖြင့် ချစ်ခြင်းမေတ္တာကိုလက်ကိုင်ထားပါက သူ၏အသက်တာသည် ကျေးဇူးမသိတတ်ခြင်းနှင့်ဆန့်ကျင်ဖီဆန်ခြင်း စသည့်မြင်ကွင်းများတို့ဖြင့်သာစဉ်ဆက်မပြတ်ရှိနေသည်ကို သူတွေ့မြင်မိမည်ဖြစ်သည်။ သူသည် သူ၏အကောင်းဆုံးသောမိတ်ဆွေဖြစ်သည့် သခင်ခရစ်တော်ကိုကျောခိုင်းခဲ့ပြီး၊ ကောင်းကင်ဘုံ၏တန်ဖိုးအရှိဆုံးသော ဆုကျေးဇူးတော်ကို အလွဲသုံးစားပြုခဲ့ကြောင်းကိုလည်း သိမြင်လာပါသည်။ သူသည် ဘုရားသခင်၏သားတော်ကို သူ၏ကိုယ်ပိုင်အတွက် အသစ်တစ်ဖန်ကပ်စင်တင်သတ်ဖြတ်နေပြန်ကြောင်းနှင့် သွေးစိမ်းရှင်ရှင်ဖြင့် ဖိစီးမှုခံရသည့်နှလုံးသားတော်ကို အသစ်တစ်ဖန်ထိုးဖောက်မိခဲ့ကြောင်းကို သိမြင်လာရပါသည်။ ဤတွင် သူသည်ကျယ်ဝန်းပြီး၊ မျှော်လင့်ချက်ကင်းမဲ့ကာ နက်လှသည့်အပြစ်၏ပင်လယ်အော်ကြီးအားဖြင့် ဘုရားသခင်နှင့်သီးခြားဖယ်ထုတ်ခြင်းခံရလျက်၊ ကြေကွဲသောနှလုံးသားဖြင့် ညည်းတွားရပါတော့သည်။ သို့သော် ဤကဲ့သို့သောညည်းတွားခြင်းသည်၊ "သက်သာခြင်းသို့ရောက်ကြပါလိမ့်မည်။" ကျွန်ုပ်တို့သည် ခရစ်တော်ထံတော်သို့ ပြေးသွားရေးအတွက် ဘုရားသခင်သည် ကျွန်ုပ်တို့၏အပြစ်ရှိခြင်းကို ကျွန်ုပ်တို့အား ထင်ရှားစွာပြသပေးတော်မူပြီး ဘုရားသခင်၏သားသမီးများတို့၏လွတ်မြောက်ခြင်းဆိုင်ရာ ရွှင်လန်းဝမ်းမြောက်ခြင်းကို ကျွန်ုပ်တို့ခံစားရကြရေးအတွက် ခရစ်တော်အားဖြင့် ကျွန်ုပ်တို့အားအပြစ်၏အကျဉ်းခံဘဝများမှ လွတ်မြောက်စေတော်မူပါသည်။ စစ်မှန်သောနောင်တတရားအားဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝန်ထုပ်ဝန်ပိုးတို့ကို ထားရစ်ခဲ့နိုင်သည့် ကပ်တိုင်တော်ခြေရင်း၌ လာရောက်ရကြပါမည်။

ဒုက္ခဝေဒနာ (သို့မဟုတ်) ပူဆွေးသောကကိုခံစားရကြသောသူတို့အတွက် သက်သာခြင်းသို့ရောက်ရှိစေသည့် သတင်းစကားတစ်ခုကို ကယ်တင်ရှင်၏နှုတ်တော်ထွက်တွင် တွေ့ရှိနိုင်ပါသည်။ ကျွန်ုပ်တို့၏ဝမ်းနည်းပူဆွေးမှုတို့သည် မြေကြီးအောက်မှအပင်ပေါက်လာခြင်းမဟုတ်ပါ။ ထာဝရဘုရားသည် "လူတို့၏သားသမီးတို့ကို အလိုလိုနှိပ်စက်ခြင်း (သို့မဟုတ်) သောကရောက်စေခြင်းကို ပြုလုပ်တော်မူခြင်းမရှိပါ။" စစ်ဆေးစီရင်ခြင်းနှင့်ဆင်းရဲခြင်းဒုက္ခကို ဘုရားသခင်ကခွင့်ပြုတော်မူသောအချိန်ရောက်သောအခါ၊ ဤခွင့်ပြုတော်မူချက်သည် "သူ၏အထွတ်အမြတ်ဖြစ်ခြင်းကို ကျွန်ုပ်တို့အနေဖြင့် ပူးတွဲခံယူရရှိရေးဆိုသည့် ကျွန်ုပ်တို့၏အကျိုးအတွက်ပင်ဖြစ်ပါသည်။" အလွန်ခါးသီးပြီး၊ အလွန်ခက်ခဲစွာဖြင့် ခံစားရသည်ဟုထင်ရသော စစ်ဆေးစီရင်ခြင်းကို ယုံကြည်ခြင်းရှိရှိဖြင့်သာ ရယူခံစားပါက၊ ကောင်းချီးမင်္ဂလာတစ်ခုအဖြစ် သဘောထားလာနိုင်မည်ဖြစ်သည်။ ကမ္ဘာမြေကြီး၏ရွှင်လန်းဝမ်းမြောက်ခြင်းတို့ကို ပျက်စီးသွားစေသည့် ကြမ်းကြုတ်ရက်စက်သည့်ထိုးနှက်

ချက်သည် ကျွန်ုပ်တို့၏မျက်စိကို ကောင်းကင်ဘုံသို့လှည့်ပြောင်းကြည့်ရှုစေသည့်နည်းလမ်းပင်ဖြစ်ပါသည်။ သခင်ယေရှုထံတော်၌ နှစ်သိမ့်မှုကိုကြိုးပမ်းတောင်းခံကြရစေသည့်ဆီသို့ ဦးတည်စေသည့် ဝမ်းနည်းပူဆွေးစရာအဖြစ်မျိုးမကြုံရဖူးသော် ခရစ်တော်ကို မည်သည့်အခါကမျှ မသိရှိခဲ့ဖူးသည့်လူများ၊ မည်မျှများများစားစားရှိနေကြပါသနည်း။

သူ၏ထံတော်တွင် အားကိုးယုံကြည်သောသူတို့အတွက် ထာဝရဘုရားသည် အလုပ်လုပ်ပေးတော်မူပါလိမ့်မည်။ သစ္စာရှိမှုအားဖြင့် အဖိုးထိုက်လှစွာသော အောင်မြင်မှုများတို့ကို ရယူနိုင်ကြပါမည်။ တန်ဖိုးရှိလှသော သင်ခန်းစာများကို သင်ကြားရယူရပါမည်။ တန်ဖိုးရှိလှသောအတွေ့အကြုံများကို ပြန်လည်သတိမူမိရကြပါမည်။

ခရစ်တော်သည် နောင်တရသောစိတ်နှလုံးကို မြှောက်ထားတော်မူသည့်အပြင်၊ သူ၏တည်တော်မူရာနေရာအဖြစ်သို့ ရောက်ရှိလာသည့်တိုင်အောင် စိတ်မသာညည်းတွားသော အသက်ဝိညာဉ်ကို မွမ်းမံပေးတော်မူပါသည်။

–ဝ–



**အောက်တိုဘာ (၂၃)**

**ခရစ်တော်၌တည်နေကြသောသူတို့သည်ကောင်းချီးမင်္ဂလာများရရှိကြရန် ကတိပေးတော်မူခြင်းခံခဲ့ရကြပါသည်**

## "စိတ်နူးညံ့သိမ်မွေ့သောသူတို့သည်ပြည်တော်ကိုအမွေခံရကြမည်"

**"စိတ်နူးညံ့သိမ်မွေ့သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ပြည်တော်ကိုအမွေခံရကြလတ္တံ့." (မဿဲ ၅း၅)။**

ခရစ်တော်သည် ဩဇာအာဏာရှိသောပုဂ္ဂိုလ်တစ်ယောက်နှင့်စကားပြောဆိုဆွေးနွေးခဲ့ရာတွင် ထူးခြားဖြစ်စဉ်အဖြစ် ဦးဆောင်ဆွေးနွေးသူခရစ်တော်၏တွန်းလှန်ခုခံပြောဆို၍မရနိုင်သော မိန့်တော်မူချက်များနှင့် သူ၏ကြီးမြတ်တော်မူခြင်းနှင့်ထူးကဲလှသောအသိတရားတော်ကြောင့် လူသားကိုယ်စားပြုသူ ထိုပုဂ္ဂိုလ်တို့သည် သူတို့ရှေ့မှောက်တွင်ရှိတော်မူသော ခရစ်တော်နှင့်နှိုင်းယှဉ်လိုက်သောအခါ ဘာမျှအရာမထင်တော့သည့်အဖြစ်သို့ နောက်တွန့်သွားကြပါတော့သည်။ သူတို့သည် နက်နက်နဲနဲဖြင့်လှုပ်လှုပ်ရွရွဖြစ်ခဲ့ကြပြီး ခရစ်တော်သည် ပြောင်မြောက်ထူးကဲသော ဘုန်းအသရေတော်အားဖြင့် အမိန့်ကိုထပ်ခါတလဲလဲမိန့်တော်မူကြောင်းကို သူတို့သည် အထင်တကြီးဖြင့်သိရှိလာခဲ့ကြပါသည်။ ကမ္ဘာကြီးကနာခံရန် ခရစ်တော်ကဆင့်ခေါ်တော်မူသည့်အလျောက်၊ သူတို့သည် ညွှတ်ယူခံရကြပြီး၊ ပီတိစိတ်များဖြင့် ပြည့်ဝလာကြကာ၊ ခိုင်မာသောယုံကြည်ချက်များ၊ သူတို့၏စိတ်အတွေးများအတွင်းသို့ ဝင်ရောက်လာကြပါသည်။ နှုတ်တော်ထွက်စကားလုံးတိုင်းသည် သူ့နေရာနှင့်သူ၊ နေသားတကျရှိပြီး ထိုမိန့်တော်မူချက်တို့ကို ကြားနာကြရသောသူတို့သည် ထိုမိန့်တော်မူချက်များတို့ကို ခုခံငြင်းပယ်နိုင်သည့်စွမ်းအားမရှိကြသည့်အလျောက် ယုံကြည်လက်ခံလာခဲ့ကြပါသည်။ ကြားနာကြသောသူတို့အတွက် ခရစ်တော်၏မိန့်တော်မူသော နှုတ်တော်ထွက်တိုင်းသည် ဘုရားသခင်၏

အသက်တာတော်ဟု ထင်မြင်ခဲ့ကြပါသည်။ သူသည် လောက၏အလင်းနှင့် အသင်းတော်၏အာဏာပိုင်အဖြစ် ခရစ်တော်သည် သက်သေပြသတော်မူခဲ့ပြီး သူတို့အားလုံးတို့အပေါ် "သာလွန်ကောင်းမွန်ခြင်း" ကို ပြန်လည်တောင်းခံတော်မူခဲ့ပါသည်။

သခင်ယေရှုသည် သူ၏နိုင်ငံတော်ကြီးအတွက် ပထမဆုံးသောကန့်သတ်ချက်များအတွင်းတွင် နူးညံ့သိမ်မွေ့ခြင်းကို ထည့်သွင်းထားတော်မူခဲ့ပါသည်။ သူ၏ကိုယ်ပိုင်အသက်တာနှင့် အကျင့်စရိုက်တော်တို့တွင် ဤအဖိုးထိုက်လှစွာသော ကျေးဇူးတော်၏ဘုန်းတော်ရှင်အလှတရားကို ထင်ရှားစေတော်မူခဲ့ပါသည်။

လူသားသဘာဝဟူသည် ထုတ်ဖော်ပြောဆိုမှုအတွက် ရုန်းကန်လှုပ်ရှားရစမြဲဖြစ်ပြီး၊ ယှဉ်ပြိုင်မှုအတွက် အဆင်သင့်ရှိနေကြသော်လည်း၊ ခရစ်တော်အပေါ် သင်ကြားရယူသောသူမူကား ကိုယ်ကျိုးအတ္တစိတ်၊ မာန်မာနလွှမ်းမိုးကြီးစိုးလိုမှုကို မြတ်နိုးစိတ်များကင်းရှင်းပြီး တည်ငြိမ်သောအသက်ဝိညာဉ်အဖြစ် တည်ရှိနေပါသည်။ ထိုအသက်ဝိညာဉ်သည် သန့်ရှင်းသောဝိညာဉ်တော်၏လိုအပ်သလိုအသုံးပြုနိုင်ရန်အတွက် သူ၏အတ္တကို သန့်ရှင်းသောဝိညာဉ်တော်ထံ၌ အညံ့ခံ၊ ခိုဝင်လာစေပါတော့သည်။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် အမြင့်ဆုံးသောနေရာကိုရရှိရန်အတွက် စိုးရိမ်တကြီးရှိစရာမလိုတော့ပါ။ ကျွန်ုပ်တို့၏အမြင့်ဆုံးသောနေရာသည် ကျွန်ုပ်တို့ကယ်တင်ရှင်၏ခြေတော်ရင်း၌သာရှိကြောင်းကိုလည်း ကျွန်ုပ်တို့ခံစားလာရပါသည်။

နှိမ့်ချပြီးရိုးသားခြင်းရှိသော စိတ်နှလုံးဖြစ်သည့် ခရစ်တော်၌တည်မှီခြင်း၏အသီးဖြစ်သော စိတ်နူးညံ့သိမ်မွေ့ခြင်းဆိုသည်မှာ ကောင်းချီးမင်္ဂလာ၏စစ်မှန်သောလျှို့ဝှက်ချက်ပင်ဖြစ်သည်။ "သူသည် စိတ်နူးညံ့သိမ်မွေ့ခြင်းကို ကယ်တင်ခြင်းဖြင့်အလှဆင်တော်မူမည်။" (He will beautify the meek with salvation) ဆိုသည့်ကျမ်းချက်အရ၊ နူးညံ့သိမ်မွေ့ခြင်းရှိသူအတွက် ကယ်တင်ခြင်းအစီအစဉ်ရှိထားပြီးဖြစ်ပါသည်။ မိမိကိုယ်ကိုမိမိ ချီးမြှောက်လိုသောစိတ်ဆန္ဒအားဖြင့် ကမ္ဘာမြေကြီးသို့ အပြစ်ဝင်ရောက်ခဲ့ခြင်းဖြင့် ကျွန်ုပ်



တို့၏ပထမဆုံးသောမိဘတို့သည် ဤတင့်တယ်လှပသော ကမ္ဘာမြေကြီးဖြစ်သည့် သူတို့၏နိုင်ငံတော်ကြီးကို အုပ်ချုပ်ရသောအခွင့်အရေး ဆုံးရှုံးခဲ့ရကြပါသည်။ ခရစ်တော်သည် မိမိကိုယ်ကိုမိမိ စွန့်လွှတ်တော်မူခြင်းအားဖြင့်၊ သူတို့အား ကယ်ချွတ်တော်မူခြင်းကိုလည်း သူတို့လက်လွှတ်ခဲ့ရကြပါသည်။ သူ့အနေဖြင့် ကျော်လွှားအောင်မြင်တော်မူခဲ့သကဲ့သို့ ကျွန်ုပ်တို့သည်လည်း ကျော်လွှားအောင်မြင်ရကြမည်ဖြစ်ကြောင်းကို ခရစ်တော်က မိန့်တော်မူခဲ့ပါသည်။ "စိတ်နူးညံ့သိမ်မွေ့ခြင်းသည် ကမ္ဘာမြေကြီးကို အမွေခံရသောအခါ" ကျွန်ုပ်တို့သည် နှိမ့်ချခြင်းနှင့်မိမိကိုယ်ကိုအပ်နှံခြင်းအားဖြင့် ခရစ်တော်နှင့်အတူတကွ အမွေတော်ခံများဖြစ်လာကြရပါမည်။

–၀–

**အောက်တိုဘာ (၂၄)**

**ခရစ်တော်၌တည်နေကြသောသူတို့သည်ကောင်းချီးမင်္ဂလာများရရှိကြရန် ကတိပေးတော်မူခြင်းခံခဲ့ရကြပါသည်**

## "ဆာလောင်မွတ်သိပ်ခြင်းနှင့်ရေငတ်ခြင်းကိုခံစားရကြသော သူတို့သည် ဝပြောခြင်းသို့ရောက်ရှိကြပါလိမ့်မည်"

**"ဖြောင့်မတ်ခြင်းပါရမီကို ဆာငတ်ခင်မွတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဝပြောခြင်းသို့ ရောက်ကြလတ္တံ့" (မဿဲ ၅း၆)။**

ဖြောင့်မတ်ခြင်းသည် သန့်ရှင်းမြင့်မြတ်ကာ ဘုရားသခင်နှင့်အလားသဏ္ဍာန်တူလျက်၊ "ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏" ဆိုသည့်အချက်ကို ကျွန်ုပ်တို့သိရှိကြရပါမည်။ ဤအချက်သည် (ဆာလံ ၁၁၉း၁၇၂) တွင် ဖော်ပြထားသော၊ "အလုံးစုံသောပညတ်တော်တို့သည် ဖြောင့်မတ်ပါသည်ဖြစ်၍၊---" ဆိုသည့်ကျမ်းချက်နှင့် (ရောမ ၁၃း၁၀) တွင် ဖော်ပြထားသော "ချစ်ခြင်းမေတ္တာသည် အကျင့်တရားပြည့်စုံရာဖြစ်သတည်း" ဆိုသည့်ကျမ်းချက်တို့တွင် ပါရှိသည့်အချက်တို့အရ၊ ဘုရားသခင်၏ပညတ်တော်နှင့် အချိုးညီညီရှိနေပါသည်။ ဖြောင့်မတ်ခြင်းတရားသည် ချစ်ခြင်းမေတ္တာဖြစ်ပြီး၊ ချစ်ခြင်းမေတ္တာသည်လည်း ဘုရားသခင်၏အလင်းတရားတော်နှင့် အသက်တာတော်ဖြစ်တော်မူပါသည်။ ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားတော်သည် ခရစ်တော်၌ရုပ်လုံးပေါ်တော်မူခဲ့ပါသည်။ ခရစ်တော်ကို ကျွန်ုပ်တို့လက်ခံခြင်းအားဖြင့် ဖြောင့်မတ်ခြင်းတရားကို ကျွန်ုပ်တို့လက်ခံရယူနိုင်ပါသည်။

ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်းတရားကို နာကြည်းစွာရုန်းကန်ရမှုများ (သို့မဟုတ်) မောပန်းနွမ်းနယ်ဖွယ်ကောင်းသော တပင်တပန်းလုပ်ရသည့်အလုပ်ကြောင့် ရရှိသည်မဟုတ်ဘဲ၊ ထို့အပြင် ဆုကျေးဇူးတော် (သို့မဟုတ်) ဆက်ကပ်ပူဇော်ခြင်းကြောင့်မဟုတ်ဘဲ၊ ထိုဖြောင့်မတ်ခြင်းတရားကို ဆာငတ်ခင်မွတ်စွာဖြင့် လက်ခံရယူလိုသောအသက်ဝိညာဉ်တိုင်းတို့အား အဖိုးအခမဲ့ဖြင့် ပေးကမ်းမှုအားဖြင့်သာ ရယူနိုင်ကြပါသည်။

အသက်ဝိညာဉ်၏ဆာငတ်ခင်မွတ်ခြင်းကို မည်သည့်လူသားကိုယ်စားလှယ်ကမျှ၊ တင်းတိမ်မှုရှိအောင် မဖြည့်ဆည်းပေးနိုင်ပါ။ သို့သော် ခရစ်တော်က (ယောဟန် ၆း၃၅) တွင် "ငါသည်အသက်မုန့်ဖြစ်၏။ ငါ့ထံသို့လာသောသူသည် နောက်တစ်ဖန်အဆာအမွတ်မခံရ။ ငါ့ကိုယုံကြည်သောသူသည် နောက်တစ်ဖန်ရေငတ်မခံရ" ဟူ၍ မိန့်တော်မူခဲ့ပါသည်။

ကျွန်ုပ်တို့၏ကာယခွန်အားကို ထိန်းသိမ်းရန်အတွက် အစားအစာကိုလိုအပ်သကဲ့သို့၊ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးအသက်တာကို ထိန်းသိမ်းထားရန်နှင့် ဘုရားသခင်၏အမှုတော်များကိုထမ်းရွက်ရန်အတွက် ခွန်အားလိုအပ်မှုကိုဖန်တီးနိုင်ရန် ကောင်းကင်နိုင်ငံမှလာသောမုန့်တည်းဟူသော ခရစ်တော်ကိုကျွန်ုပ်တို့လိုအပ်ပါသည်။ အသက်နှင့်တကျွသည့်အားမာန်တို့အတွက် ကျွေးကန်ပေးထားသည့်အာဟာရဓာတ်တို့ကို ခန္ဓာကိုယ်မှစဉ်ဆက်မပြတ်လက်ခံရယူရသကဲ့သို့ အသက်ဝိညာဉ်သည်လည်း ခရစ်တော်နှင့်အဆက်မပြတ်ပေါင်းစည်းနေရပြီး သူ၏ထံတော်၌ခိုဝင်ကာ သူ့အပေါ်၌လုံးလုံးလျားလျားမှီခိုအားကိုးရပါမည်။

သဲကန္တာရထဲတွင် ပင်ပန်းနွမ်းနယ်နေသောခရီးသည်သည် စမ်းချောင်းကိုကြိုးပမ်းရှာဖွေပြီးတွေ့ရှိသောအခါ၊ တောက်လောင်နေသောသူ၏ရေဆာငတ်မှုကိုပြေစေသကဲ့သို့၊ အသက်၏ရေကိုငတ်နေကြသော ခရစ်ယာန်တို့သည်လည်း အသက်စမ်းရေတွင်းဖြစ်သော ခရစ်တော်ကို ကြိုးပမ်းရှာဖွေကြရပါမည်။ ကျွန်ုပ်တို့အနေဖြင့် တိမ်သောချောင်းငယ်များမှ ရေငတ်မွတ်မှုကိုပြေပျောက်အောင် ကြိုးပမ်းရှာဖွေရန်မလိုဘဲ၊ ကျွန်ုပ်တို့၏အထက်အရပ်တွင်ရှိသော ကြီးမားလှသောစမ်းရေတွင်းရှိ ကျွန်ုပ်တို့ကအဖိုးအခမဲ့၊ ပေါများစွာသောက်နိုင်သောရေများကို ယုံကြည်ခြင်းလမ်းကြောင်း၌ ကျွန်ုပ်တို့က အနည်းငယ် မိမိကိုယ်ကိုမြှင့်တင်လိုက်ရုံဖြင့် ရရှိနိုင်ပေမည်။

ဘုရားသခင်၏နှုတ်တော်ထွက်များသည် အသက်၏စမ်းရေတွင်းများဖြစ်ကြပါသည်။ သန့်ရှင်းသောဝိညာဉ်တော်မှတစ်ဆင့် သင်သည် ထိုရှင်သန်သောစမ်းရေတွင်းများတို့ကို ကြိုးပမ်းရယူပါက သင်သည် ခရစ်တော်နှင့်အတူ မိတ်သဟာယဖွဲ့နိုင်သည့်အနေအထားသို့ ရောက်ရှိလာမည်ဖြစ်သည်။ ခရစ်တော်သည် သင့်ကိုဦးဆောင်နေသည့်အကြောင်းနှင့် ဘုန်းတော်ရှင်ဆရာကြီးတစ်ပါးသည် သင်၏နံဘေးတွင်ရှိနေတော်မူကြောင်းကို သင်သိရှိရမည်ဖြစ်သည်။

–၀–



## အောက်တိုဘာ (၂၅)

### ခရစ်တော်၌တည်နေကြသောသူတို့သည်ကောင်းချီးမင်္ဂလာများရရှိကြရန် ကတိပေးတော်မူခြင်းခံခဲ့ရကြပါသည်

### “ကရုဏာစိတ်ရှိသောသူသည်ကရုဏာထားခြင်းခံရပါလိမ့်မည်”

**“သနားစုံမက်တတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် သနားစုံမက်ခြင်းကိုခံရကြလတ္တံ့.” (မဿဲ ၅း၇)။**

လူသား၏စိတ်နှလုံးသည် သဘာဝအားဖြင့် အေးတိအေးစက်နိုင်ပြီး၊ အမှောင်ထုဖြင့်ဖုံးလွှမ်းကာ အကြင်နာတရားကင်းမဲ့တတ်ကြသည့်အလျောက် ကရုဏာစိတ်နှင့်ခွင့်လွှတ်ခြင်းစိတ်တို့ကို လူတစ်ယောက်အနေဖြင့် ပြသလာသောအခါ ထိုလုပ်ရပ်မျိုးတို့ကို မိမိအနေဖြင့် လုပ်ဆောင်ခြင်းမဟုတ်ဘဲ၊ သူ၏စိတ်နှလုံးတွင် လှုပ်ရှားဆောင်ရွက်နေသော ဘုန်းတော်ရှင်ဆိုင်ရာဝိညာဉ်တော်၏ဩဇာသက်ရောက်မှုအားဖြင့်သာ လုပ်ဆောင်ခြင်းဖြစ်ပါသည်။ (ရှင်ယောဟန်ဩဝါဒစာပထမစောင် ၄း၁၉) တွင် “ဘုရားသခင်သည် ငါတို့ကိုရှေးဦးစွာချစ်တော်မူသောကြောင့် ငါတို့သည် ဘုရားသခင်ကိုချစ်ကြ၏” ဟူ၍ ရှင်ယောဟန်က ဩဝါဒပေးခဲ့ပါသည်။

ဘုရားသခင်ကိုယ်၌သည်သာလျှင် ကရုဏာတရား၏မူလဇာစ်မြစ်ဖြစ်တော်မူပါသည်။ သူ၏နာမတော်သည် “ကရုဏာတော်နှင့်ကျေးဇူးပြုတတ်တော်မူသော” ဟူ၍ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏သူ့အားရှောင်ဖယ်စွန့်ပစ်မှုအပေါ်မူတည်ပြီး၊ ကျွန်ုပ်တို့အပေါ် မတုံ့ပြန်မပြုမူတော်မူပါ။ သူ၏ချစ်ခြင်းမေတ္တာတော်နှင့် ကျွန်ုပ်တို့ထိုက်တန်ပါသလားဆိုသည့် အမေးမျိုးကိုလည်း မေးတော်မမူသော်လည်း ကျွန်ုပ်တို့သည် ထိုက်တန်မှုရှိသည်ဆိုခြင်းကို ပြသတော်မူရန် ကျွန်ုပ်တို့အပေါ်သို့ သူ၏ချစ်ခြင်းမေတ္တာတော်ကို ကြွယ်ဝစွာသွန်းလောင်းပေးတော်မူပါသည်။ သူသည် အာဃာတထားတတ်တော်မမူပါ။

သူသည် ဆုံးမရန် ရှာကြံတော်မမူဘဲ ကယ်ချွတ်တော်မူရန်သာ ရှာကြံတော်မူပါသည်။ သူ၏လူသားတို့၏အနာဂတ်အတွက် ကြိုတင်စီမံချက်များအားဖြင့် ထုတ်ဖော်ပြသတော်မူသည့် ပြင်းထန်သည့်အခြေအနေ၊ ဖြစ်စဉ်တို့သည် သူ၏ကြံရွယ်ချက်ရှိပြီးသား ကယ်တင်ခြင်းအစီအမံကို ထုတ်ဖော်ပြသခြင်းပင်ဖြစ်ပါသည်။ လူတို့၏ပူဆွေးသောကတို့ကို ဖြေဖျောက်ပေးလိုသည့် ပြင်းပြသည့်စိတ်ဆန္ဒတော်ဖြင့် တမ်းတတော်မူပါသည်။ အကန့်အသတ်မဲ့သောမေတ္တာတော်ကို နှလုံးသွင်းသောစိတ်ဖြင့် စာနာမှုနှလုံးသားများရှိကြသောသူအားလုံးတို့သည် ပြန်လည်သိမ်းဆည်းခြင်းခံရရေးနှင့် အပြစ်စီရင်ခြင်းမခံရရေးအတွက် ကြိုးပမ်းကြမည်ဖြစ်သည်။ ခရစ်တော်ကိန်းဝပ်တော်မူသောအသက်ဝိညာဉ်သည် ခန်းခြောက်ခြင်းမည်သည့်အခါမျှမရှိသော စီးဆင်းနေသည့်စမ်းချောင်းကလေးတစ်ခုပင်ဖြစ်ပါသည်။ ခရစ်တော်ရှိတော်မူသောနေရာသည် အကျိုးကျေးဇူးဖြင့်သာ ပြည့်လျှံပါလိမ့်မည်။

အလိုဆန္ဒနှင့်အပြစ်တို့၏သားကောင်များအပြင်၊ စုံစမ်းနှောင့်ယှက်ခြင်းခံရပြီး စိတ်ဆင်းရဲခြင်းကိုခံစားရကြသည့် သူတို့၏အမှားအယွင်းအတွက် တောင်းပန်တိုးလျှိုးပေးရာ၌ ခရစ်ယာန်အနေဖြင့် “သူတို့ဤတောင်းပန်တိုးလျှိုးမှုနှင့် ထိုက်တန်ကြပါသလား” ဆိုသည့်မေးခွန်းမျိုးကို မေးမြန်းခြင်းမပြုရဘဲ၊ “ငါသူတို့ကိုဘယ်လိုအကျိုးပြုနိုင်မလဲ” ဆိုသည့် ကိုယ်ကိုကိုယ်ပြန်ဆန်းစစ်သည့်မေးခွန်းမျိုးကိုသာ မေးသင့်ကြပါသည်။ ခရစ်တော်က ကယ်တင်ရန်အသေခံတော်မူသော အသက်ဝိညာဉ်များတို့အပေါ် ခရစ်ယာန်အနေဖြင့် ကြီးစွာသောစိတ်ဆင်းရဲခြင်းနှင့် သူတို့၏နိမ့်ပါးမှုအတွက် စာနာမှုကြီးစွာဖြင့်သာ ရှုမြင်ရကြပါမည်။ မရှိဆင်းရဲသားများ၊ ဒုက္ခဝေဒနာခံစားရကြသူများနှင့် အဖိနှိပ်ခံများတို့အပေါ်တွင် ကြင်နာသနားသောစိတ်ကို ပြသသောသူတို့သည်သာလျှင် ကရုဏာစိတ်ရှိသူများဟု ခေါ်ဆိုခြင်းခံရနိုင်ပါသည်။

ဘုရားသခင်၏သားသမီးတို့ထံ၌ အမှုတော်ဆောင်ရွက်ခြင်းဖြင့် သူ၏အသက်တာကို ဘုရားသခင်ထံတော်၌ ပေးအပ်သောသူသည် ဘုရားသခင်၏ကွပ်ကဲမှုအောက်တွင်ရှိသည့် စကြဝဠာဆိုင်ရာအရင်းအမြစ်များအားလုံး



တို့ကို ပိုင်ဆိုင်တော်မူသောသူနှင့် ချိတ်ဆက်မှုရှိပါသည်။ သူ၏အသက်တာသည် မပျက်ပြယ်နိုင်သောကတိတော်များ၏ရွှေသံကြိုးဖြင့် ဘုရားသခင်၏အသက်တာသက်တော်စဉ်နှင့် ချည်နှောင်ထားပါသည်။ ဒုက္ခဆင်းရဲခြင်းနှင့် ဆင်းရဲနွမ်းပါးမှုတို့နှင့် ကြုံရသောအချိန်တွင် ထာဝရဘုရားသည် သူ့အားကျဆုံးစေတော်မူမည်မဟုတ်ပါ။ ဤအကြောင်းနှင့်ပတ်သက်ပြီး ရှင်ပေါလုက (ဖိလိပ္ပိသြဝါဒစာ ၄း၁၉) တွင် “ငါ၏ဘုရားသခင်သည် ဘုန်းအာနုဘော်၌စံပယ်တော်မူသော စည်းစိမ်ရှိသည့်အတိုင်း သင်တို့အလိုရှိသမျှတို့ကို ယေရှုခရစ်အားဖြင့် ပြည့်စုံတော်မူလိမ့်မည်” ဟူ၍ သြဝါဒပေးခဲ့ပါသည်။ နောက်ဆုံးသောလိုအပ်မှုအချိန်တွင် ကရုဏာစိတ်ရှိသူသည် ကရုဏာထားတော်မူသော ကယ်တင်ရှင်၏ကရုဏာတော်အားဖြင့် ခိုလှုံရာကိုတွေ့ရှိပြီး၊ ထာဝရတည်မြဲစွာဖြင့် ထိုခိုလှုံရာနေရာတွင် နေထိုင်ရပါလိမ့်မည်။

–၀–

## အောက်တိုဘာ (၂၆)

### ခရစ်တော်၌တည်နေကြသောသူတို့သည်ကောင်းချီးမင်္ဂလာများရရှိကြရန် ကတိပေးတော်မူခြင်းခံရကြပါသည်

### "ငြိမ်းချမ်းရေးအတွက်ဆောင်ရွက်သူတို့သည် ဘုရားသခင်၏သားသမီးများအဖြစ်ခေါ် ဆိုခြင်းခံရကြပါသည်"

**"သူတစ်ပါးချင်းခိုက်ရန်ပြုခြင်းကို ငြိမ်းစေတတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်၏ သားတော်ဟု ခေါ်ဝေါ်ခြင်းကိုခံရကြလတ္တံ့." (မဿဲ ၅း၉)။**

ခရစ်တော်သည် ငြိမ်သက်ခြင်း၏မင်းသား (သခင်) ဖြစ်တော်မူပြီး၊ အပြစ်ကရိုက်ခွဲပစ်ခဲ့သော ငြိမ်သက်ခြင်းကို ကမ္ဘာမြေကြီးနှင့်ကောင်းကင်နိုင်ငံတော်တို့၌ ပြန်လည်တည်ဆောက်ရေးသည် သူ၏လုပ်ဆောင်ရမည့်အမှုတော်ပင်ဖြစ်ပါသည်။ ရှင်ပေါလုက (ရောမဩဝါဒစာ ၅း၁) တွင် "ထိုကြောင့် ငါတို့သည် ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ရောက်လျှင် ငါတို့သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင့်ရှေ့တော်၌ ငြိမ်သက်ခြင်းကိုခံစားကြ၏" ဟူ၍ ဩဝါဒပေးခဲ့ပါသည်။ မည်သူမဆို၊ အပြစ်ကိုပယ်ပစ်ရန်လိုလားပြီး၊ ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်အတွက် သူ၏စိတ်နှလုံးကိုဖွင့်ဟပေးပါက၊ ဤကဲ့သို့သော ကောင်းကင်နိုင်ငံတော်၏ငြိမ်သက်ခြင်းကို ဆက်ဆံသူအဖြစ်သို့ ရောက်ရှိလာပေမည်။

ဤကဲ့သို့သောငြိမ်သက်ခြင်းတည်ရှိရာနေရာမျိုး အခြားနေရာတွင် မရှိနိုင်ပါ။ စိတ်နှလုံးထဲတွင် ခရစ်တော်၏ကရုဏာတော်ကို လက်ခံရယူပါကရန်လိုမှုကိုနှိမ်နင်းနိုင်ပြီး ရန်တွေ့မှုကိုလျှော့ကျသွားစေကာ၊ အသက်ဝိညာဉ်ကို ချစ်ခြင်းမေတ္တာဖြင့်ဖြည့်ဆည်းပေးပါသည်။ ဘုရားသခင်နှင့်မိမိ၏အပေါင်းအသင်းများတို့၌ ငြိမ်သက်ခြင်းရှိသောသူသည် စိတ်မချမ်းမြေ့မှုကို မလုပ်ဆောင်နိုင်ပါ။ မနာလိုစိတ်ရှိမည်မဟုတ်သည့်အပြင်၊ သူ၏စိတ်နှလုံးထဲတွင် မကောင်းသောအတွေးအတောများအတွက် နေရာမရှိနိုင်ဘဲ အမုန်းပွားမှုလည်းမပေါ်ပေါက်နိုင်ပါ။ ဘုရားသခင်နှင့်ဟန်ချက်ညီညီရှိသော စိတ်နှလုံးသည် ကောင်းကင်နိုင်ငံတော်၏ငြိမ်သက်ခြင်းကို ပူးတွဲခံယူရသောစိတ်နှလုံးတစ်ခုဖြစ်သည့်အပြင် ၎င်း၏ကောင်းချီးခံစားရသော ဩဇာသက်ရောက်မှုကို အနီးဝန်းကျင်အားလုံးတို့တွင် ပျံ့နှံ့စေပါလိမ့်မည်။ ငြိမ်သက်ခြင်း၏ဝိညာဉ်သည် လောကီရေးရာပဋိပက္ခကြောင့် ပင်ပန်းနွမ်းနယ်ပြီး ဒုက္ခရောက်နေသော စိတ်နှလုံးတို့အပေါ်တွင် နှင်းစက်နှင်းပေါက်ကဲ့သို့ နားခိုပါလိမ့်မည်။

ခရစ်တော်၏နောက်တော်သို့ လိုက်လျှောက်ကြသောသူတို့သည် ကမ္ဘာမြေကြီးပေါ်သို့ ငြိမ်သက်ခြင်းတရားနှင့်အတူ စေလွှတ်ခြင်းခံရကြပါသည်။ စင်ကြယ်မွန်မြတ်သော အသက်တာ၏တိတ်ဆိတ်ပြီး၊ သတိမမူမိလောက်သော ဩဇာသက်ရောက်မှုအားဖြင့် ခရစ်တော်၏မေတ္တာတော်ကို ထင်ရှားစေမည့် မည်သူမျိုးမဆို အခြားသောသူကို အပြစ်ကိုပယ်ရှင်းစေပြီး သူ၏စိတ်နှလုံးကို ဘုရားထံတော်၌ အပ်နှံပေးအပ်စေရေးအတွက် စကားအားဖြင့်သော်လည်းကောင်း၊ အကျင့်အားဖြင့်သော်လည်းကောင်း ဦးတည်စေမည့်မည်သူမျိုးမဆို၊ ထိုသူတို့သည် ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်သူဖြစ်ပါသည်။

အထက်ခေါင်းစီးပါကျမ်းချက်ကို "သူတစ်ပါးချင်းခိုက်ရန်ပြုခြင်းကို ငြိမ်းစေတတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်ခြင်းကိုခံရကြလတ္တံ့." ဟူ၍ တွေ့ရှိရပါသည်။ ငြိမ်သက်ခြင်း၏ဝိညာဉ်ဆိုသည်မှာ သူတို့နှင့်ကောင်းကင်နိုင်ငံတော်ဆက်စပ်မှု၏သက်သေအထောက်အထားဖြစ်ပါသည်။ သူတို့ကို ခရစ်တော်၏ချိုမြိန်သောအနံ့အသက်က ဝိုင်းပတ်ထားပါသည်။ အသက်တာ၏မွှေးရနံ့နှင့် အကျင့်စရိုက်၏ချစ်ဖွယ်ရာကောင်းခြင်းတို့အားဖြင့် ကမ္ဘာမြေကြီးပေါ်တွင်ပြသပေးသောအချက်အလက်တို့သည် ပြသသူတို့အနေဖြင့် ဘုရားသခင်၏သားသမီးများဖြစ်ကြောင်းကို ပြသရာရောက်ပါသည်။ လူသားများအနေဖြင့် ထိုသူတို့သည် သခင်ယေရှုနှင့်အတူတကွရှိနေကြသည် ဆိုသည့် ကိုယ်ပိုင်အသိတရားရှိကြပါသည်။ (၁ယော ၄း၇) တွင် ရှင်ယောဟန်က

"---ချစ်တတ်သောသူမည်သည်ကား၊ ဘုရားသခင်ဖြစ်ဘွားစေတော်မူသောသူဖြစ်၏---" ဟူ၍ ဩဝါဒပေးခဲ့ပါသည်။ ထို့ပြင်မက၊ "ခရစ်တော်၏ဝိညာဉ်တော်မရှိသောသူသည် ခရစ်တော်၏နောက်လိုက်မဟုတ်ပါ" ဟူ၍လည်းကောင်း၊ "ဘုရားသခင်၏ဝိညာဉ်တော်ဦးဆောင်မှုကို ခံယူကြသမျှသောသူတို့သည် ဘုရားသခင်၏သားသမီးတော်များဖြစ်ကြပါသည်" ဟူ၍ နှုတ်ကပတ်တော်ထဲတွင် ဖော်ပြထားပါသည်။ "ကောင်းချီးမင်္ဂလာတောင်တော်ပေါ်မှတွေးခေါ်မှုများ" ဆိုသော စာအုပ်၏စာမျက်နှာ (၄၇၊၄၈) တွင်၊ "အများသောသူတို့၏အလယ်တွင် ယာကုပ်အမျိုး၏ကျန်ကြွင်းသူတို့သည် ထာဝရဘုရားထံတော်မှကျလာသော နှင်းစက်နှင်းပေါက်အလား၊ ထို့ပြင် မြက်ပင်များပေါ်သွန်းလောင်းသည့်ရေများအလား ရှိနေကြပြီး၊ သူတို့သည် လူသားအဖြစ်ရပ်တည်နေခြင်း (သို့မဟုတ်) လူသားတို့၏သားသမီးများအဖြစ်ဖြင့် စောင့်ဆိုင်းနေကြခြင်းမဟုတ်ပါဟု ဖော်ပြထားပါသည်။

–၀–



အောက်တိုဘာ (၂၇)

**ခရစ်တော်၌တည်နေကြသောသူတို့သည်ကောင်းချီးမင်္ဂလာများရရှိကြရန်**

**ကတိပေးတော်မူခြင်းခံခဲ့ရကြပါသည်**

## "ကိုးကွယ်ယုံကြည်မှုကြောင့်ပိစီးနှိပ်စက်ခြင်းခံရကြသောသူတို့သည် ကောင်းကင်နိုင်ငံတော်၌စံမြန်းရကြပါမည်"

**"ဖြောင့်မတ်ခြင်းတရားကြောင့် နှောင့်ယှက်ညှဉ်းဆဲခြင်းကိုခံရသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံဖြစ်၏" (မဿဲ ၅း၁၀)။**

သခင်ယေရှုသည် သူ၏နောက်တော်သို့လိုက်လျှောက်ကြသောသူတို့အား လောကီဆိုင်ရာဂုဏ်အရှိန်အဝါနှင့်ကြွယ်ဝမှုများကို ရရှိနိုင်မည့်မျှော်လင့်ချက်ကို မပေးကမ်းသည့်အပြင်၊ စစ်ဆေးစီရင်ခြင်းနှင့်ကင်းလွတ်သည့်အသက်တာမျိုးရရှိရေးကိုလည်း ပေးကမ်းတော်မမူသော်လည်း အတ္တကိုငြင်းပယ်စိတ်နှင့် အပြစ်တင်ခြင်းကင်းရှင်းသည့်လမ်းများတွင် သူတို့၏အရှင်သခင်နှင့်အတူတကွ လမ်းလျှောက်နိုင်သည့်အခွင့်ထူးကိုပေးသနားပြီး၊ ထိုကဲ့သို့ပေးကမ်းရခြင်းမှာ လောကလူသားတို့သည် ထိုလမ်းများကိုမသိရှိကြသောကြောင့်ဖြစ်ပါသည်။

ဆုံးရှုံးသွားခဲ့သောကမ္ဘာကြီးကို ကယ်ချွတ်ရန်ကြွလာတော်မူသောခရစ်တော်သည် ဘုရားသခင်နှင့်လူသား၏ရန်ဘက်အစုအဖွဲ့တို့၏အင်အားတို့ဖြင့် ဆန့်ကျင်အတိုက်အခံပြုမှုကို ခံခဲ့တော်မူရပါသည်။ သနားကြင်နာခြင်းကင်းမဲ့သည့် မဟာမိတ်အဖွဲ့တစ်ခုတွင် ဆိုးညစ်သောလူများနှင့်ဆိုးညစ်သောကောင်းကင်တမန်များတို့သည် ငြိမ်သက်ခြင်း၏အရှင်သခင်မင်းသားကို တိုက်ခိုက်ရန် မိမိတို့ဘာသာ စစ်ရေးခင်းကျင်းမှုကို ပြုလုပ်ကြပါသည်။ ခရစ်တော်၏မိန့်တော်မူသောစကားလုံးတိုင်းနှင့် ပြုမူမှုတိုင်းတို့သည် ဘုန်းတော်ရှင်၏ကြင်နာသောစိတ်ဖြင့် ထွက်ရှိခဲ့သော်လည်း ကမ္ဘာလောကကြီးနှင့်မတူညီ

မှုမှာမူ၊ အခါးသီးဆုံးသော ရန်လိုမှုကိုတုံ့ပြန်စေပါသည်။ ကျွန်ုပ်တို့လူ့သဘာဝ
ဆိုင်ရာ ဆိုးညစ်သောစွဲလမ်းမက်မောမှုတို့ကို လေ့ကျင့်လုပ်ဆောင်သည့် ခွင့်ပြု
မိန့်ကို ပေးတော်မူမည်မဟုတ်သောကြောင့် ရက်စက်ကြမ်းကြုတ်သောအတိုက်
အခံပြုမှုနှင့် မလိုမုန်းထားစိတ်တို့နှင့်ပတ်သက်ပြီး နိုးနိုးကြားကြားရှိကြရန်
ကျွန်ုပ်တို့ကိုသတိပေးတော်မူပါသည်။ ဤသတိပေးတော်မူချက်သည် ခရစ်တော်
၌ကြည်ညိုကိုင်းရှိုင်းမှုရှိကြမည့်သူအားလုံးတို့နှင့် သက်ဆိုင်ပါသည်။ ဖြောင့်မတ်
ခြင်းတရားတော်နှင့် အပြစ်တို့၏စပ်ကြားတွင် ချစ်ခြင်းမေတ္တာနှင့်မုန်းတီးမှု၊
သစ္စာတရားနှင့်မုသားတို့၏ချုပ်တည်း၍မရနိုင်သော ပဋိပက္ခတို့ကိုဖြစ်ပေါ်စေ
ပါသည်။ ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်နှင့် မွန်မြတ်သန့်ရှင်းမှု၏အလှ
တရားကို ဝေငှပေးကမ်းသောသူတစ်ယောက်သည် စာတန်မာရ်နတ်၏နိုင်ငံ
နှင့်ဆိုင်သော အကြောင်းအရာတို့ကို ဖယ်ရှားပစ်သောအခါ၊ မကောင်းမှု၏
မင်းသားသည် ထိုဖယ်ရှားပစ်မှုကို ခုခံတားဆီးတွန်းလှန်ရန်အတွက် သူ၏
နောက်လိုက်တို့ကို လှုံ့ဆော်ပေးပါသည်။ ခရစ်တော်၏ဝိညာဉ်တော်နှင့်
ပတ်သက်ပြီး ပြင်းပြသောစိတ်ဆန္ဒရှိသောသူများအားလုံးတို့ကို ဖိစီးနှိပ်စက်
ခြင်းနှင့် အပြစ်တင်ခြင်းတို့က ထိုးနှက်ရန်အဆင်သင့်စောင့်နေကြပါသည်။
ဖိစီးနှိပ်စက်ခြင်းဆိုင်ရာအကျင့်စရိုက်သည် အချိန်နှင့်အမျှ အပြောင်းအလဲ
ရှိသော်လည်း၊ ၎င်းလုပ်ရပ်ကိုအခြေခံသည့် စိတ်နေစိတ်ထားရှိသော အခြေခံ
စည်းမျဉ်းသည် အာဗေလအချိန်ကာလများကတည်းက၊ ဘုရားသခင်က
ရွေးချယ်တော်မူခဲ့သောသူကိုသတ်ဖြတ်မှုနှင့် ထပ်တူထပ်မျှဖြစ်ပါသည်။

ဘုရားသခင်နှင့်ဟန်ချက်ညီညီရှိစေရန် လူသားများအနေဖြင့်
ကြိုးပမ်းကြသည်အလျောက်၊ ကပ်တိုင်တော်အပေါ် ပြစ်မှုကျူးလွန်ခြင်းလုပ်ရပ်
များသည် ရပ်စဲခြင်းမရှိသေးကြောင်းကို သူတို့တွေ့မြင်ရကြပေမည်။ မြင့်သော
အရပ်များတွင်ရှိသည့် အထွတ်အမြတ်အာဏာစက်အုပ်စိုးခြင်းများ၊ တန်ခိုး
များနှင့် ကောက်ကျစ်သောစိတ်သဘောများတို့သည် ကောင်းကင်နိုင်ငံတော်
ဆိုင်ရာ ပညတ်တရားတော်အောက်၌နာခံခြင်းဖြင့် မိမိကိုယ်ကိုအညံ့ခံခိုဝင်
သောသူတို့အားလုံးတို့အပေါ် စစ်ရေးဆင်နွှဲကြပေမည်။ ထို့အတွက်ကြောင့်



ပူဆွေးသောကမှုနှင့်ဖိစီးနှိပ်စက်မှုတို့ကို ဖြစ်ပေါ်စေခြင်းတို့မှ ဝေးကွာစွာနေထိုင်
ခြင်းသည် ခရစ်တော်၏တပည့်တော်များတို့ကို ပျော်ရွှင်ဝမ်းမြောက်စေသော
ကြောင့် ၎င်းသည် သူတို့အနေဖြင့် သူတို့၏အရှင်သခင်၏ခြေရာတော်များ
အတိုင်း လိုက်လျှောက်ကြသောသူများဖြစ်ကြောင်းကို သက်သေပြသည့်အချက်
တစ်ခုဖြစ်ပါသည်။

စစ်ဆေးစီရင်ခြင်းများနှင့် ဖိစီးနှိပ်စက်ခြင်းများအကြားမှ ဘုရားသခင်
၏ဘုန်းအာနုဘော်တော်နှင့် အကျင့်စရိုက်တော်တို့သည် သူရွေးချယ်တော်
မူသောသူများတို့အားဖြင့် ထင်ရှားလျက်ရှိကြပါသည်။

–ဝ–

**အောက်တိုဘာ (၂၈)**

## ခရစ်တော်၌တည်နေကြသောသူတို့သည်ကောင်းချီးမင်္ဂလာများရရှိကြရန် ကတိပေးတော်မူခြင်းခံခဲ့ရကြပါသည်

## “မမှန်မကန်ကဲ့ရဲ့ခြင်းခံရသောသူတို့သည်မင်္ဂလာရှိကြ၏”

**“ငါ့ကြောင့် သင်တို့ကိုကဲ့ရဲ့ညှဉ်းဆဲ၍၊ မမှန်ဘဲလျက် အပြစ်တကာတင်ကြသောအခါ၊ သင်တို့သည် မင်္ဂလာရှိကြ၏” (မဿဲ ၅း၁၁)။**

လူအများတောထဲတွင် သွားလာလျှောက်လှမ်းကြသောသူများတွင် လူသားဖြစ်သောခရစ်တော်ကဲ့သို့ ရန့်ရင်းကြမ်းတမ်းစွာဖြင့် အသရေပျက်အောင် မဟုတ်မမှန်လုပ်ကြံပြောဆိုခံရသောသူဆို၍ မည်သည့်အခါမျှ၊ တစ်ယောက်မျှရှိမည်မဟုတ်ပါ။ ဘုရားသခင်၏မွန်မြတ်သန့်ရှင်းသော ပညတ်တရားတော်၏အခြေခံစည်းမျဉ်းများအပေါ် သူ၏ကွေ့ဝိုက်ခြင်းမရှိသောနားထောင်ခြင်းကြောင့် ခရစ်တော်သည် ပြက်ရယ်ပြုခြင်းနှင့်ရယ်သွမ်းသွေးခြင်း ခံရတော်မူပါသည်။ အကြောင်းပြချက်တစ်စုံတစ်ရာမရှိဘဲ လူတို့သည် ခရစ်တော်အားမုန်းတီးကြပါသည်။ သို့သော်လည်း သူသည် သူ၏ရန်သူတို့၏ရှေ့မှောက်တွင် တည်ငြိမ်အေးဆေးစွာဖြင့်ရပ်တည်ပြီး အပြစ်တင်ခံရခြင်းဆိုသည်မှာ ခရစ်ယာန်၏အမွေအနှစ် တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်းကို ကြေညာတော်မူပြီး၊ သူ၏နောက်တော်သို့ လိုက်လျှောက်ကြသောသူများတို့ကို မလိုမုန်းထားစိတ်၏မြားတို့ကို မည်ကဲ့သို့ရင်ဆိုင်ရကြမည်ကို အကြံပေးတော်မူကာ သူတို့အားဖိစီးနှိပ်စက်မှုအောက်၌ အားလျော့စိတ်ပျက်မှုမရှိကြစေရန် မိန့်တော်မူပါသည်။ နာမည်၊ ဂုဏ်သိက္ခာကို အပုတ်ချသည့်၊ အသရေပျက်အောင် မဟုတ်မမှန်ပြောဆိုမှုဖြစ်ပေါ်လာပါက ၎င်းလုပ်ရပ်သည် အကျင့်စရိုက်ကိုစွန်းထင်းစေခြင်းမရှိပါ။ ထိုအခြေအနေမျိုးသည် ဘုရားသခင်၏လက်ဝယ်တွင်ရှိပါသည်။ ကျွန်ုပ်တို့သည် အပြစ်လုပ်မိစေသည့်အခြေအနေမျိုးကိုခွင့်မပြုမချင်းကာလပတ်လုံး ကျွန်ုပ်တို့၏အသက်ဝိညာဉ်ကို စွန်းထင်းစေမည့်တန်ခိုး၊ စွမ်းအားမျိုးကို လူသားကသော်လည်းကောင်း၊ (သို့မဟုတ်) မကောင်းဆိုးဝါးကသော်လည်းကောင်း မရယူနိုင်ပါ။ ဘုရားအပေါ်၌ စိတ်နှလုံးတည်ရှိသောသူတစ်ယောက်သည် ကြီးပွားချမ်းသာသောကာလတွင် စိတ်ဆင်းရဲစရာစစ်ဆေးစုံစမ်းမှုများနှင့် စိတ်ခါတ်ကျဆင်းစရာအခြေအနေမျိုးများ မြောက်မြားစွာဝန်းရံခြင်းခံရစဉ်ကာလ၌ ဘုရားသခင်၏အလင်းတော်နှင့် အကူအညီတော်သည် သူ့အပေါ်၌သက်ရောက်နေသည့်အခြေအနေမျိုးကဲ့သို့ သဘောထားရပါမည်။ သူ၏ပြောစကားများ၊ ရည်ရွယ်ရင်းများ၊ အပြုအမူများတို့သည် အမှားအယွင်းနှင့်လိမ်လည်မှုတို့ကို လုပ်ဆောင်သကဲ့သို့ဖြစ်သော်လည်း သူ့အနေဖြင့် သတိမူမိခြင်းမရှိဘဲ၊ ထိုကဲ့သို့ဖြစ်ရခြင်းမှာလည်း သူသည် ဘုရားသခင်၏အလင်းတော်နှင့် ကူညီပံ့ပိုးပေးမှုတို့အပေါ်၌သာ ကြီးမားသောစိတ်ဝင်စားမှုရှိခြင်းကြောင့်ဖြစ်ပါသည်။ သူသည် မောရှေကဲ့သို့ပင် (ဟေဗြဲ ၁၁း၂၇) ၌ ဖော်ပြထားသကဲ့သို့ “မျက်မြင်မရသောဘုရားသခင်ကိုမြင်ရဘိသကဲ့သို့” တည်ကြည်ခြင်းရှိပါသည်။

ခရစ်တော်သည် လူသားများအဓိပ္ပါယ်အကောက်မှားသောအရာများနှင့် မှားယွင်းစွာဖော်ပြချက်များတို့ကို မှန်မှန်ကန်ကန်သိကျွမ်းတော်မူပါသည်။ မည်သို့ပင်မကောင်းပြောဆိုခြင်းနှင့် မထီမဲ့မြင်ပြုမှုများတို့ရှိငြားသော်လည်း၊ ခရစ်တော်၏ကလေးသူငယ်များတို့သည် တည်ငြိမ်သောစိတ်ရှည်သည်းခံမှုနှင့် သစ္စာတရားအားဖြင့် စောင့်ဆိုင်းရန်ကြိုးပမ်းနိုင်ကြပြီး၊ မည်သည့်အရာကမျှထင်ရှားခြင်းမရှိစေရန် ကွယ်ဝှက်ဖုံးကွယ်ခြင်းမရှိနိုင်ကြောင်းနှင့် ထို့ပြင်ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းသောသူတို့ကို ကောင်းကင်တမန်များနှင့်လူများတို့၏ရှေ့တွင် ခရစ်တော်၏ချီးမွမ်းတော်မူခြင်းကို ခံရကြမည့်အခြေအနေကို ထိုခရစ်တော်၏ကလေးသူငယ်များတို့က တွေ့မြင်ရကြမည်ဖြစ်သည်။

အထက်ခေါင်းစီးပါကျမ်းချက်အရ၊ ခရစ်တော်က “သင်တို့ကိုကဲ့ရဲ့ညှဉ်းဆဲ၍၊ မမှန်ဘဲလျက် အပြစ်တကာတင်ကြသောအခါ ဝမ်းမြောက်ရွှင်မြူးခြင်းရှိကြလော့” ဟူ၍ မိန့်တော်မူခဲ့ပါသည်။

“ကောင်းကင်ဘုံ၌ သင်တို့၏အကျိုးသည် ကြီးလှပေ၏” ဟူ၍လည်း ဆက်လက်မိန့်တော်မူခဲ့သေးပါသည်။ ထိုကြီးစွာသောအကျိုးကို ခံစားရကြမည့်သူများမှာ ဖိစီးနှိပ်စက်မှုနှင့်အပြစ်တင်မောင်းမဲခြင်းခံရကြသည့်ကြားမှ ခရစ်တော်အတွက် သက်သေခံသောသူများပင် ဖြစ်ကြပါသည်။ လူအများသည် လောကီစည်းစိမ်တို့အတွက် ဆည်းပူးရှာဖွေကြချိန်တွင် ထိုဖိစီးနှိပ်စက်မှုနှင့် ပြစ်တင်မောင်းမဲခြင်းခံရကြသောသူတို့အား ခရစ်တော်သည် ကောင်းကင်ဘုံဆိုင်ရာဆုလာဘ်ကို ညွှန်ပြတော်မူပါသည်။ သို့သော်လည်း ထိုဆုလာဘ်တော်တို့ကို ခရစ်တော်သည် အနာဂတ်အသက်တာတွင်မှ ပေးတော်မူမည်မဟုတ်ဘဲ ယခု၊ ဤအချိန်၊ နေရာ၌တွင်ပင် ပေးသနားတော်မူပါလိမ့်မည်။

–o–



## အောက်တိုဘာ (၂၉)

### ခရစ်တော်၌တည်နေကြသောသူတို့သည်ကောင်းချီးမင်္ဂလာများရရှိကြရန် ကတိပေးတော်မူခြင်းခံခဲ့ရကြပါသည်

### “ဖောက်ဖျက်ကျူးလွန်ခြင်းအပြစ်မှလွတ်မြောက်ပြီး ဒုစရိုက်အပြစ်လုပ်ဆောင်ခြင်းအတွက်အကာအကွယ်ရခြင်း”

**“အပြစ်မှလွတ်ခြင်း၊ ဒုစရိုက်အပြစ်ကိုဖုံးအုပ်ခြင်းသို့ရောက်သောသူသည် မင်္ဂလာရှိ၏” (ဆာလံ ၃၂း၁)။**

ပြုတ်ကျလာသောစာကလေးငှက်တစ်ကောင်ကို အမှတ်ထားမိတော်မူသော ဘုရားသခင်အနေဖြင့် သင်၏ပြုမူကျင့်ကြံမှုနှင့် သင်၏ခံစားချက်များတို့ကို သတိမူမိတော်မူသည့်အပြင်၊ သူသည် သင်၏မနာလိုစိတ်ရှိမှု၊ မလိုမုန်းထားမှုနှင့် အသေးငယ်ဆုံးသောကိစ္စအတွက် သင်၏တရားမျှတမှုမရှိသောလုပ်ရပ်ကို ဖြောင့်မှန်ပါသည်ဟု အများကထင်မြင်ယူဆအောင် သင်၏ကြိုးပမ်းမှုများတို့ကိုပါ သိမြင်တော်မူပါသည်။ သင်သည် အခြားသောသူအပေါ်မကောင်းသော၊ မမှန်ကန်သောကြံစည်မှုဖြင့် ပြောဆိုပြုမူမှုများလုပ်ဆောင်ပြီး၊ သင်၏ကိုယ်ပိုင်ခံစားချက်များတို့ကို နှိုးဆော်ခြင်းဖြင့် မမှန်ကန်သောပြောကြားမှုတို့ကို လုပ်ဆောင်မိလျက် သင်၏ညီနောင်နှင့်ကွဲလွဲခြားနားမှုအဖြစ်သို့ရောက်ရှိနေသည်ကိုသိရှိကာ၊ သင့်အပေါ်ယုံကြည်မှုရှိသောသူတို့ကို ဦးဆောင်ရာတွင် ထိုသူတို့သည် သင်နှင့်ခြားနားမှုရှိသော သင်၏ညီနောင်အပေါ် သင့်အပေါ်၌တွေ့ရှိရသော စိတ်နေသဘောထားမျိုးဖြင့် ရှုမြင်ကြပါက၊ ထိုကဲ့သို့သောခါးသီးမှု၏အမြစ်များ မှိုလိုပေါက်ရောက်လာခြင်းဖြင့် များစွာသောညစ်ညမ်းမှုကို ဖြစ်ပေါ်စေပါသည်။ သင်၏ခံစားချက်တို့သည် မမှန်မကန်ဖြစ်နေကြောင်း သက်သေအထောက်အထားရှိလာပါက၊ သင်က သူတို့ကိုလုပ်ဆောင်စေခဲ့သည့် မမှန်ကန်သောစိတ်တိမ်းညွှတ်လွယ်မှုတို့ကို သူတို့စိတ်ထဲမှဖယ်ရှားပစ်ရန် သင့်အနေဖြင့် ကြိုးစားပါသလား။

သင်ကထိခိုက်နစ်နာစေသောသူကိုသာမကဘဲ သင်၏ဩဇာသက်ရောက်မှုအားဖြင့် သူတို့၏ညီအစ်ကိုတို့အပေါ် မှားယွင်းသောအလင်းတရားတွင် ရှုမြင်စေသောဦးတည်စေမှုအပြင်၊ သူတို့ကလုပ်ဆောင်ရန်ဘုရားသခင်ကပေးထားတော်မူသောအလုပ်ကို ကြိုးစားလုပ်ဆောင်မှုမရှိစေသောသူတို့အပေါ် သင်၏အလွန်သေးငယ်သော မတရားမှုအတွက်နှင့် ထိုသူတို့အပေါ် အမှားလုပ်မိသည့်အတွက် သူတို့ကိုဝန်ချတောင်းပန်ရန် ယခုတွင်ပင် ဘုရားသခင်ကသင့်အားတောင်းဆိုတော်မူပါသည်။ နောင်တရခြင်းနှင့်ဝန်ချတောင်းပန်ခြင်းတို့အားဖြင့် သင့်အားထိခိုက်နစ်နာစေမည့် နာမည်ပျက်မှတ်ပုံတင်စာရင်းမှ အပြစ်ခွင့်လွှတ်ခြင်းကို (သို့မဟုတ်) ဘုရားသခင်၏ဝိညာဉ်တော်၏ပြစ်မှုထင်ရှားစီရင်ခြင်းကို ကာကွယ်တားဆီး (resist the conviction of the spirit of God) နိုင်မည်ဖြစ်ပြီး၊ ကျန်ရှိသောသင်၏အသက်တာကာလအတွင်းတွင်လည်း၊ သင်၏မှားယွင်းသောခံစားမှုများနှင့် တရားမျှတမှုမရှိသောသုံးသပ်ချက်များအတွက် အကူအညီမရရှိနိုင်ကြောင်းကို ပေါ်လွင်ထင်ရှားစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။ ခါးသီးမှု၏အမြစ်တွယ်စေမှုကိုသူတို့၏စိတ်နှလုံးထဲတွင် သင်စိုက်ပျိုးထားခဲ့မှုကြောင့် ထိုသူတို့၏စိတ်နှလုံးများထဲတွင် အပြုအမူ၊ မကောင်းမှုကိုကျူးလွန်မှုနှင့် ပျက်စီးမှုတို့ကိုတည်ရှိစေပါသည်။

သင်၏အပြစ်နှင့်ပတ်သက်သည့် မည်သည့်အကျင့်စရိုက်အတွက်ကိုမဆို၊ ဝန်ချတောင်းပန်ပါ။ အကယ်၍ ဘုရားသခင်ကိုသာ သင်ကထိခိုက်လာစေပါက၊ ဘုရားသခင်ကိုသာ ဝန်ချတောင်းပန်ပါ။ အကယ်၍ အခြားသူတို့အပေါ် အမှားအယွင်းလုပ်မိပါက၊ (သို့မဟုတ်) စိတ်အနှောင့်အယှက်ဖြစ်စေပါက၊ သူတို့ကိုလည်း ဝန်ချတောင်းပန်ခြင်းဖြင့် ထာဝရဘုရား၏ကောင်းချီးမင်္ဂလာသည် သင့်အပေါ်သို့ကျရောက်ပါလိမ့်မည်။ ဤနည်းလမ်းအားဖြင့် သင်သည် သင့်ကိုယ်ကိုသင်မထိန်းချုပ်ဘဲမနေနိုင်သကဲ့သို့ ခရစ်တော်သည်လည်း ဤအတိုင်းပင်ကျင့်ကြံတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့၏ဘုရားသခင်ထံတော်သို့ ကျွန်ုပ်တို့၏ဆက်ကပ်လှူဒါန်းမှုသည် အိတ်သွန်ဖာမှောက်ဖြစ်ရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာသည် အလိုက်သင့်လိုက်ဖြစ်ရကြမည်ဖြစ်ကာ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည်လည်း မယိမ်းမယိုင်ဖြစ်ကြရပါမည်။ ထိုနောက်တွင် ကျွန်ုပ်တို့၏နှုတ်ခမ်းသားများ၏ဖော်ထုတ်ပြောဆိုချက်များသည်နီးကြားမှုရှိသော ကျွန်ုပ်တို့၏စိတ်အတွေးတို့၏ဥာဏ်ရည်ဥာဏ်စွမ်းကိုသက်သေခံမည်ဖြစ်ပြီး အသက်ဝိညာဉ်အပေါ်သို့ ဘုရားသခင်၏ဝိညာဉ်တော်၏လေးနက်သော လှုပ်ရှားမှုများတို့ကိုလည်း သက်သေခံပါလိမ့်မည်။

–၀–

## အောက်တိုဘာ (၃၀)

### ခရစ်တော်၌တည်နေကြသောသူတို့သည်ကောင်းချီးမင်္ဂလာများရရှိကြရန် ကတိပေးတော်မူခြင်းခံခဲ့ရကြပါသည်

### “ဘုန်းအသရေကိုမျှော်လင့်ခြင်းအကြောင်းတည်းဟူသော သင်တို့အထဲ၌တည်တော်မူသောခရစ်တော်”

**“တစ်ပါးအမျိုးသားတို့တွင် ဤနက်နဲသောအရာနှင့်ဆိုင်သော မဟာစည်းစိမ်ကား၊ အဘယ်မျှလောက်ကြီးသည်ကို----ဘုရားသခင် အလိုရှိတော်မူ၏။ ထိုစည်းစိမ်ကား၊ ဘုန်းအသရေကိုမျှော်လင့်ခြင်း အကြောင်းတည်းဟူသော သင်တို့အထဲ၌တည်တော်မူသော ခရစ်တော် ပေတည်း” (ကောလောသဲ ၁:၂၇)။**

ခန္ဓာကိုယ်နှင့်စိတ်တို့ကို မကျန်းမမာဖြစ်စေသောအရာများအနက်၊ အားရတင်းတိမ်ခြင်းမရှိသောခံစားမှုများနှင့် မကျေနပ်မှုတို့အပေါ်၌ အားလုံး နီးပါးသက်ဆိုင်ပတ်သက်မှုရှိကြပါသည်။ ထိုခံစားမှုရှိကြသောသူတို့သည် ဘုရားသခင်မရှိသောသူများဖြစ်ကြသည့်အပြင်၊ မျက်နှာဖုံးဓာလ္ဘာအောက်၌ ရောက်ရှိနေသော မျှော်လင့်ခြင်းမျိုး၊ အသက်ဝိညာဉ်၌ကျိန်းသေပြီး ခိုင်မြဲစွာ တွယ်ငြိထားသော ကျောက်ဆူးကဲ့သို့သောမျှော်လင့်ချက်မျိုးများ မရှိကြပါ။ ဤကဲ့သို့သောမျှော်လင့်ချက်မျိုးရှိကြသော သူတို့အားလုံးတို့အနေဖြင့် ခရစ်တော်စင်ကြယ်သန့်ရှင်းမွန်မြတ်တော်မူသလို၊ သူတို့ကိုယ်ကိုစင်ကြယ် သန့်ရှင်းစေရကြပါမည်။ ထိုကဲ့သို့သောသူတို့သည် ဂနာမငြိမ်သောတောင့်တ မှုများ၊ မကျေမနပ်စိတ်များနှင့် တင်းတိမ်မှုမရှိခြင်းများတို့နှင့် လွတ်ကင်းနိုင် ရကြမည်ဖြစ်ပြီး သူတို့သည် မကောင်းမှုများကို ဆက်တိုက်ရှာဖွေခြင်းမရှိရ ကြမည့်အပြင် ငှားရမ်းရယူရသည့် ဒုက္ခသုက္ခမျိုးကိုလည်း၊ တနုံ့နုံ့ဖြင့်အစဉ်အမြဲ စဉ်းစားတွေးတောခြင်းမပြုရပါ။ သို့သော်လည်း ကျွန်ုပ်တို့အနေဖြင့် လူအတော် များများတို့သည် ကြိုကြိုတင်တင်ဖြင့် ဒုက္ခသုက္ခအတွက် အချိန်ပေး၊ တွေးပူ



ကြသည်ကို တွေ့ရှိနေရကြပြီး၊ သူတို့၏ထည့်သွင်းစဉ်းစားမှုများတိုင်းတွင် စိုးရိမ်ကြောင့်ကြမှုက တံဆိပ်ခတ်နှိပ်ပြီးသားဖြစ်နေကာ သူတို့သည် မည်သည့် ဖြေသိမ့်စရာကိုမျှ တွေ့ရှိရသည့်ပုံမရှိသော်လည်း၊ သူတို့သည် အလွန်ဆိုးဝါး သောမကောင်းမှုအချို့တို့အပေါ် အားကိုးတကြီးဖြင့် ကြောက်ရွံ့စွာ၊ အဆက် မပြတ်အကူအညီတောင်းခံကြပါသည်။ အကျိုးမဲ့သောအပျော်အပါးများတို့သည် ထိုကဲ့သို့သောစိုးရိမ်ကြောင့်ကြမှုရှိသော စိတ်အတွေးများအတွက် အမှန်တရား မဟုတ်ပါ။ သူတို့၏ပျော်ရွှင်မှုအတွက်ဆိုလျှင်၊ ဘုရားသခင်၏ဝိညာဉ်တော် ဩဇာသက်ရောက်မှုဆီသို့ မိမိတို့ကိုယ်ကိုပြောင်းလဲပေးရန် လိုအပ်ကြပါသည်။ သူတို့သည် ဖြေသိမ့်စရာ၊ ဘုန်းတော်ရှင်နှင့်ကုံလုံပြည့်စုံမှုတို့ကို သတိမူမိ လာကြစေရန်အတွက် ခရစ်တော်၏ကြားခံစေ့စပ်ညှိနှိုင်းမှုအားဖြင့် အကျိုး ကျေးဇူးကိုခံစားရရှိနိုင်ကြရန် လိုအပ်ကြပါသည်။ ရှင်ပေတရုက သူ၏ဩဝါဒ စာပထမစောင် ၃:၁၀၊၁၁ တွင်၊ “အသက်ကိုမွေ့လျော်စေ၍ ကောင်းမွန်သော နေ့ရက်တို့ကိုတွေ့မြင်ခြင်းငှာ၊ အလိုရှိသောသူသည်----ဒုစရိုက်ကိုလွှဲရှောင် ၍ သုစရိုက်ကိုပြုစေ။ သူတစ်ပါးနှင့်အသင့်အတင့်နေခြင်းကိုရှာ၍ မှီအောင် လိုက်စေ” ဟူ၍ ဩဝါဒပေးခဲ့ပါသည်။ “အသင်းတော်အတွက်သက်သေခံ ချက်များ၊ အတွဲ (၁) တွင် “ဤနှုတ်ကပတ်တော်သမ္မာကျမ်းစာနှင့်ပတ်သက် သည့် လက်တွေ့ဆိုင်ရာအသိဉာဏ်ဗဟုသုတရှိကြသောသူတို့သည် စစ်မှန် သောပျော်ရွှင်မှုကို ရရှိကြပါသည်။ သူတို့ထံတွင် ခရစ်တော်ရှိတော်မူခြင်း အားဖြင့်၊ ခန္ဓာကိုယ်အတွက်ကျန်းမာခြင်းနှင့် အသက်ဝိညာဉ်အတွက်ခွန်အား တို့ကို သူတို့ရရှိနိုင်ကြရန် ဘုန်းအသရေတော်ဆိုင်ရာ မျှော်လင့်ခြင်းက ဆောင်ရွက်ပေးပါလိမ့်မည်။

ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်ဖြင့် ထက်သန်သောအသက်ဝိညာဉ် သည် ခရစ်တော်သခင်ယေရှုအား စိတ်ကူးမှန်းဆစေသည့် ချစ်ခြင်းမေတ္တာ များနှင့် ခရစ်တော်အားလှမ်းမျှော်ကြည့်ခြင်းအားဖြင့် ခရစ်တော်နှင့်သဏ္ဌာန် တူသည့်အနေအထားသို့ ပြောင်းလဲရောက်ရှိသွားပါလိမ့်မည်။ ဘုန်းအာနုဘော် တော်ဆိုင်ရာ မျှော်လင့်ခြင်းဘောင်အတွင်း၌သာ ခရစ်တော်သည် သူ၏အသွင်

သဏ္ဍာန်ကို ဖော်ဆောင်တော်မူပါသည်။ ထို့ကြောင့် ထိုခရစ်တော်၏ချစ်ခြင်းမေတ္တာတော်၌တည်နေသော အသက်ဝိညာဉ်သည် မိမိကိုယ်ကိုမိမိယုံကြည်မှုတိုးမြင့်လာပြီး သူသည် ခရစ်တော်၌တည်မှီသောအခါ ခရစ်တော်သည်လည်း သူ၌တည်တော်မူသည်အလျောက်၊ သူ့အတွက်အာမခံချက်ရရှိလာကာ၊ သူ၏ချစ်ခြင်းမေတ္တာသည်လည်း လေးနက်လာပြီး ကျယ်ဝန်းလာပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏အသိမ်မွေ့ဆုံးသော ကရုဏာသက်ခြင်းဆီသို့ ကြည့်မျှော်ရမည်ဖြစ်ပြီး အပတ်တကုတ်ကြိုးစားခြင်းစိတ်ရှိအောင်အားတင်းကြရမည်ဖြစ်ကာ (ယောဟန် ၁၆း၃၃) တွင် "မစိုးရိမ်ကြနှင့်၊ ငါသည် လောကကိုအောင်ပြီ" ဆိုသည့်စကားကို မိန့်တော်မူသောခရစ်တော်အပေါ် လုံးဝဥဿုံသစ္စာစောင့်သိရကြပါမည်။

–၀–



အောက်တိုဘာ (၃၁)

### ခရစ်တော်၌တည်နေကြသောသူတို့သည်ကောင်းချီးမင်္ဂလာများရရှိကြရန် ကတိပေးတော်မူခြင်းခံခဲ့ရကြပါသည်

## "ကျွန်ုပ်တို့သည်ထာဝရဘုရား၌ရွှင်လန်းခြင်းရှိကြပါသည်"

**"ငါဥဒါန်းကျူးခြင်းအသံသည် နှစ်သက်တော်မူဖွယ်ဖြစ်၍၊ ထာဝရဘုရား၌ ငါရွှင်လန်းလိမ့်မည်" (ဆာလံ ၁၀၄း၃၄)။**

ခရစ်တော်၏လက်တော်တွင် သင့်ကိုယ်ကိုလုံးလုံးလျားလျားထားရှိပါ။ သူ၏ကြီးမားလှသော ချစ်ခြင်းမေတ္တာတော်ကို ဆင်ခြင်သုံးသပ်ပြီး၊ သူ၏ကိုယ်ကျိုးအတ္တကို ငြင်းပယ်တော်မူခြင်းကိုလည်းကောင်း၊ ကျွန်ုပ်တို့က သူ့အပေါ်ယုံကြည်ခြင်းရှိစေရန် ကျွန်ုပ်တို့ကိုယ်စား အကန့်အသတ်မဲ့သော၊ အသက်စွန့်ဆက်ကပ်တော်မူသော သူ၏လုပ်ဆောင်ချက်တို့ကို အာရုံပြုဆင်ခြင်ပါက၊ သင်၏စိတ်နှလုံးသည် စင်ကြယ်သန့်ရှင်းသောဝမ်းမြောက်ခြင်း၊ တည်ငြိမ်သောငြိမ်သက်ခြင်းချမ်းသာနှင့် ဖော်ပြနိုင်စွမ်းမရှိသော ချစ်ခြင်းမေတ္တာတို့ဖြင့် ပြည့်လျှံသွားပါလိမ့်မည်။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်းအားဖြင့် ခရစ်တော်နှင့်စကားပြောပြီး၊ သူ၏နာမတော်ကိုခေါ်ကြပါက၊ သူသည် ကျွန်ုပ်တို့၏ပုဂ္ဂလိကပုဂ္ဂိုလ်ဖြစ်သည် ဆိုသည့်စိတ်ချယုံကြည်မှုနှင့် ကယ်တင်ရှင်ကိုချစ်တော်မူခြင်းတို့ကို အားဖြည့်ပေးလာမည့်အပြင်၊ သူ၏အကျင့်စရိုက်တော်သည် ပို၍ပို၍ချစ်ခင်ဖွယ်သောအရာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလာပါလိမ့်မည်။ ကျွန်ုပ်တို့အနေဖြင့် ချစ်ခြင်းမေတ္တာ၏ကြွယ်ဝသောတည်ခင်းမှုတို့ကို နှစ်သက်ကြရမည့်အပြင် ကျွန်ုပ်တို့သည် သူ၏မွေးစားတော်မူခြင်းအားဖြင့် သူ၏သားသမီးတော်များဖြစ်ကြကြောင်းကို အပြည့်အဝယုံကြည်ကြသည့်အလျောက်၊ ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံတော်၏အမြည်းကို မြည်းစမ်းခွင့်ရရှိကြပေမည်။ ထာဝရဘုရားအပေါ် ယုံကြည်ခြင်းရှိရှိဖြင့်စောင့်ဆိုင်းပါ။ ထာဝရဘုရားသည် အသက်ဝိညာဉ်ကို ၎င်း၏ဆုတောင်းခြင်းအားဖြင့် အချိန်

ပေးတော်မူပြီး သူ၏အဖိုးထိုက်လှသောချစ်ခြင်းမေတ္တာတော်ကို ကျွန်ုပ်တို့ ခံစားမိကြရန် ပေးသနားတော်မူပါသည်။ သူနှင့်နီးကပ်မှုအခြေအနေတစ်ခုကို ကျွန်ုပ်တို့ရရှိကြပြီး၊ နှစ်သက်ဖွယ်သောသူနှင့် ပေါင်းဖွဲ့စုစည်းမှုကို ကိုင်စွဲထားနိုင်ကြပါသည်။ သူ၏ကြင်နာသနားတတ်မှုနှင့် စာနာရိုင်းပင်းမှုတို့နှင့် ပတ်သက်သည့် ထင်ရှားပြတ်သားသည့်ရှုမြင်ချက်များကို ရယူနိုင်ကြပြီး၊ ကျွန်ုပ်တို့ကိုပေးအပ်ခဲ့ပြီးသော ချစ်ခြင်းမေတ္တာကို စိတ်ကူးမှန်းဆခြင်းဖြင့် ကျွန်ုပ်တို့၏စိတ်နှလုံးတို့သည် ကွဲကြေပြီးအရည်ပျော်သွားကြပါသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အသက်ဝိညာဉ်၌ ခရစ်တော်ကိန်းအောင်းတော်မူကြောင်းကို အမှန်တကယ်ခံစားမိလာပါသည်။ ကျွန်ုပ်တို့၏ငြိမ်သက်ခြင်းသည် မြစ်ကြီးတစ်စင်းနှင့်အလားတူပြီး၊ လှိုင်းလုံးတစ်လုံးပြီးလျှင်တစ်လုံးကဲ့သို့ ဘုန်းအာနုဘော်တော်သည် စိတ်နှလုံးအတွင်းသို့ လှိမ့်ဆင်းဝင်ရောက်လာပြီး ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူတကွ ညစာစားရမည်ဖြစ်သကဲ့သို့ ခရစ်တော်သည်လည်း ကျွန်ုပ်တို့နှင့်အတူတကွ အမှန်တကယ်စားသောက်တော်မူပါလိမ့်မည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို ခံစားမိသည့်အသိတရားတစ်ခုဖြစ်ပေါ်လာပြီး၊ ထိုချစ်ခြင်းမေတ္တာတော်၌ ကျွန်ုပ်တို့ခိုနားကြပါသည်။ မည်သည့်ဘာသာစကားကမျှ ထိုမေတ္တာတော်ကို ဖော်ပြနိုင်စွမ်းမရှိသည့်အပြင် ပညာဗဟုသုတ၏အခြားတစ်ဘက်တွင်၌သာ ထိုချစ်ခြင်းမေတ္တာတော်တည်ရှိပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းရှိကြပြီး ကျွန်ုပ်တို့၏အသက်သည် ခရစ်တော်နှင့်အတူတကွ ဘုရားသခင်၌ရှိကြပါသည်။ ကျွန်ုပ်တို့၏အသက်ဖြစ်သောသူသည် ပေါ်ထွန်းလာတော်မူပြီး သူ၏ဘုန်းအာနုဘော်တော်၌ ကျွန်ုပ်တို့သည်လည်း သူနှင့်အတူပေါ်ထွန်းလာကြမည့်အာမခံချက်မျိုးကို ကျွန်ုပ်တို့ရရှိကြပါသည်။ ခိုင်မာသော မိမိကိုယ်ကိုယုံကြည်မှုဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကျွန်ုပ်တို့၏ခမည်းတော်အဖြစ် ခေါ်ဆိုနိုင်ပါသည်။ ကျွန်ုပ်တို့သည် ရှင်သည်ဖြစ်စေ၊ သေဆုံးသွားသည်ဖြစ်စေ ထာဝရဘုရား၏ပိုင်ဆိုင်မှုများသာဖြစ်ကြပါသည်။ စိတ်နေစိတ်ထားနှင့်ပင်ကိုစရိုက်တို့တွင် ယေရှုခရစ်တော်ကဲ့သို့မျိုး ကျွန်ုပ်တို့၌ရှိစေရန်





ဘုရားသခင်၏ဝိညာဉ်တော်သည် လုပ်ဆောင်ပေးတော်မူသည်အလျောက် ကျွန်ုပ်တို့သည်လည်း အခြားတစ်ပါးသောသူတို့၌ ခရစ်တော်ကိုကိုယ်စားပြုကြပါသည်။ အသက်ဝိညာဉ်ထဲ၌ ခရစ်တော်ကိန်းဝပ်တော်မူသောအခါ၊ ခရစ်တော်သည် ထာဝရအသက်ဆီသို့စိမ့်ထွက်လာသည့် စိမ့်စမ်းရေတွင်းနှင့်အလားသဏ္ဍာန်တူသည်ဆိုသည့်အချက်ကို ထိမ်ဝှက်ထား၍မရနိုင်ပါ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အကျင့်စရိုက်၊ နှုတ်ထွက်စကားများ၊ ကျွန်ုပ်တို့၏ကျင့်ကြံမှုတို့တွင် ခရစ်တော်နှင့်ထပ်တူဖြစ်အောင် ကိုယ်စားပြုပြီး၊ အခြားသူတို့အပေါ်တွင် လေးနက်မှုရှိပြီးတည်မြဲကာ၊ တိုးတက်မှုရှိသည့်ချစ်ခြင်းမေတ္တာမျိုးကို ခရစ်တော်အတွက်ဖော်ထုတ်ကာ ယေရှုခရစ်တော်၏ပုံရိပ်နှင့်ကိုက်ညီသည့်ပုံဖော်မှုကို ထင်ရှားစေရကြပါမည်။

–ဝ–

နိဝင်ဘာ (၁)

## ကျွန်ုပ်တို့သည်အတောမသတ်သောတိုးတက်မှုကိုလုပ်ဆောင်ကြပါသည်

**မိမိဘာသာမိမိတိုးတက်အောင်လုပ်ဆောင်ခြင်းသည်**

**ခရစ်ယာန်မွေ့မြိုးရေးအတွက်လိုအပ်ပါသည်**

## "သင်၏စွမ်းအားများတို့ကိုတိုးတက်မှုရှိလာစေရန် စဉ်ဆက်မပြတ်ကြိုးပမ်းပါ"

**"အကြောင်းမူကား၊ ထာဝရဘုရားသည် ပညာကိုပေးတော်မူတတ်၏။ နားလည်နိုင်သောဉာဏ်သည် နှုတ်ကပတ်တော်အားဖြင့်သာဖြစ်တတ်၏" (သုတ္တံ ၂း၆)။**

သင့်အနေဖြင့် စိတ်အတွေးနှင့်အသက်ဝိညာဉ်တို့၏အမြင့်ဆုံးသော ယဉ်ကျေးသိမ်မွေ့မှုကို စဉ်ဆက်မပြတ် ကြိုးပမ်းရှာဖွေရန်လိုအပ်ပြီး၊ ဤနည်းဖြင့် ဆိတ်ငြိမ်သောစိတ်ဓာတ်မျိုးနှင့် ချစ်ခြင်းမေတ္တာရှိသောစိတ်နှလုံးမျိုးရှိကြစေရေးအတွက် မိမိ၏သားသမီးတို့အား ပညာရေးနှင့်လေ့ကျင့်သင်ကြားပေးရေးအစီအစဉ်တို့ကို သင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ထို့အပြင်၊ သင့်အနေဖြင့် သူတို့အား စင်ကြယ်ပြီး၊ ပြင်းပြသည့်စိတ်ဆန္ဒရှိစေရေးအတွက် နိူးဆွပေးသကဲ့သို့ဖြစ်ကာ သူတို့၌ရိုးသားစစ်မှန်ပြီး မွန်မြတ်သန့်ရှင်းသည့် အရာများတို့ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ်ကို ထိန်းသိမ်းစောင့်ရှောက်စေပါသည်။ သင်၏အိမ်ထောင်မိသားစု၌ သင့်အနေဖြင့်၊ ဥပဒေသနှင့်စံနမူနာတို့အားဖြင့် ကိုယ်လုံပြည့်ဝသော၊ ထို့အပြင် စေ့စပ်သေချာသည့်အလုပ်ကို လုပ်ဆောင်နိုင်ရေးအတွက်နှင့် သင်၏စွမ်းအားများတိုးတက်မြင့်မားလာစေရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ပါ။

သင်၏ကိုယ်ပိုင်လိုအင်ဆန္ဒများတို့၏နောက်သို့ သင်မလိုက်လျှောက်သင့်ပါ။ အရာအားလုံးတို့တွင် သင်သည် မှန်ကန်သည့်စံနမူနာကို ချမှတ်နိုင်ရန်အတွက် အထူးသတိထားသင့်ပါသည်။ မလှုပ်မရှားသောအနေအထား၌ ရှိမနေပါနှင့်။ သင်၏ငုပ်လျှိုးနေသော သင်၏စွမ်းအင်များကို နိူးကြွမှုရှိပါစေ။ သင်၏တာဝန်တာထမ်းများတို့ကို မဖြစ်မနေပြီးမြောက်အောင်ထမ်းဆောင်ပါ။ စိတ်ဝင်စားစရာမကောင်းသောအလုပ်များနှင့် ရိုးစင်းသောအလုပ်များတို့ဖြစ်သည့် စီမံထားသည့်ဆောင်ရွက်ရမည့်အရာတို့သည် အလွန်လိုအပ်သောတာဝန်များဖြစ်ကြသည့်အလျောက် အားတက်သရောဖြင့်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လေ့လာသင်ယူရပါမည်။

ခရစ်ယာန်၏ယဉ်ကျေးသိမ်မွေ့မှု၏အံ့သြဖွယ်ရာစွမ်းအားကို နားလည်နိုင်ရန်အတွက် မိဘလုပ်သူများက လုံ့ဆော်မှုမရှိကြပါ။ ထူးထူးခြားခြားပစ်ပယ်ခြင်းခံရပြီး၊ အမှုတော်ကိုဆောင်ရွက်ရကြမည့် သမ္မာတရား၏စိတ်အတွေးများရှိကြပါသည်။ ဤညှိုးဖျင်းသော နမော်နမဲ့နိုင်မှုသည် ဘုရားသခင်၏သဘောတွေ့မှုကိုမရရှိနိုင်ပါ။ မိဘများတို့၊ ဤအကြောင်းအရာနှင့်ပတ်သက်ပြီး ဘိသိက်ပေးထားသော မြင့်မြတ်သည့်မျက်လုံးများဖြင့် ကြည့်မြင်ကြရန် ဘုရားသခင်ကသင်တို့အား ပြောဆိုတော်မူပါသည်။ သင်တို့သည် အပေါ်ယံမျက်နှာပြင်လွှာကိုသာ လျှပ်ယူသည့်သဘောမျိုးသာရှိကြပါသည်။ ရှည်ကြာစွာပစ်ပယ်ထားခြင်းခံရသောအမှုတော်ကို စတင်လိုက်ခြင်းဖြင့် ဘုရားသခင်သည် သင်နှင့်အတူပူးပေါင်းဆောင်ရွက်တော်မူမည်ဖြစ်သည်။ စိတ်ရောကိုယ်ပါဖြင့် သင်၏အလုပ်ကိုလုပ်ဆောင်ပါက၊ ဘုရားသခင်သည် သင်၏အလုပ်တိုးတက်မှုအတွက် ကူညီတော်မူပါလိမ့်မည်။ အိမ်ထောင်မိသားစုအသက်တာအတွင်းသို့ ဧဝံဂေလိတရားတော်ကို ယူဆောင်လာရန်စတင်လိုက်ပါ။

အတွေးအခေါ်များကို မြင့်မြတ်စင်ကြယ်ခြင်းကိုပေးနိုင်ပြီး၊ အဆင့်မြင့်တင်ပေးသည့်အပြင်၊ ပြောဆိုသောစကားလုံးများနှင့် ပြုမူလှုပ်ရှားမှုများအပေါ် ဝိညာဉ်ရေးမွေးကြိုင်သင်းထုံမှုကိုပေးနိုင်သော ပိုမိုမြင့်မားသည့်အသက်ဝိညာဉ်ဆိုင်ရာ ယဉ်ကျေးသိမ်မွေ့မှုအနေဖြင့် စေ့စပ်သေချာပြီး အပတ်တကုတ်ကြိုးပမ်းလုပ်ဆောင်မှုမျိုးတို့ကို လိုအပ်ပါသည်။ ထာဝရဘုရား၏ဥယျာဉ်တော်အတွင်းမှ ဒုစရိုက်ဆိုင်ရာစေ့ဆော်မှုတိုင်းကို ပေါင်းသင်သကဲ့သို့ ရှင်းပစ်နိုင်ရန်အတွက် သည်းခံစိတ်ရှည်မှုရှိရကြပါမည်။

–၀–

## နိုဝင်ဘာ (၂)

### မိမိဘာသာမိမိတိုးတက်အောင်လုပ်ဆောင်ခြင်းသည် ခရစ်ယာန်ဖွံ့ဖြိုးရေးအတွက်လိုအပ်ပါသည်

### "ကျန်းမာရေးအကျင့်ဓလေ့တို့ကိုတိုးတက်လုပ်ဆောင်ခြင်းဖြင့် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေပါသည်"

**"သင်တို့သည် အဖိုးနှင့်ဝယ်တော်မူသောသူဖြစ်သောကြောင့်၊ ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကို ထင်ရှားစေကြလော့" (၁ကော ၆း၂၀)။**

ဘုရားသခင်အတွက်နှင့် ကျွန်ုပ်တို့၏အပေါင်းအသင်းတို့အပေါ်၊ ကျွန်ုပ်တို့၏ပထမဆုံးသောတာဝန်မှာ မိမိကိုယ်ကိုမိမိတိုးတက်မှုရှိအောင်လုပ်ဆောင်ခြင်းပင်ဖြစ်သည်။ ဖန်ဆင်းရှင်က ကျွန်ုပ်တို့အားပေးသနားတော်မူသည့် လုပ်နိုင်စွမ်းအားတိုင်းနှင့်အတူ၊ ကျွန်ုပ်တို့ဆောင်ရွက်နိုင်စွမ်းရှိသော အကြီးမားဆုံးသောပမာဏရှိသည့် ကောင်းမြတ်ခြင်းကို ကျွန်ုပ်တို့လုပ်ဆောင်နိုင်ရန်အတွက် အမြင့်မားဆုံးသောအတိုင်းအတာရှိသည့် ကုံလုံပြည့်စုံမှုကို ထိန်းသိမ်းစောင့်ရှောက်ကြရပါမည်။ ဤအတွက်ကြောင့် ထိုအချိန်ကို ကောင်းမြတ်ခြင်းအတွက် အသုံးချရမည်ဖြစ်ပြီး ထိုကောင်းမြတ်ခြင်းသည် ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးတို့ကို ဘေးမသီရန်မခစေရန်အတွက် တည်ထောင်မှုနှင့်ထိန်းသိမ်းစောင့်ရှောက်မှုအတွက် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိစေပါသည်။

လူသားဆိုသည်မှာ ဘုရားသခင်၏လုပ်ငန်းကျွမ်းကျင်မှုပင်ဖြစ်ပြီး၊ ဘုရားသခင်၏အပြောင်မြောက်ဆုံးသောလက်ရာဖြစ်ကာ၊ မြင့်မားပြီးသန့်စင်မွန်မြတ်သည့်ရည်ရွယ်ချက်ဖြင့် ဖန်ဆင်းထားတော်မူလျက် လူသား၏သန့်ရှင်းရာဌာနအစိတ်အပိုင်းတိုင်းတို့အပေါ်တွင် ဘုရားသခင်သည် သူ၏ပညတ်



တရားတော်ကိုရေးထားရန် ဆန္ဒရှိတော်မူပါသည်။ ဘုရားသခင်ပံ့ပိုးပေးထားတော်မူသည့် အကြောအမျှင်တိုင်း၊ ကြွက်သားတိုင်း၊ စိတ်ပိုင်းဆိုင်ရာရော ရုပ်ပိုင်းဆိုင်ရာတို့ကိုပါ သန့်ရှင်းစင်ကြယ်မြင့်မြတ်စွာ ထားရှိရပါမည်။

ဘုရားသခင်သည် သူ၏ဝိညာဉ်တော်အတွက် ဗိမာန်တော်အဖြစ်ဖြစ်စေရန် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကို ပုံစံထုတ်လုပ်ထားတော်မူပါသည်။ လေးနက်တည်ကြည်မှုဆိုသည်မှာ အသက်ဝိညာဉ်တိုင်း၌ အမှီတံကဲပြုသည့် တာဝန်ခံမှုတစ်ရပ်ပင်ဖြစ်သည်။ သင်၏တစ်ဦးချင်းသြဇာလွှမ်းမိုးမှုသည် ကောင်းမြတ်သောအရာအတွက်သော်လည်းကောင်း၊ ဆိုးညစ်မှုအတွက်သော်လည်းကောင်း လုပ်ဆောင်ပေးပါသည်။ သင်သည် သင်၏ကိုယ်ခန္ဓာကို ညစ်ညူးစေပါက သင်သည် သင့်ကိုယ်ကိုထိခိုက်စေသည်သာမက အခြားသောသူအများအပြားတို့ကိုပါ ထိခိုက်အောင်လုပ်ဆောင်ရာရောက်ပါသည်။ ခရစ်ယာန်တို့သည် အဖိုးတစ်စုံတစ်ရာဖြင့် ဝယ်ယူထားခြင်းခံခဲ့ရကြသည် အလျောက် သူတို့၏အသက်ဝိညာဉ်၊ ကိုယ်ခန္ဓာနှင့်စိတ်ဓာတ်တို့သည် ညစ်ညူးတော့မည်အနေအထားမှ လွတ်ကင်းသွားစေရေးသည် ဘုရားသခင်အပေါ် ထိုခရစ်ယာန်တို့၏တာဝန်ရှိမှုပင်ဖြစ်ပါသည်။

စိတ်ပိုင်းဆိုင်ရာ (သို့မဟုတ်) ရုပ်ပိုင်းဆိုင်ရာအင်္ဂါတစ်စုံတစ်ခု၏ ကျန်းမာသည့်အပြုအမူတို့ကို ချည့်နဲ့လျော့ပါးသွားစေသည့် အကျင့်ဓလေ့တို့ကိုပုံဖော်စေရန် မည်သည့်အမျိုးသား၊ အမျိုးသမီးကမျှ အခွင့်အရေးမရှိကြပါ။ ဆေးရွက်ကြီးနှင့်သေရည်သေရက်သောက်သုံးခြင်းအခြေအနေသို့ မိမိကိုယ်ကိုသက်ဆင်းစေသောသူတို့သည် မိမိတို့၏ဉာဏ်စွမ်းတို့ကို အသိအမှတ်မပြုရာကျပါသည်။ သူတို့သည် ဘုရားသခင်ကပေးသနားထားတော်မူသော လုပ်နိုင်စွမ်းအားတို့၏တန်ဖိုးကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် တိုးတက်မှုရှိစေရန် သတိမထားမိခဲ့ကြပါ။ ဤသို့ဖြင့်လူတို့သည် သူတို့၏စွမ်းအားများတို့ကို လျော့ပါးလွင့်ပျောက်သွားစေရန်နှင့် ယိုယွင်းပျက်စီးသွားစေရန် ခွင့်ပြုရာရောက်ပါတော့သည်။ ဘုရားသခင်သည် သူ့အပေါ်ယုံကြည်သောသူအားလုံးတို့အား တိုးတက်မှု၏လိုအပ်ချက်ကိုခံစားမှုရှိကြရန် အလို

တော်ရှိတော်မူပါသည်။ ဆက်ကပ်အပ်နှံထားသော လုပ်ကိုင်နိုင်စွမ်းကို တိုးချဲ့ကျယ်ပြန့်စေရပါမည်။ မည်သူတစ်ဦးတစ်ယောက်၏ပေးကမ်းမှုကိုမျှ ဘေးဖယ်မထားရပါ။ ဘုရားသခင်၏ဥယျာဉ်နှင့်ကျောင်းတော်တိုက်ဖြစ်သည့် အလျောက် လူသားသည် ပြောဆိုလိုသောစကားလုံးတိုင်း၏စိတ်အစဉ်တိုင်း အတွက်နှင့် သူ့အားပြုလုပ်သောအရှင်သခင်တော်နှင့် ပိုမိုသိကျွမ်းခြင်းရှိလာ စေရန်အတွက် ဘုရားသခင်၏ကြီးကြပ်မှုအောက်တွင်ရှိခြင်းဖြင့် ပိုမိုအလေး အမြတ်ရှိလာမည့် သူ၏အသက်တာသည် သူ၏ထင်မြင်မှန်းဆချက်တွင် ပေါ်လာမည်ဖြစ်သည်။

–ဝ–



**နိဝင်ဘာ (၃)**

### မိမိဘာသာမိမိတိုးတက်အောင်လုပ်ဆောင်ခြင်းသည်

### စရစ်ယာန်ဖွံ့ဖြိုးရေးအတွက်လိုအပ်ပါသည်

## “ဘုရားသခင်၏ဗိမာန်တော်သည်စဉ်ဆက်မပြတ်သော စောင့်ရှောက်မှုကိုလက်ခံရယူရပါမည်”

**“–––ဘုရားသခင်မိန့်တော်မူသည်ကား၊ သူတို့တွင် ငါကိန်းဝပ်မည်။ သူတို့တွင်လှည့်လည်၍ သူတို့၏ဘုရားသခင်ဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူသည်နှင့်အညီ သင်တို့သည် အသက်ရှင်တော်မူသော ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြ၏” (၂ကော ၆:၁၆)။**

ကျွန်ုပ်တို့သည် ဘုရားသခင်၏နိုင်ငံတော်နှင့်ဆိုင်သော ပညတ်တရားတော်များတို့ကို နာခံလိုက်လျှောက်ရကြမည့်အပြင် ထိုအရာများအားလုံးတို့သည် ကျွန်ုပ်တို့အတွက်သာဖြစ်ကြောင်းကို ကျွန်ုပ်တို့ကိုယ်၌ကိုက သဘောထားနိုင်ရကြပါမည်။ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့လူသားတို့၏အမြင့်ဆုံးသော စွမ်းအားများတို့ကို စိတ်အားထက်သန်စွာဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပြီး ကျွန်ုပ်တို့သည် ဘုရားသခင်၏ပိုင်ဆိုင်မှုများဖြစ်ကြောင်းနှင့် ဘုရားသခင်၏ကျောင်းတော်တိုက်များဖြစ်ကြကြောင်းကို သတိရကြရပါမည်။ ကျွန်ုပ်တို့သည် နေ့စဉ်နေ့တိုင်း တိုးတက်မှုရှိရန်လိုအပ်ပါသည်။ ဤလောကကမ္ဘာကြီးသည် အပြစ်နှင့်ပူဆွေးသောကရောက်စရာကြီးဖြစ်နေသော်လည်း၊ ကျွန်ုပ်တို့သည် ထက်ထက်သန်သန်ဖြင့် အပတ်တကုတ်ကြိုးပမ်းခြင်းဖြင့် အမြင့်မားဆုံးသောဝိညာဉ်ရေးဆိုင်ရာ စွမ်းဆောင်နိုင်မှုကို မြှင့်တင်ပေးရပါမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အားနှစ်သိမ့်မှုကိုပေးရကြပါမည်။ ဧနောက်သည် မြေကြီးပေါ်၌ ကိုယ်ကျင့်တရားမကောင်းသောအချိန်ကာလတွင် နေခဲ့ရသော်လည်း၊ ဘုရားသခင်အား နှစ်သိမ့်မှုကိုပေးခဲ့သကဲ့သို့ ကျွန်ုပ်တို့သည်လည်း

ဤကဲ့သို့လုပ်ဆောင်ရကြပါမည်။ ကျွန်ုပ်တို့၏ယခုအချိန်ကာလတွင် ဇနောက်အများအပြားရှိနေကြပါသည်။

လူသားအိမ်၊ ဘုရားသခင်၏ကျောင်းတော်တိုက်နှင့် ဗိမာန်တော်မည်သည့် အနီးကပ်နှင့်သတိဝီရိယရှိရှိ၊ ထို့အပြင် နိုးနိုးကြားကြားရှိသည့် အုပ်ထိန်းမှုမျိုးလိုအပ်ပါသည်။ ဒါဝိဒ်မင်းကြီးနှင့်အတူ ကျွန်ုပ်တို့ထုတ်ဖော်ကြေညာနိုင်သည့်အချက်ကို (ဆာလံ ၁၃၉း၁၄) တွင် "အကျွန်ုပ်သည်ကြောက်မက်ဖွယ်သောလက္ခဏာ၊ ထူးဆန်းသောလက္ခဏာနှင့်ပြည့်စုံသည်ဖြစ်၍--" ဟူ၍ ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပါသည်။ ဘုရားသခင်၏လက်ရာမည်သည့် ထိန်းသိမ်းစောင့်ရှောက်မှုခံယူရရှိရမည်ဖြစ်ပြီး၊ အမျိုးသားများရောအမျိုးသမီးများတို့သည် အသက်ရှင်တော်မူသော ဘုရားသခင်၏ဗိမာန်တော်များဖြစ်ကြောင်းကို ကောင်းကင်တစ်ခွင့်စကြဝဠာနှင့် ယုံကြည်ကိုးကွယ်မှုကို စွန့်ပယ်သောလူမျိုးစုတို့အား ထုတ်ဖော်ပြသကြရပါမည်။

ဘုရားသခင်တောင်းခံတော်မူသော အကျင့်စရိုက်၏ကုံလုံပြည့်စုံခြင်းဆိုသည်မှာ သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်တော်မူနိုင်ရန်အတွက် လူသားတစ်ကိုယ်လုံးကို ဗိမာန်တော်အဖြစ်သို့ရောက်ရှိသွားစေရန် တည်ဆောက်တပ်ဆင်ထားရန်ပင်ဖြစ်ပါသည်။ လူသားယန္တရားတစ်ခုလုံး၏အမှုတော်ဆောင်ရွက်ခြင်းကို ဘုရားသခင်ကတောင်းခံတော်မူပါသည်။ သူသည်အမျိုးသားများနှင့်အမျိုးသမီးများအားလုံးတို့ကို ဖြစ်နိုင်ပါက သူဖန်ဆင်းပြီးခါစက အနေအထားအတိုင်းရှိစေလိုသောဆန္ဒရှိတော်မူပါသည်။ လက်ရှိလူသားယန္တရားအစိတ်အပိုင်းတို့သည် အသုံးပြုရန်အတွက် လုံလောက်မှုမရှိကြပါ။ အစိတ်အပိုင်းအားလုံးတို့သည် အသက်ဝင်လှုပ်ရှားမှုရှိရပါမည်၊ သို့တည်းမဟုတ် လှုပ်ရှားမှုသည် ပြည့်စုံလုံလောက်မှုမရှိပါ။

ရုပ်ပိုင်းဆိုင်ရာအသက်တာသည် စေ့စေ့စပ်စပ်ဖြင့် ပညာပေးမှု၊ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိရမည်ဖြစ်ပြီး အမျိုးသားများနှင့်အမျိုးသမီးများတို့မှတစ်ဆင့် ဘုန်းတော်ရှင်၏ပင်ကိုသဘာဝသည် ၎င်း၏ပြည့်စုံခြင်းအတွင်း၌ ထုတ်ဖော်ပြသခြင်းခံရပါမည်။ လူသားတို့ကိုပေးထား



တော်မူသောအသိဉာဏ်ကို လူသားတို့ကအသုံးပြုရန် ဘုရားသခင်မျှော်လင့်တော်မူပါသည်။ တွေးခေါ်မြော်မြင်မှုရှိသော စွမ်းအားတိုင်းအားဖြင့် သူ့အတွက်အသုံးပြုရန်လည်း သူမျှော်လင့်တော်မူပါသေးသည်။ သတ်မှတ်ထားသောနေရာ၌ရှိသည့် လွှမ်းမိုးကြီးစိုးမှု၏နေရာအတွက် သူတို့အနေဖြင့် ခွဲခြားသိမြင်တတ်သော မသိစိတ်ကိုပေးရကြပါမည်။ မြတ်နိုးချစ်ခင်မှုများနှင့်အတူ၊ စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာစွမ်းအားများတို့ကို သူတို့အနေဖြင့် အမြင့်မားဆုံးသောစွမ်းဆောင်နိုင်မှုသို့ ရောက်ရှိနိုင်ရေးအတွက် ပြုစုပျိုးထောင်ပေးကြရပါမည်။

–ဝ–

## ကျွန်ုပ်တို့သည်မြင့်တင်ခြင်း၊ စိတ်ထားမြင့်မြတ်မှုရှိခြင်းနှင့် မွမ်းမံခြင်းတို့ကိုခံယူခဲ့ကြပြီးဖြစ်ပါသည်

## “ကျွန်ုပ်တို့သည်အကောင်းဆုံးသောအပြုအမူမျိုးရှိကြရန် ဘုရားသခင်အလိုရှိတော်မူပါသည်”

**“အလွဲမယူကြနှင့်။ မကောင်းသောသူတို့နှင့်ပေါင်းဖော်ခြင်းအားဖြင့် ကောင်းသောအကျင့်ဓလေ့ယိုယွင်းတတ်၏” (၁ကော ၁၅း၃၃)။**

ခရစ်တော်၏ဘာသာတရားတော်သည် လက်ခံရရှိသောသူကို မည်သည့်အခါမျှသိက္ခာကျဆင်းခြင်းမရှိစေသည့်အပြင်၊ မည်သည့်အခါမျှ သူ့အားအောက်တန်းကျစေခြင်း (သို့မဟုတ်) မယဉ်ကျေးအောင်ပြုလုပ်ခြင်းမျိုး လုံးဝမရှိပါ။

ထာဝရဘုရား၏တရားရုံးတော်များနှင့် အံဝင်ခွင်ကျဖြစ်စေရန်အတွက် ကျွန်ုပ်တို့အနေဖြင့် လုပ်ဆောင်စရာအများအပြားရှိနေပါသည်။ ခက်ထန်ကြမ်းတမ်းသောစိတ်ထား၊ ကြမ်းထော်လာသည့်ပြောဆိုမှု၊ တန်ဖိုးနည်းလှသောအကျင့်စရိုက်တို့ကို ဖယ်ရှားပစ်ကြရမည်၊ (သို့မဟုတ်) ကျွန်ုပ်တို့သည် ကောင်းကင်ဘုံ၌ရှိသော ရက်ကန်းစင်၌ ရက်လုပ်သောဝတ်ရုံဖြစ်သော ခရစ်တော်၏ဖြောင့်မတ်ခြင်းကို မည်သည့်အခါမျှ ဆင်မြန်းနိုင်ကြမည်မဟုတ်ပါ။

ခရစ်တော်၏ပညာရေးလက်အောက်တွင် သင်ကြားမှုရယူကြသောသူများဖြစ်ကြသည့် အမြင့်ဆုံးသောအောင်မြင်မှုရယူနိုင်ရေးကို အဖြစ်နိုင်ဆုံးလုပ်ဆောင်ကြသောသူတို့သည် ဘုန်းတော်ရှင်ဆိုင်ရာ တိုးတက်မှုတိုင်းကို ပိုမိုအဆင့်မြင့်သောကျောင်းသို့ သူတို့နှင့်အတူယူဆောင်သွားကြပါလိမ့်မည်။ သို့သော်၊ ဘုန်းတော်ရှင်နှင့်အလားသဏ္ဍာန်တူသည့် အကျင့်စရိုက်မျိုးကို ပုံသွင်းရယူရန်ဆန္ဒမရှိသောသူတို့သည် ကောင်းကင်တမန်များ၏ဝမ်းနည်းမှုကို လုပ်ဆောင်ကြသလိုဖြစ်ခြင်းကြောင့် အပြစ်နှင့်ပြည့်ဝသောအကျင့်ဓလေ့များနှင့်လုပ်ရပ်များတို့ကို တွယ်ဖက်ထားကြခြင်းဖြင့် သူတို့သည် ဘုရားသခင်ထုတ်လုပ်ထားသောပုံစံကို ဖျက်ဆီးပစ်ရာရောက်ပါသည်။



ဘုရားသခင်အပေါ်နှင့်မိမိတို့အချင်းချင်း တစ်ဦးအပေါ်တစ်ဦး ယဉ်ကျေးသိမ်မွေ့ရကြပါမည်။ ကမ္ဘာမြေပေါ်၌ သူ၏ဘုန်းတန်ခိုးတော်ကို ချီးမြှောက်နိုင်ရေးအတွက် သင်သည် အကောင်းဆုံးသောအပြုအမူများရှိရန် ဘုရားသခင်သည် အလိုရှိတော်မူကြောင်းကို သင်သတိရပါ။ သင်တို့သည် တစ်ဦးကိုတစ်ဦး စည်းစည်းလုံးလုံးနေထိုင်ကြရန်နှင့် ချစ်ခင်ကြရန် ဘုရားသခင်ကအလိုတော်ရှိပါသည်။ ဤနေရာ၌တွင်ပင် သင်တို့သည် တစ်ဦးကိုတစ်ဦးချစ်ခြင်းမေတ္တာရှိကြပါက၊ သင်တို့သည် ထာဝရကာလ၏အဆုံးမသတ်နိုင်သောခေတ်ကာလတစ်လျှောက်လုံး ကယ်ချွတ်ခြင်းခံရသည့်အသက်တာဖြင့် နေထိုင်ကြရမည်ဆိုခြင်းကို သတိရကြပါ။

ကိုယ်ကျိုးအတ္တဆန်မှုနှင့် ဂုဏ်မာနထောင်လွှားမှုတို့သည် ဝိညာဉ်အားဖြင့် ခရစ်တော်နှင့်အတူ စည်းလုံးမှုရှိစေသည့် စင်ကြယ်သောချစ်ခြင်းမေတ္တာကို ဟန့်တားထားပါသည်။ အကယ်၍ ဤချစ်ခြင်းမေတ္တာမျိုးသာ အမှန်တကယ်ပြုစုပျိုးထောင်ခြင်းခံရပါက၊ ကန့်သတ်မှုသည် အကန့်အသတ်ဖြင့်သာ ရောစပ်ခြင်းခံရမည်ဖြစ်ပြီး အရာအားလုံးတို့သည် အကန့်အသတ်မဲ့တွင်သာ ဗဟိုပြုကြပေမည်။ လူသားမျိုးနွယ်သည် လူသားမျိုးနွယ်နှင့်သာ ပေါင်းစည်းမိကြမည်ဖြစ်ပြီး၊ အားလုံးတို့သည် အကန့်အသတ်မဲ့သောချစ်ခြင်းမေတ္တာနှလုံးသားနှင့်သာ နှောင်ဖွဲ့ထားခြင်းခံရကြပါသည်။ တစ်ဦးကိုတစ်ဦးရှိသေလေးစားမှုရှိသော ချစ်ခြင်းမေတ္တာရှိခြင်းသည် အထွတ်အမြတ်ဖြစ်ပါသည်။ ဤကြီးမြတ်သောအလုပ်ဖြစ်သည့် ခရစ်ယာန်တို့၏တစ်ဦးအပေါ်တစ်ဦး ချစ်ခင်မြတ်နိုးမှုသည် မျက်မြင်ဖြစ်သည်ထက် အလွန်မြင့်မားပြီး ပိုမို၍အတောမသတ်သည့်အပြင် ပိုမို၍ရည်မွန်မှုရှိကာ ပိုမို၍ကိုယ်ကျိုးအတ္တမဆန်ခြင်းကြောင့် ခရစ်ယာန်တို့၏သိမ်မွေ့ခြင်းနှင့်သဒ္ဒါတရား၊ ထို့ပြင် ခရစ်ယာန်တို့၏ယဉ်ကျေးသိမ်မွေ့မှုတို့ကို ထိန်းသိမ်းစောင့်ရှောက်သည့်အပြင်၊ ဘုရားသခင်၏ထွေးပိုက်မှုတွင် လူသားဆိုင်ရာညီအစ်ကိုချင်းနှောင်ဖွဲ့ပြီး၊

လူသားတို့၏အခွင့်အရေးများအဖြစ် ဘုရားသခင်စုဆောင်းသိုမှီးထားတော်မူသောဂုဏ်သိက္ခာကို အသိအမှတ်ပြုသကဲ့သို့ဖြစ်လာပါသည်။ ခရစ်ယာန်တို့အနေဖြင့် ဤဂုဏ်သိက္ခာအားဖြင့် ဘုရားသခင်၏ဂုဏ်အသရေတော်နှင့် ဘုန်းအာနုဘော်တော်တို့ကို အစဉ်အမြဲပြုစုပျိုးထောင်ရကြပါမည်။

ဘုရားသခင်၏သားတော်သမီးတော်များဖြစ်ကြသည်အလျောက် ကျွန်ုပ်တို့သည် အကျင့်စရိုက်၏သတိပြုမိစရာဂုဏ်သိက္ခာမျိုး ရှိရကြမည်ဖြစ်ပြီး၊ ထိုအကျင့်စရိုက်၏သတိပြုမိစရာဂုဏ်သိက္ခာတွင် မာနထောင်လွှားမှုနှင့် မိမိကိုယ်ကိုဘဝင်ကြီးမှုအစိတ်အပိုင်းများ ပါဝင်မှုမရှိရပါ။

–o–



**နိဝင်ဘာ (၅)**

**ကျွန်ုပ်တို့သည်မြင့်တင်ထားခြင်း၊ စိတ်ထားမြင့်မြတ်မှုရှိလာစေခြင်းနှင့်**

**မွမ်းမံခြင်းတို့ကိုခံယူခဲ့ကြပြီးဖြစ်ပါသည်**

## "ကျွန်ုပ်တို့သည်မိမိတို့ကိုယ်ကိုမိမိတို့ အခြော်အမြင်ရှိစွာပြင့်ပြုမူကြပါမည်"

**"စုံလင်သောတရားအတိုင်း ပညာသတိနှင့်ကျင့်ပါမည်––– ကိုယ်အိမ်တွင် သန့်ရှင်းသောစိတ်နှလုံးနှင့် ကျင့်ပါမည်" (ဆာလံ ၁၀၁း၂)။**

မည်သူမျှကြိုကြိုတင်တင် (သို့မဟုတ်) အတင်းအကျပ်နိုင်သောပုံစံမျိုးဖြင့် ရှိနေစရာမလိုသော်လည်း၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုးကွယ်သည့်ဘာသာတရားကို လက်တွေ့အကောင်အထည်ဖော်ရန်အတွက် အေးဆေးသိမ်မွေ့စွာဖြင့် ဘုရားသခင်၏ဘုန်းအာနုဘော်တော်သို့ မျက်စိတစ်ဖက်တည်းဖြင့် တသီးတခြားအာရုံပြုရကြပါမည်။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် အသံမထွက်ဘဲ (သို့မဟုတ်) သဘောထားကွဲလွဲမှုမရှိဘဲ၊ ကမ္ဘာမြေပေါ်သို့ အလင်းရောင်များအလား ထွန်းတောက်ကြပေလိမ့်မည်။ အကြံဉာဏ်ပေးရာတွင် ပညာသတိရှိတော်မူပြီး၊ လုပ်ကိုင်ဆောင်ရွက်ရာတွင်လည်း ပြောင်မြောက်စွာဖြင့် ဆောင်ရွက်တော်မူကာ သူ၏ပုံစံဖော်မှုတို့ကို အပြီးသတ်နိုင်သည့်သန်မာမှုရှိတော်မူသောသူတစ်ဦးသည် သူတို့နှင့်ရှိတော်မူသည်အလျောက် မည်သူကမျှ ကျရှုံးကြရန်မလိုအပ်ပါ။ သူသည် သူ၏ကိုယ်စားလှယ်တော်များဖြစ်ကြသည့် မြင်နိုင်သော၊ မမြင်နိုင်သော၊ ထို့အပြင် လူသားနှင့်ဘုန်းတော်ရှင်တို့အားဖြင့် လုပ်ကိုင်ဆောင်ရွက်တော်မူပါသည်။ ဤအလုပ်သည် မြင့်မြတ်သောအလုပ်ဖြစ်ပြီး ဘုရားသခင်၏ဘုန်းအာနုဘော်တော်ဆီသို့ ဆောင်ယူသွားမည်ဖြစ်ကာ အကယ်၍သာ ထိုမြင့်မြတ်သောအလုပ်နှင့် ချိတ်ဆက်မှုရှိသောသူအားလုံးတို့သည် သူတို့၏ယုံကြည်ခြင်းဆိုင်ရာလုပ်ဆောင်မှုနှင့်

ကိုက်ညီမှုရှိသောအလုပ်များကို သူတို့ရရှိကြမည်ဖြစ်သည်။ အခြားသောသူတို့အပေါ်၌ ဩဇာသက်ရောက်မှုရှိစေသောအလုပ်တွင် မရှိမဖြစ်လိုအပ်သော စင်ကြယ်သောတွေးခေါ်မှုကို ထွေးပိုက်ထားကြရပါမည်။ အသက်ဝိညာဉ်သည် ဖြူစင်ပြီး၊ သန့်ရှင်းမြင့်မြတ်သည့် လေထုဝန်းကျင်အခင်းအကျင်းမျိုး၏ဝန်းရံပေးမှုရှိရကြမည်ဖြစ်ပြီး ထိုလေထုဝန်းကျင်အခင်းအကျင်းမျိုးသည် ၎င်းကိုရှူသွင်းလိုက်သောသူအားလုံးတို့၏ဝိညာဉ်ရေးရှင်သန်မှုကို နိုးထလာစေသည့်အနေအထားကို ဦးတည်စေပါသည်။

မိမိတို့ကိုယ်ကိုမိမိတို့ သူ၏နောက်တော်သို့လိုက်လျှောက်သူများဟု ထုတ်ဖော်ပြောဆိုကြသော သူတို့၏စကားလုံးများနှင့် ပြုမူကျင့်ကြံမှုတို့အားဖြင့် ခရစ်တော်သည် ဂုဏ်ပြုခြင်း (သို့မဟုတ်) ရှုတ်ချခြင်းခံတော်မူရပါသည်။ စိတ်နှလုံးကိုစင်ကြယ်ပြီး၊ မွန်မြတ်သန့်ရှင်းအောင်ထားရမည်ဖြစ်ကာ၊ ဤကဲ့သို့ စင်ကြယ်မွန်မြတ်သန့်ရှင်းသော စိတ်နှလုံးမရှိသောအခြေအနေမျိုးသည် အသက်တာအတွက် ပြဿနာများကိုဖြစ်ပေါ်စေပါသည်။ သမ္မာတရားအတိုင်း နာခံလိုက်လျှောက်ခြင်းဖြင့် စိတ်နှလုံးသည် စင်ကြယ်မှုရှိပါက၊ အတ္တဆန်သောနှစ်သက်လိုလားမှု၊ အကျင့်ပျက်စေသည့် စေ့ဆော်မှုမျိုးများမရှိနိုင်ပါ။ ထို့ပြင် ထိုစိတ်နှလုံးထဲတွင် ဘက်လိုက်မှုနှင့်သူတော်ကောင်းဟန်ဆောင်မှုမျိုးများရှိမည်မဟုတ်ပါ။

အသင်းအဖွဲ့၏လက်ရှိအခြေအနေတွင် လူငယ်လူရွယ်များတို့တွင် သာမက၊ အသက်ကြီးသူများနှင့် အတွေ့အကြုံရင့်ကျက်သောသူများတို့၏ အကျင့်သိက္ခာလျော့ရဲသောစိတ်နေသဘောထားများနှင့်အတူ နမော်နမဲ့နိုင်သော အနေအထားနှင့် မိမိတို့အကြိုက်အနှစ်သက်ဆုံးသော လူအရာများတို့အပေါ် အထူးအာရုံစိုက်ကြခြင်းတို့ဖြင့် ကြီးမားသောအန္တရာယ်မျိုးကို ဖြစ်ပေါ်စေသည် အလျောက် ဤသို့ဖြင့် မနာလိုမှု၊ သဝန်တိုမှုနှင့် ဆိုးညစ်သောမှန်းဆတွေးတောမှုများတို့ကို ဖန်တီးလာစေပါတော့သည်။ သို့သော်၊ အနည်းငယ်သော သူတို့သည်သာလျှင် သူတို့၏ကိုယ်ကျိုးဆန်သောအတွေးများနှင့်ခံစားချက်များ၊ ထို့အပြင် သူတို့၏အဓိပ္ပါယ်မဲ့ပြီး တန်ဖိုးမရှိသောပြောဆိုမှုများတို့အားဖြင့် ဘုရားသခင်၏ဝိညာဉ်တော်ကို မောင်းထုတ်ပစ်မိကြောင်းကို သတိမူလာမိကြပါသည်။ အကယ်၍သာ ခရစ်တော်၏ကျေးဇူးတော်သည် သူတို့၏စိတ်နှလုံးများထဲတွင် စိုက်ပျိုးထားခြင်းခံရပြီး ကောင်းမွန်သောမြေဩဇာထဲတွင် ထိုခရစ်တော်၏ကျေးဇူးတော်ပင်စည်အမြစ်တို့သည်လည်း နက်ရှိုင်းစွာစိုက်ဝင်သွားကြပါက ထိုနှလုံးသားများတို့သည် ခြားနားသောအကျင့်စရိုက်တို့၏တစ်စုတစ်စည်းတည်းသောအသီးများကို သီးပေးလာကြပါလိမ့်မည်။ ပြုပြင်ပြောင်းလဲပေးနိုင်သော ဘုရားသခင်၏တန်ခိုးတော်တစ်ခုတည်းသာလျှင် စိတ်နှလုံးတွင်းကို စင်ကြယ်သောအကျင့်စာရိတ္တတို့ဖြင့် တည်ထောင်ပေးရန် လုံလောက်မှုရှိခြင်းကြောင့် ကောက်ကျစ်ဆိုးသွမ်းသောသူအနေဖြင့် ထိုကဲ့သို့သောစိတ်နှလုံးကို ပြင်းထန်စွာဖြင့် အကြိမ်ကြိမ်ရန်ပြုရန် မည်သည့်နည်းလမ်းကိုမျှ ရှာဖွေ၍မတွေ့နိုင်ပါ။ စင်ကြယ်သောစကားအပြောအဆို၊ စစ်မှန်သော ခရစ်ယာန်တို့၏ယဉ်ကျေးသောအပြုအမူမျိုးတို့သည် စဉ်ဆက်မပြတ်ကျင့်သုံးလုပ်ဆောင်ရကြပါမည်။

–ဝ–

## နိုဝင်ဘာ (၆)

### ကျွန်ုပ်တို့သည်မြှင့်တင်ထားခြင်း၊ စိတ်ထားမြင့်မြတ်မှုရှိလာစေခြင်းနှင့် မွမ်းမံခြင်းတို့ကိုခံယူခဲ့ကြပြီးဖြစ်ပါသည်

### "ဘုရားသခင်၏ကရုဏာတော်တို့သည်ကျွန်ုပ်တို့အား ထိန်းသိမ်းစောင့်ရှောက်ပြီးမြှင့်တင်ထားပေးပါသည်"

**"အိုထာဝရဘုရား၊ အကျွန်ုပ်၌သနားစုံမက်တော်မူခြင်းစိတ်ကို မချုပ်တည်းပါနှင့်။ ကရုဏာတော်နှင့်သစ္စာတော်သည် အကျွန်ုပ်ကိုအစဉ် စောင့်မပါစေသော" (ဆာလံ ၄၀း၁၁)။**

ခရစ်တော်၏ဘာသာတရားတော်သည် အသက်တာကိုမြှင့်တင်ထားသောအနေအထားဆီသို့ မြှောက်ထားပေးပါလိမ့်မည်။ ဘုရားသခင်၏သိမ်မွေ့နူးညံ့သောကရုဏာတော်များနှင့် သနားစုံမက်တော်မူခြင်းတို့နှင့်ဆိုင်သောအကြောင်းအရာအချို့ကို ကျွန်ုပ်တို့နားလည်စေနိုင်သောအခြေအနေကို ဖြစ်ပေါ်စေရန်အတွက် ဘုရားသခင်ဝိညာဉ်တော်၏အတွင်းဖက်လုပ်ဆောင်မှုသည် လူသား၏မာန်မာနကို မာန်စွယ်ချိုးပစ်တော်မူပါသည်။ သင်သည် သင်၏ကိုယ်ပိုင်အရည်အသွေးညံ့ဖျင်းမှုကို ဖော်ထုတ်တွေ့ရှိလာပြီး သင်၏ခွန်အားပင်ရင်းဇာစ်မြစ်ကိုကြည့်မျှော်ကာ၊ အနူးအညွတ်တောင်းပန်သောတမ်းတခြင်းဖြင့် အထက်ကျမ်းချက်ဖြစ်သော၊ "အိုထာဝရဘုရား၊ အကျွန်ုပ်၌သနားစုံမက်တော်မူခြင်းစိတ်ကို မချုပ်တည်းပါနှင့်။ ကရုဏာတော်နှင့်သစ္စာတော်သည် အကျွန်ုပ်ကိုအစဉ်စောင့်မပါစေသော" ကိုတမ်းတပါက၊ သင်သည် အလင်းကိုရယူနိုင်ပါလိမ့်မည်။

သင်သည် သင့်ကိုယ်ကိုအလင်း၏လိုင်းကြောင်းတစ်လျှောက်၌ချမှတ်ထားပါက၊ ဘုရားသခင်သည် သူ၏ကရုဏာတော်နှင့်သစ္စာတော်တို့အား၊ သင့်အားအစဉ်စောင့်မတော်မူခြင်းဖြင့် ကြည့်ရှုစောင့်ရှောက်တော်မူမည်ဆိုသည့်အချက်ကို သင်ယုံကြည်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် သင်သည် မကောင်းသောအပေါင်းအသင်းများတို့ကိုရှောင်ရှားပြီး၊ ကောင်းသောအပေါင်းအသင်းတို့ကိုရွေးချယ်ပါ။ သမ္မာတရား၏မျိုးစေ့ကို စိတ်နှလုံးထဲတွင်စိုက်ပျိုးပြီး၊ ထိုအပင်ကြီးထွားလာစေရန်အတွက် ဖြောင့်မတ်ခြင်းတရားနေမင်း၏တောက်ပသောရောင်စဉ်တန်းများတို့ကို ရယူလက်ခံရပါမည်။ မြေမျက်နှာပြင်ပေါ်သို့ အပင်ပေါက်ခြင်းမရှိသည့်အပြင်၊ ပေါက်လာသည့်အပင်သည်လည်း ကြီးထွားခြင်းမရှိသော သမ္မာတရားမျိုးစေ့တို့သည် မကြာမီအတွင်း အညှောက်ပေါက်နိုင်သောစွမ်းအားတို့ကို ဆုံးရှုံးခံရပြီးနောက် ပျက်စီးသွားကြပေလိမ့်မည်။ သို့သော်လည်း မကောင်းသောအကျင့်ဓလေ့ပေါင်းပင်၊ မြက်ပင်တို့သည် အပင်ပေါက်လာကြပြီး ရှင်သန်ကြပါလိမ့်မည်။ အဖိုးတန်လှသောချစ်ခြင်းမေတ္တာ၊ ရှင်လန်းဝမ်းမြောက်ခြင်း၊ စိတ်ရှည်ခြင်း၊ ယဉ်ကျေးသောအပြုအမူ၊ နူးညံ့သိမ်မွေ့သောသဘောနှင့် နှိမ့်ချခြင်းရှိသောသဘောတို့၏အပင်တို့သည် အပင်ပေါက်ကြီးပွားတိုးတက်မှုရှိလာကြပါက၊ ၎င်းတို့ကို ဂရုတစိုက်ပြုစုပျိုးထောင်ပေးရကြပါမည်။ လေးနက်မှုမရှိသော ဘာသာတရားကိုင်းရှိုင်းမှုဖြင့် ကျေနပ်တင်းတိမ်မနေဘဲ ငယ်ရွယ်သောမိတ်ဆွေများခင်ဗျား၊ ခရစ်တော်၏ကျေးဇူးတော်နှင့်အသိဉာဏ်ဗဟုသုတတို့၌ ကြီးပြင်းလာကြပါ။ သင်တို့သည် သင်တို့၏တိုးတက်မှုအတွက် လုပ်ဆောင်နေကြပါသလား။ ကျေးဇူးတော်အပင်သည် သစ်ပင်ကြီးတစ်ပင်ကဲ့သို့ ကြီးထွားရှင်သန်လာသလား၊ သို့တည်းမဟုတ် ညှိုးနွမ်းခြောက်သွေ့သွားပါသလား။ ကျေးဇူးတော်ပလ္လင်၌ နှိမ့်ချစွာဖြင့် မကြာမကြာ သင်တို့ကိုယ်ကိုဆက်ကပ်အပ်နှံကြပြီး၊ သင်တို့၏လိုချင်သောအရာတိုင်းတို့ကို သခင်ယေရှုကိုပြောပြကာ၊ ထိုအချိန်၌ သင်တို့အနေဖြင့် အရာရာတိုင်းသည် သခင်ယေရှုကသတိမူမိရန် အလွန်သေးငယ်လှပါသည်ဆိုသည့်အတွေးမျိုးကို မတွေးမိကြပါစေနှင့်။ သခင်ဘုရားသည် သူ့အားကြိုးပမ်းရှာဖွေရန်နှင့် သင်တို့၏စစ်ဆေးစုံစမ်းခံရမှုများတို့ကို ကလေးငယ်တစ်ယောက်က သူ၏မိဘတို့ကိုပြောဆိုသည့်သဘောမျိုးဖြင့် သူ့အားပြောပြပေးကြရန် နှစ်သက်တော်မူပါသည်။ သင်တို့ဆုတောင်းသောအခါ သခင်ယေရှုသည် သင်တို့၏ဆုတောင်းသံကို နားညောင်းတော်

မှုကြောင်းနှင့် သူ့အားတောင်းလျှောက်သည့်အရာများတို့ကို လုပ်ဆောင်ပေးတော်မူမည်ဆိုသည့်အကြောင်းကို သင်တို့အနေဖြင့်ယုံကြည်ပါ။ သခင်ယေရှုအား၊ သင်တို့သည် ယုံကြည်ကိုးစားမှုအပြည့်အဝရှိပြီး၊ သင်တို့သိရှိသော၊ သူ့အားကျေနပ်နှစ်သိမ့်စေသည့်အရာများတို့ကို အစဉ်အမြဲကြိုးပမ်းလုပ်ဆောင်ကြမည့်အနေအထားကို ပြသကြခြင်းဖြင့်၊ သင်တို့သည် ခရစ်တော်၌ငြိမ်သက်ခြင်းကို ရရှိကြမည်ဖြစ်ပါသည်။

–၀–



နိ၀င်ဘာ (၇)

### ကျွန်ုပ်တို့သည်မြှင့်တင်ထားခြင်း၊ စိတ်ထားမြင့်မြတ်မှုရှိလာစေခြင်းနှင့် မွမ်းမံခြင်းတို့ကိုခံယူစဲကြပြီးဖြစ်ပါသည်

## “ဘုန်းတော်ရှင်၏နှစ်သက်ဖွယ်ကောင်းခြင်းဖြင့်တန်ဆာဆင်ခြင်း”

**“ထာ၀ရဘုရား၏တင့်တယ်ခြင်းအသရေတော်ကိုဖူးမြင်၍၊ ဗိမာန်တော်၌မွေ့လျော်ခြင်းအလိုငှာ၊ ထာ၀ရဘုရား၏အိမ်တော်မှာ တစ်သက်လုံးနေရမည်အကြောင်းတည်းဟူသော အခွင့်တစ်ခုကို ထာ၀ရဘုရား၌ ငါဆုတောင်းပြီ။ ထိုအခွင့်ကိုရှာရဦးမည်” (ဆာလံ ၂၇:၄)။**

အလေးအမြတ်ထားခြင်းခံရသောစွမ်းအားတို့သည် လူတိုင်းလက်လှမ်းမီနိုင်သောနေရာအတွင်း၌ ရှိကြပါသည်။ ဘုရားသခင်၏ကြီးကြပ်မှုအောက်တွင် လူတစ်ယောက်သည် အကျင့်ပျက်ခြင်းမရှိ၊ မိမိကိုယ်ကိုသန့်ရှင်းစေပြီး၊ မြှင့်တင်မှုရှိကာ စိတ်ထားမြင့်မြတ်မှုရှိရပါမည်။ ခရစ်တော်၏ကျေးဇူးတော်အားဖြင့် လူ၏စိတ်အတွေးသည် ဖန်ဆင်းရှင်ဖြစ်တော်မူသော ဘုရားသခင်ကိုချစ်မြတ်နိုးရန်နှင့် သူ၏ဘုန်းတော်ကိုထင်ရှားစေနိုင်သည့် အရည်အချင်းပြည့်မီမှုရှိပြီးဖြစ်ရပါမည်။

သူ၏အဖခမည်းတော်ကို ကိုယ်စားပြုပုံဆောင်တော်မူရန်အတွက် သခင်ယေရှုသည် ကျွန်ုပ်တို့၏ကမ္ဘာပေါ်သို့ ကြွလာတော်မူခဲ့ပါသည်။ ခရစ်တော်သည် သူ၏ဖခမည်းတော်၏ပုဂ္ဂလနာမ်စား၏ပုံရိပ်ဖော်ပြမှုဖြစ်ခဲ့ပြီး၊ ကျွန်ုပ်တို့၏ကမ္ဘာမြေကြီးပေါ်သို့ ကြွလာတော်မူခဲ့ခြင်းမှာ ဘုရားသခင်၏ သမစိတ္တပုံရိပ်တော်ကို ပြန်လည်တည်ဆောက်တော်မူရန်အတွက်ဖြစ်ပြီး ဤသို့ပြန်လည်တည်ဆောက်ရခြင်းမှာ၊ ကျဆုံးခဲ့ပြီးသောလူသားသည် ဘုရားသခင်၏ပညတ်တော်တို့ကို နာခံလိုက်လျှောက်ခြင်းအားဖြင့် ဘုန်းတော်ရှင်ဆိုင်ရာပုံရိပ်နှင့်အကျင့်စရိုက်တော်တို့ကို ခတ်နှိပ်ခံရပြီးသောအနေအထားသို့ ရောက်ရှိသွားရန်အတွက်ဖြစ်ပါသည်။

ဘုရားသခင်သည် ကလေးသူငယ်များတို့ကို အတုအပဖြစ်သော အရာများတို့ဖြင့် အလှဆင်ခြင်းကြောင့်မဟုတ်ဘဲ၊ အကျင့်စရိုက်၏လှပမှု၊ အကြင်နာသနားခြင်း၊ ခင်တွယ်မှုနှင့်ချစ်ခြင်းမေတ္တာရှိခြင်းတို့၏ကျက်သရေများတို့အားဖြင့် သူတို့၏စိတ်နှလုံးတို့ကို ရွှင်လန်းခြင်းနှင့်ပျော်ရွှင်ဝမ်းမြောက်ခြင်းတို့ဖြင့် နှောင်ဖွဲ့မှုရှိလာမည့်အလှတရားအားဖြင့်သာ ချစ်စရာကောင်းသောသူများအဖြစ် အလိုရှိတော်မူပါသည်။

မိန်းကလေးများအနေဖြင့် မိန်းမပီသမှု၏စစ်မှန်သောဆွဲဆောင်နိုင်မှုအရည်အချင်းသည် သူတို့ကိုယ်လုံးကိုယ်ပေါက်၏အလှအပ (သို့မဟုတ်) သူတို့၏ကြန်အင်လက္ခဏာအားဖြင့် သို့တည်းမဟုတ် သူတို့၏ထူးချွန်မှုများကို ပိုင်ဆိုင်ခြင်းတစ်ခုတည်းကြောင့်သာမဟုတ်ဘဲ၊ နူးညံ့သိမ်မွေ့ပြီး အေးဆေးသိမ်မွေ့သည့်စိတ်ထားရှိကာ သည်းခံခြင်း၊ ပေးကမ်းစွန့်ကြဲတတ်ခြင်း၊ ကြင်နာသနားတတ်ခြင်းနှင့် တစ်ပါးသူတို့အတွက်လုပ်ဆောင်ပေးပြီး သူတို့ခံစားရသောအတိဒုက္ခတို့ကို မျှဝေခံစားလိုသည့်စိတ်ထားမျိုးကြောင့်သာ စစ်မှန်သောဆွဲဆောင်နိုင်မှုအရည်အချင်းမျိုးရှိနိုင်သည်ကို သင်ကြားရယူသင့်ကြပါသည်။ မိန်းကလေးများအနေဖြင့် အလုပ်လုပ်ကိုင်မှုကို လေ့လာသင်ကြားရန်၊ အချို့သောကြံရွယ်ချက်အတွက် သင်ကြားရယူရန်၊ အချို့သောရည်ရွယ်ချက်အတွက်ရှင်သန်ရန် ဘုရားသခင်အပေါ်သစ္စာရှိပြီး၊ သူ့အားကြောက်ရွံ့ရန်နှင့် သူတို့၏မိဘတို့ကို အလေးထားလေးစားကြရပါမည်။ လာမည့်နှစ်ပေါင်းများစွာအတွင်းသူတို့သည် ရှေ့ဆက်တက်လှမ်းရကြမည်အလျောက် သူတို့သည် ပိုမိုဖြူစင်သည့်စိတ်အတွေးတို့ကို မွေးရကြမည်ဖြစ်ပြီး မိမိတို့ကိုယ်ကိုမိမိတို့အားကိုးမှုရှိကြကာ၊ ချစ်ခြင်းမေတ္တာရှိရကြပါမည်။ ဤကဲ့သို့သောအမျိုးသမီးတစ်ယောက်သည် အရှိအသေတန်ခြင်းမရှိနိုင်ပါ။ အများသောအမျိုးသမီးတို့ကို ပျက်စီးသွားစေခဲ့သည့် စုံစမ်းနှောင့်ယှက်ခြင်းများနှင့် စစ်ဆေးစုံစမ်းမှုများတို့မှ သူမလွတ်မြောက်သွားနိုင်ပါလိမ့်မည်။

ကျွန်ုပ်တို့၏အတုယူစရာအဖြစ် ခရစ်တော်သည် ဤကမ္ဘာမြေသို့စေလွှတ်တော်မူခြင်းခံခဲ့ရသည်အလျောက် ကျွန်ုပ်တို့အနေဖြင့် သူ၏ချစ်ခြင်း



မေတ္တာတော်နှင့် အကြင်နာတရားတော်၊ ထို့ပြင် သူ၏ကျက်သရေတော်အတိုင်း မပြသကြတော့ဘူးလား။ ခရစ်တော်သခင်ယေရှု၏ချစ်ခြင်းမေတ္တာတော်သည် ကျွန်ုပ်တို့၏အကျင့်စရိုက်များနှင့် ကျွန်ုပ်တို့၏အသက်တာများတို့ကို ပိုင်ဆိုင်ရယူမည်ဖြစ်သည်အလျောက် ကျွန်ုပ်တို့၏အပြောအဆိုတို့သည် သန့်ရှင်းစင်ကြယ်လာကာ ကောင်းကင်ဘုံဆိုင်ရာ အရာများတို့၌ ကျွန်ုပ်တို့တည်နေကြရပါမည်။

–o–

## နိဝင်ဘာ (၈)

### ကျွန်ုပ်တို့သည်မြှင့်တင်ထားခြင်း၊ စိတ်ထားမြင့်မြတ်မှုရှိလာစေခြင်းနှင့် မွမ်းမံခြင်းတို့ကိုခံယူခဲ့ကြပြီးဖြစ်ပါသည်

# "သန့်ရှင်းသောဗိမာန်တော်တစ်ဆောင်အတွက် ကြမ်းထော်သောကျောက်တုံးများကိုတိုက်ချွတ်ပြီး ပြောင်လက်အောင်အရောင်တင်ပေးရပါသည်"

**"–––ထိုကျောက်နှင့်တစ်တိုက်လုံးသည် စေ့စပ်၍ကြီးပွားသဖြင့် သခင်ဘုရားအဖို့အလိုငှာ သန့်ရှင်းသောဗိမာန်တော်ဖြစ်၏" (ဧဖက် ၂း၂၁)။**

ဖော်ရွေမှုကင်းသော၊ ရက်စက်သော၊ ကြမ်းတမ်းသော၊ မယဉ်ကျေးသောလမ်းများနှင့် အပြုအမူအားလုံးတို့ကို ကျော်လွှားနိုင်ကြရန်အတွက် သင်တို့သည် ခရစ်တော်၏ကျေးဇူးတော်အားဖြင့် တိကျပြတ်သားသော ကြိုးပမ်းအားထုတ်မှုတို့ကို လုပ်ဆောင်ကြရပါမည်။

သမ္မာတရား၏ခွန်အားကြီးမားသောဓားမကြီးသည် သင်တို့အား လောက၏ကျောက်ကျင်းအတွင်းမှ ထုတ်လာမည်ဖြစ်သည်။ သင်တို့သည် ထိုးထိုးထောင်ထောင်အစွန်း၊ အချွန်အတက်များတို့ဖြင့် ရှိနေကြသော ကျောက်တုံးများဖြစ်ခဲ့ကြပြီး သင်တို့ဆက်စပ်ထိတွေ့မှုရှိခဲ့ကြသော မည်သူတို့ကိုမဆို သင်တို့သည် ထိရှပွန်းပဲ့မှုရှိစေသည့်အပြင်၊ ထိခိုက်အနာတရဖြစ်စေခဲ့ကြသည့်အလျောက် အချွန်အတက်အဖြစ် စွန်းထွက်နေသော ကြမ်းတမ်းသောသင်တို့၏အနားစွန်းများတို့ကို ချောမွတ်သွားစေရန် လုပ်ဆောင်ကြရပါမည်။ ဘုရားသခင်၏အလုပ်ရုံတွင် ပြီးမြောက်အောင်လုပ်ဆောင်ကြရမည့် အလုပ်၏တန်ဖိုးကို သင်တို့သည် အသိအမှတ်ပြုကြပါက၊ သင်တို့အနေဖြင့် ပုဆိန်နှင့် "တူ" တို့၏ထုနှက်မှုများတို့ကို ကြိုဆိုကြရပါမည်။ ပုဆိန်နှင့် "တူ" တို့ဖြင့်၊ သင်တို့၏မိမိကိုယ်ကိုမိမိအထင်ကြီးမှုကို ထိပါးစေမည်ဖြစ်သည့်



အပြင်၊ သင်တို့၏မိမိကိုယ်ကိုမိမိ မြင့်မားစွာသဘောထားကြမှုတို့ကိုပါ ခုတ်ဖြတ်ပယ်ရှင်းပစ်ခြင်းအားဖြင့် သင်တို့၏အကျင့်စရိုက်ကြမ်းတမ်းမှုတို့သည် ချောမွတ်သွားကြမည်ဖြစ်ပြီး၊ ကိုယ်ကျိုး အတ္တစိတ်နှင့် သွေးသားတောင့်တမှုအလေ့အထများတို့သည် မောင်းထုတ်ဖယ်ရှားပစ်ခြင်းခံရပြီးပါက ကျောက်တုံးသည် ကောင်းကင်ဘုံဆိုင်ရာကျောင်းတော်ကြီးအတွက် သင့်လျော်သောအစိတ်အပိုင်းများအဖြစ်သို့ ပုံပေါ်လာသည့်အလျောက် တိုက်ချွတ်ပြီး ပြောင်လက်အောင် အရောင်တင်ပေးခြင်း၊ မွမ်းမံခြင်း၊ နေရာတကျရှိစေခြင်း၊ တောက်တောက်ပြောင်ပြောင်ရှိအောင်လုပ်ခြင်း စသည့်လုပ်ငန်းစဉ်များတို့ကို စတင်လာသည့်နောက် သင်တို့သည် ခရစ်တော်၏အကျင့်စရိုက်တော်နှင့် အလားတူသည့်ပုံစံအတိုင်း ပုံသွင်းခြင်းခံရပါလိမ့်မည်။ သူ၏လူသားကိုယ်စားပြုသူ၏တိုက်ချွတ်ပြောင်လက်ခြင်းခံရပြီးသော အကျင့်စရိုက်တွင်၊ ခရစ်တော်သည် သူ၏ကိုယ်ပိုင်ပုံရိပ်တော်ကို ရောင်ပြန်ဟပ်စေတော်မူပြီးသည်နောက် ကျောက်တုံးသည် ကောင်းကင်ဘုံဆိုင်ရာကျောင်းတော်ကြီးအတွက်တပ်ဆင်ရန် အဆင်သင့်ဖြစ်ပါတော့သည်။

အကယ်၍သာ ကျွန်ုပ်တို့သည် ပိုမိုကောင်းမွန်သော အမျိုးသား၊ အမျိုးသမီးများမဟုတ်ကြပါက ပိုမို၍ကြင်နာသနားတတ်သော၊ ပိုမို၍သနားချင့်စဖွယ်ဖြစ်သော၊ ပိုမို၍ယဉ်ကျေးသော၊ ပိုမို၍ကြင်နာသနားတတ်ပြီး ချစ်ခြင်းမေတ္တာရှိကြသောသူများမဖြစ်ကြသည့်အပြင် သခင်ယေရှု၏ကရုဏာတော်ကို ကမ္ဘာမြေကြီးပေါ်သို့ပြသသည့် အမှုတော်ဆီသို့ ဦးတည်စေသည့် ချစ်ခြင်းမေတ္တာတော်မျိုးကို ကျွန်ုပ်တို့အနေဖြင့် အခြားသောသူတို့အား ထင်ရှားစေခြင်းမရှိကြပါက ယေရှုခရစ်တော်၏ဘုန်းတန်ခိုးတော်ကို ကမ္ဘာမြေကြီးပေါ်၌ သက်သေခံကြသည့် သက်သေများမဟုတ်ကြပါ။ သခင်ယေရှုသည် မိမိကိုယ်ကိုကျေနပ်နှစ်သိမ့်မှုပေးရန် ရှင်သန်တော်မူခဲ့ခြင်းမဟုတ်ဘဲ ဤလောကသို့ သူနှင့်ထိတွေ့ဆက်ဆံမှုရှိခဲ့သောသူတို့အား မြှင့်တင်ထားတော်မူရန်၊ စိတ်ထားမြင့်မြတ်မှုရှိအောင် လုပ်ဆောင်တော်မူရန်နှင့်ပျော်ရွှင်စေရန်အတွက် ကြွလာတော်မူခဲ့ပါသည်။ သူသည် ရိုင်းစိုင်းသောအပြုအမူတစ်စုံတစ်ခုကိုမျှ

လုပ်ဆောင်တော်မမူခဲ့သည့်အပြင်၊ မယဉ်ကျေးသောစကားလုံးကိုလည်း မည်သည့်အခါမျှမိန့်တော်မမူခဲ့ပါ။

သူ၏အကျင့်စရိုက်ကို လုပသောဖွဲ့စည်းတည်ဆောက်မှုဖြင့် ပြုလုပ်ရေးသည် လူငယ်လူရွယ်တိုင်းတို့၏အထူးအခွင့်အရေးဖြစ်ပါသည်။ အလွန်အလေးအနက်ထားပြီး စိတ်အားထက်သန်စွာဖြင့် ထာဝရဘုရားကိုကြိုးပမ်းရှာဖွေခြင်းဖြင့် သင်သည် ပို၍ပို၍မွမ်းမံခြင်းခံရပြီး၊ ဝိညာဉ်ရေးဆိုင်ရာယဉ်ကျေးသိမ်မွေ့မှုကို ပိုမိုကျင့်သုံးလာနိုင်ပါလိမ့်မည်။

–ဝ–



**နိဝင်ဘာ (၉)**

**ကျွန်ုပ်တို့သည်မြင့်တင်ထားခြင်း၊ စိတ်ထားမြင့်မြတ်မှုရှိလာစေခြင်းနှင့် မွမ်းမံခြင်းတို့ကိုခံယူခဲ့ကြပြီးဖြစ်ပါသည်**

## “စရစ်ယာန်လူကြီးလူကောင်းဆန်သောယောသပ်”

**“သို့သော်လည်း ထာဝရဘုရားသည် သူ့ဘက်၌ရှိ၍ ကယ်မသနားတော်မူသဖြင့်၊ ထောင်မှူးထံမျက်နှာရစေတော်မူ၏” (ကမ္ဘာ ၃၉း၂၁)။**

ယောသပ်သည် သူအဲဂုတ္တုပြည်သို့ရောင်းစားခံရခြင်းနှင့်ပတ်သက်ပြီး၊ ကြီးမားသောဘေးဒုက္ခအဖြစ် သဘောထားခဲ့ကာ၊ သူ့အနေဖြင့် မကောင်းသောအဖြစ်အပျက်နှင့်သာ ဆက်လက်ကြုံတွေ့ရနိုင်သည်ဟု ယူဆခဲ့သော်လည်း၊ သူ့ဖခင်ယာကုပ်၏မေတ္တာအကာအကွယ်အောက်၌ရှိစဉ်အခါက သူတစ်ကြိမ်တစ်ခါမျှမတွေးမိခဲ့သော ဘုရားသခင်အပေါ်မှီခိုအားထားရန် လိုအပ်ကြောင်းကို သူမြင်တွေ့လာခဲ့ပါသည်။ ယောသပ်သည် အဲဂုတ္တုပြည်သို့ သူနှင့်အတူဘုရားသခင်ကိုယူဆောင်သွားခဲ့ခြင်းဖြင့် သူ၏ပူဆွေးသောကမှုအကြားတွင် ပျော်ရွှင်သောပြုမူနေထိုင်ပုံမျိုး သိသိသာသာဖြစ်ပေါ်ခဲ့ပါသည်။ ဘုရားသခင်၏ပဋိညာဉ်သေတ္တာတော်သည် ဣသရေလလူမျိုးတို့အား ငြိမ်ဝပ်ခြင်းချမ်းသာနှင့်ကြွယ်ဝချမ်းသာမှုတို့ကို ရရှိစေသကဲ့သို့ ဤဘုရားသခင်ကိုချစ်ပြီး ဘုရားသခင်ကိုကြောက်ရွံ့သော လူငယ်လူရွယ်ကလေးသည် အဲဂုတ္တုပြည်အတွက် ကောင်းချီးမင်္ဂလာကိုယူဆောင်လာပေးခဲ့ပါသည်။ ဤအချက်သည် ယောသပ်အစေခံခဲ့သော အိမ်ရှင် “ပေါတိဖာ” အနေဖြင့်၊ သူ၏ခံစားနေရသော ကောင်းချီးမင်္ဂလာများသည် သူဝယ်ယူခဲ့သောကျွန်ယောသပ်ကြောင့်သာဖြစ်ကြောင်းကို အထူးပေါ်လွင်ထင်ရှားသော အပြုအမူအားဖြင့် ပြသခဲ့ပါသည်။

ယောသပ်၏ဘာသာတရားကိုးကွယ်ကျင့်ကြံအားထုတ်မှုသည် သူ့အနေဖြင့် စစ်ဆေးစုံစမ်းမှုအားလုံးတို့နှင့်ကြုံတွေ့ခဲ့ရသော်လည်း သူ၏စိတ်နေစိတ်ထားကို နှစ်သက်ဖွယ်ရာဖြစ်စေသည့်အပြင်၊ လူသားဆန်သည့် နွေးထွေးမှုနှင့်ခိုင်မာမှုရှိသည့် သူ၏စာနာစိတ်ကို ခိုင်မြဲစေခဲ့ပါသည်။ အကယ်၍ မိမိတို့ကိုယ်ကိုမိမိတို့ မှန်ကန်စွာအသုံးပြုခြင်းမခံရဟု ခံစားလာရကြပါက သူတို့သည် မကြည်မသာဖြစ်ကာ ပေးကမ်းစွန့်ကြဲတတ်သောသဘောမရှိ၊ သူတို့၏စကားလုံးများနှင့်ပြုမူကျင့်ကြံမှုတို့တွင် စိတ်တိုတတ်ပြီး မယဉ်ကျေးသောပုံစံမျိုးရှိလာကြပါသည်။ ထို့အပြင် သူတို့သည် စိတ်ဓာတ်ကျဆင်းခြင်းအပြင်၊ အခြားသောသူတို့ကိုရှုံ့မုန်းစွာဖြင့် မုန်းတီးလာကြကာ၊ နွံတွင်းသို့နစ်ဆင်းကြပါသည်။ သို့သော် ကျွန်ုပ်တို့သိရှိထားရသည့်အချက်မှာ ယောသပ်သည် ခရစ်ယာန်တစ်ယောက်ဖြစ်သည့်အချက်ပင်ဖြစ်ပါသည်။ သိပ်မကြာလှသောအချိန်အတွင်းတွင်၊ သူသည် ထောင်ကျသည့်အသက်တာကို စတင်ပြီးသည့်နောက် သူ၏ခရစ်ယာန်ဆိုင်ရာ အခြေခံစည်းမျဉ်းများတို့၏တောက်ပြောင်မှုကို တက်တက်ကြွကြွလုပ်ဆောင်ခြင်းဖြင့် မိမိကိုယ်ကိုအခြားသောသူများအတွက် အသုံးဝင်ကြောင်းကို စတင်လုပ်ဆောင်ပါတော့သည်။ သူသည် ထောင်ကျဖော်ကျဖက်တို့၏ဒုက္ခဆင်းရဲမှုများအတွင်းသို့ ပါဝင်လာခဲ့ပါသည်။ သူသည် ခရစ်ယာန်လူကြီးလူကောင်းဖြစ်ရမှုအတွက် ကြည်နူးဝမ်းမြောက်မိခဲ့ပါသည်။ ကြီးမားသောတာဝန်ယူမှု၊ ဂုဏ်ယူမှုနှင့် အသုံးဝင်မှုများတို့၏အခြေအနေအတွက် ဤအခြေခံစည်းမျဉ်း၏အောက်တွင် ဘုရားသခင်က သူ့အတွက်စီစဉ်တော်မူခဲ့သည့်အလျောက် သူသည် သင်ကြားရယူရန်အတွက် စိတ်ဆန္ဒရှိကာ ဘုရားသခင်ကသူ့အားသင်ကြားပို့ချမည့် သင်ခန်းစာတို့ကို ယဉ်ကျေးစွာရယူခဲ့ပါသည်။ သူ၏ပျိုရွယ်စဉ်ကာလတွင် ထမ်းပိုးကိုထမ်းရွက်ရန် သင်ကြားရယူခဲ့ပါသည်။ သူ့ကိုယ်ကိုသူထိန်းသိမ်းတတ်ရန်အတွက် ပထမဦးဆုံးသော သူ၏သင်ကြားရယူသောအရာမှာ နာခံခြင်းပင်ဖြစ်ပါသည်။



စိတ်ညှိုးငယ်စရာထောင်တွင်းမြင်ကွင်းများနှင့် ဆက်စပ်မှုဆိုင်ရာ ပြုမူမှုအပိုင်းကဏ္ဍသည် အမှန်အားဖြင့် သူ့အားအဆုံးတွင် ကြွယ်ဝချမ်းသာမှုနှင့် ဂုဏ်ပြုချီးမွမ်းခြင်းအဆင့်ဆီသို့ မြှင့်တင်ပေးခြင်းသာဖြစ်ပါသည်။ ချီးမြှောက်ခြင်းခံရသော အနေအထားအတွက် မိမိကိုယ်ကိုမိမိ ဖြည့်ဆည်းနိုင်စေရေးအတွက် သူ့အားပြင်ဆင်မှုလုပ်နိုင်ရန် စုံစမ်းနှောင့်ယှက်ခြင်းများ၊ ဘေးဒုက္ခကြုံတွေ့ရမှုနှင့်အခက်အခဲများတို့အားဖြင့် အတွေ့အကြုံတစ်ခုကို ရယူနိုင်စေလိုသောသဘောဖြင့် ယောသပ်အားဘုရားသခင်က ပုံစံထုတ်ပေးတော်မူခဲ့ပါသည်။ ယောသပ်သည် သူ၏ဘာသာတရားကိုးကွယ်မှုကို နေရာတကာတိုင်းသို့ သယ်ဆောင်သွားခဲ့သည်အလျောက် ဤအချက်သည် သူ၏တွေဝေခြင်းမရှိသော သစ္စာရှိခြင်း၏လျှို့ဝှက်ချက်ပင်ဖြစ်ခဲ့ပါသည်။

–၀–

## နိဝင်ဘာ (၁၀)

### ကျွန်ုပ်တို့သည်မြင့်တင်ထားခြင်း၊ စိတ်ထားမြင့်မြတ်မှုရှိလာစေခြင်းနှင့် မွှမ်းမံခြင်းတို့ကိုခံယူခဲ့ကြပြီးဖြစ်ပါသည်

### "အာဗြဟံသည်ကိုယ်ကျိုးမဖက်သည့်ယဉ်ကျေးသော အပြုအမူကိုသာအစဉ်တစိုက်ထုတ်ဖော်ပြသခဲ့ပါသည်"

**"မြေတစ်ပြင်လုံးသည် သင့်ရှေ့တွင်ရှိသည်မဟုတ်လော။ ငါနှင့်ခွာ၍နေပါလော့။ သင်သည် လက်ဝဲဘက်သို့သွားလျှင်၊ ငါသည် လက်ယာဘက်သို့သွားမည်။ သင်သည် လက်ယာဘက်သို့သွားလျှင် ငါသည် လက်ဝဲဘက်သို့သွားမည်ဟုဆို၏" (ကမ္ဘာ ၁၃း၉)။**

အာဗြဟံ၏အိမ်ထောင်စုတွင် လူပေါင်းတစ်ထောင်မက ပါဝင်စုစည်းထားခဲ့ပါသည်။ စစ်မှန်သောဘုရားသခင်ကို ကိုးကွယ်ရန်အတွက် သူ၏သင်ကြားပို့ချမှုဖြင့် ဦးဆောင်ခြင်းကိုခံယူကြသောသူတို့အနေဖြင့် မိသားစုတစ်ခုကို သူ၏စခန်းတွင်း၌ တည်ထောင်ကြပြီး ဤနေရာတွင် ကျောင်းတော်ကြီးတစ်ခုအလား၊ သူတို့သည် ယုံကြည်ခြင်းကိုကိုယ်စားပြုသောသူများအဖြစ်သို့ ရောက်ရှိလာရေးအတွက် ပြင်ထားနိုင်ကြရန် ထိုကဲ့သို့သောညွှန်ကြားချက်မျိုးကို လက်ခံရရှိခဲ့ကြပါသည်။ သူ၏သားသမီးများနှင့်အိမ်ထောင်စုတို့အတွက် အာဗြဟံ၏ချစ်ခင်မှုသည် သူ့အား သူတို့၏ဘာသာတရားဆိုင်ရာယုံကြည်မှုကို ကာကွယ်ပေးရန်နှင့် သူတို့အားဘုန်းတော်ရှင်စီရင်ထုံးဖွဲ့ချက်များနှင့်သက်ဆိုင်သည့် အသိဉာဏ်ဗဟုသုတကိုဝေငှပေးရန် စသည့်အခြေအနေဆီသို့ဦးတည်စေခဲ့ပြီး ဤကဲ့သို့သောနည်းလမ်းများသည် အလွန်တန်ဖိုးရှိလှသော အမွေများအဖြစ်၊ သူတို့အားတစ်ဆင့်ပေးနိုင်ခဲ့ပြီး တစ်ဖန် သူတို့မှတစ်ဆင့် လောကကြီးတစ်ခုလုံးသို့ ဝေငှပေးနိုင်ပါသည်။ သူတို့အားလုံးသည် ကောင်းကင်ဘုံရှင်ဘုရားသခင်၏အုပ်စိုးမှုအောက်တွင် ရှိနေကြသည်ဆိုခြင်းကို သင်ကြားရယူခဲ့ကြရပါသည်။ ထိုကြောင့် ထိုစခန်းထဲရှိ မိဘတို့၏ကဏ္ဍတွင် ဖိနှိပ်ချုပ်ချယ်မှုဆိုသည်မှာ မရှိသကဲ့သို့၊ သားသမီးများတို့အပိုင်းတွင်လည်း နာခံမှုမရှိခြင်းဆိုသည်မှာလည်း မရှိခဲ့ကြပါ။ လူယောက်တိုင်းယောက်တိုင်းစီတို့ကို ဘုရားသခင်၏ပညတ်တရားတော်က တာဝန်ပေးခဲ့သည့်အလျောက်၊ နာခံလိုက်လျှောက်ခြင်းအားဖြင့်သာလျှင် သူတို့သည် ပျော်ရွှင်ဝမ်းမြောက်မှုနှင့် ကြွယ်ဝချမ်းသာမှုတို့ကို ထိန်းသိမ်းနိုင်ကြမည်ဖြစ်သည်။

သူ၏ကိုယ်ပိုင်စံနမူနာဖြစ်သည့် သူ၏နေ့စဉ်အသက်တာ၏တိတ်ဆိတ်သည့် ဩဇာသက်ရောက်မှုသည် မပြောင်းလဲသောသင်ခန်းစာတစ်ခုပင်ဖြစ်ပါသည်။ ကွေ့ဝိုက်သွားနိုင်ခြင်းမရှိသောတည်ကြည်မှု၊ အကျိုးပြုမှုနှင့်ကိုယ်ကျိုးအတ္တကင်းသည့်ယဉ်ကျေးသောအပြုအမူတို့သည် အိမ်ထောင်မိသားစုတွင်း ကျင့်သုံးမှုရှိလာခဲ့ကာ၊ ထိုအပြုအမူတို့သည် ဘုရင်တကာတို့၏လေးစားသဘောကျခြင်းကို ခံယူရရှိခဲ့ပြီးဖြစ်ပါသည်။ အသက်တာနှင့်ပတ်သက်သောသတင်းမွှေး၊ မြင့်မြတ်ပြီးချစ်ခင်မြတ်နိုးစရာကောင်းသည့် အကျင့်စရိုက်မျိုးအာဗြဟံ၌ရှိခဲ့ပြီး ထိုအရည်အချင်းတို့သည် သူ့အနေဖြင့် ကောင်းကင်နိုင်ငံတော်နှင့် ဆက်နွယ်မှုရှိကြောင်းကို အခြားသောသူတို့အား ထင်ရှားစေခဲ့ပါသည်။ အနိမ့်ကျဆုံးသောအစေခံ၏အသက်ဝိညာဉ်ကိုလည်း လုံးဝမပစ်ပယ်ပါ။ သူ၏အိမ်ထောင်စုတွင် သခင်အတွက်ဥပဒေတစ်ခု၊ အစေခံအတွက်ဥပဒေတစ်ခု၊ ထို့အပြင် ချမ်းသာကြွယ်ဝသူအတွက်တော်ဝင်လမ်း၊ မရှိဆင်းရဲသားအတွက်အခြားသောလမ်းဟူ၍မရှိပါ။ အားလုံးတို့အပေါ် တရားနည်းလမ်းကျကျနှင့်အကြင်နာတရားတို့ဖြင့်သာ ပြုမူဆက်ဆံခြင်းခံခဲ့ကြရပါသည်။

အာဗြဟံသည် ယုံကြည်ခြင်းရှိသောလူတစ်ယောက်ဖြစ်သည့်အပြင်၊ အတိကျဆုံးသော ဖြောင့်မတ်သောသဘော၏အခြေခံစည်းမျဉ်းများတို့ကို အစဉ်အမြဲလိုက်လျှောက်ခဲ့ပါသည်။ သူ၏လုပ်ငန်းဆောင်တာဆိုင်ရာ အလုပ်အကိုင်အားလုံးတို့တွင် သူသည် ရည်မွန်ပြီး၊ ဂုဏ်သရေရှိရှိဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ ခရစ်ယာန်ဆိုင်ရာယဉ်ကျေးသိမ်မွေ့မှု၏ထိန်းချုပ်မှုကို အာဗြဟံက သူ၏အသက်တာတစ်လျှောက်လုံးတွင်ခံယူခဲ့ပြီး၊ ထာဝရဘုရား၏

အမှုတော်ကို အခြားသောအရာအားလုံးတို့၏ရှေ့တွင် ပိုမိုဦးစားပေးခဲ့ပါသည်။ သူသည် ခရစ်ယာန်တို့၏အခြေခံစည်းမျဉ်းများဖြစ်သည့် စင်ကြယ်ခြင်းမှနေပြီး ဆံခြည်တစ်မျှင်ကလေးမျှလောက်ပင် သွေဖည်ခြင်းရှိခဲ့လိမ့်မည်မဟုတ်ပါ။

ဤအချက်သည် စစ်မှန်သော၊ ခရစ်တော်နှင့်တူညီသည့် ယဉ်ကျေးသောအပြုအမူမျိုးကို လေ့ကျင့်ရန်အတွက် လူတိုင်းတို့၏စွမ်းအားအတွင်း၌ ရှိနေပါသည်။

–o–



## နိဝင်ဘာ (၁၁)

### ကျွန်ုပ်တို့သည်ဝိညာဉ်တော်အားဖြင့်သာရှေ့သို့တက်လှမ်းကြပါသည်

### "ဝိညာဉ်တော်အားဖြင့်တိုးပွားမှုရှိသကဲ့သို့ လုပ်ဆောင်နိုင်စွမ်းတို့သည်လည်းတိုးပွားမှုရှိကြပါသည်"

**"ဘုရားသခင်သည် ထိုလုလင်လေးယောက်တို့အား အထူးထူးသောသိပ္ပံအတတ်ပညာတို့ကိုသိစေခြင်းငှာ ထိုးထွင်း၍နားလည်နိုင်သောဉာဏ်သတ္တိကိုပေးသနားတော်မူ၏။ ဒံယေလသည်လည်း ဗျာဒိတ်ရူပါရုံနှင့်အိပ်မက်ကို နားလည်နိုင်သောဉာဏ်ပညာနှင့်ပြည့်စုံ၏" (ဒံယေလ ၁း၁၇)။**

အများသောသူတို့၏မသိနားမလည်မှုသည် မိမိတို့၏စိတ်ဆန္ဒအလျောက်ဖြစ်ပြီး၊ ခွင့်လွှတ်နိုင်စရာမရှိပါ။ အချို့သောငယ်ရွယ်သူများတို့အနေဖြင့် သူတို့၏အသာစီးရရှိနေမှုတို့ကို တိုးတက်မှုရှိအောင်မလုပ်ဆောင်ကြပါ။ သူတို့သည် အမှန်အကန်ပင်စာဖတ်ခြင်း၊ စာရေးခြင်းတို့ကိုလုပ်ဆောင်ကြရန် နှစ်သက်ကြသော်လည်း ထူးချွန်မှုတန်ဖိုးဆိုသည်မှာ အပန်းတကြီးလုပ်ရသောအလုပ်ဖြစ်သည်အလျောက် သူတို့သည် ထိုတန်ဖိုးကိုပေးဆပ်ကြမည်မဟုတ်ပါ။ သူတို့၏ထိုလုပ်ရပ်များသည် ကျွန်တော့်အား လူရွယ်တစ်ယောက်၏အကြောင်းကို ပြန်လည်သတိရစေပါသည်။ ထိုလူရွယ်၏ဖခင်သည် ကောင်းမွန်သောပညာရေးကို ထိုလူရွယ်ရရှိစေရေးအတွက် အသာစီးရစေသည့်အခြေအနေတိုင်းကိုပေးနိုင်ရန် စာသင်ကျောင်းသို့ပို့ခဲ့ပါသော်လည်း ထိုလူရွယ်သည် လေ့လာသင်ကြားမှုကို မသိကျိုးကျွန်ပြုသည့်အပြင် သူ၏ဖခင်သည် သူ့အားသမာသမကျသည့်ပညာရေးမျိုးကို ပေးနိုင်စွမ်းရှိသည့်အလျောက်၊ သူ့အနေဖြင့် ထိုပညာရေးမျိုးအတွက် သူ၏ဦးနှောက်ကိုအခြောက်မခံနိုင်ကြောင်း ပြောပြခဲ့ပါသည်။ သူ့အတွက် မည်သည့်တော်ဝင်လမ်းမကြီးမျိုးကို သင်ကြားရယူနိုင်ရန်အတွက် ဥပေက္ခာပြုခြင်းခံရရင်း၊

နောက်ချန်ကျန်ရစ်ခဲ့မည်ဆိုခြင်းကို သင်တို့အားလုံးတို့အနေဖြင့် တစ်ပြိုင်တည်းသဘောတူပြောဆိုကြမည်ဖြစ်သည်။ သို့သော်လည်း စိတ်အားထက်သန်စွာဖြင့် လုပ်ဆောင်ခြင်းမရှိသည့်အပြင်၊ မိမိကိုယ်ကိုငြင်းပယ်ရန်ကြိုးပမ်းမှုမရှိသည့် သင့်တင့်ကောင်းမွန်သော ဘာသာရေးဆိုင်ရာအတွေ့အကြုံမျိုးကို တောင့်တခြင်းသည် အချည်းနှီးသောအရာကို တောင့်တရာရောက်ပါသည်။ သင်၏ဘုန်းတော်ရှင်နှင့်ပတ်သက်သည့်အရာများတို့ကို မသိနားမလည်မှုအပေါ် သင်၏ပင့်သက်ချပြီး စိတ်မသက်မသာဖြစ်ခြင်းသည် သင့်အားကယ်တင်ခြင်းနှင့်ပတ်သက်သည့်ဉာဏ်ပညာမျိုးကို ဖြစ်ပေါ်မလာစေပါ။ ကောင်းကင်နိုင်ငံတော်သို့ နေ့ကွေးလေးကန်သည့်မျက်ရည်များနှင့် ပင့်သက်ချသံများရောက်ရှိသွားကြပါသော်လည်း သခင်ယေရှုထံတော်မှ သဘောကျသည့်အပြုံးကလေးတစ်ခုကိုမျှ မည်သည့်အခါမျှမရရှိသည့်လူများထောင်သောင်းမကရှိကြပါသည်။ ခရစ်ယာန်ဆိုင်ရာအတွေ့အကြုံမျိုးသည် သူ့အလိုအလျောက်သင့်ထံသို့မရောက်လာနိုင်ပါ။ သင်၏စိတ်နှလုံးထဲတွင် သင်ချမှတ်ထားပြီးသောလုပ်ဆောင်မည့်တစ်စုံတစ်ရာသောအလုပ်ကို မဖြစ်မနေလုပ်ရန်ဆုံးဖြတ်ချက်ချပြီးပါက သင်တွေ့ရသည့်အခက်အခဲများတို့ကြောင့် လက်မြှောက်အရှုံးပေးခြင်းမရှိဘဲ တစ်ကြိမ်ပြီးတစ်ကြိမ် ထပ်တလဲလဲကြိုးစားပါ။

ဒံယေလနှင့်သူ၏အပေါင်းအဖော်သုံးယောက်တို့သည် တည်ကြည်ခိုင်ခံ့ခြင်းရှိခဲ့ကြခြင်းမှာ သူတို့သည် သူတို့ကိုယ်ကိုသူတို့ သန့်ရှင်းသောဝိညာဉ်တော်၏ထိန်းချုပ်မှုအောက်တွင် အညံ့ခံခိုလှုံကြသောကြောင့်ဖြစ်ပါသည်။ ဤလုလင်ယလုလွယ်တို့သည် သူတို့၏လောကီရေးရာ၊ သိပ္ပံဆိုင်ရာနှင့်ဘာသာတရားဆိုင်ရာပံ့ပိုးမှုဂုဏ်အရှိန်အဝါအားလုံးတို့ကို ဘုရားသခင်ထံတော်၌ အပ်နှံခဲ့ကြပါသည်။ သူတို့၏သင်ကြားရယူမှုသည် အခွင့်အရေးရရှိမှုအားဖြင့်မဟုတ်မူဘဲ သူတို့အနေဖြင့် အသိဉာဏ်ဗဟုသုတကို ရယူခဲ့ကြရာတွင် သူတို့၏ဂုဏ်အရှိန်အဝါတို့ကို သစ္စာရှိစွာဖြင့် အသုံးပြုခဲ့ကြသည်အလျောက် ဘုရားသခင်ကလည်း ထိုးထွင်း၍နားလည်နိုင်သောဉာဏ်ကို သူတို့အားပေးသနားတော်မူခဲ့ပါသည်။





ဒံယေလ၏အရေးအရာတွင် တွေ့ရှိခဲ့ရသကဲ့သို့ ဝိညာဉ်ရေးဆိုင်ရာအကျင့်စရိုက်သည် တိကျသောအချိုးအစားအတွင်း ဖွံ့ဖြိုးမှုရှိသည်အလျောက်၊ လုပ်ဆောင်နိုင်သောဉာဏ်စွမ်းတို့သည်လည်း တိုးတက်မှုရှိလာကြမည်ဖြစ်သည်။

ဒံယေလနှင့် သူ၏အပေါင်းအဖော်သုံးယောက်တို့နှင့်အတူ ဘုရားသခင်ကပူးပေါင်းဆောင်ရွက်တော်မူခဲ့သကဲ့သို့ သူ၏အမှုတော်တွင် သစ္စာရှိစွာဖြင့် စိတ်အားထက်သန်စွာ ကြိုးပမ်းဆောင်ရွက်ကြမည့်သူအားလုံးတို့နှင့်လည်း ဘုရားသခင်ကပူးပေါင်းဆောင်ရွက်တော်မူပါလိမ့်မည်။

–o–

## နိဝင်ဘာ (၁၂)

## ကျွန်ုပ်တို့သည်ဝိညာဉ်တော်အားဖြင့်သာရှေ့သို့တက်လှမ်းကြပါသည်
## "ယုံကြည်ခြင်းအားဖြင့်အသစ်သော အထွတ်အထိပ်များကိုကြိုးပမ်းရယူပါ"

**"သမင်ဒရယ်သည် ရေစီးသောချောင်းကိုတောင့်တသကဲ့သို့ အကျွန်ုပ်ဝိညာဉ်သည် ကိုယ်တော်ကိုတောင့်တပါသည်ဘုရား" (ဆာလံ ၄၂း၁)။**

များစွာသောလူငယ်လူရွယ်တို့သည် ကံဆိုးမိုးမှောင်ကျမှု၏အောက်တွင် နစ်မြုပ်ကြသည့်အခါ ခံနိုင်ရည်ရှိသောစွမ်းအားများ မရှိကြတော့ပါ။ သူတို့သည် ကျေးဇူးတော်၌ကြီးပွားလာခြင်းမရှိကြတော့ပါ။ သူတို့၏သွေးသားတောင့်တမှုနှင့်ဆိုင်သောစိတ်နှလုံးတို့ကို ပြောင်းလဲပစ်ရကြပါမည်။ သူတို့သည် အလှအပကို စင်ကြယ်သန့်ရှင်းသောစိတ်အားဖြင့်သာ ကြည့်မြင်ကြရမည်ဖြစ်ပြီး ထိုနောက်တွင် သမင်ဒရယ်သည် ရေစီးသောချောင်းကိုတောင့်တသကဲ့သို့ သူတို့သည်လည်း စင်ကြယ်သန့်ရှင်းသောစိတ်ဖြင့် ကြည့်သောအလှအပကို တောင့်တကြပါလိမ့်မည်။

အကယ်၍ သင်တို့၏ခြေလှမ်းများတို့သည် ထာဝရဘုရား၏အမိန့်ပေးမှုဖြင့် လျှောက်လှမ်းကြပါက ချစ်လှစွာသောလူငယ်လူရွယ်တို့ခင်ဗျား၊ သင်တို့လျှောက်လှမ်းရာလမ်းသွယ်သည် အပြင်ပန်းငြိမ်သက်ခြင်းနှင့် ကြွယ်ဝချမ်းသာမှုတို့နှင့် အစဉ်အမြဲတစ်လုံးတစ်ဝတည်းရှိမည်ဟူ၍ မမျှော်မှန်းကြပါနှင့်။ ထာဝရနေ့ရက်ဆီသို့ဦးတည်စေသည့်လမ်းသွယ်သည် လျှောက်လှမ်းရန်အလွယ်ကူဆုံးသောလမ်းမဟုတ်သည့်အပြင်၊ တစ်ခါတစ်ရံတွင် ထိုလမ်းသွယ်သည် အမှောင်ထုလွှမ်းခြုံပြီး ဆူးခင်းလမ်းအဖြစ်သို့ရောက်ရှိသွားနိုင်ခြေရှိပါသည်။ သို့သော်လည်း သင့်အားမကောင်းမှုဒုစရိုက်မှကာကွယ်ရန်အတွက် ဘုရားသခင်၏အစဉ်ထာဝရလက်ရုံးတော်တို့သည် သင့်အား



ဝိုင်းပတ်ထွေးပိုက်ထားတော်မူသည့် အာမခံချက်မျိုးကို သင်ရရှိနေပါသည်။ သင့်အနေဖြင့် သူ့အပေါ်ယုံကြည်မှုရှိခြင်းအလေ့အကျင့်ကို စိတ်အားထက်သန်စွာဖြင့်လုပ်ဆောင်ရန် ဘုရားသခင်က အလိုရှိတော်မူသည့်အပြင် လောင်းရိပ်အောက်တွင်သာမက နေအလင်းရောင်အောက်တွင်ပါ သူ့အပေါ်တွင်သစ္စာစောင့်သိစေမည့် သင်ခန်းစာကိုသင်ယူရန် အလိုရှိတော်မူပါသည်။

သူမ၏အိမ်ထောင်မိသားစုဆီသို့ရောက်ရှိရေးအတွက် ကြိုးပမ်းအားထုတ်မှုများတွင် လင်းယုန်ငှက်မသည် တောင်တန်းများတို့၏တောင်ကြားလမ်းငယ်များဆီသို့ ပါသွားစေသည့်လေပြင်း၏တိုက်ခိုက်မှုများကို မကြာမကြာခံရပါသည်။ မိုးသားတိမ်တိုက်များနှင့်စိတ်အားငယ်စရာများတို့သည် ဒေါသထွက်နေသောအစုအဖွဲ့များအဖြစ် သူမ၏အသိုက်ကို လုံလုံခြုံခြုံတည်ဆောက်ထားသည့် နေရောင်ခြည်လွှမ်းခြုံထားသောအမြင့်အရပ်နှင့်သူမ၏အကြား ပြင်းပြင်းထန်ထန်တိုက်ခိုက်ပါသည်။ သူမသည် ခဏတာမျှစိတ်ရှုပ်ထွေးသွားသကဲ့သို့ဖြစ်သွားပြီးနောက် ဤလမ်းကြောင်းအတိုင်းတစ်ဟုန်ထိုးပျံတက်ကာ သူမ၏သန်မာလှသောတောင်ပံကို တိုက်ခတ်လျက်ထူထပ်သိပ်သည်းလှသောတိမ်တိုက်တို့ကို သူမ၏နောက်ဘက်သို့ရောက်ရှိသွားစေပါသည်။ အဆုံးတွင် သူမသည် အပေါ်သို့တစ်ဟုန်ထိုး ထိုးတက်သွားပြီး အမှောင်ထုအတွင်းသို့ဝင်ရောက်ကာ သူမ၏သိသာစွာထင်ရှားလာသည့် အောင်ပွဲ၏စူးရှလှသည့်မြင်ကွင်းကို ဖြစ်ပေါ်စေသည့်နောက် ခဏအကြာတွင် သူမသည် အထက်အရပ်တည်ငြိမ်သည့်နေရောင်ခြည်အတွင်းသို့ ရောက်ရှိသွားပါတော့သည်။ အားလုံးသောအမှောင်ထုနှင့်မိုးသက်လေပြင်းတို့သည်လည်း သူမ၏အောက်သို့ရောက်ရှိသွားကြပြီး ကောင်းကင်၏အလင်းသည်လည်း သူမအပေါ်သို့ထွန်းလင်းတောက်ပလာပါတော့သည်။ သူမသည် ချစ်လှစွာသောအိမ်ထောင်မိသားစုရှိရာ အလွန်မြင့်မားသောကျောက်ဆောင်အချွန်အတက်သို့ရောက်ရှိပြီးသည်နောက် ကျေနပ်မှုရှိလာခဲ့ပါသည်။ ၎င်းဖြစ်စဉ်သည် သူမအနေဖြင့် အမှောင်ထုတွင်းမှနေပြီး အလင်းသို့ရောက်ရှိသွားခြင်းကို ပြသနေပါသည်။ သူမသည် ဤကဲ့သို့လုပ်ဆောင်နိုင်ရန်အတွက်

ကြိုးပမ်းမှုတစ်ခုဖြင့် တန်ဖိုးပေးဆပ်ရပါသော်လည်း သူမကြိုးပမ်းရှာဖွေခဲ့သော ရည်မှန်းချက်ကိုရရှိခြင်းဖြင့် ပြန်လည်ဆုချီးမြှင့်ခြင်းကို ခံရပါသည်။

ဤကဲ့သို့သောလမ်းကြောင်းမျိုးသည်သာလျှင် ခရစ်တော်၏နောက်တော်သို့ လိုက်လျှောက်ကြသော ကျွန်ုပ်တို့သည် လုပ်ဆောင်နိုင်ကြရမည်ဖြစ်ပါသည်။ ထူထဲသောနံရံကဲ့သို့ ကျွန်ုပ်တို့ကို ကောင်းကင်၏အလင်းတရားနှင့်ခွဲခွာသွားစေသည့် တိမ်တိုက်ကြီးများကိုထိုးဖောက်သွားမည့် ရှင်သန်နေသောယုံကြည်ခြင်းမျိုးကို ကျွန်ုပ်တို့အနေဖြင့် လေ့ကျင့်ကြရပါမည်။ ငြိမ်သက်ခြင်းဝမ်းမြောက်ရွှင်လန်းခြင်းများအားလုံးရှိနေကြသော သန့်ရှင်းသောဝိညာဉ်တော်ဆီသို့ ရောက်ရှိကြရေးအတွက်၊ ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၏မြင့်မားသောအနေအထားကို ရရှိကြပါသည်။

–၀–



နိဝင်ဘာ (၁၃)

## ကျွန်ုပ်တို့သည်ဝိညာဉ်တော်အားဖြင့်သာရှေ့သို့တက်လှမ်းကြပါသည်

## “ဝိညာဉ်တော်အားဖြင့်ကျွန်ုပ်တို့သည်တိုးတက်မှုရှိကြရပါမည်”

**“ညီအစ်ကိုတို့၊ သင်တို့သည် တိုးပွား၍ကြွယ်ဝပြည့်စုံမည်အကြောင်း––––ငါတို့သည် တိုက်တွန်းသွေးဆောင်ကြ၏” (၁သက် ၄း၁၀၊၁၂)။**

သင်သည် အကန့်အသတ်ဖြင့် ဖြစ်နိုင်ခြေရှိမှုများထက် ပိုမို၍ လက်လှမ်းမီနိုင်ခြေရှိပါသည်။ ဘုရားသခင်အသုံးပြုတော်မူသော နှုတ်တော်ထွက်အတိုင်းဆိုလျှင် လူသားတစ်ယောက်သည် ဘုရားသခင်၏သားတော်တစ်ပါးပင်ဖြစ်ပါသည်။ (၁ယော ၃း၂) တွင် ရှင်ယောဟန်က “––ယခုတွင်ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ နောက်မှအဘယ်သို့သောသူဖြစ်မည်ဟု မထင်ရှားသေး။ သို့သော်လည်း ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ ငါတို့သည် ကိုယ်တော်နှင့်တူကြလတ္တံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား၊ ကိုယ်တော်ဖြစ်တော်မူသည်အတိုင်းကို ငါတို့သည် မြင်ရကြလတ္တံ့” ဟူ၍ ဩဝါဒပေးခဲ့ပါသည်။ တန်ဖိုးနည်းပြီးအဆင့်နိမ့်သောအရာများမှ ရှောင်ထွက်သွားပြီးနောက် မြင့်သောအနေအထားဆီသို့တက်ရောက်ရပါမည်။ ဤကဲ့သို့လုပ်ဆောင်ရခြင်းမှာ လူတို့၏လေးစားမှုကိုရရှိရန်နှင့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို ခံယူရရှိရန်အတွက်ဖြစ်ပါသည်။

ငယ်ရွယ်သူများနှင့်အသက်အရွယ်ပေါင်းစုံသောလူများတို့အား ထာဝရဘုရားကပေးတော်မူသော ဘာသာရေးဆိုင်ရာလုပ်ငန်းသည် ထိုသို့သောသူတို့ကို သူ၏သားသမီးတော်များအဖြစ် သူတို့အပေါ်လေးစားတော်မူခြင်းကို ပြသတော်မူခြင်းဖြစ်ပါသည်။ သူတို့အား ထာဝရဘုရားသည် သူတို့ကိုယ်ကိုအုပ်ချုပ်သည့်အလုပ်ကို ပေးအပ်တော်မူပါသည်။ ကြီးမားလှသောအမှုတော်များဖြစ်သည့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနုတ်တော်မူခြင်းနှင့်

မြှောက်ထားခြင်းအမှုတော်များတွင် သူနှင့်အတူဝေမျှလုပ်ဆောင်ကြသောသူများအဖြစ် ထာဝရဘုရားသည် သူတို့ကိုခေါ်တော်မူပါသည်။ ဖခင်တစ်ယောက်သည် သူ၏လုပ်ငန်းတွင် သူ၏သားကို အဖွဲ့ဝင်အဖြစ်ပါဝင်စေသကဲ့သို့ ထာဝရဘုရားသည်လည်း သူ၏သားသမီးတော်များတို့ကို သူနှင့်အတူတကွ လုပ်ဖော်ကိုင်ဖက်အဖြစ် ပါဝင်စေတော်မူပါသည်။

သူတို့၏နေ့စဉ်အသက်တာတွင် ခရစ်ယာန်ဘာသာ၏အခြေခံစည်းမျဉ်းများတို့ကို ဆောင်ယူနိုင်ရန်အတွက် ငယ်ရွယ်သောအမျိုးသား၊ အမျိုးသမီးတို့အနေဖြင့် ခရစ်တော်၏ကျေးဇူးတော်ကို ပိုမိုလိုအပ်ကြပါသည်။ ခရစ်တော်ကြွလာခြင်းအတွက် ပြင်ဆင်ထားမှုဆိုသည်မှာ ကျွန်ုပ်တို့၏အမြင့်ဆုံးသောအရည်အချင်းအတွက် ခရစ်တော်အားဖြင့် လေ့ကျင့်ခန်းပြုလုပ်ခြင်းကို ဆိုလိုပါသည်။ သို့သော်လည်း သခင်ယေရှုနှင့်နီးကပ်စွာရှိစေရေးအတွက် အပေါင်းလက္ခဏာဆောင်သည့် လိုအပ်မှုမျိုးလည်းရှိသေးပါသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့၏ခွန်အား၊ စွမ်းဆောင်နိုင်ခြင်းနှင့် စွမ်းအားဖြစ်တော်မူပါသည်။ အချိန်ကာလတစ်ခုအတွက် ကျွန်ုပ်တို့သည် မိမိတို့၏ကိုယ်ကျိုးအတွက်စိတ်အပေါ် အမှီပြု၍မရနိုင်ပါ။

ငယ်ရွယ်သူအမျိုးသားအမျိုးသမီးတို့၊ သင်တို့၏စွမ်းရည်ကိုယုံကြည်မှုဖြင့်လေ့ကျင့်ပြီး၊ ဘုရားသခင်ကသင်တို့အား ပေးသနားတော်မူသောအလင်းတော်ကို ရက်ရက်ရောရောဖြင့် ဖြန့်ဝေပေးကြပါ။ အခြားသောသူတို့အား ငြိမ်သက်ခြင်း၊ အလင်းတရား၊ သမ္မာတရားနှင့်ကြွယ်ဝလှစွာသော ကောင်းကင်ဘုံဆိုင်ရာကောင်းချီးမင်္ဂလာများတို့ကို အကောင်းဆုံးဖြင့်ပေးကမ်းနိုင်ရေးအတွက် လေ့လာသင်ယူကြပါ။ စဉ်ဆက်မပြတ် တိုးတက်မှုရှိအောင်လုပ်ဆောင်ကြပါ။ မြင့်သည်ထက်မြင့်သောနေရာဆီသို့ ရောက်ရှိရေးကိုကြိုးပမ်းကြပါ။ စိတ်စွမ်းအားနှင့်ကာယစွမ်းအားများတို့ဖြင့် အခွန်တော်ကိုထမ်းဆောင်ခြင်း၊ အစဉ်ထာဝရလက်တွေ့ကျသည့်ရှုထောင့်ကို အစဉ်အမြဲကိုင်စွဲထားခြင်းတို့သည် သင်တို့၏စွမ်းရည်ဖြစ်ပြီး ၎င်းစွမ်းရည်များသည် ယခုအချိန်ကာလတွင် တန်ဖိုးရှိသည့်အရာများဖြစ်ကြပါသည်။ အောင်မြင်မှုတစ်ခုပြီးတစ်ခု ရယူနိုင်သည်အထိ



သင်တို့စတင်သည့်အမှုတော်ကို အပတ်တကုတ်ကြိုးပမ်းလုပ်ဆောင်ကြပါ။ ရည်ရွယ်ချက်တစ်ခုအတွက် သင်တို့ကိုယ်ကိုသင်တို့ပညာပေးကြပါ။ ကြီးမားသည်ထက် ကြီးမားလာစေသည့်ကောင်းမြတ်ခြင်းကို အပြီးသတ်ရယူနိုင်ရေးအတွက် အမြင့်မားဆုံးသောအနေအထားကို သင်တို့၏ရှုမြင်သုံးသပ်မှုတွင် ထားရှိကြခြင်းဖြင့် ဘုရားသခင်၏ဘုန်းအာနုဘော်တော်ကို သင်တို့အနေဖြင့် ရောင်ပြန်ဟပ်စေရာရောက်ကြပါသည်။

–၀–

## နိဝင်ဘာ (၁၄)

### ကျွန်ုပ်တို့သည်ဝိညာဉ်တော်အားဖြင့်သာရှေ့သို့တက်လှမ်းကြပါသည်

### “ကျွန်ုပ်တို့၏ရှေ့တိုးလုပ်ဆောင်မှုအတွက် ဘုရားသခင်သည်ကန့်သတ်ထားတော်မမူပါ”

**“–––သင်တို့သည် ကောင်းသောအကျင့်အမျိုးမျိုးတည်းဟူသော အသီးကိုသီးခြင်း၊ ဘုရားသခင်ကိုသိသောဉာဏ်တိုးပွားခြင်းရှိသဖြင့်လည်းကောင်း၊ ဝမ်းမြောက်သောစိတ်နှင့် အရာရာ၌သည်းခံခြင်း၊ စိတ်ရှည်ခြင်းအလို့ငှာ ဘုန်းကြီးသောတန်ခိုးတော်အတိုင်း ခွန်အားနှင့်ပြည့်စုံသဖြင့်လည်းကောင်း ခမည်းတော်ဘုရား၏ကျေးဇူးတော်ကိုချီးမွမ်းလျက်၊ သခင်ဘုရားနှင့်ထိုက်လျောက်စွာကျင့်၍ အရာရာ၌နှစ်သက်တော်မူစေခြင်းငှာ ပညာအမျိုးမျိုး၊ ဓမ္မဉာဏ်အမျိုးမျိုးအားဖြင့် အလိုတော်ကိုအကုန်အစင်နားလည်ပါမည်အကြောင်း ဆုတောင်းပတ္ထနာပြု၏” (ကောလောသဲ ၁း၁၁)။**

“ပညာအမျိုးမျိုး၊ ဓမ္မဉာဏ်အမျိုးမျိုးအားဖြင့် ဘုရားသခင်၏အလိုတော်ကို အကုန်အစင်နားလည်ရေးအတွက်” တိုးတက်မှုကိုရှာဖွေသောသူတို့အား ဘုရားသခင်သည် အကန့်အသတ်ဖြင့်ဘောင်ခတ်ထားတော်မမူပါ။ ဆုတောင်းခြင်း၊ သတိရှိမှုနှင့်အသိဉာဏ်တိုးပွားခြင်းတို့အားဖြင့် ကျွန်ုပ်တို့သည် “ဘုန်းကြီးသောတန်ခိုးတော်အတိုင်း ခွန်အားနှင့်ပြည့်စုံရန်အတွက် ဝမ်းမြောက်သောစိတ်နှင့် အရာရာ၌သည်းခံခြင်း၊ စိတ်ရှည်ခြင်း” ရှိရကြပါမည်။

ကျွန်ုပ်တို့အတွက် ဘုရားသခင်စီမံချက်သည် အလွန်ကျယ်ဝန်းပြီး၊ အလွန်ပြည့်ဝကာ လုံးလုံးလျားလျားပြည့်စုံသည်အလျောက် ထိုစီမံချက်ကို အကောင်အထည်ဖော်ရန်အတွက် သူနှင့်အတူ စိတ်ရောကိုယ်ပါ ပူးပေါင်းလုပ်ဆောင်ကြရန် ကျွန်ုပ်တို့တွင် အကြောင်းပြချက်ရှိကြပါသည်။ ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အပိုင်းတွင် ကျွန်ုပ်တို့အနေဖြင့် တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်စရာအကြောင်းမရှိကြပါ။ ကျွန်ုပ်တို့အနေဖြင့် လတ်ဆတ်သောအထောက်အပံ့များတို့ကို ဘုရားသခင်၏နှုတ်တော်ထွက်ကို သိုလှောင်ထားသော ကြီးမားသည့်သိုလှောင်ရုံမှ နေ့စဉ်ဆွဲထုတ်ရန်လိုအပ်ပါသည်။ ဤနည်းလမ်းသည် ဝတ္ထုစာအုပ်ဖတ်ရှုခြင်းကို အချိန်မပေးနိုင်ရန်လုပ်ဆောင်ပေးခြင်း၊ (သို့မဟုတ်) ကောင်းမွန်သောအလုပ်တိုင်းအတွက် စိတ်ဓာတ်နှင့်စာရိတ္တတို့ကို ကောင်းအောင်သွန်သင်ခြင်းမပြုနိုင်သောအကြောင်းခြင်းရာတစ်စုံတစ်ရာကို ဖြစ်ပေါ်စေပါသည်။ ကောင်းကင်နိုင်ငံဆိုင်ရာ ကြွယ်ဝချမ်းသာမှုများသည် ဘုရားသခင်၏သားသမီးများတို့၏အမိန့်နာခံမှုအပေါ်တွင် မူတည်ပါသည်။

သင်၏မိမိကိုယ်ကိုမိမိပြုစုခြင်းနှင့် မိမိကိုယ်ကိုမိမိကြည်နူးနှစ်သိမ့်မှုတို့အတွက် စုံစမ်းနှောင့်ယှက်ခြင်းပြုလုပ်သူသည် အမြင်မှားယွင်းမှုနှင့်ယုတ္တိရှိသောဆင်ခြေဆင်လက်မျိုးများဖြင့် သင်၏လျှောက်လှမ်းရာလမ်းကြောင်းပေါ်တွင် နေ့စဉ်နေ့တိုင်းရှိနေပါလိမ့်မည်။ မိမိတို့၏စိတ်နှလုံးကို ဘုရားသခင်ထံတော်၌ လုံးဝဥဿုံပေးအပ်ကြသောသူများ၊ ယေရှုခရစ်တော်ကို မိမိတို့၏မူပိုင်ကယ်တင်ရှင်အဖြစ် ယုံကြည်ခြင်းအားဖြင့် လက်ခံကြသောသူများတို့သည် ဝိညာဉ်တော်အားဖြင့်၊ ထို့အပြင် ဘာသာတရားကိုင်းရှိုင်းမှုဆိုင်ရာ အားမာန်အားဖြင့် ရည်ရွယ်ချက်အတွက် ခိုင်မြဲစွာအခြေချမှုနှင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းဆိုင်ရာ အခြေခံစည်းမျဉ်းများအပေါ် မည်သည့်တစ်စုံတစ်ရာသောတန်ဖိုးဖြင့် ပေးဆပ်ရပါစေ၊ သစ္စာစောင့်သိခြင်းအားဖြင့် ပုံမှန်ကြီးထွားဖွံ့ဖြိုးမှုကို ပြသကြပေလိမ့်မည်။

မှန်ကန်သောစိတ်နေသဘောထားရှိပြီး၊ စိတ်အားထက်သန်မှုရှိကာ ခရစ်တော်၏ကျေးဇူးတော်၌ ကုံလုံပြည့်စုံခြင်းရှိသည့်အပြင် ဘုရားသခင်၏မျက်မှောက်တော်၌ လျှောက်လှမ်းရန်ကြိုးပမ်းကြသည့် အသက်ဝိညာဉ်တိုင်းကို ဘုရားသခင်က ဂုဏ်ပြုတော်မူပြီး၊ ထောက်ခံအားပေးတော်မူပါလိမ့်မည်။ စိတ်နှလုံးနှိမ့်ချမှုရှိပြီး တုန်လှုပ်ချောက်ချားနေသော အသက်ဝိညာဉ်တစ်စုံတစ်ခုကိုမျှ သခင်ဘုရားယေရှုရှင်က မည်သည့်အခါမျှ ခွာသွားတော်မမူ၊ (သို့မဟုတ်)

ကျောခိုင်းတော်မူမည်မဟုတ်ပါ။ ကျွန်ုပ်တို့အနေဖြင့်၊ ပြင်းပြသောစိတ်ဖြင့်၊ ထို့အပြင် သန့်ရှင်းစင်ကြယ်သည့်အသိတရားဖြင့် ဘုရားသခင်၏ကတိတော်များတို့၏ခွန်အားကို အသိအမှတ်ပြုပြီး ထိုကတိတော်များတို့ကို ကျွန်ုပ်တို့၏တစ်ဦးချင်းစိတ်၌ ရယူထားကြရာတွင်၊ ကျွန်ုပ်တို့အနေနှင့် ထိုက်တန်မှုရှိခြင်းကြောင့်လား၊ သို့တည်းမဟုတ် ခရစ်တော်ကြောင့်ထိုက်တန်မှုရှိခြင်းလား။ မဟုတ်ပါ။ ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းအတွက်ကြောင့်မဟုတ်ပါ။ ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားတော်ကို ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကိုယ်စား ရှင်သန်နေသောယုံကြည်ခြင်းအားဖြင့် တောင်းခံရယူကြခြင်းဖြစ်ပါသည်။

–ဝ–



## နိဝင်ဘာ (၁၅)

### ကျွန်ုပ်တို့သည်ဝိညာဉ်တော်အားဖြင့်သာရှေ့သို့တက်လှမ်းကြပါသည်

## “မည်သည့်အရာကိုမျှမစိုက်ပျိုးရသေးသောမြေကိုထွန်ယက်ကြရန်”

**“ကိုယ်အဖို့ ဖြောင့်မတ်ခြင်းမျိုးစေ့ကိုကြဲ၍၊ ကရုဏာတော်အသီးအနှံကိုရိတ်ကြလော့။ မလုပ်သေးသောလယ်ကို ထွန်ကြလော့။ ထာဝရဘုရားသည် ကြွလာ၍၊ သင်တို့အပေါ်သို့ ဖြောင့်မတ်ခြင်းမိုးကို ရွာစေတော်မမူမီတိုင်အောင် ကိုယ်တော်ကိုရှာရသောအချိန်ရောက်လေပြီ” (ဟောရှေ ၁၀း၁၂)။**

သမ္မာတရားတော်၏အခြေခံစည်းမျဉ်းများတို့ကို ကျွန်ုပ်အနေဖြင့် ကျွန်ုပ်တို့၏အကျင့်စရိုက်နှင့် အသက်တာတို့တွင် ရောစပ်ရက်လုပ်ရကြပါမည်။ ကျွန်ုပ်တို့လျှောက်လှမ်းရာလမ်းတစ်လျှောက်၌ ကျရောက်လာသည့် အလင်းတန်းတိုင်းတို့ကို ကျွန်ုပ်တို့ထွေးပိုက်ထားသင့်ကြသည့်အပြင် ဘုရားသခင်၏အလိုတော်များအတိုင်းနှင့်ကိုက်ညီအောင် နေထိုင်ကြရပါမည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်အားဖြင့် ကြီးပြင်းလာရကြပါမည်။ ကျွန်ုပ်တို့သည် ကြီးမားသောပမာဏဖြင့်၊ ကောင်းချီးမင်္ဂလာကို လက်လွတ်ဆုံးရှုံးနေရကြပြီး၊ ထိုကဲ့သို့ဖြစ်ရခြင်းမှာ ကျွန်ုပ်တို့သည် ခရစ်ယာန်အသက်တာ၌ ရှေ့သို့တက်လှမ်းမည့်ခြေလှမ်းများတို့ဖြင့် မလျှောက်လှမ်းကြခြင်းကြောင့်ဖြစ်ပါသည်။

ခရစ်တော်အသင်းတော်ဝင်များအနေဖြင့် သခင်ယေရှုထံတော်မှလာသော ဘုန်းတော်ဆိုင်ရာအလင်းတရားအလင်းတန်းတို့ကို စုစည်းရယူထားသင့်ကြပြီး၊ ၎င်းအလင်းတန်းတို့ကို အခြားသောသူများထံသို့ ရောင်ပြန်ဟပ်ပေးကြရမည်ဖြစ်ကာ ကောင်းကင်ဘုံသို့ဦးတည်စေသည့် တောက်ပသောလမ်းကြောင်းကို ကမ္ဘာမြေကြီးပေါ်တွင် ချထားပေးရကြပါမည်။ သူတို့သည် ဉာဏ်ပညာရှိသော ကညာများဖြစ်ကြရမည်ဖြစ်ပြီး သူတို့၏ဆီမီးခွက်တို့သည် ထွန်းညှိထားကြကာ တောက်လောင်ကြရမည်ဖြစ်လျက်၊ ခရစ်တော်၏အကျင့်

စရိုက်တော်ကို ကမ္ဘာမြေကြီးပေါ်၌ ကိုယ်စားပြုရကြပါမည်။ ဤအရာများမှ လွဲ၍ ကျွန်ုပ်တို့အနေဖြင့် မည်သည့်အရာကိုမျှ ကျေနပ်ရောင့်ရဲခြင်းမရှိကြရပါ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကိုယ်ပိုင်ဖြောင့်မတ်ခြင်းအတွက် ကျေနပ်ရောင့်ရဲခြင်းမရှိရမည့်အပြင်၊ ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်၏ လေးနက်သောလှုပ်ရှားမှုများမပါဘဲ ကျေနပ်တင်းတိမ်ခြင်းမရှိကြရပါ။

ခရစ်တော်က (ယောဟန် ၁၅း၅) တွင်၊ "ငါနှင့်ကွာလျှင်၊ သင်တို့သည် အဘယ်အမှုကိုမျှမတတ်နိုင်ကြ" ဟူ၍ မိန့်တော်မူခဲ့ပါသည်။ ဤမိန့်တော်မူချက်သည် အများသောလုပ်ဆောင်သူများ၌ သိသာသောအရာမထင်မှုများအဖြစ်သာရှိပါသည်။ ဤသို့ဖြင့် ဤအရာမထင်မှုသည် ထိုသို့သောသူတို့၏စိတ်နှလုံးထဲတွင် ခရစ်တော်၏ဘုန်းတော်ကို ပြောင်းလဲသက်ဝင်ရယူရန် ခံစားမှုမရှိကြသည့် သက်သေအထောက်အထားဖြစ်သည်ဆိုခြင်းကို ကျွန်ုပ်တို့သိရှိကြရန်အတွက်၊ ကျွန်ုပ်တို့အား သတိပေးရာရောက်ပါသည်။ သင်တို့အနေဖြင့် ပင်စည်၏အကိုင်းမကြီး၏အပေါ်ထိပ်ဆုံးမှစတင်ပြီး အောက်ဆုံးသောအကိုင်းအထိ သစ်ပင်ကိုစေ့စေ့စပ်စပ်ကြည့်သကဲ့သို့ ထိုသူတို့၏လုပ်ပုံကိုင်ပုံကိုကြည့်ပါက၊ အသီးမသီးသောသစ်ပင်ကြီးကဲ့သို့ သူတို့ကိုလည်း အရွက်ချည်းသက်သက်ကိုသာ တွေ့မြင်ရမည်ဖြစ်ပြီး ဘာအသီးကိုမျှတွေ့မြင်ရကြမည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ပိုမိုမြင့်မားသောအနေအထားသို့ ရောက်ရှိသွားကြရန် ဘုရားသခင်က အလိုရှိတော်မူပါသည်။ ဤကဲ့သို့သောဝိညာဉ်တော်ခေါင်းပါးမှုဖြင့် ကျွန်ုပ်တို့နေထိုင်မှုမျိုးသည် ဘုရားသခင်၏အလိုတော်မဟုတ်ပါ။

စိမ်းစိမ်းစိုစိုဖြင့်ရှိနေသော ကျေးလက်ဒေသတွင် လယ်သမားများတို့သည် မြေယာအသစ်ကိုထွန်ယက်နေကြသည်ကို ကျွန်ုပ်တွေ့မြင်ခဲ့ရသည့် အိုင်အိုဝါးပြည်နယ်သို့ ကျွန်ုပ်အလည်အပတ်ရောက်ခဲ့သည့်အကြောင်းကို ပြန်လည်သတိရမိပါသည်။ သူတို့သည် ကြီးမားသောအစုအဖွဲ့များဖြင့် ထွန်ရေးထွန်ကြောင်း နက်နက်ရှိုင်းရှိုင်း... သော အားစိုက်မှုများဖြင့် လုပ်ဆောင်ကြသော်လည်း သူတို့သည် အားအင်



ကုန်ခန်းမှုမရှိကြဘဲ၊ သူတို့၏ကာယစွမ်းအားများတို့၏လှုပ်ရှားမှုလေ့ကျင့်ခန်းများကြောင့် သူတို့သည် ခွန်အားနှင့်ကြွက်သားသန်စွမ်းမှုတို့ကို ရယူနိုင်ခဲ့ကြကြောင်းကို ကျွန်ုပ်သတိမူမိခဲ့ပါသည်။ လယ်ကွက်အသစ်များသို့သွားရောက်ပြီး လူသားတို့၏စိတ်နှလုံးမြေသားကို ထွန်ယက်ခြင်းဖြင့် ကျွန်ုပ်တို့၏လူငယ်တို့ကို သန်မာလာစေပါသည်။ ဤအလုပ်သည် သူတို့အား ဘုရားသခင်နှင့်နီးသထက်နီးသွားစေရန် မောင်းပို့ပေးသလိုဖြစ်ပါသည်။ အခက်အခဲများတို့ကိုထိန်းချုပ်ပြီး အဟန့်အတားတို့ကိုကျော်လွှားနိုင်ခြင်းဖြင့် သူတို့သည် စွမ်းဆောင်နိုင်ခြင်းနှင့်အရည်အသွေးတို့ကို ရယူနိုင်ကြပါမည်။

–o–

## နိုဝင်ဘာ (၁၆)

### ကျွန်ုပ်တို့သည်ဝိညာဉ်တော်အားဖြင့်သာရှေ့သို့တက်လှမ်းကြပါသည်

# “ဘုန်းတော်ရှင်သမ္မာတရား (သစ္စာတော်) ဖြင့် စိတ်အတွေးကိုစဉ်ဆက်မပြတ်သိုမှီးကြရန်”

**“ထိုသို့သောအားဖြင့်လည်း အလွန်ကြီးမြတ်၍အဖိုးထိုက်သော ကတိများကို ငါတို့၌အပ်ပေးတော်မူပြီ။ အကြောင်းမူကား၊ ထိုကတိတော်များကိုအမှီပြု၍ သင်တို့သည် လောကီတပ်မက်ခြင်းအညစ်အကြေးနှင့် ကင်းလွတ်သဖြင့်၊ ဘုရားပကတိကိုဆက်ဆံရသောသူဖြစ်ကြမည်အကြောင်းတည်း” (၂ပေ ၁း၄)။**

သူ၏စိတ်အတွေးထဲသို့ ဘုန်းတော်ရှင်ဆိုင်ရာသမ္မာတရားတော်ကို သိုမှီးထားခြင်းသည် ဘုရားသခင်၏သားသမီးတော်တိုင်း၏တာဝန်ဖြစ်ပြီး ထိုတာဝန်ကိုပိုမိုထမ်းဆောင်လေ၊ သူ့အနေဖြင့် စိတ်အတွေး၏ခွန်အားနှင့် ကြည်လင်ပြတ်သားမှုကိုရရှိခြင်းဖြင့် သူသည် ဘုရားသခင်၏လေးနက်သော အရာများတို့ကို နားလည်သဘောပေါက်မှုရှိလာလေဖြစ်ပါလိမ့်မည်။ သူ၏နေ့စဉ်အသက်တာတွင် သမ္မာတရားတော်၏အခြေခံစည်းမျဉ်းများကို ကိုင်စွဲလုပ်ဆောင်ပါက၊ သူသည်ပို၍ပို၍ထက်သန်ပြီး တက်ကြွသွက်လက်မှုရှိရကြပါမည်။

ဝိညာဉ်ရေးအသက်တာသည်သာလျှင်၊ လူသားတို့ကိုကောင်းချီးမင်္ဂလာပေးမည်ဖြစ်ပါသည်။ ဘုရားသခင်နှင့်သဟဇာတရှိစွာဖြင့် ရှိနေသောသူသည် ခွန်အားအတွက် ဘုရားသခင်အပေါ်စဉ်ဆက်မပြတ် မှီခိုအားထားပါလိမ့်မည်။ ခရစ်တော်က (မဿဲ ၅း၄၈) တွင်၊ “ထိုကြောင့် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် စုံလင်တော်မူသည်နည်းတူ သင်တို့သည်လည်း စုံလင်ခြင်းရှိကြလော့” ဟူ၍ မိန့်တော်မူခဲ့ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ခရစ်ယာန်အကျင့်စရိုက်၏ပြည့်စုံခြင်းဆီသို့ စဉ်ဆက်မပြတ်ရောက်ရှိရေးသည် ကျွန်ုပ်တို့အသက်တာဆိုင်ရာ လုပ်ငန်းစဉ်အဖြစ်ရှိသင့်ပါသည်။ ထိုကဲ့သို့သော အနေအထားတွင်ရှိနေရန်မှာ ဘုရားသခင်၏အလိုတော်နှင့်လိုက်လျောညီထွေမှုရှိအောင် အစဉ်ကြိုးပမ်းကြရပါမည်။ ဤနေရာ၊ အချိန်အခါမှစတင်သော အားထုတ်မှုများသည် ထာဝရကာလအထိ ဆက်လက်လုပ်ဆောင်ကြရပါမည်။ ရှေ့ဆက်တိုးတက်မှုအတွက် ယခုလုပ်ဆောင်ခြင်းဖြင့် အနာဂတ်အသက်တာသို့ ကျွန်ုပ်တို့စတင်ဝင်ရောက်သွားသောအချိန်တွင် ထိုတိုးတက်မှုသည် ကျွန်ုပ်တို့အတွက်သာဖြစ်လာပါလိမ့်မည်။

ခရစ်တော်၏နူးညံ့သိမ်မွေ့မှု၊ စင်ကြယ်မြင့်မြတ်မှုနှင့် ချစ်ခြင်းမေတ္တာတော်တို့တွင် ဆက်ဆံမှုရှိသောသူတို့သည် ဘုရားသခင်၌ဝမ်းမြောက်ခြင်းရှိကြမည်ဖြစ်ပြီး သူတို့ပတ်ဝန်းကျင်၌ရှိကြသော လူအများတို့အပေါ်၌ အလင်းနှင့်ပျော်ရွှင်ခြင်းတို့ကို ကျရောက်စေကြမည်ဖြစ်သည်။ ထာဝရအသက်တာ၏ဆုကျေးဇူးတော်ကို ကျွန်ုပ်တို့အတွက်ရယူပေးတော်မူရန် ခရစ်တော်က အသေခံတော်မူခဲ့သည်ဆိုသည့် တွေးခေါ်မှုသည် အထက်သန်ဆုံးသော ကျေးဇူးသိတတ်ခြင်းနှင့် မှန်ကန်ရိုးသားခြင်းတို့ကို ကျွန်ုပ်တို့၏စိတ်နှလုံးထဲမှခေါ်ထုတ်ရန်နှင့်၊ စိတ်ပါလက်ပါမှုအရှိဆုံးသောချီးမွမ်းခြင်းကို ကျွန်ုပ်တို့၏နှုတ်ခမ်းသားများမှ ထုတ်ဖော်ပြောဆိုရန်အတွက် လုံလောက်မှုရှိပါသည်။ ဘုရားသခင်၏ကတိတော်တို့သည် ကြွယ်ဝပြီးပြည့်စုံကာ၊ လွတ်လွတ်လပ်လပ်ရှိကြပါသည်။ ခရစ်တော်၏ခွန်အားတော်၌ ပျိုးထောင်လေ့ကျင့်သောအနေအထားတို့ဖြင့် နာခံမှုရှိကြမည့်မည်သူမဆို မိမိ၏ကိုယ်ပိုင် ပိုင်ဆိုင်မှုအဖြစ် ကြွယ်ဝလှစွာသော သူ၏ကောင်းချီးမင်္ဂလာအားလုံးတို့နှင့်အတူ ဤကတိတော်များကို တောင်းခံရရှိနိုင်ပါမည်။ ဘုရားသခင်၏ရတနာတိုက်အတွင်းမှ ဤကဲ့သို့သော ပေါများလှစွာသောထောက်ပံ့မှုကိုရရှိပါက၊ သူ၏အသက်တာခရီးလမ်းတွင် သူ့အနေဖြင့် ကျမ်းစာတော်မြတ်တွင်ဖော်ပြထားသော “နှစ်လိုဖွယ်ရာအားလုံးတို့ကို ဦးတည်စေသော ထာဝရဘုရား၏လမ်းတော်အတိုင်း အထိုက်အလျောက်ကျင့်ကြံပါ” ဆိုသည့်အတိုင်း၊ သူ၏ရောင်းရင်းအပေါင်းအသင်းတို့ကို ဘုရားတရားကြည်ညိုသောသဘောဖြင့် ကောင်းချီးမင်္ဂလာ

ပေးပြီး သူ၏ဖန်ဆင်းရှင်၏ဂုဏ်တော်ကို ချီးမွမ်းသည့်နမူနာတို့ကို ပြသရပါမည်။ ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် သူ၏နောက်တော်သို့လိုက်လျှောက်ကြသောသူတို့အား မိမိတို့၏ကိုယ့်ကိုကိုယ်ယုံကြည်မှုရှိခြင်းမှ သတိပေးတော်မူချက်ဖြင့် ကာကွယ်တော်မူသောအခါ၊ (ယောဟန် ၁၅း၅) တွင် ဖော်ပြထားသော သူ၏မိန့်တော်မူသော သတိပေးချက်ဖြစ်သည့် "ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှမတတ်နိုင်ကြ" ဆိုသည့်အချက်ကို ကျွန်ုပ်တို့၏စိတ်ဓာတ်ခွန်အားတိုးမြှင့်မှုဖြစ်သည့် ကျေးဇူးပြုတတ်သောသဘောဆောင်သော အာမခံချက်ဖြစ်သည့် အထက် (ယောဟန် ၁၅း၅) တွင် ကြိုတင်ဖော်ပြသည့် ခရစ်တော်၏မိန့်တော်မူချက်ဖြစ်သည့် "အကြင်သူသည် ငါ၌တည်၍---ထိုသူသည် များစွာသောအသီးကိုသီးတတ်၏" ဆိုသောအချက်ဖြင့် ဆက်စပ်ထားတော်မူပါသည်။

–၀–





**နိ၀င်ဘာ (၁၇)**

### ကျွန်ုပ်တို့သည်ဝိညာဉ်တော်အားဖြင့်သာရှေ့သို့တက်လှမ်းကြပါသည်

## "ဘုရားသခင်၏အလုံးစုံသောလက်နက်အစုံတို့ကိုဝတ်ဆင်ကြပါ"

**"ထိုကြောင့် ခဲယဉ်းဆိုးယုတ်သောနေ့ရက်ကာလ၌ ဆီးတားနိုင်သဖြင့်၊ ကိစ္စအလုံးစုံတို့ကိုပြီးစီး၍ ခံရပ်နိုင်မည်အကြောင်း၊ ဘုရားသခင်ပြင်ဆင်တော်မူသောလက်နက်စုံကို ယူဆောင်ကြလော့" (ဧဖက် ၆း၁၃)။**

မည်သည့်အခြေအနေမျိုးများတို့၏အောက်၌ ကျရောက်ကြသည်ဖြစ်စေ၊ ကျွန်ုပ်တို့အနေဖြင့် ခရစ်တော်အပေါ်၌ထားရှိကြသော ယုံကြည်စိတ်ချမှုကို ထိန်းသိမ်းစောင့်ရှောက်ကြပါစို့။ သူသည် ကျွန်ုပ်တို့အတွက် အရာအားလုံးတို့တွင် ပထမဆုံးသော၊ နောက်ဆုံးသော ထို့အပြင်၊ အကောင်းဆုံးသောအရာအားလုံးအဖြစ် ကျွန်ုပ်တို့ထားရှိကြရပါမည်။ ကျွန်ုပ်တို့သည် ရွှင်လန်းဝမ်းမြောက်ခြင်းနှင့် ပျော်ရွှင်ခြင်းများတို့ကို ခံစားရသောအချိန်များတို့တွင်သာမက၊ အချိန်တိုင်းအချိန်တိုင်းတို့တွင် သူ၏ဂုဏ်တော်ကို ချီးမွမ်းခြင်းကို ကျွန်ုပ်တို့၏လျှာများအားဖြင့် ပြောဆိုကြရန်အတွက် ကျွန်ုပ်တို့ကိုယ်ကို ပညာပေးကြပါကုန်စို့။

ကျွန်ုပ်တို့၏စိတ်နှလုံးတို့ကို ဘုရားသခင်၏တန်ဖိုးရှိလှစွာသော ကတိတော်များတို့ဖြင့်ပြည့်နှက်အောင် သိုမှီးထားကြခြင်းဖြင့် ကျွန်ုပ်တို့သည် အခြားသောသူများတို့အား နှစ်သိမ့်မှုနှင့်ခွန်အားများဖြစ်စေသည့်စကားလုံးများတို့ဖြင့် ပြောဆိုနိုင်ကြမည်ဖြစ်သည်။ ဤနည်းဖြင့် ကျွန်ုပ်တို့သည် အကယ်၍ သစ္စာရှိကြပါက၊ ထာဝရတည်ရှိမည့်ကာလတစ်လျှောက်လုံး၌ ကျွန်ုပ်တို့နှင့် အတူတကွ အပေါင်းအသင်းဖြစ်ကြမည့် ကောင်းကင်တမန်တို့၏ပြောဆိုကြသောဘာသာစကားကို သင်ကြားနိုင်ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့်၊ အကျင့်စရိုက်ဆိုင်ရာ ကုံလုံပြည့်စုံမှုကိုရရှိကြရေးအတွက် နေ့စဉ်နေ့တိုင်း၊

တိုးတက်လုပ်ဆောင်မှုကို ပြုလုပ်ကြရမည်ဖြစ်ပြီး ခရစ်တော်ယေရှုသခင်၏ အဆင့်မြင့်လှသောအလုပ်အကိုင်နှင့်ပတ်သက်သည့် ဆုတံဆိပ်အထိမ်းအမှတ် ပြုရာနေရာဆီသို့သာ မမှိတ်မသုန်ဆက်လက်လုပ်ဆောင်ကြပါက၊ ထိုတိုးတက် လုပ်ဆောင်မှုကို ကျွန်ုပ်တို့က အမှန်တကယ်လုပ်ဆောင်လာကြမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် စာတန်မာရ်နတ်၏ကြီးမားလှသော စွမ်းအင်အကြောင်းကို မပြောဆိုမိကြရန်နှင့် ဘုရားသခင်၏ကြီးမားလှသော ဘုန်းတန်ခိုးတော် အကြောင်းကိုသာ ပြောဆိုကြရန် အရေးကြီးပါသည်။

အသက်ဝိညာဉ်တိုင်းတွင် အောင်မြင်မှုအတွက် စိတ်အားထက်သန်စွာဖြင့် ရန်းကန်လှုပ်ရှားမှုပြုကြသော စွမ်းအားနှစ်ခုရှိပါသည်။ စာတန်မာရ်နတ် ဦးစီးသော ယုံကြည်ခြင်းမရှိသည့် အဆင့်မြင့်အရာရှိများပါဝင်သည့် တပ်ဖွဲ့များတို့သည် ကျွန်ုပ်တို့၏ခွန်အားအရင်းအမြစ်နှင့် ကျွန်ုပ်တို့အားအဆက်အသွယ်ဖြတ်တောက်ရန် အစီအစဉ်လုပ်ဆောင်ကြပါသည်။ ခရစ်တော်ဦးဆောင်တော်မူသော ယုံကြည်သူအဆင့်မြင့်အရာရှိများပါဝင်သည့် တပ်ဖွဲ့များတို့သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်ပတ်သက်သည့် စာရေးဆရာနှင့်အပြီးသတ်သူများ ဖြစ်ကြပါသည်။ ကောင်းကင်ဘုံစကြဝဠာတို့၏မြင်ကွင်းတွင် ပဋိပက္ခအသွင်ဆောင်မှုသည် ဆက်လက်ဖြစ်ပေါ်နေပါသည်။ ဤပဋိပက္ခသည် လက်တစ်ကမ်းအနီးကပ်တိုက်ပွဲဖြစ်သည့်အလျောက်၊ ကြီးမားသောမေးခွန်းအဖြစ် မည်သူသည် အပြီးသတ်အောင်နိုင်သည့်အနေအထားကို ရယူနိုင်မည်နည်းဆိုသည့် မေးခွန်းမျိုး ပေါ်ထွက်လာပါသည်။ ဤမေးခွန်းကို တစ်ဦးချင်းအနေဖြင့် ကိုယ်ပိုင်သာဆုံးဖြတ်ကြရပါမည်။ ဤစစ်မှုရေးရာတွင် လူတိုင်းလူတိုင်းသည် မိမိတို့ကျရာနေရာတစ်ခုစီ၌ ပါဝင်တိုက်ခိုက်ရကြမည်ဖြစ်ပြီး တစ်ဖက်ကို (သို့မဟုတ်) အခြားသောသူကို တိုက်ခိုက်ကြရပါမည်။ ဤပဋိပက္ခမှနေပြီး မည်သူမျှမလွတ်ကင်း၊ မလွတ်မြောက်နိုင်ကြပါ။ ဤပဋိပက္ခအတွက် ကြိုတင်ပြင်ဆင်မှုရှိကြရန်၊ ကျွန်ုပ်တို့အားလုံးက တိုက်တွန်းခြင်းခံနေရကြပါသည်။ ရှင်ပေါလုက (ဧဖက် ၆း၁၀၊၁၁) တွင် ဩဝါဒပေးထားသည်မှာ၊ “--- သခင်ဘုရားအားဖြင့်လည်းကောင်း၊ တန်ခိုးတော်အရှိန်အားဖြင့်လည်းကောင်း



ခိုင်ခံ့ခြင်းရှိကြလော့။ မာရ်နတ်၏ပရိယာယ်တို့ကို ဆီးတားနိုင်မည်အကြောင်း ဘုရားသခင်ပြင်ဆင်တော်မူသော လက်နက်စုံကိုဝတ်ဆောင်ကြလော့” ဟူ၍ ဖြစ်ပြီး၊ သူကဆက်လက်၍ အထက်ခေါင်းစီးပါကျမ်းချက်ဖြစ်သည့်၊ “ခဲယဉ်းဆိုးယုတ်သောနေ့ရက်ကာလ၌ ဆီးတားနိုင်သဖြင့် ကိစ္စအလုံးစုံတို့ကိုပြီးစီး၍ ခံရပ်နိုင်မည်အကြောင်း ဘုရားသခင်ပြင်ဆင်တော်မူသောလက်နက်စုံကို ယူဆောင်ကြလော့” ဟူ၍ ထပ်မံ၍သတိပေးခဲ့ပါသည်။

သူ၏အပေါ်၌ သစ္စာစောင့်သိကြသောသူတို့အားလုံးတို့ထံသို့ ကောင်းကင်နှင့်မြေကြီးပေါ်၌ ရှိသမျှသောတန်ခိုးတော်ကို အပ်နှင်းခံရတော်မူသောသူဖြစ်သည့် ခရစ်တော်သည် အကူအညီပေးရန်လာရောက်တော်မူပါလိမ့်မည်။

-o-

## နိဝင်ဘာ (၁၈)

### ခရစ်တော်အားဖြင့်လူတို့၏ပြည့်ဝသောအရေးပါမှုအနေအထားသို့ ကျွန်ုပ်တို့ကြီးပြင်းလာကြပါသည်

### “ဘုရားသခင်သည်သူ၏ကောင်းမြတ်သောရှင်လန်းတော်မူခြင်းအတွက် ကျွန်ုပ်တို့၌လုပ်ဆောင်တော်မူပါသည်”

**“–––ကြောက်ရွံ့တုန်လှုပ်သောစိတ်နှင့် ကိုယ်ကိုကယ်တင်ခြင်းငှာ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့။ အကြောင်းမူကား၊ သင်တို့သည် အလိုရှိစေခြင်းငှာလည်းကောင်း၊ အကျင့်ကျင့်စေခြင်းငှာလည်းကောင်း သင်တို့အထဲ၌စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူကား၊ ဘုရားသခင်ပေတည်း” (ဖိလိပ္ပိ ၂း၁၂၊၁၃)။**

ငယ်ရွယ်သေးသောကလေးသူငယ်တို့သည် သူတို့၏မိဘတို့နှင့် ဆက်ဆံကြသည့်ပုံစံနှင့် အလားတူသောဆက်ဆံမှုမျိုးဖြင့် ကျွန်ုပ်တို့နှင့် ဘုရားသခင်၏ဆက်ဆံရေးသည် တူညီမှုရှိပါသည်။ သူတို့၏သားသမီးများ အပေါ် ချစ်လှစွာသောမိဘများတို့က စောင့်ကြည့်သည့်နည်းတူ၊ ကောင်းကင်ဘုံရှင်ဘုရားသခင်သည် သူ၏လူတို့ကို စောင့်ကြပ်ကြည့်ရှုတော်မူပါသည်။ ငယ်ရွယ်သောကလေးသူငယ်များ စဉ်းစားဉာဏ်မရှိလှကြသေးသကဲ့သို့ သူ၏ ခြေရာတော်များအတိုင်း ကျွန်ုပ်တို့လိုက်လျှောက်လိုကြသော စိတ်ဆန္ဒကိုပြသကြသည့်အချိန်ရောက်သည်အထိ ဘုရားသခင်က မည်သည့်အရာကိုကျွန်ုပ်တို့အား သင်ကြားပေးရန်စောင့်ဆိုင်းတော်မူခြင်းကို ကျွန်ုပ်တို့အနေဖြင့် အမှန်တကယ်စတင်သိရှိခြင်းမရှိသေးသောအချိန်တွင် ကျွန်ုပ်တို့သည် အရာအားလုံးတို့ကိုသိရှိကြပါသည် ဆိုသည့်အတွေးမျိုး၊ ကျွန်ုပ်တို့စိတ်ထဲတွင် အလွယ်တကူဝင်ရောက်လာတတ်ပါသည်။

ကျွန်ုပ်တို့သည် မိမိကိုယ်ကိုမိမိ ဖြောင့်မတ်ခြင်းရှိသည်ဟုထင်သောအနေအထားမှ လျှောဆင်းလာပြီး ငယ်ရွယ်သောကလေးငယ်များက ဘုရားသခင်၏အမှုတော်ကို ကိုင်စွဲကြသကဲ့သို့ ကျွန်ုပ်တို့လုပ်ဆောင်ကြမည်လား။ သူ၏သင်ကြားပို့ချမှုနှင့်ဦးဆောင်မှုတို့ကို လိုက်လျောကြပါမည်လား။ ယိမ်းယိုင်သည့်ခြေလှမ်းများဖြင့် ကျွန်ုပ်တို့သည် ယခုမှစပြီး လျှောက်လှမ်းကြရပါမည်။ အနှေးနှင့်အမြန် ကျွန်ုပ်တို့သည် ခိုင်မြဲသောခြေလှမ်းများကို ရယူနိုင်ရန် သင်ကြားကြရမည်ဖြစ်သော်လည်း ယခုတွင် ကျွန်ုပ်တို့သည် အချိန်မရွေးခလုတ်တိုက်မိပြီး လဲကျသွားနိုင်သောအနေအထားတွင် ရှိကြပါသည်။ အကူအညီမဲ့နေကြသော ကလေးသူငယ်များတို့သည် အားနည်းချက်များရှိကြပြီး ဒုက္ခများခံစားကြရသကဲ့သို့ အမြင့်ဆုံးသောအနေအထားမှ အနိမ့်ဆုံးသောအနေအထားအထိရှိနေကြသော ကျွန်ုပ်တို့သည်လည်း ဝိညာဉ်ရေးဆိုင်ရာအားနည်းချက်များနှင့် ဒုက္ခဆင်းရဲခြင်းတို့နှင့်တွေ့ကြုံရင်ဆိုင်ကြရပါသည်။ ဤကဲ့သို့သောအတွေ့အကြုံမရှိကြသော ကလေးသူငယ်များတို့သည် ဒုက္ခဆင်းရဲခြင်းများနှင့်ကြုံတွေ့လာရပါက တစ်ဦးအပေါ်တစ်ဦးမှီခိုအားထားကြ၍မရသည်အလျောက် သူတို့၏မိဘများအပေါ်တွင် မှီခိုအားထားကြရသကဲ့သို့ ကျွန်ုပ်တို့သည်လည်း ကျွန်ုပ်တို့၏အကူအညီမဲ့နေကြသော အသက်ဝိညာဉ်တို့အတွက် လူသားအချင်းချင်းတို့တွင်မမှီခိုကြဘဲ၊ လုံခြုံမှုအတွက် သန်မာတောင့်တင်းသောသူဖြစ်တော်မူသည့် ခရစ်တော်ကိုသာ တွယ်ဖက်ထားကြရပါမည်။

ကျွန်ုပ်တို့သည် သူ့အားကြောက်ရွံ့သောသဘောဖြင့် ကျွန်ုပ်တို့၏ လှုပ်ရှားမှုများကိုပြုလုပ်ကြရန်နှင့် သူ၏ရှေ့တော်မှောက်တွင် တုန်လှုပ်သောသဘောဖြင့်လျှောက်လှမ်းရန် ဘုရားသခင်က ကျွန်ုပ်တို့အားတောင်းဆိုတော်မူပါသည်။ သူက၊ “ကြောက်ရွံ့တုန်လှုပ်သောသဘောဖြင့် သင်၏ကယ်တင်ခြင်းကိုရယူရန်လုပ်ဆောင်ပါ” ဟူ၍ ဘုရားသခင်ကမိန့်တော်မူပါသည်။

ခရစ်တော်ချပြတော်မူသောလမ်းကြောင်းများအတိုင်း ကျွန်ုပ်တို့လုပ်ဆောင်ကြသမျှကာလပတ်လုံး၊ ခွန်အားနှင့်ပြည့်စုံသည့် သူ၏လက်ရုံးတော်အတွင်း ထွေးပိုက်ထားမှုခံရသမျှ၊ ကျွန်ုပ်တို့သည် လုံခြုံမှုကိုရရှိကြမည်ဖြစ်သော်လည်း သူ၏လက်ရုံးတော်ကို ကိုင်ဆွဲထားခြင်းကို ဖြေလျော့လိုက်

သည်နှင့်တစ်ပြိုင်တည်း၊ ထို့အပြင်၊ လူသားတို့အပေါ်တွင်သာ စတင်မှီခိုအားထားလာကြပါက ကျွန်ုပ်တို့သည် ကြီးမားသောအန္တရာယ်အတွင်းသို့ ရောက်ရှိကြမည်ဖြစ်ပါသည်။ ယခင်က ကျွန်ုပ်တို့ရှိနေသည့်အနေအထားထက် မြင့်မားသည့်အနေအထားမျိုးကို ယနေ့အချိန်အခါတွင် ကျွန်ုပ်တို့ရောက်ရှိသွားရန် ထာဝရဘုရားကအလိုဆန္ဒရှိတော်မူပါသည်။ နေ့စဉ်နှင့်အမျှ ကျွန်ုပ်တို့သည် မြင့်မားသည်ထက်မြင့်မားသောအနေအထားသို့ ရှေ့တိုးကြရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် "သင်တို့သည် အထံတော်၌စုံလင်ခြင်းရှိကြသည်" ဆိုသည့် အပြောအဆိုမျိုးဖြင့် အသိအမှတ်ပြုခံရသည်အထိ ဆက်လက်ရှေ့တိုးကြရပါမည်။

–o–



**နိဝင်ဘာ (၁၉)**

### ခရစ်တော်အားဖြင့်လူတို့၏ပြည့်ဝသောအရေးပါမှုအနေအထားသို့ ကျွန်ုပ်တို့ကြီးပြင်းလာကြပါသည်

## "ကလေးကလားဆန်သောအရာများတို့ကို ကျွန်ုပ်တို့ပယ်ရှောင်ကြပါသည်"

**"ငါသည် သူငယ်ဖြစ်စဉ်အခါ သူငယ်လိုစကားပြော၏။ သူငယ်လိုစိတ်ထင်၏။ သူငယ်လိုကြံစည်၏။ အသက်ကြီးသောအခါမူကား၊ သူငယ်၏အရာများကိုငါပယ်ရှား၏" (၁ကော ၁၃:၁၁)။**

ဝိညာဉ်ရေးနှင့်ပတ်သက်သောအရာများတို့တွင် ကျွန်ုပ်တို့သည် အသိဉာဏ်ဗဟုသုတနှင့်အတွေ့အကြုံများတို့ကို ကလေးဘဝအခြေအနေမျိုး၌တွင်သာ အစဉ်အမြဲကျန်ရစ်မနေမိရန် လိုအပ်ပါသည်။ ခရစ်တော်ကိုလတ်တလောလက်ခံသော သူ၏အပြောအဆိုမျိုးဖြင့် ကျွန်ုပ်တို့သည် မိမိအကြောင်းကို မိမိ အစဉ်အမြဲထုတ်ဖော်ပြောဆိုရန်မလိုဘဲ၊ ကျွန်ုပ်တို့အနေဖြင့် ဆုတောင်းခြင်းများနှင့်သွေးဆောင်နှိုးဆော်မှုများတို့ဖြင့် အသိဉာဏ်ကိုတိုးပွားစေကာ ဤသို့ဖြင့်သမ္မာတရားတော်၌ ကျွန်ုပ်တို့သည် အတွေ့အကြုံတိုးတက်မှုကို ရရှိကြပေမည်။ အသက်ခြောက်နှစ်အရွယ်၊ ဆယ်နှစ်အရွယ်ရှိသော ကလေးငယ်တို့၏ပြောဆိုသောစကားတို့သည် ကျွန်ုပ်တို့အတွက် နှစ်လိုဖွယ်ရာမဖြစ်နိုင်သည့်အပြင် အရွယ်ရောက်လာသောအသက်အရွယ်သို့ ရောက်ရှိကြသောသူတို့အတွက် ကလေးကလားဆန်သောအသိဉာဏ်မျိုးဖြင့် ထုတ်ဖော်ပြောဆိုသောစကားများတို့သည် မည်မျှစိတ်မချမ်းမြေ့စရာဖြစ်မည်ကို စဉ်းစားကြည့်နိုင်ပါသည်။ လူတစ်ယောက်သည် အသက်အရွယ်ရလာသည်နှင့်အမျှ၊ သူ၏လက်ရှိအသက်အရွယ်နှင့်အခွင့်အလမ်းများပေါ်မူတည်ပြီး ကျွန်ုပ်တို့သည် သူ့ထံမှလိုက်လျောညီထွေမှုရှိသည့် အသိဉာဏ်မျိုးကို မျှော်မှန်းကြပါသည်။

သို့သော်လည်း ကလေးသူငယ်တစ်ယောက်ကသာ ရရှိလာသောအသက်ကြီးလာမှုအပေါ်မူတည်ပြီး သူ့ထံမှဤကဲ့သို့သောဖွံ့ဖြိုးလာသည့်အသိဉာဏ်ကိုပြသနိုင်သည့်အနေအထားမျိုးကို အကယ်၍သာ ကျွန်ုပ်တို့ကမျှော်လင့်ချက်ထားသည်ဆိုလျှင် ကျေးဇူးတော်နှင့်အတွေ့အကြုံဖွံ့ဖြိုးမှုအနေအထားကို ခရစ်ယာန်များတို့ထံမှ ကျွန်ုပ်တို့က မျှော်လင့်ချက်မထားသင့်ကြပေဘူးလား။

ကျွန်ုပ်တို့ကို များစွာသောအသာစီးရမှုနှင့် အခွင့်အရေးအများအပြားတို့ကို ဘုရားသခင်ကပေးသနားတော်မူသည်အလျောက် နောက်ဆုံး၊ ကြီးကျယ်သောနေ့ကြီးသည် ကဏ္ဍာသစ်တစ်ရပ်ကိုဖွင့်လှစ်လိုက်သောအခါ ကျွန်ုပ်တို့သည် မည်သည့်အရာကိုရယူရကြမည်၊ ကောင်းကင်နိုင်ငံတော်က ကျွန်ုပ်တို့ကိုအလေးထားသည့်သဘောဖြင့် ပေးကမ်းလာသည့် မည်သည့်ကူညီမှုအခွင့်အထူးကိုရရှိကြမည်၊ ထို့အပြင် ကျွန်ုပ်တို့သည် ကျေးဇူးတော်၌မည်ကဲ့သို့ကြီးပွားမှုရှိလာသည်ကို မြင်တွေ့လာရသောအခါ ဤအရာများတို့အပေါ် ဘုရားသခင်ကအလေးထားသကဲ့သို့ ကျွန်ုပ်တို့က အလေးထားတတ်ကြရန်၊ အဆုံး၌ အမျိုးသားရောအမျိုးသမီးများတို့သည် ခရစ်တော်၌ပြည့်ဝသောအရေးပါမှုဆီသို့ ကြီးထွားလာရန် ကျွန်ုပ်တို့က ပျက်ကွက်ခြင်းကြောင့် ကျွန်ုပ်တို့မည်သည့်အရာကို ဆုံးရှုံးရကြသည်ကို သိမြင်လာကြသောအခါ ကျွန်ုပ်တို့အနေဖြင့် စိတ်အားထက်သန်မှုကို ပိုမိုလက်ကိုင်ထားကြရန် တောင့်တကြရပါမည်။

ဘုရားသခင်သည် သင်တို့အား သင်ကြားမှုကိုရယူခါစအနေအထား၌ နောက်ကျကျန်ရစ်ခြင်းကို အလိုတော်ရှိတော်မမူပါ။ သူသည် သူ၏အမှုတော်တွင် စိတ်ပိုင်းဆိုင်ရာမြတ်နိုးတန်ဖိုးထားခြင်းနှင့် ရှင်းလင်းကြည်လင်သောပိုင်းခြားနားလည်နိုင်မှုတို့၏လမ်းကြောင်းများအတွင်းမှ အရာအားလုံးတို့ကို သင်တို့ရယူနိုင်ရေးကို အလိုတော်ရှိတော်မူပါသည်။ သူသည် သင်တို့အား လောကားထစ်၏အမြင့်ဆုံးသောအထစ်ဆီသို့ ရောက်ရှိသွားပြီးနောက် ဘုရားသခင်၏နိုင်ငံတော်သို့ အရောက်လှမ်းတက်သွားကြရန် ဆန္ဒရှိတော်မူပါသည်။



ထာဝရဘုရားသည် သင်တို့အား အမြင့်ဆုံးသောအရပ်၏သားတော်သမီးတော်များအဖြစ် သင်တို့ပိုင်ဆိုင်ထားကြသောအနေအထားကို သင်တို့နားလည်သဘောပေါက်ကြရန် ဆန္ဒရှိတော်မူသည့်အပြင် သင်တို့သည်ကောင်းကင်ဘုံအရှင်ဘုရင်ကြီး၏သားသမီးတော်များဖြစ်ကြကြောင်းကို နားလည်ထားကြစေလိုတော်မူပါသည်။

–o–

## နိဝင်ဘာ (၂၀)

### ခရစ်တော်အားဖြင့်လူတို့၏ပြည့်ဝသောအရေးပါမှုအနေအထားသို့ ကျွန်ုပ်တို့ကြီးပြင်းလာကြပါသည်

### “ခရစ်တော်၌ကျွန်ုပ်တို့သည်ရှင်သန်ကြီးပြင်းလာကြပါသည်”

**“အကြောင်းမူကား၊ သူတစ်ပါးတို့သည် လူပရိယာယ်နှင့် အပြစ်သို့သွေးဆောင်ခြင်းငှာ လှည့်ဖြားပြောဆိုသဖြင့်၊ ငါတို့သည် နောက်တစ်ဖန် ခပ်သိမ်းသောဩဝါဒလေတိုက်၍ဖရိုဖရဲလွင့်သွားသော သူငယ်မဖြစ်ဘဲလျက်၊ မေတ္တာစိတ်နှင့်သမ္မာတရားကိုဟောပြောသဖြင့် ဦးခေါင်းတည်းဟူသော ခရစ်တော်မှာ အရာရာတို့၌ ကြီးပွားကြမည် အကြောင်းတည်း” (ဧဖက် ၄း၁၄၊၁၅)။**

သင့်အနေဖြင့် သင်၏ကိုယ်ပိုင်ဩဇာတိက္ကမကို လျော့နည်းသွားအောင်မလုပ်နိုင်သည့်အပြင်၊ အခြားသောသူနှင့်တစ်ဦးကိုတစ်ဦး အားနည်းမှုရှိသွားအောင်လုပ်ဆောင်ရေးအတွက် မရပ်တည်နိုင်ပါ။

သင်၏ညီနောင်သားချင်းတို့အပေါ် ကျေနပ်နှစ်သိမ့်မှုကို စဉ်ဆက်မပြတ်ထားရှိပါ။ သို့မဟုတ်ပါက၊ သင်သည် မကောင်းမှုကိုတွေးတောမိပါက မကောင်းသောစကားကိုသာပြောမိပေမည်။ အကယ်၍ သင်သည် ဘုရားသခင်၌ခိုင်ခံ့သင့်သောအချိန်တွင် အထက်ပါအတိုင်း မကောင်းမှုကိုတွေးမိပြီး မကောင်းသောစကားကိုပြောဆိုမိလာပါက သင်သည် သင့်ကိုယ်ကိုထိခိုက်အောင် လုပ်မိသလိုဖြစ်ပြီး သင့်ကိုယ်ကိုဆုတ်ယုတ်သွားအောင် လုပ်သလိုဖြစ်ပေမည်။

အခြားသောသူတို့၏အပြုအမူများတို့ကို တိုင်းထွာခြင်း (သို့မဟုတ်) သူတို့၏ကျဆုံးမှုတို့ကို ဝေဖန်အပုတ်ချခြင်းအလုပ်သည် ကျွန်ုပ်တို့၏အခွင့်ထူးမဟုတ်ပါ။ အခြားသူတို့၏အပြစ်များတို့ကိုခံယူသူများအဖြစ် ကျွန်ုပ်တို့အား ဘုရားသခင်ကလုပ်ဆောင်တော်မူခဲ့ခြင်းမရှိပါ။ ကျွန်ုပ်တို့ကိုယ်၌က



ဤကဲ့သို့လုပ်ဆောင်ကြခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် နှောင်တရခြင်းအလုပ်ကို ပိုမိုပြီးလုံးလုံးလျားလျားလုပ်ဆောင်ကာ ကျွန်ုပ်တို့၏ကိုယ်ပိုင်အသက်တာတို့ကို ပြုပြင်ပြောင်းလဲပစ်လေလေ၊ တစ်ပါးသောသူတို့အပေါ် ဝေဖန်အပုတ်ချလိုသောအမြင်မျိုးနည်းပါးလာလေလေဖြစ်ပေမည်။ တစ်ပါးသောသူတို့အပေါ် သူတို့၏အပြစ်အနာအဆာတို့ကိုကြည့်ပြီး ကျွန်ုပ်တို့ကိုယ်ကို သူတို့နှင့်တိုင်းတာမှုလုပ်ခြင်းသည် ကျွန်ုပ်တို့အနေဖြင့် အမှားကိုပြုလုပ်ခြင်းပင်ဖြစ်ပါသည်။ ဤကဲ့သို့သောတိုင်းတာနှိုင်းယှဉ်မှုမျိုးကို ဘုရားသခင်ကလုပ်တော်မမူပါ။ အသက်တာတိုင်းတို့၏ပတ်ဝန်းကျင်အခြေအနေတို့ကိုနားလည်တော်မူပြီး လူသားတို့ကိုတိုင်းတာနှိုင်းယှဉ်ရာတွင် လူတိုင်းလူတိုင်း၏ခရစ်ယာန်ဆိုင်ရာ အကျင့်စရိုက်ပြည့်စုံမှုအပေါ်မူတည်ပြီး ထိုသူ၏အခွင့်ထူးအသာစီးရမှုကို သတ်မှတ်ပေးတော်မူပါသည်။ လူသားကိုယ်စားလှယ်က ရယူနိုင်မည့် ဘုရားသခင်၏အသိဉာဏ်နှင့် သမ္မာတရားတော်တို့ကို ရရှိနိုင်သည့်အခွင့်အရေးအတွက် သူကိုယ်တော်တိုင် ဆုံးဖြတ်ချက်ကိုချမှတ်တော်မူပါသည်။ ဘုရားသခင်၏ပညတ်တရားတော်အပေါ် မှန်ကန်သောထင်မြင်ယူဆချက်ကို ချမှတ်နိုင်သောသူသည် သူ၏အကျင့်စရိုက်ကို တိုင်းတာနှိုင်းယှဉ်ရာတွင် အခြားသူတို့၏အကျင့်စရိုက်တို့နှင့် တိုင်းတာနှိုင်းယှဉ်ခြင်းမပြုကြပါ။ သူ၏အသက်တာကို ဘုရားသခင်၏ပညတ်တရားတော်အားဖြင့်သာ ဆုံးဖြတ်တတ်ပါသည်။

သူ၏တပည့်တော်တို့အတွက် ပေးတော်မူခဲ့သောညွှန်ကြားချက်တွင် မကောင်းသောအမှုအရာကို အမြစ်ပြတ်ချေမှုန်းခြင်းအလုပ်ကို မည်ကဲ့သို့လုပ်ဆောင်ကြရမည်ကို ကယ်တင်ရှင်ခရစ်တော်က မိန့်တော်မူခဲ့ပါသည်။ ထိုမိန့်တော်မူချက်ကို (မဿဲ ၅း၂၉) တွင် “ထိုကြောင့် လက်ယာမျက်စိဖြစ်သော်လည်း သင့်ကိုမှားယွင်းစေလျှင် ထိုမျက်စိကိုထုတ်ပစ်လော့” ဟူ၍ဖော်ပြထားပါသည်။

ကျွန်ုပ်တို့အနေဖြင့် ခရစ်တော်၏အကျင့်စရိုက်တော်မျိုး ပြည့်စုံခြင်းရှိစေရေးအတွက် စဉ်ဆက်မပြတ်သော တိုးတက်လုပ်ဆောင်မှုမျိုးကို လုပ်ဆောင်

ကြခြင်းဖြင့် အထက်ခေါင်းစီးပါကျမ်းချက်ဖြစ်သော "သူတစ်ပါးတို့သည် လူပရိယာယ်နှင့် အပြစ်သို့သွေးဆောင်ခြင်းငှာ လှည့်ဖြားသွေးဆောင်သဖြင့် ငါတို့သည် နောက်တစ်ဖန်ခပ်သိမ်းသောဩဝါဒလေတိုက်၍ ဖရိုဖရဲလွင့်သွားသောသူငယ်မဖြစ်ဘဲလျက်၊ မေတ္တာစိတ်နှင့် သမ္မာတရားကိုဟောပြောသဖြင့် ဦးခေါင်းတည်းဟူသောခရစ်တော်မှာ အရာရာတို့၌ကြီးပွားကြမည်အကြောင်းတည်း" ဆိုသည့်အတိုင်း ကျွန်ုပ်တို့အနေဖြင့် ခံစားကြရပေမည်။

ရှင်သန်ကြီးပြင်းလာမှုသည် ရပ်နားခြင်းမရှိသောအလုပ်ဖြစ်ပါသည်။

–o–



နိဝင်ဘာ (၂၁)

## ခရစ်တော်အားဖြင့်လူတို့၏ပြည့်ဝသောအရေးပါမှုအနေအထားသို့ ကျွန်ုပ်တို့ကြီးပြင်းလာကြပါသည်

## "ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည်အတိုင်းထက်အလွန် ရှင်သန်ကြီးထွားလာပါသည်"

**"ညီအစ်ကိုတို့၊ သင်တို့၏ယုံကြည်ခြင်းသည် အလွန်တိုးပွား၍ လူတိုင်းအသီးသီးတို့သည် အချင်းချင်းချစ်ခြင်းမေတ္တာနှင့် ပြည့်စုံကြသည်ဖြစ်၍၊ ငါတို့သည် ပြုသင့်သည်အတိုင်း သင်တို့ကြောင့် ဘုရားသခင်၏ကျေးဇူးတော်ကို အစဉ်မပြတ်ချီးမွမ်းကြ၏" (၂သက် ၁း၃)။**

ခရစ်တော်သခင်ယေရှု၌ အမျိုးသားများရောအမျိုးသမီးများပါ ပြည့်ဝသောအရည်အချင်းမျိုးသို့ ရောက်ရှိကြီးပြင်းလာအောင် သမ္မာတရားတော်ကို ယုံကြည်ကြသောသူတို့သည် ရပ်နားခြင်းမရှိသောတိုးတက်မှုကို လုပ်ဆောင်ကြရေးမှာ အပြုသဘောဆောင်လှသော လိုအပ်ချက်ဖြစ်ပါသည်။ ယုတ်လျော့နိမ့်ကျရန်နှင့် ဥပေက္ခာပြုခြင်းများအတွက် အချိန်မရှိပါ။ ဘုရားသခင်၏အရာများတို့တွင် လူတိုင်းလူတိုင်းသည် ရှင်သန်သောအတွေ့အကြုံမျိုးရှိရပါမည်။ သင်တို့ကိုယ်တိုင်သာ အမြစ်တွယ်ဆင်းပါ။ ယုံကြည်ခြင်းမြေထဲ၌ အမြစ်တွယ်အခြေခိုင်ပြီးပါက ဘုရားသခင်အပေါ်၌ရှိသော မယိမ်းမယိုင်သည့် မိမိကိုယ်ကိုမိမိ ယုံကြည်စိတ်ချမှုလမ်းကြောင်းပေါ် ရပ်တည်ကြကာ၊ လူတိုင်းလူတိုင်းတို့၏အလုပ်အကျင့်စရိုက်တို့အတွက် သင်တို့အားလုံးသည် လုံလောက်သောအချိန်အတွင်း အပြီးအပိုင်လုပ်ဆောင်နိုင်ကြပေမည်။ ဘုရားသခင်၏နှုတ်တော်ထွက်အရာများတို့၏လေးနက်မှုကို အသိအမှတ်ပြုပြီး ခွန်အားတစ်ခုမှနောက်ခွန်အားတစ်ခုအားဖြင့် ဆက်လက်လုပ်ဆောင်နိုင်ကြသည့်တိုင်အောင် သင်တို့၏စွမ်းအားတို့ကို ဝိညာဉ်တော်အရာများအားဖြင့် လေ့ကျင့်ကြပါ။

ရှေ့သို့တက်လှမ်းသည့်ခြေလှမ်းများကို တစ်လှမ်းမျှမလှမ်းဘဲလျက် သမ္မာတရား၏အလင်းကို တောင်းခံကြသောသူများ၊ ထောင်ပေါင်းများစွာ ရှိကြပါသည်။ သူတို့သည် အသာစီးအခွင့်ထူးတိုင်းကို ရရှိထားကြသည့်တိုင် ရှင်သန်နေသောအတွေ့အကြုံမျိုး လုံးဝမရှိကြပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို စိတ်အားထက်သန်စွာဖြင့် ကြိုးပမ်းတောင်းခံကြသောသူတို့အား ထိုနှုတ်ကပတ်တော်က ဝိညာဉ်ရေးလွတ်ခြင်းချမ်းသာနှင့် ဉာဏ်အမြင်ပွင့်လာစေမှုတို့ကို ပေးကမ်းပါသည်။ ဘုရားသခင်၏ကတိတော်များတို့ကိုလက်ခံကြပြီး၊ ရှင်သန်နေသောယုံကြည်ခြင်းဖြင့် ထိုကတိတော်များအတိုင်း ပြုမူကျင့်ကြံကြသောသူတို့သည် သူတို့၏အသက်တာများတွင် ကောင်းကင်ဘုံဆိုင်ရာအလင်းတရားကို ရရှိကြပါလိမ့်မည်။ သူတို့သည် အသက်စမ်းရေကိုသောက်ရကြပြီး သူတို့၏ကိုယ်ပိုင်အသက်ဝိညာဉ်ကို ပြန်လည်လန်းဆန်းမှုရှိစေသည့် အသက်စမ်းရေဆီသို့ အခြားသောသူတို့ကို ဦးဆောင်၍ပို့ဆောင်ကြလိမ့်မည်။

သံသယအသီးများဆိုသည်မှာ နှစ်လိုဖွယ်ရာမရှိပါ။ ဆိုးညစ်သောသူကြောင့် ကသောင်းကနင်းဖြစ်နေသည့် သင်တို့၏ပတ်လေးလည်ကိုကြည့်လိုက်ကြပါဦး။ လူသားတို့၏ဖောက်ပြန်နေသောစိတ်နှလုံးများထဲတွင် မှားယွင်းမှုနှင့်မုသားစကားများ၊ ထို့အပြင် မိစ္ဆာဒိဋ္ဌိအယူတို့သည် ကြီးကျယ်သောပွဲလမ်းသဘင်လို ဆင်ယင်ကျင်းပကြပါသည်။

ရာစုနှစ်တစ်ခုမှ နောက်ရာစုနှစ်တစ်ခုသည့်တိုင် ရန်သူသည် တိုးတက်သောအောင်မြင်မှုဖြင့် သူ၏လက်တွေ့စမ်းသပ်မှုများကို ထပ်ခါတလဲလဲလုပ်ဆောင်သည့်အလျောက်၊ ပိုးဖလံတို့သည် မီးရှိရာသို့ပျံသန်းသွားကြသကဲ့သို့ အမှောင်ထုထဲသို့ထွက်သွားသော အသက်တာများတို့၏ဝမ်းနည်းဖွယ်ရာမှတ်တမ်းများရှိစေကာမူ ထိုရန်သူက လူသားတို့ကိုထောင်ချောက်ဆင်ထားသော ပျက်စီးစေသည့်လှည့်စားမှုများအတွင်းသို့ လူသားတို့သည် အတင်းတိုးဝင်သွားကြပါသည်။ ခရစ်တော်က (မဿဲ ၂၄း၃၅) တွင်



"ကောင်းကင်နှင့်မြေကြီးမတည်သော်လည်း" သခင်ဘုရား၏စကားတော်သည် အစဉ်အမြဲတည်လိမ့်မည် ဆိုသည့်အကြောင်းကို မိန့်တော်မူသည်အလျောက်၊ ထိုနှုတ်တော်ထွက်တွင် မယိမ်းမယိုင်သောယုံကြည်မှုသည်သာလျှင် နောက်ဆုံးသောနေ့ရက်များ၌ ကျရောက်မည့်အန္တရာယ်အတွင်း၌ ခံရပ်နိုင်မည့်ယုံကြည်ခြင်းဖြစ်ပါသည်။

–ဝ–

## နိဝင်ဘာ (၂၂)

### စရစ်တော်အားဖြင့်လူတို့၏ပြည့်ဝသောအရေးပါမှုအနေအထားသို့ ကျွန်ုပ်တို့ကြီးပြင်းလာကြပါသည်

### "ထူးချွန်ရန်အတွက်ကြိုးပမ်းလုပ်ဆောင်ပါ"

**"သို့ဖြစ်၍ သင်တို့သည် ဝိညာဉ်ဆုကျေးဇူးတော်တို့ကို အလွန်အလိုရှိကြသည်တွင် အသင်းတော်ကိုတည်ဆောက်ခြင်း၌ ကြွယ်ဝပြည့်စုံမည်အကြောင်း ကြိုးစားကြလော့" (၁ကော ၁၄း၁၂)။**

ကြီးမားသောလုပ်ဆောင်မှုမပါဘဲ ထူးချွန်ထက်မြက်မှုကိုမရရှိနိုင်ကြောင်းကို လူငယ်လူရွယ်တို့သည် ငယ်စဉ်ကလေးဘဝမှစတင်ပြီး၊ သင်ကြားပို့ချမှုကိုခံယူကြပါစေ။ ထင်ပေါ်ကျော်ကြားမှုအတွက် ပြင်းပြသောစိတ်ဆန္ဒသည် အကျိုးဖြစ်ထွန်းမှုမရှိနိုင်ပါ။ ငယ်ရွယ်သောမိတ်ဆွေသူငယ်ချင်းတို့ခင်ဗျား၊ မတ်တတ်ရပ်နေရုံဖြင့် တောင်ထိပ်ပေါ်သို့မရောက်နိုင်ကြသည့်အလျောက် သင့်ကိုယ်ကိုတောင်ထိပ်ပေါ်သို့ ရောက်လိုသောစိတ်ဆန္ဒကိုထားရှိပါ။ ဖြစ်နိုင်ပါက တစ်ကြိမ်ကိုခြေတစ်လှမ်းဖြင့် ဖြည်းညင်းစွာရှေ့သို့တက်လှမ်းခြင်းဖြင့်သာ သင်၏ရည်မှန်းချက်ကိုရယူနိုင်မည်ဖြစ်သော်လည်း သင်လှမ်းသောခြေလှမ်းတိုင်းကို နောက်သို့ပြန်မဆုတ်ရေးအတွက် ရှိသည့်နေရာတွင် ခိုင်မြဲစွာတွယ်ကပ်ထားပါ။ ၎င်းသည် လှုပ်ရှားတက်ကြွပြီးအပတ်တကုတ်ကြိုးပမ်းလုပ်ဆောင်တတ်သော အဲ့(လ်ပ်စ်) (Alps) တောင်တန်းကို ကုတ်ကတ်တွယ်တက်ကြမည့် လုပ်သားများ၏စိတ်ဓာတ်မျိုးဖြစ်သည့်လူငယ်လူရွယ်တိုင်းတို့အနေဖြင့် မျက်မှောက်ခေတ်ကာလ၏အဆုံးစွန်သောအခွင့်အရေးများတို့ဆီသို့ ရောက်ရှိရေးအတွက် မိမိတို့၏အရည်အသွေးများတို့ကို အတတ်နိုင်ဆုံးတိုးတက်မှုရှိစေရကြပါမည်။ ဤကဲ့သို့သောလုပ်ဆောင်မှုမျိုးကို လုပ်ဆောင်မည့်သူသည် စိတ်ဓာတ်ပိုင်းနှင့်အသိဉာဏ်ပိုင်းတို့တွင်အမြင့်ဆုံးသောအနေအထားနီးပါးသို့ ကြိုးပမ်းရောက်ရှိပေမည်။ သို့သော်လည်း



သူသည်ရဲရင့်ပြီး ပြတ်သားသည့်စိတ်ဓာတ်မျိုးတို့ကို ပိုင်ဆိုင်ထားရပါမည်။ သူသည် အပျော်အပါးနှင့်ပတ်သက်သောအသံကို မကြားနိုင်ရန်အတွက်သူ၏နားများကိုပိတ်ထားရန်လိုအပ်ပြီး သူ၏ငယ်ရွယ်သော မိတ်ဆွေအပေါင်းအသင်းများတို့၏မြူဆွယ်မှုတို့ကို မကြာခဏငြင်းပယ်ရပါမည်။ သူ၏ရည်ရွယ်ချက်မှသွေဖည်သွားသောအနေအထားသို့ ရောက်ရှိသွားမည်ကိုစိုးရိမ်ရသောကြောင့် သူသည် စဉ်ဆက်မပြတ်သတိချပ်ပြီး ရပ်တည်ရပါမည်။

ထွန်ယက်စိုက်ပျိုးထားခြင်းမရှိသော မြေကွက်ကိုချန်ထားရစ်ခဲ့ခြင်းဖြင့် ထိုမြေကွက်၌ ဆူးပင်များနှင့်နှင်းဆီရိုင်းပင်များသာ ပေါက်ရောက်ကြပေမည်။ မြင်မကောင်းရှုမကောင်းဖြစ်ပြီး အဆိပ်ရှိသောပေါင်းပင်များတို့၏အပေါ်၌ ချစ်စဖွယ်ပန်းတစ်ပွင့် (သို့မဟုတ်) သေချာစွာရွေးချယ်ပြုလုပ်ထားသော ချုံရုံပေါက်ရောက်မှုကို သင်သည် မည်သည့်အခါမျှ တွေ့မြင်ရမည်မဟုတ်ပါ။ အသုံးပြုနိုင်လောက်အောင်တန်ဖိုးရှိသော (သို့မဟုတ်) အနုပညာလက်ရာအတွက် အသေးစိတ်လိုအပ်သော အလှအပအတွက်အသုံးပြုနိုင်သည့်အပင်များလိုအပ်နေချိန်တွင် တန်ဖိုးမရှိသော ရှမ်းဆီးသီးဆူးချုံရိုင်းတို့သည်မတွေးထင်၊ သတိမထားမိသောအချိန်တွင် ပေါများစွာပေါက်ရောက်ကြပေလိမ့်မည်။ ဤနည်းအတိုင်းပင်၊ ကျွန်ုပ်တို့၏လူငယ်လူရွယ်များတို့၌ ဖြစ်ပျက်နေပါသည်။ အကယ်၍သာ မှန်ကန်သောအကျင့်ဓလေ့များပုံဖော်မှုရှိပြီး၊ မှန်ကန်သောအခြေခံစည်းမျဉ်းများသာ တည်ဆောက်မှုရှိလာပါက၊ စိတ်အားထက်သန်စွာဖြင့် လုပ်ဆောင်သောအလုပ်သည်လည်း ပြီးစီးသွားမည်ဖြစ်ပါသည်။ မှားယွင်းသောအကျင့်ဓလေ့များကို မှန်ကန်အောင်ပြုပြင်လိုက်ပါကလုပ်ငန်းကိုအပြီးသတ်ရန်အတွက် လုံ့လဝီရိယနှင့်အပတ်တကုတ်ကြိုးပမ်းမှုများလိုအပ်ပါသည်။ မကောင်းမှု၏ဩဇာသက်ရောက်မှုကို ခုခံတွန်းလှန်ရသည်ထက် ၎င်း၏လက်အောက်သို့ ကျရောက်သွားနိုင်ခြင်းက အထူးလွယ်ကူလှပါသည်။

နေ့စဉ်နေ့တိုင်းတွင် ပိုမိုကောင်းမွန်သောလူသားများ ဖြစ်လာရန်အတွက် သူတို့၏အကျင့်စရိုက်များတွင် မရှိမဖြစ်လိုအပ်သော တိုးတက်မှု



MD - 27

မျိုးကိုလုပ်ဆောင်ရေးသည် အရေးကြီးကြောင်းကိုခံစားမှုမရှိကြသောသူများ၊ ထို့အပြင် သူတို့အပေါ်၌ကျရောက်နေသော တာဝန်ယူမှုများကို သယ်ပိုး ထမ်းရွက်ခြင်းမရှိသောသူတို့သည် ဆုံးရှုံးသွားသည့်ဘက်၌သာ သူတို့ကို တွေ့မြင်ရနိုင်ပါသည်။

ကျေးဇူးတော်၌လည်းကောင်း၊ ကိုယ်အားကိုယ်ကိုးခြင်း၌လည်း ကောင်း ထို့အပြင် မိမိကိုယ်ကိုမိမိထိန်းချုပ်ခြင်းတို့၌ ကြီးပြင်းလာကြပါ။ ကောင်းကင်နိုင်ငံတော်တရားရုံးတော်များတွင် တော်ဝင်မိသားစုနှင့် ပူးပေါင်း စုစည်းရေးအတွက် ပိုမိုနီးနီးကပ်ကပ်ဖြင့် ပြင်ဆင်မှုကိုလုပ်ဆောင်နေသော သင့်အား နေ့စဉ်နေ့တိုင်းတွေ့မြင်ရပါစေ။

–o–



နိဝင်ဘာ (၂၃)

## ခရစ်တော်အားဖြင့်လူတို့၏ပြည့်ဝသောအရေးပါမှုအနေအထားသို့ ကျွန်ုပ်တို့ကြီးပြင်းလာကြပါသည်

## “ခရစ်တော်၏ပြည့်ဝသောအရေးပါမှုဆီသို့ကြိုးပမ်းရရှိပါသည်”

**“ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့လည်းကောင်း၊ ဘုရားသခင် ၏သားတော်ကို သိကျွမ်းခြင်းသို့လည်းကောင်း တညီတညွတ်တည်း ရောက်၍ ခရစ်တော်၏ပြည့်စုံခြင်းပမာဏအရပ်တည်းဟူသော ကြီးရင့် သောလူ၏အဖြစ်သို့ ရောက်ကြသည်တိုင်အောင်ဖြစ်သတည်း” (ဧဖက် ၄း၁၃)။**

သင်သည် ခရစ်ယာန်၏အသက်တာ၌ ရှေ့သို့တက်လှမ်းခြင်းကို လုပ်ဆောင်သည့်အလျောက် ခရစ်တော်၏ပြည့်စုံခြင်းပမာဏအရပ်တည်းဟူ သော ကြီးရင့်သောလူ၏အဖြစ်သို့ စဉ်ဆက်မပြတ် ကြီးပြင်းလာမည်ဖြစ်သည်။ သိကျွမ်းခြင်းကိုပေးကမ်းတော်မူသော ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်၏ အလျား၊ အကျယ်အဝန်း၊ အနက်နှင့်အမြင့်တို့၏ပမာဏကို သင်၏အတွေ့ အကြုံ၌ သင်သက်သေပြနိုင်ပေမည်။ သင်၏မထိုက်တန်မှုကို သင်ခံစားမိ ပါလိမ့်မည်။ အကျင့်စရိုက်၏ကုံလုံပြည့်စုံမှုအတွက်တောင်းခံရန် သင်၌ပင်ကို စိတ်ထားရှိမည်မဟုတ်သော်လည်း သင်၏ကယ်ချွတ်ရှင်၏ပြည့်စုံခြင်းကို ချီးမြှောက်ခြင်းဖြင့်သာလျှင် သင်တောင်းခံရရှိနိုင်ပေမည်။ ခရစ်တော်ကိုသိကျွမ်း ခြင်းအတွေ့အကြုံသည် သင်၌လုံးလုံးလျားလျားနှင့် ကြွယ်ဝစွာရှိသည်အလျောက် သင့်ကိုယ်ကိုသင်က ပိုမိုနှိမ့်ချစွာရှုမြင်ရပါမည်။

ဘုရားသခင်ကိုအထူးချစ်မြတ်နိုးပြီး သင့်ကိုယ်ကိုသင်ချစ်သကဲ့သို့ သင်၏အိမ်နီးချင်း (စပ်ဆိုင်သောသူ) တို့ကိုချစ်ခင်ပါက ၎င်းလုပ်ရပ်မျိုးသည် မှန်ကန်သောအထွတ်အမြတ်ထားခြင်းဖြစ်ပါသည် သမ္မာကျမ်းစာတော်မြတ်

အတိုင်း ပြောင်းလဲခြင်းသည် သင့်အားပုံမှန်နှင့်လိုက်နာခြင်းရှိသော လှုပ်ရှားမှုဆီသို့ ဦးတည်သွားစေမည်ဖြစ်ပြီး ထိုလှုပ်ရှားမှုသည် အားလုံးသောကိုယ်ကျိုးအတ္တ၊ အားလုံးသောမိမိကိုယ်ကိုချီးမြှောက်မှုနှင့် အားလုံးသောမိမိကိုယ်ကိုမိမိစင်ကြယ်မွန်မြတ်သူအဖြစ် လေလုံးထွားပြောဆိုမှုတို့နှင့် ကင်းလွတ်သွားစေမည်ဖြစ်သည်။ အကယ်၍သာ သင်သည် ဘုရားသခင်ထံတော်သို့ အမှန်တကယ်ပြောင်းလဲသွားခြင်းရှိပါက၊ သင်သည် သန့်စွမ်းစွာကြိုးပမ်းအားထုတ်မှုပြုမည့်အပြင် သမ္မာတရားနှင့်ဆိုင်သော ဩဇာတိက္ကမအကြောင်းကိုပြောဆိုနေမည်ဖြစ်သည်။ ခရစ်ယာန်တစ်ယောက်ဖြစ်လာခြင်းဟူသည် မည်သည့်အခိပ္ပါယ်ကို ဖော်ဆောင်ခြင်းရှိသနည်းဆိုသည့်အချက်ကို ဉာဏ်ရည်ဉာဏ်စွမ်းရှိသော သိက္ခမ်းခြင်းဖြင့်သိရှိခြင်းသည် သင်သွားလေရာရာတိုင်း၌ သင့်အားကောင်းချီးမင်္ဂလာရှိစေမည်ဖြစ်သည်။ သင့်အနေဖြင့် ပင်ကိုစွမ်းရည်တစ်ခု၊ နှစ်ခု (သို့မဟုတ်) ငါးခုအထိရှိပါစေ၊ ထိုစွမ်းရည်အားလုံးတို့ကို သင့်အပေါ်ယုံကြည်စိတ်ချမှုရှိရှိဖြင့် သင့်အားအပ်နှင်းတော်မူသော သူ၏အမှုတော်၌ ထိုစွမ်းရည်တို့ကို သင်ကပြန်လည်ဆက်ကပ်ရပါမည်။

သင်ပြောဆိုသော ကောင်းမွန်သောစကားများ၊ (သို့မဟုတ်) ကောင်းမွန်သောလုပ်ဆောင်ချက်များအားဖြင့်၊ သင့်အပေါ် အခြားသောသူတို့၏ချီးမွမ်းခြင်းအားဖြင့် တောက်ပသော သင်၏အလင်းတရားမျိုးကိုသင်ရရှိရန် ဘုရားသခင်က ရည်ရွယ်ချက်ရှိတော်မမူပါသော်လည်း အားလုံးသောကောင်းမြတ်ခြင်းကို အစအဦးစီရင်တော်မူသောသူအနေဖြင့် ချီးမွမ်းခြင်းနှင့်ချီးမြှောက်တော်မူခြင်းကို ခံယူသင့်ပါသည်။ သခင်ယေရှုအနေဖြင့် ဤလောက၌သက်ရှိထင်ရှားတော်မူစဉ်အခါက အကျင့်စရိုက်ပိုင်းဆိုင်ရာ စံပြနမူနာကို လူသားတို့အားပေးအပ်တော်မူခဲ့ပါသည်။ လောကအနေဖြင့် သခင်ယေရှုကို ၎င်း၏အဆင့်အတန်းပုံဖော်ရန်အတွက် ၎င်း၏သေးငယ်လှသောအစွမ်းတန်ခိုးဖြင့် သခင်ယေရှုအပေါ်တင်စီးလာသောအခါ၊ အားလုံးသော၎င်း၏ဩဇာတိက္ကမတို့သည် ဖယ်ရှားပစ်ခြင်းခံခဲ့ရကြပါသည်။



သင်သည် ရပ်နေရုံဖြင့်မပြီးဘဲ၊ ရှေ့သို့ဆက်လက်တိုးတက်သွားခြင်း (သို့မဟုတ်) ဆုတ်ယုတ်သွားရပါမည်။ ဝိညာဉ်ရေးဆိုင်ရာ ကျန်းမာမှုရှိသောနေရာတွင် တိုးတက်ကြီးထွားမှုလည်းရှိပေမည်။ ဘုရားသခင်၏သား၊ သမီးတော်သည် ခရစ်တော်၌ပြည့်ဝသော အရေးပါသည့်အမျိုးသား (သို့မဟုတ်) အမျိုးသမီးအဖြစ်သို့ ကြီးပြင်းလာရပါမည်။ ထိုကဲ့သို့သော ဘုရားသခင်၏သားသမီးတော်၏တိုးတက်မှုအတွက် မည်သည့်သတ်မှတ်ချက်မျိုးမျှမရှိပါ။

–o–

## နိဝင်ဘာ (၂၄)

### ခရစ်တော်အားဖြင့်လူတို့၏ပြည့်ဝသောအရေးပါမှုအနေအထားသို့ ကျွန်ုပ်တို့ကြီးပြင်းလာကြပါသည်

# "ထွက်တော်မူချိန်သည်နံနက်ကဲ့သို့ဖြစ်လိမ့်မည်"

**"---ထာဝရဘုရားကိုသိခြင်းငှာ လိုက်ရှာကြလိမ့်မည်။ ထွက်တော်မူချိန်သည် နံနက်ကဲ့သို့ဖြစ်လိမ့်မည်။---" (ဟောရှေ ၆း၃)။**

ခပ်သိမ်းသောအရာတို့၏အဆုံးတိုင်မှုသည် လက်တစ်ကမ်းအကွာ၌သာရှိပါသည်။ ကျွန်ုပ်တို့လုပ်ခဲ့ပြီးသောအရာအကြောင်းကို လက်ရှိကျွန်ုပ်တို့၏လုပ်ငန်းခွင်ကာလ၌ ထည့်သွင်းရေးကိုခွင့်ပြုစရာမလိုပါ။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းဗိုလ်ကြီးက "ရှေ့သို့ချီတက်ရန် မိန့်တော်မူသည့်အပြင်၊ (ယောဟန် ၉း၄) တွင် သူကဆက်လက်၍ "အဘယ်သူမျှအမှုမပြုနိုင်သောအချိန်တည်းဟူသော ညဉ့်အချိန်လာသေး၏" ဟူ၍ မိန့်တော်မူခဲ့သေးပါသည်။ ကျွန်ုပ်တို့သည် အသုံးဝင်မှုရှိခြင်းအနေအထားဖြင့် စဉ်ဆက်မပြတ်တိုးတက်မှုရှိရကြပါမည်။ ကျွန်ုပ်တို့၏အသက်တာတို့သည် ခရစ်တော်၏ဘုန်းတန်ခိုးတော်၏အောက်၌ အစဉ်အမြဲရှိရပါမည်။

ဆုတောင်းခြင်းဆိုသည်မှာ အောင်မြင်ခြင်းအတွက် ကောင်းကင်နိုင်ငံတော်၏အဆင်သင့်ပြင်ဆင်ထားသောအရာဖြစ်သည်။ ဆုတောင်းခြင်းသည် လူတစ်ဦးကအခြားတစ်ဦးကို၊ ထို့အပြင် အခြားစိတ်လှုပ်ရှားနေကြသောသူများတို့အား လျှောက်လဲချက်များ၊ အသနားခံမှုများနှင့်အနူးအညွတ်တောင်းပန်မှုများ ပြုလုပ်ပေးသည့်အပြင် လူမျိုးတကာတို့၏အရေးအရာများတို့ကိုထိန်းကျောင်းပေးသည့်ကဏ္ဍတွင် ပါဝင်လုပ်ဆောင်နိုင်စွမ်းရှိပါသည်။ သို့သော်လည်း၊ ဆုတောင်းခြင်းသည် ကောင်းကင်နိုင်ငံကို လှုပ်ခတ်မှုဖြစ်စေပါသည်။ ဆုတောင်းခြင်းကိုတုံ့ပြန်ဖြေကြားပေးသော စွမ်းအားတစ်ခုတည်းကသာလျှင်ကောင်းကင်ဘုံဆိုင်ရာ ဉာဏ်ပညာအားဖြင့် လူသားတို့ကိုပညာရှိစေပြီး ဝိညာဉ်တော်နှင့်ပေါင်းစည်းမှုလုပ်ငန်းတွင် သူတို့အားထောက်ကူပေးကာ၊ ဝိညာဉ်တော်နှင့်လူသားတို့အား ငြိမ်သက်ခြင်း၏နှောင်ဖွဲ့မှုဖြင့် အဆက်အသွယ်ရှိစေပါသည်။ ဘုရားသခင်၌ ဆုတောင်းခြင်း၊ ယုံကြည်ခြင်းနှင့်ကိုယ့်ကိုကိုယ်ယုံကြည်စိတ်ချမှုရှိခြင်းတို့သည် လူသားကတွက်ချက်သော မိမိတို့၏ထိုက်တန်မှုအမှန်အကန်ဖြစ်သည့် အရာမထင်မှုကို သတ်မှတ်ချပြပေးပါသည်။

ကျေးဇူးတော်ဆိုင်ရာ ဒေသနာတော်များတို့ကို လူသားတို့၏စိတ်အတွေးများထဲသို့ ဖြည်းညင်းစွာဖြင့် ထုတ်ဖော်ပြောဆိုလိုသည့် သူ၏ရည်ရွယ်ချက်ကိုဖြည့်ဆည်းပေးတော်မူရန်အတွက် အသက်အရွယ်မျိုးစုံသောလူသားတို့အား ဘုရားသခင်သည် ဗျာဒိတ်ရူပါရုံများကို ပေးထားတော်ပါသည်။ သမ္မာတရားတော်ကိုဝေငှပေးတော်မူသော သူ၏အပြုအမူတော်ကို အထက်ခေါင်းစီးပါကျမ်းပိုဒ်၌ပါဝင်သော "ထွက်တော်မူချိန်သည် နံနက်ကဲ့သို့ဖြစ်လိမ့်မည်" ဆိုသည့်အချက်အားဖြင့် ပုံဆောင်ထားပါသည်။ ဘုရားသခင်ကသူ့အားဉာဏ်အလင်းရစေနိုင်သောနေရာ၌ မိမိကိုယ်ကိုထားရှိသောသူသည်အရုဏ်ဦး၏တစ်ပိုင်းတစ်စ၊ မပီပြင်ဝိုးတဝါးအနေအထားမှ နေ့ခင်းဘက်အချိန်၌ဖြစ်ပေါ်သော ပြည့်ဝသည့်ရောင်ခြည်ဖြာထွက်မှုအနေအထားသို့ ပြောင်းလဲတိုးတက်ခြင်းရှိလာပါလိမ့်မည်။---နေမင်းကြီးသည် သူ၏ကရုဏာနှင့်ချစ်ခြင်းမေတ္တာဆိုင်ရာ တိုတောင်းသောခရီးလမ်းကြောင်းအတိုင်း သွားနေရသကဲ့သို့၊ ကောင်းကင်၏မျက်နှာကြက်ကို ဖုံးလွှမ်းသွားသော၊ ထို့အပြင် တောကြီးမျက်မည်းနှင့် တောင်တန်းတို့ကိုအလှဆင်ပေးသော နေ့ခင်းဘက်၏ရွှေရောင်စဉ်အလင်းတန်းများတို့က ညဉ့်အမှောင်ထုကိုလွင့်ပြယ်စေခြင်းဖြင့် ကမ္ဘာလောကကြီးကိုနိုးထစေသကဲ့သို့ ခရစ်တော်၏နောက်တော်ပါးသို့ လိုက်လျှောက်ကြသောသူတို့သည် သူတို့၏ချစ်ခြင်းမေတ္တာဆိုင်ရာလုပ်ငန်းစဉ်အတိုင်း လျှောက်လှမ်းကြပေမည်။

ခရစ်တော်သခင်ယေရှုရှင်၌ လူတစ်ယောက်၏ပြည့်ဝသောအနေအထားသို့ ကြီးပြင်းလာရေးအတွက်၊ မိမိတို့ကိုယ်ကို ခရစ်တော်ဘက်၌ တိကျပြတ်သားစွာနှင့် အကန့်အသတ်မဲ့ဖြင့်ထားရှိရေးသည် လူငယ်လူရွယ်တိုင်း

တို့၏တာဝန်ပင်ဖြစ်ပါသည်။ ထိုနောက်တွင် သူသည် ဘုရားသခင်၏ မှတ်တမ်းစာအုပ်တော်တွင် အရွယ်ရောက်လူကြီးတစ်ယောက်အဖြစ် စာရင်းရေးသွင်းခြင်းခံရပြီး အများတကာတို့၏အမြင်တွင် သာမန်လူတစ်ယောက်အဖြစ်သာမကဘဲ ဘုရားသခင်၏မျက်မှောက်တော်၌ မျက်နှာရခြင်းခံရပေမည်။

–၀–



## နိဝင်ဘာ (၂၅)

### ခရစ်တော်ကိုကြည့်ရှုခြင်းဖြင့်သူကဲ့သို့ကျွန်ုပ်တို့ရောက်ရှိသွားပေမည်

# “ကျွန်ုပ်တို့သည်ခရစ်တော်ထံတော်သို့စဉ်ဆက်မပြတ်ကြည့်ရပါမည်”

**“ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင်စေတော်မူသော သခင်ယေရှုကို စေ့စေ့ထောက်ရှုကြကုန်အံ့။---” (ဟေဗြဲ ၁၂း၂)။**

အများအပြားသောလူငယ်လူရွယ်တို့သည် အချို့ကြီးမားသောလုပ်ငန်းကို လုပ်ကိုင်နိုင်ရန်အတွက် အရည်အချင်းမရှိကြသည့်အပြင် အံ့သြဖွယ်သောအရာများကို လုပ်ဆောင်နိုင်သောအရည်အသွေးများကို အငမ်းမရလိုချင်ကြသော်လည်း အကျိုးမရှိသောလိုအင်ဆန္ဒများအတွက် သူတို့၏အချိန်ကို အသုံးချကြခြင်းဖြင့် သူတို့သည် သူတို့အသက်တာကျဆုံးသောအလုပ်ကို လုပ်ဆောင်ကြသောကြောင့် သူတို့သည် ကျေနပ်ရောင့်ရဲခြင်းကို မရရှိနိုင်ကြပါ။ သူတို့၏ခြေထောက်များတို့ကို လျှောက်လှမ်းရန်သတ်မှတ်ထားသောအသက်တာလမ်းသွယ်၌ ချစ်ခြင်းမေတ္တာနှင့်ပတ်သက်သောအကျင့်တို့ကို တိုးတက်မှုရှိစေသည့်အခွင့်အလမ်းများတို့အပေါ် သူတို့သည် မျက်စိလျှမ်းပြီး သတိမူမိခြင်းမရှိကြပါ။

ယခုအချိန်တွင် သင်သည် သင်၏ငြိမ်သက်ခြင်းအတွက် လုပ်ဆောင်ပေးသည့်အရာများတို့၏အကြောင်းကို မဖြစ်မနေထည့်သွင်းစဉ်းစားရမည့်အပြင်၊ သင်၏မြတ်နိုးချစ်ခင်မှုများ၊ အတွေးအတောများ၊ အချိန်နှင့်ဝန်ဆောင်မှုများတို့ကို ခရစ်တော်ထံတော်သို့ ဆက်ကပ်အပ်နှံရပါမည်။ သင်၏အလိုဆန္ဒကို သူ၏ဘက်သို့ချိုးကွေ့သွားရန်နှင့် ခရစ်တော်၏အစီအစဉ်များတို့ကို အတိုက်အခံပြုရေးအတွက် သင့်အားသူ၏ကိုယ်စားပြုသူအဖြစ်သို့ ရောက်ရှိသွားရန် စာတန်မာရ်နတ်သည် သူ၏စွမ်းအင်အားလုံးတို့ဖြင့် ဇောက်ချလုပ်ဆောင်နေပြီး ထိုကဲ့သို့လုပ်ဆောင်ရခြင်းမှာ သင့်အပေါ်ခရစ်တော်၏အုပ်ချုပ်မှုကို သင်ကငြင်းပယ်ပစ်ရန်ဖြစ်ပါသည်။ သင်သည် (ယောဟန်

၃း၁၆) တွင်ဖော်ပြထားသော "ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူ အပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည် တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏" ဆိုသည့် ခရစ်တော်၏မိန့်တော် မူချက်ကို သိရှိသည်တိုင်အောင် ဘုရားသခင်၏အစီအစဉ်များတို့ကို ကဖျက် ယဖျက်လုပ်ရန်အတွက် စာတန်မာရ်နတ်သည် သင့်အားခရစ်တော်ထံတော် မှ ဆွဲထုတ်သွားရန်နှင့် အခြားသူများတို့ကိုပါ ခရစ်တော်ထံတော်မှ ဆွဲထုတ် သွားရေးအတွက် သင့်အား သူ၏ကိုယ်စားလှယ်အဖြစ် ရောက်ရှိသွားရန် အတွက် ကြိုးပမ်းလုပ်ဆောင်ပါလိမ့်မည်။ စာတန်မာရ်နတ်သည် မုသားများ တို့၏ဖခင်ဖြစ်ပြီး သူ၏လုပ်ဆောင်ချက်တွင် သင်ပါဝင်လုပ်ဆောင်လာရန် အတွက် သင့်အား မုသားအမျှင်များဖြင့်နှောင်ဖွဲ့ရန် မုသားစကားပိုက်ကွန် ကို ရက်လုပ်ပါသည်။ သင်သည် ဉာဏ်ရည်ဉာဏ်သွေးပိုမိုရှိပြီး၊ ပိုမိုဆွဲဆောင် မှုရှိလာလေလေ၊ စာတန်မာရ်နတ်သည် သူ၏အနက်ရောင်တံခွန်အောက်သို့ အခြားသူများတို့ကို ဆွဲဆောင်ခြင်းဖြင့် သူ၏နိဂုံးပိုင်းကာလများကို အပြီး သတ်နိုင်ရေးအတွက် သင်၏ကိုယ်ရည်ကိုယ်သွေးတို့ကို သူ၏ခြေရင်းတွင် ချထားပြီး၊ သူ့အားအထောက်အကူပေးရေးအတွက် သင့်အားအယုံသွင်း သွေးဆောင်နိုင်ရန် အထူးကြိုးစားလုပ်ဆောင်မည်ဖြစ်သည်။ အကယ်၍ သူသည် စိတ်အတွေးကိုအရှုးအမူးစွဲလမ်းစေရေးတစ်ခုတည်းကိုသာ သဘောထားနိုင် ပါက၊ သူလုပ်ဆောင်လာမည်သာဖြစ်သည်။ ရှင်ပေါလုက (ဂလာတိ ၃း၁) တွင် "–––သမ္မာတရားကိုနားမထောင်စေခြင်းငှာ သင်တို့ကိုအဘယ်သူပြုစား သနည်း" ဟူ၍ မေးခွန်းထုတ်ခဲ့ပါသည်။ အသက်ဝိညာဉ်တွင်း၌ သူကိုယ်တိုင် နန်းထိုင်ရန်အတွက် စာတန်မာရ်နတ်သည် ပြုစားဆွဲဆောင်သူဖြစ်သည်အား လျော်စွာ ထိုအသက်ဝိညာဉ်တွင်း၌ ကိန်းဝပ်တော်မူသောခရစ်တော်ကို နှင်ထုတ် ရန်ပြုလုပ်မည်ဖြစ်သည်။

သားတို့နှင့်သမီးတို့၊ ဆိုးညစ်သောသူအား အရှုးအမူးစွဲလမ်းသော စိတ်ကို အဆုံးသတ်စေရန် ကျွန်ုပ်အနေဖြင့် ပန်ကြားတောင်းပန်ပါသည်။



သခင်ယေရှုကို သင်တို့၏ခိုလှုံရာအဖြစ်ခံယူကြပြီး သူ၏ထံတော်သို့ပြေးသွား ကာ၊ ထာဝရအသက်တာအတွက် သူ့အားကိုင်ဆွဲထားပါ။

သင်တို့သည် နေ့စဉ်နေ့တိုင်း ဘုရားသခင်နှင့်နီးနီးကပ်ကပ်ရှိနေရန် ဆုံးဖြတ်ချက်ချကြပြီး၊ အထက်ခေါင်းစီးပါကျမ်းချက် "ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင်စေတော်မူသောသခင်ယေရှုကို စေ့စေ့ထောက်ရှုကြ ကုန်အံ့" အတိုင်း ကျင့်သုံးကြပါ။

–o–

နိဝင်ဘာ (၂၆)

## ခရစ်တော်ကိုကြည့်ရှုခြင်းဖြင့်သူကဲ့သို့ကျွန်ုပ်တို့ရောက်ရှိသွားစေမည်

## “ထာဝရကာလဆီသို့ကျွန်ုပ်တို့၏အတွေ့အကြုံ ရောက်ရှိသွားပါလိမ့်မည်”

**“ယခုတွင် ငါတို့သည် မှန်အားဖြင့်ရိပ်မိလျက်သာနေကြ၏။ ထိုအခါမူကား၊ မျက်မှောက်ထင်ထင်မြင်ရကြလိမ့်မည်။ ယခုတွင် ငါအသိအမြင် မစုံမလင်ဖြစ်၏။ ထိုအခါမူကား၊ သူတစ်ပါးသည် ငါ့ကိုသိသကဲ့သို့ ငါသိရလိမ့်မည်” (၁ကော ၁၃း၁၂)။**

ကျွန်ုပ်တို့၏လက်ရှိအသက်တာလုပ်ငန်းစဉ်သည် ထာဝရအသက်တာအတွက် ပြင်ဆင်မှုတစ်ခုသာဖြစ်ပါသည်။ ကျွန်ုပ်တို့စတင်ဆည်းပူးသည့်ပညာရေးသည် ဤအသက်တာတွင် ပြီးပြည့်စုံခြင်းရှိမည်မဟုတ်ဘဲ၊ ထာဝရကာလတစ်လျှောက် ရှေ့ဆက်တက်လှမ်းမည်သာဖြစ်ကာ၊ အစဉ်အမြဲတိုးတက်မှုဆိုသည်မှာ မည်သည့်အခါမျှ ပြည့်စုံမှုမရှိနိုင်ပါ။ ပိုမို၍ပြည့်စုံလေ၊ အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနုတ်ခြင်းအစီအစဉ်တွင် ဘုရားသခင်၏ဉာဏ်ပညာတော်နှင့်ချစ်ခြင်းမေတ္တာတော်တို့ကို ထင်ရှားလာစေမည်သာဖြစ်ပါသည်။ အသက်ရေ၏စမ်းရေတွင်းဆီသို့ သူ၏သားသမီးတို့ကို ဦးတည်ပေးသည့် ကယ်တင်ရှင်သည် ပညာအတတ်ဆိုင်ရာ ကြွယ်ဝသောသိုလှောင်ခန်းများတို့ကို ဝေငှပေးတော်မူပါလိမ့်မည်။ နေ့စဉ်နေ့တိုင်းတွင် ဘုရားသခင်၏ အံ့သြဖွယ်ရာအမှုတော်များဖြစ်သည့် စကြဝဠာကို ဖန်ဆင်းခြင်းနှင့်တည်တံ့စေသည့် သူ၏ဘုန်းတန်ခိုးတော်နှင့်ပတ်သက်သော သက်သေအထောက်အထားများတို့သည် အသစ်သောအလှတရားအသွင်ဖြင့် စိတ်အတွေးထဲတွင် လှစ်ဟပြသခြင်းခံရပါလိမ့်မည်။ ပလ္လင်တော်ထံမှ ထွန်းတောက်လာသည့် အလင်းတော်အတွင်း လျှို့ဝှက်ဆန်းကြယ်မှုများတို့သည် ပျောက်လွင့်ပျက်ပြယ်သွားကြမည်ဖြစ်ပြီး မည်သည့်အခါမျှ ပိုင်းခြားသိမြင်မှုမပြုနိုင်သောအရာများတို့၏ရိုးစင်းမှုအပေါ် အံ့အားသင့်မှုတို့ဖြင့် အသက်ဝိညာဉ်သည် ပြည့်ဝမှုရှိလာပါလိမ့်မည်။ အထက်ခေါင်းစီးပါကျမ်းချက်ဖြစ်သော “ယခုတွင် ငါတို့သည် မှန်အားဖြင့်ရိပ်မိလျက်သာနေကြ၏။ ထိုအခါမူကား၊ မျက်မှောက်ထင်ထင် မြင်ရလိမ့်မည်။ ယခုတွင် ငါအသိအမြင်မစုံမလင်ဖြစ်၏။ ထိုအခါမူကား၊ သူတစ်ပါးသည် ငါ့ကိုသိသကဲ့သို့ ငါသိရလိမ့်မည်” ဆိုသည့်အတိုင်း ကျွန်ုပ်တို့ထိတွေ့သိရှိခံစားလာရကြပါမည်။

ခရစ်တော်၏ပုဂ္ဂလဓိဋ္ဌာန်ဆိုင်ရာ ညွှန်ကြားတော်မူခြင်းအောက်၌၊ ထာဝရခေတ်ကာလတစ်လျှောက်လုံး လေ့လာသင်ကြားခြင်းသည် မည်သည့်အဓိပ္ပါယ်ကိုဖော်ဆောင်သည်ကို တွေးတောစဉ်းစားကြည့်ပါ။ လက်ရှိပဋိပက္ခများနှင့် စုံစမ်းနှောင့်ယှက်ခြင်းများကြားထဲတွင်၊ ထို့ပြင် ဤကျွန်ုပ်တို့၏သနားခြင်းကရုဏာအချိန်ကာလအတွင်းတွင် ဘုရားသခင်၏အသက်တာတော်နှင့်နှိုင်းချိန်သည့်အသက်တာမျိုးကို ကျွန်ုပ်တို့ရယူနိုင်ရန်အတွက် ကျွန်ုပ်တို့ကိုပြင်ဆင်ပေးမည့်အသက်တာမျိုးတို့ကို ကျွန်ုပ်တို့အနေဖြင့် ပုံဖော်ကြရပါမည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ဘုန်းအာနုဘော်တော် တစ်ခုတည်းဆီသို့သာ အာရုံပြုကြည့်ရှုရကြမည်ဖြစ်ပြီး ဤနည်းအားဖြင့်သာ ကျွန်ုပ်တို့သည် ကျေးဇူးတရားတော်၌ကြီးပွားပြီး၊ ကျွန်ုပ်တို့၏သခင်ဘုရားနှင့် ကယ်တင်ရှင်သခင်ယေရှုခရစ်တော်၏အသိဉာဏ်ပညာအတတ်တော်၌ တည်နေကြလိမ့်မည်ဖြစ်သည်။ ဘုန်းတော်ရှင်ဆိုင်ရာ ဉာဏ်ပညာတော်ကို ကျွန်ုပ်တို့ကြိုးပမ်းရှာဖွေကြရာတွင် ပိုမိုစိတ်အားထက်သန်မှုရှိပြီး ပိုမို၍လုံ့လဝီရိယရှိရှိဖြင့်ရှာဖွေကြပါက သမ္မာတရားတော်၌ ကျွန်ုပ်တို့သည် ပိုမိုခိုင်မြဲစွာဖြင့်တည်ထောင်နိုင်ကြပါမည်။

ခရစ်တော်ကိုလှမ်းမျှော်ကြည့်မြင်ခြင်းအားဖြင့် သူနှင့်စကားစမည်ပြောဆိုခြင်းဖြင့် ထို့အပြင် သူ၏ချစ်ခင်ဖွယ်ရာအကျင့်စရိုက်တော်ကိုကြည့်မျှော်ခြင်းတို့အားဖြင့် ကျွန်ုပ်တို့သည် ပြောင်းလဲခြင်းသို့ရောက်ရှိသွားကြပေမည်။ ဘုန်းအာနုဘော်တစ်ခုမှ နောက်ဘုန်းအာနုဘော်တစ်ခုဆီသို့

ပြောင်းလဲသွားကြပါလိမ့်မည်။ ဘုန်းအာနုဘော်တော်ဆိုသည်မှာ ဘယ်အရာဖြစ်ပါသနည်း။ ဘုန်းအာနုဘော်တော်သည် အကျင့်စရိုက်သာဖြစ်ပြီး၊ ထိုခရစ်တော်ကိုလှမ်းမျှော်ကြည့်ပြီး သူနှင့်စကားစမည်ပြောဆိုခွင့်ရသောသူသည် အကျင့်စရိုက်တစ်ခုမှ နောက်တစ်ခုဆီသို့ ပြောင်းလဲခြင်းသို့ရောက်ရှိသွားပေမည်။ ဤသို့အားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်သခင်ယေရှုကိုလှမ်းမျှော်ကြည့်ခြင်းအားဖြင့် စင်ကြယ်သန့်ရှင်းစေသည့်လုပ်ငန်းသည် ဆက်လက်ဖြစ်တည်နေမည်သာဖြစ်ကြောင်းကို ကျွန်ုပ်တို့တွေ့မြင်နေရကြပါမည်။

–ဝ–



နိဝင်ဘာ (၂၇)

**ခရစ်တော်ကိုကြည့်ရှုခြင်းဖြင့်သူကဲ့သို့ကျွန်ုပ်တို့ရောက်ရှိသွားပေမည်**

## “ခရစ်တော်ကိုရှုမျှော်ပြီးသူ၏ပုံရိပ်တော်ကိုစိတ်ထဲတွင်စွဲမှတ်ပါ”

**“နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကိုခံယူ၍ ကျေးဇူးတော်နှင့်လည်းကောင်း၊ သစ္စာတော်နှင့်လည်းကောင်း ပြည့်စုံလျက် ငါတို့တွင်တည်နေတော်မူသည်ဖြစ်၍ ခမည်းတော်၌ တစ်ပါးတည်းသောသားတော်၏ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ” (ယောဟန် ၁း၁၄)။**

တိုင်းနိုင်ငံအများတို့၏အင်အား၊ သို့တည်းမဟုတ် တစ်နိုင်ငံခြင်းတို့၏အင်အားတို့ကို သူတို့အားနှိမ်နင်း၍မရနိုင်သော အခြေအနေမျိုးသို့ရောက်ရှိသွားစေသည့် အခွင့်အရေးများနှင့်ပံ့ပိုးပစ္စည်းများတို့တွင်လည်းကောင်း သူတို့၏ဂုဏ်ယူစရာအင်အားကြီးမားမှုတို့တွင် မတွေ့မြင်နိုင်ပါ။ သူတို့အားအင်အားကြီးမားအောင် (သို့မဟုတ်) တောင့်တင်းခိုင်မာအောင်လုပ်ဆောင်နိုင်သော တစ်ခုတည်းသောအရာမှာ ဘုရားသခင်၏ဘုန်းတန်ခိုးတော်ပင်ဖြစ်ပါသည်။ ဘုရားသခင်၏ရည်ရွယ်ချက်ဆီသို့ဦးတည်စေသည့် သူတို့၏သဘောထားအားဖြင့် သူတို့သည် သူတို့၏ကိုယ်ပိုင်ကံကြမ္မာအတွက် သူတို့ဘာသာဆုံးဖြတ်ကြပါသည်။

လူသား၏သမိုင်းကြောင်းတို့သည် သူတို့၏အောင်မြင်မှုများ၊ တိုက်ပွဲတွင်းအနိုင်ရရှိမှုများတို့နှင့် လောကီရေးရာနှင့်ပတ်သက်သောကြီးကျယ်မှုကို ရယူနိုင်သည့်အောင်မြင်မှုများတို့နှင့် ဆက်စပ်မှုရှိကြပါသည်။ ဘုရားသခင်၏ရာဇဝင်တော်ဆိုသည်မှာ ကောင်းကင်နိုင်ငံတော်က လူသားအပေါ်ရှုမြင်သကဲ့သို့ သူသည် လူသားတို့အပေါ် ထိုနည်းအတိုင်းရှုမြင်တော်မူကြောင်းကို ဖော်ပြထားသောအရာဖြစ်ပါသည်။ ဘုရားသခင်၏တောင်းဆိုတော်မူချက်များအတိုင်း လူသား၏နာခံလိုက်လျှောက်မှုများတွင် ပဓာနကျသည့် အားလုံးသောသူ၏

ထိုက်တန်မှုများတို့ကို ဘုန်းတော်ရှင်၏မှတ်တမ်းမှတ်ရာများတွင် တွေ့မြင်ရပါသည်။

ရာစုနှစ်များတို့သည် သူတို့ခံယူထားပြီးသော တာဝန်များရှိကြပါသည်။ အချိန်ကာလတိုင်းသည် သူတို့ထမ်းဆောင်ရသည့်အလုပ်ရှိပါသည်။ အရာရာတိုင်းသည် သူတို့၏ဝန်ထုပ်ဝန်ပိုးကိုထမ်းရွက်ရင်း ထာဝရကာလကို ဖြတ်ကျော်နေရပါသည်။ ဘုရားသခင်သည် လောကနှင့်ဆိုင်သောနိုင်ငံများတို့နှင့် လုပ်ငန်းဆိုင်ရာဆက်သွယ်မှုရှိနေတော်မူဆဲဖြစ်ပါသည်။ သူသည် ကြီးမားသောမြို့တော်ကြီးတွင် စံနေတော်မူပါသည်။ လူသားတို့၏သားသမီးတို့လုပ်ဆောင်ကြသောအရာများတို့ကို သူ၏မျက်လုံးတော်တို့နှင့်လှမ်းကြည့်တော်မူပြီး သူ၏မျက်ခွံတော်များတို့နှင့် စမ်းကြည့်တော်မူပါသည်။ ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်ရှိတော်မူခဲ့ဖူးသည်ဆိုသည့်စကားကို မပြောဆိုရဘဲ၊ ဘုရားသခင်ရှိနေတော်မူပါသည်ဆိုသည့်အချက်ကိုသာ ပြောဆိုကြရပါမည်။ ဘုရားသခင်သည် စာကလေးငှက်တစ်ကောင်ပြုတ်ကျသည်ကိုလည်းကောင်း၊ သစ်ပင်ပေါ်မှသစ်ရွက်ကြွေကျသည်ကိုလည်းကောင်း ထို့အပြင် နန်းကျဘုရင်၏ဖြစ်ရပ်ကိုလည်းကောင်း တွေ့မြင်တော်မူပါသည်။ အရာခပ်သိမ်းတို့သည် အနန္တတန်ခိုးရှင်၏ထိန်းချုပ်မှုအောက်တွင် ရှိနေကြပါသည်။ အရာခပ်သိမ်းတို့သည် ပြောင်းလဲလျက်ရှိနေကြပါသည်။ မြို့တော်ကြီးများနှင့် တိုင်းနိုင်ငံများတို့ကို ဘုရားသခင်သည် သူ၏လက်တော်တွင်း၌ရှိသော အခိုးအငွေ့များအားဖြင့်သာ တိုင်းတာတော်မူပါသည်။ သူသည် မည်သည့်အခါမျှ အမှားအယွင်းကို လုပ်ဆောင်တော်မမူပါ။ မှန်မှန်ကန်ကန်ဖတ်ရှုတော်မူပါသည်။ လောကနှင့်ပတ်သက်သောအရာတိုင်းတို့သည် ခိုင်မာစွာအခြေချနိုင်ခြင်းမရှိကြသော်လည်း သစ္စာတရားတော်သည် အစဉ်ထာဝရတည်ရှိတော်မူပါသည်။

ဘုရားသခင်၏အစေကိုခံသောသူတို့သည် လောကီမျက်စိဖြင့်ကြည့်သောအမြင်တွင် အားနည်းမှုရှိသောသူများအဖြစ် မြင်တွေ့ခြင်းခံရကြပါသည်။ သူတို့သည် လှိုင်းလုံးများအောက်တွင် သိသိသာသာနစ်မြုပ်မည်ဖြစ်သော်လည်း နောက်ထပ်လှိုင်းလုံးအားဖြင့် သူတို့သည် ကွန်းခိုရာနှင့်ပိုမိုနီးကပ်စွာရောက်ရှိလာသည်ကို တွေ့မြင်ရပါသည်။ ကျွန်ုပ်တို့၏ထာဝရဘုရားက သူတို့အား ထာဝရအသက်ကိုပေးတော်မူမည်ဟူ၍ မိန့်တော်မူခဲ့သည့်အပြင် ငါ၏လက်တော်အတွင်းမှ သူတို့အားမည်သူကမျှမဆွဲထုတ်နိုင်ပါ။ ရှင်ဘုရင်တို့သည် နှိမ့်ချခြင်းခံရပြီး၊ တိုင်းနိုင်ငံများတို့သည် ဖယ်ရှားခြင်းခံရကြသော်လည်း ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ရည်ရွယ်တော်မူချက်နှင့် မိမိတို့ကိုယ်ကို ချိတ်ဆက်ထားကြသော အသက်ဝိညာဉ်တို့သည် အစဉ်ထာဝရတည်ရှိနေကြမည်ဖြစ်သည်။

သခင်ယေရှုထံတော်၌ သင်၏မျက်စိတို့ကိုတူရူပြုပြီး ရှုမျှော်ခြင်းဖြင့် သူ၏ပုံရိပ်တော်ကို စိတ်ထဲတွင်စွဲမှတ်နိုင်သည့်အနေအထားသို့ သင်ရောက်ရှိသွားပေလိမ့်မည်။

–၀–

**နိုဝင်ဘာ (၂၈)**

## စရစ်တော်ကိုကြည့်ရှုခြင်းဖြင့်သူကဲ့သို့ကျွန်ုပ်တို့ရောက်ရှိသွားပေမည်
## “သူ၏ဘုန်းအာနုဘော်တော်ကိုလျှပ်တစ်ပြက်အမြင်ဖြင့် မြင်တွေ့နိုင်ကြရန်ကျွန်ုပ်တို့တမ်းတကြပါသည်”

**“---ကိုယ်တော်၏ဘုန်းကို အကျွန်ုပ်အားပြတော်မူပါ။ အကျွန်ုပ်တောင်းပန်ပါ၏။---” (ထွက်မြောက်ရာ ၃၃း၁၈)။**

ဘုရားသခင်၏အကျင့်စရိုက်တော်ကို ရှင်းလင်းထင်ရှားစွာပြသမှုများ လုပ်ဆောင်နိုင်ရေးအတွက် မြင့်သည်ထက်မြင့်မားသောနေရာသို့ရောက်ရှိခြင်းသည် ကျွန်ုပ်တို့၏အခွင့်ထူးပင်ဖြစ်ပါသည်။ အထက်ခေါင်းစီးပါကျမ်းချက် “---ကိုယ်တော်၏ဘုန်းကိုအကျွန်ုပ်အားပြတော်မူပါ။ အကျွန်ုပ်တောင်းပန်ပါ၏” ဆိုသည့်အတိုင်း၊ မောရှေသည် ဘုရားသခင်ထံတော်မှတောင်းခံသောအခါ၊ ဘုရားသခင်ကသူ့အားဆုံးမပြစ်တင်တော်မူခြင်းမပြုဘဲ သူ၏တောင်းခံချက်ကို ဘုရားသခင်ကခွင့်ပြုတော်မူခဲ့ပါသည်။

ကျွန်ုပ်တို့၏စိတ်အတွေးများတို့ကို မော့်ချထားပြီး၊ ကျွန်ုပ်တို့၏ထိုးထွင်းဉာဏ်တို့ကို မှုန်ဝါးသွားစေခြင်းသည် အပြစ်ပြုခြင်းပင်ဖြစ်ပါသည်။ အပြစ်ကိုကျွန်ုပ်တို့၏စိတ်နှလုံးများထဲမှ သုတ်သင်ပစ်လိုက်ပါက၊ ယေရှုခရစ်တော်၏မျက်နှာတော်၌ ထင်ပေါ်သောဘုရားသခင်၏ဘုန်းအာနုဘော်တော်၏ပညာအတတ်နှင့်ဆိုင်သောအလင်းသည် ဘုရားသခင်၏နှုတ်တော်ထွက်ကို ထွန်းလင်းစေပြီး၊ သဘာဝတရား၏မျက်နှာသွင်ပြင်၌ ရောင်ပြန်ဟပ်ကာ၊ ဘုရားသခင်၏အကြောင်းနှင့်ပတ်သက်ပြီး ပိုမိုပြည့်စုံစွာဖြင့် (ထွက်မြောက်ရာ ၃၄း၆) တွင် ဘုရားသခင်က ကြွေးကြော်တော်မူခဲ့သော၊ “ချစ်သနားခြင်းမေတ္တာကရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့်ကြွယ်ဝတော်မူထသောထာဝရဘုရား” ဆိုသည့်အတိုင်း ကျွန်ုပ်တို့ကြွေးကြော်နိုင်ကြမည်ဖြစ်ပါသည်။



ဘုရားသခင်၏မွန်မြတ်သန့်ရှင်းတော်မူသော ပုံရိပ်တော်တွင် ကျွန်ုပ်တို့၏စိတ်အတွေး၊ စိတ်နှလုံးနှင့်အသက်ဝိညာဉ်တို့သည် ပြောင်းလဲခြင်းရှိသည်အထိ၊ သူ၏အလင်းတော်တွင် ကျွန်ုပ်တို့သည် သူ၏အလင်းတရားတော်ကို မြင်တွေ့ရကြပါလိမ့်မည်။

ဘုရားသခင်၏နှုတ်တော်ထွက်ဆိုင်ရာ ဘုန်းတော်ရှင်အာမခံချက်များတွင် မိမိတို့ကိုယ်ကိုကိုင်စွဲပြီး တည်ရှိစေကြသောသူတို့အနေဖြင့် အံ့သြဖွယ်ရာအလားအလာများကို ခံစားရကြပါမည်။ သူတို့၏မျက်မှောက်တွင် သမ္မာတရားတော်ဆိုင်ရာ ကျယ်ပြောလှသောလွင်ပြင်များနှင့် တန်ခိုး၏ကြီးမားသောအရင်းအမြစ်တို့တည်ရှိကြမည်ဖြစ်သည်။ ဘုန်းအာနုဘော်တော်တို့နှင့်သက်ဆိုင်သောအရာများ ထင်ရှားကြမည်ဖြစ်ပါသည်။ သူတို့ (သင်္ကာမကင်းစိတ်မရှိကြသော အခွင့်ထူးများနှင့်တာဝန်များတို့ကို သူတို့အတွက် ကျမ်းစာတော်မြတ်က ရှင်းလင်းစွာဖော်ပြပါလိမ့်မည်။ နှိမ့်ချသောနာခံလိုက်လျှောက်ခြင်းလမ်းသွယ်တွင် လိုက်လျှောက်ကြပြီး၊ ထာဝရဘုရား၏ရည်ရွယ်ချက်ကိုဖြည့်ဆည်းပေးကြသောသူအားလုံးတို့သည် ဘုရားသခင်၏ဗျာဒိတ်တော်များအကြောင်းကို ပိုမို၍သိရှိလာကြပါမည်။

ဘုရားသခင်၏စေ့ဆော်တော်မူချက်ဖြစ်သည့် အဖိုးထိုက်လှစွာသောယုံကြည်ခြင်းသည် အကျင့်စရိုက်၏ခွန်အားနှင့် မြင့်မြတ်ခြင်းတို့ကိုဝေငှပေးပါသည်။ ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်း၊ ကရုဏာတော်နှင့်ချစ်ခြင်းမေတ္တာတော်တို့သည် ကိန်းဝပ်တော်မူပါက သမ္မာတရားကိုရှင်းလင်းသည်ထက်ရှင်းလင်းအောင် သိနားလည်လာစေပြီး၊ စိတ်နှလုံးကိုမွန်မြတ်သန့်ရှင်းစေလိုသောစိတ်ဆန္ဒကို ပိုမိုမြင့်မားလာစေသည့်အပြင် ပိုမို၍စင်ကြယ်လာစေလျက်အတွေးအမြင်ကို ရှင်းလင်းပြတ်သားလာစေပါသည်။ သန့်စင်မွန်မြတ်သောအတွေး၏စင်ကြယ်သောလေထုဝန်းကျင်တွင် တည်နေသောအသက်ဝိညာဉ်သည် ဘုရားသခင်၏နှုတ်တော်ထွက်ကို လေ့ကျက်သင်ကြားခြင်းအားဖြင့် ဘုရားသခင်နှင့်ကူးလူးဆက်ဆံခြင်းတွင် ပြောင်းလဲခြင်းရှိလာပါသည်။ သမ္မာတရားသည် ကြီးမားကျယ်ပြောပြီး ကျယ်ပြန့်စွာလွှမ်းမိုးကာ အလွန်နက်ရှိုင်းလှ၊

ကျယ်ဝန်းလှသည့်အလျောက်၊ အတ္တစိတ်တို့သည် လွင့်ပျောက်ကုန်ကြပါသည်။ စိတ်နှလုံးသည်လည်း ပျော့ပျောင်းမှုရှိလာပြီး နှိမ့်ချခြင်း၊ အကြင်နာတရားနှင့်ချစ်ခြင်းမေတ္တာတို့၏လက်အောက်ခံအဖြစ်သို့ ဝပ်စင်းသွားပါသည်။ ထိုနောက်တွင် သန့်စင်မွန်မြတ်သော နာခံလိုက်လျှောက်မှုအတွက်ကြောင့် ပင်ကိုသဘာဝစွမ်းအားများတို့သည် ကျယ်ပြန့်လာကြပါသည်။

–၀–



## နိဝင်ဘာ (၂၉)

### ခရစ်တော်ကိုကြည့်ရှုခြင်းဖြင့်သူကဲ့သို့ကျွန်ုပ်တို့ရောက်ရှိသွားပေမည်

# "ကျွန်ုပ်တို့သည်ဂုဏ်တော်ကိုချီးမွမ်းခြင်းဖြင့်ပြည့်ဝကြပါသည်"

**"ငါသည် ခပ်သိမ်းသောကာလတို့၌ ထာဝရဘုရားကိုကောင်းချီးပေးမည်။ ဂုဏ်ကျေးဇူးတော်ကို အစဉ်မပြတ်မြွက်ဆိုမည်" (ဆာလံ ၃၄း၁)။**

ခရစ်တော်၏အသက်တာကို နေ့စဉ်တစ်နာရီခန့်မျှ တွေးတောဆင်ခြင်သည့်သဘောဖြင့် စိတ်ကူးမှန်းဆခြင်းသည် ကျွန်ုပ်တို့အတွက် သင့်လျော်ကောင်းမွန်သောလုပ်ရပ်ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ထိုစိတ်ကူးမှန်းဆခြင်းကို ဦးတည်ချက်တစ်ခုမှ နောက်ဦးတည်ချက်တစ်ခုဆီသို့တွေးတောရင်း မြင်ကွင်းတစ်ခုစီကို စိတ်ကူးနိုင်စွမ်းက ဖမ်းဆုပ်ကိုင်ထားရာတွင် အထူးသဖြင့် ယခုကဲ့သို့သော နောက်ဆုံးသောကာလအတွင်း သက်ဝင်လှုပ်ရှားကြသောသူများက လုပ်ဆောင်ကြရပါမည်။ သူ၏ကျွန်ုပ်တို့အတွက် ကြီးမားသောအသေခံဆက်ကပ်တော်မူခြင်းတွင် ကျွန်ုပ်တို့တည်နေကြခြင်းဖြင့် သူ့အပေါ် ကျွန်ုပ်တို့၏ယုံကြည်စိတ်ချမှုရှိခြင်းသည် ပိုမို၍အတောမသတ်ဖြစ်နေမည့်အပြင် ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာသည် အရှိန်အဟုန်မြင့်မားလာကာ သူ၏ဝိညာဉ်တော်၌ ကျွန်ုပ်တို့သည် ပိုမို၍လေးနက်စွာဖြင့် ပြင်းပြသောစိတ်သဘောရှိလာကြမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် အတူတကွပူးပေါင်းစုစည်းမှုရှိကြပါက ကျွန်ုပ်တို့သည် တစ်ဦးကတစ်ဦးအတွက် ကောင်းချီးမင်္ဂလာအဖြစ်ရှိနေကြပေမည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏လူစုတော်များဖြစ်ကြပါက၊ နှစ်သက်ဖွယ်အဖြစ်ဆုံးသော ကျွန်ုပ်တို့၏တွေးတောမှုများသည်လည်း သူ့အတွက်သာဖြစ်ကြရပါမည်။ ခရစ်တော်၏အကြောင်းအရာကို ပြောဆိုဆွေးနွေးခြင်းကို နှစ်သက်

မှုရှိရကြမည့်အပြင် သူ၏ချစ်ခြင်းမေတ္တာတော်အကြောင်းကို ကျွန်ုပ်တို့က တစ်ဦးကိုတစ်ဦးပြောဆိုကြပါက ကျွန်ုပ်တို့၏စိတ်နှလုံးတို့သည် ဘုန်းတော်ရှင် ဆိုင်ရာသြဇာတိက္ကမများကြောင့် ပျော့ပျောင်းမှုရှိလာကြပါမည်။ သူ၏အကျင့် စရိုက်တော်၏နှစ်သက်ဖွယ်ရာဖြစ်ခြင်းကို ကျွန်ုပ်တို့ကြည့်ရှုကြပါက ကျွန်ုပ် တို့သည် ဘုန်းအာနုဘော်တော်တစ်ခုမှ နောက်ဘုန်းအာနုဘော်တော်တစ်ခု ဆီသို့ ပြောင်းလဲခြင်းရှိကြပါလိမ့်မည်။

သင့်အားသခင်ယေရှုကချစ်တော်မူပါသည်။ သူ၏ချစ်ခြင်းမေတ္တာ တော်အပေါ်၊ သင့်အနေဖြင့်သံသယရှိပါက ကရာနီကုန်းတော်ကိုလှမ်းကြည့် ပါ။ မည်သည့်ဘာသာစကားကမျှ ပြောမပြနိုင်သော အထက်သင်သံသယ ရှိသော ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်၏အလွန်အရေးပါမှုကို ကပ်တိုင် တော်မှရောင်ပြန်ဟပ်လာသည့်အလင်းတော်က သင့်အားပြသနေပါသည်။

ဘုရားသခင်၏ကရုဏာတော်တို့သည် သင့်အားအချိန်အခါတိုင်းတွင် ဝန်းရံပေးပြီး၊ သင်၏ကောင်းချီးမင်္ဂလာများတို့သည် နေ့စဉ်နေ့တိုင်း မည်ကဲ့ သို့နှင့်မည်သည့်အရပ်မှနေပြီးရောက်ရှိလာသည်ကို သင်ဆုံးဖြတ်နိုင်ရန်အတွက် ၎င်းကရုဏာတော်သည် သင့်အားအကျိုးဖြစ်ထွန်းမှုရှိစေပါလိမ့်မည်။ အဖိုး ထိုက်လှစွာသော ဘုရားသခင်၏ကောင်းချီးမင်္ဂလာများတို့သည် သင်၌ ကျေးဇူးဖြစ်ထွန်းလာစေမှုကို နိုးကြားလာစေပါလိမ့်မည်။ ကြည်လင်လတ်ဆတ် ပြီး သင့်အပေါ်များပြားစွာဖြင့် ရွာသွန်းသောမိုးရေပေါက်များနှင့်အမျှ သင့်အား ဖော်ပြအသိပေးတော်မူသော ဘုရားသခင်၏ကောင်းချီးမင်္ဂလာများနှင့် အတောမသတ်သောကရုဏာတော်များတို့၏ပမာဏတို့ကို သင်ရေတွက်၍ မရနိုင်ပါ။ ကရုဏာတော်၏မိုးသားတိမ်တိုက်တို့သည် သင့်အပေါ်၌တွဲလောင်း ကျနေကြကာ သင့်အပေါ်သို့မိုးရေများရွာသွန်းစေရန် အဆင်သင့်ရှိနေကြပါ သည်။ အဖိုးတန်လှသော ကယ်တင်ခြင်းဆုကျေးဇူးတော်ကို သင်ကဂုဏ်ယူ အသိအမှတ်ပြုမည်ဆိုပါက သင်သည်နေ့တဓူဝကြည်လင်လန်းဆန်းမှု၊ ခရစ်တော် ၏အကာအကွယ်ပေးမှုနှင့် ချစ်ခြင်းမေတ္တာတော်တို့ကို သိရှိခံစားရမည့်အပြင်



ငြိမ်သက်ခြင်းလမ်းခရီး၌ သင်သည် ကာကွယ်ထိန်းကျောင်းခြင်းကို ခံယူရ ရှိပေလိမ့်မည်။

ယုံကြည်ခြင်းရှိသောမျက်စိဖြင့် ခရစ်တော်ကိုကြည့်ရှုပြီး ခရစ်တော် ၏ချစ်ခြင်းမေတ္တာတော်က သင့်အပေါ်တွင် တိမ်းညွှတ်ပါလေစေ။ ခရစ်တော် သည် သူ၏မျက်မှောက်တော်၌ သင့်အားနေထိုင်စေလိုပြီး ထာဝရအသက် နှင့်ဘုန်းအာနုဘော်တော်သရဖူကိုရရှိစေရန် အလိုတော်ရှိတော်မူပါသည်။

–ဝ–

## နိုဝင်ဘာ (၁၀)

### ခရစ်တော်ကိုကြည့်ရှုခြင်းဖြင့်သူကဲ့သို့ကျွန်ုပ်တို့ရောက်ရှိသွားပေမည်
### "သူကဲ့သို့မျိုးကျွန်ုပ်တို့ဖြစ်လာကြပါလိမ့်မည်"

**"အိုအဖ၊ ကိုယ်တော်သည် ဤကမ္ဘာမတည်မရှိမီ အကျွန်ုပ်ကို ချစ်၍ အကျွန်ုပ်အားပေးတော်မူသောဘုန်းတော်ကို အကျွန်ုပ်အားပေးတော်မူသောသူတို့သည် ရှုမြင်ရမည်အကြောင်း၊ အကျွန်ုပ်ရှိရာအရပ်၌ အကျွန်ုပ်နှင့်အတူရှိနေစေခြင်းငှာ အကျွန်ုပ်အလိုရှိပါ၏" (ယောဟန် ၁၇း၂၄)။**

ကျွန်ုပ်တို့၏အလုပ်အကိုင်တွင် များစွာသောစိတ်ဓာတ်ကျစရာအများအပြားကို ကျွန်ုပ်တို့ကြုံတွေ့ရကြပါသည်။ သို့သော်လည်း ထိုစိတ်ဓာတ်ကျစရာများအပေါ်တည်ရှိနေကြခြင်းဖြင့် ကျွန်ုပ်တို့သည် ခွန်အားတစ်မှုန်တလေကိုမျှ ရယူနိုင်ကြမည်မဟုတ်ပါ။ ရှုမြင်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ပြောင်းလဲခြင်းသို့ရောက်ရှိကြပါသည်။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ခရစ်တော်အား အားကိုးတကြီးဖြင့်မျှော်လင့်ကြပါက၊ ကျွန်ုပ်တို့၏စိတ်နှလုံးထဲတွင် သူ၏ပုံရိပ်တော်သည် ကမ္ပည်းထိုးထားခြင်းခံရပေမည်။ ကျွန်ုပ်တို့သည်လည်း အကျင့်စရိုက်၌ပြောင်းလဲခြင်းရှိလာပေမည်။

သဘောတရားရေးရာတွေးခေါ်မှုအပေါ် ကြီးမားစွာတည်မှီနေကြသော၊ အများအပြားသောသူတို့သည် ကယ်တင်ရှင်၏စံနမူနာဆိုင်ရာ ရှင်သန်နေသောစွမ်းအားအပေါ် မျက်ခြည်ပြတ်နေကြပါသည်။ သူတို့သည် ခရစ်တော်ကို နှိမ့်ချပြီး မိမိကိုယ်ကိုမိမိ ငြင်းပယ်သောလုပ်သားအဖြစ် အမြင်မရှိကြပါ။ သခင်ယေရှုကိုရှုမြင်ရရန်အတွက် သူတို့၌မည်သည့်အရာလိုအပ်ကြပါသနည်း။ သူ၏တည်ရှိနေတော်မူခြင်းအကြောင်းကို ကျွန်ုပ်တို့က နေ့စဉ်ဆန်းသစ်သောပြသမှုမျိုးလုပ်ဆောင်ကြရန် လိုအပ်ကြပါသည်။



ကျွန်ုပ်တို့ကယ်တင်ရှင်၏အကျင့်စရိုက်တော်စုံလင်ခြင်းရှိမှုကို ကျွန်ုပ်တို့က ပိုင်းခြားနားလည်နိုင်သည့်အလျောက် ကျွန်ုပ်တို့သည် လုံးလုံးလျားလျားပြောင်းလဲခြင်းရှိကြရန်နှင့် သူ၏စင်ကြယ်မွန်မြတ်ခြင်းပုံရိပ်တော်၌ အသစ်သောပြုပြင်ခြင်းသို့ရောက်ရှိရန်အတွက် ဆန္ဒရှိလာကြပေမည်။ ဘုရားသခင်ကိုကျွန်ုပ်တို့ပိုမိုသိရှိခြင်းဖြင့် အကျင့်စရိုက်၏အမြင့်ဆုံးသော "စံ" အဖြစ်ကျွန်ုပ်တို့အတွက် ဖြစ်လာမည်ဖြစ်ကာ၊ သူနှင့်အလားတူသည့်ရောင်ပြန်ဟပ်မှုမျိုးကို ကျွန်ုပ်တို့အနေဖြင့် ထက်သန်စွာဖြင့်တောင့်တလာကြမည်ဖြစ်ပါသည်။ အသက်ဝိညာဉ်သည် ဘုရားသခင်၏လက်ကမ်းကြိုဆိုခြင်းကိုခံရသောအခါ ဘုန်းတော်ရှင်၏အရိပ်လက္ခဏာတော်သည် လူသားနှင့်ပေါင်းစပ်မှုရှိလာပါလိမ့်မည်။

ကယ်ချွတ်ရှင်၏သမိုင်းကြောင်းနှင့် အကျွမ်းတဝင်ရှိလာသောသူအနေဖြင့် သူ့ကိုယ်၌တွင် စိုးရိမ်စရာညစ်ထေးမှုများရှိနေကြောင်းကို ဖော်ထုတ်သိရှိလာမည်ဖြစ်သည်။ ထိုနောက် သူ၏ချစ်လှစွာသောအရှင်သခင်တော်၏သွင်ပြင်တော်နှင့် စိတ်ဓာတ်တော်အတိုင်း လိုက်လျှောက်ကျင့်သုံးလာပါသည်။ ထိုကဲ့သို့သောအနေအထားမျိုးကို ရယူနိုင်ရန်၊ ကျွန်ုပ်တို့သည် ဝေးလံသောအရပ်သို့လှမ်းကြည့်နေစရာမလိုဘဲ၊ သခင်ယေရှု၏အသက်တာတော်ကို အတုခိုးရာတွင် သခင်ယေရှုနှင့်စကားစမြည်ပြောဆိုခြင်း၊ သူ၏ကုံလုံပြည့်စုံတော်မူခြင်းတို့၌တည်မှီခြင်း၊ ကျွန်ုပ်တို့၏အတွေ့အကြုံကိုမွမ်းမံခြင်းနှင့် အကျင့်စရိုက်ကိုမြှင့်တင်ခြင်း၊ ယုံကြည်ခြင်းနှင့်ချစ်ခြင်းမေတ္တာအားဖြင့် ကြိုးစားလုပ်ဆောင်ခြင်း၊ စိတ်ထက်သန်မှုဖြင့် အပတ်တကုတ်ကြိုးပမ်းဆောင်ရွက်နိုင်သည့် လုံ့လစိုက်ခြင်း၊ ကုံလုံပြည့်စုံသော စံနမူနာတော်သို့ချဉ်းကပ်ခြင်းတို့အားဖြင့် ရယူနိုင်ကြပါသည်။ ခရစ်တော်၏ပညာအတတ်၊ နှုတ်တော်ထွက်များ၊ အကျင့်ဓလေ့နှင့်ညွှန်ကြားတော်မူချက်များဆိုင်ရာ သင်ခန်းစာတို့ကိုရယူကြခြင်းအားဖြင့် ကျွန်ုပ်တို့သည် အနီးကပ်သင်ကြားရယူထားခဲ့သည့် အကျင့်စရိုက်ဆိုင်ရာ ပါရမီတော်တို့ကို ငှားရမ်းရယူပါက၊ ကျွန်ုပ်တို့အလွန်လေးစား

သဘောကျလှသည့် စိတ်ဓာတ်မျိုးကိုရရှိရေးအတွက် ကျွန်ုပ်တို့တွင် ပြင်းပြသောဆန္ဒရှိလာပါလိမ့်မည်။ ဤသို့ဖြင့် သခင်ယေရှုသည် ထောင်သောင်းမကသောလူတို့တွင် အမြင့်ဆုံးသောအကဲအမှူးဖြစ်လာတော်မူမည့်အပြင်၊ အားလုံးတို့အတွက် နှစ်သက်ဖွယ်ရာဖြစ်လာတော်မူမည်ဖြစ်သည်။

–o–



**ဒီဇင်ဘာ (၁)**

## ကျွန်ုပ်တို့၏အမွေဆက်ခံရမှုကိုရယူလက်ခံပါသည်

### ဘုရားသခင်သည်သူ၏နိုင်ငံတော်ကိုအမွေခံရမည့်သူတို့ကို တံဆိပ်ခတ်နှိပ်တော်မူပါသည်

## "ယခုအချိန်သည်တံဆိပ်ခတ်နှိပ်ခြင်းအချိန်ဖြစ်ပါသည်"

**"ငါတို့ဘုရားသခင်၏ကျွန်တို့ကို နဖူး၌တံဆိပ်မခတ်မီတိုင်အောင် မြေ၊ ပင်လယ်၊ သစ်ပင်တို့ကိုမညှဉ်းဆဲပါနှင့်ဟု ကြီးသောအသံနှင့်ကြွေးကြော်လေ၏" (ဗျာဒိတ် ၇း၃)။**

ယခုတံဆိပ်ခတ်နှိပ်သောအချိန်ကာလတွင် ဘုရားသခင်၏လူစုတော်တို့၏စိတ်အတွေးတို့ကို လက်ရှိသမ္မာတရားတော်နှင့်ကင်းကွာသွားစေရန်နှင့် သူတို့အားချီတုံချတုံဖြစ်ကြရန်အတွက်၊ စာတန်မာရ်နတ်သည် ယခုအခါ ပရိယာယ်တိုင်းတို့ကို အသုံးပြုနေပါသည်။ ဒုက္ခဆင်းရဲခြင်းခံရစဉ်ကာလတွင် သူ၏လူမျိုးတော်တို့အပေါ် အကာအကွယ်တစ်ခုကို ဘုရားသခင်ကပုံစံချရေးဆွဲပေးထားတော်မူသည်ကို ကျွန်ုပ်တွေ့ရှိခဲ့ပြီး ထိုပုံစံချမှုတွင် သမ္မာတရားတော်ပေါ်တွင် မိမိကိုယ်ကိုချမှတ်ဆုံးဖြတ်လျက် စိတ်နှလုံးထဲတွင် မွန်မြတ်သန့်ရှင်းမှုရှိသောအသက်ဝိညာဉ်သည် အနန္တတန်ခိုးတော်ရှင်၏အကွယ်အကာဖြင့် ကာကွယ်ခြင်းကိုခံရပါမည်။ စာတန်မာရ်နတ်သည်လည်း ထိုအချက်ကိုသိရှိခဲ့သည်အလျောက်၊ သမ္မာတရားတော်၌ နေသားတကျမရှိစေရန်နှင့် ၎င်းသမ္မာတရားတော်၌ ဇဝေဇဝါနှင့်ချီတုံချတုံစိတ်ဖြစ်ကြစေရန်အတွက် ရနိုင်သမျှသောလူတို့၏စိတ်တို့ကိုဆွဲဆောင်နိုင်ရန် ကြီးမားသောစွမ်းအားဖြင့် လုပ်ဆောင်နေပါသည်။ ဤတံဆိပ်ခပ်နှိပ်ရာကာလတွင် ဘုရားသခင်၏လူစုတော်တို့အား အာရုံပြောင်းစေရန်၊ လှည့်စားရန်နှင့် ဘုရားသခင်ထံတော်ပါးမှ ဝေးရာသို့ဆွဲထုတ်သွားရန်အတွက် ယခုတွင်ပင် စာတန်မာရ်နတ်သည် လုပ်ဆောင်နေသည်ကို ကျွန်ုပ်တွေ့ရပါသည်။ လက်ရှိသမ္မာတရားတော်တွင် ခိုင်မာစွာမရပ်တည်ကြသောသူအချို့ကိုလည်း ကျွန်ုပ်တွေ့မြင်ခဲ့ရပါသည်။

သူတို့၏ဒူးခေါင်းများတို့သည်တုန်နေကြပြီး၊ သူတို့၏ခြေထောက်တို့သည်လည်း ချော်နေကြပါသည်။ ထိုကဲ့သို့ဖြစ်ရကြခြင်းမှာ သူတို့သည် သမ္မာတရားတော်ပေါ်၌ ခိုင်မြဲစွာစိုက်ပျိုးထားခြင်းမခံကြရခြင်းကြောင့်ဖြစ်ပါသည်။

ဘေးဒဏ်ခုနစ်ပါး၏နောက်ဆုံးသောကပ်ဘေးကြီးဖြစ်သည့် တံဆိပ်ခတ်နှိပ်ရာကာလကျော်လွန်သည်အထိ၊ ဘုရားသခင်၏လူမျိုးတော်တို့အပေါ်တွင်ရှိသော အကာအကွယ်ဖယ်ရှားခံရသည်အထိ၊ ထို့အပြင် ဘုရားသခင်၏ဒေါသအမျက်မီးတွင် သူတို့သည် ခိုလှုံရာမဲ့ကျန်ရှိခဲ့သည်အထိ စာတန်မာရ်နတ်သည် သူတို့ရှိရာအရပ်တိုင်းတို့တွင် သူ၏အတတ်ပညာတိုင်းတို့ဖြင့် သူတို့အားဆွဲဆောင်ချုပ်နှောင်ထားနိုင်ရေးအတွက် ကြိုးစားခဲ့ပါသည်။

လောကအမှောင်ထုတွင်းမှ ဘုရားသခင်၏အံ့သြဖွယ်ရာ အလင်းတော်ထဲသို့ ကျွန်ုပ်တို့သည် ယူဆောင်လာခြင်းခံကြရပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ပုံရိပ်တော်ကို လက်ခံရရှိပြီး ကျွန်ုပ်တို့၏အသက်ဝိညာဉ်များတို့သည် အကျင့်စာရိတ္တပိုင်းဆိုင်ရာ ညစ်ထေးမှုတိုင်းတို့မှ ကင်းစင်သန့်ရှင်းကြပါက၊ ဘုရားသခင်၏တံဆိပ်တော်တို့သည် ကျွန်ုပ်တို့၏နဖူးများ၌ ခတ်နှိပ်ခြင်းခံရသည်အလျောက် ဤကမ္ဘာကြီး၏သမိုင်းကြောင်းနောက်ဆုံးသောအပြီးသတ်ချိန်မြင်ကွင်းများအတွက် ကျွန်ုပ်တို့ပြင်ဆင်ထားခြင်းခံကြရပါမည်။ ဆုံးရှုံးသွားရန်အတွက် ကျွန်ုပ်တို့အချိန်မရပါ။ သင်ကြားရယူလိုသောစိတ်ဖြင့် ခရစ်တော်၏အသက်တာအကြောင်းကို ကျွန်ုပ်တို့ပိုမိုသင်ယူကြပါက ခရစ်တော်နှင့်ပိုမိုသဏ္ဌာန်တူသည့်အနေအထားသို့ ကျွန်ုပ်တို့ရောက်ရှိလာကြမည်ဖြစ်သည်။

တံဆိပ်ခတ်နှိပ်ရာကာလသည် အလွန်တိုတောင်းလှသဖြင့် မကြာမတင်မီကာလတွင်ပင် ကျော်လွန်သွားပေလိမ့်မည်။ ကျွန်ုပ်တို့သည် အမှုတော်ဆောင်ရွက်ရေးအတွက် အမှန်တကယ်ရွေးချယ်ခံရစေသည့် ကောင်းကင်တမန်လေးပါးတို့သည် မြေကြီး၊ ပင်လယ်နှင့်သစ်ပင်တို့၌ လေမလာစေခြင်းငှာ မြေ၏လေးမျက်နှာလေတို့ကို ကိုင်ထားဆဲရှိနေကြပါသည်။ (ဗျာဒိတ် ၇း၁–၃)။

–ဝ–



ဒီဇင်ဘာ (၂)

## ခရစ်တော်ပြန်လည်ကြွလာတော်မူသောအခါအဆင်သင့်ဖြစ်ကြစေရန် ကျွန်ုပ်တို့မည်သည့်အရာကိုလုပ်ဆောင်ကြရပါမည်နည်း

## "တွေ့နိုင်သည့်ကာလတွင်ထာဝရဘုရားကိုရှာကြပါ"

**"တွေ့နိုင်သည်ကာလတွင် ထာဝရဘုရားကိုရှာကြလော့။ နီးတော်မူသည်ကာလတွင် ဆုတောင်းပတ္ထနာပြုကြလော့" (ဟေရှာယ ၅၅း၆)**

ဘုရားသခင်ကိုရှာဖွေရန်အတွက် အလွန်နောက်ကျသွားမည့်အချိန်သည် ရောက်ရှိလာတော့မည်အလျောက်၊ သနားခြင်းကရုဏာပိတ်သိမ်းချိန်ရောက်ရှိပြီး၊ ကျွန်ုပ်တို့၏အသက်တာလုပ်ငန်းစဉ်များအားလုံး အဆုံးတိုင်သွားပါက၊ ကျွန်ုပ်တို့မည်ကဲ့သို့ခံစားကြရမည်ကို ကျွန်ုပ်စဉ်းစားမိပါသည်။ အတိတ်ကာလကို ကျွန်ုပ်တို့အနေဖြင့် မည်သည့်ခံစားမှုဖြင့် ပြန်လည်သုံးသပ်ကြမည်နည်း။ ဘုရားသခင်ကိုအစေခံရန်အတွက် ကျွန်ုပ်တို့၏ကြိုးပမ်းမှုများတို့သည် ပိုမို၍ထက်သန်မှုရှိရန် ကျွန်ုပ်တို့ဆန္ဒရှိကြပါသလား။ သူ၏ဖော်ပြထားပြီးသော အလိုဆန္ဒတော်နှင့်ပိုမိုပြီးဟန်ချက်ညီအောင်နေထိုင်ကြရန် ဆန္ဒရှိကြပါသလား။ ကျွန်ုပ်တို့သည် သစ္စာရှိသောအစေခံများအဖြစ် ရေတွက်ဝင်ခြင်းခံကြရပါမည်လား။ ယခုအချိန်ကာလတွင် ခရစ်တော်၏ "ပြီးမြောက်သွားပြီ" ဆိုသည့် မိန့်တော်မူချက်ကို ကျွန်ုပ်တို့ကြားကြရပါက မည်သို့ရှိကြမည်နည်း။

ကျွန်ုပ်တို့အပေါ်သို့ကျရောက်နေသော ခန့်ညားတည်ငြိမ်သည့်တာဝန်ယူရမှုများအပေါ် ရှုမြင်ကြရာတွင်၊ အနာဂတ်ကာလကိုရင်ဆိုင်နိုင်ရန်အတွက် ကျွန်ုပ်တို့မည်ကဲ့သို့လုပ်ဆောင်ရကြမည်ကို နားလည်နိုင်ရေးအတွက် ထိုအနာဂတ်ကို ကျွန်ုပ်တို့အနေဖြင့် ဆင်ခြင်တွေးတောကြပါစို့။ နောက်ဆုံးသောနေ့ရက်၏ခန့်ညားထည်ဝါသောစုရုံးခြင်းနှင့် စကြဝဠာကြားနာမှုအတွင်းတွင်

အပြစ်သားအပေါ်တရားစီရင်ရခြင်း၏အကြောင်းရင်းကို ဖတ်ကြားပြသမည်ဖြစ်သည်။ မိဘများအနေဖြင့် သူတို့၏သားသမီးတို့၏လျှို့ဝှက်သည့်အသက်တာများကို ပထမဦးဆုံးသင်ကြားရယူရကြမည်ဖြစ်သည်။ သားသမီးတို့သည်လည်း ဤနည်းအားဖြင့် သူတို့၏မိဘတို့အပေါ် အကြိမ်မည်မျှသောအမှားအယွင်းများတို့ကို ကျူးလွန်မိကြသည်ကို တွေ့မြင်လာကြပေမည်။ ဤသို့ဖြင့် စိတ်နှလုံး၏လျှို့ဝှက်မှုများနှင့်စေ့ဆော်မှုများတို့၏ယေဘုယျဖော်ပြမှုမျိုး ဖြစ်ပေါ်လာပြီး ဖုံးကွယ်နေသောအရာတို့ကို ထင်ရှားလာစေမည်ဖြစ်သည်။ တရားသဖြင့်စီရင်ခြင်းနှင့် ချိတ်ဆက်မှုရှိကြသော ခန့်ညားတည်ကြည်သည့်အရာများတို့နှင့်ပတ်သက်သည့် ရှင်မြူးစရာတို့ကို ဖော်ဆောင်ကြသောသူတို့အနေဖြင့် ကြောက်မက်ဖွယ်ရာလက်တွေ့ဘဝနှင့် ကြုံတွေ့ကြရသည့်တိုင်၊ တည်ငြိမ်မှုရှိကြပါလိမ့်မည်။ ဘုရားသခင်၏နှုတ်တော်ထွက်ကိုမထီမဲ့မြင်ပြုကြသောသူတို့သည် စေ့ဆော်ပေးသည့်ဗျာဒိတ်တော်များတို့ကို အစအဦးစီရင်သောသူနှင့် ရင်ဆိုင်ကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် တရားစီရင်ခြင်းနေ့ရက်နှင့်ပတ်သက်သည့် အထောက်အထားနှင့်လွတ်ကင်းပြီးရှင်သန်နေရန်အတွက် ကြိုးပမ်း၍မရနိုင်သည့်အပြင် အချိန်ကြာမြင့်စွာနှောင့်နှေးကြန့်ကြာမှုရှိသော်လည်း ယခုတွင် အချိန်သည်နီးနေပြီဖြစ်ပြီး၊ ခရစ်တော်သည်လည်း ကြွလာတော်မူရန်အတွက် တံခါးဝတွင်ရှိနေတော်မူကာ အထူးလျင်မြန်စွာ လှုပ်ရှားဆောင်ရွက်ကြရပါတော့မည်။

ဤခန့်ညားထည်ဝါသောအရာများတို့အတွက် သင်တို့စဉ်းစားဆုံးဖြတ်ကြရာတွင် ချစ်ခင်လှစွာသော လူငယ်လူရွယ်များတို့၊ သင်တို့အနေဖြင့် သင်တို့၏အတ္တစိတ်ထား၊ ဒုစရိုက်လမ်းကြောင်းတို့ကို ရပ်တန့်ထားကြရမည့်အပြင်၊ မကောင်းမှုဒုစရိုက်တို့ကို လုပ်ဆောင်မှုကိုပါ ရပ်တန့်ထားကြကာ၊ ကောင်းသောအရာကိုသာလုပ်ဆောင်ရန် သင်ယူရကြမည်ကို သင်တို့သတိထားမိခြင်းမရှိကြပါတကား။ သင်တို့၏အကျင့်စရိုက်ကို ပျက်စီးရာပျက်စီးကြောင်းဖြစ်အောင် (သို့မဟုတ်) ရပ်တန့်ခြင်းမရှိသော အစဉ်ထာဝရတည်တံ့



မည့်အသက်အပိုင်းအခြားများတို့၏ချမ်းမြေ့ပျော်ရွှင်မှုအတွက် ပုံစံသွင်းပုံဖော်ရေးသည် သင်တို့၏ကိုယ်ပိုင်အပြုအမူ၏ဦးတည်ရာလမ်းကြောင်းပင် ဖြစ်ပါသည်။ သင်တို့သည် အထက်ခေါင်းစီးပါကျမ်းချက်ဖြစ်သော “တွေ့နိုင်သည်ကာလတွင် ထာဝရဘုရားကိုရှာကြလော့။ နီးတော်မူသည်ကာလတွင် ဆုတောင်းပတ္ထနာပြုကြလော့” ဆိုသည့် တရားဝင်အမိန့်ကို အလေးဂရုပြုကြမည်လော။

–o–

## ဒီဇင်ဘာ (၃)

## ခရစ်တော်ပြန်လည်ကြွလာတော်မူသောအခါအဆင်သင့်ဖြစ်ကြစေရန် ကျွန်ုပ်တို့မည်သည့်အရာကိုလုပ်ဆောင်ကြရပါမည်နည်း

# “ဘုရားသခင်၏သားသမီးတော်များအဖြစ်သို့ရောက်ရှိကြပြီး ခရစ်တော်အားဖြင့်အမွေတော်ခံများဖြစ်ကြပါသည်”

**“သို့ဖြစ်၍ သင်တို့သည် နောက်တစ်ဖန်အစေအပါးကျွန်မဖြစ်၊ သားပင်ဖြစ်ကြ၏။ သားဖြစ်လျှင် ခရစ်တော်အားဖြင့် ဘုရားသခင်၏အမွေခံလည်းဖြစ်ကြ၏” (ဂလာတိ ၄း၇)**

ဂလာတိလူတို့သည် ရုပ်တုဆင်းတုတို့ကို ဝတ်ပြုကိုးကွယ်ခြင်းအမှုကို စွန့်လွှတ်ခဲ့ကြသော်လည်း တမန်တော်တို့က သူတို့အားဟောပြောခဲ့သည့် အပြစ်၏ကျေးကျွန်များအဖြစ်မှ ကင်းလွတ်သွားမည့်ကတိတော်ဆိုင်ရာသတင်းစကားအတွက် သူတို့သည် ရွှင်လန်းခြင်းရှိခဲ့ကြပါသည်။ ခရစ်တော်၏အပြစ်ဖြေခြင်းအတွက် အသေခံဆက်ကပ်တော်မူခြင်းတွင် ယုံကြည်သောဖြောင့်မတ်ခြင်းတရားဆိုင်ရာဒေသနာကို ရှင်ပေါလုနှင့်သူ၏လုပ်ဖော်ကိုင်ဖက်များတို့က ကြေညာခဲ့ကြပါသည်။ ခရစ်တော်သည် ကျရှုံးသောလူမျိုးတို့၏အကူအညီမဲ့အခြေအနေတို့ကို ကြည့်ရှုတော်မူပြီး၊ ဘုရားသခင်၏ပညတ်တရားတော်ကို နာခံလိုက်လျှောက်ကြသောအသက်တာမျိုး နေထိုင်ကြသောအမျိုးသားများနှင့် အမျိုးသမီးများတို့ကို ကယ်ချွတ်တော်မူရန် ကြွလာတော်မူခဲ့ကာ၊ ဘုရားသခင်၏ပညတ်တရားတော်ကို မနာခံသောသူတို့ကို အပြစ်ပေးတော်မူသောပုဂ္ဂိုလ်အဖြစ် ရှင်ပေါလုတို့က ခရစ်တော်ကိုပုံဖော်ခဲ့ကြပါသည်။ စစ်မှန်သည့်ဘုရားသခင်အကြောင်းကို မသိရှိခဲ့ဖူးသော အများသောသူတို့သည် ကပ်တိုင်တော်၏အလင်းတရားအားဖြင့် ဖခမည်းတော်၏ချစ်ခြင်းမေတ္တာတော်၏ကြီးမားမှုကို စတင်နားလည်သဘောပေါက်လာခဲ့ကြပါသည်။ ဤသို့ဖြင့် ဖခမည်းတော်ဘုရားသခင်နှင့် ကျွန်ုပ်တို့၏သခင်ဘုရားယေရှုခရစ်တော်တို့နှင့်ပတ်သက်သော အခြေခံကျသည့်သမ္မာတရားတော်များအကြောင်းတို့ကို ဂလာတိလူတို့သည် သင်ကြားပို့ချခြင်းခံခဲ့ကြရပါသည်။ ကျွန်ုပ်တို့၏သခင်ဘုရားယေရှုခရစ်တော်သည် ကျွန်ုပ်တို့၏ဖခမည်းတော်ဖြစ်တော်မူသောဘုရားသခင်၏အလိုတော်အားဖြင့် ဤလက်ရှိဆိုးသွမ်းသောကမ္ဘာကြီးမှ ကျွန်ုပ်တို့အား ကယ်နုတ်တော်မူရန်အတွက်နှင့် ကျွန်ုပ်တို့၏အပြစ်များအတွက် မိမိကိုယ်ကိုပေးအပ်တော်မူခဲ့ပါသည်။ သမ္မာတရားတော်ကို ကြားနာခြင်းအားဖြင့် သူတို့သည် ဘုရားသခင်၏ဝိညာဉ်တော်ကို လက်ခံရရှိခဲ့ကြကာ ခရစ်တော်၌ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏သားသမီးတော်များအဖြစ်သို့ ရောက်ရှိလာခဲ့ကြပါသည်။

ရှင်ပေါလု၏အသက်တာအပြုအမူနှင့်ပတ်သက်ပြီး သူ့အနေဖြင့် ဂလာတိလူတို့အတွင်း နေထိုင်စဉ်နောက်ပိုင်း၊ သူတို့ကိုဩဝါဒပေးသော၊ “သင်တို့ကဲ့သို့ငါဖြစ်၏။ ငါကဲ့သို့ သင်တို့ဖြစ်ကြလော့ဟု ငါတောင်းပန်၏” ဆိုသည့်ကျမ်းချက် (ဂလာတိ ၄း၁၂) အတိုင်း နေထိုင်ခဲ့ပါသည်။ ရှင်ပေါလု၏နှုတ်ခမ်းသားများတို့သည် မီးရှို့ရာယဇ်ပလ္လင်မှ တောက်လောင်နေဆဲမီးကျီးခဲတစ်ခုဖြင့် တို့ထိခြင်းခံခဲ့ရပြီးဖြစ်သည်အလျောက် သူသည် အိုမင်းမစွမ်းဖြစ်နေသော ခန္ဓာကိုယ်တစ်ခုလုံး၏သန်စွမ်းမှုထက် ပိုမိုသန်စွမ်းရန် ပံ့ပိုးခြင်းခံခဲ့ရပါသည်။ ထိုကြောင့် သူသည် အပြစ်သားတို့၏တစ်ဦးတည်းသောမျှော်လင့်ခြင်းအဖြစ်၊ ခရစ်တော်ကိုဖော်ဆောင်ပြခဲ့ပါသည်။ ရှင်ပေါလု၏အကြောင်းကို ကြားဖူးကြသောသူတို့သည် သူ့အနေဖြင့် သခင်ယေရှုနှင့်အတူရှိနေကြောင်းကို သူတို့သိရှိခဲ့ကြပါသည်။ သူသည် မြင့်သောအရပ်မှလာသော တန်ခိုးတော်ကို ခံယူရရှိခဲ့သည့်အလျောက်၊ သူသည် ဝိညာဉ်တော်ဆိုင်ရာအရာများတို့ကို ဝိညာဉ်တော်အားဖြင့် နှိုင်းယှဉ်ပြသနိုင်ခဲ့ပြီး၊ စာတန်မာရ်နတ်၏အမာခံစခန်းတို့ကို ဖြိုဖျက်နိုင်ခဲ့ပါသည်။ ဘုရားသခင်သည် သူ၏တစ်ပါးတည်းသောသားတော်ကို ဆက်ကပ်ပူဇော်ခြင်းဖြင့် ဖော်ပြသောသူ၏ချစ်ခြင်းမေတ္တာတော်ကို ရှင်ပေါလု၏ပြသမှုကြောင့် သိရှိကြရသောသူတို့၏စိတ်နှလုံးသားတို့သည် ကြေကွဲဝမ်းနည်းခြင်းဖြစ်ခဲ့ကြရပြီး၊ ကျွန်ုပ်သည်

သက်သာရာရရန်အတွက် မည်သည့်အရာကိုလုပ်ရမည်နည်း ဆိုသည့်မေးခွန်းမျိုးကို လူအများကမေးမြန်းလာစေသည့်အနေအထားသို့ ဦးတည်စေခဲ့ပါသည်။ ကပ်တိုင်တော်သည် ကျွန်ုပ်တို့အား ဘုရားသခင်နှင့်နီးလာအောင် ယူဆောင်လာပေးပြီး ဘုရားသခင်နှင့်ပြန်လည်ပေါင်းထုတ်ပေးပါသည်။ ဖခင်၏ လိုက်လျောမှုရှိသော သနားခြင်း၊ ကရုဏာဖြင့်ပြည့်ဝသော ချစ်ခြင်းမေတ္တာဖြင့် ယေဟောဝါထာဝရဘုရားသည် ထာဝရသေခြင်းမှ လူသားမျိုးနွယ်တို့ကို ကယ်တင်ရန်နှင့် ကျွန်ုပ်တို့အားချစ်မြတ်နိုးခြင်း၌ လက်ခံတော်မူရေးအတွက် ဆင်းရဲဒုက္ခကိုခံယူတော်မူသော သူ၏သားတော်ကို ကြည့်တော်မူပါသည်။

–ဝ–



ဒီဇင်ဘာ (၄)

## စရစ်တော်ပြန်လည်ကြွလာတော်မူသောအခါအဆင်သင့်ဖြစ်ကြစေရန် ကျွန်ုပ်တို့မည်သည့်အရာကိုလုပ်ဆောင်ကြရပါမည်နည်း

## "ရေရှိသောမြစ်များအနီးတွင်စိုက်သောအပင်များကဲ့သို့ဖြစ်ရကြပါမည်"

**"အကြောင်းမူကား၊ ထိုသူသည် မြစ်နားမှာစိုက်လျက် မိမိအချိန်တန်မှအသီးကိုသီး၍၊ အရွက်မညှိုးနွမ်းတတ်သောအပင်နှင့်တူ၏။ ပြုလေသမျှတို့၌ အောင်လိမ့်သတည်း" (ဆာလံ ၁း၃)။**

လမ်းသွယ်တိုင်းတို့တွင် အန္တရာယ်များတို့သည် ပတ်ချာလည်ဝိုင်းနေကြပြီး၊ ထိုအန္တရာယ်များမှ အောင်မြင်သူအဖြစ် ရုန်းထွက်လာနိုင်သောသူသည် ဘုရားသခင်၏မြို့တော်တွင်သီဆိုရန် ထူးထူးကဲကဲအောင်မြင်ခြင်းသီချင်းတစ်ပုဒ်ကို အမှန်တကယ်ရရှိပါလိမ့်မည်။ အချို့သောသူတို့သည် စဥ်ဆက်မပြတ် သိုသိပ်ချုပ်တည်းထားရန် လိုအပ်သောခိုင်မာသည့်ထူးခြားသောအရည်အချင်းဆိုင်ရာ အကျင့်စရိုက်မျိုးရှိကြပါသည်။ ထိုထူးခြားသောအရည်အချင်းတို့ကို အကယ်၍သာ ဘုရားသခင်၏ဝိညာဉ်တော်ထိန်းချုပ်မှုအောက်တွင်ထားရှိပါက၊ ထိုအရည်အချင်းတို့သည် ကောင်းချီးမင်္ဂလာများအဖြစ် ရှိနေမည်ဖြစ်သော်လည်း အကယ်၍သာ ဘုရားသခင်၏ဝိညာဉ်တော်ထိန်းချုပ်မှုအောက်တွင်မရှိပါက၊ ထိုအရည်အချင်းတို့သည် ကျိန်ဆဲမှုအဖြစ်ဖြင့်သာ ရှိကြပါမည်။ ယခုကာလတွင် လူကြိုက်များမှုလှိုင်းလုံးပေါ်တွင် လိုက်ပါစီးနင်းကြသောသူတို့အနေဖြင့် ဝမ်းသာလုံးဆို့သောအခြေအနေမျိုးသို့ မရောက်ရှိလာဘဲ၊ ကရုဏာတရား၏အံ့သြဖွယ်ရာတစ်ခုအဖြစ်ဖြင့်သာ ဖြစ်ပေါ်လာပေမည်။ အများသောသူတို့လုပ်ဆောင်ခဲ့ကြသကဲ့သို့ သူတို့အနေဖြင့် သူတို့၏ကိုယ်ပိုင်ဥာဏ်ပညာအပေါ် အားထားမှီခိုကြပါက သူတို့၏ ဥာဏ်ပညာတို့သည် မိုက်မဲခြင်းအဖြစ်ဖြင့်သာ ထင်ရှားပေလိမ့်မည်။ သို့သော်လည်း သူတို့သည် သူတို့ကိုယ်ကိုဘုရားသခင်၏အမှုတော်၌

ကိုယ်ကျိုးအတွက်ကင်းစွာဖြင့် ပေးအပ်လာကြမည်ဆိုပါက၊ ထို့အပြင် မည်သည့်အခါမျှ အခြေခံစည်းမျဉ်းမှ ယုတ်စွအဆုံး ချိုးဖောက်ခြင်းမရှိပါက၊ ဘုရားသခင်သည် ထာဝရလက်ရုံးတော်ဖြင့် သူတို့အားထွေးပိုက်ခြင်းဖြင့် သူသည် သူတို့အတွက် ခိုင်မာတောင့်တင်းသော ကူညီသူတစ်ဦးအဖြစ် သူတို့အားသက်သေပြတော်မူပါလိမ့်မည်။

ဘုရားသခင်၏အမှုတော်တွင် တန်ဖိုးရှိသောကိုယ်ရည်ကိုယ်သွေးများအဖြစ်ရှိနိုင်သော အရည်အသွေးမျိုးတို့ကို ရရှိထားသောလူတိုင်းအတွက် ယခုခေတ်ကာလသည် အန္တရာယ်ရှိသောကာလတစ်ခုအဖြစ်ရှိနေရာတွင် ဤကဲ့သို့သောအရည်အသွေးမျိုးကို ပိုင်ဆိုင်ထားသောလူတစ်ယောက်အပေါ် စာတန်မာရ်နတ်သည် သူ၏စုံစမ်းနှောင့်ယှက်ခြင်းများကို စဉ်ဆက်မပြတ်ဖြင့် အပြန်ပြန်အလှန်လှန် သက်ရောက်စေပါသည်။ ထို့အပြင် ထိုသူအပေါ်တွင် မာရ်မာနနှင့်ဆန္ဒရမ္မက်တို့ကို အစဉ်ဖြည့်တင်းရန်ကြိုးစားနေပြီး ထိုသူကို ဘုရားသခင်က အသုံးပြုတော်မူသောအခါ ထိုသူသည် မိမိကိုယ်ကိုအမှီအခိုကင်းပြီး မိမိဘာသာမိမိ၏ဘဝကို ဖူလုံအောင်လုပ်ဆောင်နိုင်သည့်အနေအထားမျိုးဖြင့်ခံယူကာ၊ မိမိဘာသာရပ်တည်နိုင်သည့်ခံစားချက်မျိုး ရှိလာသည့်အနေအထားသို့ မကြာခဏရောက်ရှိသွားပါသည်။

ဆုတောင်းခြင်းနှင့်လုံ့လစိုက်ခြင်း၊ လုံ့လစိုက်ခြင်းနှင့်ဆုတောင်းခြင်းတို့သည် သင်၏အသက်တာဆိုင်ရာလုပ်ငန်းအဖြစ် ဖြစ်လာပါလိမ့်မည်။ သင်ဆုတောင်းရာတွင်လည်း သင်၏စွမ်းဆောင်နိုင်စွမ်းနှင့်ဂုဏ်တော်ချီးမွမ်းခြင်းအားလုံးတို့သည် ဘုရားသခင်ထံတော်သို့ ရောက်ရှိသွားစေလိုသောသဘောနှင့် လုပ်ဆောင်စရာတာဝန်တို့သည်လည်း သင်၏ကိုယ်တိုင်တာဝန်အဖြစ် လုပ်ဆောင်ရန်သဘောထားရပါမည်။ သင်သည် စွမ်းအားကိုအလိုရှိပါက သင်၌ကိုက စွမ်းအားရှိထားရမည်ဖြစ်ပြီး၊ ထိုစွမ်းအားသည် သူ့အပေါ် သင်၏တာဝန်ထမ်းဆောင်မှုကို စောင့်ဆိုင်းနေပါသည်။ ဘုရားသခင်ကို ယုံကြည်ခြင်း၊ သူ၏နှုတ်တော်ထွက်အားဖြင့် သူ့အားလက်ခံရယူခြင်းနှင့် ယုံကြည်ခြင်းအားဖြင့် ပြုမူကျင့်ကြံမှုတို့အားဖြင့်သာလျှင် ကောင်းချီးမင်္ဂလာ



များတို့သည် သင့်ထံသို့ရောက်ရှိပါလိမ့်မည်။ နှိမ့်ချခြင်း၊ ယုံကြည်ကိုးစားခြင်း၊ စိတ်နှလုံးကြေကွဲခြင်းရှိကြသောသူတို့ကို ဘုရားသခင်က လက်ခံတော်မူပြီး၊ သူတို့၏ဆုတောင်းခြင်းကို နားညောင်းတော်မူမည်ဖြစ်ကာ ဘုရားသခင်က ကူညီသောအခါတွင် အတားအဆီးများအားလုံးတို့ကို ကျော်လွှားနိုင်မည်ဖြစ်သည်။ ကောင်းကင်နိုင်ငံတော်၏ကောင်းချီးမင်္ဂလာကို နေ့စဉ်အသနားခံမှုအားဖြင့်ရယူရာ၌ ထိုကောင်းချီးမင်္ဂလာသည် အသက်ဝိညာဉ်အတွက် အသက်မုန့်ကဲ့သို့ရှိနေမည်ဖြစ်ကာ သူတို့အတွက် စိတ်ပိုင်းနှင့်ဝိညာဉ်ရေးပိုင်းဆိုင်ရာခွန်အားတို့ကို တိုးများစေသည့်အနေအထားကို ဖြစ်ပေါ်စေရာတွင် ရေရှိသောမြစ်များအနီး၌ စိုက်ပျိုးထားသောအပင်ကဲ့သို့ အလားတူပါလိမ့်မည်။

–o–

## ခရစ်တော်ပြန်လည်ကြွလာတော်မူသောအခါအဆင်သင့်ဖြစ်ကြစေရန် ကျွန်ုပ်တို့မည်သည့်အရာကိုလုပ်ဆောင်ကြရပါမည်နည်း

## "သမ္မာသတိရှိပြီး၊ ဆုတောင်းခြင်းအတွက်စောင့်နေကြပါ"

**"ခပ်သိမ်းသောအမှုအရာတို့သည် အဆုံးသို့ရောက်လုသည်ဖြစ်သောကြောင့် သမ္မာသတိရှိကြလော့။ ဆုတောင်းခြင်းအလို့ငှာ စောင့်နေကြလော့" (၁ပေ ၄း၇)။**

ယနေ့ကာလ၏ကြ္ကသရေလလူတို့ထံသို့ တိုက်တွန်းချက်မှာ၊ "ခပ်သိမ်းသောအမှုအရာတို့သည် အဆုံးသို့ရောက်လုသည်ဖြစ်သောကြောင့် သမ္မာသတိရှိကြလော့။ ဆုတောင်းခြင်းအလို့ငှာ စောင့်နေကြလော့" ဆိုသည့် အထက်ခေါင်းစီးပါကျမ်းချက်ဖြစ်ပါသည်။ ငယ်ရွယ်သူများအနေဖြင့် အလားတူစွာ၊ သမ္မာသတိရှိသော စိတ်အတွေးမျိုးကိုထားရှိကြရန် နှိုးဆော်ရပါမည်။ အမှုရေးရာအားလုံးတို့တွင် ကောင်းမွန်သောအလုပ်များတို့၌ မိမိတို့ကိုယ်ကို စံနမူနာအဖြစ် ပြသကြရမည်ဖြစ်ပြီး၊ တရားဒေသနာအပိုင်းတွင်လည်း ရှုတ်ချပြောဆိုခြင်းမခံရစေရန်အတွက် အကျင့်ပျက်ခြစားမှုမရှိခြင်း၊ အိန္ဒြေသိက္ခာရှိခြင်း၊ ရိုးသားဖြူစင်ခြင်းနှင့် သိမ်မွေ့စွာပြောဆိုခြင်းတို့ဖြင့် ပြည့်စုံရကြမည့်အပြင် ဆန့်ကျင်ဘက်ဖြစ်သောအပိုင်းတွင်ရှိသော သူတို့က မကောင်းကြောင်းမပြောနိုင်အောင် မကောင်းမှုလုံးဝမလုပ်ဆောင်ခြင်းဖြင့် သူတို့ကိုအရှက်ရစေရပါမည်။ နှိုးဆော်သွေးဆောင်ခြင်းအလုပ်ကို လုပ်ဆောင်ကြသောအစေခံသူတို့အနေဖြင့် သူတို့၏အရှင်သခင်တို့အပေါ် နာခံလိုက်လျှောက်မှုရှိရကြမည့်အပြင်၊ အရာအားလုံးတို့တွင် ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖြစ်တော်မူသောဘုရားသခင်၏ဒေသနာတော်ကို ဆင်မြန်းနိုင်ကြရန်အတွက်နှင့် သူတို့အားအရာအားလုံးတို့တွင် ကောင်းမွန်စွာနှစ်သိမ့်မှုပေးနိုင်ရန်အတွက် နောက်ထပ်တစ်ခါပြစ်ဒဏ်မခံရရေးနှင့် ခိုးဝှက်ခြင်းများကိုမပြုလုပ်ရေးကို ကျင့်သုံးရမည့်



အပြင်၊ ကောင်းမြတ်သောတိကျမှန်ကန်မှုရှိသည့် လုပ်ရပ်မျိုးကိုပြသကြရပါမည်။ ရန်သူကိုခုခံတွန်းလှန်ရမည့်အပြင် သူ၏မြှောက်ပင့်မှုဖြင့်ပြီးသောမက်လုံးများနှင့် တင်ပြမှုများတို့၏မြူဆွယ်မှုများတို့ကို ရှောင်ရှားနိုင်ကြရပါမည်။ လူသားကိုယ်စားလှယ်အနေဖြင့် သန်စွမ်းမှုရှိရန်မှာ သူ၏အလုပ်ဖြစ်ပြီး သန်စွမ်းရာ၌ သူ၏အကန့်အသတ်နှင့်ရှိသောခွန်အားအားဖြင့် သန်စွမ်းခြင်းမဟုတ်မူဘဲ၊ ထာဝရဘုရား၏ခွန်အားတော်နှင့် သူ၏အင်အားတော်ဆိုင်ရာ ဘုန်းတန်ခိုးတော်အားဖြင့်သာ သန်စွမ်းရပါမည်။

ခရစ်တော်ကိုယ်တော်တိုင်က (ယောဟန် ၁၅း၅) တွင်၊ "ငါနှင့်ကွာလျှင်၊ သင်တို့သည် အဘယ်အမှုကိုမျှမတတ်နိုင်ကြ" ဟူ၍ မိန့်တော်မူခဲ့ပါသည်။ သင်၏အကန့်အသတ်နှင့်သာရှိသော ကိုယ်ပိုင်ခွန်အားအားဖြင့်ခိုင်မာသောဆုံးဖြတ်ချက်ချနိုင်သည့် အရည်အချင်းများတို့မည်သည်မှာ သဲလုံးများဖြင့်ကျစ်လုပ်သော ကြိုးများပမာသာဖြစ်ကြပါလိမ့်မည်။ သို့သော်လည်း သင်သည် ဖြူစင်ရိုးသားခြင်းဖြင့်ဆုတောင်းပြီး၊ သင့်ကိုယ်ကို သင်၏အသက်ဝိညာဉ်၊ ခန္ဓာကိုယ်နှင့်စိတ်ဝိညာဉ်တို့ကို ဘုရားသခင်ထံတော်၌ အညံ့ခံခိုဝင်လျက်၊ ဘုရားသခင်၏လက်နက်တော်တစ်ခုလုံးကိုဝတ်ဆင်ကာ ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားတော်၌ သင်၏အသက်ဝိညာဉ်ကို ဖွင့်ဟထားခြင်းတစ်ခုတည်းအားဖြင့် စာတန်မာရ်နတ်၏အပြစ်တင်ခြင်းကိုခံရသည့် ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားတော်သည် မာရ်နတ်၏ပရိယာယ်မာယာများတို့ကို ရပ်ခံတွန်းလှန်နိုင်ရန် လုပ်ဆောင်ပေးနိုင်ပါသည်။ အသက်ဝိညာဉ်တိုင်းတို့၏အလုပ်မှာ၊ သခင်ဘုရားယေရှုခရစ်တော်၏တန်ခိုးတော်နှင့် အင်အားတော်တို့အားဖြင့် ရန်သူကိုခုခံတွန်းလှန်ရန်ဖြစ်ပြီး ကတိထားတော်မူချက်ကလည်း ကျွန်ုပ်တို့ထံမှမာရ်နတ်ကထွက်ပြေးသွားမည် ဆိုသည့်အချက်ကလည်းရှိထားပါသည်။ အားလုံးတို့သည် ကြီးမားသောအန္တရာယ်တွင်း ကျဆင်းနေကြရသည်ဆိုခြင်းကို သိထားကြပါလေစေ။ ထို့အပြင် ထာဝရဘုရားမိန့်တော်မူသော၊ "ဘုရားသခင်၏အနီးသို့ချဉ်းကပ်ကြလော့" ဆိုသည့်ကျမ်းချက်ကိုလိုက်နာခြင်းမှလွဲပြီး၊ မည်သည့်အရာကမျှ လုံခြုံမှုအတွက် အာမခံချက်ပေး

နိုင်သော အခြေအနေများမရှိနိုင်ကြပါ။ မည်ကဲ့သို့ဘုရားသခင်၏အနီးသို့ ချဉ်းကပ်ကြရပါမည်နည်း။ လျှို့ဝှက်သိုသိပ်စွာဖြင့် သင်၏စိတ်နှလုံးကို စိတ်အားထက်သန်စွာဖြင့် ပြန်လည်ဆန်းစစ်ပြီး၊ ကလေးသူငယ်တို့နှင့်သဏ္ဍာန်တူပြီး အသည်းလှိုက်အူလှိုက်ခြင်း၊ စိတ်နှိမ့်ချစွာ ဘုရားသခင်အပေါ်၌မှီခိုအားထားကာ၊ သင်၏အားနည်းချက်တို့ကို သခင်ယေရှုအားအသိပေးခြင်းနှင့် သင်၏အပြစ်တို့ကို ဝန်ချတောင်းပန်ခြင်းတို့အားဖြင့်သာလျှင် ဘုရားသခင်၏ အနီးသို့ချဉ်းကပ်နိုင်ကြပါမည်။ ဤကဲ့သို့ဘုရားသခင်၏အနီးသို့ ချဉ်းကပ်လာမှုကြောင့် သူသည်လည်း သင်၏အနီးသို့ချဉ်းကပ်တော်မူပါလိမ့်မည်။

–o–



ဒီဇင်ဘာ (၆)

## စရစ်တော်ပြန်လည်ကြွလာတော်မူသောအခါအဆင်သင့်ဖြစ်ကြစေရန် ကျွန်ုပ်တို့မည်သည့်အရာကိုလုပ်ဆောင်ကြရပါမည်နည်း

## “တရားသဖြင့်ကျင့်ခြင်းနှင့်ဘုရားဝတ်၌မွေ့လျော်ခြင်းတို့အားဖြင့် ရှင်သန်ကြရပါမည်”

**“–––မင်္ဂလာရှိသောမျှော်လင့်ရာကိုလည်းကောင်း၊ ကြီးမြတ်သောဘုရားသခင်တည်းဟူသော ငါတို့ကိုကယ်တင်တော်မူသော အရှင်သခင်ယေရှုခရစ်၏ဘုန်းအသရေတော် ထင်ရှားပေါ်ထွန်းခြင်းကိုလည်းကောင်း ငါတို့သည်မျှော်လင့်လျက်၊–––ယခုဘဝ၌ကျက်နွေ့စောင့်ခြင်း၊ တရားသဖြင့်ကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းတို့ကို ပြုနေရမည်အကြောင်း၊ ငါတို့ကိုဆုံးမသွန်သင်၍ လူအပေါင်းတို့ကိုကယ်တင်တတ်သော ဘုရားသခင်၏ကျေးဇူးတော်သည် ထင်ရှားပေါ်ထွန်းလျက်ရှိ၏” (တိတု ၂း၁၂၊၁၃)။**

မွန်မြတ်သန့်ရှင်းသောအသက်တာများဖြင့် အရေးပါသောနေထိုင်မှုပုံစံမျိုးကို ကျွန်ုပ်တို့၏စိတ်နှလုံးများထဲတွင် နက်နက်နဲနဲစွဲလမ်းစေကြရပါမည်။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် သခင်ယေရှုနှင့်အတူတကွရှိနေပြီး၊ သူ့အကြောင်းကိုသင်ကြားရယူသည့်အကြောင်းနှင့်ပတ်သက်သော ပညာအတတ်ကို ကမ္ဘာလောကအနေဖြင့် ရယူနိုင်မည်ဖြစ်သည်။ ခရစ်ယာန်၏ထိုက်တန်မှုသည် အလွန်ထက်မြက်သော ကိုယ်ရည်ကိုယ်သွေးများ အလွန်မြင့်မြတ်သောမျိုးရိုးနှင့် အံ့သြဖွယ်ရာစွမ်းအားများတို့အပေါ်၌ မတည်မှီဘဲ၊ ပြန်လည်သန့်စင်ပြီး၊ ပြန်လည်မွမ်းမံထားကာ ဘုန်းတော်ရှင်ဆိုင်ရာပုံရိပ်ကို ရောင်ပြန်ဟပ်သည့် သန့်ရှင်းစင်ကြယ်သော စိတ်နှလုံးအပေါ်တွင်သာ မူတည်ပါသည်။ ဤအချက်သည် အသက်ဝိညာဉ်ကိုလှုပစေရန်အတွက် ကျွန်ုပ်တို့အတွက် သူ၏အသက်တော်ကို ပေးအပ်တော်မူသော သူ၏တည်ရှိနေတော်မူခြင်းကို

ပြသခြင်းဖြစ်ပါသည်။ ထို့ပြင် ဤအချက်သည် ဆုတောင်းခြင်းပြုသောသူတို့သည် တန်ခိုးကိုရရှိကြသည်ဆိုသည့်အချက်ကို ပေါ်လွင်စေပါသည်။

သင်၏အချိန်နှင့်အာရုံပြုမှုတို့ကို မပြောပလောက်သောအရာများက စုပ်ယူခြင်းကို ခွင့်မပြုပါနှင့်။ သင်၏စိတ်အတွေးကို ဘုရားသခင်၏နှုတ်တော်ထွက်ဆိုင်ရာ မှန်မြတ်သောရည်ရွယ်ရင်းအချက်အပေါ်၌ထားရှိပါ။ ဤရည်ရွယ်ရင်းတို့ကို သင်ကြားရယူခြင်းအားဖြင့် နောက်ဆုံးသောနေ့ရက်များတွင်ဖြစ်ပေါ်နေသည့် စစ်ဆေးစုံစမ်းမှုများနှင့် အခက်အခဲများတို့ကိုကျော်ဖြတ်နိုင်ရန် သင့်အားသယ်ဆောင်ပေးမည့်ခွန်အားကို ဖြစ်ပေါ်လာစေပါလိမ့်မည်။ ဤသို့ဖြင့် သင်သည် ထိုက်တန်မှုရှိလာသည့်အလျောက် ထိုခွန်အားသည် ခရစ်တော်နှင့်သင်အတူတကွလျှောက်လှမ်းနိုင်မည့် ဖြူစင်သန့်ရှင်းသောနေရာဆီသို့ သင့်အားဆောင်ယူပါလိမ့်မည်။ ဘုရားသခင်၏နှုတ်တော်ထွက်တွင်ကျွန်ုပ်တို့သည် လေ့ကျက်သင်ကြားပြီး နာခံခြင်းအားဖြင့်၊ ဝိညာဉ်ရေးဆိုင်ရာဦးဆောင်ကြီးကြပ်သူနှင့် ညွှန်ကြားသူတစ်ယောက်ကို ပိုင်ဆိုင်ရရှိလာသည့်အလျောက် ကျွန်ုပ်တို့ထံ၌ရှိသော ဒုစရိုက်၏ဆိုးသွမ်းမှုပုံစံများတို့သည် သူ၏ပညတ်တရားတော်စည်းကမ်းအောက်သို့ ရောက်ရှိသွားပါလိမ့်မည်။ အကယ်၍ ကျွန်ုပ်တို့၏အသက်တာများအတွင်း ဤနှုတ်တော်ထွက်ဆိုင်ရာသင်ကြားမှုများက ထိန်းချုပ်ပေးသည့်သြဇာသက်ရောက်မှုရှိလာပြီး စိတ်အတွေးနှင့်နှလုံးသားတို့သည်လည်း ဤသင်ကြားမှုများတို့၏ချုပ်ထိန်းမှုစွမ်းအားအောက်တွင် ရောက်ရှိလာပါက၊ ယခုအခါတွင် အသင်းတော်များနှင့်မိသားစုများအတွင်း ပေါ်ပေါက်နေသည့်မကောင်းမှုဒုစရိုက်များတို့သည် သူတို့အတွက်နားခိုစရာနေရာကို ရှာတွေ့ကြတော့မည်မဟုတ်ပါ။ အကွယ်အကာရရှိကြသော မိသားစုဝင်တို့အပေါ်သို့ အစင်ကြယ်ဆုံးသောကောင်းချီးမင်္ဂလာများတို့သည် သက်ရောက်လာကြမည်ဖြစ်ကာ ဤမိသားစုဝင်များမှတစ်ဆင့် သြဇာသက်ရောက်မှုတစ်ခုသည် သမ္မာတရားဘက်ခြမ်းမှနေပြီး ဘုရားသခင်၏လူစုတော်တို့ကို စွမ်းအားရရှိစေရန်အတွက် သူတို့ထံသို့အရောက်သွားရောက်ပါလိမ့်မည်။



ယခုအချိန်ကာလသည် စောင့်ကြပ်ကြည့်ရှုရန်နှင့် ဆုတောင်းရန်အချိန်ဖြစ်သည့်အပြင် အားလုံးသောစိတ်အလိုလိုက်မှု၊ အားလုံးသောမာန်မာနထောင်လွှားမှုနှင့် အားလုံးသောကိုယ်ကျိုးအတ္တတို့ကို ဖယ်ရှားပစ်ကြရပါမည်။ အလွန်တန်ဖိုးရှိလှသောအချိန်ကာလများကို ဆိုးရွားမှုများဖြင့် ဖြုန်းတီးကြမည့်အစား၊ တရားအားထုတ်ခြင်းနှင့်ဆုတောင်းခြင်းတို့ဖြင့် အသုံးချသင့်ကြပါသည်။

ခရစ်တော်၏နန်းတက်ပွဲကျင်းပရာနေ့တွင် အစက်အပြောက် (သို့မဟုတ်) ပါးရေနားရေအတွန့်ကြောင်း (သို့မဟုတ်) ထိုအရာတို့နှင့်အလားတူသောအရာတို့ကို ခံယူကြသောသူတို့ကို ခရစ်တော်အနေဖြင့် သူ၏လူစုတော်အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုမည်မဟုတ်ပါ။ သို့သော်လည်း သူ့အပေါ်သစ္စာစောင့်သိကြသောသူတို့ကိုမူ သူသည် ထာဝရရှင်သန်သော ဘုန်းအသရေတော်ဆိုင်ရာသရဖူများကို ပေးသနားတော်မူပါလိမ့်မည်။

–ဝ–

## ဒီဇင်ဘာ (၇)

## ခရစ်တော်ပြန်လည်ကြွလာတော်မူသောအခါအဆင်သင့်ဖြစ်ကြစေရန် ကျွန်ုပ်တို့မည်သည့်အရာကိုလုပ်ဆောင်ကြရပါမည်နည်း "အမှားအယွင်းနှင့်ကင်းရှင်းပါစေ"

**"အပြစ်နှင့်ကင်းလွတ်ကြသည်ဖြစ်၍ သူတို့နှုတ်၌မုသားမရှိ" (ဗျာဒိတ် ၁၄း၅)။**

အပြစ်ဆိုသည်မှာ အလွန်ရွံမုန်းဖွယ်ရာအရာဖြစ်ပါသည်။ ကြီးမားသောအရေအတွက်ရှိသည့် ကောင်းကင်တမန်များတို့၏ကိုယ်ကျင့်တရားတင့်တယ်ခြင်းကို ထိခိုက်ပျက်သုဉ်းစေခဲ့ပါသည်။ ၎င်းအပြစ်သည် ကျွန်ုပ်တို့၏ကမ္ဘာမြေကြီးပေါ်သို့ ဝင်ရောက်လာခဲ့ပြီး၊ လူ၏အတွင်း၌ရှိသော ဘုရားသခင်၏ကိုယ်ကျင့်တရားပုံရိပ်တော်ကို အကုန်နီးပါးချေဖျက်ခဲ့ပါသည်။ စုံစမ်းသွေးဆောင်သူ၏လက်အောက်သို့ အညွှံခံရောက်ရှိသွားသော ကျရှုံးမှုအနေအထားသို့ရောက်ရှိနေသောလူသားကို မူလအနေအထားသို့ပြန်လည်ရရှိရန်အတွက် ဘုရားသခင်သည် သူ၏ကြီးမားသောချစ်ခြင်းမေတ္တာတော်ဖြင့် လူသားအတွက် နည်းလမ်းတစ်သွယ်ကိုဖန်တီးပေးတော်မူပါသည်။ ကျွန်ုပ်တို့၏ကိုယ်စား၊ ကုံလုံပြည့်စုံသောအကျင့်စရိုက်တော်ကို ဖော်ဆောင်တော်မူရန်အတွက် ခရစ်တော်သည် လူသားမျိုးနွယ်တို့၏ရှေ့၌ ရပ်တည်ပေးတော်မူရန် ကြွလာတော်မူခဲ့ပါသည်။ (ယောဟန် ၁း၁၂) တွင် သူ့အကြောင်းနှင့်ပတ်သက်ပြီး၊ "ထိုသူကိုလက်ခံသမျှသောသူ----တို့အား ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏" ဟူ၍ ဖော်ပြထားပါသည်။

သူ၏အသွေးတော်နှင့်ဝယ်ယူတော်မူသော အမွေတော်အတွက် သခင်ဘုရားက မည်သည့်အရာကိုတောင်းခံတော်မူပါသနည်း။ လူသားတစ်ရပ်လုံး၏အထွတ်အမြတ်ထားခြင်း၊ ခရစ်တော်စင်ကြယ်သန့်ရှင်းတော်မူသည့်အတိုင်း စင်ကြယ်သန့်ရှင်းခြင်း၊ ဘုရားသခင်၏အလိုတော်နှင့် ကုံလုံပြည့်စုံ



သောအချိုးညီမှုတို့ကိုသာ တောင်းခံတော်မူပါသည်။ အပြစ်အနာအဆာရှိသောသူများ (သို့မဟုတ်) မုသားအမှုကို လုပ်ဆောင်သောသူတို့သည် သန့်ရှင်းသောမြို့တော်တွင်းသို့ ဝင်ရောက်စံစားနိုင်ခြင်းမရှိပါ။

ကျွန်ုပ်တို့၏ဘုန်းတော်ရှင်ထာဝရဘုရားနှင့်သဏ္ဍာန်တူမှုကို ကျွန်ုပ်တို့ပြသနိုင်ကြပါသည်။ ဝိညာဉ်ရေးဆိုင်ရာ အသက်တာ၏သိပ္ပံအတတ်ကို သိရှိနိုင်ကြပါသည်။ ကျွန်ုပ်တို့ကိုပြုလုပ်သောအရှင်သခင်ကို ကျွန်ုပ်တို့ဂုဏ်ပြုနိုင်ကြပါသည်။

သူ၏သားသမီးတော်များအတွက် လူသားတို့၏အမြင့်မားဆုံးသောအတွေးအခေါ်မျိုးထက် ပိုမိုမြင့်မားသည့်အတွေးအခေါ်မျိုးဖြင့် ဘုရားသခင်၌အကြံအစည်ရှိတော်မူပါသည်။ ကျွန်ုပ်တို့၏စိတ်အတွေးတို့သည် ရှင်းလင်းကြည်လင်ပြီး ကျွန်ုပ်တို့၏စိတ်နေစိတ်ထားသည် နှစ်သက်ဖွယ်ရာဖြစ်ကာ ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာသည်လည်း အကန့်အသတ်မဲ့ဖြစ်ကြရန် အလိုတော်ရှိတော်မူပါသည်။ ထိုနောက်တွင် ကျွန်ုပ်တို့နှင့်ထိတွေ့ဆက်ဆံမှုရှိနေကြသောသူတို့အား ကောင်းချီးပေးရန်အတွက် ပညာအတတ်ကိုသယ်ဆောင်လာသည့် ငြိမ်သက်ခြင်းတရားသည် ကျွန်ုပ်တို့ထံမှ စီးဆင်းလာပါလိမ့်မည်။ ကျွန်ုပ်တို့၏အသက်ဝိညာဉ်တို့ကို ဝန်းရံပေးနေသော လေထုဝန်းကျင်သည်လည်း ပြန်လည်အားသစ်လောင်းမှု ရှိလာပါလိမ့်မည်။

အများသောသူတို့သည် သမ္မာတရားတော်ကို ကိုင်စွဲကြသော်လည်း မိမိရရကိုင်ထားကြခြင်းမဟုတ်ဘဲ သူတို့၏လက်ချောင်းဖျားများဖြင့်သာ မခိုင်မမြဲကိုင်စွဲခြင်းဖြစ်ပါသည်။ လုံခြုံမှုအတွက် ကယ်တင်ရှင်၏တန်ခိုးတော်အကြောင်းကိုပြောဆိုပြီး တန်ဖိုးရှိသောအချိန်များကို အသုံးချကြရမည့်အစား၊ မကောင်းမှုဆိုင်ရာ မှတ်တမ်းမှတ်ရာအကြောင်းများကိုသာ သယ်ဆောင်နေကြပါသည်။ အကယ်၍သာ သူတို့သည် တိကျပြတ်သားသော ပြောင်းလဲခြင်းမျိုးကို မလုပ်ဆောင်ကြပါက သူတို့သည် ချို့တဲ့မှုဖြင့်သာ ကြုံတွေ့ရကြပါမည်။ အကယ်၍သာ သူတို့သည် အကျင့်စရိုက်ဆိုင်ရာပြုပြင်ပြောင်းလဲခြင်းတစ်ခုလုံးကို မပြုလုပ်ကြပါက၊ ကောင်းကင်နိုင်ငံတော်ကို သူတို့မည်သည့်

အခါမျှ ဝင်စားရှိမရနိုင်ပါ။ စစ်မှန်သောပြောင်းလဲခြင်းရှိသောသူသည် အခြားသောသူတို့၏အမှားတို့ကိုတွေးတောရန် (သို့မဟုတ်) ပြောဆိုရန် ဆန္ဒမရှိပါ။ သူ၏နှုတ်ခမ်းသားများတို့သည် စင်ကြယ်မွန်မြတ်ပြီး ဘုရားသခင်၏သက်သေခံအဖြစ်သူသည် ခရစ်တော်၏ကျေးဇူးတော်အားဖြင့် သူ၏စိတ်နှလုံးကို ပြောင်းလဲပြုပြင်ကြောင်းကို သက်သေခံပါသည်။

မကောင်းမှုဒုစရိုက်အကြောင်းကိုတွေးတောပြီး ပြောဆိုသောစုံစမ်းနှောင့်ယှက်ခြင်းမျိုးကို ကျော်လွှားနိုင်သောသူတို့သာလျှင် ကောင်းကင်နိုင်ငံတော်သို့ ဝင်စားနိုင်ကြမည်ဖြစ်သည်။

–ဝ–



## ဒီဇင်ဘာ (၈)

### ခရစ်တော်ပြန်လည်ကြွလာတော်မူသောအခါအဆင်သင့်ဖြစ်ကြစေရန် ကျွန်ုပ်တို့မည်သည့်အရာကိုလုပ်ဆောင်ကြရပါမည်နည်း

### "ယုံကြည်ခြင်းအားဖြင့်လောကကိုအောင်နိုင်ခြင်း"

**"ဘုရားသခင်၏သားဖြစ်သောသူမည်သည်ကား၊ လောကကိုအောင်တတ်၏။ လောကကိုအောင်ခြင်းအကြောင်းမူကား၊ ငါတို့၏ယုံကြည်ခြင်းအကြောင်းပေတည်း" (၁ယော ၅:၄)။**

သူ့အပေါ်ပြန်လည်သစ္စာခံရမည့်တုံ့ပြန်မှုမျိုးဖြင့် ကျွန်ုပ်တို့အား လောကီဆိုင်ရာ တိုင်းနိုင်ငံတို့ကိုပေးကမ်းရန် ကမ်းလှမ်းခြင်းဖြင့် ယနေ့ကာလတွင် စာတန်မာရ်နတ်သည် ခရစ်တော်ကိုကမ်းလှမ်းခဲ့သော စုံစမ်းနှောင့်ယှက်မှုမျိုးများအတိုင်း၊ ကျွန်ုပ်တို့အား စုံစမ်းနှောင့်ယှက်ခြင်းများလုပ်ဆောင်နေပါသည်။ သို့သော်လည်း သခင်ယေရှုအပေါ် သူ၏ယုံကြည်ခြင်းကို အစအဦးစီရင်ပြီး စုံလင်စေတော်မူသောသူအဖြစ် ရှုမြင်သောသူအပေါ် စာတန်မာရ်နတ်၏စုံစမ်းနှောင့်ယှက်ခြင်းများတို့သည် စွမ်းအားသက်ရောက်မှုမရှိပါ။ အနေအထားများအားလုံးတို့တွင် ကျွန်ုပ်တို့ကဲ့သို့ စုံစမ်းနှောင့်ယှက်ခြင်းခံရသော်လည်း အပြစ်နှင့်ကင်းလွတ်သည့်သူဖြစ်တော်မူသော သခင်ယေရှု၏သီလတော်တို့ကို ယုံကြည်ခြင်းအားဖြင့်လက်ခံမည့်သူကို အပြစ်ကျူးလွန်ရန်အတွက် စာတန်မာရ်နတ်က မလုပ်ဆောင်နိုင်ပါ။

(ယောဟန် ၃:၁၆) တွင် "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏" ဟူ၍ ဖော်ပြထားပါသည်။ မိမိ၏အပြစ်အတွက်နောင်တရပြီး၊ ဘုရားသခင်၏သားတော်၏အသက်တာဖြစ်သည့် ဆုကျေးဇူးတော်ကို လက်ခံရယူသောသူသည် မည်သည့်

အခါမျှ အနိုင်ယူခြင်းမခံရနိုင်ပါ။ ဘုန်းတော်ရှင်၏သဘာဝသွင်ပြင်ကို ယုံကြည်ခြင်းအားဖြင့် ခံယူဆွဲကိုင်ပါက၊ သူသည် ဘုရားသခင်၏သား/သမီး ဖြစ်လာပါမည်။ ထိုနောက်တွင်မူ သူသည် ဆုတောင်းခြင်းကိုပုံမှန်လုပ်ဆောင် လာပြီး ယုံကြည်ခြင်းလည်းရှိလာပေမည်။ သူသည် စုံစမ်းနှောင့်ယှက်ခြင်း ခံရပြီး၊ စမ်းသပ်စစ်ဆေးမှုများနှင့်ကြုံလာရသောအချိန်တွင် ခရစ်တော်က အသေခံတော်မူခြင်းဖြင့် ကျွန်ုပ်တို့အားပေးသနားတော်မူသောစွမ်းအားကို သူသည် ကြွေးကြော်တောင်းခံလာသောအခါ ခရစ်တော်၏ကျေးဇူးတော် အားဖြင့် သူသည် အောင်မြင်ကျော်လွှားနိုင်ပါသည်။ အပြစ်သားတိုင်းသည် ဤအချက်ကိုနားလည်ရန်လိုအပ်ပါသည်။ သူသည် သူ၏အပြစ်များအတွက် နောင်တရရမည်ဖြစ်ပြီး၊ ခရစ်တော်၏တန်ခိုးတော်အပေါ် ယုံကြည်မှုရှိကာ၊ သူ့အားအပြစ်မှကယ်တင်ပေးရန်နှင့် ကာကွယ်ပေးရန်အတွက် ထိုတန်ခိုးတော် ကို လက်ခံရယူရမည်ဖြစ်သည်။

သူ၏အပြစ်နှင့်ပြည့်ဝသောအမူအကျင့်များနှင့် အကျင့်စရိုက်၏ ညစ်ထေးမှုများကို ထွေးပိုက်ထားခြင်းတို့ကို ခရစ်ယာန်တစ်ယောက်အနေဖြင့် မထိန်းသိမ်းထားဘဲ၊ သူ၏စိတ်အတွေးဆိုင်ရာစိတ်ဓာတ်ကို ဘုန်းတော်ရှင်နှင့် အလားသဏ္ဍာန်တူအောင် အသစ်ပြန်လည်ပြုပြင်ရပါမည်။ သင်၏ညစ်ထေး မှုများတို့သည် မည်သည့်သဘောသဘာဝဖြင့်ပင်ရှိနေပါစေ၊ ထာဝရဘုရား၏ ဝိညာဉ်တော်သည် သင့်အား ၎င်းတို့ကိုပိုင်းခြားသိမြင်စေတော်မူမည့်အပြင် သူ၏ကျေးဇူးတော်သည် ထိုညစ်ထေးမှုတို့ကို မည်သည့်နေရာ၌တွင်မဆို၊ သင်ကျော်လွှားနိုင်ရန် အထောက်အကူပေးပါလိမ့်မည်။ ခရစ်တော်အသွေး တော်၏အကျိုးကျေးဇူးများအားဖြင့် သင်သည် အောင်မြင်သူတစ်ယောက် အဖြစ်သို့ရောက်ရှိသွားပြီး ထို့ထက်မကသောအောင်မြင်သူဖြစ်လာပေမည်။

သမ္မာတရားတော်သည် အသက်ဝိညာဉ်ထဲ၌ဝင်ရောက်နိုင်ရန် ခွင့်ပြု မှုရှိရမည်ဖြစ်ပြီး ၎င်းသည် အကျင့်စရိုက်ကိုစင်ကြယ်သန့်ရှင်းစေသောအလုပ် ကို လုပ်ဆောင်ပေးပါမည်။ ၎င်းသည် အသက်တာကိုသန့်စင်ပေးပြီး၊ မြှင့်တင် ပေးမည့်အပြင် သခင်ယေရှုသည် သူ့အားချစ်ခြင်းမေတ္တာရှိကြသောသူတို့ အတွက် သွားရောက်ပြင်ဆင်ပေးတော်မူသည့် အိမ်တော်ကြီးများသို့ဝင်စား နိုင်အောင် လုပ်ဆောင်ပေးပါသည်။

ကောင်းကင်နိုင်ငံတော်သည် ကျွန်ုပ်တို့အား အရာရာတိုင်းတို့နှင့် ထိုက်တန်စေပြီး အကယ်၍သာကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံကိုဆုံးရှုံး ကြရပါက၊ အားလုံးကိုဆုံးရှုံးရသကဲ့သို့ပင်ဖြစ်ပါသည်။

–ဝ–

ဒီဇင်ဘာ (၉)

## မကြာမီကာလတွင်ခရစ်တော်ကြွလာတော်မူမည်
## "သူသည်အကျိုးအပြစ်ကိုဆောင်ခဲ့တော်မူမည်"

**"ငါသည်အလျင်အမြန်လာမည်။ ငါသည်အကျိုးအပြစ်ကိုဆောင်ခဲ့သည်ဖြစ်၍၊ လူအသီးသီးတို့အား မိမိတို့အကျင့်အတိုင်းဆပ်ပေးမည်" (ဗျာဒိတ် ၂၂း၁၂)။**

ဤလောကတွင်ရှိသော ကျွန်ုပ်တို့၏အလုပ်သည် မကြာမီပိတ်သိမ်းတော့မည်ဖြစ်၍၊ လူတိုင်းလူတိုင်းတို့သည် မိမိတို့လုပ်ဆောင်ခဲ့ကြသည်အတိုင်း အကျိုးအပြစ်ကိုလက်ခံရယူကြရမည်ဖြစ်သည်။ မမဝှိုက်က၊ "အသင်းတော်အတွက်သက်သေခံချက်စာအုပ်အတွဲ (၁)" တွင် ကျွန်မသည် သန့်ရှင်းသူတို့ခံစားရသောအကျိုးနှင့် ထာဝရတည်မြဲသည့်အမွေတို့ကို ပြသထားသည်ကို တွေ့မြင်ခဲ့ရပြီး၊ သမ္မာတရားတော်အတွက်ကြောင့် အပြင်းအထန်ဒုက္ခခံစားခဲ့ရသော်လည်း ထိုကာလကိုခက်ခဲသောကာလဟု ထင်မှတ်ခြင်းမရှိသောသူတို့သည် ကောင်းကင်နိုင်ငံတော်သို့ နည်းပါးသောအဖိုးစားနားဖြင့် ရေတွက်ဝင်ခြင်းခံရကြသည်ကို ကျွန်မတွေ့မိခဲ့ပါသည်ဟူ၍ ရေးသားဖော်ပြခဲ့ပါသည်။

နေ့စဉ်နှင့်အမျှ တာဝန်များကိုကျေပွန်စွာမထမ်းဆောင်နိုင်ခြင်း၊ လျစ်လျူရှုခြင်း၊ ကိုယ်ကျိုးဆန်ခြင်း၊ လိမ်လည်ခြင်း၊ ပရိယာယ်ဖြင့်လှည့်စားခြင်းနှင့် တစ်ပတ်ရိုက်ခြင်းတို့နှင့်ပတ်သက်သော မှတ်တမ်းဆိုင်ရာဝန်ထုပ်ဝန်ပိုးတို့ကို သယ်ပိုးနေရကြပါသည်။ နောက်ဆုံးသောတရားစီရင်ခြင်းအတွက်၊ ဒုစရိုက်လုပ်ရပ်များတို့၏ပမာဏအတိုင်းအတာ မည်မျှစုပုံနေကြပြီနည်း။ ခရစ်တော်ကြွလာတော်မူတော့မည့်အချိန်တွင် မည်သည့်ဗျာဒိတ်ရူပါရုံများဖြစ်ပေါ်လာမည်နည်း။

ကောင်းသောအပြုအမူနှင့်မှားယွင်းသောအပြုအမူ၊ ထို့အပြင် ၎င်းအပြုအမူတို့၏အခြားလူတို့အပေါ် ဩဇာသက်ရောက်မှုတို့သည် နှလုံးသား



တို့ကိုရှာဖွေတော်မူသော၊ ထို့အပြင် ထိန်ချန်လျှို့ဝှက်မှုတိုင်းကို သိရှိတော်မူသောသူတစ်ထူး၏ခြေရာကောက်တော်မူခြင်းကို ခံနေရပါသည်။ ထို့နောက် အပြုအမူကိုလှုံ့ဆော်ပေးသော အကြောင်းရင်းခံများအပေါ်မူတည်ပြီး အကျိုးအပြစ်ကိုခံစားရမည်သာဖြစ်သည်။

ခရစ်တော်ကြွလာတော်မူရန် အတော်နီးကပ်နေပြီဖြစ်ပြီး ကြီးမားသောအဟုန်ဖြင့် အလျင်အမြန်လှုပ်ရှားဆောင်ရွက်တော်မူနေပါသည်။ လုပ်ဆောင်ရန်အချိန်သည် တိုတောင်းလှပြီး၊ အမျိုးသားများရောအမျိုးသမီးများတို့ပါ ပျက်စီးဆုံးရှုံးခြင်းသို့ ရောက်နေကြပါသည်။ ပျက်စီးခြင်းသို့ဦးတည်နေသော ကမ္ဘာလောကကြီး၏လိုအပ်ချက်များတို့ကို သိရှိရေးအတွက် ကျွန်ုပ်တို့ကိုဆုပ်ကိုင်ထားနိုင်သည့် ဘုရားသခင်၏ပြောင်းလဲနိုင်စွမ်းရှိသောတန်ခိုးတော်ကို ကျွန်ုပ်တို့လိုအပ်ကြပါသည်။ သင်တို့အတွက် ကျွန်ုပ်၏သတင်းစကားဆိုင်ရာဝန်ထုပ်ဝန်ပိုးမှာ၊ အဆင်သင့်ဖြစ်ကြပါ။ ထာဝရဘုရားနှင့်ဆုံတွေ့ရေးအတွက် အဆင်သင့်ဖြစ်ကြပါ ဆိုသည့်အချက်ပင်ဖြစ်ပါသည်။ သင်တို့၏ဆီမီးခွက်တို့ကို ထွန်းညှိကြပြီး၊ သမ္မာတရား၏အလင်းကို ခြံစည်းရိုးများနှင့်လမ်းကြိုလမ်းကြားများအထိ လင်းလက်ပါလေစေ။ အရာအားလုံးတို့၏ဆုံးခန်းတိုင်ဆီသို့ ချဉ်းကပ်လုနီးကြောင်းကို ကမ္ဘာမြေကြီးကိုသတိပေးခြင်းရှိရပေမည်။

အလုပ်ခွင်တွင်းလုပ်ဆောင်မှုတွင် ကျွန်ုပ်တို့၏စိတ်နှလုံးတို့သည် ပျော့ပျောင်းမှုရှိပြီး၊ ကြမ်းတမ်းသောစိတ်ဓာတ်မျိုးကို ထိုလုပ်ငန်းခွင်တွင်းသို့ မယူဆောင်လာမိရေးအတွက် ကျွန်ုပ်တို့နှင့်အတူ ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်တည်ရှိတော်မူရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့၏စိတ်နှလုံးတို့ကို သန့်ရှင်းသောဝိညာဉ်တော်က အပြည့်အဝပိုင်ဆိုင်မှုရှိစေရန် အကျွန်ုပ်ဆုတောင်းပေးပါသည်။ ဘုရားသခင်ထံတော်မှ အကြံပေးတော်မူချက်အတွက် သူ၏အထံတော်သို့ အားကိုးတကြီးဖြင့်မျှော်လင့်ကြသော ဘုရားသခင်၏သားသမီးတော်တို့ကဲ့သို့ ကျင့်ကြံကြပြီး၊ မည်သည့်နေရာ၌တွင်မဆို ပေါ်ပေါက်

လာကြသော သူ၏အစီအစဉ်တော်များတို့ကို အဖြေရှာနိုင်ကြရန် အဆင့်သင့်ဖြစ်ရကြပါမည်။ ထိုကဲ့သို့သောသူတို့အားဖြင့် ဘုရားသခင်သည် ဘုန်းတော်ထင်ရှားတော်မူမည်ဖြစ်ပြီး ကျွန်ုပ်တို့၏ထက်သန်မှုအတွက် သက်သေခံကြသောသူတို့ကလည်း အာမင်ပြီးရင်းအာမင်ဟူ၍ မြွက်ဆိုလာကြပါလိမ့်မည်။

–ဝ–



**ဒီဇင်ဘာ (၁၀)**

## မကြာမီကာလတွင်စရစ်တော်ကြွလာတော်မူမည်
## “ကျွန်ုပ်တို့ခံယူ၍ နားထောင်ပြီးသောအရာကို အောက်မေ့၍ စောင့်ရှောက်ကြရမည့်အပြင်အဆင်သင့်ရှိရကြပါမည်”

**“ထိုကြောင့် သင်သည်ခံယူ၍ နားထောင်ပြီးသည်အရာကို အောက်မေ့၍ စောင့်ရှောက်လော့။ နောင်တရလော့။ စောင့်၍မနေလျှင်၊ သူခိုးကဲ့သို့ သင်ရှိရာသို့ငါလာမည်။ လာမည့်အချိန်နာရီကိုလည်း သင်မသိရ” (ဗျာဒိတ် ၃း၃)။**

အထက်ခေါင်းစီးကျမ်းချက်ဖြစ်သော “သင်သည်ခံယူ၍ နားထောင်ပြီးသည်အရာကိုအောက်မေ့၍ စောင့်ရှောက်လော့။ နောင်တရလော့။” နောက်တစ်ကြိမ်မွေးဖွားခြင်းခံရပြီးသောသူတို့အနေဖြင့်၊ ကောင်းကင်ဘုံ၏အလင်းကို ခံယူရရှိကြရာတွင် ပျော်ရွှင်စရာနှင့်ရွှင်လန်းဝမ်းမြောက်စရာ မည်မျှခံစားကြရသည်ကို သတိရကြပြီး၊ သူတို့၏ပျော်ရွှင်ဝမ်းမြောက်ခြင်းကို အခြားသောလူတိုင်းကို ပြောပြလိုစိတ်မည်မျှပြင်းထန်ကြပါသနည်း။

“အောက်မေ့၍စောင့်ရှောက်လော့။” ဤစကားသည် သင်၏အပြစ်များတို့ကိုအောက်မေ့ပြီး စောင့်ရှောက်ရမည့်အဓိပ္ပါယ်မျိုးမဟုတ်ဘဲ နှစ်သိမ့်မှု၊ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းတို့ကိုသာအောက်မေ့ပြီး စောင့်ရှောက်ကြရန်သာဖြစ်ပါသည်။ ထိုနှစ်သိမ့်မှု၊ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းတို့ဆိုသည်မှာလည်း၊ ဘုရားသခင်၏နှုတ်တော်ထွက်အားဖြင့် သူကိုယ်တော်တိုင်က ပေးသနားထားတော်မူသောအရာများဖြစ်ပါသည်။ မည်သည့်အခါမျှ စိတ်ဓာတ်မကျကြပါနှင့်။ စိတ်ဓာတ်ကျတတ်သောသူတစ်ယောက်သည် မည်သည့်အရာကိုမျှ မလုပ်ဆောင်နိုင်ပါ။ စာတန်မာရ်နတ်သည် သင်စိတ်ဓာတ်ကျဆင်းရန် ကြိုးပမ်းလုပ်ဆောင်နေပြီး သင့်အနေဖြင့် ဘုရားသခင်ကိုအစေခံခြင်းဖြင့် မည်သို့မျှအသုံးမဝင်ပါဟူ၍ သင့်အားပြောဆိုနေသည့်အပြင် ဤကဲ့သို့

ဘုရားသခင်၏အစေကိုခံခြင်းဖြင့် မည်သည့်အဖိုးအခမျှ ဘုရားသခင်က မပေးသည့်အပြင် ဤကဲ့သို့ဘုရားသခင်၏အစေကိုခံမည့်အတူတူ၊ လောကီဆိုင်ရာအပျော်အပါးနှင့် လိုလားနှစ်သက်မှုကိုလိုက်စားပါက၊ ပိုမိုကောင်းမွန်ကြောင်းကို သင့်အားပြောနေပါသည်။ သို့သော်လည်း ခရစ်တော်က (မဿဲ ၁၆း၂၆) တွင်၊ "လူသည် ဤစကြဝဠာကို အကြွင်းမဲ့အစိုးရ၍ မိမိအသက်ဝိညာဉ်ရှုံးလျှင် အဘယ်ကျေးဇူးရှိသနည်း။----" ဟူ၍ မိန့်တော်မူခဲ့ပါသည်။ အနာဂတ်ကမ္ဘာကို အဆုံးရှုံးအနစ်နာခံပြီး သင့်အနေဖြင့် လောကီနှင့်ဆိုင်သောအပျော်အပါးကို ရယူနိုင်ပါသော်လည်း၊ ဤကဲ့သို့သောပေးဆပ်ရမှုမျိုးကို သင်ခံနိုင်စွမ်းရှိနိုင်ပါသလား။ ကျွန်ုပ်တို့အနေဖြင့်ခံယူ၍ နားထောင်ပြီးသောအရာကို "အောက်မေ့၍စောင့်ရှောက်" ကြရမည့်အပြင် ကောင်းကင်ဘုံမှကျွန်ုပ်တို့လက်ခံရရှိကြသောအလင်းတော်၌ ရှင်သန်နေကြရပါမည်။ အဘယ်ကြောင့်ပါနည်း။ အကြောင်းမှာ ဘုရားသခင်သည် ထာဝရတည်မြဲသောသမ္မာတရားတော်ကို ကျွန်ုပ်တို့ဆုပ်ကိုင်ထားရန်နှင့် သူ၏ချစ်ခြင်းမေတ္တာတော်အကြောင်းကို သိကျွမ်းခြင်းမရှိကြသောသူတို့အား ထိုအလင်းတော်နှင့်ဆက်သွယ်ရေးတွင် ကျွန်ုပ်တို့က သူ၏ကူညီတော်မူသောလက်အဖြစ် ပြုမူကြရန်အလိုတော်ရှိတော်မူပါသည်။ သင်သည် သင့်ကိုယ်ကိုခရစ်တော်ထံတော်၌အပ်နှံပါက၊ ကောင်းကင်နိုင်ငံတော်၏ကြီးမြင့်တော်မူသော ဂုဏ်တော်သုံးပါးဖြစ်တော်မူကြသည့် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တို့၏မျက်မှောက်၌ ကတိပြုရပါမည်။ ဤကတိပြုချက်ကို သင်သည် အောက်မေ့ပြီး စောင့်ရှောက်ရပါမည်။---

ခရစ်တော်၏ကတိတော်များ၌ ရိုးသားစွာဖြင့် သစ္စာစောင့်သိသောသူ၏အပေါ်ရှိ ခရစ်တော်၏လက်တော်ကို ရန်သူက မည်သည့်အခါမျှ မဖယ်ရှားနိုင်ပါ။ အကယ်၍ အသက်ဝိညာဉ်သည် နာခံလိုက်လျှောက်မှုရှိစွာဖြင့် သစ္စာစောင့်သိပြီးလုပ်ဆောင်ပါက စိတ်အတွေးတွင် ဘုန်းတော်ရှင်ဆိုင်ရာခံစားမှုတို့သည် လွယ်ကူစွာဖြင့်ချဉ်းကပ်နိုင်မည်ဖြစ်ပြီး ဘုရားသခင်၏အလင်းတရားတော်သည် ထိုစိတ်အတွေးထဲတွင်ထွန်းလင်းကာ၊ နားလည်



နိုင်သောဉာဏ်ပညာကို ဖြစ်ပေါ်လာစေမည်ဖြစ်သည်။ ခရစ်တော်သခင်ယေရှုထံတော်မှ အခွင့်ထူးများကို ကျွန်ုပ်တို့ရရှိနေကြပါသည်တကား။

သခင်ဘုရားကြွလာတော်မူခြင်းကို ကျွန်ုပ်တို့အနေဖြင့် သတိဝီရိယရှိစွာဖြင့် စောင့်နေကြရပါမည်။-----အချိန်တိုင်းတွင် သစ္စာရှိစွာဖြင့်လုပ်ဆောင်ရကြပါမည်။ (မဿဲ ၂၄း၁၃) တွင် ခရစ်တော်က၊ "အကြင်သူသည် အဆုံးတိုင်အောင်တည်ကြည်၏။ ထိုသူသည် ကယ်တင်ခြင်းသို့ရောက်လိမ့်မည်" ဟူ၍ မိန့်တော်မူခဲ့ပါသည်။

-o-

## မကြာမီကာလတွင်ခရစ်တော်ကြွလာတော်မူမည်
## "ကျွန်ုပ်တို့သည်ခရစ်တော်၏ပြန်လည်ကြွလာတော်မူခြင်းကို မှန်မြတ်သန့်ရှင်းသောပြောဆိုမှုဖြင့်မျှော်လင့်တောင့်တကြပါသည်"

**"သို့ဖြစ်၍ ဤအရာအလုံးစုံတို့သည် ကုန်စင်မည်မှန်သောကြောင့်၊---ဘုရားသခင်၏နေ့ရောက်လိမ့်မည်ဟု သင်တို့သည် မျှော်လင့်တောင့်တလျက် သန့်ရှင်းသောအကျင့်ကိုကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းအားဖြင့် အဘယ်သို့သောသူဖြစ်အပ်ကြသနည်း" (၂ပေ ၃း၁၁၊၁၂)။**

အများသောမိမိကိုယ်ကိုမိမိ၊ အလျင်အမြန်ကြွလာတော်မူမည့်ခရစ်တော်ကိုမြော်လင့်ကြသောသူဟု ပြောဆိုကြသောသူတို့သည် ဤကမ္ဘာလောကကြီးနှင့်သဘောခြင်းကိုက်ညီသည့် အနေအထားသို့ရောက်ရှိနေကြပြီး သူတို့အားပတ်လည်ဝိုင်းနေကြသော လူတို့၏လက်ခုပ်ဩဘာပေးခြင်းခံရရေးကို ဘုရားသခင်၏သဘောကျလက်ခံတော်မူခြင်းကိုရရှိရေးထက် ပိုမို၍စိတ်အားထက်သန်စွာဖြင့် ကြိုးပမ်းရှာကြံကြပါသည်။

အများသောထိုသူတို့သည် ခရစ်ယာန်တို့၏ဝတ်စားဆင်ယင်မှုကို ပြသကြသော်လည်း လောကီစကားလုံးကိုသာ ပြောဆိုကြပြီး၊ လောကီအမူအကျင့်မျိုးကိုသာပြုမူကြလျက်၊ သူတို့၏သရုပ်သကန်အမှန်ကို သိရှိနိုင်ရန်မှာ သူတို့အသက်မွေးဝမ်းကျောင်းအလုပ်အားဖြင့် သိရှိနိုင်ပါသည်။ ခရစ်တော်ကိုမြော်လင့်သည့်ပုံစံကို သူတို့ပြသကြသော်လည်း သူတို့၏ပြောဆိုကျင့်ကြံမှုသည် ကောင်းကင်နိုင်ငံဆိုင်ရာအရာများတွင် ရှိမနေကြဘဲ လောကီဆိုင်ရာအရာများ၌သာ ရှိနေကြပါသည်။

အထက်ခေါင်းစီးကျမ်းချက် (၂ပေ ၃း၁၁၊၁၂) အရ၊ "သန့်ရှင်းသောအကျင့်ကိုကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းအားဖြင့် အဘယ်သို့သောသူများဖြစ်အပ်ကြသည်ကို" ပြသကြရန်၊ "ဘုရားသခင်၏နေ့ရက်ရောက်လိမ့်မည်ဟု သင်တို့သည် မျှော်လင့်တောင့်တလျက်" ဆိုသည့်အတိုင်း သင်တို့ပြောဆိုကျင့်ကြံကြပါသလား။



ကောင်းကင်နိုင်ငံတော်သို့သွားရာခရီးလမ်းသည် ကျောက်ဆောင်၊ ကျောက်ကမ်းပါးပေါ်များလှပါသည်။ နှင်းဆီရိုင်းပင်များနှင့်ဆူးခြုံပင်များတို့သည် ထိုခရီးလမ်းတွင်ရှိကြပါသော်လည်း ထိုကြမ်းတမ်းသောခရီးလမ်းကို ရှင်ပျသောခြေနင်းသံ (လမ်းလျှောက်စဉ်ထွက်ပေါ်လာသော ခြေထောက်နင်းသည့်အသံ) များဖြင့် ဘုန်းအာနုဘော်၏ဘုရင်၊ သခင်ယေရှုက ကျွန်ုပ်တို့၏ရှေ့မှနင်းလျှောက်သွားထားသည်ကို သိကြသည့်အသိစိတ်ဖြင့်၊ ကျွန်ုပ်တို့နင်းလျှောက်သွားကြပါသည်။ သူ၏ခြေရာတော်များအတိုင်း ကျွန်ုပ်တို့လျှောက်လှမ်းနိုင်သည်ကို ကျွန်ုပ်တို့အနေဖြင့် ရွှင်လန်းမှုရှိကြပြီး သူ၏ဘုန်းအာနုဘော်တော်နှင့် ကျွန်ုပ်တို့ဆက်ဆံနိုင်ရေးအတွက် သူခံစားတော်မူခဲ့ရသော ဒုက္ခဆင်းရဲခြင်းများတို့ကိုလည်း ကျွန်ုပ်တို့ကသူနှင့်ပူးပေါင်းပြီး အတူတကွခံစားကြရပေမည်။ သခင်ဘုရားကိုမျှော်လင့်ကြပါသည် ဆိုသည့်သူများက ကျွန်ုပ်အပေါ်သို့ ပြစ်တင်မောင်းမဲမှုတစ်ပုံတစ်ပင်ကြီးဖြင့် ပြစ်တင်လာကြရာတွင် မည်သည့်အကြောင်းဖြင့် ပြစ်တင်ကြမည်နည်း။ သူ၏လူစုတော်တို့၏ သရော်လှောင်ပြောင်မှုနှင့် ပြက်ရယ်ပြုမှုတို့ကို မည်သည့်အချိန်က သခင်ယေရှုခံစားတော်မူခဲ့ရသနည်းဟုဆိုပြီး ကျွန်ုပ်မကျေမနပ်ပြောဆိုရမည်လား။ မဟုတ်ပါ၊ ကျွန်ုပ်မကျေမနပ်ဖြင့်ပြောဆိုမည်မဟုတ်ဘဲ ကျွန်ုပ်၏အကျိုးအပြစ်သည် ကောင်းကင်နိုင်ငံတော်၌ရှိနေရေးအတွက်၊ ခရစ်တော်အတွက်ကြောင့် ထိုက်တန်စွာဒုက္ခခံစားရန် ရေတွက်ဝင်ခြင်းခံရသည်ကို ကျွန်ုပ်သည်ရွှင်လန်းပြီး ပိုမို၍ဝမ်းသာမည်ဖြစ်သည်။ ဘုန်းအာနုဘော်တော်တွင် ကျွန်ုပ်အမွေခံဖြစ်ရေးတစ်ခုတည်းသာလျှင် ကျွန်ုပ်အတွက် လုံလောက်မှုရှိပါလိမ့်မည်။

ပြောဆိုသည့်စကားအတွက်ခံစားမှုတိုင်းသည် ခရစ်ယာန် (ခရစ်တော်နှင့်အလားတူသည့်) များအဖြစ်သို့ ရောက်ရှိရန်အတွက် ကျွန်ုပ်တို့ကြိုးပမ်းကြပြီး၊ ကျွန်ုပ်တို့၏ဝတ်စားဆင်ယင်မှု၊ အပြောအဆိုနှင့်အပြုအမူတို့တွင်

ခရစ်တော်၏ပုံဖော်မှုအားဖြင့်ဖြစ်သည်ဆိုခြင်းကို ဟောကြားပေးရာရောက်လျက် ဘုန်းအာနုဘော်တော်၌ မျှော်လင့်ရာရောက်ကာ၊ သခင်ယေရှု၏ကောင်းချီး ပေးတော်မူသော မျှော်လင့်ခြင်းနှင့်ဘုန်းတော်ထင်ရှားခြင်းအတွက် မျှော်လင့် ရာရောက်ပါသည်။ ကျွန်ုပ်၏ခင်တွယ်ချစ်ခင်မှုများ၊ အကျိုးရလဒ်၊ ရတနာ စသည့်အရာအားလုံးတို့သည် ရောက်ရှိလာမည့် ထွန်းတောက်သည့်ကမ္ဘာ မြေပေါ်တွင် ရှိနေကြပါသည်။ သူ၏တင့်တယ်တော်မူခြင်း၌ ဘုန်းတော်ရှင် ဘုရင်ကြီးကို ကျွန်ုပ်မြင်တွေ့လိုပါသည်။

–ဝ–



ဒီဇင်ဘာ (၁၂)

## မကြာမီကာလတွင်ခရစ်တော်ကြွလာတော်မူမည်
## “သူသည်ကာကွယ်သူနှင့်တရားစီရင်သူအဖြစ်ဖြင့် ပြန်လည်ကြွလာတော်မူမည်”

**“–––ဘုရားသခင်ရွေးကောက်တော်မူသောသူတို့သည် ညဥ့်နေ့ မပြတ်အော်ဟစ်၍ တောင်းလျှောက်လျှင်၊ ဘုရားသခင်သည် သူတို့ဘက်၌ တရားမစီရင်ဘဲနေတော်မူမည်လော။–––” (လုကာ ၁၈း၇)။**

ဘုရားသခင်၏နှုတ်တော်ထွက်မှ ကြီးမားလှသောအလင်းတော်ကြီး ထွန်းလင်းတောက်ပလာသော ယခုကဲ့သို့သောအချိန်တွင် မှောင်မိုက်သည့် လျှို့ဝှက်ဆန်းကြယ်မှုများတို့သည် နေ့အချိန်ကဲ့သို့ ပြတ်သားစွာထင်ရှားမှုရှိ လာပြီး ဖြောင့်မတ်ခြင်းတရားနေမင်းကြီး၏တောက်ပသော ရောင်စဉ်တန်း များအတွက် မိမိတို့၏စိတ်အတွေးများနှင့် စိတ်နှလုံးများတို့ကို ဖွင့်ထားပေး ကြမည့်သူတို့အားလုံးတို့သည် အထက်နှုတ်တော်ထွက်မှ ကြီးမားလှသော အလင်းတော်ကြီးကြောင့် ဖြစ်ပေါ်လာသည့် ကရုဏာ၊ မျှော်လင့်ခြင်း၊ ဝမ်းမြောက်ခြင်းနေ့တို့နှင့်ပတ်သက်သော အကျိုးတို့ကိုခံစားရရှိရေးအတွက် အာမခံချက်ရရှိကြမည်ဖြစ်သည်။

သမ္မာကျမ်းစာတော်မြတ်များကို ရှာဖွေကြခြင်းဖြင့် အလင်း၊ ကြီးမား သောအလင်းတော်ကို ရယူခံစားကြရသည့် ပုရောက်ဖက်ပြုခြင်းဆိုင်ရာ နှုတ်တော်ထွက်ကို သင်ကြားရယူကြသော ဝီရိယရှိကြသည့်ကျောင်းသား၊ ကျောင်းသူတို့သည် ကမ္ဘာမြေကြီး၏နေရာအနှံ့တွင်ရှိနေကြပါသည်။ ဤ အချက်သည် အားလုံးသောတိုင်းနိုင်ငံများအတွက်၊ အားလုံးသောမျိုးနွယ်စုများ အတွက်နှင့် အားလုံးသောသူတို့အတွက် အမှန်အကန်ပင်ဖြစ်ပါသည်။ ဤ အရာတို့သည် ကမ်းကုန်သောမှားယွင်းမှုမှ ဆင်းသက်လာကြပြီး အခွင့်အရေး

များနှင့်အခွင့်ထူးများတို့ကို ရရှိခဲ့ကြသော်လည်း သူတို့အား အထူးတန်ဖိုးထားခြင်းမခံရသောသူတို့၏နေရာတွင် အစားထိုးဝင်ရောက်လာကြမည်ဖြစ်သည်။ ယခုအခါတွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ရွေးချယ်မှုကို လုပ်ဆောင်နေကြပြီး၊ ကျွန်ုပ်တို့သည် မကြာမီအတွင်း ဘုရားသခင်ကိုအစေခံသောသူနှင့် အစေမခံသောသူတို့၏အကြား ပိုင်းခြားသိနိုင်ကြမည်ဖြစ်သည်။

သူ၏ကျင့်ကြံတော်မူခြင်းနှင့်ပတ်သက်ပြီး ဘုရားသခင်သည် မကြာခဏအသိပေးတော်မူပါသည်။ အရေးအခင်းတစ်ခုဖြစ်ပေါ်လာသောအခါ သူသည် မိမိကိုယ်ကိုထင်ရှားစေတော်မူပြီး စာတန်မာရ်နတ်၏စီစဉ်ဆောင်ရွက်မှုများအကြောင်းကို ကြားဖြတ်အသိပေးဖော်ပြပေးတော်မူပါသည်။ တိုင်းနိုင်ငံများ၊ မိသားစုများနှင့် တစ်ဦးချင်းစီတို့အပေါ် ပြဿနာတစ်ခုတလေကျရောက်စေရန်အတွက် ရံဖန်ရံခါ ခွင့်ပြုတော်မူပြီး ဤကဲ့သို့သောအကြောင်းအရာများကို ဖြစ်ပေါ်စေတော်မူရခြင်းမှာ သူ၏ဝင်ရောက်လုပ်ဆောင်တော်မူခြင်းလုပ်ရပ်သည် အမှတ်လက္ခဏာအဖြစ် ရှိနေစေရန်ဖြစ်ပါသည်။ ဤသို့ဖြင့် ဣသရေလလူမျိုးတို့တွင် သူ၏လူမျိုးတော်တို့ကို ကျားကန်ပေးတော်မူပြီး သက်သေထူပေးတော်မူသော ဘုရားသခင်တစ်ပါးရှိတော်မူသည် ဆိုသည့်အချက်ကို သိရှိစေလိုတော်မူပါသည်။

ယေဟောဝါဘုရားသခင်၏ပညတ်တရားတော်ကို ပြောင်ပြောင်တင်းတင်းမနာခံမှုအကြောင်းသည် ကမ္ဘာအနှံ့တစ်ဝန်းလုံးနီးပါး ဖြစ်ပေါ်လာပြီး သူ၏လူမျိုးတော်တို့အနေဖြင့် သူတို့၏အပေါင်းအသင်းတို့အားဖြင့် ဒုက္ခဆင်းရဲခြင်းဖိစီးခံနေကြရပါက ဘုရားသခင်သည် ကြားဖြတ်ဝင်ရောက်ကူညီတော်မူပါလိမ့်မည်။ သူ၏လူစုတော်တို့၏ပြင်းပြထက်သန်သော ဆုတောင်းချက်များတို့ကို ဘုရားသခင်သည် ပြန်လည်တုံ့ပြန်ဖြေကြားတော်မူမည်ဖြစ်ပြီး ဤကဲ့သို့တုံ့ပြန်တော်မူရခြင်းမှာ သူတို့၏စိတ်နှလုံးအကြွင်းမဲ့ဖြင့် သူ့အားရှာဖွေကြစေရန်နှင့် သူတို့ကမကောင်းသောအမှုအရာများမှ ကယ်လွှတ်ပေးတော်မူသောသူအဖြစ် သူ့အပေါ်မှီခိုအားကိုးကြရန် နှစ်သက်လိုလားတော်မူပါသည်။



သူ၏လူစုတော်တို့အတွက် ဤကဲ့သို့သောအရာများကို လုပ်ဆောင်ပေးတော်မူရန် သူသည် အထူးကြိုးပမ်းတော်မူပါသည်။ ဘုရားသခင်ပေးတော်မူသောကတိတော်မှာ အထက်ခေါင်းစီးပါကျမ်းချက်ဖြစ်သော၊ “ဘုရားသခင်ရွေးကောက်တော်မူသောသူတို့သည် ညဉ့်နေ့မပြတ်အော်ဟစ်၍တောင်းလျှောက်လျှင်၊ ဘုရားသခင်သည် သူတို့ဘက်၌တရားစီရင်တော်မူမည်” ဆိုသည့်ကတိတော်ဖြစ်ပါသည်။

–o–

ဒီဇင်ဘာ (၁၃)

## မကြာမီကာလတွင်ခရစ်တော်ကြွလာတော်မူမည်

## “သူသည်ကျွန်ုပ်တို့အတွက်သန့်ရှင်းရာဌာနအဖြစ်ရှိတော်မူပါလိမ့်မည်”

**“အကြောင်းမူကား၊ ဘေးအန္တရာယ်ရောက်သည်ကာလ၊ တဲတော်တွင် ငါ့ကိုကွယ်ကာတော်မူမည်။ ဗိမာန်တော်အတွင်းအရပ်၌ ငါ့ကို ဝှက်ထားတော်မူမည်။ ကျောက်ပေါ်မှာလည်း ငါ့ကိုတင်ထားတော်မူမည်” (ဆာလံ ၂၇း၅)။**

ကမ္ဘာလောကကြီးကမသိရှိသည့် မှန်ကန်သောစိတ်ထားရှိပြီး သစ္စာစောင့်သိသောခရစ်ယာန်တို့အတွက် ဝမ်းမြောက်ခြင်းနှင့်နှစ်သိမ့်သက်သာခြင်းဆိုသည်အရာများရှိပါသည်။ ၎င်းအရာတို့သည် သူတို့အတွက် လျှို့ဝှက်ဆန်းကြယ်မှုတစ်ခုကဲ့သို့ ဖြစ်နေပါသည်။ ခရစ်ယာန်တို့၏မျှော်လင့်ခြင်းသည် ထာဝရရှင်သန်ခြင်းနှင့် ဘုန်းအာနုဘော်တော်တို့ဖြင့် ကြီးမားလှပါသည်။ ၎င်းမျှော်လင့်ခြင်းသည် မျက်နှာဖုံးခြုံလွှာအတွင်းသို့ ဝင်ရောက်သွားသည်နှင့် အသက်ဝိညာဉ်ဆီသို့ ကျောက်ဆူးအလားခိုင်ခံ့ကာ၊ သေချာပြီးခိုင်မြဲစွာစွဲထင်မှုရှိပါသည်။ ဘုရားတရားမကြည်ညိုသောသူတို့အပေါ်သို့ ဘုရားသခင်၏အမျက်ဒေါသမုန်တိုင်း ကျရောက်လာသောအခါ၊ ဤမျှော်လင့်ခြင်းသည် ထိုခရစ်ယာန်တို့အား ကျဆုံးခြင်းမရှိစေသည့်အပြင် သူတို့သည် ဘုရားသခင်၏လျှို့ဝှက်သောမဏ္ဍပ်အတွင်းရှိနေရသကဲ့သို့ ကွယ်ကာခြင်းခံရကြပါမည်။

ကျွန်ုပ်တို့၏ရှေ့မှောက်တွင် ဒုက္ခအရောက်ဆုံးသောကာလများရောက်လာတော့မည့်အလျောက်၊ ဘုရားသခင်၏တရားစီရင်ခြင်းများတို့သည်လည်း ကျွန်ုပ်တို့ကမ္ဘာမြေပေါ်သို့ ကျရောက်လာပါတော့မည်။ မြေကြီး၏လူမျိုးအပေါင်းတို့သည် တုန်လှုပ်ခြင်းရှိကြပါမည်။ အကူအညီအထောက်အပံ့တိုင်းအတွက် စစ်ဆေးစုံစမ်းခြင်းများနှင့် ဇဝေဇဝါဖြစ်ခြင်းများရှိနေမည်ဖြစ်ပြီး၊



လူတို့၏စိတ်နှလုံးတို့သည် ကြောက်ရွံ့ခြင်းအားဖြင့် သူတို့ကိုကျဆုံးသွားစေမည်ဖြစ်သည်။ ထိုနေ့ရက်တွင် ကျွန်ုပ်တို့မည်သို့လုပ်ဆောင်ရကြပါမည်နည်း။ မြေကြီးသည် အရက်မူးနေသူတစ်ဦးကဲ့သို့ ခေါက်တုံ့ခေါက်ပြန်ဖြင့် ချာချာလည်မည်ဖြစ်ပြီး၊ တဲအိမ်တစ်အိမ်ကဲ့သို့ လွင့်သွားပါသော်လည်း၊ အကယ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုကိုးစားရာအဖြစ် သဘောထားပါက၊ သူသည် ကျွန်ုပ်တို့အား ကယ်လွှတ်တော်မူပါလိမ့်မည်။ (ဆာလံ ၉၁း၁) တွင်၊ “အမြင့်ဆုံးသောဘုရား၏ကွယ်ကာရာဌာနတော်၌ နေသောသူသည် အနန္တတန်ခိုးရှင်၏အရိပ်ကိုခိုရလိမ့်မည်” ဟူ၍ဖော်ပြထားပြီး၊ (ဆာလံ ၉၁း၉၊၁၀) တွင်လည်း၊ “ထာဝရဘုရားသည် ငါခိုလှုံရာဖြစ်တော်မူ၏ဟု သင်သည်ဆို၍ အမြင့်ဆုံးသောဘုရား၌ နေရာကျသောကြောင့် သင်၌မကောင်းသောအနိဋ္ဌာရုပ်မကပ်မရောက်” ဟူ၍ ဖော်ပြထားကာ၊ (ဆာလံ ၉၁း၁၁) တွင်လည်း “သွားလေရာရာ၌ သင့်ကိုစောင့်ရှောက်စေခြင်းငှာ ကောင်းကင်တမန်တို့အား သင့်အဖို့ မှာထားတော်မူသည်၊---” ဟူ၍ ဆက်လက်ဖော်ပြထားပါသည်။

ခရစ်တော်သည် ပဋိပက္ခ၏အဆုံးသတ်ခြင်းကို တွေ့မြင်တော်မူပါသည်။ တိုက်ပွဲသည် ပို၍ပို၍ပြင်းထန်စွာဖြင့် ဖြစ်ပွားနေပါသည်။ ထိုစစ်ပွဲကို ပြန်လည်တည့်မတ်ပေးတော်မူသောသူသည် မကြာမီပြန်လည်ကြွလာတော်မူကာ၊ လောကီအရာများအားလုံးတို့ကို ပိုင်ဆိုင်မှုအဖြစ် ရယူတော်မူပါလိမ့်မည်။ ကျွန်ုပ်တို့၏ကမ္ဘာမြေပေါ်ရှိ ရှုပ်ထွေးမှုအားလုံး၊ အကြမ်းဖက်မှုနှင့်ရာဇဝတ်ပြစ်မှုအားလုံးတို့သည် ခရစ်တော်၏နှုတ်တော်ထွက်များတို့ကို ပြည့်စုံစေသော ဖြည့်စွက်ပေးမှုတစ်ခုဖြစ်ပါသည်။ ၎င်းဖြစ်ရပ်တို့သည် သူ၏ကြွလာတော်မူခြင်းနီးကပ်နေသည်ကိုပြသသည့် နိမိတ်လက္ခဏာများပင်ဖြစ်ကြပါသည်။ သူကြွလာခါနီးသည့်ထိုနေ့ရက်တွင် ခရစ်တော်သည် သူ၏နောက်တော်သို့ လိုက်လျှောက်ကြသည့်သူတို့အတွက် ခရီးလမ်း၊ သမ္မာတရားတော်နှင့်အသက်တို့ကို ကြိုတင်စီစဉ်တော်မူပါလိမ့်မည်။ သူသည် သူ့ကိုယ်ကို သူ၏နောက်တော်သို့လိုက်လျှောက်ကြသော သူတို့၏သန့်ရှင်းရာဌာနအဖြစ်

ကတိသစ္စာပြုတော်မူပါသည်။ သူတို့အားသူက မိန့်တော်မူသည်မှာ အချိန်အနည်းငယ်အတွင်း လုံခြုံသောဆိတ်ငြိမ်ရာအရပ်တစ်ခုအတွင်းသို့ ဝင်ရောက်လာပြီး ကမ္ဘာမြေကြီး၏မတရားမှုနှင့်ဆိုးညစ်ခြင်းမှ ကင်းစင်သွားရန်ငါလုပ်ဆောင်ပြီးသည့်တိုင်အောင် ထိုဆိတ်ငြိမ်ရာအရပ်၌ ခိုလှုံပါလေဟူ၍ဖြစ်ပါသည်။

–๐–





**ဒီဇင်ဘာ (၁၄)**

## မကြာမီကာလတွင်ခရစ်တော်ကြွလာတော်မူမည်
## "သနားခြင်းကရုဏာအချိန်ကာလသည် လျှင်မြန်စွာနီးကပ်လာနေပါသည်"

**"မတရားသောသူသည် မတရားသဖြင့်ပြုစေဦး။ ညစ်ညူးသောသူသည် ညစ်ညူးစေဦး။ ဖြောင့်မတ်သောသူသည် ဖြောင့်မတ်စေဦး။ သန့်ရှင်းသောသူသည် သန့်ရှင်းစေဦး" (ဗျာဒိတ် ၂၂း၁၁)။**

အသက်စာစောင်စာအုပ်တွင် မိမိတို့၏အမည်ပါဝင်စေလိုသောသူတို့အားလုံးအနေဖြင့် နေ့ရက်အနည်းငယ်ဖြင့်သာကျန်ရှိသော သနားခြင်းကရုဏာအချိန်ကာလအတွင်း သူတို့၏အပြစ်အတွက် ဘုရားသခင်၏ရှေ့တော်မှောက်တွင် သူတို့၏အသက်ဝိညာဉ်တို့ကို သောကပူဆွေးမှုဖြင့်နာကျင်စေပြီး၊ စစ်မှန်သောနောင်တရခြင်းကိုပါ လုပ်ဆောင်ကြရပါမည်။ ဤနေရာတွင်နက်နဲပြီး သစ္စာရှိလှသောစိတ်နှလုံးတို့ဖြင့် ရှာဖွေကြရပါမည်။ အလင်းတရားအပေါ် လေးနက်မှုမရှိသော မွေ့လျော်ခြင်းမျိုးကို မိမိကိုယ်ကိုမိမိ ခရစ်ယာန်များအဖြစ် ပြောဆိုကြသောသူအများတို့က ဖယ်ရှားကြရပါမည်။ ချိုးနှိမ်နိုင်ခြင်းအတွက် ကြိုးပမ်းလုပ်ဆောင်သည့် မကောင်းမှုဆီသို့ ယိမ်းယိုင်စေမှုများကို နှိမ်နင်းကြမည့် အားလုံးသောသူတို့၏ရှေ့မှောက်တွင် ပြင်းထန်သည့်စစ်မှုရေးရာပေါ်ပေါက်နေပါသည်။ ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ အလုပ်မည်သည်မှာ တစ်ဦးချင်းစီလုပ်ကြရမည့် အလုပ်တစ်ခုပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အစုအဖွဲ့များပုံစံမျိုးဖြင့် လုံခြုံမှုမရှိကြပါ။ တစ်စုံတစ်ယောက်၏စင်ကြယ်သန့်ရှင်းမှုနှင့်ဆက်ကပ်အပ်နှံမှုတို့သည် အခြားသောသူတစ်ယောက်၏ထိုအရည်အချင်းမျိုးလိုအပ်ချက်ကို 'ထေ' မိစေခြင်းမရှိပါ။ လူတိုင်းလူတိုင်းတို့သည် စစ်ကြောစမ်းသပ်မှုကိုခံရကြမည်ဖြစ်ပြီး၊ ထိုစစ်ကြောစမ်းသပ်မှုတွင်

အစွန်းအထင်း (သို့မဟုတ်) အသားအရေတွန့်မှု (သို့မဟုတ်) ဤကဲ့သို့သော အရာမျိုးများ လုံးဝမရှိစေရကြပါ။

တည်ကြည်လေးနက်မှုတို့သည် အပြစ်ဖြေခြင်းဆိုင်ရာလုပ်ငန်းစဉ် ပိတ်သိမ်းချိန်နှင့် ဆက်စပ်မှုရှိသောပြကွင်းပြကွက်များပင် ဖြစ်ကြပါသည်။ လေးနက်မှုများသည်လည်း ထိုတည်ကြည်လေးနက်မှုတို့တွင် အကျိုးကျေးဇူး အဖြစ်ဖြင့် ပါဝင်ပတ်သက်နေပါသည်။ တရားစီရင်ဆုံးဖြတ်ခြင်းသည် ယခု အခါတွင် အထက်အရပ်ရှိသန့်ရှင်းရာဌာနတော်အတွက် အချိန်သိပ်မရရှိစေ တော့ပါ။ ဘုရားသခင်၏ကြောက်မက်ဖွယ်ရာကောင်းသော မျက်မှောက်တော်၌ ကျွန်ုပ်တို့သည် မိမိတို့၏အသက်တာတို့ကို ပြန်လည်ဆန်းစစ်ကြည့်ကြရန် စိတ်ကူးရှိရပါမည်။

အပြစ်ရှိ၊ မရှိ သိရစေရန် စစ်ဆေးဆဲတရားရုံး၏ (Investigative Judgment) [ဗျာဒိတ်အနက်ဖွင့်ကျမ်းစာမျက်နှာ ၂၅၀] လုပ်ငန်းပိတ်သိမ်းချိန် ရောက်ရှိသောအခါ အားလုံးသောသူတို့၏ကြမ္မာဖြစ်သော သေရမည်လား၊ (သို့မဟုတ်) အသက်ရှင်သန်ခွင့်ရမည်လားဆိုသည်ကို အဆုံးအဖြတ်ခံယူရ ကြပါမည်။ သခင်ဘုရားသည် ကောင်းကင်ဘုံမိုးတိမ်များအတွင်း မပေါ်ထွက် လာမီတွင် သနားခြင်းကရုဏာအချိန်ကာလသည် အချိန်တိုအတွင်းဆုံးခန်း တိုင်ပါလိမ့်မည်။ လောက၏ဆွဲဆောင်မှုများတို့ကိုကြည့်ရှုပြီး ထိုဆွဲဆောင် မှုတို့ဆီသို့ ဦးလှည့်သွားကြသောကြောင့် ပင်ပန်းနေကြသောသူတို့အတွက် အန္တရာယ်ကြီးသောအခြေအနေသည် ထိုသို့သောသူတို့အတွက် ဖြစ်လာပါ လိမ့်မည်။ လုပ်ငန်းကိုင်ငန်းလုပ်ဆောင်နေသောသူသည် အမြတ်အစွန်းရရှိ ရေးနောက်သို့ ကောက်ကောက်ပါအောင်လိုက်လိုသော စိတ်ဆန္ဒ၏စုပ်ယူခြင်း ခံရချိန်၊ အပျော်အပါးကိုနှစ်သက်သူသည် ဇိမ်ခံမှုအတွက် ကြိုးပမ်းရှာဖွေနေ ချိန်၊ ဖက်ရှင်မယ်သမီးပျိုသည် သူမ၏အလှအပဆင်ယင်မှုအတွက် စီစဉ် နေချိန်တို့တွင် ကမ္ဘာမြေကြီးတစ်ခုလုံးကို တရားစီရင်ပြီး ပြစ်ဒဏ်စီရင်မည့် ကြေညာချက်ကို ထုတ်ပြန်သည့်အချိန်နှင့် တစ်ချိန်တည်းဖြစ်နေပေမည်။



(ဒံယေလ ၅း၂၇) တွင်၊ " 'တေကလ' ၏အနက်အဓိပ္ပါယ်ကား၊ ကိုယ်တော် ကိုချိန်ခွင်နှင့်ချိန်၍ လျော့ကြောင်းကို တွေ့မြင်တော်မူ၏" ဟူ၍ ဖော်ပြ ထားပါသည်။

သန်းခေါင်ယံအချိန်တွင် တိတ်ဆိတ်စွာဖြင့် သတိမရှိသောအချိန် တွင် လာသောသူခိုးကဲ့သို့၊ လူသား၏ကြမ္မာကို သတ်မှတ်တံဆိပ်ခတ်သည့် အဆုံးအဖြတ်ပေးသည့်အချိန်၊ အပြစ်ရှိသောလူများတို့ကို ကမ်းလှမ်းသည့် ကရုဏာတော်ကိုရုပ်သိမ်းသည့် နောက်ဆုံးသောအချိန်သည် ရောက်ရှိလာပေ လိမ့်မည်။ (မဿဲ ၂၄း၄၂) တွင်၊ "စောင့်နေကြလော့" ဟူ၍ ခရစ်တော်က သတိပေးတော်မူခဲ့သည်အလျောက် သူကြွလာတော်မူသောအခါတွင် ကျွန်ုပ် တို့အိပ်ပျော်နေသည်ကို တွေ့ရမည်စိုးသောကြောင့်သာ ဤသို့သတိပေးတော် မူခဲ့ပါသည်။

-၀-

## ဒီဇင်ဘာ (၁၅)

# မကြာမီကာလတွင်ခရစ်တော်ကြွလာတော်မူမည် "သူသည်မင်္ဂလာဆောင်ညစာစားပွဲသို့ ကျွန်ုပ်တို့အားခေါ်ဖိတ်တော်မူပါသည်"

**"သိုးသငယ်၏မင်္ဂလာဆောင်ပွဲသို့ခေါ်ဖိတ်ခြင်းကို ခံရသောသူတို့သည် မင်္ဂလာရှိကြ၏။---" (ဗျာဒိတ် ၁၉း၉)။**

သူ၏ကရုဏာတော်နှင့်ပေါကြွယ်ဝလှစွာသော ကျေးဇူးတော်တို့ကို ခင်းကျင်းပြသခြင်းအားဖြင့် သခင်ယေရှုသည် လူသားတို့၏စိတ်နှလုံးများတို့ကို လက်တွေ့စမ်းသပ်မှုများ လုပ်ဆောင်တော်မူနေပါသည်။ ထူးထူးကဲကဲအောင်မြင်သောကြွားလုံးတို့ဖြင့်လည်းကောင်း၊ အားလုံးသောသူ၏မကောင်းမှုမိတ်ဖက်အဖွဲ့အစည်းတို့ဖြင့်၊ ပေါင်းစည်းခြင်းဖြင့် ဘုရားသခင်နှင့်သူ၏အုပ်စိုးမှုဆိုင်ရာ ပညတ်တရားတော်များတို့ကို ဆန့်ကျင်တိုက်ခိုက်သော၊ ထို့အပြင် ထိုပညတ်တရားတော်တို့ကို သူ၏ခေတ်မီဆန်းပြားရှုပ်ထွေးပြီးလှည့်စားခြင်းများတို့အပေါ် ခုခံတားဆီးသည့်ခံတပ်ကြီးနှင့် မထိုးဖောက်နိုင်သောအရာအဖြစ်ရှုမြင်သည့် စာတန်မာရ်နတ်ကို သခင်ယေရှုသည် သူ၏အသွင်သဏ္ဍာန်အရည်အချင်းပြောင်းလဲစေမှုများအားဖြင့် အံ့အားသင့်စေတော်မူပါသည်။ ထိုအချက်အလက်တို့သည် စာတန်မာရ်နတ်အတွက် နားမလည်နိုင်သော လျှို့ဝှက်ဆန်းကြယ်မှုပင်ဖြစ်ပါသည်။ ဘုရားသခင်၏ကောင်းကင်တမန်တော်များဖြစ်ကြသည့် အဆင့်အမြင့်ဆုံးကောင်းကင်တမန်နှင့်ခေရုဗိမ်တို့သည် လူသားကိုယ်စားလှယ်တို့နှင့်ပေါင်းစည်းကြရန် ဘုရားသခင်က ခန့်အပ်တော်မူသောစွမ်းအားများဖြစ်ကြပြီး၊ သူတို့သည် တစ်ချိန်က ဒေါသအမျက်၏သားသမီးများဖြစ်ခဲ့ကြပြီး ယခုကျဆုံးနေကြသောလူသားများတို့အနေဖြင့် ခရစ်တော်၏သင်ကြားပို့ချမှုအားဖြင့် ၎င်းတို့၏အကျင့်စရိုက်တို့မှာ ဘုန်းတော်ရှင်၏ပုံသဏ္ဍာန်နှင့်တူညီစွာတိုးတက်မှုရှိလာကြကာ၊ ဘုရားသခင်၏သားတော်၊ သမီးတော်များအဖြစ်သို့ ရောက်ရှိလာကြရန်နှင့် ကောင်းကင်နိုင်ငံတော်၏ပိုင်ဆိုင်မှုများနှင့်ပျော်ရွှင်မှုများတို့တွင် အရေးကြီးသောကဏ္ဍတစ်ခုတွင် ပါဝင်ဆောင်ရွက်ကြရန် အခွင့်အရေးရရှိလာကြသည်ကို တွေ့မြင်ရကြသည့်အတွက် ထိုကောင်းကင်တမန်တော်တို့သည် အံ့သြတကြီးနှင့် ရွှင်လန်းစွာဖြင့် ထိုသူတို့ကိုကြည့်ရှုနေကြပါသည်။

သူ၏ကယ်ချွတ်မှုနှင့်ဝယ်ယူတော်မူမှုအားဖြင့် ရရှိတော်မူသည့်သူ၏ပိုင်ဆိုင်ခွင့်မှ လက်ခံရရှိတော်မူမည့် ဘုန်းအာနုဘော်တော်ဆိုင်ရာ ကြီးမားသောအခွန်အတုတ်ကို လုံလောက်သောအထောက်အကူပြုပစ္စည်းအဖြစ် သူ၏အသင်းတော်ကို ပေးတော်မူပါသည်။ ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားတော်အားဖြင့် ထောက်ပံ့မှုကိုရရှိပြီးသောအသင်းတော်သည် သူ၏ကရုဏာတော်၊ သူ၏ချစ်ခြင်းမေတ္တာတော်၊ သူ၏ကျေးဇူးတော်တို့၏ကြွယ်ဝမှုများတို့ဖြင့်ပြည့်ဝပြီး နောက်ဆုံးသောခင်းကျင်းပြသမှုတွင် ထွက်ပေါ်လာမည့်သူ၏သိုလှောင်ရုံကြီးဖြစ်ပါသည်။ သူ၏အသနားခံမှုဆုတောင်းချက်တွင်ပါရှိသောကြေညာချက်အဖြစ် သူ၏ဖခမည်းတော်၏ချစ်ခြင်းမေတ္တာတော်သည် အကျွန်ုပ်တို့အတွက်ရော တစ်ပါးတည်းသောသားတော်ဖြစ်သည့် သူ့ကိုယ်တော်တိုင်အတွက်ရောပါ ကြီးမြတ်တော်မူပြီး သူရှိတော်မူသောနေရာတိုင်းတွင် ကျွန်ုပ်တို့ရှိနေနိုင်ရေးအပြင် ခရစ်တော်၊ ဖခမည်းတော်နှင့် တစ်လုံးတစ်ဝတည်းအစဉ်အမြဲရှိနေနိုင်ကြရေးသည် ကောင်းကင်ဘုံဆိုင်ရာ မူလဘူတအတွက်အံ့ဖွယ်တစ်ပါးဖြစ်ကာ၊ သူတို့အတွက် ကြီးမားသောရွှင်လန်းမှုပင်ဖြစ်ပါသည်။ သေမင်းတမန်၏တန်ခိုးများတို့က အောင်နိုင်ခြင်းမရှိနိုင်သော သူ၏အသင်းတော်အတွက် ဝန်းပတ်ပေးသည့်မီးနံရံအဖြစ် ခရစ်တော်သည် သူ၏ကြွယ်ဝပြီးပြည့်ဝကာ ပေါကြွယ်လှစွာသော သန့်ရှင်းသောဝိညာဉ်တော်ကို ဆုကျေးဇူးအဖြစ်ဖြင့် သူ၏အသင်းတော်ကို ပေးအပ်တော်မူပါသည်။ သူတို့၏မစွန်းထင်းနိုင်သော စင်ကြယ်သန့်ရှင်းမှုနှင့်အစက်အပြောက်ကင်းရှင်းသည့် ပြည့်စုံခြင်း

တို့အားဖြင့် ခရစ်တော်သည် သူ၏လူစုတော်တို့ကို သူခံစားတော်မူခဲ့ရသော ဆင်းရဲဒုက္ခအရှက်တကွဲအကျိုးနည်းဖြစ်ခဲ့ရမှုနှင့် သူ၏ချစ်ခြင်းမေတ္တာ၏အကျိုးတရားအဖြစ် ကြည့်ရှုစောင်မတော်မူပြီး ခရစ်တော်သည် ဘုန်းအာနုဘော်အားလုံးတို့၏ဗဟိုချက်မအဖြစ် သူ၏ထံတော်မှ ဖြာထွက်သွားသောဘုန်းအာနုဘော်တော်ကို သူ၏လူစုတော်တို့အတွက် အပိုဆောင်းအဖြစ် ပေးသနားတော်မူပါသည်။ ခေါင်းစီးကျမ်းချက်တော်အတိုင်း "သိုးသငယ်၏မင်္ဂလာဆောင်ပွဲသို့ ခေါ်ဖိတ်ခြင်းကိုခံရသောသူတို့သည် မင်္ဂလာရှိကြ၏။"

–ဝ–



ဒီဇင်ဘာ (၁၆)

## ထိုထူးကဲသောအောင်ပွဲခံခြင်း "ဖြစ်စဉ်" အချိန်နာရီ

## "ခရစ်တော်သည်တန်ခိုးတော်နှင့်ကြီးမားသော ဘုန်းအာနုဘော်တော်နှင့်ကြွလာတော်မူမည်"

**"လူသားသည် မိမိဘုန်းအာနုဘော်ကိုဆောင်လျက်၊ သန့်ရှင်းသောကောင်းကင်တမန်များ အခြံအရံတို့နှင့်တကွ ကြွလာတော်မူသောအခါ ဘုန်းရှိသောပလ္လင်တော်ပေါ်မှာထိုင်၍" (မဿဲ ၂၅:၃၁)။**

ကောင်းကင်မိုးသားတိမ်တိုက်များအတွင်းမှ လူသား၏ဒုတိယအကြိမ်ကြွလာတော်မူခြင်းမြင်ကွင်းများအကြောင်းကို မည်သည့်လူမျိုးဘာသာစကားနှင့်မျှ ခြယ်မှုန်းနိုင်ခြင်းမရှိပါ။ သူသည် ထာဝရကာလနေ့ရက်များအတွင်း ဝတ်ဆင်သွားတော်မူမည့်အလင်းတော်ဝတ်ရုံကိုဝတ်ဆင်လျက် ကြွလာတော်မူပါလိမ့်မည်။ ကောင်းကင်တမန်တို့သည် သူနှင့်ပူးပေါင်းပါဝင်လာကြလိမ့်မည်။ ကုဋေသင်္ချေမကသော ထိုကောင်းကင်တမန်တို့သည် သူကြွလာတော်မူရာခရီးလမ်းတော်တွင် သူ့အားစောင့်ကြပ်ကြပါလိမ့်မည်။ တံပိုးခရာမှုတ်သံများတို့ကို ကြားရကြမည်ဖြစ်ပြီး သင်္ချိုင်းတွင်းမှအိပ်ပျော်နေကြသောလူသေတို့ကို ခေါ်နှိုးပါလိမ့်မည်။ ခရစ်တော်၏အသံတော်သည် အုတ်ဂူတို့ကိုထိုးဖောက်ပြီး သေလွန်သောသူတို့၏နားတို့ကို ဖောက်ထွင်းကာ (ယောဟန် ၅:၂၈၊၂၉) တွင် ခရစ်တော်မိန့်တော်မူသော၊ "သင်္ချိုင်းများမှာရှိသောသူအပေါင်းတို့သည်–––ထွက်ရမည့်အချိန်ကာလရောက်လတ္တံ့" ဆိုသည့်အတိုင်း ခရစ်တော်၌သေလွန်သူတို့သည် ထိုအချိန်တွင် ရှင်ပြန်ထမြောက်ကြရပေလိမ့်မည်။

ခရစ်တော်သည် တန်ခိုးတော်နှင့်ကြီးမားသောဘုန်းအာနုဘော်တော်နှင့် ကြွလာတော်မူပါမည်။ သူသည် မိမိ၏ကိုယ်ပိုင်ဘုန်းအာနုဘော်တော်နှင့် ကြွလာတော်မူမည်ဖြစ်ပြီး၊ သူ၏ခမည်းတော်၏ဘုန်းအာနုဘော်တော်

နှင့်ပါ ကြွလာတော်မူပါလိမ့်မည်။ သန့်ရှင်းသောကောင်းကင်တမန်တို့သည်လည်း သူ၏ကြွလာတော်မူရာလမ်းခရီးတော်တွင် သူ့အားဂရုတစိုက်ကူညီကြပါလိမ့်မည်။ ကမ္ဘာမြေပြင်တစ်ခုလုံးသည် အမှောင်ထုအတွင်းသို့ကျရောက်သွားသောအချိန်တွင် သန့်ရှင်းသူအားလုံးတို့တွင် အလင်းတော်သည် တည်ရှိနေပါလိမ့်မည်။ သူ၏ဒုတိယအကြိမ်ကြွလာတော်မူခြင်းတွင် ထိုသန့်ရှင်းသူတို့သည် အဦးဆုံးသောအလင်းတော်ကို ရရှိခံစားရကြပါမည်။ သူ၏ထည်ဝါမှုမှ မှိန်မသွားနိုင်သောအလင်းသည် ထွန်းလင်းလာပြီး ကယ်ချွတ်တော်မူသောအရှင်၊ သခင်ခရစ်တော်သည်လည်း သူ့အားအစေခံကြသောသူတို့အားလုံးတို့၏ အသိအမှတ်ပြုခြင်းကို ခံရတော်မူမည်ဖြစ်သည်။ အဓမ္မလူထွက်ပြေးသွားသောအခါ ခရစ်တော်၏နောက်တော်သို့ လိုက်လျှောက်ကြသောသူတို့သည် သူ၏တည်ရှိတော်မူခြင်းအတွက် ရွှင်လန်းဝမ်းမြောက်ကြပါလိမ့်မည်။

ခရစ်တော်ကြွလာတော်မူခြင်းအခြေအနေနှင့်ပတ်သက်ပြီး ခရစ်တော်က (မဿဲ ၂၄း၂၇) တွင်၊ “လျှပ်စစ်သည် အရှေ့မှပြက်၍ အနောက်တိုင်အောင်ထွန်းလင်းသကဲ့သို့ လူသားသည် ကြွလာတော်မူလတ္တံ့” ဟူ၍ မိန့်တော်မူခဲ့ပါသည်။ သူသည် ကောင်းကင်သားအားလုံးတို့၏ပူးပေါင်းကူညီမှုကို ရရှိတော်မူရန်ရှိပါသည်။ ဤအကြောင်းနှင့်ပတ်သက်ပြီး ခရစ်တော်က (မဿဲ ၂၄း၃၁) တွင် “လူသားသည် မိမိတမန်တို့ကိုစေလွှတ်၍ တံပိုးခရာတို့ကိုပြင်းစွာမှုတ်စေတော်မူသဖြင့် သူတို့သည် ရွေးချယ်တော်မူသောသူတို့ကို---ခေါ်၍ စုရုံးကြလတ္တံ့” ဟူ၍ မိန့်တော်မူခဲ့ပါသေးသည်။

ခရစ်တော်ကိုယ်တော်တိုင် ကြွလာတော်မူခြင်းအချိန်မရောက်ရှိသေးသည့်တိုင် သူ၏လူမျိုးတော်တို့သည် နိုင်ငံတော်ကိုခံယူရရှိနိုင်ကြပါသည်။ လူသည် မိမိ၏လက်ရှိအနေအထားတွင်သေနိုင်ပြီး၊ ဖောက်ပြန်ပျက်စီးတတ်ကြပါသော်လည်း ဘုရားသခင်၏နိုင်ငံတော်မှာမူ ဖောက်ပြန်ပျက်စီးတတ်ခြင်းမရှိသည့်အပြင် အစဉ်ထာဝရတည်မြဲနေပါလိမ့်မည်။ ထိုကြောင့် လူသည်



လက်ရှိသူ၏အနေအထားတွင်သာ ရှိနေဆဲဖြစ်ပါက၊ သူသည် ဘုရားသခင်၏နိုင်ငံတော်တွင်းသို့ ဝင်ရောက်နိုင်ခြင်းမရှိပါ။ သို့သော်လည်း သခင်ယေရှုကြွလာတော်မူသောအခါ သူသည် သူ၏လူစုတော်တို့အပေါ် ထာဝရရှင်သန်ခြင်းကို ချီးမြှင့်တော်မူပြီးနောက် သူတို့သည် အမွေတော်ခံများအဖြစ်သို့ရောက်ရှိသွားကြမည့်နိုင်ငံတော်သို့ အမွေခံစားရကြစေရန် သခင်ယေရှုသည် သူတို့ကိုခေါ်ဆောင်တော်မူမည်ဖြစ်သည်။

–o–

ဒီဇင်ဘာ (၁၇)

## ထိုထူးကဲသောအောင်ပွဲခံခြင်း "ဖြစ်စဉ်" အချိန်နာရီ

# "သစ္စာရှိသောမြေကြီးသားတို့သည်ကယ်တင်ခြင်းခံရကြပါလိမ့်မည်"

**"လူသားသည် မိမိတမန်တို့ကိုစေလွှတ်၍ တံပိုးခရာကို ပြင်းစွာမှုတ်စေတော်မူသဖြင့်၊ သူတို့သည် ရွေးချယ်တော်မူသောသူတို့ကို အရပ်လေးမျက်နှာ၊ ကောင်းကင်အောက်ထက်ဝန်းကျင်တို့မှခေါ်၍ စုရုံးကြလတ္တံ့." (မဿဲ ၂၄း၃၁)။**

အားနည်းမှုရှိပြီး၊ အကန့်အသတ်နှင့်သာ ရှင်သန်နေသောလူသားအနေဖြင့် အောင်နိုင်ခြင်းနှင့်အောင်နိုင်ရေးအတွက် ၎င်းတို့အပေါ် အလိုက်သင့်လိုက်ပါစီးနင်းရာတွင် ခရစ်တော်၏တန်ခိုးတော်အားဖြင့် အောင်မြင်ခြင်းကိုရယူနိုင်မည်ဖြစ်သည်။

ခရစ်တော်၏ကျေးဇူးတော်ကို ပယ်ရှားသူဖြစ်ကြသော ယုဒခြသေ့ပျိုတို့ (ကမ္ဘာဦး ၄၉း၉) သည် ကြောက်မက်ဖွယ်ရာကောင်းလောက်သောအကျိုးဆက်ကို ခံစားကြရသော်လည်း၊ နာခံခြင်းနှင့်သစ္စာရှိခြင်းကြောင့် ဘုရားသခင်၏သိုးသငယ်ဖြစ်လာရကြပါလိမ့်မည်။ ဘုရားသခင်၏ပညတ်တရားတော်အပေါ် ကျူးလွန်ဖောက်ဖျက်သောသူအတွက် လောင်မီးတိုင်သည် ကြောက်မက်ဖွယ်ရာနှင့်အမျက်ဒေါသအကြောင်းကို အသိပေးပြောကြားမည်ဖြစ်ပြီး ဘုရားသခင်၏ပညတ်တော်တို့ကို လိုက်နာစောင့်ရှောက်ကြသောသူတို့အတွက် ထိုလောင်မီးတိုင်သည် အလင်းတရားနှင့်ကရုဏာတော်အပြင်၊ ကယ်လွှတ်ခြင်းချမ်းသာဆိုင်ရာတိုကင်ပြားအဖြစ် ရှိနေမည်ဖြစ်သည်။ ပုန်ကန်လိုသူများအတွက် လက်ရုံးတော်သည် သန်မာသောသုတ်သင်ပယ်ရှင်းသည့်အရာဖြစ်ပြီး သစ္စာရှိသူအတွက်သာဆိုလျှင် ကယ်လွှတ်ခြင်းအတွက်တွင်သုံးသော သန်စွမ်းမှုတစ်ခုဖြစ်ပေမည်။ သစ္စာရှိသောလူတိုင်းတို့သည် ကယ်တင်ခြင်းခံရပေမည်။ အထက်ခေါင်းစီးပါကျမ်းချက်၊ "လူသားသည် မိမိတမန်တို့ကိုစေလွှတ်၍ တံပိုးခရာကိုပြင်းစွာမှုတ်စေတော်မူသဖြင့်၊ သူတို့သည် ရွေးချယ်တော်မူသောသူတို့ကို အရပ်လေးမျက်နှာ၊ ကောင်းကင်အောက်ထက်ဝန်းကျင်တို့မှခေါ်၍ စုရုံးကြလတ္တံ့." ဆိုသည့်အတိုင်း ဒုတိယအကြိမ်ကြွလာတော်မူသည့်အခြေအနေကို ခရစ်တော်ကိုယ်တိုင်က ကြိုတင်မိန့်ကြားတော်မူပါသည်။



သန်းပေါင်းများစွာသော ကမ္ဘာ့လူသားများတို့၏အရေအတွက်နှင့်နှိုင်းယှဉ်ကြည့်ပါက၊ ဘုရားသခင်၏လူစုတော်တို့သည် ရှိနေကျအနေအထားအတိုင်း အရေအတွက်နည်းပါးသည့်လူစုအဖြစ်သာရှိသော်လည်း ဘုရားသခင်၏နှုတ်တော်ထွက်တွင် ပြသထားသောသမ္မာတရားတော်အတွက် သူတို့ရပ်တည်ပေးကြပါက ဘုရားသခင်သည်လည်း သူတို့အတွက် ခိုလှုံရာဖြစ်တော်မူမည်ဖြစ်သည်။ ထို့အပြင် သူတို့သည် တန်ခိုးတော်အနန္တရှင်၏ကျယ်ဝန်းလှသော 'ဒိုင်း' တော်ကြီး၏အောက်တွင် ရပ်တည်ခွင့်ရရှိကြရာလည်းရောက်ပါသည်။ နောက်ဆုံးသောတံပိုးမှုတ်ခြင်း၏အသံသည် သေမင်းတမန်၏ထောင်တွင်းစံအိမ်ကို ထိုးဖောက်ပစ်မည်ဖြစ်ကာ၊ ဖြောင့်မတ်ခြင်းသည် အောင်ပွဲနှင့်အတူထွက်ပေါ်လာလျက် (၁ကော ၁၅း၅၅) တွင်ဖော်ပြသော၊ "အိုသေမင်း၊ သင်၏လက်နက်သည် အဘယ်မှာရှိသနည်း။ အိုမရဏာနိုင်ငံ၊ သင်၏အောင်ခြင်းသည် အဘယ်မှာရှိသနည်း" ကျမ်းချက်အတိုင်း ဟစ်ကြွေးကြပေမည်။ ဘုရားသခင်နှင့်လည်းကောင်း၊ ခရစ်တော်နှင့်လည်းကောင်း၊ ကောင်းကင်တမန်တို့နှင့်လည်းကောင်း မတ်တတ်ရပ်တည်နေကြပြီး အချိန်ကာလတိုင်းတို့တွင် သစ္စာစောင့်သိခြင်းနှင့် မှန်ကန်စွာနေထိုင်ကြခြင်းဖြင့် ဘုရားသခင်၏သားသမီးတော်တို့သည် လူများစုအဝန်းအဝိုင်းတို့မှ ဝေးရာသို့တသီးတခြားရပ်တည်နေကြပါလိမ့်မည်။

သန့်ရှင်းသောရူပါရုံတွင် ပုရောဖက်သည် ဘုရားသခင်၏ကျန်ကြွင်းသောအသင်းတော်၏အဆုံးစွန်သောအောင်ပွဲခံမှုကို မြင်တွေ့ခဲ့ရပါသည်။ သူက (ဗျာဒိတ် ၁၅း၂၊၃) တွင် "မီးနှင့်ရောသောဖန်ရေကန်ကဲ့သို့ ရှိသည်ကိုလည်း

မြင်ရ၏။–––အောင်မြင်သောသူတို့သည် ဘုရားသခင်၏စောင်းတော်တို့ကို ကိုင်လျက်၊ ဖန်ရေကန်နားမှာရပ်နေကြသည်ကိုမြင်ရ၏။–––ထိုသူတို့သည် ဘုရားသခင်၏ကျွန်မောရှေ၏သီချင်းနှင့် သိုးသငယ်၏သီချင်းကိုသီ၍ အနန္တ တန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရအရှင်ဘုရားသခင်၊ ကိုယ်တော်၏အပြု အမူတို့သည် ကောင်းမြတ်၍အံ့ဩဖွယ်ဖြစ်ကြပါ၏။ လူမျိုးတို့၏ဘုရင်၊ ကိုယ်တော်၏အကျင့်ဓလေ့တို့သည် ဖြောင့်မတ်ဟုတ်မှန်ကြပါ၏ဟူ၍ ရေးသား ထားခဲ့ပါသည်။

–o–



**ဒီဇင်ဘာ (၁၈)**

**ထိုထူးကဲသောအောင်ပွဲခံခြင်း "ဖြစ်စဉ်" အချိန်နာရီ**

## "ခရစ်တော်၌သေလွန်သောသူတို့သည်အဦးထမြောက်ကြလိမ့်မည်"

**"သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်း အသံပေးခြင်း၊ ဘုရားသခင်၏တံပိုးတော်ကိုမှုတ်ခြင်းနှင့်တကွ ကောင်းကင် ဘုံမှကိုယ်တိုင်ဆင်းသက်တော်မူ၍ ခရစ်တော်၌သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်" (၁သက် ၄း၁၆)။**

မိမိအသက်ကိုပေးအပ်တော်မူသောသူသည် သူကိုယ်တော်တိုင်ဝယ်ယူ တော်မူသည့် သူ၏ပိုင်ဆိုင်သူတို့၏ပထမအကြိမ်ရှင်ပြန်ထမြောက်ကြခြင်းတွင် သင်္ချိုင်းများအတွင်းမှထမြောက်ကြရန် ဆင့်ခေါ်တော်မူမည်ဖြစ်ပြီး၊ ထိုထူးကဲ သောအောင်မြင်ခြင်းအချိန်နာရီရောက်သည်တိုင်အောင်၊ ထို့ပြင် နောက်ဆုံး သောတံပိုးမြည်သံထွက်ပေါ်လာချိန် ကြီးမားသောတပ်တော်ကြီးသည် ထာဝရ အောင်မြင်ခြင်းဖြင့် ရောက်ရှိလာမည်ဖြစ်ကာ သူတို့၏တစ်ဦးချင်းအမည်ကို ပင်၊ ဘုရားသခင်သိရှိတော်မူသည့် အိပ်ပျော်နေကြသော သန့်ရှင်းသူတိုင်း တို့သည် တန်ဖိုးရှိလှသောကျောက်မျက်ရတနာအဖြစ် လုံခြုံစွာသိမ်းဆည်း ထားခြင်းခံရပြီး ကာကွယ်ထိန်းသိမ်းထားခြင်းခံရကြပါမည်။ ဘုန်းတော်ရှင် ၏ဘဝသွင်ပြင်နှင့်ဆက်ဆံကြသောသူများဖြစ်ကြခြင်းကြောင့် သူတို့အသက်ရှင် နေကြစဉ်အချိန်တွင် သူတို့နှင့်အတူကိန်းဝပ်တော်မူသော ကယ်တင်ရှင်၏ တန်ခိုးတော်ကြောင့် သူတို့သည် သေလွန်ခြင်းမှထုတ်ဆောင်ယူခြင်းခံရကြ ပါမည်။

ခရစ်တော်က (ယောဟန် ၅း၂၉) တွင်၊ "အချိန်ကာလရောက်လတ္တံ့" ဟူ၍ မိန့်တော်မူခဲ့ပြီး ထိုမိန့်တော်မူချက်သည် (ယောဟန် ၅း၂၈၊၂၉) တွင် သူမိန့်တော်မူသော "–––သင်္ချိုင်းများမှာရှိသောသူအပေါင်းတို့သည် သားတော်၏ စကားသံကိုကြား၍၊ ထွက်ရမည့်အချိန်ကာလရောက်လတ္တံ့" အချက်ကို ဆိုလို

ခြင်းဖြစ်ပါသည်။ ထိုအသံတော်သည် သေခြင်း၌ရှိနေကြသောသူတို့ထံသို့ အနှံ့အပြားထပ်ခါတလဲလဲ မြည်ဟည်းနေမည်ဖြစ်ပြီး၊ ခရစ်တော်၌အိပ်ပျော်နေကြသော သန့်ရှင်းသူတိုင်းတို့သည် ထမြောက်လာကြပြီး သူတို့၏သေမင်းတမန်ထောင်စံအိမ်တို့ကို စွန့်ခွာလာကြပါလိမ့်မည်။ ထိုနောက်တွင် ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားတော်မှ ကျွန်ုပ်တို့ရရှိလက်ခံထားကြသော အကျင့်စရိုက်ဆိုင်ရာပါရမီသည် အမြင့်ဆုံးသောအမိန့်တော်၏မှန်ကန်သော ကြီးမြတ်ခြင်းနှင့်မဟာမိတ်ဖွဲ့ပေးပါလိမ့်မည်။

အိပ်ပျော်နေကြသော သန့်ရှင်းသူတို့၏အောင်မြင်ခြင်းသည် ရှင်ပြန်ထမြောက်ခြင်းနံနက်ခင်းတွင် အသရေတင့်တယ်ပါလိမ့်မည်။ သင်္ချိုင်းဂူတွင်းမှထွက်လာကြသောသူအားလုံးတို့ကို အသက်ကိုပေးအပ်တော်မူသောသူက ထာဝရရှင်သန်ခြင်းသရဖူကို ဆောင်းပေးတော်မူပါလိမ့်မည်။

တန်ခိုးသြဇာကြီးလားသည့် မူလဇာစ်မြစ်သည် ရပ်ခံနေပါသည်။ နောက်ဆုံးသောတွေးတောခြင်းများသည် သေခြင်းနှင့် ၎င်း၏စူးစူးရှရှခံစားနေရသည့်ဝေဒနာများပင်ဖြစ်ပါသည်။ ထိုမူလဇာစ်မြစ်တို့၏နောက်ဆုံးသောအတွေးများတွင် အုတ်ဂူနှင့်သင်္ချိုင်းတို့ဖြစ်ကြသော်လည်း ယခုတွင်သူတို့က၊ (၁ကော ၁၅း၅၅) တွင် ဖော်ပြထားသောကျမ်းချက်၊ “အိုသေမင်း၊ သင်၏လက်နက်သည် အဘယ်မှာရှိသနည်း။ အိုမရဏာနိုင်ငံ၊ သင်၏အောင်ခြင်းသည် အဘယ်မှာရှိသနည်း” ဟူ၍ ကြွေးကြော်ကြပါသည်။ ယခုတွင်မူ သူတို့သည် ရပ်တည်နေကြပြီး၊ ထာဝရရှင်သန်ခြင်း၏အဆုံးသတ် ‘တို့ထိ’ မှုသည် သူတို့အပေါ်သို့ အပ်ပေးခြင်းခံရကာ သူတို့သည် လေထုထဲတွင်ရှိတော်မူသော သူတို့၏သခင်ဘုရားကိုဆုံတွေ့ကြရန် တက်သွားကြပါတော့သည်။ အခြားတစ်ဖက်၌ ကောင်းကင်တမန်တပ်တော်စစ်ကြောင်းများရှိနေကြပါသည်။ ထို့နောက် ကောင်းကင်တမန်တို့၏သံပြိုင်သီဆိုခြင်းအဖွဲ့သည် အောင်မြင်ခြင်းတေးသွားသင်္ကေတတို့ကို တီးခတ်ကြသည်နှင့် အခြားသော ကောင်းကင်တမန်စစ်ကြောင်းနှစ်ခုတို့သည်လည်း ထိုတေးသွားကိုစတင်သီဆိုကြကာ၊ ကယ်ချုတ်ခြင်းခံရပြီးသော မူလဇာစ်မြစ်တို့သည်လည်း မြေကြီး



ပေါ်တွင်ရှိကြစဉ်အခါက သီဆိုခဲ့ကြပြီး၊ ယခုတွင်လည်း သီဆိုနေကြသည့်သကဲ့သို့ ထိုသီချင်းကိုပူးပေါင်းပါဝင်သီဆိုကြပါသည်။ အိုး၊ ဤတေးသီချင်းသည် မည်သည့်တေးသီချင်းဖြစ်ပါသနည်း။ ဤတေးသီချင်းတွင် သဟဇာတမဖြစ်သည့် တေးသွားသင်္ကေတမျိုးမရှိပါ။ ကြွေးကြော်သံတိုင်းက (ဗျာဒိတ် ၅း၁၂) တွင် ကောင်းကင်တမန်တို့၏ပြောဆိုချက်ဖြစ်သော၊ “အသေသတ်ခြင်းကိုခံခဲ့ပြီးသောသိုးသငယ်သည်––––ခံထိုက်တော်မူ၏” ဆိုသည့် ချီးမွမ်းသံအတိုင်း ကြွေးကြော်ကြမည်ဖြစ်သည်။ ခရစ်တော်သည် သူ၏အသက်ဝိညာဉ်တော်ခံစားခဲ့ရသော ဝေဒနာတော်ကို တွေ့မြင်တော်မူရသော်လည်း ကျေနပ်တော်မူပါသည်။

–o–

## ဒီဇင်ဘာ (၁၉)

### ထိုထူးကဲသောအောင်ပွဲခံခြင်း "ဖြစ်စဉ်" အချိန်နာရီ

## "ခရစ်တော်နှင့်အစဉ်အမြဲရှိနေနိုင်ကြရန်အမီလိုက်ကြပါ"

**"ထိုအခါ အသက်ရှင်၍ကျန်ကြွင်းသောငါတို့သည် အာကာသ ကောင်းကင်၌ သခင်ဘုရားထံတော်သို့ရောက်စေခြင်းငှာ ထိုသူတို့နှင့် တကွ မိုးတိမ်ပေါ်သို့ချီဆောင်ခြင်းကိုခံရသောအားဖြင့် သခင်ဘုရားနှင့် အတူ အစဉ်မပြတ်နေရကြလိမ့်မည်" (၁သက် ၄း၁၇)။**

သခင်ယေရှုသည် ကြွလာတော်မူမည်ဖြစ်သော်လည်း ပထမကြွလာတော်မူခဲ့သကဲ့သို့ ဗက်လင်မြို့မှသူငယ်တော်ပုံစံမျိုး ဘုရားသခင်အား ဟောရှဏ္ဏာဖြစ်စေသတည်းဟူ၍ တပည့်တော်တို့၏ကျယ်လောင်သောအသံဖြင့် ချီးမွမ်းကြွေးကြော်ကြသောအသံဖြင့် ယေရုရှလင်မြို့တွင်းသို့ မြည်းကိုစီးပြီး ဝင်လာတော်မူသည့်ပုံစံမျိုးဖြင့်မဟုတ်မူဘဲ၊ (မဿဲ ၁၆း၂၇) တွင် ခရစ်တော်မိန့်တော်မူခဲ့သည်အတိုင်း သူ၏ခမည်းတော်၏ဘုန်းအာနုဘော်တော်နှင့် ထို့အပြင် သန့်ရှင်းသောကောင်းကင်တမန်အားလုံးတို့သည် သူ၏နောက်လိုက်နောက်ပါ၊ ခြွေရံသင်းပင်းအဖြစ် သူ၏ကမ္ဘာမြေပေါ်သို့ ကြွလာတော်မူသောခရီးလမ်းတွင် အစောင့်အကြပ်များအဖြစ်ဖြင့် စောင့်ကြပ်ခံရကာ ကြွလာတော်မူမည်ဖြစ်သည်။ ကောင်းကင်နိုင်ငံတော်တစ်ဝန်းလုံးတွင် ကောင်းကင်တမန်များကင်းမဲ့သည့်အခိုက်အတန့်သည် ထိုအချိန်ပင်ဖြစ်ပါသည်။ စောင့်မျှော်နေကြသောသန့်ရှင်းသူတို့သည် ခရစ်တော်ကိုမျှော်ကြည့်ကြသည့်အနေဖြင့် ကောင်းကင်သို့တူရူပြုကြည့်ရှုကြရာတွင် ယခင်ခရစ်တော်ကောင်းကင်နိုင်ငံတော်သို့ ပြန်လည်တက်ကြွသွားတော်မူခဲ့စဉ်က ကြည့်ရှုခဲ့ကြသော ဂါလိလဲလူတပည့်တော်တို့က သံလွင်တောင်ပေါ်မှလှမ်းကြည့်ကြသကဲ့သို့ လှမ်းမျှော်ကြည့်ကြပါလိမ့်မည်။ ထိုနောက်တွင်မူ၊ သန့်ရှင်းစင်ကြယ်ပြီး နူးညံ့သိမ်မွေ့သောစံနမူနာတော်အတိုင်း အပြည့်အဝလိုက်လျှောက်ကြသောသူတို့သည် ပီတိ



သောမနသသဝမ်းမြောက်ခြင်းဖြင့် ခရစ်တော်ကိုလှမ်းမျှော်ကြည့်ကြရင်း ဟစ်ကြွေးကြသည်မှာ၊ (ဟေရှာယ ၂၅း၉) တွင်ဖော်ပြထားသည့်၊ "ဤအရှင်ကား၊ ငါတို့မျှော်လင့်သော ငါတို့၏ဘုရားသခင်ပေတည်း။ ငါတို့ကိုကယ်တင်တော်မူလိမ့်မည်။----" ဆိုသည့်ကျမ်းချက်အတိုင်း ဟစ်ကြွေးကြပြီးနောက် သူတို့သည် (၁ကော ၁၅း၅၂) တွင် ဖော်ပြထားသော "----နောက်ဆုံးသောတံပိုးမှုတ်သောအခါ၊ တစ်ခဏချင်းတွင် မျက်စိတစ်မှိတ်၌----" ဆိုသည့်ကျမ်းချက်အတိုင်း ပြောင်းလဲခြင်းသို့ရောက်ရှိသွားကြပေလိမ့်မည်။ ဤနောက်ဆုံးသောတံပိုးမှုတ်ခြင်းသည် အိပ်ပျော်နေကြသော သန့်ရှင်းသူတို့ကိုခေါ်နှိုးပြီး၊ သူတို့အားမြေမှုန့်အိပ်ရာများမှ ခေါ်ထုတ်လာကာ သူတို့အား ထူးမြတ်သောထာဝရရှင်သန်ခြင်းဝတ်ရုံကို ဝတ်ဆင်ပေးလျက်၊ သေမင်းနှင့်မရဏာနိုင်ငံအပေါ် အောင်နိုင်သောအနေဖြင့် အောင်ပြီ၊----အောင်ပြီ----ဟူ၍ ဟစ်အော်ကြပေမည်။ ပြောင်းလဲခြင်းရှိလာကြသော သန့်ရှင်းသူတို့သည် အထက်ဖော်ပြသော နူးညံ့သိမ်မွေ့သည့်စံနမူနာတော်အတိုင်း လိုက်လျှောက်ကြသောသူတို့နှင့်အတူ လေဟာပြင်တွင်းတွင် စောင့်နေတော်မူသောသခင်ဘုရားနှင့်ဆုံတွေ့ရန်အတွက် ခေါ်ဆောင်ခြင်းကိုခံရကြကာ၊ သူတို့နှစ်သက်မြတ်နိုးသောပုဂ္ဂိုလ်နှင့် မည်သည့်အခါမျှ ခွဲခြားထားခြင်းခံရကြတော့မည်မဟုတ်ပါ။

သူ၏သစ္စာရှိသောနောက်တော်သို့ လိုက်လျှောက်ကြသောသူတို့အတွက် ခရစ်တော်သည် နေ့စဉ်အပေါင်းအသင်းကောင်းနှင့် ရင်းနှီးသောမိတ်ဆွေကောင်းတစ်ဦးအဖြစ် ရှိနေတော်မူပါသည်။ ဤသို့ဖြင့် သူတို့သည် ဘုရားသခင်နှင့်အနီးကပ်ဆုံးသောထိတွေ့မှုနှင့် စဉ်ဆက်မပြတ်သောပေါင်းစည်းမှုတို့ဖြင့် ရှင်သန်နေကြပေမည်။ ထာဝရဘုရား၏ဘုန်းအာနုဘော်တော်သည်လည်း သူတို့အပေါ်၌ ပေါ်ထွက်လာပါလိမ့်မည်။ သူတို့အားဖြင့် ယေရှုခရစ်တော်၏မျက်နှာတော်၌ရှိနေသော ဘုရားသခင့်ဘုန်းအာနုဘော်ဆိုင်ရာ ပညာအတတ်၏အလင်းတရားသည် ရောင်ပြန်ဟပ်နေပါသည်။ ယခုတွင်၊ ဘုရင်ကြီး၏ဘုန်းအသရေတော်တွင်ရှိသော ထွန်းလင်းတောက်ပမှုနှင့်ဘုန်း

အာနုဘော်တော်၏မှိန်မသွားနိုင်သော ရောင်ခြည်တန်းများအတွင်း၌ ရွှင်လန်းမှုရှိကြပါသည်။ သူတို့၏စိတ်နှလုံးများထဲတွင် ကောင်းကင်နိုင်ငံတော်ရှိနေကြသည့်အတွက် ကောင်းကင်နိုင်ငံတော်၏မိတ်ဆုံစားပွဲတွင် သူတို့ပါဝင်နိုင်ရန် သူတို့အတွက် ပြင်ဆင်ထားပြီးသားဖြစ်နေပါသည်။ ရွေးနုတ်ခြင်းချမ်းသာသည် သူတို့၏အနီးအပါးသို့ရောက်ရှိနေသည့်အလျောက် မင်္ဂလာဆောင်လုလင်နှင့်ဆုံတွေ့ကြရန်

သူတို့သည် ရွှင်လန်းဝမ်းမြောက်စွာဖြင့် ထွက်ခွာသွားကြရင်း (ဟေရှာယ ၂၅း၉) တွင်ဖော်ပြသော၊ "ဤအရှင်ကား၊ ငါတို့မျှော်လင့်သော ငါတို့၏ဘုရားသခင်ပေတည်း။ ငါတို့ကိုကယ်တင်တော် မူလိမ့်မည်" ဟူ၍ ပြောဆိုကြပေမည်။

–ဝ–



ဒီဇင်ဘာ (၂၀)

## ထူးကဲသောအောင်မြင်ခြင်း "ဖြစ်စဉ်" အချိန်နာရီ

## "တရားစီရင်ခြင်းတွင်လူမျိုးအပေါင်းတို့သည်စုဝေးရကြပါမည်"

**"ရှေ့တော်၌ လူမျိုးအပေါင်းတို့ကိုစုဝေးစေသဖြင့် သိုးထိန်းသည် သိုးနှင့်ဆိတ်တို့ကို တခြားစီခွဲထားသကဲ့သို့ လူအပေါင်းတို့ကို အသီးအခြားခွဲ၍၊---" (မဿဲ ၂၅း၃၂)။**

တရားစီရင်ခြင်းမြင်ကွင်းသည် ကမ္ဘာဂြိုဟ်အားလုံးတို့၏ရှေ့မှောက်တွင် ရှိနေမည်ဖြစ်ပြီး၊ ဤတရားစီရင်ခြင်းတွင် ဘုရားသခင်၏ (အုပ်ချုပ်မှု) အစိုးရသည် မှန်ကန်မှုရှိကြောင်း သက်သေထူခြင်းခံရကာ သူ၏ပညတ်တရားတော်သည်လည်း (ရောမ ၇း၁၂) တွင် ဖော်ပြထားသကဲ့သို့၊ "သန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်း၊ ကောင်းမြတ်ခြင်း" တို့ဖြင့် ရပ်တည်နေပါသည်။ ထိုနောက်တွင် အမှုရေးရာတိုင်းတို့သည် ဆုံးဖြတ်ခြင်းခံရကာ၊ ပြစ်ဒဏ်စီရင်ချက်ချမှတ်ခြင်းခံရကြမည်ဖြစ်သည်။ ထို့နောက်တွင် အပြစ်သည် ဆွဲဆောင်မှုရှိသည့်အနေအထားတွင် ရှိနေမည်မဟုတ်ဘဲ၊ အကျည်းတန်သည့်အနေအထားမျိုးဖြင့်သာ တွေ့မြင်ရမည်ဖြစ်သည်။

အထက်ပါခေါင်းစီးကျမ်းချက်၊ "ရှေ့တော်၌ လူမျိုးအပေါင်းတို့ကိုစုဝေးစေသဖြင့်" ဆိုသည့်နည်းဖြင့် လူမျိုးတို့ကိုစုဝေးစေပြီး မိမိကျင့်သောအကျင့်တိုင်းသည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ အသိအမှတ်ပြုခြင်းခံရမည်ဖြစ်သည်။ အရေးမပါလှသောအခြေအနေမျိုး ဆုံးဖြတ်ခြင်းခံခဲ့ရပါကယခုတွင်လည်း ဤအတိုင်းဆုံးဖြတ်ခြင်းခံရပေမည်။ လူမမည်အရွယ်မှဆိုးမနှစ်ယောက်တို့သည် အသိအမှတ်ပြုခြင်းခံရပါမည်။ ရေအေးတစ်ခွက်ကိုကမ်းပေးခြင်း၊ အကျဉ်းထောင်သို့အလည်အပတ်သွားရောက်ခြင်း၊ ဆာလောင်ငတ်မွတ်သောသူတို့ကို ကျွေးမွေးသည့်လုပ်ရပ်တိုင်းအတွက် အကျိုးကိုခံစားရပေမည်။ တာဝန်ကိုမဖြည့်ဆည်းနိုင်မှုနှင့် ကိုယ်ကျိုးအတ္တဆန်သောအမှုအကျင့်တို့သည် မေ့ပျောက်ခြင်းခံရမည်မဟုတ်ပါ။ ဘုရားသခင်၏ပလ္လင်တော်ဝန်းကျင်ရှိ

ထင်ရှားပွင့်လင်းသောတရားရုံးတော်တွင် လူတစ်ယောက်လုပ်ခဲ့သောအလုပ်သည် ထိုရုံးတော်၌ဖော်ပြသော သူ၏လုပ်ဆောင်မှုမျိုးနှင့် အထူးခြားနားလှသည်ကို တွေ့မြင်ရပေမည်။ ဤနေရာတွင် ဤကဲ့သို့သောအတ္တအပျော်အပါးများနှင့် ဖိမ်ခံမှုများတို့သည် လူသားတို့ကို ဘုရားသခင်အားချစ်ခင်မြတ်နိုးသည်ထက် အပျော်အပါးကိုပိုမိုချစ်ကြသောသူများအဖြစ်သို့ ရောက်ရှိသွားအောင် လုပ်ဆောင်နေပါသည်။ သို့သော်လည်း မည်သူကမျှ လှည့်ဖြားခြင်းခံရရန်မလိုအပ်သည့်အပြင်၊ အကယ်၍ ကျွန်ုပ်တို့သည် ခရစ်တော်၏နောက်တော်သို့လိုက်လျှောက်ကြရန်အတွက် ခရစ်တော်နှင့်အပြည့်အဝရပ်တည်ရာတွင် မကောင်းမှုဒုစရိုက်အားဖြင့်မဟုတ်ဘဲ၊ ကောင်းသောမှတ်တမ်းတင်ခံရခြင်းအားဖြင့် လုပ်ဆောင်ရပါမည်။

ယခုအခါတွင် ကျွန်ုပ်တို့ပြသနေသောအကျင့်စရိုက်သည် ကျွန်ုပ်တို့၏အနာဂတ်ကြမ္မာကို အဆုံးအဖြတ်ပေးရာရောက်ပါသည်။ ဘုရားသခင်၏အလိုတော်နှင့်ကိုက်ညီမှုရှိအောင်လုပ်ဆောင်ခြင်းဖြင့်၊ ကောင်းကင်နိုင်ငံဆိုင်ရာပျော်ရွှင်ခြင်းကို တွေ့ရှိနိုင်မည်ဖြစ်ပြီး အကယ်၍ကောင်းကင်နိုင်ငံတော်ရှိတော်ဝင်မိသားစု၏မိသားစုဝင်အဖြစ် လူသားများရောက်ရှိသွားပါက ကောင်းကင်နိုင်ငံတော်သည် ကမ္ဘာမြေကြီးပေါ်၌ပင် သူတို့အားတော်ဝင်မိသားစုဝင်များအဖြစ် စတင်ပုံဖော်နေခြင်းကြောင့်သာလျှင်ဖြစ်ပါသည်။--- ဖြောင့်မတ်ခြင်းသည် ကျေးဇူးတော်တိုင်း၊ တန်ဖိုးရှိသောအရာတိုင်း။ သန့်ရှင်းမွန်မြတ်သောအရည်အသွေးတိုင်းတို့ကို အထက်အရပ်တရားရုံးတော်များသို့ဆောင်ယူသွားပြီး ကမ္ဘာမြေကြီးကို ကောင်းကင်နိုင်ငံအဖြစ်သို့ ပြောင်းလဲပေးပါလိမ့်မည်။ ကမ္ဘာမြေကြီးပေါ်တွင် သူ၏နိုင်ငံတော်အတွက် မည်သူသည်သစ္စာရှိပြီး စစ်မှန်သောခိုလှုံသူများဖြစ်ကြသည်ကို ဘုရားသခင်သည် သိရှိတော်မူပြီး၊ ကောင်းကင်နိုင်ငံတော်၌ သူ၏အလိုတော်ပြည့်စုံသကဲ့သို့ မြေကြီးပေါ်၌ သူ၏အလိုတော်ကိုဆောင်ရွက်ကြသောသူတို့သည် အထက်အရပ်ရှိတော်ဝင်မိသားစုဝင်များအဖြစ်သို့ရောက်ရှိကြရန် လုပ်ဆောင်ပေးခြင်းခံရကြမည်ဖြစ်သည်။

-၀-



**ဒီဇင်ဘာ (၂၁)**

### ထိုထူးကဲသောအောင်ပွဲခံခြင်း "ဖြစ်စဉ်" အချိန်နာရီ

## "အသက်သရဖူကိုကျွန်ုပ်တို့လက်ခံရရှိပါသည်"

**"စုံစမ်းနှောင့်ယှက်ခြင်းကို သည်းခံသောသူသည် မင်္ဂလာရှိ၏။ အကြောင်းမူကား၊ စစ်ကြောစုံစမ်းခြင်းကိုခံပြီးမှ သခင်ဘုရားကိုချစ်သောသူတို့အား ကတိထားတော်မူသော အသက်သရဖူကိုရလိမ့်မည်" (ယာကုပ် ၁း၁၂)။**

ထာဝရဘုရားသည် သူ၏ကျောက်မျက်ရတနာတို့ကို ပြင်ဆင်ခြယ်သသောအခါ စစ်မှန်မှု၊ ပွင့်လင်းမှုနှင့်ရိုးသားမှုရှိသောသူတို့သည် ပျော်ရွှင်စွာဖြင့်သတိမူမိခြင်းခံရပေမည်။ ထိုကဲ့သို့သောသူတို့အတွက် သရဖူများကိုပြုလုပ်ပေးရာတွင် ကောင်းကင်တမန်တို့သည် ထိုလုပ်ငန်း၌ပါဝင်လုပ်ဆောင်ပေးကြပြီး ထိုသူတို့၏ဦးခေါင်းထက်တွင်ရှိသော ကြယ်စင်ရတနာသရဖူတို့သည် ဘုရားသခင်၏ပလ္လင်တော်ထက်မှ ဖြာဆင်းလာသောအလင်းတော်အားဖြင့် ထည်ထည်ဝါဝါဖြင့် ရောင်ပြန်ဟပ်ကြမည်ဖြစ်သည်။

ကောင်းကင်ဘုံဆိုင်ရာအရာများတို့ကို ပြောဆိုကြပါ။ ခရစ်တော်ယေရှုအကြောင်း သူ၏ချစ်ခင်ဖွယ်ရာနှင့်ဘုန်းအာနုဘော်တော်၊ ထို့အပြင်သူ၏သင်တို့အပေါ်ထားရှိတော်မူသော မသေနိုင်သောချစ်ခြင်းမေတ္တာတော်အကြောင်းတို့ကို ပြောဆိုကြပြီး၊ သင်တို့ကိုကယ်တင်ရန် အသေခံတော်မူသောသူ၏ထံတော်သို့ သင်တို့၏စိတ်နှလုံးထဲမှ ချစ်ခြင်းမေတ္တာနှင့်ကျေးဇူးတင်ခြင်းများတို့ကို စီးဆင်းသွားကြပါစေ။ ငြိမ်သက်ခြင်းတွင် သင်တို့၏ထာဝရဘုရားနှင့်ဆုံတွေ့နိုင်ရန် အဆင်သင့်ရှိကြပါ။ အဆင်သင့်ရှိကြသောသူတို့သည် မကြာမီကာလတွင် အသက်တာ၏မမှိန်နိုင်သောသရဖူတို့ကိုလက်ခံရရှိကြမည်ဖြစ်ပြီး ဘုရားသခင်၏နိုင်ငံတော်၌ တန်ဖိုးရှိလှသောခရစ်တော်၏အသွေးတော်အားဖြင့် ကယ်ချွတ်ခြင်းခံရကြသည့်သူတို့အပြင်၊ ခရစ်တော်နှင့်ကောင်းကင်တမန်တို့နှင့်ပါ အစဉ်အမြဲစံနေကြရမည်ဖြစ်သည်။

ဘုန်းအာနုဘော်တော်၊ ဂုဏ်တော်နှင့် ထာဝရရှင်သန်ခြင်းတို့ဖြင့် သရုပ်ဖော်ဆောင်ခြင်းခံရကြမည့်သူတို့သည် စောင့်နေကြရမည်ဖြစ်သည်။ သင်တို့အနေဖြင့် လောက၏ဂုဏ်အသရေများ (သို့မဟုတ်) လောက၏အရှိန်အဝါကြီးသူတို့၏ချီးမွမ်းမှုအကြောင်းတို့ကို ပြောဆိုနေကြရန်မလိုပါ။ ၎င်းတို့သည် အနတ္တသဘောဆောင်သောအရာများသာ ဖြစ်ကြပါသည်။ ဘုရားသခင်၏လက်ညှိုးတော်အားဖြင့်သာ ၎င်းတို့ကိုတို့ထိစေခြင်းဖြင့် ၎င်းတို့သည် မကြာမတင်အတောအတွင်း ဖုန်မှုန့်ဘဝသို့ ပြန်လည်ရောက်ရှိသွားကြပေမည်။ မမပိုက်အနေဖြင့် ကြာရှည်ခံသော၊ ထာဝရရှင်သန်သော၊ ထို့ပြင် မည်သည့်အခါမျှပျက်သုဉ်းခြင်းမရှိနိုင်သော ဂုဏ်သရေမျိုးတို့ကိုသာ လိုလားခဲ့သည့်အပြင်၊ သူမလိုချင်ခဲ့သောသရုပ်သည်လည်း ဧကရာဇ်မင်းတစ်ပါး၏နဖူး၌အစဉ်ဆင်မြန်းထားခြင်းခံရသော သရုပ်တစ်စုံတစ်ခုထက် ပိုမိုအဖိုးထိုက်တန်သောသရုပ်မျိုးကို သူမလိုချင်ခဲ့ပါသည်။

ထိုနေ့ရက်တွင် ခမည်းတော်နှင့်သားတော်တို့၏ဘုန်းတန်ခိုးအာနုဘော်တော်တို့၌ ကယ်ချွတ်ခြင်းခံရကြသည့်သူတို့သည် ထွန်းလင်းတောက်ပကြပါလိမ့်မည်။ ထိုအချိန်တွင် ရှင်ဘုရင်ကြီးနှင့်သူ၏အောင်မြင်ခြင်းဆုဖလားတော်များအဖြစ်ဖြင့် ရှိနေကြသောသူများ၊ ထို့အပြင် သိုးသငယ်၏အသွေးတော်အားဖြင့် ဖြူစင်သွားအောင်လျှော်ဖွပ်ခြင်းခံရကြသောသူတို့အား ကောင်းကင်ဘုံ၏ကောင်းကင်တမန်များတို့သည် သူတို့၏ရွှေစောင်းကောက်များတို့ကို တီးခတ်ပြီးကြိုဆိုကြပါလိမ့်မည်။ အောင်ပွဲဆင်သည့်တေးသီချင်းတစ်ပုဒ်သည် မြည်ဟည်းလာပြီး ကောင်းကင်တစ်ပြင်လုံးကို ဖုံးလွှမ်းသွားလိမ့်မည်။ ခရစ်တော်သည်လည်း အောင်မြင်၊ အနိုင်ယူပါလေပြီ။ ခရစ်တော်သည် သူကယ်ချွတ်တော်မူသောသူတို့၏တွဲဖက်လိုက်ပါမှုဖြင့် ကောင်းကင်နိုင်ငံတော်တရားရုံးသို့ ဝင်ရောက်သွားခြင်းဖြင့် သူ၏ဒုက္ခဆင်းရဲခြင်းခံတော်မူပြီး မိမိကိုယ်ကိုဆက်ကပ်ပူဇော်သည့် လုပ်ငန်းလုပ်ဆောင်မှုသည် အချည်းနှီးမရှိကြောင်းကို သက်သေပြတော်မူပါသည်။

–ဝ–



ဒီဇင်ဘာ (၂၂)

**ထို့ထူးကဲသောအောင်ပွဲခံခြင်း "ဖြစ်စဉ်" အချိန်နာရီ**

## "ကြီးမားသောလူအစုအဝေးတို့သည်ဘုရားသခင်၏မြို့တော်တွင်းသို့ ဝင်ရောက်သွားကြပါသည်"

**"ထိုနောက်မှငါကြည့်လျှင်၊ အသီးအသီးဘာသာစကားကို ပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့အထဲမှထွက်၍ အဘယ်သူမျှမရေတွက်နိုင်သော လူများအပေါင်းတို့သည် ဖြူသောဝတ်လုံကိုဝတ်ဆင်လျက်၊ စွန်ပလွံခက်ကိုကိုင်လျက် ပလ္လင်တော်ရှေ့၊ သိုးသငယ်ရှေ့မှာ ရပ်နေကြ၏" (ဗျာဒိတ် ၇း၉)။**

နိုင်ငံတိုင်းတွင် ဖြန့်ကြဲနေထိုင်ကြသည့် ကမ္ဘာမြေကြီးသားတို့အတွင်းတွင် ဗာလဘုရားကို ဒူးထောက်ဦးညွှတ်ခြင်းမပြုကြသော သူအများရှိကြပါသည်။ ညဘက်အချိန်၌သာပေါ်ထွက်လာသည့် ကောင်းကင်ကြယ်များတို့ကဲ့သို့ ဤကဲ့သို့သောသစ္စာရှိကြသောသူတို့သည် ကမ္ဘာမြေကြီးကို အမှောင်ထုက ဖုံးအုပ်ပြီး၊ လူတို့ကိုပါ အလွန်အကျွံဖုံးလွှမ်းသွားသောအချိန်တွင် ထွန်းလင်းတောက်ပလာကြပါလိမ့်မည်။ ငြိုတ္တိအယူရှိကြသော အာဖရိကဒေသနိုင်ငံများ၊ ကက်သလစ် (ဗရင်ဂျီ) ဘာသာကို ကိုးကွယ်ကြားသည့် ဥရောပ၊ တောင်အမေရိကနိုင်ငံများ၊ တရုတ်ပြည်၊ အိန္ဒိယပြည်၊ ပင်လယ်တွင်းရှိကျွန်းများနှင့် ကမ္ဘာမြေကြီး၏မှောင်မိုက်သော အစွန်အဖျားနေရာများတို့၌ ဘုရားသခင်သည် သူ၏ပညတ်တရားတော်ကို နာခံလိုက်လျှောက်ခြင်း၏ပြောင်းလဲစေနိုင်သော သူ၏တန်ခိုးတော်အကြောင်းကို ဘာသာရေးကိုးကွယ်ယုံကြည်မှုကို စွန့်လွှတ်သည့် ကမ္ဘာဂြိုဟ်တစ်ခုအား သူရွေးချယ်တော်မူသောသူတို့က အမှောင်ထုထဲတွင် ထွန်းလင်းတောက်ပပြီး ရှင်းလင်းထင်ရှားစွာပြသနိုင်ကြရန်အတွက် မိုးကောင်းကင်တစ်ခုကို အရံအဖြစ်ထားရှိတော်မူပါသည်။

ထိုရွေးချယ်ထားခြင်းခံရကြသောသူတို့သည် တိုင်းနိုင်ငံတိုင်းတို့တွင်လည်းကောင်း၊ အမျိုးမျိုးသောဘာသာစကားတို့ကို ပြောဆိုကြသောသူတို့အတွင်းတွင်လည်းကောင်း ထို့အပြင် ဘာသာတရားကိုးကွယ်မှုကို အနက်ရှိုင်းဆုံးစွန့်လွှတ်သည့်အချိန်နာရီအတွင်း၌ ပေါ်ထွန်းလာကြပြီး စာတန်မာရ်နတ်က သူ၏အမြင့်ဆုံးသောကြိုးပမ်းမှုဖြင့် သိမ်ငယ်သည်ဖြစ်စေ၊ ကြီးမြင့်သည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ လူလွတ်ဖြစ်စေ၊ ကျွန်ဖြစ်စေ အားလုံးတို့ကို သေပြစ်ကျခံရစေရန်အတွက် လုပ်ဆောင်နေပါသည်။ ထိုသေပြစ်ကျခံခြင်းဆိုသည်မှာ မှားယွင်းသောငြိမ်ဝပ်ခြင်းချမ်းသာနေ့ရက်ကို သစ္စာခံခြင်း၏အမှတ်လက္ခဏာဖြစ်ပါသည်။ ဤသစ္စာစောင့်သိကြသောသူများဖြစ်ကြသည့် အပြစ်တင်ခွင့်နှင့်ကင်းလွတ်ပြီး အနာအဆာကင်းမဲ့ကြသည့် ဘုရားသခင်၏သားများတို့သည် အပြစ်တင်ဆုံးမခြင်းမခံရကြသည့်အလျောက် ကမ္ဘာမြေကြီးပေါ်တွင် အလင်းကဲ့သို့ထွန်းလင်းကြပါလိမ့်မည်။

မကြာမီကာလတွင် ခမ်းနားသောအစည်းအဝေးကြီးတစ်ခုကျင်းပရန်ရှိသည်ဆိုခြင်းကို ကျွန်ုပ်တို့သတိရကြပါစို့။ ထာဝရအသက်နှင့်ဘုရားသခင်၏မြို့တော်ကြီးသည် ကျွန်ုပ်တို့၏မျက်မှောက်တွင်ပင် ရှိနေပါသည်။ ကောင်းကင်တမန်များနှင့်ခရစ်တော်ကိုယ်တော်တိုင် ထိုနေရာတွင်ရှိနေပါလိမ့်မည်။

မြို့တော်ကြီး၏မြို့ဝင်ဂိတ်တံခါးမကြီးများတို့သည် ခမ်းနားထည်ဝါသောပတ္တာများပေါ်တွင် အနောက်ဘက်သို့ပွင့်ဟသွားပြီး သမ္မာတရားတော်ကိုစောင့်ရှောက်ကြသောသူတို့သည် ထိုတံခါးမကြီးမှ မြို့တော်တွင်းသို့ ဝင်ရောက်သွားကြပါလိမ့်မည်။ ဦးခေါင်းတိုင်းဦးခေါင်းတိုင်းတို့တွင် သရဖူတစ်လုံးစီဆောင်းပေးခြင်းခံရပါလိမ့်မည်။ ထိုနောက် (မဿဲ ၂၅း၃၄) တွင် ဖော်ပြထားသော၊ “----ငါ့ခမည်းတော်ထံ ကောင်းချီးမင်္ဂလာကိုခံသောသူတို့၊ ကမ္ဘာဦးကပင် သင်တို့အဖို့ပြင်ဆင်သောနိုင်ငံကို လာ၍အမွေခံကြလော့” ဆိုသည့်စကားမျိုးဖြင့် ပြောဆိုကမ်းလှမ်းခံရပါလိမ့်မည်။ မည်သူများအတွက်ပြင်ဆင်ထားတော်မူပါသနည်း။ သူ၏ပညတ်တော်တို့ကို နာခံလိုက်လျှောက်



ကြပြီး၊ သူ၏အလိုတော်အတိုင်း လုပ်ဆောင်ကျင့်ကြံကြသောသူတို့အတွက်ပြင်ဆင်ထားတော်မူခြင်းဖြစ်ပါသည်။ သန့်ရှင်းသောကောင်းကင်တမန်များတို့သည် သူတို့၏ ‘စောင်းကောက်’ တို့ကို တီးခတ်ကြသကဲ့သို့ သင်တို့သည်လည်း သူတို့၏နောက်သို့လိုက်ပြီး အောင်ပွဲခံသီချင်းကို ဘုရားသခင်၏မြို့တော်တွင်း၌ သီဆိုကြရန် ဘုရားသခင်ကအလိုရှိတော်မူပါသည်။

–၀–

**ဒီဇင်ဘာ (၂၃)**

## အောင်နိုင်သူများဖြစ်ကြသည့်အလျောက်ကျွန်ုပ်တို့သည် အရာအားလုံးတို့ကိုအမွေခံရကြပါသည်

## "ကျွန်ုပ်တို့သည်နိုင်ငံတော်ကိုအမွေခံရကြပါသည်"

**"---ငါ့ခမည်းတော်ထံ ကောင်းချီးမင်္ဂလာကိုခံသောသူတို့၊ ကမ္ဘာဦးကပင် သင်တို့အဖို့ပြင်ဆင်သောနိုင်ငံကို လာ၍အမွေခံကြလော့" (မဿဲ ၂၅:၃၄)။**

ဘုရားသခင်၏လူစုတော်တို့ကို မိတ်ဆွေကဲ့သို့ သဘောထားကြသော ကျွန်ုပ်တို့၏အပြုအမူတိုင်းတို့သည် ထိုအပြုအမူမျိုးဖြင့် ကျွန်ုပ်တို့က သူ့အပေါ်ဆက်ဆံသကဲ့သို့ ဘုရားသခင်သည် သဘောထားတော်မူကာ ကျွန်ုပ်တို့အားအကျိုးကိုပေးတော်မူမည်ဖြစ်သည်။

နောက်ဆုံးသောရေတွက်ဝင်ခြင်းသို့ ရောက်ရှိသောနေ့ရက်တွင် ခရစ်တော်သည် လူတို့အားအပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနုတ်တော်မူရန်အတွက် သူလုပ်ဆောင်တော်မူခဲ့သော ကြီးကျယ်သောအလုပ်ဖြစ်သည့် သူ၏အသက်ကိုစွန့်လွှတ်တော်မူခြင်းအမှုကို သူတို့ရှေ့တွင် ပြသတော်မူမည်မဟုတ်ပါ။ သူတို့၏မျက်မှောက်တွင် သူ့အပေါ် သူတို့၏သစ္စာရှိစွာဖြင့် ဆောင်ရွက်ကြသည့်အလုပ်ကိုသာ ပြသတော်မူမည်ဖြစ်သည်။ မည်မျှသာလွန်ကောင်းမွန်သော ချစ်ခြင်းမေတ္တာတော်ဖြစ်နေပါဘိတကား။ ထို့အပြင် သူသည် တိတ္ထိလူတို့၏အကျင့်ကိုပါ ထုတ်ဖော်ပြောဆိုတော်မူပါသည်။ ထိုတိတ္ထိလူတို့သည် ထာဝရဘုရား၏ပညတ်တရားတော်ဆိုင်ရာ ပညာအတတ်နှင့်ပတ်သက်သည့် ဉာဏ်ရည်ဉာဏ်စွမ်းမျိုးမရှိကြပါသော်လည်း သဘာဝတရားကဖော်ပြသည့်အရာများက သူတို့အားပြောပြသည့်စကားသံတို့ကို သူတို့ကအလေးဂရုပြုကြပြီး ပညတ်တရားတော်က တောင်းခံသည့်အရာများတို့ကို ဖော်ဆောင်ခဲ့ကြပြီးသောသူများဖြစ်ကြပါသည်။ ရိုင်းစိုင်းကြမ်းကြုတ်သောသူ၏စိတ်နှလုံးထဲသို့ ခရစ်တော်၏ဝိညာဉ်တော်ကို သန့်ရှင်းသောဝိညာဉ်တော်က ထည့်သွင်းပေးသောအခါ ထိုရိုင်းစိုင်းကြမ်းကြုတ်သောသူသည် ဘုရားသခင်၏အစေကိုခံသော သူတို့နှင့်မိတ်ဆွေဖွဲ့လာကာ သူ၏သဘောသဘာဝသည် နှလုံးသားတွင်ရှိသော ကရုဏာသက်ခြင်း၏အရှိန်မြှင့်ပေးမှုကြောင့် ဆန့်ကျင်ဘက်အနေအထားသို့ ပြောင်းလဲသွားသည့်အပြင် သူ၏အသိပညာသည်လည်း ပြောင်းပြန်အနေအထားသို့ရောက်ရှိသွားပါသည်။ အမှောင်နှင့်အတိဖြစ်နေသောစိတ်အတွေးတွင် လုပ်ဆောင်ပေးသောဘုရားသခင်၏ကျေးဇူးတော်သည် လူတို့၏ဉာဏ်ပညာအားဖြင့် မပျော့ပျောင်းစေနိုင်သော ရိုင်းစိုင်းကြမ်းကြုတ်သည့်သဘောသဘာဝကို ပျော့ပျောင်းသွားစေပါသည်။

ရက်စက်ကြမ်းကြုတ်သော သူ၏စိတ်နှလုံးထဲတွင် ခရစ်တော်သည် သူ၏ကျေးဇူးတော်ကို ထည့်သွင်းပေးတော်မူသောအခါ ထိုသူသည် ယခင်ကလည်း သမ္မာတရားနှင့်အသက်ဆိုင်ရာ ပြောဆိုမှုများကိုကြားသိရ (သို့မဟုတ်) နားလည်သဘောပေါက်ခဲ့ဖူးသည့်အလျောက် သူသည် သာသနာပြုလုပ်ငန်း၏လိုအပ်ချက်ကို စောင့်ရှောက်ကူညီလာပါသည်။ လူစုလူဝေးသည် ဘုရားသခင်၏အစေကိုခံသောသူကို ထိခိုက်အနာတရဖြစ်စေရန် စုရုံးနေကြသည်ကို ကြည့်ရှုကြကုန်လော့။ သို့သော်လည်း ထာဝရဘုရားသည် သူ၏အစေကိုခံသောသူ၏ကိုယ်စား အသနားခံပေးသောသူဖြစ်နိုင်ကောင်းသည့် သူတစ်ဦး၏စိတ်နှလုံးနှင့် စိတ်အတွေးတို့အတွင်း၌ ထိန်းကျောင်းပေးကာ၊ ခရစ်ယာန်တို့၏အသက်တာကိုဖြိုဖျက်ပစ်ရန် စစ်ပြုသည့်ဦးစီးအဖွဲ့က ဆုံးဖြတ်ချက်ချလိုက်ပါက ထိုရက်စက်ကြမ်းကြုတ်သော သူ၏စောင့်မမှုသည် ဆုံးဖြတ်ချက်ကိုပြောင်းလဲသွားစေသဖြင့် သူ၏အသက်တာသည်လည်း ချမ်းသာရာရရှိသွားပေမည်။ ရက်စက်ကြမ်းကြုတ်သူ၏ဤတစ်ခုတည်းသော စောင်မမှုလုပ်ရပ်တစ်ခုကြောင့် ချစ်ခြင်းမေတ္တာသည် သူ့ထံသို့တန်းတန်းမတ်မတ်ရောက်ရှိသွားကာ၊ တရားစီရင်ရာဌာန၌ ခရစ်တော်၏ (မဿဲ ၂၅:၃၅၊၃၆) တွင် ဖော်ပြချက်အတိုင်း သူ့ထံသို့မိန့်တော်မူသည်မှာ၊ "ငါသည်မွတ်သိပ်သောအခါ သင်တို့သည်ကျွေးကြ၏။ ငါသည် ရေငတ်သောအခါ သင်တို့သည်သောက်ဖို့

ပေးကြ၏။ ငါသည် ဧည့်သည်ဖြစ်သောအခါ သင်တို့သည် ဧည့်သည်ဝတ်ကိုပြုကြ၏။ ငါသည် အဝတ်အချည်းစည်းရှိသောအခါ သင်တို့သည် အဝတ်နှင့်ဖုံးလွှမ်းကြ၏။ ငါသည် အနာရောဂါစွဲသောအခါ သင်တို့သည် ကြည့်ရှုပြုစုကြ၏။ ငါသည်ထောင်ထဲမှာနေရသောအခါ သင်တို့သည် ငါ့ထံသို့လာကြ၏" ဟူ၍ဖြစ်ပါသည်။ ထို့အပြင် (မဿဲ ၂၅း၃၄) တွင်လည်း၊ "ငါ့ခမည်းတော်ထံကောင်းချီးမင်္ဂလာကိုခံသောသူတို့၊ ကမ္ဘာဦးကပင်သင်တို့အဖို့ပြင်ဆင်သောနိုင်ငံကို လာ၍အမွေခံကြလော့" ဟူ၍ မိန့်တော်မူခဲ့သေးပါသည်။

–၀–



ဒီဇင်ဘာ (၂၄)

### အောင်နိုင်သူများဖြစ်ကြသည့်အလျောက်ကျွန်ုပ်တို့သည် အရာအားလုံးတို့ကိုအမွေခံရကြပါသည်

## "ကျွန်ုပ်တို့သည်အသက်ပင်၏အသီးကိုစားရကြပါသည်"

**"–––အကြင်သူသည် အောင်မြင်၏။ ထိုသူသည် ငါ၏ဘုရားသခင်ပရဒိသုဥယျာဉ်၌ရှိသော အသက်ပင်၏အသီးကို စားစေခြင်းငှါ ငါအခွင့်ပေးမည်" (ဗျာဒိတ် ၂း၇)။**

သခင်ဘုရားမကြာမတင်မီ ပြန်လည်ကြွလာတော်မူမည့်ရှုထောင့်မျိုးဖြင့်ကြည့်ပါက၊ ဘုန်းတော်ရှင်၏အကျင့်စရိုက်တော်နှင့်သဏ္ဌာန်တူသည့်အကျင့်စရိုက်မျိုးကိုပုံဖော်ရန်အတွက် ကျွန်ုပ်တို့မည်မျှထက်သန်မှုရှိသင့်ကြပါသနည်း။

(ဗျာဒိတ် ၂၂း၁၃၊၁၄) တွင်ဖော်ပြထားသော၊ "ငါသည် အာလဖဖြစ်၏။ ဩမေဃလည်းဖြစ်၏။ အဦးဆုံးသောသူ၊ နောက်ဆုံးသောသူဖြစ်၏။ အစနှင့်အဆုံးလည်းဖြစ်၏။ အသက်ပင်နှင့်ဆိုင်၍ မြို့တံခါးအတွင်းသို့ဝင်အံ့သောငှာ ပညတ်တော်တို့ကိုကျင့်သောသူတို့သည် မင်္ဂလာရှိကြ၏" ဆိုသည့်အခွင့်အရေးမျိုးကို အကျိုးခံစားရရေးအတွက် ကြိုးပမ်းရကျိုးနပ်သည်မဟုတ်လော။ ကျွန်ုပ်တို့အနေဖြင့် ကောင်းကင်နိုင်ငံတော်ကိုသာ လက်လွှတ်ဆုံးရှုံးရကြပါက၊ အရာအားလုံးတို့ကိုဆုံးရှုံးရာရောက်ပြီး ကျွန်ုပ်တို့အနေဖြင့် ထိုကဲ့သို့သောဆုံးရှုံးရမှုမျိုးကို တစ်ဦးတစ်ယောက်ကမျှခံနိုင်စွမ်းရှိကြမည်မဟုတ်ပါ။ အကျင့်စရိုက်ကုံလုံပြည့်စုံခြင်းအတွက် ကျွန်ုပ်တို့ကြိုးပမ်းကြသကဲ့သို့ အောင်နိုင်သူနှင့် ခရစ်တော်အပေါ်သစ္စာစောင့်သိကြသောသူတို့အား ထာဝရရွှင်လန်းဝမ်းမြောက်ခြင်းများတို့က စောင့်မျှော်နေကြသည်ကို ကျွန်ုပ်တို့၏မြင်ကွင်းတွင်ဝင်ရောက်လာပါက၊ ကျွန်ုပ်တို့အနေဖြင့် ပျော်ရွှင်နိုင်မည်မဟုတ်ဟု သင်ထင်ပါသလား။ ကျွန်ုပ်တို့သည် မိမိအတ္တကိုငြင်းပယ်ပြီး၊

အမှုတော်ကိုဆောင်တော်မူခဲ့သော ခရစ်တော်၏နမူနာအတိုင်းအတုခိုးခြင်းသည် ကျွန်ုပ်တို့အား မပျော်မရွှင်ဖြစ်စေပါသလား။

ဘုရားသခင်၏အသက်တာတော်နှင့် တိုင်းတာရရှိသည့်အသက်တာမျိုးကို ကျွန်ုပ်တို့ရရှိနိုင်ရန် ကြိုးပမ်းနေကြခြင်းဖြင့် ဘုရားသခင်၏အလိုတော်နှင့်အချိုးတူညီသည့် သဘောသဘာဝမျိုးကို ဖော်ဆောင်နိုင်ကြမည်ဖြစ်သည်။ ဘုရားသခင်ထံတော်သို့ ယုံကြည်စိတ်ချစွာဖြင့်သွားရောက်နိုင်ရန်နှင့် သူ၏မျက်မှောက်တော်၌ ကျွန်ုပ်တို့၏စိတ်နှလုံးတို့ကို ဖွင့်ဟထားပေးနိုင်ကြရန်အတွက် ကျွန်ုပ်တို့အသက်တာဆိုင်ရာစီမံခန့်ခွဲမှုကို မဖြစ်မနေလုပ်ဆောင်ကြရပါမည်။ ထို့အပြင်၊ သူ့အားကျွန်ုပ်တို့၏လိုအပ်ချက်များတို့ကို တင်ပြတောင်းခံပြီး ထိုတင်ပြပြောဆိုချက်ကို သူကြားတော်မူကြောင်းနှင့် သူ၏နှုတ်တော်ထွက်ဆိုင်ရာ အခြေခံစည်းမျဉ်းများတို့ကို စည်းမျဉ်းပါအတိုင်း ကျွန်ုပ်တို့လုပ်ဆောင်နိုင်ရန်အတွက် သူသည်ကျွန်ုပ်တို့အား ကျေးဇူးတော်နှင့်ခွန်အားကို ပေးသနားတော်မူမည့်အကြောင်းတို့ကို ကျွန်ုပ်တို့ယုံကြည်ကြရပါမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ပရဒိသုဘုံအလယ်တွင်ရှိသော အသက်ပင်၏အသီးကို စားရသောအခွင့်အရေးကိုရရှိကြရန်အတွက်၊ ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံတော်၊ အောင်မြင်ခြင်းသရဖူ၊ ထို့အပြင် ဘုရားသခင်၏မြို့တော်၏ဂိတ်တံခါးမကြီးမှတစ်ဆင့် မြို့တော်တွင်းသို့ဝင်ရောက်သွားနိုင်ကြရန်လိုလားကြပါသည်။ ကျွန်ုပ်တို့သည် ရှင်ဘုရင်ကြီးအား သူ၏တင့်တယ်ခြင်းနှင့်အတူ တွေ့မြင်လိုကြပါသည်။ ထိုနောက် ကျွန်ုပ်တို့သည် လူသားတို့၏အကျင့်စရိုက်ပြည့်စုံခြင်းအမှတ်သက်သေဖြစ်သည့် ခရစ်တော်ထံတော်သို့ ကျွန်ုပ်တို့၏မျက်စိများတို့ဖြင့် အာရုံစိုက်ကြည့်ရှုကြရမည်ဖြစ်သည့်အပြင် မကောင်းမှုဒုစရိုက်၏ယိမ်းယိုင်စေတတ်မှုနှင့် မကောင်းသောစိတ်ဆန္ဒတိုင်းတို့ကို ကျော်လွှားအောင်မြင်နိုင်ရန်အတွက် အထောက်အကူအဖြစ် ဘုန်းတော်ရှင်ဆိုင်ရာခွန်အားကိုရရှိနိုင်ကြရန်၊ ခရစ်တော်၏ဘုန်းတန်ခိုးတော်ကို ကိုင်စွဲထားကြရပါမည်။



မမဝိုက်က၊---ကျွန်မ၏အသက်တာအတွက် ဘုရားသခင်ကိုကျေးဇူးတင်ပါသည်။ အနာဂတ်ဆီသို့ မျှော်မှန်းကြည့်ရှုခြင်းဖြင့် အသက်ပင်ကိုမြင်တွေ့ရမည်ကို ယုံကြည်မှုရှိပါသည်။ ထို့အပြင်၊ ကြီးထွားလာသည့်အဖိုးတန်လှသည့်ထိုအသက်ပင်၏အသီးများနှင့် ၎င်း၏အရွက်များတို့သည် လူမျိုးတကာတို့အား အနာရောဂါမှသက်သာပျောက်ကင်းစေပါသည်။ စိတ်နှလုံးကြေကွဲသူများ၊ ဝမ်းနည်းခြင်းရှိကြသောသူများ၊ အပြစ်ဒုစရိုက်များ၊ သောကပူဆွေးခြင်းများနှင့်ဒုက္ခဆင်းရဲခြင်းများတို့သည် ထိုဘုန်းအာနုဘော်တော်နိုင်ငံတော်ကြီးတွင် လုံးဝမရှိကြပါဟူ၍ "ပြန်လည်သုံးသပ်ခြင်းနှင့်ထုတ်ပြန်ကြေညာခြင်း" စာစောင်တွင်ရေးသားခဲ့ပါသည်။

-o-

ဒီဇင်ဘာ (၂၅)

## အောင်နိုင်သူများဖြစ်ကြသည့်အလျောက်ကျွန်ုပ်တို့သည် အရာအားလုံးတို့ကိုအမွေခံရကြပါသည်

## “လူမျိုးတို့ကိုအုပ်စိုးစေခြင်းငှာကျွန်ုပ်တို့အခွင့်ရကြပါသည်”

**“အကြင်သူသည်အောင်မြင်၍ အဆုံးတိုင်အောင်ငါ့အကျင့်ကို ကျင့်၏။---လူမျိုးတို့ကိုအုပ်စိုးစေခြင်းငှာ ထိုသူအား ငါသည်အခွင့် ပေးမည်” (ဗျာဒိတ် ၂း၂၆)။**

ကျွန်ုပ်တို့၏သခင်ဘုရားကိုယ်တော်တိုင် သူ၏တပည့်တော်တို့ကို ပေးထားတော်မူခဲ့သည့် (ယောဟန် ၁၄း၃) တွင်ဖော်ပြထားသောကတိတော်မှာ၊ “ငါသည်သွား၍ သင်တို့နေစရာအရပ်ကိုပြင်ဆင်ပြီးမှ တစ်ဖန်လာပြန်၍ ငါရှိရာအရပ်၌သင်တို့ရှိစေခြင်းငှာ သင်တို့ကိုငါ့ထံသို့သိမ်းဆည်းမည်” ဟူ၍ ဖြစ်ပါသည်။ ကရုဏာထားသောကယ်တင်ရှင်အဖြစ် ခရစ်တော်သည် ကြိုတင်ဆောင်ရွက်သောသဘောဖြင့် အထီးကျန်ပြီးပူဆွေးဝမ်းနည်းနေသော သူ၏တပည့်တော်တို့အား သူသည် ယခုအခါကောင်းကင်နိုင်ငံတော်သို့တက်ကြွသွားတော်မူသော်လည်း သူသည် ဒုတိယအကြိမ်ပြန်လည်ကြွလာတော်မူမည့်အကြောင်းကိုအာမခံပေးပြီး ဖြေသိမ့်ပေးရန် ကောင်းကင်တမန်တို့ကိုတာဝန်ပေးတော်မူခဲ့ပါသည်။ တပည့်တော်တို့သည် သူတို့အလွန်ချစ်ခင်မြတ်နိုးကြသောခရစ်တော်ကို ကောင်းကင်ဘုံသို့ စတင်တက်ကြွတော်မူနေသည်ကို မမိုတ်မသုန်ဖြင့် နောက်ဆုံးမှေးမှိန်သွားသည်အထိ စူးစူးစိုက်စိုက်မတ်တတ်ရပ်ကြည့်နေကြစဉ်တွင် သူတို့၏အာရုံစူးစိုက်မှုတို့ကို (တမန်တော် ၁း၁၁) တွင်ဖော်ပြထားသော၊ “အိုဂါလိလဲလူတို့၊ အဘယ်ကြောင့်ကောင်းကင်သို့ကြည့်မျှော်လျက်နေကြသနည်း။ သင်တို့နှင့်ခွာ၍ ကောင်းကင်သို့ဆောင်ယူခြင်းကိုခံတော်မူသော ထိုယေရှုသည် သင်တို့မျက်မှောက်၌ ကောင်းကင်သို့ကြွသွားတော်မူသည်နည်းတူ တစ်ဖန်ကြွလာတော်မူလတ္တံ့” ဆိုသည့်ကောင်းကင်တမန်နှစ်ပါးတို့၏ပြောဆိုချက်သည် သူတို့ကိုဖမ်းစားသကဲ့သို့ဖြစ်သွားခဲ့ပါသည်။ ထိုကောင်းကင်တမန်၏သတင်းစကားကြောင့် မျှော်လင့်ချက်သည် အသစ်တစ်ဖန်မီးမွေးပေးခံခဲ့ရပါသည်။ (လုကာ ၂၄း၅၂၊၅၃) တွင်ဖော်ပြထားသည့်၊ “အလွန်ဝမ်းမြောက်ဝမ်းသာခြင်းနှင့် ယေရုရှလင်မြို့သို့ပြန်သွားကြ၏။ ဘုရားသခင်ကိုအံ့ဩချီးမွမ်းလျက် ဗိမာန်တော်သို့ရောက်မြဲရောက်ကြ၏” အတိုင်း၊ တပည့်တော်တို့သည် ရွှင်လန်းဝမ်းမြောက်ခြင်းရှိသင့်ကြပါသည်။ သို့သော်လည်း သူတို့သည် သခင်ယေရှုက သူတို့နှင့်ခွဲခွာသွားတော်မူသောကြောင့်၊ သူတို့သည် လောကကမ္ဘာ၏စစ်ဆေးစီရင်မှုများနှင့် စုံစမ်းနှောင့်ယှက်ခြင်းတို့အပေါ် ရန်းကန်ခုခံကြရန် ထားရစ်ခဲ့ခြင်းခံကြရသောကြောင့် သူတို့သည် ရွှင်လန်းဝမ်းမြောက်ခြင်းမရှိနိုင်ကြပါ။ သို့သော်လည်း ကောင်းကင်တမန်၏အာမခံပြောကြားချက်အရ ခရစ်တော်သည် ပြန်လည်ကြွလာတော်မူဦးမည်ဖြစ်သည်။

ဗက်လင်မြို့၌သိုးထိန်းတို့ကို ကောင်းကင်တမန်တို့က ကြီးမားသောဝမ်းမြောက်စရာဆိုင်ရာ ကောင်းမြတ်သောသတင်းစကားကို ပြောကြားခဲ့သည့်အချိန်ကအတိုင်း၊ ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းအချိန်ဖြစ်သည့် ယခုအချိန်တွင်လည်း ကြွလာခြင်းဆိုင်ရာကြွေးကြော်ခြင်းမျိုး လုပ်သင့်ကြပေသည်။ ကယ်တင်ရှင်ကို အမှန်တကယ်ချစ်ကြသောသူတို့အနေဖြင့် သူတို့၏ထာဝရအသက်ဆိုင်ရာ မျှော်လင့်ချက်များဗဟိုပြုရာဖြစ်သော ဘုရားသခင်၏နှုတ်တော်ထွက်အပေါ်တွင်အခြေပြုသည့် ထိုကယ်တင်ရှင်တစ်ဖန်ပြန်လည်ကြွလာတော်မူမည့်ကြေညာချက်အပေါ် ဝမ်းမြောက်ခြင်းဖြင့် ကြိုဆိုဂုဏ်ပြုကြမည်ဖြစ်သည်။ ထိုဒုတိယအကြိမ်ကြွလာခြင်းသည် ပထမအကြိမ်ကြွလာတော်မူစဉ်ကကဲ့သို့အစော်ကားခံရရန်၊ မထီမဲ့မြင်ပြုခြင်းခံရရန်နှင့် အပယ်ခံဘဝအဖြစ်သို့ရောက်ရှိရန်တို့အတွက်မဟုတ်ဘဲ၊ သူ၏လူစုတော်တို့ကိုကယ်ချွတ်တော်မူရန် ဘုန်းတန်ခိုးအာနုဘော်ကိုဆောင်လျက် ကြွလာတော်မူမည်ဖြစ်သည်။

ဧဝံဂေလိတရားဒေသနာတော်သည် အောင်မြင်ခြင်းမှသည်ထပ်ဆင့်အောင်မြင်ခြင်းဆီသို့ အနိုင်ပွဲမှနောက်ထပ်အနိုင်ပွဲဆီသို့ တက်လှမ်းနိုင်ရမည်ဖြစ်သည်။ ကောင်းကင်ဘုံတစ်ခုလုံး၏အောက်၌ရှိလာမည့် နိုင်ငံတော်၏ကြီးမြတ်ခြင်းကို အမြင့်ဆုံးသောအရပ်၌ရှိကြသော သန့်ရှင်းသူတို့အားအပ်နှင်းပေးမည်ဖြစ်ပြီး သူတို့သည်လည်း ထိုနိုင်ငံတော်ကိုအစဉ်အမြဲရယူပိုင်ဆိုင်ကြရမည်ဖြစ်သည်။

–o–



ဒီဇင်ဘာ (၂၆)

## အောင်နိုင်သူများဖြစ်ကြသည့်အလျောက်ကျွန်ုပ်တို့သည် အရာအားလုံးတို့ကိုအမွေခံရကြပါသည်

## "ကျွန်ုပ်တို့သည်ဆုံးခန်းတိုင်မှုမရှိသောအသက်တာမျိုးကို အပ်နှင်းခြင်းခံရကြပါသည်"

"–––အောင်မြင်သောသူကို ဒုတိယသေခြင်းသည် မညှဉ်းဆဲရ" (ဗျာဒိတ် ၂း၁၁)။

(ရောမသြဝါဒစာ ၆း၂၃) တွင် "အပြစ်တရား၏အခကား၊ သေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း" ဟူ၍ဖော်ပြထားပါသည်။ ဖြောင့်မတ်ခြင်း၏အမွေတော်ခံအဖြစ် အသက်တာက ခံစားရရှိနေရချိန်တွင် မရဏာသည် မတရားမှု၏အစိတ်အပိုင်းအဖြစ် အကြုံးဝင်ပါသည်။ ဣသရေလလူမျိုးတို့ကို မောရှေက (တရားဟောရာကျမ်း ၃၀း၁၅) တွင်၊ "အသက်ရှင်ခြင်းချမ်းသာနှင့် သေခြင်းဆင်းရဲတို့ကို သင့်ရှေ့မှာယနေ့ငါထား၏" ဆိုသည့်ဘုရားသခင်၏မိန့်တော်မူချက်ကို ကြေညာခဲ့ပါသည်။ ဤကျမ်းချက်များတွင်ပါရှိသော 'သေခြင်း' ဆိုသောစကားသည် အာဒံကိုသာရည်ညွှန်းပြောကြားခြင်းမဟုတ်ဘဲ သူ၏ပညတ်တရားအပေါ်ကျူးလွန်မှုကြောင့် ရရှိလာသောဆိုးကျိုးကို ခံစားရကြသည့်လူသားအားလုံးတို့ခံစားနေရသည့်ပြစ်ဒဏ်ကိုဆိုလိုပါသည်။ ၎င်းသည် ထာဝရအသက်နှင့်ကွဲပြားခြားနားသော ဒုတိယသေခြင်းအဖြစ် သတ်မှတ်ထားခြင်းခံရပါသည်။

အာဒံအပြစ်၏အကျိုးဆက်ကြောင့် သေခြင်းသည် လူသားမျိုးနွယ်စုအားလုံးတို့အပေါ် သက်ရောက်မှုရှိလာခဲ့ပါသည်။ အားလုံးတို့သည် သင်္ချိုင်းသို့ထပ်တူထပ်မျှသွားရောက်ရကြပါမည်။ ကယ်တင်ခြင်းအစီအစဉ်၌ပါဝင်သောသနားခြင်းကရုဏာအချိန်ကာလအားဖြင့် အားလုံးသောသူတို့သည် သူတို့၏

သချိုင်းဂူများမှထုတ်ဆောင်လာခြင်းခံကြရပါမည်။ (တမန်တော် ၂၄း၁၅) တွင်၊ "ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူရှိသမျှတို့သည် သေခြင်းမှ ထမြောက်ကြလိမ့်မည်" ဟူ၍ ရှင်ပေါလုက ပြောကြားထားခဲ့သည့်အပြင်၊ (၁ကော ၁၅း၂၂) တွင်လည်း သူက၊ "လူအပေါင်းတို့သည် အာဒံအားဖြင့် သေခြင်းသို့ရောက်သည်နည်းတူ၊ လူအပေါင်းတို့သည် ခရစ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ရောက်ရကြလတ္တံ့" ဟူ၍ ပြောကြားခဲ့ပါသေးသည်။ ထို ရှင်ပြန်ခြင်းသို့ရောက်ရှိကြသောသူတို့သည် အတန်းအစားနှစ်ရပ်အဖြစ်သို့ ခွဲခြားထားခြင်းခံရကြမည့်အကြောင်းကို ခရစ်တော်က၊ (ယောဟန် ၅း၂၈၊၂၉) တွင် မိန့်တော်မူခဲ့သည်မှာ၊ "----သချိုင်းများမှာရှိသောသူအပေါင်းတို့သည် သားတော်၏စကားသံကိုကြား၍ ထွက်ရမည့်အချိန်ကာလရောက်လတ္တံ့။ ကောင်းသောအကျင့်ကိုကျင့်သောသူတို့သည် အသက်ရှင်ရာထမြောက်ခြင်းသို့ လည်းကောင်း၊ ဆိုးယုတ်သောအကျင့်ကိုကျင့်သောသူတို့သည် အပြစ်စီရင် ရာထမြောက်ခြင်းသို့လည်းကောင်း ထွက်ရကြလတ္တံ့" ဟူ၍ဖြစ်ပါသည်။ အသက်ရှင်ရာထမြောက်ခြင်းသို့ရောက်ရှိရေးအတွက် ထိုက်တန်စွာရေတွက် ဝင်ခြင်းခံရသောသူတို့သည် မင်္ဂလာရှိပြီးသန့်ရှင်းမွန်မြတ်ခြင်းရှိကြောင်းကို (ဗျာဒိတ် ၂၀း၆) တွင် ဖော်ပြထားပါသည်။ ထို့အပြင် ထိုကျမ်းချက်၌ ဆက်လက်ဖော်ပြထားသည်မှာ၊ "ထိုသို့သောသူသည် ဒုတိယသေခြင်း၏ လက်နှင့်ကင်းလွတ်လျက်၊" ဟူ၍ဖြစ်ပါသည်။ သို့သော်လည်း နောင်တရ ခြင်းနှင့်ယုံကြည်ခြင်းမရှိကြခြင်းကြောင့် ခွင့်လွှတ်ခြင်းမခံရကြသောသူတို့အနေ ဖြင့် အပြစ်ကျူးလွန်ခြင်းအတွက် အပြစ်စီရင်ခြင်းကိုခံရကြပေမည်။

ကောင်းကင်တမန်က၊ "စာတန်သည်အမြစ်ဖြစ်ပြီး၊ သူ၏သားသမီး တို့သည် အကိုင်းအခက်များဖြစ်ကြပါသည်။ ယခုအခါ အမြစ်နှင့်အကိုင်း အခက်တို့သည် မီးလောင်ခြင်းခံရကြပြီး၊ ထာဝရသေခြင်းသို့ရောက်ရှိသွားကြ ပါပြီ။ သူတို့သည် မည်သည့်အခါတွင်မျှ ပြန်လည်မထမြောက်ကြတော့သည့် အလျောက် ဘုရားသခင်သည် စင်ကြယ်သောစကြဝဠာမျိုး ရရှိလာပါလိမ့် မည်" ဟူ၍ ပြောဆိုပါသည်။ ထိုနောက် အားလုံးသောကယ်ချွတ်ခြင်းခံရ



ကြသော အရင်းခံလူသားတို့သည် အသက်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ် စေ၊ ကြီးကျယ်သည်ဖြစ်စေ၊ သိမ်ငယ်သည်ဖြစ်စေ သူတို့၏ကယ်ချွတ်ရှင် ခြေတော်ရင်း၌ သူတို့၏ပြိုးပြိုးပြက်ပြက်ဖြင့် တောက်ပသောသရဖူတို့ကို ချွတ်ချပြီး၊ သူ၏ရှေ့တော်မှောက်တွင် သူ့အားကြည်ညိုခြင်းကြီးစွာဖြင့် သူတို့၏ကိုယ်ကိုဝပ်စင်းကြကာ အစဉ်အမြဲအသက်ရှင်တော်မူသောသူကို ဝတ်ပြုကိုးကွယ်ကြပါသည်။ ၎င်း၏ဂုဏ်ကျက်သရေအားလုံးတို့ဖြင့် တင့်တယ် လှပသောမြေကြီးသစ်သည် သန့်ရှင်းသူများအတွက် ထာဝရအမွေခံရာအဖြစ် ဖြင့် တည်ရှိနေပါတော့သည်။

-၀-

## ဒီဇင်ဘာ (၂၇)

## အောင်နိုင်သူများဖြစ်ကြသည့်အလျောက်ကျွန်ုပ်တို့သည် အရာအားလုံးတို့ကိုအမွေခံရကြပါသည်

## “ကျွန်ုပ်တို့သည်ထိုက်တန်မှုရှိကြသောကြောင့် ဖြူသောအဝတ်ကိုဝတ်ဆင်ပြီးသွားလာကြရလိမ့်မည်”

**“---သာဒိမြို့၌ပင် သင်တို့တွင် ကိုယ်အဝတ်ကိုမညစ်ညူးစေသောသူနည်းနည်းရှိသေး၏။ ထိုသူတို့သည် ထိုက်တန်သောသူဖြစ်၍၊ အဖြူဝတ်လျက် ငါနှင့်အတူသွားလာကြလိမ့်မည်။----” (ဗျာဒိတ် ၃း၄)။**

အောင်မြင်သူများအဖြစ် ကျွန်ုပ်တို့သည် (ဗျာဒိတ် ၃း၄) တွင် ဖော်ပြထားသကဲ့သို့ “ဖြူသောအဝတ်ကိုဝတ်ဆင်” သောအချိန်တွင် ခေတ်ဦးခရစ်ယာန်အသင်းတော်ကာလများကရှိခဲ့သော သာဒိအသင်းတော်၌ရှိသော ကိုယ်အဝတ်ကို မညစ်ညူးစေသည့် အနည်းငယ်သောသူတို့ကို လက်ခံအသိအမှတ်ပြုတော်မူခဲ့သကဲ့သို့ ထာဝရဘုရားသည် ကျွန်ုပ်တို့၏သစ္စာစောင့်သိမှုကို အသိအမှတ်ပြုတော်မူပါလိမ့်မည်။ ထို့အပြင် ကျွန်ုပ်တို့သည် ဖြူသောအဝတ်ကိုဝတ်ဆင်ပြီး သူနှင့်အတူသွားလာကြရကာ၊ ထိုကဲ့သို့ဝတ်ဆင်ပြီး အတူသွားလာနိုင်ရခြင်းမှာလည်း ကျွန်ုပ်တို့ကထိုက်တန်သောရေတွက်ဝင်ခြင်းခံရရန်အတွက် သူ၏ကျွန်ုပ်တို့အတွက် အပြစ်ဖြေခြင်းဆိုင်ရာ အသက်စွန့်ဆက်ကပ်ပူဇော်တော်မူခြင်းလုပ်ရပ်ကြောင့် ဖြစ်ပါသည်။

စိတ်ဓာတ်ခွန်အားကိုမြှင့်တင်ပေးသော ဤကတိတော်များအပေါ် အကြောင်းပြုပြီး ဘုရားသခင်၏သားတော်၏မျက်မှောက်တော်၌ ရပ်တည်နိုင်ရေးအတွက် အထောက်အကူပြုပေးမည့် ပြည့်စုံသောအကျင့်စရိုက်မျိုးရှိထားရန်အတွက် ကျွန်ုပ်တို့မည်မျှစိတ်ထက်သန်စွာဖြင့် ကြိုးပမ်းသင့်ကြပါသနည်း။



ထိုဘုရားသခင်၏သားတော်သည် (မဿဲ ၂၄း၃၀) တွင် ဖော်ပြချက်အရ၊ “ကြီးစွာသောဘုန်းတန်ခိုးအာနုဘော်ကိုဆောင်လျက်” ကြွလာတော်မူသောအခါ၊ သူ၏ရှေ့တော်မှောက်၌ သူ၏ဘုန်းတန်ခိုးတော်အရှိန်အဝါကို ခံနိုင်သောသူတို့မှာ သူ၏ဖြောင့်မတ်ခြင်းတရားဝတ်ရုံတော်တို့ကို ဆင်မြန်းကြသောသူတို့သည်သာလျှင် ဖြစ်နိုင်မည်ဖြစ်ပါသည်။

၎င်းအချက်သည် အောင်နိုင်သူတစ်ယောက်အနေဖြင့် အထူးလုပ်ဆောင်ရမည့်အဓိပ္ပါယ်မျိုး သက်ရောက်ပါသည်။ ရန်သူ၏ဝိုင်းဝန်းပိတ်ဆို့မှုများနှင့် သူ၏ဆိုးညစ်သောကိုယ်စားလှယ်များတို့ကို ခိုင်မာစွာဖြင့်ခုခံတွန်းလှန်ကြရပါမည်။ အချိန်ကာလတိုင်းတို့တွင် ကျွန်ုပ်တို့အထူးကာကွယ်စောင့်ရှောက်ကြရပါမည်။ ခဏတာအချိန်ကာလကလေးမျှတွင်ပင် ကျွန်ုပ်တို့သည် ခရစ်တော်ကိုမျက်ခြည်အပြတ်ခံ၍မဖြစ်ဘဲ၊ စစ်ဆေးစုံစမ်းခြင်းအချိန်ကာလတစ်လျှောက်လုံးတွင် ကျွန်ုပ်တို့လုံခြုံမှုရှိရန် သူ၏တန်ခိုးတော်လိုအပ်ပါသည်။ ကျွန်ုပ်တို့၏လက်တို့ကို သူ၏လက်တော်ထဲတွင်ထားရှိခြင်းအားဖြင့်၊ သူ၏ခွန်အားတော်စွမ်းအားဖြင့် ကျွန်ုပ်တို့သည် ထောက်ခံအားပေးမှုကို ခံစားရရှိကြပါမည်။

အကယ်၍သင်သည် ခရစ်တော်၏စားပွဲတွင်ထိုင်ရပြီး၊ အထောက်အကူပေးသည့်စားသောက်ပွဲကို ဆင်နွှဲခွင့်ရရှိပါက သူသည် သိုးသငယ်၏မင်္ဂလာဆောင်ညစာစားပွဲအတွက် ပြင်ဆင်ထားပေးမည်ဖြစ်ကာ သင်သည်လည်း အထူးစီမံထားသော၊ ခရစ်တော်၏ဖြောင့်မတ်ခြင်းဆိုင်ရာ အဖြူရောင်ဝတ်ရုံဖြစ်သည့် မင်္ဂလာဆောင်ပွဲဝတ်ရုံဟု ခေါ်ဆိုသောဝတ်ရုံတစ်ခုကို ရရှိထားရမည်ဖြစ်သည်။ ဤဝတ်ရုံမျိုးကိုဆင်မြန်းထားသောလူတိုင်းသည် ဘုရားသခင်၏မြို့တော်တွင်းသို့ဝင်စားရရန် အမည်ရေးသွင်းခြင်းခံရမည်ဖြစ်ပြီး၊ အကယ်၍ သခင်ယေရှုသည် သူ့အားချစ်ခြင်းမေတ္တာရှိကြသောသူများအတွက် သူသွားရောက်ပြင်ဆင်တော်မူသည့် အိမ်တော်ကြီးများတွင် တစ်နေရာစာသင်ရရှိရန်အတွက် အလွန်လိုလားတော်မူခြင်းမရှိခဲ့ပါက၊ သူ့ကိုယ်ကိုသူ

ရင်းရသည့် ကြီးမားလှသည့်ကုန်ကျစရိတ်ရှိသည့်အလုပ်မျိုးကို သူလုပ်မည် မဟုတ်ပါ။ သင့်အနေဖြင့် ပျော်ရွှင်မှုရှိရန်နှင့် သူ၏စားပွဲ၌ထိုင်ရရေးအပြင် သူကယ်ချွတ်တော်မူခဲ့သော မိသားစုအတွက် သူသွားရောက်ပြင်ဆင်တော်မူခဲ့သည့်အိမ်တော်ကို သင်နှစ်သက်ရန်အတွက် အားလုံးသောဤကြိုတင်ပြင်ဆင်မှုများတို့ကို လုပ်ဆောင်တော်မူခဲ့ခြင်းဖြစ်ပါသည်။

–၀–



ဒီဇင်ဘာ (၂၈)

### အောင်နိုင်သူများဖြစ်ကြသည့်အလျောက်ကျွန်ုပ်တို့သည် အရာအားလုံးတို့ကိုအမွေခံရကြပါသည်

## "ကျွန်ုပ်တို့သည်ဖခမည်းတော်ထံတော်၌စားခွင့်ရရှိကြပါလိမ့်မည်"

**"–––အောင်မြင်သောသူသည် ဖြူသောအဝတ်ကိုဝတ်ဆင်လိမ့်မည်။ ထိုသူ၏နာမကို အသက်စာစောင်မှ ငါသည်အလျှင်းမချေ။ ငါ့ခမည်းတော်ရှေ့၌လည်းကောင်း၊ ကောင်းကင်တမန်တော်တို့ရှေ့၌လည်းကောင်း သူ၏နာမကိုငါဝန်ခံမည်" (ဗျာဒိတ် ၃း၄၊၅)။**

"အောင်မြင်သောသူသည်" ဆိုသည့်ပြောဆိုမှုသည် ကျွန်ုပ်တို့တစ်ယောက်စီတိုင်းအနေဖြင့်၊ ကျော်လွှားအောင်မြင်ရမည်ဆိုခြင်းကို ရည်ညွှန်းပြောဆိုနေခြင်းဖြစ်ပါသည်။ ကျော်လွှားအောင်မြင်သူသည် ခရစ်တော်၏ဖြောင့်မတ်ခြင်းအဖြူရောင်အဝတ်ကို ဆင်မြန်းပေးခြင်းခံရမည်ဖြစ်ပြီး သူ၏အကြောင်းနှင့်ပတ်သက်ပြီး အထက်ခေါင်းစီးပါကျမ်းချက်တွင်၊ "ထိုသူ၏နာမကို အသက်စာစောင်မှငါသည် အလျှင်းမချေ။ ငါ့ခမည်းတော်ရှေ့၌လည်းကောင်း၊ ကောင်းကင်တမန်တော်တို့ရှေ့၌လည်းကောင်း သူ၏နာမကိုငါဝန်ခံမည်" ဟူ၍ ရေးသားဖော်ပြထားပါသည်။ အောင်မြင်ကျော်လွှားနိုင်သူအတွက် ၎င်းအချက်သည် အခွင့်ထူးတစ်ရပ်ပင်ဖြစ်သည်မဟုတ်ပါလော။ ထို့အပြင် ကျွန်ုပ်တို့၏အမည်နာမကို ဖခမည်းတော်၏ရှေ့တော်မှောက်၌ ကယ်တင်ရှင်ကိုယ်တော်တိုင် အသက်စာစောင်တွင် ရေးသွင်းခြင်းခံရခြင်းသည်လည်း အခွင့်ထူးတစ်ရပ်ပင်မဟုတ်ပါလော။

ဤကတိတော်ထဲတွင် အဖိုးထိုက်လှသောအာမခံချက်တစ်ခု ပါဝင်နေပါသည်တကား။ ဘုရားသခင်၏သားတော်သမီးတော်များအဖြစ်သို့ရောက်ရှိကြရန်အတွက် ကျွန်ုပ်တို့သည် မည်မျှကြီးမားသည့်မက်လုံးဖြင့် ပေးအပ်ခြင်းခံရနိုင်မည်နည်း။ ချပ်ဝတ်တန်ဆာတစ်ခုလုံးကို မည်သူဝတ်ဆင်ကြမည်နည်း။ ဧမာနွေလမင်း၏သွေးစွန်းသောတံခွန်တော်အောက်၌ ရပ်နေနိုင်

ကြရန် မည်သူစာရင်းပေးသွင်းကြမည်နည်း။ ဘုန်းတော်ရှင်ဆိုင်ရာဉာဏ်အမြင်ပွင့်စေမှုသည် ရှန်းကန်လှုပ်ရှားမှုတိုင်းဆီသို့ ရောက်ရှိရမည်ဖြစ်ပြီး စုံစမ်းခြင်းခံရသော ဘုရားသခင်၏ကလေးငယ်အနေဖြင့် အမှောင်ထု၏တန်ခိုးများနှင့်ဖြစ်ပေါ်နေသည့် ပဋိပက္ခတွင်ကျရှုံးရန်မလိုအပ်သည့်အပြင် တိုက်ပွဲတိုင်းတို့တွင် အောင်မြင်သူတစ်ယောက်အဖြစ် ရှိနေရပါမည်။

စမ်းသပ်စစ်ဆေးခံခဲ့ရပြီး စုံစမ်းနှောင့်ယှက်ခြင်းခံခဲ့ရသည့်အပြင် ဘုရားသခင်အပေါ်သစ္စာစောင့်သိသော ဘုရားသခင်၏ကလေးငယ်တို့အပေါ်သို့ အစက်အပြောက်ကင်းစင်သည့် ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားဝတ်ရုံတော်ကြီးကို ဆင်မြန်းပေးခြင်းခံရပါမည်။ သိုးသငယ်၏အသက်စာစောင်တွင် သူတို့၏အမည်နာမများ ထည့်သွင်းခြင်းခံရကြမည်ဖြစ်ပြီး၊ အားလုံးသော ကာလအဆက်ဆက်တို့တွင် သစ္စာရှိသူများအဖြစ် စာရင်းသွင်းထားခြင်းခံရကြပေမည်။ သူတို့သည် လှည့်ဖြားသူ၏သွေးဆောင်ဖြားယောင်းမှုများတို့ကို ခုခံတွန်းလှန်နေကြပြီး နဂါးကြီး၏ဟိန်းဟောက်သံကြောင့် သူတို့၏သစ္စာစောင့်သိခြင်းအမှုမှ ဦးလှည့်သွားခြင်းလုံးဝမရှိကြပါ။ ယခုတွင်မူ သူတို့သည် သွေးဆောင်ဖြားယောင်းသူ၏ပရိယာယ်များမှ အစဉ်ထာဝရလုံခြုံမှုရှိကြပါလေပြီ။ ကျန်ကြွင်းသူတို့သည် ခွင့်လွှတ်တော်မူခြင်းနှင့်လက်ခံတော်မူခြင်းခံကြရသည့်အပြင် ဂုဏ်ပြုတော်မူခြင်းလည်း ခံရကြချေပြီ။ မွန်မြတ်သောဖောင်းတော်သည် သူတို့၏ဦးခေါင်းထက်၌ ဆင်မြန်းထားခြင်းခံကြရပါသည်။ ဘုရားသခင်၏ထံတော်၌ သူတို့သည် ရှင်ဘုရင်များနှင့်ယဇ်ပုရောဟိတ်များအဖြစ် ရှိနေကြပါလိမ့်မည်။ ဤအစုအဖွဲ့တစ်သိုက်အပေါ် စာတန်မာရ်နတ်ကသူ၏စွပ်စွဲမှုများဖြင့်လှုံ့ဆော်ကာ ဖျက်ဆီးရန်ကြိုးပမ်းခဲ့စဉ်က မမြင်ရသော သန့်ရှင်းသောကောင်းကင်တမန်တော်တို့သည် ခေါက်တုံ့ခေါက်ပြန်ဖြင့် ဖြတ်သွားဖြတ်လာလုပ်နေကြပြီး ထိုအစုအဖွဲ့ဝင်တို့အပေါ် အသက်ရှင်တော်မူသော ဘုရားသခင်၏တံဆိပ်တော်ကို ခတ်နှိပ်ပေးကြပါသည်။ သိုးသငယ်နှင့်အတူ၊ ဇိအုန်တောင်ပေါ်တွင် အတူတကွရပ်နေကြသော ဤသူတို့သည် သူတို့၏နဖူးပြင်များ၌ ဖခမည်းတော်၏နာမတော်ကို ရေးသားထားခြင်းခံရကြပါမည်။

–၀–



ဒီဇင်ဘာ (၂၉)

## အောင်နိုင်သူများဖြစ်ကြသည့်အလျောက်ကျွန်ုပ်တို့သည် အရာအားလုံးတို့ကိုအမွေခံရကြပါသည်

## “ဘုရားသခင်၏ဗိမာန်တော်၌ကျွန်ုပ်တို့သည် ဗိမာန်တော်၏တိုင်များအဖြစ်ပြုလုပ်ခြင်းခံရကြပါမည်”

**“အကြင်သူသည် အောင်မြင်၏။ ထိုသူကိုငါသည် ငါ၏ဘုရားသခင့်ဗိမာန်တော်၌ တိုင်ဖြစ်စေမည်။ နောက်တစ်ဖန်သူသည် ပြင်သို့မရွေ့ရ။ ငါ၏ဘုရားသခင့်နာမတော်ကိုလည်းကောင်း၊ ငါ၏ဘုရားသခင့်အထံတော်မှထွက်၍ ကောင်းကင်ဘုံမှဆင်းသက်သော ယေရုရှလင်မြို့သစ်တည်းဟူသော ငါ၏ဘုရားသခင့်မြို့တော်၏နာမကိုလည်းကောင်း၊ ငါ၏နာမသစ်ကိုလည်းကောင်း၊ ထိုသူအပေါ်၌ ငါသည် အက္ခရာတင်မည်” (ဗျာဒိတ် ၃း၁၂)။**

လူတို့၏တစ်ခုတည်းသောမျှော်လင့်ခြင်းသည် ယေရှုခရစ်တော်၌သာလျှင် တည်မှီနေပါသည်။ မြို့တော်၏ဂိတ်တံခါးမကြီးအတွင်းသို့ ဝင်ရောက်သွားပြီးသောသူအပေါ် ဝတ်ဆင်ပေးရန် စင်ကြယ်ပြီးမွန်မြတ်သန့်ရှင်းသော ဝတ်ရုံများကို ပြင်ဆင်ထားခဲ့ခြင်းမဟုတ်ပါ။ ထိုအထဲသို့ဝင်ရောက်သွားကြပြီးသောသူတို့အားလုံးသည် ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားဝတ်ရုံကို ဆင်မြန်းထားပြီးသားဖြစ်ရမည့်အပြင်၊ သူတို့၏နဖူးပြင်များ၌ ဘုရားသခင်၏နာမတော်ကို တွေ့မြင်နိုင်စေရပါမည်။ ဤနာမတော်သည် ရူပါရုံ၌ တမန်တော်တွေ့မြင်ရသည့် အမှတ်သင်္ကေတဖြစ်ပြီး၊ ထိုနာမတော်သည် မိမိတို့၏စိတ်အတွေးတို့ကို ဉာဏ်ရည်ဉာဏ်သွေးအဖြစ်သို့ ပြောင်းလဲဖြစ်ထွန်းစေပြီး ဘုရားသခင်၏ပညတ်တော်များအားလုံးတို့ကို သစ္စာရှိရှိဖြင့်နာခံလိုက်လျှောက်ကြသူများအတွက် အဓိပ္ပါယ်ဖော်ညွှန်းပေးပါသည်။

ကျွန်ုပ်တို့ယခုဖြတ်သန်းနေကြရသောပဋိပက္ခသည် ဤကမ္ဘာမြေကြီးပေါ်၌ ကျွန်ုပ်တို့နောက်ဆုံးရင်ဆိုင်ရမည့် ပဋိပက္ခပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ယခုအခါတွင် ထိုပဋိပက္ခ၏အလယ်တွင် ရှိနေကြရပါသည်။ အဖွဲ့အစည်းနှစ်ခုသည် စိုးမိုးနိုင်မှုအတွက် ရန်းကန်တိုက်ခိုက်နေကြပါသည်။ ဤပဋိပက္ခတွင် ကျွန်ုပ်တို့သည် ကြားနေသမားအဖြစ် မရပ်တည်နေနိုင်ပါ။ ကျွန်ုပ်တို့အနေဖြင့် ဤမှာဘက် (သို့မဟုတ်) အခြားတစ်ဖက်၌ရပ်တည်နေကြရပါမည်။ အကယ်၍ကျွန်ုပ်တို့သည် ခရစ်တော်ဘက်အခြမ်း၌ရယူကြပြီး၊ ကျွန်ုပ်တို့၏ပြောစကားများနှင့်လုပ်ရပ်များအားဖြင့် သူ့အားအသိအမှတ်ပြုကြောင်း ကမ္ဘာမြေကြီးပေါ်၌ပြသကြပါက၊ ကျွန်ုပ်တို့က သူ့အားအစေခံပြီး ဂုဏ်ပြုရန် ရွေးချယ်ထားသောခရစ်တော်အတွက် ရှင်သန်နေသည့်သက်သေခံချက်တစ်ခုအဖြစ်ဖြင့် ရှိနေကြပေမည်။ ကမ္ဘာမြေကြီး၏သမိုင်းစဉ်တွင် ဤအရေးကြီးသည့်အချိန်ကာလ၌၊ ကျွန်ုပ်တို့သည် မသေချာမရေရာသောအနေအထားတွင်ရှိနေသော ကျွန်ုပ်တို့ရှိနေသည့်ဘက်ခြမ်း၌ရှိနေသောသူကို ထားရစ်ခဲ့ရန် ကြိုးပမ်းနိုင်ကြမည်မဟုတ်ပါ။

ရန်သူ၏အခြေချမှုတိုင်းတို့အပေါ် အောင်မြင်ခြင်းရယူနိုင်ကြရန်အတွက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်၌၏ပြင်ပဖက်တွင်ရှိနေသော တန်ခိုးစွမ်းအားကို ကိုင်စွဲထားကြရပါမည်။ ယုံကြည်ခြင်းနှင့်နှိမ့်ချခြင်းဆိုင်ရာသဘောထားကို ထိန်းသိမ်းထားနိုင်မည့် အသက်ဝိညာဉ်တိုင်းတို့အား အောင်မြင်ခြင်းကိုပေးအပ်နိုင်သည့်တန်ခိုးတော်ကို ပိုင်ဆိုင်တော်မူသောခရစ်တော်နှင့်ကျွန်ုပ်တို့သည် စဉ်ဆက်မပြတ်ရှင်သန်မှုရှိသည့် ချိတ်ဆက်မှုကို ထိန်းသိမ်းထားကြရပါမည်။ အောင်နိုင်သူတို့ရရှိမည့်ဆုလာဘ်ကို လက်ခံရရှိရန်မျှော်လင့်ကြသော ကျွန်ုပ်တို့အနေဖြင့် ခရစ်ယာန်နှင့်သက်ဆိုင်သော စစ်မှုရေးရာတွင်၊ ကျွန်ုပ်တို့သည် ရှေ့သို့ချီတက်မှုတိုင်းတွင် အတိုက်အခံပြုမှုနှင့် တွေ့ကြုံရပါသော်လည်း ဆက်လက်ချီတက်ကြရပါမည်။ အောင်နိုင်သူများအနေဖြင့် ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံတော်တရားရုံးများတွင် ခရစ်တော်နှင့်



အတူတကွ ကွပ်ကဲစီရင်ကြရမည်ဖြစ်ပြီး၊ သိုးသငယ်၏အသွေးတော်နှင့် ကျွန်ုပ်တို့၏သက်သေခံထွက်ဆိုချက်တို့ဖြင့် ကျော်လွှားအောင်မြင်နိုင်ကြမည်ဖြစ်သည်။ အထက်ခေါင်းစီးကျမ်းချက်ပါ "အကြင်သူသည်အောင်မြင်၏၊ ထိုသူကို ငါသည် ငါ၏ဘုရားသခင့်ဗိမာန်တော်၌ တိုင်ဖြစ်စေမည်" ကျမ်းချက်အတိုင်း ကျွန်ုပ်တို့သည် အောင်မြင်အောင်ကြိုးစားကြရပါမည်။

–o–

## ဒီဇင်ဘာ (၃၀)

### အောင်နိုင်သူများဖြစ်ကြသည့်အလျောက်ကျွန်ုပ်တို့သည် အရာအားလုံးတို့ကိုအမွေခံရကြပါသည်

### "ကျွန်ုပ်တို့သည်ခရစ်တော်၏ပလ္လင်တော်ထက်၌ သူနှင့်အတူတကွထိုင်ရကြပါသည်"

**"ငါသည်အောင်မြင်၍ ငါ့ခမည်းတော်၏ပလ္လင်တော်ပေါ်မှာ ခမည်းတော်နှင့်အတူထိုင်နေသကဲ့သို့ အောင်မြင်သောသူသည် ငါ၏ ပလ္လင်ပေါ်မှာ ငါနှင့်အတူထိုင်နေရသောအခွင့်ကို ငါပေးမည်" (ဗျာဒိတ် ၃:၂၁)။**

ဤနှုတ်တော်ထွက်စကားလုံးများတို့တွင် ကျွန်ုပ်တို့တစ်ဦးချင်းစီ အတွက် လုပ်ဆောင်ရမည့်အလုပ်ကို ချပြပေးထားပါသည်။ ခရစ်တော်အောင်မြင် ကျော်လွှားနိုင်တော်မူခဲ့သကဲ့သို့ ကျွန်ုပ်တို့အောင်မြင်ကျော်လွှားနိုင်ရန် အခိုင် အမာဆုံးဖြတ်ချက်ချပြီးသော ကြိုးပမ်းလုပ်ဆောင်မှုများကို လုပ်ဆောင်ရကြ ပါမည်။ ဤစစ်မှုရေးရာတွင် မည်သူမျှခွင့်လွှတ်ခြင်းခံကြရမည်မဟုတ်ပါ။ သန့်ရှင်းသောမြို့တော်၏ဂိတ်တံခါးမကြီးသည် လှုပ်ယမ်းပြီး ကျွန်ုပ်တို့အတွက် ဖွင့်ဟထားပေးပါက ဘုရင်ကြီးကိုသူ၏တင့်တယ်ခြင်းတွင် ကျွန်ုပ်တို့ကြည့် မျှော်ကြပါက ယခုတွင်ပင် ကျွန်ုပ်တို့သည် ခရစ်တော်အောင်မြင်တော်မူခဲ့ သကဲ့သို့ ကျွန်ုပ်တို့အောင်နိုင်မည်ဖြစ်သည်။ သူသည် မြင့်မြတ်သောဝတ်ရုံ တော်များကို ခင်းကျင်းထားတော်မူပါသည်။ ထာဝရရှင်သန်သောအမွေတော် တစ်ခုကို ကျွန်ုပ်တို့ပိုင်ဆိုင်ခွင့်ရရှိနိုင်ရေးအတွက် ခရစ်တော်သည် သူ၏ ကြွယ်ဝချမ်းသာမှုအနေအထားမှ ဆင်းရဲနုံချာသောအနေအထားသို့ ရောက်ရှိ သွားခဲ့ရပါသည်။ ကျွန်ုပ်တို့၏ကိုယ်စား သူသည် မှောင်မိုက်၏မင်းကိုရင်ဆိုင် ခဲ့ကာ အောင်မြင်တော်မူခဲ့ပါသည်။



နို့စို့အရွယ်လူမမည်အရွယ်မှ အသက်နှစ်နှစ်အတွင်းရှိသည့် ရင်ခွင် ပိုက်ကလေးငယ်တို့သည် သူတို့၏မိခင်လက်မောင်းတွင်း အထွေးပိုက်ခံရသည့် ကာလကစပြီး၊ မိမိကိုယ်ကိုမိမိ ထိန်းသိမ်းတတ်သည့်အလေ့အကျင့်ကို သင်ကြားရယူစေသင့်ကြပါသည်။ ကလေးသူငယ်အနေဖြင့် နာခံတတ်သော အနေအထားသို့ ရောက်ရှိသည်အထိ သင်ကြားမှုကိုခံယူရရှိစေသင့်ပါသည်။ ကျွန်ုပ်တို့၏ထိန်းသိမ်းမှုအောက်သို့ ဤကလေးငယ်များတွင် မည်သည့်ကလေးက ဝင်ရောက်လာကြပါသနည်း။ သူတို့သည် ထာဝရဘုရား၏ငယ်ရွယ်သော မိသားစုဝင်များဖြစ်ကြပါသည်။ ထာဝရဘုရားက ဤကလေးသူငယ်တို့ကို ခေါ်ယူပြီး လေ့ကျင့်သင်ကြားပေးခြင်းအားဖြင့် ငါ၏အိမ်တော်ရှိ တရားစီရင် ရာဌာနတို့ကိုထွန်းလင်းအောင် ပြင်ဆင်ပြီးသားဖြစ်စေရန် သူတို့အား နန်းတော်တစ်ဆောင်နှင့်ပုံသဏ္ဍာန်တူလာသည်အထိ အရောင်အသွေးတင်ပေး ကြပါဟူ၍ မိန့်တော်မူခဲ့ပါသည်။ မည်မျှအရေးကြီးသော လုပ်ဆောင်မှုဖြစ် ပါသည်တကား။ သင်၏လုပ်ဆောင်မှုတွင် စကြဝဠာ၏ဖန်ဆင်းရှင်က သင့်အား အကူအညီပေးတော်မူမည်ဆိုခြင်းကို သတိရပါ။ သူ၏ခွန်အားတော်တွင် ထို့အပြင် သူ၏နာမတော်အားဖြင့် သင်၏သားသမီးတို့ကို အောင်မြင် ကျော်လွှားနိုင်သူဖြစ်လာရေးတွင် ဦးဆောင်ပေးနိုင်မည်ဖြစ်သည်။ ခွန်အား ရရှိကြရေးအတွက် သူတို့အား ဘုရားသခင်ထံတော်ကို အားကိုးတကြီးဖြင့် မျှော်လင့်တတ်ကြရန် သူတို့ကိုသင်ကြားပေးပါ။ သူတို့၏ဆုတောင်းသံကို ဘုရားသခင်ကနားညောင်းတော်မူနေသည်ဆိုခြင်းကို သူတို့အားပြောပြပေးပါ။ ကောင်းမြတ်သောအရာဖြင့် ဆိုးညစ်သောအရာကို အောင်မြင်ကျော်လွှားနိုင် ကြရန် သူတို့ကိုသင်ကြားပေးပါ။ မြှင့်တင်ပေးခြင်းနှင့် စိတ်ထားမြင့်မြတ်စေ ရန်အတွက် ဩဇာသက်ရောက်ခြင်းတစ်ခုကို ရယူနိုင်ရေးကြိုးပမ်းအားထုတ် စေရန် သူတို့ကိုသင်ကြားပေးပါ။ သူတို့သည် ဘုရားသခင်နှင့်စည်းစည်း လုံးလုံးရှိကြစေရန်အတွက် သူတို့ကိုဦးဆောင်ပေးခြင်းဖြင့် အသန်မာဆုံးသော စုံစမ်းနှောင့်ယှက်ခြင်းကို ခုခံတွန်းလှန်နိုင်ကြရန် လိုအပ်သောခွန်အားကို

သူတို့ရရှိကြမည်ဖြစ်ပါသည်။ ထို့နောက်တွင် သူတို့သည် အောင်နိုင်သူတို့နှင့်သက်ဆိုင်သောအကျိုးရလဒ်ကို ရယူနိုင်ကြမည်ဖြစ်သည်။

ခရစ်တော်၏အသက်တာအကြောင်းကို ကြီးမားသောစိတ်အားထက်သန်မှုဖြင့် မသင်ကြားမလေ့လာခြင်းနှင့် သတိမထားမိခြင်းတို့ကြောင့် သင်သည် များစွာသောအရာကို ဆုံးရှုံးနေရပါသည်။ ထိုဆုံးရှုံးစရာများထဲတွင် အစွန်းအထင်းမရှိသော အကျင့်စရိုက်တစ်ခု၏အဖိုးတန်သည့် ဖြူစင်သည့်ဝတ်ရုံကို အောင်မြင်ရယူနိုင်ခြင်းနှင့် ဘုရားသခင်၏ပလ္လင်တော်ရှေ့၌ နောက်ဆုံးသောကာလ၌ အပြစ်ကင်းကင်းဖြင့် ရပ်တည်နိုင်ခြင်းတို့ကို ရယူနိုင်သည့်အောင်မြင်ခြင်းများတို့ပါဝင်သဖြင့် ၎င်းအခွင့်အရေးတို့ကို မဆုံးရှုံးကြရလေအောင် ကျွန်ုပ်တို့ကြိုးပမ်းဆောင်ရွက်ကြရပါမည်။

–၀–



MD - 34

ဒီဇင်ဘာ (၃၁)

## အောင်နိုင်သူများဖြစ်ကြသည့်အလျောက်ကျွန်ုပ်တို့သည် အရာအားလုံးတို့ကိုအမွေခံရကြပါသည်

## "အရာအားလုံးတို့ကိုကျွန်ုပ်တို့အမွေခံရကြပါလိမ့်မည်"

**"အောင်မြင်သောသူသည် ဤအရာတို့ (ဗျာဒိတ် ၂၁း၁–၆) ကို အမွေခံရလိမ့်မည်။ ငါသည် သူ၏ဘုရားသခင်ဖြစ်မည်။ သူသည်လည်း ငါ၏သား (သမီး) ဖြစ်လိမ့်မည်" (ဗျာဒိတ် ၂၁း၇)။**

ကျွန်ုပ်တို့သည် အရာအားလုံးတို့ကို အမွေခံရရေးအတွက် အပြစ်တရားကိုခုခံပြီး ကျော်လွှားအောင်မြင်နိုင်ရကြပါမည်။

သူ၏ပညတ်တော်တို့ကို ကျွန်ုပ်တို့စောင့်ရှောက်ကြပါက၊ ထာဝရဘုရား၌ ကျွန်ုပ်တို့သည် ရွှင်လန်းဝမ်းမြောက်ခြင်းရှိကြပါလိမ့်မည်။ အထက်အရပ်၏နိုင်ငံသားအဖြစ် ကျွန်ုပ်တို့အမှန်တကယ်ဖြစ်ကြပါက ထို့အပြင် ထာဝရရှင်သန်သော အမွေခံဘွဲ့တံဆိပ်တစ်ခုကို ရရှိကြသည့်အပြင်၊ ထာဝရတည်တံ့သည့်အရာတစ်ခုကိုပါ ရရှိကြပါက ချစ်ခြင်းမေတ္တာအားဖြင့်လုပ်ဆောင်ပြီး အသက်ဝိညာဉ်ကိုစင်ကြယ်စေသည့် ယုံကြည်ခြင်းကို ရရှိထားရာရောက်ပါသည်။ ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံဆိုင်ရာ မိသားစုဝင်များဖြစ်ကြပြီး ကောင်းကင်နိုင်ငံတော်၏ဘုရင့်သားသမီးများဖြစ်ကြကာ ဘုရားသခင်၏အမွေတော်ခံများဖြစ်ကြသည်သာမက ခရစ်တော်နှင့်ပူးတွဲအမွေတော်ခံများဖြစ်ကြပါသည်။ သူကြွလာတော်မူချိန်၌ အစဉ်တစိုက်မှေးမှိန်သွားခြင်းမရှိနိုင်သည့် အသက်သရဖူကို ကျွန်ုပ်တို့ရရှိကြပါလိမ့်မည်။

ကောင်းကင်နိုင်ငံတော်၏ဧကရာဇ်မင်းကြီးသည် စိတ်ထားမြင့်မြတ်စေပြီး ကြီးကျယ်သောသူဖြစ်စေကာ သင်၏လူ့သဘာဝကို အလေးအမြတ်ထားစေသည့်အရာအားလုံးတို့ကို ပိုင်ဆိုင်စေလျက် သင်၏လူ့ဘဝဖြစ်တည်

ခြင်းကို ဘုရားသခင်၏အသက်တာတော်နှင့်တိုင်းထွာနှိုင်းယှဉ်နိုင်ရန်အတွက် သူနှင့်အစဉ် ထာဝရအတူတကွစံနေနိုင်ရန် သင့်အားနေရာချထားပေးတော်မူပါသည်။ လာမည့်ကာလအတွက် သင်၏အသက်တာအနာဂတ်အလားအလာသည် အဘယ်အရာနည်း။ သင်၏အသက်တာသည် မည်သည့်ဆွဲဆောင်နိုင်သည့်အရည်အချင်းမျိုးကို ပိုင်ဆိုင်ထားပါသနည်း။ လူသားထံသို့ထင်ရှားစေသည့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်သည် မည်မျှကျယ်ဝန်းပြီး၊ နက်ရှိုင်းကာ တိုင်းတာ၍မရနိုင်သော ပမာဏရှိနေပါသနည်း။

ဘုရားသခင်၏သားသမီးတော်တို့အပေါ် အာမခံပေးထားသောအခွင့်ထူးများတို့သည် အကန့်အသတ်မဲ့ဖြင့်ရှိနေပါသည်။ ကောင်းကင်ပေါ်ရှိစကြဝဠာနှင့်ကမ္ဘာဂြိုဟ်များတစ်လွှားတို့တွင် ကျရှုံးခြင်းမရှိသောသူဖြစ်သည့်အပြင် စိတ်နှလုံးသားတိုင်းတို့၏ကြည်ညိုမြတ်နိုးခြင်းခံရကာ သူ၏ချီးမွမ်းဖွယ်သောအကျင့်တို့သည် ဘာသာစကားတိုင်းတို့၏သီဆိုချီးမွမ်းခြင်းခံရသော ယေရှုခရစ်တော်နှင့်ဆက်နွယ်မှုရှိလိုပါက ဘုရားသခင်၏သားသမီးများအဖြစ်သို့ ရောက်ရှိကြရန်နှင့် သူ၏နာမတော်ကိုခံယူရကြမည့်အပြင် တော်ဝင်မိသားစုဝင်တစ်ယောက်အဖြစ်သို့ ရောက်ရှိကြရပါမည်။ ထို့အပြင် ဘုရင်တကာတို့၏ဘုရင်၊ ဘုရားတကာတို့၏ဘုရားသခင်ဖြစ်တော်မူသော ဧမာနွေလမင်း၏တံခွန်တော်အောက်တွင် အအုပ်ချုပ်ခံရကြပါမည်။

ဘုရားသခင်၏သားတော်ဖြစ်သော ယေရှုခရစ်တော်သည် အရာအားလုံးတို့၏အမွေခံဖြစ်တော်မူပြီး မြေကြီးပေါ်ရှိ တိုင်းနိုင်ငံများတို့၏အုပ်စိုးမှုအစွမ်းသတ္တိနှင့် ခမ်းနားထည်ဝါမှုတို့ကို သူ့အားအပ်နှင်းရန်ကတိပေးထားတော်မူခြင်း ခံခဲ့ရပါသည်။ ကမ္ဘာမြေကြီးပေါ်၌ ခရစ်တော်ရှိတော်မူခဲ့သည့်အချိန်ကကဲ့သို့ပင် ယခုလည်းသူ၏နောက်တော်သို့ လိုက်လျှောက်ကြသောသူအများရှိကြပါသည်။ သူတို့သည် ဘုရားသခင်၏သားသမီးတော်များဖြစ်ကြပြီး ခရစ်တော်နှင့်ပူးတွဲအမွေတော်ခံများဖြစ်ကြကာ နိုင်ငံတော်နှင့်အုပ်စိုးမှုအစွမ်းသတ္တိတို့သည် သူတို့နှင့်သက်ဆိုင်ပါသည်။



ကမ္ဘာမြေကြီးအစား ခရစ်တော်သည် သင်၏နာခံလိုက်လျှောက်ခြင်းအသက်တာအတွက် ကောင်းကင်တစ်ပြင်လုံး၏အောက်၌ရှိသောနိုင်ငံကိုပေးသနားတော်မူပါသည်။ သူသည် ဘုန်းအာနုဘော်တော်၏ထာဝရအရေးပါမှုကို ပေးသနားတော်မူမည့်အပြင် ထာဝရကာလတစ်လျှောက်လုံး တည်တံ့နေမည့်အသက်ကို ပေးသနားတော်မူပါလိမ့်မည်။

–ဝ–